ဗုဒ္ဓဘာသာဝင် သူတော်စင်တိုင်း
ကြည့်ရှုကျက်မှတ်
ရွတ်ဖတ် ပွားများ သင့်သော

...ဇာဂါထာ[illegible]တော်များ

ပါဠိပါရဂူ ဦးကျော်ထင်
စုဆောင်းစီစဉ်တင်ပြသည်

၁၄၉၁၅

ဗုဒ္ဓဘာသာဝင် သူတော်စင်တိုင်း

ကြည့်ရှု ကျက်မှတ်

ရွတ်ဖတ်ပွားများသင့်သော

ဗုဒ္ဓအာဏာစက်တော်များ

ပါဠိပါရဂူ–ဦးကျော်ထင်

စုဆောင်းစီစဉ်တင်ပြသည်

သာသနာ–၂၅၂၄ ကောဇာ–၁၃၄၂ ၁၉၈၀

ဘာသာရေးဆိုင်ရာ ပုံနှိပ်ခွင့်ပြုချက် အမှတ် (၁၁၉၈)
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် (၆၄၈)

ပဉ္စမအကြိမ်

အုပ်ရေ-၂၀၀၀

၁၉၈၀-ခု

စက်တင်ဘာလ

ပန်းချီ-စံတိုး

ဘလောက်-လွင်

မျက်နှာဖုံး-စကားဝါ

စာအုပ်ချုပ်-အေးမိသားစု

ဓမ္မဒါန

ဦးကျော်ထင်(ကင်းလွတ်ခွင့်အမှတ်-၄၆၉)၊၁၂၄/၂၊ ၁၄-ရပ်ကွက်၊ တောင်ဥက္ကလာပ၊ရန်ကုန်မြို့ကထုတ်ဝေ၍၊ဦးတင်မောင်(၀၂၅၆-မြဲ) စာပေပေါင်းကူးပုံနှိပ်တိုက်၊ အမှတ်- ၉၀၊ အေ,ဘီ၊ ဝေဇယန္တာလမ်း၊ (၈) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်ကပုံနှိပ်သည်။

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
နိဒါန်း	ဈ
ပတ္တကမ္မသုတ် လိုရင်းအချုပ်	ဈ
သင်္ဂဟဂါထာ	ည
သင်္ခါရူပပတ္တိသုတ် လိုရင်းအချုပ်	ဌ
ထေရာပဒါန်လာ အချက်များ	ဍ
ဘုရားဂုဏ်တော်ပွားများပါ	ဎ
ကြည့်ရှု ကျက်မှတ် ရွတ်ဖတ် ပွားများ	ဎ
ဤစာအုပ်ကို လက်ကိုင်ပြုပါ	ဏ
ဤစာအုပ်ကို အသုံးပြုနည်း	တ
ရတနတ္တယ ပဏာမ ခုဘာဝအကျိုးပေး	ထ
ပရိနိဗ္ဗာန်စံပြီးလည်း အကျိုးကြီး	ဒ
ပထမပိုင်း	
ဗုဒ္ဓဝင်အကျဉ်းချုပ်	၁
ဗုဒ္ဓဝင်ဆောင်ပုဒ်	၃
သုမေဓာဘာဝ	၇
ဟိမဝန္တာသို့ ထွက်တော်မူခန်း	၇
နိယတဗျာဒိတ်ခံယူတော်မူခန်း	၁၀

၁ ဗုဒ္ဓအာဏာစက်တော်များ

အကြောင်းအရာ	စာမျက်နှာ
ဗြဟ္မာကြီးများလာ၍ လျှောက်ထားခန်း	၁၅
ပါရမီတော်ဖြည့်ကျင့်ခန်း	၁၇
တုသိတာဘုံ၌ အပန်းဖြေစံနေခန်း	၂၀
ပဋိသန္ဓေနေတော်မူခန်း	၂၁
ဖွားမြင်တော်မူခန်း	၂၃
မင်းစည်းစိမ် ခံစားခန်း	၂၆
တောထွက်ခန်း	၂၈
ရဟန်းပြုခန်း	၃၂
အာဠာရနှင့် ဥဒကထံ တရားနည်းခံခန်း	၃၅
ဒုက္ကရစရိယာကျင့်ခန်း	၃၆
အစာ ပြန်စားခန်း	၃၈
ရွှေခွက်မျှောခန်း	၄၁
မာရ်နတ်သားနှင့် စစ်ထိုးခန်း	၄၂
လက်နက်ကွင်း ဂါထာတော်	၄၃
မာရ်အောင်ဂါထာတော်	၄၆
ဘုရားဖြစ်တော်မူခန်း	၄၈
သတ္တဋ္ဌာန စံနေတော်မူခန်း	၄၈
ဓမ္မစကြာ တရားဦး ဟောခန်း	၅၃
ဓမ္မစက္ကပဝတ္တနသုတ်တော်အချုပ်	၅၄

အကြောင်းအရာ	စာမျက်နှာ
အနုတ္တလက္ခဏာသုတ်တော်အချုပ်	၅၇
ယသ—စသူတို့ ရဟန်းပြုခန်း	၅၉
အာဒိတ္တပရိယာယဒေသနာ	၆၂
ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခန်း	၆၂
ကပိလဝတ်ပြည်သို့ ကြွတော်မူခန်း	၆၄
အနာထပိဏ်သဌေး ကျောင်းလှူခန်း	၆၇
ဒုတိယဝါ-စသည် ကပ်ရာဌာနများ	၆၈
ယမိုက်ပြာဋိဟာ ပြတော်မူခန်း	၆၉
တာဝတိံသာနတ်ပြည်သို့ ကြွတော်မူခန်း	၇၀
တာဝတိံသာနတ်ပြည်မှ ပြန်ဆင်းခန်း	၇၁
အဋ္ဌမဝါ-စသည် ကပ်ရာဌာနများ	၇၂
ဝါဆိုစဉ်လင်္ကာ	၇၄
ပရိနိဗ္ဗာန် စံတော်မူခန်း	၇၆
သိက္ခာသုံးပါးတရားတော်	၇၉
လူရှင်တို့ ကြီးပွားရေးတရားတော်	၈၁
ဘုရားရှင်၏ဂုဏ်တော်	၈၃
ငါးပါးသီလတရားတော်	၈၄
သစ္စာလေးပါးတရားတော်	၈၆
ဓမ္မကြေးမုံ တရားတော်	၈၇

အကြောင်းအရာ	စာမျက်နှာ
သတိပဋ္ဌာန်တရားတော်	၈၇
သတိပဋ္ဌာန်သာ အားကိုးရာတရားတော်	၈၈
အဂ္ဂသာဝကနှစ်ပါး ပရိနိဗ္ဗာန်စံခန်း	၉၁
အာယုသင်္ခါရ လွှတ်တော်မူခန်း	၉၂
ဗောဓိပက္ခိယတရားတော်	၉၆
မဟာပဒေသလေးပါး တရားတော်	၉၇
သူကရမဒ္ဒဝဘုဉ်းပေးတော်မူပုံ	၉၈
ရွှေရောင်သင်္ကန်း အလှူခံတော်မူပုံ	၁၀၀
ဓမ္မပူဇာတရားတော်	၁၀၃
အရှင်ဥပဝါဏနေရာမှထသွားရပုံ	၁၀၄
သံဝေဇနီယ လေးဌာန	၁၀၅
မာတုဂါမများနှင့်စပ်၍ ပြုကျင့်ဖွယ်	၁၀၆
အလောင်းတော်နှင့်စပ်၍ ပြုကျင့်ဖွယ်	၁၀၇
စေတီထိုက်သော ပုဂ္ဂိုလ်လေးမျိုး	၁၀၈
သောကဖျောက်တရား	၁၀၈
မဟာသုဒဿနသုတ်တော်	၁၁၀
မဂ္ဂင်ရှစ်ပါးတရားတော်	၁၁၁
ပိဋကသုံးပုံတရားတော်	၁၁၂
အချင်းချင်းခေါ်ဝေါ်နည်း	၁၁၂

အကြောင်းအရာ	စာမျက်နှာ
သိက္ခာပုဒ်တရားတော်	၁၁၃
ဗြဟ္မဒဏ်တရားတော်	၁၁၃
သာသနာရေးတရားတော်	၁၁၄
နောက်ဆုံးမှာတမ်းတော်	၁၁၄
ပရိနိဗ္ဗာန်စံတော်မူပုံ	၁၁၅
သံဝေဂသံပေါက်များ	၁၁၅
အလောင်းတော်ကို ပူဇော်ပုံ	၁၁၇
ဓာတ်တော်များကို ပူဇော်ပုံ	၁၁၈
ဓာတ်တော်ဝေဖန်ပုံ	၁၁၉
ဓာတ်တော်များကို စုပေါင်းသိမ်းဆည်းပုံ	၁၂၀
ဓာတုပရိနိဗ္ဗာန်စံပုံ	၁၂၁
ဗုဒ္ဓဝင်မှတ်စု	၁၂၂

ဒုတိယပိုင်း

စိန်ရောင်ခြည်ဘုရားပင့်	၁၂၄
အနေကဇာတင်ပါဠိ	၁၂၇
ငါးပါးသီလခံယူပုံ	၁၂၉
အာဇီဝဋ္ဌမက သီလခံယူပုံ	၁၃၇
ရှစ်ပါးသီလခံယူပုံ	၁၃၉
ကိုးပါးသီလခံယူပုံ	၁၄၁

ဗုဒ္ဓအာဏာစက်တော်များ

အကြောင်းအရာ	စာမျက်နှာ
ဂုဏ်တော်ပါဠိ	၁၄၄
ဘုရားဂုဏ်တော်ကိုးပါးအနက်	၁၄၆
ဂုဏ်တော်ကိုးပါး ပုတီးစိပ်နည်း	၁၅၅
ဂုဏ်တော်ကွန်ချာပါဠိ	၁၅၈
ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်း	၁၆၄
အရဟံ-ဂုဏ်တော် ၃-မျိုး ပုတီးစိပ်နည်း	၁၆၈
မူလလက်ရိုး ဘုရားရှိခိုး	၁၆၉
သရဏဂုံဘုရားရှိခိုး	၁၇၂
အရှင်အရဟံ-ပုတီးစိပ်နည်း	၁၇၅
အရဟံ-ဂုဏ်တော် ဘုရားရှိခိုး	၁၇၇
ဘဂဝါ-ဂုဏ်တော် ဘုရားရှိခိုး	၁၈၀
သဗ္ဗမင်္ဂလာဘုရားရှိခိုး	၁၈၃
ပါရမီတော်ဖွင့်ဘုရားရှိခိုး	၁၈၇
ကရုဏာ ပညာ ဘုရားရှိခိုး	၁၈၉
ကြာပဒုမ္မာဘုရားရှိခိုး	၁၉၁
သမ္ဗုဒ္ဓေ-ဘုရားရှိခိုး	၁၉၃
နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုး	၁၉၆
စ+ခ+ဗ+ဝ-ဘုရားရှိခိုး	၁၉၉
အဋ္ဌဇယ-ဂါထာတော်	၂၀၁

အကြောင်းအရာ	စာမျက်နှာ
အောင်ခြင်း ၈-ပါး ဘုရားရှိခိုး	၂၀၃
အောင်ဆုဝေဘုရားရှိခိုး	၂၀၆
အောင်မင်္ဂလာဘုရားရှိခိုး	၂၀၈
သဗ္ဗညုတဉာဏ်တော်ဖွင့် ဘုရားရှိခိုး	၂၁၀
ရောင်ခြည်တော်ဖွင့် ဘုရားရှိခိုး	၂၁၂
စေတီတော်ဖွင့် ဘုရားရှိခိုး	၂၁၅
အနန္တငါးဖြာ ဘုရားရှိခိုး	၂၁၇
ဗုဒ္ဓဝင်ဘုရားရှိခိုး	၂၂၂
ခုနစ်နေ့ဘုရားရှိခိုး	၂၂၇
ခုနစ်ဌာနဘုရားရှိခိုး	၂၃၂
လက္ခဏာတော်ကြီး ၃၂-ပါး ဘုရားရှိခိုး	၂၃၄
လက္ခဏာတော်ငယ် ၈၀-ဘုရားရှိခိုး	၂၄၁
၁၀၈-ကွက်စက် လက္ခဏာ ဘုရားရှိခိုး	၂၄၇
အံ့ဖွယ် ၁၈-ပါး ဘုရားရှိခိုး	၂၅၁
ဘုရား ၂၈-ဆူ ဘုရားရှိခိုး	၂၅၄
အောင်သိဒ္ဓိဘုရားရှိခိုး	၂၅၈
သစ္စာလေးပါးဘုရားရှိခိုး	၂၆၁
စီးပွားဖြစ်ဂါထာတော်	၂၆၄
လိုရာပြီးဂါထာတော်	၂၆၆

အကြောင်းအရာ	စာမျက်နှာ
အချုပ်လွတ်ဂါထာတော်	၂၆၈
ကိုယ်ဝန်ဆောင်ဂါထာတော်	၂၇၂
ဣစ္ဆာသယဂါထာတော်	၂၇၃
ဘုရားငါးဆူဂါထာတော်	၂၇၅
ဓမ္မခဏ်ဂါထာတော်	၂၇၇
ရှင်သီဝလိဂါထာတော် ၁၂-ပုဒ်	၂၇၉
ရှင်သီဝလိရုပ်တုကိုးကွယ်နည်း	၂၈၆
အနေကဇာတင်အစီအစဉ်	၂၈၉
ပဋ္ဌာနတာရှုံတိုက် ဝတ်ရွတ်စဉ်	၃၂၅
ပရိတ်တော်နောက်ဆက်တွဲ	၃၃၆
ပရိတ်တော်အနက်များ	၃၃၈
မာရဏပရိတ်တော်	၃၇၆
နိဂုံးဆုတောင်း	၃၈၃

နိဒါန်း

ပတ္တကမ္မသုတ်လိုရင်းအချုပ်

အိမ်ရာတည်ထောင် လူ့ဘောင်၌ နေထိုင်ကြသော လူဝတ်ကြောင်တို့သည် (၁) တရားသဖြင့် စီးပွားဖြစ်ထွန်းလိုကြ၏။ (၂) မိတ်ဆွေသင်္ဂဟ ပေါများလိုကြ၏။ (၃) ကျန်းမာလျက် အသက်ရှည်လိုကြ၏။ (၄) သေသည်မှနောက်၌ လူ့ပြည် နတ်ပြည်သို့ ရောက်လိုကြ၏။ ဤလေးချက်သည် လူဝတ်ကြောင်တို့အဖို့ ရနိုင်ခဲသော (ဒုလ္လဘ) အချက်များပေတည်း။

အထက်ပါ ဒုလ္လဘလေးချက်ကို လွယ်ကူစွာရယူလိုသော လူဝတ်ကြောင်သည် (၁) သဒ္ဓါ-မြတ်စွာဘုရားဂုဏ်တော်များကို မမိုတ်မသုန် ယုံကြည်ရမည်။ (၂)သီလ-ငါးပါးသီလ လုံခြုံရမည်၊ (၃) စာဂ-စွန့်ကြဲပေးကမ်း လှူဒါန်းရမည်၊ (၄) ပညာ-မတော်လောဘစသည်တို့၏ မကောင်းကျိုးပေးတတ်ပုံကို သိရှိ၍ ယင်းတို့ကို ပယ်စွန့်ရမည်။ ဤကျင့်ဝတ်လေးပါးကို စွဲမြဲအောင်ပြုကျင့်လျှင် အထက်ပါ ဒုလ္လဘလေးချက်ကို အလွယ်တကူ ရယူနိုင်ပေသည်။

အကြောင်းကျင့်ဝတ်ကို ကျင့်မှုကြောင့် အကျိုး ဒုလ္လဘ အချက်တို့ကို ရယူနိုင်သောအခါ တာဝန်မဲ့မနေရ။ တရားသဖြင့် ဖြစ်ထွန်းလာသော စီးပွားတို့ဖြင့် (၁) မိမိကိုယ်တိုင်နှင့် မိမိ၏ အခြွေအရံများ ချမ်းသာပွားအောင် ပြုလုပ်ဖန်တီးရမည်၊ (၂) ရေ, မီး, မင်းဆိုး, ဒမြသူခိုး, သားသမီးဆိုးတို့ကြောင့် ဖြစ်ပေါ်နိုင်သည့် ဘေးရန်ကို တားဆီးရမည်၊ (၃) ဆွေ့သည်တို့ကိုပြုစုခြင်း, ဆွေမျိုးတို့ကိုထောက်ပံ့ခြင်း, မင်းကိုပူဇော်ခြင်း, နတ်တို့ကိုပသခြင်း, သေသူအတွက် ရည်စူး၍ ကောင်းမှုပြုခြင်း-အားဖြင့် လောကဝတ်ကို ကျေပွန်စေရမည်။ (၄) ရဟန်းပုဏ္ဏားတို့အား လှူဒါန်းပူဇော်ရမည်။ သို့မှသာ လူတော်လူကောင်း-ဟု ခေါ်ဝေါ်ရသည်။ (အံ၊ ၁၊ ၃၇၀။)

သင်္ဂဟဂါထာ

သဒ္ဓါ သီလေန စာဂေန၊ ပညာယ စ အာဂါရိကော။
စတ္တာရော ဒုလ္လဘေ လဒ္ဓါ၊ ပတ္တကမ္မာနိ ကာရယေ။

အဂါရိကော-ဇနီးမယား၊ သမီးသားနှင့်၊ စီးပွားဥစ္စာ၊ ဉာတကာဖြင့်၊ အိမ်ရာတည်ထောင်၊ လူ့ဘောင်ပျော်မြူး၊ တဦးဦးသော ပုဂ္ဂိုလ်သည်။ သဒ္ဓါ-သဒ္ဓါယ စ-အရဟတာ၊ အစလာသည့်၊ မြတ်စွာဘုရား၊ ဂုဏ်တော်များကို၊ လှုပ်ရှားမယိုင်၊ ခံ့ခိုင်မြဲတည်၊ ယုံကြည်ပွားများ၊ သဒ္ဓါတရားဖြင့်

လည်းကောင်း။ သီလေန စ-မသတ်သူ့သက်၊ မဝှက်သူ့ဟာ၊ အိမ်ယာမမှား၊ မုသားမဆို၊ သေကိုရှောင်ရှား၊ သီလတရားဖြင့် လည်းကောင်း။ စာဂေန စ-ဝန်တိုနှမြော၊ မနှောက်နှောပဲ၊ ရှိသောဥစ္စာ၊ သင့်တော်ရာကို၊ ပျော်စွာလှူဒါန်း၊ ပေးကမ်း စွန့်ကြဲ၊ အမြဲဝေစား၊ စာဂတရားဖြင့်လည်းကောင်း။ ပညာယ စ-ဝိသမလောဘ၊ ဗျာပါဒနှင့်၊ ထိနမိဒ္ဓါ၊ ဥဒ်-ကုစ္စာတည့်၊ ကိစ္ဆာဝိစိ၊ ငါးဖြာရှိက၊ ပြုဘိမတော်၊ ချွတ်ချော်ကိစ္စ၊ ဖြစ် တတ်လှ၍၊ ယသ,သုခါ၊ ဆုံးရှုံးမှာဟု၊ ကောင်းစွာသိမြင်၊ ခုတ်ထွင်ဖယ်ရှား၊ ပညာတရားဖြင့်လည်းကောင်း။

စတ္တာရော-တရားသဖြင့်၊ ရလင့်ဥစ္စာ၊ ဆွေသဟာများ၊ မျှားပြားခင်စွာ၊ ရောဂါမဖက်-အသက်ရှည်စွာ၊ နောက်ဘဝ ရောက်ရလူ့နတ်သာ....။ သင်္ချာမှတ်သား၊ ဂဏန်းအားဖြင့်၊ လေးပါးသာဖြစ်ကုန်သော။ ဒုလ္လဘော-ငါရောသူပါ၊ လူ တကာတို့၊ ဖွေရှာလိုလား၊ ဒုလ္လဘရားတွေကို။ လဒ္ဓါ- လဒ္ဓါနု-ဘုရားပေးအပ်၊ နည်းလေးရပ်ဖြင့်၊ တရစပ်ကြိုးကုတ်၊ ရအောင်လုပ်၍။

စတ္တာရိ-မိမိခြွေရွေ၊ ချမ်းသာစေ၍၊ ငါးထွေဘေးများ၊ ပိတ်ပင်တား၏၊ ငါးပါးလောက၊ ဝတ်ပြုကြလျက်၊ သမဏ, ဗြဟ္မဏာ၊ လှူဒါန်းရာဟု၊ သင်္ချာမှတ်သား၊ ဂဏန်းအားဖြင့်၊ လေးပါးပင်လျှင်ဖြစ်ကုန်သော။ ပတ္တကမ္မာနိ-ဝတ်ကြောင်

ပျော်သူ့၊ သင့်လျော်မှုကြောင့်၊ မပြုမဖြစ်၊ ပြုမှဖြစ်သည့်၊ မဖြစ်ရှောင်သွေ၊ ကိစ္စအထွေထွေကို။ ကာရယေ-အသောက်အစား၊ ပျော်အပါးကို၊ ရှောင်ရှားပယ်ခွာ၊ ပြုသင့်လှပါတော့သတည်း။

ဆောင်။ ။သဒ္ဓါ,သီလ၊ စာဂ,ပညာ၊ ရှိတုံပါက၊ လေးဖြာဒုလ္လဘ၊ အလွယ်ရဟု၊ ဗုဒ္ဓဘုရား၊ လမ်းညွှန်ထားသည်၊ ဒို့များလိုက်စို့—သူတော်တို့။

သင်္ခါရူပပတ္တိသုတ်လိုရင်းအချုပ်

(၁) သဒ္ဓါ-ဘုရားဂုဏ်ကို ယုံကြည်ခြင်း၊ (၂) သီလ-ငါးပါးသီလလုံခြုံခြင်း၊ (၃) သုတ-တရားပေစာတတ်ကျွမ်းခြင်း၊ (၄) စာဂ-စွန့်ကြဲပေးကမ်းခြင်း၊ (၅) ပညာ-ဝိပဿနာပညာရှိခြင်း=ဟူသော တရားငါးပါးနှင့်ပြည့်စုံသောသူသည်-

မိမိ၏ ဆုတောင်းအလိုက် အထက်တန်းကျသော လူ့အဖြစ်ကိုလည်း ရယူနိုင်၏။ နတ်ပြဟ္မာအဖြစ်ကိုလည်းရယူနိုင်၏။ ရဟန္တာအဖြစ်ကိုလည်း ရယူနိုင်၏။ (ဥပရိပဏ္ဏာသ၊ သင်္ခါရူပပတ္တိသုတ်)။

ဆောင်။ ။သဒ္ဓါ, သီလ၊ သုတ, စာဂါ၊ ပညာရှိမူ၊ လူနတ်ပြဟ္မာ၊ ရဟန္တာဘဝ၊ တောင်းတိုင်းရ၏။

ထေရာပါဒါနိလာ အချက်များ

ဘုရားဂုဏ်တော်ကို ရွတ်ဖတ်ဆင်ခြင် ပွားများလျှင် (၁) ပွားများသူ၏ ခန္ဓာကိုယ်သည် စေတီတော်နှင့်အလား တူနေ၏၊ (၂) စိတ်တည်ငြိမ်၏၊ (၃) သေသည်မှနောက် နတ်ပြည်ရောက်၏၊ (၄) ပွင့်တော်မူမည့်ဘုရားရှင်နှင့်တွေ့လျှင် တရားသိလွယ်၏၊ (၅) မြတ်သောအမျိုး၌ဖြစ်ရ၏၊ (၆) လူတကာ၏ အပူဇော်ကိုခံယူရ၏၊ (၇) အင်္ဂါခြေလက် ပြည့်စုံစွာ မွေးဖွားရ၏၊ (၈) ရုပ်အဆင်းလှ၏၊ (၉) ခန္ဓာကိုယ်မှ စန္ဒကူးနံ့သင်း၏၊ (၁၀) ခံတွင်းမှ ကြာညိုနံ့သင်း၏၊ (၁၁) ကြီးကျယ်သောပညာရှိ၏၊ (၁၂) နက်နဲသောပညာရှိ၏၊ (၁၃) ထက်မြက်သောပညာရှိ၏၊ (၁၄) ရွှင်ပျသောပညာရှိ၏၊ (၁၅) လျင်မြန်သောပညာရှိ၏၊ (၁၆) ဆန်းကြယ်သောပညာရှိ၏၊ (၁၇) တန်ဖိုးရှိသောစကားကောင်းကို ပြောတတ်၏။

ဆောင်။ ။စေတီအတူ၊ စိတ်မူတည်ကြည်၊ ရောက်မည် နတ်ရွာ၊ တွေ့ခါသိလွယ်၊ မြတ်နွယ်အမျိုး၊ ရိုကျိုးခံရ၊ ပြည့်ဝ အင်္ဂါ၊ ဆင်းလှစွာနှင့်၊ ကာယာ,ခံတွင်း၊ ကြိုင်သင်းမွှေးကြူ၊ ကြီးမူပညာ၊နက်စွာ,ထက်,ရွှင်၊လျင်မြန်,ဆန်းကြယ်၊ ကောင်းကြွယ်စကား၊ ဆိုနိုင်ငြားသည်၊ ဘုရားဂုဏ်တော် ပွားကျိုးတည်း။

ဘုရားဂုဏ်တော်ပွားများပါ

ပတ္တကမ္မသုတ်နှင့် သံခါရူပပတ္တိသုတ်တို့၌လာသော သဒ္ဓါ-ဟူသည် ဘုရားရှင်၏ ဂုဏ်တော်များကို ယုံကြည်ခြင်း, ရွတ်ဖတ်ခြင်း, အောက်မေ့ခြင်း, ဆင်ခြင်ခြင်း,ပွားများခြင်း-တို့ပင်ဖြစ်ပါသည်။ ယင်းသဒ္ဓါရှိလျှင် လောကီ လောကုတ္တရာနှစ်ဖြာသောအကျိုးကို ရနိုင်ကြောင်းမှာ အထက်ပါ ဘုရားမှခပါဠိ ပါဠိတော် စကားရပ်များဖြင့်ပင် ထင်ရှားလှပြီဖြစ်သောကြောင့် နောက်ထပ်ထုတ်မပြတော့ပါ။ စုံလင်ကုန်စင်အောင် ထုတ်ပြနေလျှင် ဘုရားဂုဏ်တော် ပွားရကျိုးများဖြင့်ပင် စာတစောင် ပေတဖွဲ့ဖြစ်နိုင်ပါသည်။ တကယ်အရေးကြီးသည်မှာ ဘုရားရှင်၏ ဂုဏ်တော်များကို စွဲစွဲမြဲမြဲပွားများဖို့သာ ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားဂုဏ်တော်များကိုပွားများပါ-ဟုသာ အကျဉ်းချုပ် တိုက်တွန်းနှိုးဆော်လိုပါသည်။

ကြည့်ရှု ကျက်မှတ် ရွတ်ဖတ် ပွားများ

ဘုရားဂုဏ်တော်ကို ပွားများလိုပါလျှင် ဘုရားဂုဏ်တော်တွေကို ဖွဲ့ဆိုထားသော စာပေကို ကြည့်ရှုဖို့, ကြည့်ရှုပြီးလျှင် မိမိနှစ်သက်ရာ ဂုဏ်တော်ဖွဲ့ကို ကျက်မှတ်ဖို့, ကျက်မှတ်ပြီးလျှင် အသံနေအသံထားဖြင့် ရွတ်ဖတ်ဖို့,ရွတ်ဖတ်နေယင်း စိတ်ထဲမှာ

ဘုရားရှင်၏ ဂုဏ်တော်များ, သို့မဟုတ်-သက်တော်ထင်ရှား မြတ်ဘုရား၏ ပုံတော်ပေါ်လာအောင် ပွားများဖို့လိုပါသည်။ ဤကဲ့သို့ ကြည့်ရှု,ကျက်မှတ်,ရွတ်ဖတ်,ပွားများ ဤလေးပါး စုံလင်ပါက ပတ္တကမ္မသုတ်နှင့် သင်္ခါရုပ္ပတ္တိသုတ်တို့၌လာ သော (သဒ္ဓါနှင့်ပြည့်စုံရမည်) ဟူသော ဘုရားရှင်၏ စကား တော်ကို အပြည့်အဝ အကောင်အထည် ဖော်ရာရောက်ပါ တော့သည်။

ဤစာအုပ်ကိုလက်ကိုင်ပြုပါ

ဤစာအုပ်၌ ဘုရားဂုဏ်တော်များကို အထူးပြည့်စုံအောင် ရှာဖွေစုစည်း ဖော်ပြထားပါသည်။ ယင်းဂုဏ်တော်များကို ကျက်မှတ်ရလွယ်, ရွတ်ဖတ်ရလွယ်အောင် ဂါထာများ လင်္ကာနက်များဖြင့် ရေးသားထားပါသည်။ ထို့နောက် ပါဠိဂါထာ၊ လင်္ကာနက်များကို အဓိပ္ပာယ်မကောက်တတ်သူ တို့အဖို့ အဓိပ္ပာယ်အကျဉ်းချုပ်ကိုလည်း ရေးသားထားပါ သည်။ ဂါထာတိုင်း၏ သိမှတ်ဖွယ် အကြောင်းအရာများကို လည်း မှာထားချက်အနေဖြင့် ရေးသားထားပါသည်။ ဘုရားဂုဏ်တော်ဘွဲ့များသာမက အန္တရာယ်ကင်းဂါထာများ, လာဘ်ခေါ်ဂါထာများ, မန္တန်များ·ကိုလည်း ထည့်သွင်းထား ပါသည်။ ထို့ကြောင့် ဘုရားဂုဏ်တော်များကို ကြည့်ရှု

ကျက်မှတ်, ရွတ်ဖတ်, ပွားများလိုသူတိုင်း ဤစာအုပ်ကို လက်ကိုင်ပြုသင့်ပါသည်။

ဤစာအုပ်ကို အသုံးပြုနည်း

ဤစာအုပ်ကို တကယ်အကျိုးရှိအောင် အသုံးချလိုပါလျှင် ပထမပိုင်းရှိ ဗုဒ္ဓဝင်အကျဉ်းကို မကြာမကြာဖတ်ပါ၊ သို့မဟုတ် အသံသွင်းထားပါ။ ဒုတိယပိုင်းအတွက်မှာ (၁) ဘုရားပင့်ပါ၊ (၂) အနေကဇာတင်ပါ၊ (၃) သီလယူပါ၊ (၄) ဂုဏ်တော်ပါဠိကိုရွတ်ပါ၊ (၅) ဂုဏ်တော်အနက်ကို ရွတ်ပါ၊ (၆) အခြားနှစ်သက်ရာ ဂုဏ်တော်ဘွဲ့များကို တတ်နိုင်သမျှ များများရွတ်ပါ၊ (၇) မေတ္တာပို့ပါ၊ (၈) ပုတီးစိပ်ပါ၊ (၉) ဆုတောင်း အမျှဝေပါ။

အထက်ပါအစီအစဉ် ၉-ချက်အနက်မှ (၁-၂-၃-၄-၇-၈-၉) တို့ကို နေ့စဉ်မှန်မှန် အဓိဋ္ဌာန်၍ ကောန်ပြုလုပ်ရပါမည်။ (၅-၆)တို့ကိုမူ တတ်နိုင်သူတို့သာ ပြုလုပ်ရမည်ဖြစ်ပါသည်။ ဤအတိုင်းသာ နေ့စဉ်နေ့တိုင်း ပြုလုပ်သွားပါက ကုသိုလ်စေတနာများစွာ ဖြစ်ပွားပြီး ပတ္တကမ္မသုတ်နှင့် သခ်ါရူပပတ္တိသုတ်တို့၌လာသော (သဒ္ဓါတရားရှိခြင်း) ဟူသော အင်္ဂါနှင့် ပြည့်စုံ၍ ဒုလ္လဘတရားလေးပါးကို ရရှိလျက် လူ့ဘဝအရသာကို ပီပီသသ ခံစားရမည်မှာ ကောန်ပင်ဖြစ်ပသည်။

ရတနတ္တယ၊ ပဏာမ၊ ခုဘဝအကျိုးပေး

ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ရှိခိုးဖူးမြော် ဂုဏ်တော်ပွားများခြင်းကို ရတနတ္တယပဏာမ-ဟုခေါ်၏။ ရတနတ္တယပဏာမသည် (၁) ခေတ္တသမ္ပန္နတာ-ခေတ်၏ပြည့်စုံခြင်း၊ ရှိခိုးအပ်သော ဘုရား, တရား, သံဃာတို့က ဘုရားစစ် ဘုရားမှန် တရားစစ် တရားမှန် သံဃာစစ် သံဃာမှန်ဖြစ်ခြင်း၊ (၂) အဇ္ဈာသယသမ္ပန္နတာ-အဇ္ဈာသယ၏ ပြည့်စုံခြင်း၊ ရှိခိုးသူက သဒ္ဓါ စေတနာ ပညာ အပြည့်အဝရှိခြင်း - ဟူသော အင်္ဂါနှစ်ပါးနှင့် ပြည့်စုံလျှင်ယခုဘဝမှာပင် (ယခုလောလော ဆယ်မှာပင်) မုချအကျိုးပေးပါသည်။

ဆောင်။ ။ရတနတ္တယ၊ ပဏာမကား၊ ခေတ္တတဖြာ၊
အဇ္ဈာသယ၊ စုံလင်က၊ ကျိုးရချက်ချင်းသာ။

ကျွန်ုပ်တို့အဖို့ ဘုရားစစ် ဘုရားမှန်, တရားစစ် တရားမှန်, သံဃာစစ် သံဃာမှန်တို့ကို ကံအားလျော်စွာ တွေ့ကြုံနေရပြီ ဖြစ်သည်။ ထိုဘုရား, တရား, သံဃာတို့ကို ရှိခိုးသောအခါ ကျွန်ုပ်တို့၏ သန္တာန်မှာ သဒ္ဓါ စေတနာ ပညာ အပြည့်အဝ ထားပြီး ရှိခိုးပူဇော် ဖူးမြော်ပွားများဖို့သာ လိုတော့သည်။ ထို့ကြောင့် စိတ်ပါလက်ပါ ပျော်ရွှင်စွာ ဘုရားရှိခိုးကြပါစို့ ဟူ၍သာ ဖိတ်ခေါ်တိုက်တွန်းပါရစေ။

ပရိနိဗ္ဗာန်စံပြီးလည်း အကျိုးကြီး

ဤနေရာ၌ သတိပြုရန်မှာ သဒ္ဓါတရားခေါင်းပါးသူ အချို့က သက်တော်ထင်ရှား မြတ်ဘုရားကို ရှိခိုးပူဇော် ဖူးမြော်မှန်လျှော့ ကန်တော့မှုကြောင့် ကောင်းကျိုးအနန္တ ရနိုင်သည် မှန်သော်လည်း ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသော ဘုရားရှင်ကို ရှိခိုးပူဇော်ခြင်း, ဂုဏ်တော်ဘွဲ့များကို ရွတ်ဖတ် ခြင်းကြောင့်ကား ကောင်းကျိုးမရနိုင်·ဟု အထင်မှား အသိ မှားတတ်ကြ၏။ အသိမမှားသင့်ပေ။ ဗုဒ္ဓအဘိဓမ္မာအလိုအား ဖြင့် ဘုရားရှိခိုးမှုကြောင့် ကောင်းကျိုးရရာ၌ ထိုကောင်းကျိုး ကို ဘုရားရှင်က ရော့,အင့်, ယူတော့-ဟု တိုက်ရိုက်ပေးလိုက် သည် မဟုတ်ချေ။ ခေတ္တသမ္ပန္နဖြစ်၍ ရှိခိုးခြင်းငှာ ထိုက်တော် မူသော ဘုရားရှင်ကို ရှိခိုးခြင်းကြောင့် ဖြစ်ပေါ်လာသော မိမိ၏ ကုသိုလ်စေတနာကြောင့်သာလျှင် ကောင်းကျိုးအဝဝကို ရရှိခြင်းဖြစ်လေသည်။ ထို့ကြောင့် သက်တော်ထင်ရှား မြတ်ဘုရားအပေါ်၌ ယုံကြည်လေးစား အားထားသကဲ့သို့ ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသော ဘုရားရှင်အပေါ်၌လည်း ယုံကြည်လေးစား တကယ်တမ်းအားထား၍ ရှိခိုးပူဇော်ပါ က, ဂုဏ်တော်များကို ပွားများပါက သက်တော်ထင်ရှား မြတ်ဘုရားကို ဖူးမြော်ခြင်းကြောင့် ရသောကောင်းကျိုးနှင့် တန်းတူညီမျှ ကောင်းကျိုးရသည်မှာ ဧကန်ဖြစ်ပါသည်။

ဆတ္တမာဏဝကဝိမာနဝတ္ထုလာ အောက်ပါ ဘုရားစကားတော်ကို အထောက်သာကေပြုပါ။

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။
စေတောပဏိဓိဟေတု ဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ ။

တိဋ္ဌန္တေ စာပိ-သက်တော်ထင်ထင်၊ တည်ရှိစဉ်ဝယ်၊ ဖူးမြင်ရငြား၊ မြတ်ဘုရား၌လည်းကောင်း။ နိဗ္ဗုတေ စာပိ-ရွေပြည်နိဗ္ဗူ၊ စံတော်မူသည့်၊ ဆူဆူထွတ်ထား၊ မြတ်ဘုရား၌လည်းကောင်း။ စိတ္တေ-ဂုဏ်တော်အာရုံ၊ ကောင်းစွာထုံ၍၊ တလုံးလဲလဲ၊ မှိဝဲစွဲသုံး၊ စိတ်နှလုံးသည်။ သမေ-သဒ္ဓါပညာ၊ အရာရာဝယ်၊ မကွာတန်းတူ၊ ညီမျှခဲ့ပါမူကား။ သမံ ဖလံ-အကျိုးပေးဟန်၊ အတန်တန်လည်း၊ ကေန်ညီမျှ၊ တန်းတူရလေတော့၏။ ဟိ-ထိုစကားလျှင်၊ မမှားကေန်၊ ယုတ္တိတန်လှပါပေ၏။ သတ္တာ-ယုတ်မြတ်မဟူ၊ သူငါကစ၊ သတ္တဝါဟူသမျှတို့သည်။ စေတောပဏိဓိဟေတု-စိတ်နေ စိတ်ထား၊ ကြီးမားဖြူစင်၊ ကြည်လင်သန့်ရှင်း၊ အကြောင်းရင်းကြောင့်။ သုဂတိံ-လူ့ရွာနတ်ဌာန်၊ ကောင်းရာစံလျက်၊ နိဗ္ဗာန်အထိ၊ အကောင်းဆုံးဂတိသို့။ ဂစ္ဆန္တိ-ပါရမီစွမ်းသလောက်၊ စခန်းထောက်၍၊ လှမ်းရောက်ကြရပါပေကုန်သတည်း။

အထက်ပါ ဘုရားဟောဂါထာတော်ကို ထောက်ထား၍ သက်တော်ထင်ရှား မြတ်ဘုရား၏ ရုပ်ပုံတော်နှင့် ဂုဏ်တော်

များ မနေ့ာဒ္ဒါရ မှန်ပြင်ဝမှာ ထင်လာစေလျက် ပရိနိဗ္ဗာန် စံတော်မူပြီးသော ဘုရားရှင်၏ ဉဒ္ဒိဿစေတီထိုက်သော ရုပ်ပုံတော်, ဆင်းတုတော်နှင့် ဓာတုစေတီထိုက်သော ဓာတ်တော်များကို စိတ်ချလက်ချ အားရပါးရ တဝကြီး ရှိခိုးပူဇော်လိုက်ကြစမ်းပါ–ဟူ၍ အလေးအနက် တိုက်တွန်းလိုက်ရပါတော့သည်။

၁။ ပုံတော်ကိုမှန်း၊ ဂုဏ်တော်တန်း၊ ရွှတ်စမ်းဂါထာတွေ။

၂။ ဒိဋ္ဌလက်ငင်း၊ အန္တရာယ်ကင်း၊ ထင်လင်းလာဘ်မိုးစွေ။

၃။ ဆတက်ထမ်းပိုး၊ သာသနာကျိုး၊ သယ်ပိုးနိုင်ပါစေ။

ပါဠိပါရဂူ–ဦးကျော်ထင်

၁၃၄၁–ခု၊ တော်သလင်းလပြည့်၊ ဗုဒ္ဓဟူးနေ့၊
(၁၅–၉–၇၉)

ဗုဒ္ဓအာဘာကာစက်တော်များ

ပထမပိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အရဟံ မဟာ၊ သမ္မာသမ္ဗုဒ္ဓ၊ ဂုဏ်နှစ်ဝဖြင့်၊ လောကအပေါ်၊ ကောင်းကျိုးမြော်သည့်၊ ဘုန်းတော်သခင်၊ ဘုရားရှင်ကို၊ ကြည်လင်မြတ်နိုး၊ ကျွန်ရှိခိုး၏။

ဗုဒ္ဓဝင်အကျဉ်းချုပ်

ဗုဒ္ဓအာဘာကာစက်တော်များ— မည်သော စာစုသည် သဒ္ဓါ ဘုရား ထက်သန်ကြသော ဗုဒ္ဓဘာသာဝင် သူတော်စင်များ ဗုဒ္ဓဂုဏ်တော်များကိုရွတ်ဖတ်ပွားများနိုင်ရန်အတွက် ကောင်းသည်ထက် ကောင်းသော ဘုရားရှိခိုးများကို စုဆောင်း စီစဉ် တင်ပြထားသော ဗုဒ္ဓဂုဏ်တော်ရိပ်မြုံပင် ဖြစ်သည်။ ပွင့်ပင် သီးပင်တို့ဖြင့် ဝေဆာမွှိုင်ဆိုင်လှသော ဥယျာဉ်တော်ကြီးထဲသို့ အကြောင်းအားလျော်စွာ ရောက်ရှိသွားသော ပုဂ္ဂိုလ်သည် ကောင်းနိုးရာရာအပွင့်အသီးတို့ကို အလိုရှိသလို ဆွတ်ချူ

ပန်ဆင် စားသုံးပါလျှင် ဖမ်းမြောက်ကြည်နူးရှင်မြူးရသကဲ့သို့ ကံကောင်းထောက်မ၍ ဤစာအုပ်ကို လက်ဝယ်ရရှိထားသော သူတော်ကောင်းသည်လည်း ဒုတိယပိုင်း၌ စီစဉ်ထုတ်ပြထားသော ဗုဒ္ဓဂုဏ်တော်ဘွဲ့များထဲမှ နှစ်သက်ရာရာကို ကြည့်ရှု ကျက်မှတ် ရွတ်ဖတ် ပွားများ ပန်ဆင်သုံးစားပါလျှင် ဝမ်းမြောက် ကြည်နူး ရွှင်မြူးရရုံမျှမက လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးတို့ကို မုချမသွေ ရနိုင်ပါပေသည်။

ယင်းသို့ ဗုဒ္ဓဂုဏ်တော်များကို ရွတ်ဖတ်သော အခါ သက်တော်ထင်ရှား မြတ်ဘုရား၏ ရုပ်ပုံတော် မိမိစိတ်ထဲမှာ ထင်မြင်နေဖို့ လိုအပ်ပါသည်။ ထိုကဲ့သို့ ထင်မြင်နိုင်ရန်မှာ လည်း ဘုရားရှင်၏ဖြစ်တော်စဉ်ကို ပိုင်ပိုင်နိုင်နိုင် သိထား မှသာ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဤစာစုကို ပထမပိုင်း၊ ဒုတိယပိုင်း-ဟု ၂-ပိုင်းခွဲ၍ ဒုတိယပိုင်းတွင် ဗုဒ္ဓဂုဏ်တော် များကို စုဆောင်းဖော်ပြထားပြီး ထို ဒုတိယပိုင်းရှိ ဂုဏ်တော် များကို ရွတ်ဖတ်ပွားများသောအခါ သက်တော်ထင်ရှား မြတ်စွာဘုရား၏ ရုပ်ပုံတော် ပေါ်လာနိုင်စေရန်အတွက် ဤ ပထမပိုင်းတွင် ဗုဒ္ဓဝင်အကျဉ်းချုပ်ကို ထုတ်ဖော် တင်ပြရ ပါသည်။

ထိုသို့တင်ပြရာ၌ လင်္ကာဆောင်ပုဒ်ကို ပထမရေးပြီးမှ ယင်း ဆောင်ပုဒ်ကို တပိုဒ်ချင်း အကျယ် ရှင်းလင်း ပြဆိုသွားပါ

မည်။ တတ်နိုင်သူများ လင်္ကာဆောင်ပုဒ်ကို အရကျက်ထား သင့်ပါသည်။ လင်္ကာဆောင်ပုဒ်ကို ရမိထားလျှင် ဗုဒ္ဓ ဖြစ် တော်စဉ်သည် မိမိစိတ်တွင် အမြဲတမ်း ထင်မြင်နေလိမ့်မည်။ ယင်းသို့ ထင်မြင်နေခြင်းသည်ပင် ကုသိုလ်တမျိုး ဖြစ်၍ အကျိုးများလှပါတော့သည်။

ဗုဒ္ဓဝင်ဆောင်ပုဒ်

ဂေါတမဗုဒ္ဓ၊ မည်တော်ရသည့်၊ လူ့-ဘနတ်ဆရာ၊ စေ မြွတ်စွာသည်........

၁။ ခုခါမှနေ၊ နောက်ပြန် ရေသော်၊ သင်္ချေလေးဖြာ၊ သိန်းကမ္ဘာက၊ အမရာဝတီ၊ မင်းနေပြည်ဝယ်၊ မျိုး မည် ပြာဟ္မဏ၊သုမေဓဟု၊ စ-၍ ထင်စွာ၊ ပေါ်ထွန်း လာ၏။

၂။ ဖြစ် နာ အို သေ၊ ကြောက်လှလေ၍၊ ထွေထွေဥစ္စာ၊ စွန့်ကြဲကာဖြင့်၊ ဟိမဝါရှေးရှု၊ ထွက်တော်မူ၏။

၃။ ပြည်သူရမ္မာ၊ ဒီပင်္ကရာကို၊ ပင့်ကာခြိမ့်သဲ၊ ဆွမ်းကျွေး ပွဲ၌၊ ဆင်းရဲပြောထူ၊ များဗိုလ်လူကို၊ မြင်မူကရုဏာ၊ ဖြစ်ပေါ်လာ၍၊ စွန့်ကာရည်မှန်း၊ ဗျာဒိတ်ပန်းကို၊ ရှင်လန်းကြည်ဖြူ၊ ပန်ဆင်ယူ၏။

၄။ မြတ်သူပြဟ္မာ၊ ချဉ်းကပ်လာ၍၊ ပုဗ္ဗာနိမိတ်၊ ထင်သည့် ဟိတ်ကြောင့်၊ ဗျာဒိတ်မှန်မည်၊ လျောက်ကြသည်တွင်၊ ပါရမီဆယ်တန်၊ ဖြည့်ကျင့်ရန်ကို၊ စိတ်သန် ထက်စွာ၊ ဆုံးဖြတ်ပါ၏။

၅။ ဘဝါဘဝေ၊ ကမ္ဘာတွေ၌၊ ဖြည့်လေပါရမီ၊ ဝေသာန်ဆီဝယ်၊ ဆယ်လီစုံစွာ၊ ပြည့်ဝပါ၏။

၆။ လောင်းလျာဖုံဖုံ၊ ဝင်ခိုလှုံသည့်၊ ဘုံဘုသိတာ၊ သက်ကုန် ကြာအောင်၊ နေကာပန်းဖြေ၊ စံစားနေ၏။

၇။ ဆုံးလေသက်တမ်း၊ ပွင့်ချိန်မှန်း၍၊ ကျွတ်တန်း ဝင်လို၊ များလူဗိုလ်ဘို့၊ ဝါဆိုလပြေ့၊ ကြွက်ခင်းနေ့၌၊ မမေ့သိကာ၊ မယ်မာယာ၏၊ ဝမ်းကြာတိုက်ဝယ်၊ သန္ဓေတယ်၍၊ အံ့ဘွယ်မျိုးစုံ၊ ဖြစ်စေတုံ၏။

၈။ ကဆုန်လပြေ့၊ သော်ကြာနေ့ဝယ်၊ ချမ်းမြေ့ ကြည်သာ၊ အံ့ဘွယ်ရာကို၊ များစွာဖြစ်စေ၊ ဖွားမြင်လေ၏။

၉။ နှစ်ရေဆယ့်ခြောက်၊ အရွယ် ရောက်သော်၊ ကိုယ့်နောက် လိုက်ဖော်၊ မယ်ယသော်နှင့်၊ တူပျော်နန်းစံ၊ စည်းစိမ်ခံ၏။

၁၀။ အားလုံ့ရုပ်တိုး၊ နှစ်ဆယ့်ကိုး၌၊ လေးမျိုးတမန်၊ ရာဟုလံနှင့်၊ ဖောက်ပြန်မှုယာ၊ မြင်ကြွားပါ၍၊

ဝါဆိုလပြေ့၊ ကျားမင်းနေ့ဝယ်၊ ခေါ်ရှိမောင်ဆန့်၊ တောထွက်မှန်၏။

၁၁။ တဖန် အာဠာရေ၊ ဥဒကော်၌၊ ရလေ လောကီ၊ စျာန်ရှစ်လီဖြင့်၊ ကျွတ်ပြီမယူ၊ ဆက်တော်မူ၏။

၁၂။ ဥရုဝေလာ၊ ဟေမဝါဝယ်၊ ဒုက္ကရစရိယ၊ ခြောက်နှစ် ကျအောင်၊ ပဉ္စင်္ဂီ၊ ကူအညီဖြင့်၊ ဗာဟီပယ်ခွါ၊ ကျင့်ခဲ့ပါ၏။

၁၃။ အစာစားတုံ၊ မဂ္ဂင်စုံ၍၊ ကဆုန်လပြေ့၊ ဆင်မင်း နေ့ဝယ်၊ အောင်၍နတ်မာရ်၊ ဂုဏ်ပေါင်း ရုံသည့်၊ ဉာဏ်သဗ္ဗညူ၊ ရတော်မူ၏။

၁၄။ ခုနစ်ဆူပြားထ၊ သတ္တာဟကို၊ ဌာနဗောဓိပင်၊ အနီး တွင်၌၊ ဖိုလ်ဝင်စားကာ၊ ကုန်စေပါ၏။

၁၅။ ပြဟ္မာသဟံ၊ လာခမ့်ကို၊ ဟောရန် လျှောက်ဘိ၊ ဝန်ခံကြည့်၍၊ ဣသိပတနာ၊ ကြွမြန်းကာဖြင့်၊ ဝါဆို လပြေ့၊ စနေနေ့ဝယ်၊ စ-၍ ဓမ္မာ၊ ဟောမြွက်ပါ၏။

၁၆။ ယသာဒိကာ၊ ပါဝေယျကနှင့်၊ ကဿပ ညီနောင်၊ ရဟန်းဘောင်သို့၊ သွင်းဆောင်ပြီးကာ၊ ရာဇဂြိုဟ် ကြွ၍၊ ထိုမှဆက်ပြန်၊ မွေးရပ်ဌာန်တည်း၊ တဖန်ထိုမှ၊ ရာဇဂြိုဟ်ကြွသော်၊ အနာထပိဏ်ကာ၊ ကျောင်းလှူ လာ၏။

၁၇။ ခုနစ်ဝါမြောက်၊ ရောက်လတ်သောခါ၊ နှစ်ဖြာမိုးရေ၊ စုံထွက်စေသည့်၊ ထူးထွေဆန်းလှ၊ တန်ခိုးပြ၍၊ သက္ကပျော်ရာ၊ ဝတိံသာ၌၊ လူ့ခါအမိ၊ သန္တုသိတအား၊ အဘိဓမ္မာ၊ ဟောမြွက်ပါ၏။

၁၈။ ဝါလလွတ်ကင်း၊ ကျွတ်သီတင်း၌၊ နတ်မင်းဖြဟ္မာ၊ ခြံရံကာဖြင့်၊ လူ့ရွာနဂရ၊ သင်္ကဿသို့၊ အားရဘွယ်ရာ၊ ပြန်ကြွလာ၏။

၁၉။ စာပါလခေါ်၊ စေတီတော်၌၊ ရေသော်ခုမှ၊ နောင်သုံးလသာ၊ ဖလသမာ၊ ဝင်စားမှာဟု၊ ကြံကာသက်ကြွယ်၊ စွန့်လွှတ်ပယ်၏။

၂၀။ လေးဆယ်ငါးဝါ၊ ကာလကြာအောင်၊ ဗြဟ္မာနတ်လူ၊ သုံးဘုံသူ၏၊ နှစ်ဆူစီးပွား၊ ချမ်းသာ များကို၊ ရပ်နားပစ်ပယ်၊ ဟောညွှန်သယ်၍၊ ရှစ်ဆယ်တုံတုံ၊ သက်ပြည့်စုံသည့်၊ ကဆုန်လပြေ့၊ အင်္ဂါနေ့ဝယ်၊ သိမ်း၍ခန္ဓာ၊ ငြိမ်းချမ်းပါ၏။

၂၁။ မြတ်စွာဘုရား၊ ဖြစ်စဉ်များကို၊ စဉ်းစားဆင်ခြင်၊ သဒ္ဓါဝင်၍၊ ကြည်သင်မြတ်နိုး၊ ကျွန်ရှိခိုးသည်၊ ဆိုးကျိုး ခပ်သိမ်း, ငြိမ်းစေသော်၊ ကောင်းကျိုး အလီလီ, တည်စေသော်။

အစိပ္ပါယ်ရှင်းလင်းချက်

၁။ ခုခါမှနေ၊ နောက်ပြန်ရေသော်၊ သခ်ျလေးဖြာ၊
သိန်းကမ္ဘာက၊ အမရာဝတီ၊ မင်းနေပြည်ဝယ်၊ မျိုးမည်
ဗြာဟ္မဏ၊ သုမေဓဟု၊ စ-၍ထင်စွာ၊ ပေါ်ထွန်းလာ၏။

ကျွန်ုပ်တို့၏ မိုခိုကိုးစား အားထားကိုးကွယ်ရာ ဘုရားမြတ်စွာသည် ဤဘဒ္ဒကမ္ဘာမှ ပြန်၍ ရေတွက်သည်ရှိသော် လွန်ခဲ့သော လေးအသင်္ချေနှင့် ကမ္ဘာတသိန်း အထက်က (အမရဝတီ) မည်သော မင်းနေပြည်၌ ပုဏ္ဏားမျိုးဝယ် (သုမေဓ) မည်သော လုလင်ကလေး ဖြစ်ခဲ့လေသည်။ သူငယ်စဉ်ကပင် မိဘနှစ်ပါး ကွယ်လွန်သွားကြသဖြင့် ပစ္စည်းဥစ္စာရတနာများကို ပစ္စည်းထိန်း အမတ်က ထိန်းသိမ်းစောင့်ရှောက်ထားရလေသည်။ သုမေဓာကား ပညာကိုသာကြိုးစားပမ်းစား သင်ကြားလေရာ ၁၆-နှစ် အရွယ်တွင် ပညာစုံတတ်မြောက်သေသည်။ အထူးသဖြင့် ဗေဒင်သုံးပုံတွင် ပါရဂူမြောက် ကျွမ်းကျင်တတ်မြောက် လေသည်။ ဤသို့အားဖြင့် သုမေဓာသည် မျိုးရိုးကောင်းသလောက် ပညာအရာ ပေါက်မြောက်ကာ ဥစ္စာပေါသလောက် ရုပ်ကလည်း ချောလေသည်။

၂။ ဖြစ်,နာ,အို,သေ၊ ကြောက်လှလေ၍၊ ထွေထွေဥစ္စာ၊
စွန့်ကြဲကာဖြင့်၊ ဟိမဝါရှေးရှု၊ ထွက်တော်မူ၏။

သုမေဓာ(၁၆)နှစ်သားအရွယ် ရောက်သောအခါ ပစ္စည်းထိန်းအမတ်က ထိန်းသိမ်းထားသော ပစ္စည်းဥစ္စာရတနာများကို စာရင်းအင်းနှင့်တကွ အပ်နှင်းသည်ကို လက်ခံရရှိသဖြင့် ငယ်ငယ်ရွယ်ရွယ်ကပင် သဌေးကလေးဖြစ်ခဲ့လေသည်။ တနေ့သော် သဌေးကလေး သုမေဓာသည် အိမ်ကြီး၏အပေါ်ထပ် ဆိပ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ပြီး ထွေရာလေးပါး စဉ်းစားယင်းမှ မိဘ ဘိုးဘွားတို့ ပစ္စည်းဥစ္စာများကို ရှာရှံသာရှာပြီး မိမိလိုက်ယှလွန်သောအခါ ထက်ကြပ်ပါအောင် ယူဆောင်မသွားတတ်ကြပုံကိုလည်းစဉ်းစားမိ၏။ မိမိကိုယ်တိုင်ပဋိသန္ဓေနေခြင်းဘေး, အိုခြင်းဘေး, နာခြင်းဘေး, သေခြင်းဘေး တို့မှ မကင်းလွတ် သေးသည်ကိုလည်း တွေးမိ၏။ သုမေဓာ သဌေး ဆက်၍တွေးပြန်သည်မှာ—

၁။ ဆင်းရဲဒုက္ခ၊ ရှိတုံက၊ သုခရှိရသည်။
ဘဝရှိက၊ ဝိဘဝ၊ မုချရှိရမည်။

၂။ အပူဥဏှ၊ ရှိတုံက၊ သီတရှိရသည်။
မီး ပူရှိက၊ နိဗ္ဗာန၊ မုချရှိရမည်။

၃။ အဆိုးအပေါင်း၊ ရှိတုံချောင်း၊ အကောင်းရှိရဲသည်။
ဇာတိရှိက၊ အ ဇာတ၊ မုချရှိရမည်။

၄။ ရန်သူဝိုင်းထား၊ ထိုယောကျ်ားကား၊ ပြေးသွားဘိုရာ၊ လမ်းပေါက်သာလျက်၊ ပြေးမထွက်၊ လမ်းတွက် မဟုတ်ချေ။

မစင်လူးလျှင်၊ အေးကြည်လင်သည့်၊ ရေစင် ရှိလျက်၊ မဆေးရက်၊ ရေတွက်မဟုတ်ချေ။

အနုပ္ပ-ကမ်း၊ ဘေးဘျမ်းများစွာ၊ သံသရာမှ၊ သမထဝိပဿနာ၊ ကိလေသာဘင်၊ သန့်စင်လျှော် ဆေး၊ ရေအေးလေးမဂ်၊ ရှိပါလျက်နှင့်၊ မထွက် ပြေးလို၊ မဆေးလို၊ မင်းပျိုကိုယ့်တွက်ပေ။

၅။ အနာရောဂါ၊ စွဲကပ်ခါဝယ်၊ ဆရာရှိလျက်၊မကုရက်၊ ဆရာတွက် မဟုတ်ချေ။

ကိလေဆောဂါ၊ စွဲကပ်ခါဝယ်၊ ဆရာရှိလျက်၊ မရှာရက်၊ ဆရာတွက် မဟုတ်ချေ။

၆။ သူခိုးနှင့်အတူ၊ သွားမိသူ၊ ခိုးသူစွန့်မှ၊ ချမ်းသာရ၏။
သူခိုးတူစွာ၊ကိုယ့်ကိုယ်မှာ၊ တဏှာစွန့်မှ၊ နိဗ္ဗာန်ရ၏။

ဤသို့စဉ်းစားမိ၍ မိမိ ပိုင်ဆိုင် ထားသော ပစ္စည်းဥစ္စာ များကို မိမိနောက် ပါအောင် ယူဆောင်သည့် အနေဖြင့် ဘဏ္ဍာတိုက်ကြီးများကို ဖွင့်လှစ်ထားကာ “အလိုရှိရာ ယူရစ် ကြပေတော့” ဟုပြောဆို၍ မြို့သူမြို့သားလူတန်းစားအသီးသီး

တို့အား ရက်ရက်ရောရော စွန့်ကြဲပေးကမ်း လှူဒါန်းခဲ့လေသည်။ ပဋိသန္ဓေ မနေရရာ, မအို, မနာ, မသေရရာ နိဗ္ဗာန်ကို ရှာရန်အတွက် အာတတ်တထည် ကိုယ်တခုဖြင့်သာ ဟိမဝန္တာသို့ ရှေးရှု ထွက်တော် မူခဲ့လေသည်။ ဟိမဝန္တာသို့ ရောက်သော အခါ သိကြားမင်း၏ စေခိုင်းချက်အရ ဝိသကြုံနတ်သား ဖန်ဆင်းထားနှင့်သော သင်္ခမ်းကျောင်းနှင့် ရဟန်း ပရိက္ခရာ တို့ကိုတွေ့ရှိ၍ ရသေ့ဘဝသို့ကူးကာ ကြိုးကြိုး စားစား တရား အားထုတ်လေရာ (၇) ရက်အတွင်းမှာပင် ဈာန်အဘိညာဉ်ရ ပုဂ္ဂိုလ်ဖြစ်ပြီး မြေလျှိုး မိုးပျံ နိုင်ခဲ့လေသည်။ ထိုအချိန်တွင် လောကဥ္စ ဒီပင်္ကရာဘုရားရှင် ပွင့်တော်မူ၍ (ရမ္မာ)မြို့၊ (သုဒဿန) ကျောင်းတော်၌ သီတင်းသုံး နေတော်မူလေသည်။

နိယတဗျာဒိတ်ခံယူခန်း

၃။ ပြည်သူရမ္မာ၊ဒီပင်္ကရာကို၊ ပင့်ကာခြိမ့်သဲ၊ ဆွမ်းကျွေးပွဲ၌၊ ဆင်းရဲပြောထူ၊ များဗိုလ်လူကို၊ မြင်မူကရုဏာ၊ ဖြစ်ပေါ်လာ၍၊ စွန့်ကာရည်မှန်း၊ ဗျာဒိတ်ပန်းကို၊ ရှင်လန်းကြည်ဖြူ၊ ပန်ဆင်ယူ၏။

တနေ့သော် ရမ္မာမြို့သူ မြို့သားတို့သည် ဒီပင်္ကရာဘုရားရှင် ကိုသံဃာတော်များနှင့်တကွ ဆွမ်းစားပင့်ထားကြရာ မြို့အဝင် လမ်းမှာ ရွံ့ဗွက်တွေထနေသဖြင့် စုပေါင်း လမ်းပြင် နေကြ

လေသည်။ ထိုအခါ သုမေဓာရှင်ရသေ့သည် ကောင်းကင်ခရီးဖြင့်ချောန်ယာဉ်စီး၍သွားယင်း လမ်းပြင်နေကြသူများကို မြင်သဖြင့် ကောင်းကင်မှ ဆင်းသက်၍ အကျိုးအကြောင်းကို မေးမြန်းလေသည်။ ဒီပင်္ကရာဘုရားရှင်နှင့် သံဃာတော်များကြွဖို့ အတွက် လမ်းပြင်နေကြခြင်း ဖြစ်ကြောင်း ပြန်ပြောင်းပြောပြသောအခါ (ဘုရား)ဟူသော စကားလုံးကို ကြားရသဖြင့် ကြက်သီးဖြန်းဖြန်းထအောင် ပီတိတွေ့ အလွှိုင်းတကြီးဖြစ်ကာ ဗုဒ္ဓသာသနာမှာ ကုသိုလ်ရှာလိုသောကြောင့် မိမိအတွက်ပြင်ဆင်ဖို့ တနေရာပေးပါရန် တောင်းပန်လေသည်။ ထိုအခါ မြို့သူ မြို့သားများက "တန်ခိုးဖြင့် ပြင်လိမ့်မည်"ဟူသောထင်မြင်ချက်ဖြင့် ရွှံ့ဗွက်အထူဆုံးသောနေရာကိုပေးလိုက်ကြလေသည်။ သုမေဓာ ရှင်ရသေ့သည် တန်ခိုးဖြင့်ပြင်လျှင်ကုသိုလ် အရနည်းမှာ စိုးသောကြောင့် သူများနည်းတူပင်အပင်ပန်းခံ၍ ပြင်ဆင်လေရာ ပြင်ဆင်ခြင်းကိစ္စမပြီးသေးမီပင်ဒီပင်္ကရာဘုရားရှင်သည် နောက်ပါ ရဟန္တာလေးသိန်းနှင့်အတူကြွလာတော်မူလေသည်။

ဒီပင်္ကရာဘုရားရှင် ကြွလာတော်မူသောအခါ ရမ္မာမြို့သူမြို့သားတို့သည် မိမိတို့ ယူဆောင်လာသော ပန်းအမျိုးမျိုးတို့ကို ဘုရားအမှူးရှိသော သံဃာတော်များအား လှူဒါန်းဆက်ကပ်ကြလေသည်။ မြို့သူ မြို့သားများနှင့်အတူ ပါလာ

သော (သုမိတ္တာ) မည်သော အမျိုးသမီးကလေးသည်ကား သုမေဓာ ရှင်ရသေ့ကို မြင်လျှင်မြင်ချင်း မေတ္တာသက်ဝင်ခင်မင်မိသဖြင့် မိမိယူလာသော ကြာပန်း ရှစ်စည်း အနက်မှ သုံးစည်းကိုသာ မိမိအတွက်ချန်ထား၍ ကျန်ငါးစည်းကိုမူ ရှင်ရသေ့အား ဆက်ကပ် လိုက်လေသည်။ ရှင်ရသေ့သည် သုမိတ္တာဆက်ကပ်လာသော ကြာပန်းငါးစည်းကို ဒီပင်္ကရာဘုရားရှင်အား လှူဒါန်းလိုက်ပြီးလျှင် ရွှံ့ဗွက်ပေါ်တွင် ဝမ်းလျားမှောက်လျက် "ဘုရားရှင်ရော တပည့်သံဃာတော်များပါ ရွှံ့ဗွက်တွေကို မနင်းပဲ တပည့်တော် အပေါ်ကနင်း၍ ကြွတော်မူကြပါ"ဟု လျှောက်ထားလေသည်။

သုမေဓာရှင်ရသေ့သည် ရွှံ့ဗွက်ပေါ်တွင်ဝမ်းလျားမှောက်နေယင်း ပဋိသန္ဓေနေခြင်းဘေး, အိုခြင်းဘေး, နာခြင်းဘေး, သေခြင်းဘေးတို့နှင့် ရောထွေးရှုပ်ပွ ဒုက္ခရောက်နေကြရသောသတ္တဝါများကို အဘိညာဉ်ဉာဏ်ဖြင့် မျက်ဝါးထင်ထင် သိမြင်တော်မူသဖြင့် ထိုသတ္တဝါတို့ကို ကယ်တင်လိုသောစိတ်က ပြင်းထန်လှသောကြောင့် မိမိတဦးတည်း နိဗ္ဗာန်ရောက်ရေးကို စွန့်လွှတ်၍ (ငါသည် ဒီပင်္ကရာဘုရားရှင် သာသနာမှာ ဝင်ရောက်ရဟန်းပြုပါလျှင် ယခုဘဝမှာ ရဟန္တာဖြစ်၍ အို,နာ, သေရေး သောကဘေးတို့မှ လွတ်မြောက်မှာ သေချာလှ၏၊ ယင်းသို့ တကိုယ်ကောင်း ကြံသွားခြင်းဖြင့် ငါ့လို လူတော်

လူကောင်းတယောက်အတွက်ဘာအဓိပ္ပါယ်မျှမရှိ။ ထို့ကြောင့် ငါသည် ဒီပင်္ကရာဘုရားရှင်ကဲ့သို့ ဘုရားတဆူ ဖြစ်တော်မူ၍ သတ္တဝါများကို အို,နာ,သေရေး သောကဘေးတို့ ကင်းဝေး ရာမှန် မြတ်နိဗ္ဗာန်သို့ ကေန်မသွေ ပို့ဆောင်ပေတော့အံ့)ဟု စဉ်းစား ဆုံးဖြတ်တော်မူလေသည်။ ဤသို့ စဉ်းစားဆုံးဖြတ် ခြင်းကား မိမိတဦးတည်းအတွက် ရည်မှန်းလာချက်ကို ပယ် ဖျက်၍ သတ္တဝါအားလုံးတို့အတွက် စဉ်းစား ဆုံးဖြတ်ခြင်း တည်း။ သတ္တဝါတို့ အပေါ် ထားရှိသော မြတ်စွာဘုရား၏ အသာဓာရဏ မဟာကရုဏာတော်ကို သတိပြုကာ ကြည်ညို ခဲ့ပါ။

ဤနေရာ၌ အထက်တန်းကျသူတို့ အားကျနိုင်ရန်အတွက် ဘုရားအလောင်းတော်၏ ကြံ့စည်ပုံပြ ဂါထာနှင့် အနက်ကို ထုတ်ပြပါဦးမည်။ ထပ်ခါထပ်ခါ ရွတ်ဆိုပြီး ရွတ်ဆိုတိုင်း အားကျ၍ အားကျသည့်အလျောက် ဘုရားအလောင်းကဲ့သို့ သူများကောင်းကျိုး သယ်ပိုးကြရန် ဖြစ်ပါသည်။

ကိံ မေ ဧကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကံ။

ထာမဒဿိနာ-ကိုယ်စွမ်းကိုယ်စ၊ ကိုယ့်ဗလကို၊ ကျန့်,ကုန် စင်၊ သိမြင်နိုင်သော။ ပုရိသေန-အထက်တန်းစား၊ မက်မှန်း

ထားသည့်၊ယောကျ်ားစင်စစ်၊ဖြစ်ကြီးဖြင့်ပါလျက်။ကေန–လူ နတ် ဗြဟ္မာ၊ သတ္တဝါကို၊ ခွဲခွါပစ်ပြီး၊ တကိုယ်တော်တည်း သာလျှင်။ တိဏ္ဏေန–ဒီပင်္ကရာ၊ သာသနာ၌၊ သံသရာ ပြင်ကျယ်၊ မြစ်ပင်လယ်ကို၊ အလွယ်နှင့်သာ၊ ကူးသွားပါသော။ မေ–မယာ–ဘုရားဖြစ်ရန်၊အောင်ဆုပန်ဖို့၊ရှစ်တန်အကြောင်း၊ စုပေါင်းတည်ရာ၊ ဤသည့်ငါဖြင့်။ ကိံ ပယောဇနံ–လူ နတ် ဗြဟ္မာ–သတ္တဝါအား လောကုတ္တရာ လောကီ၊ ခုနှောင်ဆီဟု၊ နှစ်လီအကျိုး၊ အဘယ်မှာ တိုးချိမ့်မည်နည်း။ သဗ္ဗညုတံ–သိဘွယ်မှန်လျှင်၊ကုန်သိမြင်သည့်၊ သဗ္ဗညုအစစ်၊ ဘုရားအဖြစ်သို့။ ပါပုဏိတွာ- မရောက်ရောက်အောင်၊ကျင့်မြားမြောင်ကို၊ ကျင့်ဆောင်ဖြည့်ကာ၊ ဇင်္ကလှမ်းပါ၍။ သဒေဝကံ၊ ဖြစ်,နာအို, သေ၊ ဆင်းရဲတွေနှင့်၊ ရှောင်သွေမရ၊ ကြုံဆုံရသည့်၊ လူက နတ်ပါ-ဗြဟ္မာဝေနေယျ–ဤသတ္တ လောကကြီးကို။ သန္တာ–ရေသံ-သံသရာဝဲ၊ ဒုက္ခထဲမှ၊ ထုတ်ဆွဲချွတ်ချွေ၊ ကယ်တင်ရပေတော့အံ့သတည်း။

ထိုအခါ ဒီပင်္ကရာဘုရားရှင်သည် သုမေဓာရှင်ရသေ့၏ ဦးခေါင်းရင်း၌ ရပ်တန့်တော်မူလျက် (ဒကာ ဒကာမတို့၊ ဤရသေ့ကို ကြည့်ကြလော့၊ ဤရသေ့သည် လေးအသင်္ချေနှင့် ကမ္ဘာ့တသိန်း လွန်မြောက်သောအခါ ငါကဲ့သို့ပင် လူတွင်ထင်ရှား ဘုရားဖြစ်လတ္တံ့)ဟု ဗျာဒိတ်တော်စကား

မိန့်ကြားတော်မူ၍ အလှူခံထားသော ပန်းများဖြင့် ရသေ့၏ ကိုယ်ပေါ်မှာ ကြဲဖြန့်တော်မူကာ ရသေ့၏ကိုယ်ပေါ်မှ နင်း မကြွပဲ ရသေ့၏နံပါးမှ ရှောင်လွှဲကြွသွားတော် မူလေသည်။ သံဃာတော်များလည်း ဒီပင်္ကရာဘုရားရှင်နည်းတူ ပန်းတို့ ဖြင့် ပူဇော်ကာ ရှောင်လွှဲ၍ ကြွသွားတော်မူကြလေသည်။

ပြဟ္မာကြီးများလာ၍ လျှောက်ထားခန်း

၄။ မြတ်သူပြဟ္မာ၊ ချဉ်းကပ်လာ၍၊ ပုဗ္ဗာနိမိတ်၊ ထင်
သည့် ဟိတ်ကြောင့်၊ ဗျာဒိတ်မှန်မည်၊ လျှောက်ကြ
သည်တွင်၊ ပါရမီဆယ်တန်၊ ဖြည့်ကျင့်ရန်ကို၊ စိတ်
သန်ထက်စွာ၊ ဆုံးဖြတ်ပါ၏။

ဒီပင်္ကရာဘုရားရှင်နှင့် သံဃာတော်များရော ရမ္မာ မြို့သူ မြို့သားများပါ ထိုနေရာမှ ထွက်ခွါသွားကြသော အခါ သုမေဓာရှင်ရသေ့သည် ဝမ်းလျားမှောက်နေရာမှ ထတော် မူ၍ ထက်ဝယ် ဖွဲ့ခွေ ထိုင်နေတော်မူလျက် (ငါဟာ လူတွင် စင်စစ် ဘုရားဖြစ်မည့်သူ ဆိုပါကလား)ဟု စဉ်းစားနေလေ သည်။ ထိုအခါ ပွင့်တော်မူသွားကြသော ရှေးဘုရားရှင်များ ကို သိမှီလိုက်ကြသော ပြဟ္မာကြီးများ အနားသို့ ချဉ်းကပ် လာ၍ (အို-ပညာရှိ၊ ရှေးရှေး ဘုရားအလောင်းတော်များ

ဗျာဒိတ်ခံယူရာ၌ ဖြစ်ပေါ်မြဲဖြစ်သော မပူလွန်းမအေးလွန်းပဲ ဥတုညီမျှခြင်း၊ စကြဝဠာတိုက်တသောင်း ဆူဆူညံညံ့အသံကင်းဆိတ်ခြင်း-စသော ၃၂-ပါးသော ရှေးပြေးနိမိတ်များ အံ့ဩဖွယ်ရာဖြစ်ပေါ်လာသည်ကိုထောက်၍ “လူတွင်ထင်ရှား ဘုရားဖြစ်လတ္တံ့” -ဟူသော ဗျာဒိတ်တော်စကား ဘယ်နည်းနဲ့မှ မမှားနိုင်ပါ ဘုရား)ဟု လျှောက်ထားကြလေသည်။ သုမေဓာရှင်ရသေ့သည် မိမိကိုယ်တိုင်ကလည်း (ဘုရားရှင်တို့ မည်သည်မှာ မှားယွင်းသောစကား အချည်းနှီးသောစကားကို ပြောကြားရိုးမရှိ၊ ငါ ဧကန် ဘုရားဖြစ်လိမ့်မည်) ဟု ယုံကြည်တော်မူလေသည်။

ထို့နောက် သုမေဓာရှင်ရသေ့သည် (ဗျာဒိတ်တော်ပန်းကို ဆင်မြန်းရသော်လည်း ဘုရားဖြစ်ကြောင်း တရားကောင်းများကို မဖြည့်ကျင့်လျှင် မည်သည့်နည်းနှင့်မျှ ဘုရားဖြစ်မည် မဟုတ်၊ ထို့ကြောင့် ဘုရားဖြစ်ကြောင်း တရားကောင်းတို့ကို ဖြည့်ကျင့်ပေတော့အံ့၊ယင်းဘုရားဖြစ်ကြောင်း တရားကောင်းတို့ကား အဘယ်တို့ပါနည်း)ဟု စဉ်းစား ဆင်ခြင်သောအခါ ဒါန၊သီလ၊နေက္ခမ္မ၊ပညာ၊ဝီရိယ၊ခန္တီ၊သစ္စာ၊မေတ္တာ၊အဓိဋ္ဌာန် ဥပေက္ခာ-ဟူသော ပါရမီဆယ်ပါးတို့ကို အစဉ်အတိုင်း တွေ့မြင်သိရှိတော်မူ၍ (ဤပါရမီဆယ်ပါး မြတ်တရားကို ကြိုးစားဖြည့်ကျင့်တော့အံ့) ဟု အဓိဋ္ဌာန် ပြုတော်မူလေသည်။

ထိုအခါ ပါရမီဆယ်ပါး မြတ်တရားတို့၏ တန်ခိုးတော်ကြောင့် အိုးထိန်းစက်သို့ သွက်သွက်ခါအောင် ကမ္ဘာမြေကြီး တုန်ဟီးလေသည်။

ပါရမီတော်ဖြည့်ခန်း

၅။ ဘဝါဘဝေ၊ ကမ္ဘာတွေ၌၊ ဖြည့်လေပါရမီ၊ ဝေဿန်ဆီဝယ်၊ ဆယ်လီစုံစွာ၊ ပြည့်ဝပါ၏။

ဘုရားအလောင်းတော်သည် ထိုဘဝမှစ၍ လေးအသင်္ချေနှင့်ကမ္ဘာတသိန်း ကာလပတ်လုံး ဖြစ်လေရာဘဝမှာ ပါရမီဖြည့်တော်မူခဲ့ရာ ဝေဿန္တရာမင်း ဘဝတွင် ပါရမီတော်များ ပြည့်ဝ စုံလင်လေသည်။ ထိုပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်ပုံ အကျဉ်းချုပ်ကား—

(၁) ဒါနပါရမီ။ သောကီဂုဏ်သိရ်၊ စည်းစိမ် မမက်၊ သက်သက်အလှူ၊ ခံယူသူသာ၊ ချမ်းသာစေကြောင်း၊ ငွဲ့ညှာစောင်း၊ အလောင်းဘော်တို့ ဒါနတည်း။ (ဘုရားအလောင်းတော်သည် ဤ ဒါနပါရမီကို ယုန်ပညာရှိဖြစ်စဉ်က ပရမတ္ထ ပါရမီမြောက်အောင် ဖြည့်ကျင့်တော်မူခဲ့လေသည်)။

(၂) သီလပါရမီ။ ငါးပါး သီလ၊ ကိုယ်ကျင့်မျှကို၊ ကောင်းရစေကာ၊ ဥပုသ်မှာဝယ်၊ စိတ်စင်ကြယ်ဘို့၊ ရည်ရွယ်ကျန၊ စောင့်သုံးရ၊ သီလစောင့်ပုံ ဤသို့တည်း။ (ဘုရား

အလောင်းတော်သည် ဤ သီလပါရမီကို သင်္ခပါလနဂါးမင်း ဖြစ်စဉ်က ပရမတ္ထပါရမီမြောက်အောင် ဖြည့်ကျင့်တော်မူခဲ့လေသည်)။

(၃) နေက္ခမ္မပါရမီ။ လောကီအာရုံ၊ ကာမဂုဏ်ကို၊ မစုံ မမက်၊ စွန့်ခွါထွက်၍၊ နှစ်သက်ရာမှန်း၊ ကမ္မဋ္ဌာန်းနှင့်၊ ရဟန်းရသေ့၊ ပြုသရွေ့၊ ခေါ်လေ့ နေက္ခမ္မ ဤသို့တည်း။ (ဘုရားအလောင်းတော်သည် ဤ နေက္ခမ္မပါရမီကို စူဠသုတသောမမင်း ဖြစ်စဉ်က ပရမတ္ထပါရမီမြောက်အောင် ဖြည့်ကျင့်တော်မူခဲ့လေသည်)။

(၄) ပညာပါရမီ။ တတ်အောင်လည်းသင်၊ တတ်ပြီးလျှင်လည်း၊ ပင်ကိုယ်ဉာဏ်ဖြင့်၊ ထပ်ကာဆင့်၍၊ အသင့်ပွားတိုး၊ များအကျိုး၊ သယ်ပိုးဆောင်၍ ဖြည့်သတည်း။ (ဘုရားအလောင်းတော်သည် ဤ ပညာပါရမီကို သေနကပုဏ္ဏား ဖြစ်စဉ်က ပရမတ္ထပါရမီမြောက်အောင် ဖြည့်ကျင့်တော်မူခဲ့လေသည်)။

(၅) ဝီရိယပါရမီ။ အပြစ် ကင်းပျောက်၊ ကိစ္စရောက်က၊ မကြောက်မရွံ့၊ နောက်မတွန့်ပဲ၊ သက်စွန့်ကြိုးစား၊ လုံ့လပွား၊ ဘုရားအလောင်းဖြည့်သတည်း။ ဘုရားအလောင်းတော်သည် (ဤ ဝီရိယပါရမီကို မဟာဇနကမင်း ဖြစ်စဉ်က ပရမတ္ထပါရမီမြောက်အောင် ဖြည့်ကျင့်တော်မူခဲ့လေသည်)။

(၆) ခန္တီပါရမီ။ လူမိုက်အမူ၊ ငါပြန်ပြုလျှင်၊ သူ့လို ငါလဲ၊ လူမိုက်ပဲဟု၊ စိတ်ထဲတွေးဆ၊ အေးမြမြနှင့်၊ ဒေါသ မထွက်၊ စိတ်မပျက်၊ သက်သက် အနာခံသတည်း။ (ဘုရား အလောင်းတော်သည် ဤခန္တီပါရမီကို ခန္တီဝါဒီရသေ့ ဖြစ် စဉ်က ပရမတ္ထပါရမီမြောက်အောင် ဖြည့်ကျင့်တော်မူခဲ့ လေသည်)။

(၇) သစ္စာပါရမီ။ လူသူအများ၊ အထင် မှားဘို့၊ မုသားမပါ၊ ကြွားမဝါပဲ၊ သစ္စာတည်အောင်၊ ပြောတိုင်း ဆောင်၊ ဘုန်းခေါင်ဤသို့ ဖြည့်သတည်း။ (ဘုရားအလောင်း တော်သည် ဤ သစ္စာပါရမီကို မဟာသုတသောမမင်း ဖြစ် စဉ်က ပရမတ္ထပါရမီမြောက်အောင် ဖြည့်ကျင့်တော်မူခဲ့လေ သည်)။

(၈) အဓိဋ္ဌာန်ပါရမီ။ ရည်ရွယ်သမျှ၊ မပျက်ရအောင်၊ ဒါနစသည်၊ ပါရမီကို၊ တာရှည်မြဲမြံ၊ ဇွဲသန်သန်၊ ဓိဋ္ဌာန် ဤသို့ ဖြည့်သတည်း။ (ဘုရားအလောင်းတော်သည် ဤ အဓိဋ္ဌာန်ပါရမီကို တေမိယမင်း ဖြစ်စဉ်က ပရမတ္ထပါရမီ မြောက်အောင် ဖြည့်ကျင့်တော်မူခဲ့လေသည်)။

(၉) မေတ္တာပါရမီ။ မိဘအပေါ်၊ သူတော်လည်း၊ သူတော်မြတ်များ၊ လောင်းဘုရားတို့၊ သူများပြစ်ဆာ၊ မရှု ပါပဲ၊ ကိုယ်သာသူ့ကျိုး၊ ဆောင်သယ်ပိုး၊ ရိုးရိုးမေတ္တာ

ပွားသတည်း။ (ဘုရားအလောင်းတော်သည် ဤ မေတ္တာပါရမီကို သုဝဏ္ဏသျှာမ်လုလင် ဖြစ်စဉ်က ပရမတ္ထပါရမီ မြောက်အောင် ဖြည့်ကျင့်တော်မူခဲ့လေသည်)။

(၁၀) ဥပေက္ခာပါရမီ။ လူကိုမရှု၊ သူတို့ပြုသည့်၊ အမှုအပေါ်၊ တော်မတော်ဖြင့်၊ စော်စော်ကားစေ၊ ကောင်းပြုပေလည်း၊ စိတ်နေမခု၊ ချစ်မပြုပဲ၊ လျစ်လျူရှုဘာ၊ ဥပေက္ခာ၊ သည်ဟာ ဒါကြောင့် ကောင်းသဘည်း။ (ဘုရားအလောင်းတော်သည် ဤ ဥပေက္ခာပါရမီကို မဟာလောမဟံသပညာရှိဖြစ်စဉ်က ပရမတ္ထပါရမီမြောက်အောင် ဖြည့်ကျင့်တော်မူခဲ့လေသည်)။

တုသိတာဘုံ၌ အပန်းဖြေစံနေခန်း

(၄) လောင်းလျာဖုံဖုံ၊ ဝင်ခိုလှုံသည့်၊ ဘုံတုသိတာ၊ သက်ကုန် ကြာအောင်၊ နေကာပန်းဖြေ၊ စံပါးနေ၏။

ဘုရားအလောင်းတော်သည် ဤဆိုခဲ့သည့်အတိုင်း လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ဖြစ်လေရာဘဝမှာ ပါရမီဖြည့်ကျင့်တော်မူခဲ့ရာ ဝေဿန္တရာမင်းဘဝတွင် ပါရမီတော်များ ပြည့်ဝ၍ ထို ဝေဿန္တရာမင်းဘဝမှ စုတိပျက်ကြွေသေလွန်သည် ရှိသော် ဘုရားအလောင်း၊ ပစ္စေကဗုဒ္ဓါအလောင်း၊အဂ္ဂသာဝကအလောင်း၊မဟာသာဝကအလောင်း

စသော အလောင်းအလျာတို့ ဝင်ရောက် ခိုလှုံရာဖြစ်သော တုသိတာနတ်ပြည်၌ သေတကေတု-မည်သော နတ်မင်းဖြစ်၍ ထိုနတ်ပြည်၏ အသက်တမ်းဖြစ်သော နှစ်ပေါင်း ၅၇-ကုဋေ၊ ၆-သန်း ကုန်ဆုံးအောင်နေကာ နတ်စည်းစိမ်ကို ခံစားလျက် အပန်းဖြေ နားနေလေသည်။

(ပါရမီတော်များ မပြည့်သေးမီကမူ ဘုရားအလောင်း တော်များသည် နတ်ပြည်တခုခုသို့ ရောက်သွားလျှင် ထိုနတ်ပြည်၏ သက်တမ်းကုန်ဆုံးအောင်မနေပဲ အဓိမုတ္တိက ကာလံ-ကိရိယာ-ခေါ် သေခြင်းတမျိုးဖြင့် သေအောင်လုပ်၍ လူ့ပြည်သို့ ပြန်ဆင်းလာကြလေသည်။ အကြောင်းမှာ နတ်ပြည်၌ ပါရမီဖြည့်စရာအကွက် ရှားပါးလှသောကြောင့်ပင်ဖြစ်သည်။ ဤအချက်ကိုထောက်၍ ဘုရားအလောင်းတော်များ လူ့ပြည်ကို ချစ်မြတ်နိုး၍၊ ပရဟိတကို ဆောင်ရွက်ခြင်းဖြင့် လူ့ဘဝကို အကျိုးရှိအောင် အသုံးချပုံတို့ကို မှတ်သား နည်းယူသင့်ပါသည်)။

ပဋ္ဌာနသဒ္ဒ နေတော်မူခန်း

၇။ ဆုံးလေသက်တမ်း၊ ပွင့်ချိန်မှန်း၍၊ ကျတ်တန်း ငင်လို၊ များလူဗိုလ်ဘို့၊ ဝါဆိုလပြေ့၊ ကြက်ငင်းနေ့ဝယ်၊ မမေ့သိကာ၊ မယ်မာယာ၏၊ ဝမ်းကြာတိုက်ဝယ်၊ သန္ဓေတယ်၍၊ အံ့ဘွယ်မျိုးစုံ၊ ဖြစ်စေတုံ၏။

၁၄၆၁၅

ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်၌ နှစ်ပေါင်း ၅၇–ကုဋေ၊ ၆–သန်း ကုန်ဆုံးအောင် နေပြီးသောအခါ ကောင်းမှုကုသိုလ် မြောက်မြားစွာ ပြုခဲ့မှုကြောင့် အထက်နတ်ပြည်သို့တက်ရန် အသင့်ဖြစ်နေလေသည်။ ထိုအခါ တသောင်းသော စကြဝဠာမှ နတ်ဗြဟ္မာများ စုရုံးရောက်လာကြ၍ (အရှင်နတ်သား၊ အထက်နတ်ပြည်သို့မတက်ပဲ လူ့ပြည်ဆင်း၍ ပဋိသန္ဓေ နေကာ ဘုရားဖြစ်အောင် ကျင့်ပြီး သတ္တဝါများကို အို နာ သေရေး သောကဘေးတို့မှ ကင်းဝေးအောင် ကယ်တင်တော်မူပါ) ဟု တောင်းပန်ကြလေသည်။

ထိုအခါ ဘုရားအလောင်းတော် သေတကေတု–နတ်မင်းသည် နတ်ဗြဟ္မာတို့၏တောင်းပန်ချက်ကို ချက်ချင်း ပဋိညာဉ်မပေးသေးပဲ ဘုရားဖြစ်သင့်သော အခါ, ကျွန်း, အရပ်, အမျိုးနှင့် မယ်တော်၏ အသက်တမ်း တို့ကို ဆင်ခြင် ကြည့်ရှုပြီး ယင်းငါးချက် ပြည့်ဝစုံလင်နေကြောင်း သိရသော အခါကျမှ နတ်ဗြဟ္မာတို့၏ တောင်းပန်ချက်ကို လက်ခံတော်မူလေသည်။ ဤသို့လက်ခံပြီးနောက် နန္ဒဝန်ဥယျာဉ်တော်ထဲသို့ ဝင်လျက် နတ်သက်ချွေပြီးလျှင် မဟာသက္ကရာဇ် ၆၇–ခု၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့၊ သန်းခေါင်ယာမ်အချိန်တွင် သက္ကဘိုင်း၊ ကပိလဝတ်ပြည့်ရှင်၊ ဘုရင် သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားခေါင်ကြီး ဖြစ်သော သိရိမဟာမာယာဒေဝီ–၏ ဝမ်းကြာ

ဘိုက်၌ မတွေ့မဝေ ပဋိသန္ဓေ တည်နေတော် မူလေသည်။ ဘုရားအလောင်းတော် ပဋိသန္ဓေတည်နေပြီးသည်နှင့် တပြိုင်နက် မဟာပထဝီမြေကြီး တုန်လှုပ်ခြင်း, သန္ဓေကန်းများ မျက်စိမြင်ခြင်း, သန္ဓေနားများ နားကြားခြင်း, ငရဲကြီးရှစ်ဆယ်၌ ငရဲမီးငြိမ်းခြင်းစသော ၃၂-ပါးသော အံ့ဘွယ်ရာများ ထင်ရှားဖြစ်ပေါ်လေသည်။

ဖွားမြင်တော်မူခန်း

၈။ ကဆုန်လပြေ့၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့ ကြည်သာ၊ အံ့ဘွယ်ရာကို၊ များစွာဖြစ်စေ၊ ဖွားမြင်လေ၏။

ဘုရားအလောင်း ပဋိသန္ဓေ တည်နေပြီးနောက် ဆယ်လတင်းတင်း ပြည့်မြောက်သောအခါ မယ်တော်မာယာသည် သုဒ္ဓေါဒနမင်းကြီးထံ ခွင့်ပန်၍ ကပိလဝတ်ပြည်မှ မိမိ၏ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော ဒေဝဒဟပြည်သို့ အသည်အပတ်သွားရာ ကပိလဝတ်နှင့်ဒေဝဒဟ တို့အကြား အလယ်ဗဟို တည့်တည့်တွင်ရှိသော လုမ္ဗိနီ-ခေါ် အင်ကြင်းဥယျာဉ်တော် အတွင်းသို့ ခေတ္တဝင်ရောက်ကာအနားယူနေလေသည်။ အင်ကြင်းတော၏ ရှုခမောဘွယ်သဘာဝများကို ရှုစားနေစဉ်မှာပင် ကမ္မဇလေလှုပ်လာသဖြင့် လက်တဖက်ဖြင့် အင်ကြင်း

ခက်ကို ကိုင်ကာ မယ်တော်မာယာ ရပ်နေစဉ်မှာပင် ဘုရား အလောင်းတော်သည် တရားပလ္လင်ပေါ်မှ မမွေကထိက ကိုယ်တော် ဆင်းလာဘိသကဲ့သို့ သက်သာလွယ်ကူစွာ မိး ရှုးသန့်စင် ဖွားမြင်တော်မူလေသည်။ ထိုနေ့ကား မဟာသက္ကရာဇ် ၆၈–ခု၊ ကဆုန်လပြည့်၊ သောကြာနေ့ပေတည်း။ ဘုရားအလောင်း ဖွားမြင်သောအခါတွင်လည်း ပဋိသန္ဓေ နေသောအခါကဲ့သို့ပင် မြေလှုပ်ခြင်း စသော ၃၂-ပါးသော အံ့ဘွယ်ရာများ ဖြစ်ပေါ်လာလေသည်။

ဘုရားအလောင်း ဖွားမြင်သောအခါ သုဒ္ဓါဝါသ ဗြဟ္မာကြီးများက ဇာတဘက်ဖြင့် ပထမခံယူ၏။ ၎င်းတို့၏လက်ထဲမှ စတုမဟာရာဇ်နတ်မင်းကြီးများက သစ်နက်သားမွေးအထည်ဖြင့် ခံယူကာ လူတို့၏လက်ထဲသို့ လှမ်းလိုက်လေသည်။ ဘုရားအလောင်းတော်သည် လူတို့၏လက်ထဲမှဆင်း၍ မြေကြီးပေါ်မှာ တည့်မတ်စွာ ရပ်တော်မူကာ အရပ်ဆယ်မျက်နှာကို အစဉ်အတိုင်း ကြည့်တော်မူရာ အရပ်မျက်နှာတိုင်းရှိ နတ်ဗြဟ္မာများက လက်အုပ်ချီမိုး ရှိခိုးကြလေသည်။ ထိုနောက် ဘုရားအလောင်းတော်သည် မြောက်ဘက်သို့ ခုနစ်ဖဝါး ကြွသွား၍ စကားသုံးခွန်းကို အံ့ဩဘွယ်ရာပြောကြားလေသည်။ စကားသုံးခွန်းကား— (လောကကြီးမှာ ငါသာအမြတ်ဆုံး၊ ငါသာအကြီးဆုံး၊ ငါသာ အချီးကျူးအပ်ဆုံး) ဟူသတည်း။

ဘုရားအလောင်းတော် မွေးဖွားသောနေ့မှာပင် ယသော်ဓရာ, ညီတော်အာနန္ဒာ, ဆန္နအမတ်, ကာဠုဒါယီအမတ်, ကဏ္ဍကမြင်း,ဗောဓိပင်,ရွှေအိုးကြီးလေးလုံးတို့လည်း မွေးဖွားဖြစ်ပေါ် လာကြလေသည်။ ထို့ကြောင့် ၎င်းတို့ကိုဖွားဖက်တော် ၇-ဦးဟု ဆိုရိုးပြုကြလေသည်။

ဖွားမြင်ပြီးနောက် ၅-ရက်မြောက်သောအခါ ရေမိုးချိုးပေး၍ ကင်ပွန်းတပ်မင်္ဂလာ ပြုလုပ်ကြရာ လောကလူသားအားလုံး၏ အကျိုးစီးပွားကို ပြီးစီးစေနိုင်, ပြုလုပ်နိုင်လတ္တံ့သည်ကို အတိတ်ကောက်ကာ သိဒ္ဓတ္ထ-ဟု နာမည်ပေးကြလေသည်။ ထို့နောက် ဘုရားလောင်း၏ လက္ခဏာတော်ကိုကြည့်ရှုစစ်ဆေးကြရာ အတော်ဆုံး အတတ်ဆုံး ပုဏ္ဏားရှစ်ယောက်အနက်မှ ရာမ,ဇေ စသော ၇-ယောက်တို့က လက်နှစ်ချောင်း-ထောင်၍ (လူ့ဘောင်မှာ နေလျှင် စကြာမင်း ဖြစ်မည်၊ သာသနာ့ဘောင်မှာနေလျှင် ဘုရားဖြစ်မည်)ဟု ဟောဆိုကြ၏။ အငယ်ဆုံးဖြစ်သော ကောဏ္ဍညပုဏ္ဏားကမူ တချောင်းတည်းသော လက်ကိုသာထောင်၍ (ကေန်မုချ ဗုဒ္ဓတဆူ ဖြစ်တော်မူလိမ့်မည်)ဟု ဟောဆိုလိုက်လေသည်။

ဘုရားအလောင်း ဖွားမြင်ပြီးနောက် ၇-ရက်မြောက်သောအခါ မယ်တော်မာယာ နတ်ရွာစံ၍ တာဝတိံသာနတ်ပြည်မှာ သန္တုဿိတ-မည်သော နတ်သား ဖြစ်လေသည်။

ဤကဲ့သို့ နတ်ရွာစံရခြင်းကား ဘုရားအလောင်းတော်ကို မွေးဖွားရသော ဒုက္ခကြောင့်မဟုတ်၊ မိမိ၏အသက်တမ်း ပြည့်သောကြောင့် သဘာဝအတိုင်း နတ်ရွာစံခြင်းသာလျှင် ဖြစ်ပေသည်။

မင်းစည်းစိမ်ခံစားခန်း

၉။ နှစ်ရေဆယ့်ခြောက်၊ အရွယ် ရောက်သော်၊ ကိုယ့်နောက် လိုက်ဖော်၊ မယ်ယသော်နှင့်၊ တူပျော်နန်းစံ၊ စည်းစိမ်ခံ၏။

ဘုရားအလောင်းတော်သည် ဖွားမြင်ပြီးနောက် ၁၆-နှစ်အရွယ် ရောက်သည်အထိ ယောကျ်ားကောင်းတို့ တတ်အပ်သော ပညာများကို ကြိုးစားသင်ယူတော်မူ၏။ အထူးသဖြင့်လေးအတတ်ကို တဘက်ကမ်းရောက် တတ်မြောက်ကျွမ်းကျင်တော်မူ၏။ သက်တော် ၁၆-နှစ် ပြည့်တော် မူသောအခါလေးအဘတ်ကို ပြတော်မူရာ သဘောကျ နှစ်သက်ကြသောသာကီဝင် မင်းကြီးများက မိမိတို့၏ သမီးရတနာများကိုဆက်သကြလေသည်။ စုစုပေါင်း ၄-သောင်းမျှရှိလေသည်။ ဘုရားအလောင်းတော်သည် ၎င်းတို့အထဲမှ ဒီပင်္ကရာဘုရားရှင်ထံ နိယတဗျာဒိတ်ခံစဉ်က ကြာပန်းငါးစည်း ဆက်ကပ်ခဲ့

သော၊ လေးအသင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး ဘဝ
တိုင်းမှာလိုလိုပင် ပါရမီကို ကူညီဖြည့်လာခဲ့သော၊ အမရာ,
ကိန္နရီ,မဒ္ဒီ,သမ္ဘူလတို့အဖြစ်ဖြင့် အိမ်ထောင်သည်တို့ဝယ် စံပြ
မယ်ဘဝကို ဆွတ်ခူးခဲ့သော၊ ယခုဘဝမှာ ဒေဝဒဟပြည့်ရှင်
ဘုရင်သုပ္ပဗုဒ္ဓနှင့် အမိတာဒေဝီတို့၏ သမီးတော်ဖြစ်သော၊
မိမိနှင့်သက်တူရွယ်တူ နေ့တူ အချိန်တူဖြစ်သော၊ တလောက
လုံးရှိ မိန်းမချော မိန်းမလှတို့၏ အချောအလှများ စုဝေးရာ
ဖြစ်သော၊ တလောကလုံးရှိ မိန်းမမြတ်တို့၏ အလိမ္မာများ
ခိုနားရာဖြစ်သော၊ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းရှိ
သောကြောင့် ဘဒ္ဒကစ္စနာဟု ခေါ်သော ယသောဓရာ
မိဖုရားကို အဂ္ဂမဟေသီ ဒေဝီဘွဲ့နှောင် မိဖုရားခေါင်ကြီး
မြှောက်တော်မူကာ ဆောင်းအခါ၌ ဘုံ ၉-ဆင့်ရှိ ရမ္မ-မည်
သော အဆောင်၌နေ၍ရင်း၊ နွေအခါ၌ ဘုံ ၅-ဆင့်ရှိ သုရမ္မ
မည်သော အဆောင်၌နေ၍ရင်း၊ မိုးအခါဝယ် ဘုံ ၇-ဆင့်ရှိ
သုဘ-မည်သော အဆောင်၌နေ၍ရင်း ယောကျ်ားဟူသမျှ
မဝင်ရောက်ရပဲ ၁၃-နှစ်တိုင်တိုင် မင်းစည်းစိမ်ကို အမြှိုင့်သား
ခံစားခဲ့လေသည်။ (ဤနေရာ၌ ဘုရားအလောင်းတော်နှင့်
ယသောဓရာတို့သည် အတူတကွပါရမီဖြည့်လာ၍ ဘဝများ
စွာ အတူတကွ ဖြစ်လာကြပြီးလျှင် နောက်ဆုံးဘဝ၌ အတူ
တကွ နိဗ္ဗာန်ဝင်ကြရပုံကို အာရုံယူကာ သတိမူခဲ့ပါ)။

တောထွက်ခန်း

၁၀။ အားလုံးရုပ်တိုး၊ နှစ်ဆယ့်ကိုး၌၊ လေးမျိုးတမန်၊ ရာဟုလံနှင့်၊ ဖောက်ပြန်မူယာ၊ မြင်ကြွားပါ၍၊ ဝါဆိုလပြေ့၊ကျားမင်းနေ့ဝယ်၊ ခေါ်၍မောင်ဆန်၊ တောထွက်မှန်၏။

ဘုရားအလောင်းတော်သည် သက်တော် ၂၉-နှစ်ရှိသော အခါ တနေ့တွင် ဥယျာဉ်ကစားရန် အခြံအရံ မြောက်မြား စွာဖြင့် ဥယျာဉ်တော်ထွက်သွားရာ လမ်းခုလပ်၌ သုဒ္ဓါဝါသ ဗြဟ္မာကြီးများက သူအို, သူနာ,သူသေ နိမိတ်ကြီးတွေကို ဖန်ဆင်းပြကြလေသည်။ သူအို,သူနာ,သူသေတို့ကို တခါမျှ မမြင်ဘူးသော အလောင်းတော်သည် မိမိလည်း သူတို့လိုပင် အိုရ, နာရ, သေရဦးမည်ကို သိရှိသောအခါ စိတ်မသက်သာ နှလုံးနာနေလေသည်။ ထိုအခိုက်တွင် သုဒ္ဓါဝါသ ဗြဟ္မာကြီး များက ရဟန်းအသွင်ကို ဖန်ဆင်း ပြကြ ပြန်လေသည်။ ထိုအခါ ဘုရား အလောင်းတော်သည် ထို ဆန္ဒအမတ်၏ ပြောပြ သံတော်ဦး တင်ချက်ဖြင့် ရဟန်းဘဝ၏ ကောင်း ကြောင်းကို သိရှိရကား တောထွက်၍ ရဟန်းပြုရန် အားသန် တော်မူကာ ဥယျာဉ်တော်သို့သာ ဆက်လက်ထွက်ခွါလာခဲ့ လေသည်။

ဥယျာဉ်တော်သို့ ရောက်သောအခါ ခါတိုင်းကဲ့သို့ အပျော်မကျူးတော့ပဲ မင်္ဂလာ ကန်တော်အနီးမှာ ထိုင်လျက် ရဟန်းပြုရေးကိုသာ တွေးနေလေသည်။ တနေ့တာ ကုန်မြောက်၍ ဆည်းဆာအချိန်ရောက်သဖြင့် နန်းတော်သို့ပြန်ကြွရန် စီစဉ်နေချိန်တွင် ယသော်ဓရာ မိဖုရားကြီးမှ သားတော်ကလေးတပါး ဖွားမြင်ကြောင်း သံတော်ဦးတင်လာလေရာ "ရာဟုဇာတော=အနှောင်အဖွဲ့ကြီး ပေါ်လာပါပကော"ဟု လွှတ်ကနဲ ညည်းညူတော် မူမိလေသည်။ ဘုရားအလောင်းတော်၏ ယင်းညည်းညူစကားကို အကြောင်းပြု၍ သားတော်ကလေးကို အခြားနာမည်မပေးပဲ ရာဟုလာ-ဟုသာ နာမည်ပေးလိုက်ကြလေသည်။ ဘုရားအလောင်းတော်သည် သားတော်ကလေး မွေးဖွားကြောင်း သိရသောအခါ သား၌ဖြစ်သော ချစ်ခြင်း၏ အရေထူ အရေပါး အသားအရိုးတို့ကို ဖောက်၍ ရိုးတွင်းချဉ်ဆီရောက်အောင် တည်ရှိသည်ကို ကိုယ်တော်တိုင် မြက်ကနဲ ခံစားလိုက်ရသဖြင့် သားသမီးတွေ များသည်ထက် များလာလျှင် ပို၍သံယောဇဉ်ဖြတ်ဖို့ခက်မည်ကို ကြောက်တော်မူသောကြောင့် "ယနေ့ပင် တောတွက်တော့အံ့"ဟု တောထွက်ဖို့ရန် ထပ်မံအဓိဋ္ဌာန်တော်မူကာ နန်းတော်သို့ ပြန်ကြွလာလေသည်။

နန်းတော်သို့ ရောက်သောအခါ ကချေသည်မောင်းမတို့ သီဆိုကပြ တီးမှုတ်ကြသည်ကို ခါတိုင်းကဲ့သို့စိတ်ဝင်စားတော်

မမူပဲ သလွန်တော်ပေါ်တက်ကာ စက်တော်ခေါ်လေသည်။ ထိုအခါ ကချေသည် မောင်းမတို့လည်း သီဆို ကပြ တီးမှုတ်ခြင်းများကို ရပ်တန့်၍ ထိုနေရာမှာပင် အိပ်စက်ကြလေသည်။ အလောင်းတော်သည် တရေးနိုး၍ ထကြည့်လိုက်သောအခါ ကချေသည်မောင်းမများ အမြင်မတော် အိပ်စက်နေကြသည်ကို မြင်တော်မူရသဖြင့် သံဝေဂအပေါ်တွင် ငြီးငွေ့စိတ်ဝင်ကာ (ယနေ့ညပင် တောသို့ဝင်တော့အံ့)ဟု အခိုင်အမာဆုံးဖြတ်တော်မူကာ ဖွားဖက်တော် ဆန္နအမတ်ကို နိုး၍ ဖွားဖက်တော် ကဏ္ဍကမြင်းကို ကကြိုးတန်းဆာ ပြင်ဆင်ရန် အမိန့်ပေးလိုက်လေသည်။

ထို့နောက် မွေးခါစ သားတော်ကလေး ရာဟုလာကို ကြည့်ရှုရန်အတွက် ယသော်ဓရာမိဖုရား၏ အဆောင်တော်သို့ ရွှေစက်တော် ချီလေသည်။ ထိုအချိန်တွင် ယသော်ဓရာ ထိပ်ခေါင်တင်သည် မြလေးပန်းများဖြင့် ခင်းထားသော သလွန်တော်ပေါ်၌ သားတော်ကလေး၏ ဦးခေါင်းပေါ်တွင် ရွှေလက်တော် တင်လျက် အိပ်စက် နေလေသည်။ အလောင်းတော်သည် သားတော်ကလေးကိုယူ၍ ပွေ့ချီနမ်းရှုပ်လိုလှပါသော်လည်း သားတော်ကို ဆွဲယူလိုက်လျှင် ယသော်ဓရာနိုး၍ တောထွက်ခြင်း၏ အန္တရာယ် ဖြစ်မည်ကို စိုးရိမ်တော် မူသောကြောင့် (ဘုရားဖြစ်မှ သားချစ်ကို

ရှုတော့အံ့)ဟု အံကြိတ်ဆုံးဖြတ်ကာယသော်ဓရာ၏အဆောင် တော်မှထွက်လာ၍ မိမိက ကဏ္ဍကမြင်းပေါ်မှာ စီးလျက် မောင်ဆန်အား မြင်းမြီးကို ကိုင်စေကာ နတ်ပြဟ္မာအပေါင်း အခြံအရံဖြင့် တောထွက်တော်မူခဲ့လေသည်။ ထိုနေ့ကား— မဟာသက္ကရာဇ် ၉၇-ခု၊ဝါဆိုလပြည့်၊တနင်္လာနေ့၊သန်းခေါင် ယာမ်အချိန်တည်း။

မြို့အပြင်သို့ ရောက်သောအခါ မာရ်နတ်မင်းက ရှေ့မှ ကာဆီး၍ နောက် ၇-ရက် စောင့်လျှင် လေးကျွန်းလုံးကို အစိုးရသော စကြာဝတေးမင်းဖြစ်မှာ သေချာသည့်အတွက် တောမထွက်ရန် တောင်းပန် ကန့်ကွက်လေသည်။ ထိုအခါ ဘုရားအလောင်းတော်က ထိုအချက်ကို မိမိ သိကြောင်း၊ စကြာဝတေးမင်းအဖြစ်ထက် ဘုရားအဖြစ်ကို နှစ်သက်သော ကြောင့် တောထွက်လာခြင်း ဖြစ်ကြောင်း မိန့်တော်မူကာ မာရ်နတ်မင်း၏ တောင်းပန်ကန့်ကွက်ချက်ကို လက်မခံပဲ ထွက် မြဲ ထွက်တော်မူခဲ့ရာ နံနက်မိုးသောက် အလင်းရောက်သော အခါ ဒေဝဒဟ, ကောလိယနှင့် ကပိလ-ဟူသော သုံးပြည် ထောင်ကို ကျော်လွန်၍ ယူဇနာ ၃၀-ဝေးသော အနော်မာ မြစ်ကမ်းသို့ ရောက်လေလျှင် မြင်းနှင့်တကွ တဘက်ကမ်းသို့ ကူးသန်းတော်မူလေသည်။

ရဟန်းပြုခန်း

တဘက်ကမ်းသို့ ရောက်သောအခါ ဘော်သာခွါအသွေး ဖြူဖွေးသော သဲသောင်ပြင်ပေါ်၌ ထိုင်တော်မူကာ အသင့် ပါလာသောသန်လျက်တော်ဖြင့်အလှမျက်ဖျော် မယ်ယသော် ထုံးဖွဲ့ပေးထားသော ဆံထုံးတော်ကို ဖြတ်တောက်၍ (ဘုရား ဖြစ်မည် မှန်လျှင် ကောင်းကင်ပေါ်မှာ တည်နေပါစေသား) ဟု အဓိဋ္ဌာန်ပြု၍ ကောင်းကင်သို့ မြှောက်တင်လိုက်ရာ ဆံထုံး တော်သည် အပေါ်မှကြိုးဖြင့်ချည်နှောင်ဆွဲချိတ်ထားသကဲ့သို့ ကောင်းကင်ပေါ်မှာ တည်နေလေရာ သိကြားမင်းလာယူ၍ တာဝတိံသာနတ်ပြည်မှာ စေတီတည်၍ ၎င်းဆံထုံးတော်ကို ဌာပနာလေသည်။ ဤသို့ ဆံထုံးတော်ကို ဌာပနာထားသော ကြောင့် ၎င်းစေတီတော်ကို (စူဠာမဏိစေတီ)ဟု သမုတ် လေသည်။

၎င်းနောက် ရဟန်းပြုရန် စိတ်အကြံ ဖြစ်သောအခါ ကဿပဘုရားရှင်လက်ထက် ဇောတိပါလ-မည်သော ပုဏ္ဏား လုလင်ဖြစ်စဥ်တုန်းက မိတ်ဆွေရင်းချာ ဖြစ်ခဲ့၍ ယခုအခါ ဗြဟ္မာ့ပြည်သို့ ရောက်နေသော ဃဋိကာရ-မည်သော ဗြဟ္မာ ကြီးက ရဟန်းပရိက္ခရာများ လာရောက်လှူဒါန်းလေသည်။ ဘုရားအလောင်းတော်သည် ဗြဟ္မာကြီးလှူဒါန်းသော သင်္ကန်း များကို ဝတ်၍ ဝတ်လဲတော်ကို ရှေးနည်းတူ အဓိဋ္ဌာန်၍

ကောင်းကင်သို့ ပစ်တင်လိုက်ရာ ဗြဟ္မာကြီးယူသွားကာ ဗြဟ္မာ့ပြည်မှာ စေတီတည်ပြီး ထိုဝတ်လဲတော်များကို ဌာပနာထားလိုက်လေသည်။ ဤသို့ ဝတ်လဲတော်ကို ဌာပနာထားသောကြောင့် ၎င်းစေတီတော်ကို (ဒုဿစေတီ)ဟု သမုတ်လေသည်။

ဘုရားအလောင်းတော်သည် ရဟန်းပြုတော်မူပြီးနောက် ဆန္နအမတ်ကို ကဏ္ဍကမြင်းတော်စီး၍ ပြည်တော်သို့ ပြန်ရန် အမိန့် ပေးလေသည်။ ထိုအမိန့်ပေးသံကို ကြားရသော ကဏ္ဍကမြင်းသည် သခင်နှင့် ခွဲခွာရမည့်အရေးကြောင့် စိတ်မအေးနိုင်ဖြစ်၍ အသဲကွဲကာ သေလွန်ပြီးနောက် တာဝတိံသာဘုံသို့ရောက်၍ကဏ္ဍကနတ်သား-ဟုအမည်တွင်လေသည်။ ထို့ကြောင့် ဆန္နအမတ်တဦးတည်းသာလျှင် မပြန်ချင့် ပြန်ချင်နှင့် နေပြည်တော်သို့ ပြန်ရရှာလေသည်။

ဘုရားအလောင်းတော်သည် အနူပိယမည်သော သရက်ဥယျာဉ်တွင် ၇-ရက်သီတင်း သုံးတော်မူ၍ နောက်တနေ့တွင် ရာဇဂြိုဟ်မြို့အတွင်းသို့ ဆွမ်းခံဝင်တော်မူရာ ထူးထူးခြားခြား ခန့်ညားသပ္ပါယ်သော ဘုရားအလောင်းတော်ကို မြင်တွေ့လိုက်ရသော ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရသည် ဘုရားအလောင်းတော်ကို လူလော နတ်လော စောကြောလိုသဖြင့်

မင်းချင်းယောကျ်ားများကို နောက်ယောင်ခံ၍ လိုက်ပါ စုံစမ်းကြရန် အမိန့်ပေးလိုက်လေသည်။

ဘုရားအလောင်းတော်သည် ရာဇဂြိုဟ်မြို့တွင်းမှ ရရှိလာသော အချိုရော အချဉ်ပါ ရောနှောထားသည့်ပြင် အေးလည်း အေးစက်နေသဖြင့် လုံးဝစားချင့်စဖွယ်မရှိသော ဆွမ်းများကို ရာဇဂြိုဟ်မြို့၏ ပတ်ဝန်းကျင်ရှိ တောင်ငါးလုံးတွင် တလုံးအပါအဝင်ဖြစ်သော ပဏ္ဍဝတောင်ခြေ၌ မရွံမရှာ မြိန်ရှက်စွာ ဘုဉ်းပေးတော်မူလေသည်။ ထိုအခါ မင်းချင်းယောကျ်ားများက နန်းတော်သို့ပြန်၍ လူသားတဦး ဖြစ်ကြောင်း သံတော်ဦးတင်ကြရာ ဘုရင်ဗိမ္ဗိသာရသည် ချက်ချင်းပင် လိုက်လာလေသည်။ အလောင်းတော်အထံ ရောက်သောအခါ လေးမြတ်စွာဖြင့် အကျိုးအကြောင်းကို မေးမြန်း၍ ဘုရားအလောင်း၏အကြောင်းကို အစုံအလင် သိရသောအခါ မိမိတိုင်းပြည်တဝက်ကို ပေးအပ်လေသည်။ ထိုအခါ အလောင်းတော်က လက်ခံတော်မမူပဲ "ဘုရား မဖြစ် ဖြစ်အောင်သာ ကျင့်မည်ဟု" အဓိဋ္ဌာန်ပြု၍ ထွက်လာခြင်း ဖြစ်ကြောင်း၊ ရွှေနန်းစည်းစိမ် ရိပ်ငြိမ်ချမ်းသာ အဖြာဖြာကို ဘယ်ဟာမှ အလိုမရှိတော့ကြောင်း မိန့်တော်မူရာ "ယင်းသို့ ဖြစ်ပါလျှင် ဘုရားဖြစ်လျှင် ဖြစ်ချင်း ရာဇဂြိုဟ်မြို့တော်သို့

အလျှင်ဆုံး ကြွတော်မူပါ”ဟု ဖိတ်ကြားလိုက်ရာ အလောင်းတော်က လက်ခံလိုက်လေသည်။

အာဠာရနှင့်ဥဒကထံတရားနည်းခံခန်း

၁၁။ တဖန် အာဠာရေ၊ ဥဒကေဉ္စ၊ ရလေ လောကီ၊ ဈာန်ရှစ်လီဖြင့်၊ ကျွတ်ပြီမယူ၊ ဆက်တော်မူ၏။

ဘုရားအလောင်းတော်သည် ပဏ္ဍဝတောင်ခြေမှ ထွက်လာ၍ ထိုစဉ်က နာမည်ကျော်ကြား လူသိများသော အာဠာရ ဆရာကြီးထံ တရားနည်းခံ၍ စွမ်းစွမ်းတမံ အားထုတ်ရာ မကြာမီမှာပင် သမာပတ် ၈-ပါးအနက်မှ အာကိဉ္စညာယတန တိုင်အောင် အောက်သမာပတ် ၇-ပါးကို ရရှိတော်မူလေသည်။ သို့ရာတွင် ထိုသမာပတ် ၇-ပါးတို့၏ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်သေးသည့် အဖြစ်ကို အစစ်အမှန် အတိုင်းသိတော်မူသဖြင့် အာဠာရဆရာကြီးက ဂိုဏ်းကို လွှဲအပ်၍ တားမြစ်သော်လည်း လက်ခံတော်မမူပဲ ဆက်လက်ထွက်ခွါခဲ့၍ ဥဒကဆရာကြီးထံ တရားနည်းခံပြန်လေသည်။ ဥဒကဆရာကြီး၏ နည်းအတိုင်း အားထုတ်၍ သမာပတ် ၈-ပါးလုံးကိုရသော်လည်း ထိုသမာပတ် ၈-ပါးလည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်သေးသည်ကို သိရှိတော်မူကာ ဥဒကဆရာကြီး တောင်းပန် တားမြစ်သည့်

ကြားမှ ထွက်လာ၍ နိဗ္ဗာန်ရှာဖွေရေး ခရီးတော်ကြီးကို ဆက်လက် နှင်တော် မူပြန်လေသည်။

ဒုက္ကရစရိယာကျင့်ခန်း

၁၂။ ဥရုဝေလာ၊ ဟေမဝါဝယ်၊ ဒုက္ကရာစရိယ၊ ခြောက်နှစ်ကျအောင်၊ ပဥ္စဝဂ္ဂီ၊ ကူအညီဖြင့်၊ ဗာဟိပယ်ခွါ၊ ကျင့်ခဲ့ပါ၏။

ဘုရားအလောင်းတော်သည် ဆက်လက် ထွက်ခွါလာခဲ့ရာ ဥရုဝေလတောအရိပ်သို့ ရောက်သောအခါ သာယာအေးမြ ဆိတ်ငြိမ်လှသော ထိုနေရာကို သဘောကျ၍ "ဤတောထဲမှာပင် တရားဝင်တော့အံ့" ဟု သန္နိဋ္ဌာန်ချကာ တောထဲသို့ဝင်လာလေသည်။ ဥရုဝေလတောထဲ၌ ရသေ့ငါးဦး ရှိနှင့်နေကြလေသည်။ သူတို့ကား အခြားသူများမဟုတ်ကြ။ အလောင်းတော် မွေးဖွားပြီးစ နိမိတ်ဖတ်ကြစဉ်တုန်းက "ဗုဒ္ဓစင်စစ်ကေန်ဖြစ်လိမ့်မည်" ဟု တခွန်းတည်းသော စကားကို ပြောကြားခဲ့သော ကောဏ္ဍညပုဏ္ဏားနှင့် သူ၏ အပေါင်းပါ ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိတို့ပင် ဖြစ်လေသည်။ သူတို့သည် ဘုရားလောင်း ကြွလာသည်ကို မြင်ရသောအခါ ဝမ်းပန်းတသာ ကြိုဆိုကြလေသည်။

ဘုရားအလောင်းတော်သည် ပထမတွင် ဥရုဝေလ တော အနီးရှိ သေနာနိဂုံးသို့ ဆွမ်းခံဝင်၍ ဆွမ်းဘုဥ်းပေးကာ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းပြီးမှ တရားအားထုတ်တော်မူ၏။ ထို့နောက် ဆွမ်းခံရသည်မှာ အချိန်အလဟဿ ကုန်သည်-ဟု သဘောထား၍ ဆွမ်းခံမဝင်တော့ပဲ တောထဲ၌ အလိုလို ကြွေကျသော သစ်သီးကိုသာ ဘုဥ်းပေး၍ တရားအားထုတ် လေသည်။ ထို့နောက် တဆင့်တက်၍ မိမိထိုင်ရာသစ်ပင်ပေါ်က ကြွေကျသောသစ်သီးကိုသာ ဘုဥ်းပေး၍ တရားအား ထုတ်လေသည်။ ထို့နောက်ထပ်မံ၍ တဆင့် တက်ပြန်ကာ ကုလားပဲအရည် တလက်ဖက်လောက်, ပဲနောက်အရည် တလက်ဖက်လောက်-စသည်ဖြင့်အစားအစာကိုနည်းနိုင်သမျှ နည်းနည်းသာစား၍ တရားကိုသာ အပြင်းအထန် ကျင့်ကြံ အားထုတ်တော်မူလေသည်။

ဤကဲ့သို့ အပြင်းအထန် ကြိုးစားမှု, အစားအသောက် နည်းပါးမှုကြောင့် ဘုရားအလောင်းတော် ပိန်ချုံးချိန့်ကာ အသားအရေမှာလည်း မဲ့ပြာခြောက်ကပ်နေလေသည်။ ခန္ဓာ ကိုယ်၌ အသွေးအသား အလွန်နည်းပါး၍ အရိုးနှင့်အကြော တို့သာ ငေါငေါကြီး ပေါ်နေကြလေသည်။ ပဥ္စဝဂ္ဂီငါးဦး တို့သည် တနေ့ဘုရားဖြစ်နိုး တနေ့ဘုရားဖြစ်နိုးနှင့် မြော်ကိုး ကာ ဝတ်ကြီးဝတ်ငယ်ကို ပြုနေကြရှာလေသည်။ ဤပုံ

ဤနည်းဖြင့် ၆-နှစ်သာ ကြာသွားသည့် အလောင်းတော်မှာ တရားထူးကား မရ။ ဘုရားဖြစ်ဖို့ဆိုသည်မှာ အလွန်တရာ ဝေးလေတော့သည်။ အကြောင်းမှာ- ဤ ဒုက္ကရစရိယာ အကျင့်သည် ဘုရားဖြစ်ကြောင်း အကျင့်ကောင်း မဟုတ်သောကြောင့်ပင် ဖြစ်သည်။ "ဘုရားဖြစ်ကြောင်း မဟုတ်ပါပဲ အဘယ့်ကြောင့် ကျင့်ရသနည်း" ဟု ဆိုလျှင် ထိုစဉ်က အတ္တ-ကိလမထာနုယောဂ - ခေါ် ကိုယ်အပင်ပန်းခံ၍ ကျင့်ကြံရသော အကျင့်ဖြင့် ဂုဏ်သိရ်ဝင့်ကာ ဘုရားဟု အခေါ်ခံနေသူတို့ကို အားကျမိသောကြောင့်ဖြစ်၏။ ထိုသို့အားကျမိသည်မှာလည်း ဇောတိပါလလုလင် ဖြစ်စဉ်တုန်းက ကဿပဘုရားရှင်ကို "ဒီလို ကတုံးစုတ်မှာ သဗ္ဗညုတဉာဏ်ဆိုဒါ ဝေးပါသေး၏" ဟု စွပ်စွဲပြစ်တင်ခဲ့မှုကြောင့်ပင် ဖြစ်လေသည်။ (သူတော်ကောင်းကို စွပ်စွဲခဲ့သော ဝစီကံသည် အင်မတန် ကြောက်စရာကောင်းလှပေ၏။)

အစာ ပြန်စားခန်း

၁၃။ အစာစားတုံ၊ မဂ္ဂင်စုံ၍၊ ကဆုန်လပြည့်၊ ဆင်မင်း
နေ့ဝယ်၊ အောင်၍နတ်မာရ်၊ ဂုဏ်ပေါင်း ရုံသည့်၊
ဉာဏ်သဗ္ဗညူ၊ ရတော်မူ၏။

ဘုရားအလောင်းတော်သည် အစားအသောက် ခြိုးခြံ၍ အပြင်းအထန် အားထုတ်ပါသော်လည်း တရားထူး မရနိုင်

သဖြင့် "ရှေးရှေး ပွင့်တော်မူပြီးသော ဘုရားရှင်တို့သည် ငါ့ထက်ပို၍ ကြိုးစားခဲ့ကြမည်မထင်။ ဤမျှ ကြိုးစားပါလျက် တရားသားမဘက်သည်မှာ အစားမစား အကျင့်မှားသော ကြောင့်ပင် ဖြစ်စရာရှိ၏"ဟု ကြံတော်မူ၍ သေနာနိဂုံးသို့ ဆွမ်းခံပြန်ဝင်ကာ အစားအစာ ပြန်၍စားသောအခါ နဂိုအင်အားနှင့် နဂိုအသားအရေများကို ပြန်လည်ရရှိလေသည်။ ထိုသို့ အစားပြန်စားသောအခါ ပဉ္စဝဂ္ဂီငါးဦးတို့သည်"သိဒ္ဓတ္ထ ကား ကမ္မဋ္ဌာန်းလူထွက်ကြီး ဖြစ်သွားပြီ၊ တရား အား မထုတ်တော့ပဲ လာဘ်ပေါများအောင် ကြိုးစားနေပြီ၊ ဘုရား ဖြစ်တော့မည် မဟုတ်"ဟု စဉ်းစားကာ အလောင်းတော် အပေါ်မှာ စိတ်ပျက်၍ ဥရုဝေလတောနှင့် ၁၈-ယူဇနာ ဝေးသော ဣသိပတန မိဂဒါဝုန်တောသို့ ဘုရားအလောင်းကို ပစ်ကာ ထွက်ခွါသွားကြလေသည်။ ဘုရားအလောင်းတော် သည် စိတ်အားငယ်တော်မမူပဲ ဗိုလ်ငါးပါး ညီညွတ်စွာဖြင့် တရားကိုသာ စူးစိုက်အားထုတ်တော်မူလေသည်။

ဤသို့ အားထုတ်လာခဲ့ရာ မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ သက်တော် ၃၅-နှစ်အရွယ်သို့ ရောက်သောအခါ နံနက်စောစော ညောင်ပင်တပင်အောက်သို့ ကြွရောက်၍ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၏။ ထိုနေ့ကား သုဇာတာ သဋ္ဌေးသမီးက ညောင်ပင်စောင့်နတ်မင်းအား

နှစ်စဉ်ပူဇော်သောနေ့နှင့် တိုက်ဆိုင်နေလေသည်။ သုဇာတာ သည် အပျိုဘဝတုန်းက ထိုညောင်ပင်သို့လာ၍ "အဆင့် အတန်းတူ လင်ကို ရပြီး သားဦးရအောင် မ-စပါလျှင် နှစ်စဉ် တသိန်းတန် ပူဇော်ပသပါမည်"ဟု ဆုတောင်းသမှု ကတိ ပြုခဲ့ရာ ထိုဆုတောင်းပြည့်သဖြင့် နှစ်စဉ်နှစ်စဉ် ပူဇော်ပသ လာခဲ့သည့်အတိုင်း ယနေ့လည်း ပူဇော်ပသရန်အတွက် အိမ် စေမကို ညောင်ပင်အောက်တွင် အမှိုက်သရိုက်ရှင်းလင်းရန် ကြိုတင်စေလွှတ်လိုက်လေသည်။

အိမ်စေမသည် အလောင်းတော်ကို တွေ့မြင်သောအခါ အိမ်သို့ အမြန်ပြန်ပြေးပြီး "သခင်မ၊ ကနေ့ ညောင်ပင် စောင့် နတ်မင်းကြီး သစ်ပင်အောက်ဆင်း၍ ထိုင်နေပါသည်၊ ဆာလှုပြီထင်သည်၊ အမြန် ပြင်ဆင်ပါ"ဟု ပြောပြလေရာ သဌေးသမီးမှာ အလွန်တရာ အံ့ဩဝမ်းသာစွာဖြင့် တသိန်း တန် ရွှေခွက်ထဲတွင် ရေမရောသော ဃနာနို့ထမင်းများကို ထည့်ကာ ကိုယ်တိုင်ပင်ရွက်လျက် ခပ်သွက်သွက် ထွက်လာ ခဲ့လေသည်။ ညောင်ပင်အောက်သို့ ရောက်သော အခါ အလောင်းတော်အား ရွှေခွက်နှင့်တကွ အပြီးအပြတ် ဆက် ကပ်၍ "ကျွန်ုပ်၏အလိုဆန္ဒ ပြည့်ဝသကဲ့သို့ သင်နတ်မင်း၏ အလိုဆန္ဒဟူသမျှလည်း တစမကျန် အမှန်ပင် ပြည့်ပါစေ" ဟု ဆုတောင်းကာ ထွက်ခွါသွားလေသည်။

ရွှေခွက်မျှောခန်း

အလောင်းတော်သည် နေရဥ္စရာမြစ်၊ သုပ္ပတိဋ္ဌိတ ဆိပ်ကမ်းသို့ ကြွတော်မူ၍ သုဇာတာလှူလိုက်သော ဃနာနို့ထမင်းကို တလုတ်လျှင် ထန်းစေ့ခန့်ပမာဏဖြင့် ၄၉-လုတ်တိတိ ဘုဉ်းပေးတော်မူပြီး "ယနေ့ ဘုရားဖြစ်ဖို့ သေချာလျှင် ဤ ရွှေခွက်သည် ရေညာသို့ ဆန်တက်ပါစေသား"ဟု အဓိဋ္ဌာန်ပြု၍ ရွှေခွက်ကို မျှောလိုက်ရာ ရွှေခွက်သည် ဝမ်းဘဲငှက်ကလေးပမာ ရေညာသို့ ဆန်တက်သွား၍ အတော်ကလေးအဝေးရောက်မှ နစ်မြုပ်သွားပြီး ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူသွားကြသော ဘုရားသုံးဆူတို့ အလားတူ မျှောခဲ့ကြသော ရွှေခွက်သုံးလုံး၏အောက်၌ သွားရောက် တည်နေလေသည်။

အလောင်းတော်သည် နေရဥ္စရာမြစ် အနီး အင်ကြင်းဥယျာဉ်ကြီး၌ နေ့သန့်စင်တော်မူ၍ ညနေစောင်းသောအခါ ဗောဓိပင်သို့ ကြွတော်မူရာ လမ်းခုလပ်တွင် သောတ္ထိယမည်သော မြက်ရိတ်ပုဏ္ဏားထံမှ မြက်ရှစ်ဆုပ်ကို အလှူခံတော်မူခဲ့၍ ဗောဓိညောင်ပင်အောက်သို့ ရောက်သောအခါ ရတနာ ပလ္လင်ထက်၌ထိုင်၍ "အသားအသွေးများ ခြောက်ခန်းသွား၍ အရေ အကြော အရိုးတို့သာ ကျန်ချင် ကျန်ပလေစေ၊ ဘုရားမဖြစ်သမျှ တင်ပလ္လင်ခွေကို မဖျက်တော့အံ့"ဟု အဓိဋ္ဌာန် ပြုထားတော်မူလေသည်။

မာရ်နတ်သားနှင့် စစ်ထိုးခန်း

ထိုအချိန်တွင် ဘုရားအလောင်းကို မျက်ခြေမပြတ် ကြည့်ရှု လေ့လာနေသော မာရ်နတ်သားသည် "သိဒ္ဓတ္ထသည် ငါ၏ ပိုင်နက်မှ ထွက်ခြောက်၍ လွတ်လပ်ရေးရအောင် အားထုတ် နေ၏၊ လွတ်လပ်ရေးမရအောင် နှောင့်ယှက်မှ တော်မည်" ဟု ကြံစည်၍ မိမိကိုယ်တိုင်က ယူဇနာ ၁၅၀-ရှိသော ဂိရိ- မေခလာ ဆင်ကြီးကို စီးလျက် လက်ရုံးပေါင်းဘအဆောင် ဖန် ဆင်းကာ လက်နက်မျိုးစုံကိုင်ထားပြီး ရှေ့ဘက်, ဝဲဘက်, ယာ ဘက် တို့၌ ၁၂-ယူဇနာစီ၊ နောက်ဘက်မှာ စကြဝဠာတောင် အထိ များပြားသော နတ်စစ်သည်တို့ဖြင့် ဘုရားအလောင်း တော်ထံသို့ ချီတက်လာလေသည်။ အလောင်းတော်အထံသို့ ရောက်သောအခါ ပါလာသော လက်နက်မျိုးစုံဖြင့် ဝိုင်းဝန်း တိုက်ခိုက်ကြလေသည်။ ဘုရားအလောင်းတော်သည် လေး အသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ဖြည့်ဆည်း ပူးအပ်ခဲ့သော ပါရမီတော်များကိုသာ စဉ်းစားဆင်ခြင်၍ နေလေသည်။ ထိုပါရမီတော်တရားများ၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် မာရ်နတ်သားနှင့် သူ၏ စစ်သည် တော်များ ပစ်လွှတ်အပ်သော လက်နက်မျိုးစုံတို့သည် လက် နက်အသွင်ပျောက် ပန်းပေါက်ပေါက် စသည် အသွင်သို့

ရောက်ကာ အလောင်းတော်၏ ခြေရင်းမှာ ဝပ်စင်းခစား ရှာကြလေသည်။

မာရ်နတ်သားသည် မိမိကြံရွယ်သည့်အတိုင်း မဖြစ်သဖြင့် စိတ်ဆိုးမာန်ဆိုးဖြင့် လေကြမ်းတိုက်ခစေ၍ရင်း, ရိုးရိုး မိုးကြီး ရွာစေ၍ရင်း, ကျောက်ခဲမိုး၊ လက်နက်မိုး၊မီးကျီးမိုး၊ပြာပူမိုး၊ သဲမိုး၊ ညွန်မိုး ရွာစေ၍ရင်း, မှောင်ကြီးချ၍ရင်း တိုက်ခိုက် ပြန်လေသည်။ တိုက်ခိုက်သော်လည်း ရည်မှန်းချက် မပေါက် သဖြင့် နောက်ဆုံးအနေဖြင့် မိမိ အားအကိုးဆုံး ဖြစ်သော သင်ခုန်းသွား စက်လက်နက်ကို ပစ်လွှတ်လိုက်လေသည်။ ထိုစက်လက်နက်သည်လည်း ပါရမီတော်တို့၏ တန်ခိုးတော် ကြောင့် ဘုရားအလောင်းတော်ထံမှောက် ရောက်သောအခါ ပဒုမ္မာကြာပွင့်ကြီး ဖြစ်၍ ဘုရားရှင်ကို ပူဇော်နေလေသည်။

လက်နက်ကွင်း ဂါထာတော်

ဤနေရာ၌ ဘုရားရှင်၏ အထက်ပါဂုဏ်တော်ကို အာရုံပြု နှလုံးသွင်းဆင်ခြင်၍ အလင်္ကာကျမ်းလာ အောက်ပါဂါထာ ကို လက်နက်ကွင်းဂါထာအဖြစ် အသုံးပြုပါ။

မာရာရိဗလဝိဿဋ္ဌာ၊ ကုဏ္ဍာ နာနာဝိဓာယုဓာ။
လဇ္ဇမာနညဝေသေန၊ ဇိန ပါဒါနုဘာ တာ။
ဧတေန သစ္စဝဇ္ဇေန၊ သတ္ထာနိ န ကမန္တု မေ။

ဇိန-တွင်းပန္နစ်တန်၊ ပြင်းစွာရန်ကို၊ ကြွင်းကျန်တစိ၊ ဘယ်မရှိအောင်၊ တိတိ ပိုင်ပိုင်၊ အောင်နိုင်တတ်လှ၊ သကတ္တ ကြောင့်၊ ဇိနဘွဲ့ထူး၊ ဆွတ်ခူးထာဝစဉ်၊ အို...အောင်ပွဲယင် ကိုယ်တော်မြတ်ဘုရား။ မာရာရိဗလဝိဿဋ္ဌာ - ရန်သူတော် မာရ်နတ်သားနှင့်၊ သူ့စစ်သည် တပ်သားတို့၊ ထပ်မနား ခါခါ၊ ချိန်ရွယ်ကာ ပစ်လွှတ်အပ်ကုန်သော။ နာနာဝိဓာ- တမျိုးမက၊ အတိုးချ၍၊ ကိုးဆပွားမကုန်၊ အမျိုးအစား လည်း များပြားစွာကုန်သော။ အာယုဓာ-တုတ်, ဓား, လှံ တံ၊ ကျည်ဆန် အမြောက်ဗုံး၊ သူတို့သုံးသည့်၊ စုရုံးမကုန်၊ လက်နက်မျိုးစုံတို့သည်။ ကုဏ္ဍာ-မထက်လုံးလုံး၊ တုံးကြကုန် သည်ဖြစ်၍။ လဇ္ဇမာနာ-မသက်မသာ ရှက်ရွာကြကုန်သော ကြောင့်။ အညဝေသေန-လက်နက်အသွင်ပျောက်ကာ၊ ပန်း ပေါက်ပေါက်အသွင် ရောက်ရှာကြကုန်လျက်။ တဝ-ပါရမီ အဖော်၊ တပ်မတော်တို့၊ ရှင်ပျော်ရှိုးစု၊ ခစားမှုဖြင့်၊ ဗိုလ်ရှု ခံဝင်၊ ရှင်တော်မြတ်ဘုရား၏။ ပါဒါနုတာ-ခြေတော်အစုံ၊ ကြာပဒုံကို၊ ခိုလှုံဦးတိုက်၊ ဖူးလိုက်ကြရပါကုန်ပြီဘုရား။

ဧတေန သစ္စဝဇ္ဇေန-ဤသို့နှုတ်သံ၊ဖော်ထုတ်ပြန်၍၊ ဟုတ် မှန်စွာဆိုရသော သစ္စာစကားကြောင့်။သတ္ထာနို-တုတ်,ဓား, လှံတံ၊ ကျည်ဆန် အမြောက်ဗုံး၊ သူတို့သုံးသည့်၊ အဆုံးမရှိ၊ များဘိထောင်သောင်း၊လက်နက်အပေါင်းတို့သည်။မေ-မမ-

အရှင့်အောင်ပုံ၊ အံ့ဘွယ်ဂုဏ်ကို၊ ကြည်ယုံရွှင်အံ၊ တပည့်တော်များအထံသို့။ နှ ကမန္တု-ဘုန်းတော် တန်ခိုးဘော်၊ ကုသိုလ်ထော်ကြောင့်၊ အဟော် အစ္ဆရိ၊ အံ့ဘွယ်ရှိအောင်၊ မထိမပေါက်၊ မကျရောက်ပဲ၊ ကင်းပျောက် ရှောင်ကွင်း၊ ပျက်ယွင်းကြပါစေ ကုန်သတည်း။

ထိုအခါ မာရ်နတ်သားသည် ဒေါသအမျက် ခြောင်းခြောင်းထွက်လျက် ရှက်ရမ်း ရမ်းသည့် အနေဖြင့် "ဟေ့ကောင်တွေ၊ဘာလို့ငိုင်ကြည့်နေကြဒါလဲ၊ သိဒ္ဓတ္ထကို မိအောင်ဖမ်းကြ၊ မိရင်သတ်ပစ်ကြ။ ဟေ့ သိဒ္ဓတ္ထ၊ ပလ္လင်ပေါ်ကအခုဆင်းပေး၊ အဲဒါ မင်းပလ္လင် မဟုတ်ဘူး, ငါ့ပလ္လင်ကွ" ဟု သူ၏စစ်သည်တပ်သားများကိုရော ဘုရားအလောင်းတော်ကိုပါ တဆက်တည်း အော်ပြောနေလေသည်။

ထိုအခါ ဘုရားအလောင်းတော်က ဤပလ္လင်တော်မှာ ပါရမီဖြည့်လာသူများ အတွက်သာ ဖြစ်ကြောင်း, သို့ဖြစ်၍ ပါရမီဖြည့်လာသော မိမိသာ ပိုင်ဆိုင်ကြောင်း, ပါရမီမဖြည့်ခဲ့သော မာရ်နတ်သား မပိုင်ဆိုင်ကြောင်း မိန့်တော်မူရာ မာရ်နတ်သားက မိမိလည်း ပါရမီဖြည့်ခဲ့ကြောင်း ပြောဆိုသဖြင့် သက်သေပြရန် ဘုရားအလောင်းတော်က ပြောသောအခါ သူ၏စစ်သည်တော်များကို သက်သေပြုလေရာ စစ်သည်တော်များကလည်း ဟုတ်မှန်ကြောင်း ထောက်ခံပြောဆို

ကြလေသည်။ ထိုအခါ မာရ်နတ်သားက "ကဲ-ကျွန်ုပ်က သက်သေပြပြီးပြီ၊ သင်လဲ သက်သေပြပါ"ဟု အရေးဆိုလာသဖြင့် ဘုရားအလောင်းတော်က "မာရ်နတ်၊ အခြားသော ပါရမီများကို ထားလိုက်ပါဦး၊ နောက်ဆုံးဖြစ်သော ဝေဿန္တရာမင်းဘဝတုန်းက ကြင်ယာတော် မဒ္ဒီမိဖုရားကိုပင် လှူရဲသော ဒါနပါရမီအစွမ်းကြောင့် ဟောဒီမြေကြီး ပွဲတင်ဟီးအောင် ရိုက်တီးဆော်ခတ် အသိအမှတ် ပြုခဲ့ဘူးပြီ"ဟု မိန့်တော်မူလျက် လက်တော်ဖြင့် မြေကြီးကို သုံးသပ် လိုက်သောအခါ ယန္တရားစက်ခလုပ်ကို ဖြုတ်သည့်ပမာ သွက်သွက်ခါတုန်ဟီး၍ မြေကြီးက သက်သေခံလိုက်လေသည်။ ဤကဲ့သို့မဟာပထဝီမြေကြီး တုန်ဟီးသောအခါ မာရ်နတ်သားသည် လက်ရုံးတထောင်ကို ရုပ်သိမ်းကာ ဂိရိမေခလာ ဆင်မဟာကိုသော်မျှ လှည့်မကြည့်အားတော့ပဲ ကိုယ်လွတ်ရုံး၍ ထွက်ပြေးလေရာ စစ်သည်တော်အပေါင်းလည်း ထက်ကြပ်မကွာလိုက်ပါထွက်ပြေးကြလေသတည်း။ ဤနေရာ၌ ဘုရားအလောင်း မာရ်နတ်ရန် အောင်ပုံကို အာရုံပြု၍ အောက်ပါ ဂါထာကို ကျူးရင့်ကြပါစို့။

မာရ်အောင်ဂါထာတော်

ယော မာရသေနမာသန္နံ-မာသန္နဝိဇယုဿဝေါ။
တိဏ္ဏာယပိ န မညိတ္ထ၊သော နော ဒေတု ဇယံ ဇိနော။

အာသန္နဝိဇယုသဝေါ- များစွာတင်းမာရ်၊ အတွင်းရန်ကို၊ ပြင်းထန်သတ်ညှင်း၊ အောင်တပ်ခင်း၍၊ အောင်ခြင်းကိုမြှော်၊ အောင်ပွဲတော် ယင်ခါနီး ဖြစ်ပေထသော။ သောဗိနော-အပရာဇိ၊ ဗောဓိမဏ္ဍိုင်၊ ခန်းဝါမြိုင်ဝယ်၊ ကြံ့ခိုင်ဖွဲ့ခွေ၊ ထိုင်နေတော်မူစဉ်၊ အကြင်ဘုရားရှင် ကိုယ်တော်မြတ်သည်။ အာသန္န-သမာဓိဉာဏ်၊ ပျက်အောင် ကြံလျက်၊ အထံတော်မြတ်၊ ချဉ်းကပ်၍လာသော။ မာရသေနံ-တောင်ကြီးရော၊ လိမ့်၍လ ာသို့၊ လွန်စွာကြောက်ဘွယ်၊ ကြီးကျယ်တိတောင်း၊ မာရ်စစ်သည်အပေါင်းကို။ တိဏာယပိ န မညိတ္တ-အမှိုက်မြက်ပမာ၊ မဖက်သာသို့၊ မျက်နှာတော် ကြည်ကြည်လင်လင်နှင့်၊ ထီထင်တော်မမူခဲ့ပေ။ သောဇိနော-ကိုယ်တော်တိုင်လျှင်၊ အောင်ပွဲငင်၍။ သခေါ်များစွာ၊ ဝေနေယျာလည်း၊ မကွာအတူ၊ အောင်စေတော်မူတတ်၊ ထိုအောင်တော်မူအရှင်မြတ်ဘုရားသည်။ နော-အမှာကံ- မအောင်သေးခင်၊ အောင်ကြွေးတင်၍၊ အောင်မြင်ရန်မြှော်၊ သားတော် သမီးတော်တို့အား။ ဇယံ ဒေတု-အောင်ရန်အသင့်၊ အောင်လံလွှင့်ဘို့၊ အောင်ခွင့်အဖြာဖြာ၊ အောင်မင်္ဂလာကို၊ ကရုဏာပွား၊ မေတ္တာ အားဖြင့်၊ ပေးသနားတော်မူပါ-အရှင်မြတ်ဘုရား။

ဘုရားဖြစ်တော်မူခန်း

ဤဆိုအပ်ခဲ့ပြီးသော အစီအစဉ်အတိုင်း ဘုရားအလောင်းတော်သည် နေမဝင်မီ မာရ်နတ်ရန်ကို အောင်မြင်တော်မူ၍ တရားဆက်လက် အားထုတ်တော်မူရာ ညဉ့်ဦးယာမ်တွင် ရှေးရှေး လွန်ခဲ့ပြီးသော ဘဝများကို အောင့်မေ့ဆင်ခြင် သိမြင်နိုင်သည့် ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်တော်ကို ရတော်မူ၏။ သန်းခေါင်ယာမ်တွင် ဝေးလံ,ဖုံးကွယ်, သေးငယ်သော အာရုံများနှင့်တကွ သတ္တဝါအားလုံးတို့ကို ဆင်ခြင်သိမြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်တော်ကို ရတော်မူ၏။ အရုဏ်တက်ခါနီး အချိန်တွင် တထောင့်ငါးရာ ကိလေသာတို့ကို ဝါသနာနှင့်တကွကုန်ခန်းပျက်စီးစေသော အာသဝက္ခယ ဉာဏ်တော်ကို ရတော်မူ၏။ အာသဝက္ခယ ဉာဏ်တော်ကို ရသည်နှင့်တပြိုင်နက် တရားဥဿုံ အလုံးစုံကို အကုန်အစင် သိမြင်သော သဗ္ဗညုတ ဉာဏ်တော်နှင့်တကွ အခြားအခြားသော ဘုရားဂုဏ်တော်မှန်သမျှကို ရရှိပိုင်ဆိုင်တော်မူ၍ ကမ္ဘာလောကကြီး၌ ဗုဒ္ဓတဆူ ဖြစ်တော်မူလေသတည်း။

သတ္တဋ္ဌာနစံနေတော်မူခန်း

၁၄။ ခုနစ်ဆူပြားထ၊ သတ္တာဟကို၊ ဌာနဗောဓိပင်၊ အနီးတွင်၌၊ ဖိုလ်ဝင်စားကာ၊ ကုန်စေပါ၏။

၁။ ပလ္လင်္ကသတ္တာဟ။ ဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်ပြီးသော်လည်း ပလ္လင်ပေါ်မှ ဆင်းတော်မမူသေးပဲ မာရ်ငါးပါးကို အောင်မြင်၍ မိမိ၏ အကြံအစည်ဟူသမျှ ပြည့်ဝစုံလင်ရာဖြစ်သဖြင့် မြင့်မြတ်လှသော ပလ္လင်တော်ကို ပူဇော်သောအားဖြင့် ၇-ရက်တိတိ ဆက်လက် သီတင်းသုံး တော်မူ၏။

၂။ အနိမိသသတ္တာဟ။ ထိုအခါ နတ်များက "ပလ္လင် အပေါ် တွယ်တာမှု ရှိသေးသည်ကို ထောက်သောအားဖြင့် သိဒ္ဓတ္ထမှာ ကိစ္စပြီးသေးဟန်မတူ"ဟု မိမိတို့ အချင်းချင်း တီးတိုးပြောကြသည်ကို ကြားတော်မူရသဖြင့် ဘုရားရှင်သည် တန်ခိုးပြကာ ပလ္လင်ပေါ်မှဆင်းလာ၍ ပလ္လင်၏အရှေ့မြောက် ဒေါင့် အရပ်မှာရပ်လျက် မမှိတ်သောမျက်လုံးဖြင့် သဗ္ဗညုတ ညာဏ်တော်ကို ရတော်မူရာဖြစ်၍ ကျေးဇူး ကြီးမားလှသော ပလ္လင်တော်ကို ၇-ရက်တိုင်တိုင် စိုက်၍ကြည့်နေတော် မူလေ သည်။

၃။ စင်္ကမနသတ္တာဟ။ ထို့နောက် ပလ္လင်တော်နှင့် မတ် တပ်ရပ်ရာဌာန ၂-ခုအကြားမှာ ၇-ရက် တိုင်တိုင် အရှေ့နှင့် အနောက် လမ်းလျှောက်တော်မူပြန်လေသည်။

၄။ ရတနဃရသတ္တာဟ။ ၇-ရက်ပြည့်သောအခါ ဗောဓိ ပင်၏ အနောက်မြောက်ဒေါင့်အရပ်၌ နတ်တို့ ဖန်ဆင်းပေး

ထားသော ရတနာ့အဆောင်တော်သို့ကြွ၍ အနန္တနယသမန္တ ပဋ္ဌာန်းကျမ်းတော်ကြီးကို ၇-ရက်တိုင်တိုင် သုံးသပ် ဆင်ခြင်တော်မူ၏။ ထိုအခါ ပဋ္ဌာန်း ကျမ်းမြတ်၏တန်ခိုး, ဉာဏ်တော်၏တန်ခိုးတို့ကြောင့် မြတ်စွာဘုရား၏ ခန္ဓာကိုယ်တော်မှ ရောင်ခြည်တော် ခြောက်သွယ် ထွက်ပေါ်ကွန့်မြူးလေသည်။

၅။ အဇပါလသတ္တာဟ။ ထို့နောက် ဗောဓိပင်၏အရှေ့ဘက်တွင် ရှိသော အဇပါလနိုဂြောဓခေါ် ဆိတ်ကျောင်းညောင်ပင်အောက်သို့ ကြွတော်မူ၍ ဖလသမာပတ် ဝင်စားလျက် ၇-ရက်ပတ်လုံး သီတင်းသုံးတော်မူပြန်၏။ ထိုအခါ တဏှာ,ရတိ, ရဂါ မည်သော မာရ်နတ်သမီးသုံးယောက်တို့ ဘုရားထံမှောက်လာရောက်၍ ဘုရားရှင်ကို ဖျားယောင်း သွေးဆောင်ကြ၏။ ဘုရားရှင်က လက်ခံတော်မမူသဖြင့် မျက်နှာမသာမယာဖြင့် နတ်ပြည်သို့သာ ပြန်သွားကြရှာလေသည်။

၆။ မုစလိန္ဒသတ္တာဟ။ ထို့နောက် ဗောဓိပင်၏ အရှေ့တောင်ဒေါင့် အရပ်တွင်ရှိသော မုစလိန္ဒအိုင်အနီးရှိ ကျည်းပင်အောက်၌ ၇-ရက် ပတ်လုံး သီတင်းသုံးတော် မူပြန်၏။ ထိုအချိန်တွင် အခါမဲ့မိုးကြီး သည်းထန်စွာရွာသွန်းချသဖြင့် မုစလိန္ဒာအိုင်စောင့် နဂါးမင်းကြီး တက်လာပြီး မိမိ၏ ကိုယ်ကြီးဖြင့် ဘုရားရှင်ကိုရစ်ပတ်ထားကာ မိမိ၏ပါးပျဉ်းကို

ဖြန့်လျက် ဘုရားရှင်၏ ဦးခေါင်းထက်မှာ မိုးပေးထား လေသည်။

၇။ ရာဇာယတနသတ္တာဟ။ ထို့နောက် ဗောဓိပင်၏ တောင်ဘက်တွင် ရှိသော ရာဇာယတနခေါ် လင်လွန်းပင် အောက်သို့ကြွ၍ ၇-ရက်ပတ်လုံး သီတင်းသုံးတော် မူလေ သည်။

ဘုရားရှင်သည် ဤ ၄၉-ရက် အတွင်း မျက်နှာလည်း သစ်တော်မမူ၊ ကျင်ကြီးကျင်ငယ်လည်း စွန့်တော်မမူ။ ဘုရား ဖြစ်မည့်နေ့က သုဇာတာသဌေးသမီး ဆက်ကပ် အပ်သော ဃနာနို့ဆွမ်း ၄၉-လုတ်ဖြင့်သာ မျှတတော်မူ၍ ဆွမ်းလည်း ဘုဉ်းပေးတော်မမူပဲ စျာန်ချမ်းသာ ဖိုလ်ချမ်းသာဖြင့်သာ အချိန်ကို ကုန်လွန်စေတော်မူလေသည်။ ထို့ကြောင့် ၄၉- ရက် ပြည့်သော နေ့တွင် သိကြားမင်းလာရောက်၍ ဆေး ဖန်းခါးသီး,. ကွမ်းရိုးနွယ်တံပူနှင့် အနဝတတ်အိုင်တော်ရေ တို့ကို ဆက်ကပ်လှူဒါန်းရာ ဆေးဖန်းခါးသီးကို ဘုဉ်းပေး၍ ကိုယ်သက်သုတ်သင်တော်မူပြီးမှ သွားဘိုက်မှု, မျက်နှာသစ် မှုကို ပြုတော်မူလေသည်။

ထိုအချိန်တွင် ဥက္ကလာပ ဇနပုဒ်မှ တပုဿနှင့် ဘလ္လိက မည်သော ကုန်သည်ညီနောင် ၂-ဦးတို့သည် ဆွမ်းမျိုးတော် စပ်ခဲ့ဘူးသော နတ်သားတဦး၏ လမ်းညွှန် တိုက်တွန်းချက်

ဖြင့် ဘုရားရှင်ထံမှောက်သို့ ရောက်လာကြ၍ ဘုရားရှင်အား မုန့်ကြွက်ကျစ်နှင့်ပျားမုန့်ဆုပ်ကို လှူဒါန်းကြလေရာ ရဟန်းပြုစဉ်က ဃဋီကာရဗြဟ္မာကြီး လှူဒါန်းအပ်သော သပိတ်တော်မှာ သုဇာဘာ၏ ဃနာနို့ဆွမ်းကို ရွှေခွက်နှင့်တကွ အလှူခံတော်မူစဉ်ကပင် အလိုအလျောက် ကွယ်ပျောက်ခဲ့သည်ဖြစ်၍ ဘုရားရှင်သည် ၎င်းတို့ကိုခံယူရန် ခံယူစရာတခုခုကို စဉ်းစား ဆောင်တတော် မူသောအခါ စတုမဟာရာဇ်နတ်မင်းကြီးလေးပါး တပြိုင်နက် ရောက်လာ၍ ကျောက်သပိတ်လေးလုံး ဆက်ကပ်ကြလေလျှင် ထိုသပိတ်လေးလုံးကို ထပ်၍ တလုံးတည်း ဖြစ်အောင် အဓိဋ္ဌာန်တော် မူကာ ထိုသပိတ်တော်ဖြင့် မုန့်ကြွက်ကျစ်နှင့်ပျားမုန့်ဆုပ်တို့ကို အလှူခံတော်မူလေသည်။

တပုဿနှင့် ဘလ္လိကတို့သည် ထိုအချိန်တွင် လောက၌ သံဃာရတနာ မပေါ်ထွန်းသေးသောကြောင့် သံဃသရဏဂုံ မဆောက်တည်နိုင်သေးပဲ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ" ဟုဆို၍ ဗုဒ္ဓသရဏဂုံ, ဓမ္မသရဏဂုံမျှဖြင့် ဒွေဝါစိက သရဏဂုံ တည်ကြပြီးလျှင် မိမိတို့ရပ်ဌာန် ပြန်ခါနီးသောအခါ ကိုးကွယ်စရာပစ္စည်းများ ပေးသနားပါရန် တောင်းပန်ကြလေရာ ဘုရားရှင်က ဆံတော် ၈-ဆူကို ပေးသနားတော်မူလိုက်လေသည်။

မေမွစကြာတရားဦး ဟောခန်း

၁၅။ ပြဟ္မာသဟံ၊ လာမေမွ်ကို၊ ဟောရန် လျှောက်ဘ်၊
ဝန်ခံကြည့်၍၊ ဋ္ဌသိပတနာ၊ ကြွမြန်းကာဖြင့်၊ ဝါဆို
လပြေ့၊ စနေနေ့ဝယ်၊ စ-၍ မေမွာ၊ ဟောမြွက်ပါ၏။

ဘုရားရှင်သည် အရက်(၅၀)မြောက်နေ့တွင် ဗောဓိပင်၏ အရှေ့ဘက်ရှိ အဇပါလနိုဂြောဓခေါ် ဆိတ်ကျောင်း ညောင်ပင်အောက်သို့ တဖန်ကြွရောက် သီတင်းသုံးပြန်လေသည်။ ထိုအခါ်နိုတွင် ဘုရားရှင်သည် လောက၌ လမ်းညွှန်ဆရာမရှိပဲ နေထိုင်သွားလာ လုပ်ရှားရသည်မှာ ဆင်းရဲလှကြောင်း ကောင်းကောင်းကြီး သိတော်မူသဖြင့် မိမိ၏ဆရာဖြစ်ထိုက်သူကို ဉာဏ်ဖြင့်ရှာဖွေတော်မူရာ တစုံတယောက်မျှမတွေ့ရသဖြင့် မိမိသိမြင်ထားသော တရားတော် တို့ကိုသာ လမ်းညွှန်ဆရာ အဖြစ်ထား၍ နေထိုင်ရန် ဆုံးဖြတ်တော်မူလိုက်လေသည်။

ထို့နောက် မိမိရရှိထားသော တရားတော်က နက်နဲလှကြောင်း, တရားဟောပြရမည့် သတ္တဝါတွေ မှာလည်း တွယ်တာမှု သံယောဇဉ်က ကြီးမားလှကြောင်း, ဤမျှနက်နဲသော တရားတော်ကို ဤမျှ သံယောဇဉ်ကြီးမားကြသော သတ္တဝါများ သိနားလည်ဖို့ လွယ်ကြောင်း, နားမလည်နိုင်မည့် သူတို့အား တရားဟောခြင်းဖြင့် ပင်ပန်းနွမ်းနယ်

ခြင်းသာ အဖတ်တင်မည် ဖြစ်ကြောင်း စဉ်းစားတော်မူမိသဖြင့် တရားမဟောပဲ ဈာနသမာပတ်ချမ်းသာ, ဖလသမာပတ်ချမ်းသာ ဖြင့်သာ အေးအေးသက်သာ နေထိုင်တော်မူလိုသော စိတ်များ တဖွားဖွား ပေါ်ပေါက်လာလေသည်။

ဘုရားရှင်၏ ထိုအကြံကို သိရသော သဟမ္ပတိဗြဟ္မာကြီးသည် "တရားမှန်ကိုသိတော်မူသော ဘုရားရှင်လို ပုဂ္ဂိုလ်ရင့်မာကြီးက တရားမှန်ကို ဟောမပြယင်ဖြင့် လောကကြီးပျက်စီးရချေရဲ့"ဟု တွေးမိသဖြင့် ဘုရားရှင်ထံ အမြန်ဆုံးဆင်းသက်လာပြီး (လောကမှာ ပညာမျက်စိ ရှိသူတွေရှိကြပါကြောင်း, သူတို့သည် တရားမှန်ကို မနာကြားရ၍သာ မဂ်ဖိုလ်နိဗ္ဗာန်မှ ဝေးနေကြရပါကြောင်း, တရားမှန်ကိုသာ နာကြားရပါလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို ရသူတွေ သိန်းပေါင်းများစွာ ပေါ်ပေါက်လာနိုင်ပါကြောင်း, သို့ဖြစ်၍ တရားဟောတော်မူရန် တောင်းပန် ပါကြောင်း) ဘုရားရှင်ကို အမော တကော လျှောက်ထား လေသည်။ သိကြားမင်းကလည်း ဗြဟ္မာကြီးနည်းတူလာရောက်၍ ဗြဟ္မာကြီးလျှောက်ထားသည့်အတိုင်း တရားဟောသင့် ပါကြောင်း, တရားအတိုင်း မကျင့်ကြံသူတို့ကို မိမိက အာဏာစက်သုံး၍ ကျင့်ကြံအောင် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း လျှောက်ထားလေသည်။

ဘုရားရှင်သည် သဟမ္ပတိဗြဟ္မာကြီးနှင့် သိကြားမင်းတို့၏ တောင်းပန် လျှောက်ထားချက်ကို လက်ခံ ကတိပေးတော်မူ၍ ပဌမဦးဆုံး တရားဟောရမည့် ပုဂ္ဂိုလ်ကို စဉ်းစားတော်မူသောအခါ အာဠာရဆရာကြီးနှင့် ဥဒကဆရာကြီးတို့ ခေါင်းထဲပေါ်လာ၏။ သို့ရာတွင် သူတို့နှစ်ဦးလုံး ကွယ်လွန်သွားကြပြီဖြစ်ကြောင်း ဉာဏ်ဖြင့်သိတော်မူသဖြင့် "အာဠာရနှင့် ဥဒကတို့ ရှုံးခြင်းကြီး ရှုံးကြလေစွတကား" ဟု ညည်းညူတော်မူ၍ ဆက်လက် စဉ်းစားပြန်သောအခါ ဒုက္ကရစရိယာ ကျင့်စဉ်က ကျေးဇူးပြုခဲ့ကြသော ပဉ္စဝဂ္ဂီငါးဦးတို့ကို မြင်တော်မူလေသည်။ ထိုအခါ ဗောဓိပင်မှ ၁၈-ယူဇနာဝေးသော ဣသိပတန မိဂဒါဝုန်တောသို့ ရှေးဘုရားရှင်များကဲ့သို့ ကောင်းကင်ခရီးဖြင့် ချာန်ယာဉ်စီး၍ ကြွတော်မမူပဲ လမ်းခုလပ်၌ ဥပက မည်သော တက္ကဒွန်းကြီးနှင့်တွေ့၍ မိမိ၏ အကြောင်းကို ပြောပြကာ နောင်အခါ ဥပကကြီးကျွတ်တမ်းဝင်မည့်အရေးကို မြော်တွေးပြီးလျှင် ဥပကကြီးကို ချီးမြှောက်တော်မူလိုသောကြောင့် မိမိပင်ပန်းမည်ကို အရေးမထားပဲ ခြေလျင်ပင် ကြွသွားတော်မူလေသည်။

မိဂဒါဝုန်တောသို့ ရောက်တော်မူသောအခါ ပဉ္စဝဂ္ဂီငါးဦးတို့သည် ဘုရားရှင်ကိုမြင်ကြ၍ "ကမ္ဘဋ္ဌာန်းလူထွက်ကြီး သိဒ္ဓတ္ထ လာနေပြီ၊ ဝတ်ကြီး ဝတ်ငယ် မပြုကြစတမ်း" ဟု တိုင်

ပင်ထားကြသော်လည်း ဘုရားရှင်က ဩဒိဿကမေတ္တာ ပို့ထားလိုက်သဖြင့် သူတို့ငါးဦးလုံး ကတိမတည်နိုင်ပဲ ဝတ်ကြီး ဝတ်ငယ် ပြုပေးကြလေသည်။ သို့ရာတွင် စကားပြောသော အခါမှာကား သိဒ္ဓတ္ထဟု-ဂုဏ်း, ငါ့ရှင်-ဟုဂုဏ်း သုံးနှုန်း ပြော ဆိုကြသဖြင့် ဘုရားရှင်က "ရဟန်းတို့၊ ငါ့ကို သိဒ္ဓတ္ထ-ဟုဂုဏ်း, ငါ့ရှင်-ဟုဂုဏ်း မသုံးနှုန်းကြနှင့်၊ ငါဘုရားဖြစ်လာပြီ၊ နား ထောင်ကြ၊ ငါ တရားဟောမည်၊ ငါ ဟောသည့်အတိုင်း လိုက်နာလျှင် မကြာခင် ရဟန္တာ ဖြစ်လိမ့်မည်"ဟု ပြောပြ သော်လည်း မယုံကြည်ကြချေ။ "အစာဖြတ်၍ အငတ်ခံကာ ကျင့်စဉ်ကသော်မှ ဗုဒ္ဓတဆူဖြစ်တော်မမူပဲ ဤကဲ့သို့ လာဘ် ပေါများအောင် ကျင့်ဆောင်နေသော အခါကျမှ ဗုဒ္ဓတဆူ ဖြစ်တော်မူသည်-ဆိုသည်မှာ သဘာဝမကျ"ဟု ပြောကာ လက်ခံရန် ငြင်းဆန်နေကြလေသည်။

ဘုရားရှင်သည် သုံးကြိမ်တိုင်အောင် ပြောပြပါသော် လည်း မယုံကြည်နိုင်ကြသဖြင့် နောက်ဆုံးအနေဖြင့် "ဥရုဝေလ တောမှာ သင်တို့မျှော်လင့်ခြင်းကြီးစွာဖြင့် ဝတ်ကြီးဝတ်ငယ် ပြုနေစဉ်က သင်တို့အားရကျေနပ်အောင် တကယ်မဟုတ်ပါပဲ 'ဘုရားဖြစ်ပြီ'ဟု ပြောခဲ့ဘူးသလား"ဟုမေးတော်မူရာ မပြော ခဲ့ဘူးကြောင်း ဝန်ခံကြသဖြင့် တကယ် ဘုရားဖြစ်ပြီး၍သာ ဘုရားဖြစ်ပြီ-ဟု ပြောခြင်းဖြစ်ကြောင်းမိန့်တော်မူမှ ယုံကြည်

လက်ခံ၍တရားနာရန် အာရုံစိုက်ကြလေတော့သည်။ ထိုအခါ ဘုရားရှင်သည် ပဉ္စဝဂ္ဂီငါးဦး အမှူးထား၍ နတ်ပြဟ္မာတို့အား ဓမ္မစကြာတရားဦးကို ဟောတော်မူရာ တရားဆုံးသောအခါကောဏ္ဍညရသေ့ကြီးနှင့် နတ်ပြဟ္မာ ၁၈-ကုဋေတို့ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကွာ၍ သောတာပန် တည်ကြလေသည်။ ထိုအချိန်ကား—မဟာသက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလပြည့်၊ စနေနေ့၊ အရှေ့လောကဓာတ်မှ လ-မင်း ထွက်ချိန်၊ အနောက်လောကဓာတ်သို့ နေမင်းဝင်ချိန်ပေတည်း။

ဘုရားရှင်သည် နောက်နောက် နေ့များတွင် ဓမ္မစကြာတရားကိုပင် ဆက်လက်ဟောကြားပြန်ရာ ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှာ ဝပ္ပ, ၂-ရက်နေ့မှာ ဘဒ္ဒိယ, ၃-ရက်နေ့မှာ မဟာနာမ်, ၄-ရက်နေ့မှာ အဿဇိတို့ အသီးသီးသောတာပန်ဖြစ်ကြ၍ ဝါဆိုလပြည့်ကျော် ၅-ရက်နေ့တွင် အနတ္တလက္ခဏာသုတ်ကို ဟောသောအခါ ငါးပါးလုံးပင် ရဟန္တာ ဖြစ်တော်မူကြလေသည်။ ဤနှစ်သုတ်သည် ဘုရားရှင်၏ ပဌမဆုံးသောတရားတော်များဖြစ်၍ ဗုဒ္ဓဝါဒအတွက် အရေးကြီးလှသောကြောင့် ထို ၂-သုတ်ကို အရကျက်၍ အမြဲရွတ်ဖတ် သင့်ပါသည်။ ဤနေရာ၌ အကျဉ်းချုပ် အဓိပ္ပါယ်ကို ထုတ်ပြလိုက်ပါသည်။

ဓမ္မစက္ကပဝတ္တန သုတ်တော်အချုပ်

တောဘူမကာ၊ သံခါရကား၊ ဒုက္ခကျေန်၊ မသေမှုန်ဟု၊ ကေန်သိထား....။ မဂ္ဂင်ပွား၍၊ ပယ်ရှားတဏှာ....။နိဗ္ဗာန်မှာ၊ မှန်စွာ ပျော်ရသည်....ဟူသည်နှင့်အညီ ဘုံသုံးပါး၌ ဖြစ်သော သံခါရတရားမှန်သမျှ (ဝါ-ခန္ဓာငါးပါးလုံးပင်) ဆင်းရဲစင်စစ် ကေန်ဖြစ်ကြသည်-ဟု သုတမယဉာဏ်, စိန္တာမယဉာဏ်တို့ဖြင့် စဉ်းစားဆင်ခြင် သိမြင်အောင်ကြိုးစား၍....၊ သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးကို ပေါက်မြောက်အောင် ပွားများသောအား ဖြင့်....၊ သံခါရတရားတို့ အပေါ်၌ တွယ်တာ တပ်မက်သော တဏှာတရားကို ပယ်ရှားစွန့်ပစ်နိုင်ပါမှ....၊ နိဗ္ဗာန်ရနိုင်သည်။ တနည်းပြောရသော် ဒုက္ခသစ္စာကို ပိုင်းခြား သိမြင်၍၊ မဂ္ဂ သစ္စာပွားကာ၊ သမုဒယသစ္စာကို ပယ်နိုင်မှ၊ နိရောဓသစ္စာ ကို မျက်မှောက်ပြုနိုင်သည်ဟု-ဆိုလိုပါသည်။

အနတ္တ လက္ခဏသုတ်တော်အချုပ်

ကိုယ်တိုင်အတ္တ၊ မဟုတ်ကြတည့်၊ အတ္တကင်းကွာ၊ ဖြစ် သည့်တာကြောင့်....၊ ခန္ဓာငါးဝ၊ အနိစ္စနှင့်၊ ဒုက္ခ, အနတ္တာ၊ အသုဘာ၊ ရှုခါငြိုးငွေ့သည်....ဟူသည်နှင့်အညီ ခန္ဓာငါးပါး တို့သည် မိမိဘိုလိုသလို စီမံဖန်တီး၍ မရနိုင်သည်ကို သောက် သဖြင့် ကိုယ်ဘိုင်လည်း အတ္တမဟုတ်၊ အတ္တနှင့်လည်း မယှဉ်

ကြသောကြောင့် အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘစင်စစ် ဖြစ်ကြသည်-ဟု ဉာဏ်ဖြင့် ရှုဖန်များလျှင် ထိုခန္ဓာငါးပါး၌ ငြီးငွေ့၍ အာသဝေါကင်းကွာ ရဟန္တာ ဖြစ်နိုင်ပေသည်။

ယသ-စသူတို့ရဟန်းပြုခန်း

၁၆။ ယသာဒိက၊ ပါဝေယျကနှင့်၊ ကဿပ ညီနောင်၊ ရဟန်းဘောင်သို့၊ သွင်းဆောင်ပြီးက၊ ရာဇဂြိုဟ် ကြွ၍၊ ထိုမှဆက်ပြန်၊ မေွးရပ်ဌာန်တည်း၊ တဖန်ထိုမှ၊ ရာဇဂြိုဟ်ကြွသော်၊ အနာထပိဏ္ဍိကာ၊ ကျောင်းလှူလာ၏။

မြတ်စွာဘုရားသည် မိဂဒါဝုန်တောမှာပင် ပဥ္စမဝါကပ်၍ ဆက်လက် သီတင်းသုံးတော်မူရာ တခုသော ညအခါတွင် ဘုရားရှင် ဘုရားဖြစ်မည့်နေ့က ဃနာနို့ဆွမ်း လှူဒါန်းခဲ့သော သုဇာတာသဌေးသမီး၏သားဖြစ်သော ယသ သတို့သားသည် ဘုရားအလောင်းတော်ကဲ့သို့ ပြာသာဒ် သုံးဆောင်ဖြင့် စည်းစိမ်ခံစားနေရာမှ လူ့ဘဝကိုငြီးငွေ့စိတ်ပျက်ကာအိမ်မှထွက်၍ ခြေဦးတည့်ရာ လျှောက်လာသောအခါ မိဂဒါဝုန်သို့ ရောက်လာရာ ဘုရားရှင်က ခရီးဦးကြိုပြု၍-

ဒါန,သီလ၊ သဂ္ဂကထာ။ ကာမာနံပိ၊ အာဒိနဝါ။ နေက္ခမ္မေပိ၊ အာနိသံသာ။ မြတ်ဘုရား၊ တရားဟောစဉ်ပါ....

ဆိုသည့်အတိုင်း ဒါနကထာ အစထား၍ အဆင့်ဆင့် တက်ကာ တက်ကာ တရားဟောတော်မူသဖြင့် သောတာပန် ဖြစ်သွားလေသည်။

နံနက်မိုးသောက် အလင်းရောက်သောအခါ ဖခင်ကြီး လိုက်လာပြန်ရာ ဘုရားရှင်က ဖခင်ကြီးအား တရားဟောလေသော် ဖခင်ကြီးသောတာပန်ဖြစ်၍ ယသ သတို့သား ရဟန္တာ ဖြစ်လေသည်။ အရှင် ယသ၏ ခမည်းတော်သည် မြတ်စွာဘုရားနှင့် အရှင်ယသတို့အား ဆွမ်းစားပင့်သွား၍ ဆွမ်းကိစ္စ ပြီးသောအခါ အရှင် ယသ၏ မယ်တော် (သုဇာတာ)နှင့် အရှင်ယသ၏ မယားဟောင်းတို့သည် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, ဓမ္မံ သရဏံ ဂစ္ဆာမိ, သံဃံ သရဏံ ဂစ္ဆာမိ"ဟုဆို၍ တေဝါစိကသရဏဂုံ တည်ကြလေသည်။ ထို့နောက် ယသ၏ သူငယ်ချင်းများဖြစ်ကြ၍ ယသကဲ့သို့ ဗာရာဏသီသဌေးသား များဖြစ်ကြသော ဝိမလ, သုဗာဟု, ပုဏ္ဏဇိနှင့် ဂဝမ္ပတိတို့သည် အရှင် ယသကို အားကျ၍ သာသနာ့ဘောင်တွင်းဝင်ကာ ရဟန်းပြုကြရာ ရဟန္တာဖြစ်ကြလေသည်။ ၎င်းနောက် ယသ၏ သူငယ်ချင်းများပင် ဖြစ်ကြသော ဇနပုဒ်မှ အမျိုးသား ၅၀-တို့သည် ဂဝမ္ပတိတို့ကဲ့သို့ပင် ရဟန်းပြု၍ ရဟန္တာ ဖြစ်ကြလေသည်။ ဤသို့အားဖြင့် ထိုဝါတွင်းမှာ ဘုရားရှင်နှင့်တကွ

ရဟန္တာပေါင်း ၆-ကျိပ် ၁-ပါး လောက၌ ပွင့်ထွန်းတော်မူလေသည်။

ဝါလကင်းလွတ် သီတင်းကျွတ်သောအခါ ဘုရားရှင်သည် မိမိ၏ တပည့်ရဟန္တာ ၆-ကျိပ်တို့အား လူ့လောကကြီး ကြီးပွားချမ်းသာရေးအတွက် အရပ် ၈-မျက်နှာသို့ တလမ်းလျှင် တပါးကျသွား၍ တရားဟောထွက်ကြရန် မိန့်တော်မူ၍ မိမိကိုယ်တိုင်လည်း ကဿပ ညီနောင်သုံးဦးကို တရားဟောရန် ဥရုဝေလာသေနာနိဂုံးဆီသို့ ကြွသွားလေသည်။ ဥရုဝေလာသေနာနိဂုံးသို့ မရောက်မီ လမ်းခုလပ်ရှိ တောအုပ်တခုတွင် ကောသလမင်း၏ မိကွဲဖတူ ဖြစ်ကြသော ဘဒ္ဒဝဂ္ဂီ ညီနောင် သုံးကျိပ်တို့နှင့်တွေ့၍ တရားဟောရာ မင်းသား ၃၀-လုံး သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်၍ ရဟန်းပြုကြလေသည်။ ဆက်လက်ကြွတော်မူ၍ ဥရုဝေလာသေနာနိဂုံးသို့ ရောက်သောအခါ အခြွေအရံ တထောင်ရှိသော ဥရုဝေလကဿပ, နဒီကဿပ, ဂယာကဿပ မည်သော ကဿပညီနောင်သုံးယောက်တို့ကို အာဒိတ္တပရိယာယသုတ္တန်တော်ကို ဟောကြားခြင်းဖြင့် ရဟန္တာဖြစ်စေ၍ ဟေဘိက္ခု ရဟန်းပြုပေးတော် မူလေသည်။

အာဒိတ္တပရိယာယဒေသနာ

အာဒိတ္တပရိယာယဒေသနာတော်၏ ဆိုလိုရင်းကား-

ဒွါရခြောက်ဖုံ၊အာရုံခြောက်တန်၊ဝိညာဏ်ခြောက်ဝ၊ဖဿခြောက်ထွေ၊ ဝေဒနာခြောက်ထုံး၊ ဤအားလုံးကား၊ နေ့လုံးညပေါက်၊ ဟုန်းဟုန်းတောက်ဟု၊ ဉာဏ်ပေါက်သူသာ၊ ထိုတို့မှာ၊ လွန်စွာငြီးငွေ့, မင်္ဂဖိုလ်တွေ့၏....

ဟူသည်နှင့်အညီ စက္ခုဒွါရ စသော တောသူမက သင်္ခါရတရားတို့သည် ရာဂမီး,ဒေါသမီး,မောဟမီး,ဇာတိမီး,ဇရာမီး, မရဏမီး, သောကမီး, ပရိဒေဝမီး, ဒုက္ခမီး, ဒေါမနဿမီး, ဥပါယာသမီး-တည်းဟူသော တဆယ့်တသီး မီးကြီးတို့က တပြောင်ပြောင် တောက်လောင် နေသည်ဟု သိမြင်ပါက ထိုသင်္ခါရသရားတို့၌ ငြီးငွေ့လျက်ဆက်လက် အားထုတ်လျှင် မင်္ဂဖိုလ်နိဗ္ဗာန် ဧကန်ရနိုင်၏-ဟု ဆိုလိုပါသည်။

ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခန်း

ဋင်းနောက် ဘုရားရှင်သည် ရသေ့တဖြစ်လဲ ရဟန္တာပေါင်း တထောင်ခြံရံတော်မူလျက် ဘုရားမဖြစ်ခင် တောထွက်ခဲ့စဉ်က ဝန်ခံ ကတိပေးထားခဲ့သည့်အတိုင်း ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၍ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီး၏ ထန်းတောဥယျာဉ် အတွင်းရှိ သုပ္ပတိဋ္ဌတစေတီတွင် သီတင်းသုံးနေ

လေသည်။ ဗိမ္ဗိသာရမင်းသည် ဘုရားရှင် ကြွလာတော်မူကြောင်း ကြားသိလျှင် ကြားသိချင်း မြို့သူ မြို့သားပေါင်း ၁-သိန်း ၂-သောင်း ခြံရံလျက် ဘုရားရှင်ထံ ရောက်လာ၍ ဘုရားရှင် ဟောအပ်သော တရားစကားကို နာကြားရသောကြောင့် အခြံ အရံ ၁-သိန်း ၁-သောင်းနှင့်အတူ သောတာပန် တည်လေသည်။ အခြံ အရံ ၁-သောင်းကား သရဏဂုံ ယူ၍ ဗုဒ္ဓဘာသာဝင် သာမညသား ဖြစ်ကြလေသည်။

ဗိမ္ဗိသာရမင်းသည် နောက်တနေ့တွင် ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းခဲဘွယ်များ ဆက်ကပ်၍ ဆွမ်းကိစ္စ ပြီးစီးသောအခါ မိမိ၏ဝေဠုဝန်ဥယျာဉ်တော်ကြီးကို ဘုရားအမှူးရှိသော သံဃာတော်အား ကျောင်းတိုက်အဖြစ်လှူဒါန်းလိုက်ရာ ဗုဒ္ဓသာသနာသစ်ပင်ကြီး၏ အမြစ်များ ကောင်းစွာ စွဲလေပြီ-ဟု သဘောရ၍ ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်သည့်အနေဖြင့် မဟာပထဝီမြေကြီး သွက်သွက်ခါ မြည်ဟီး တုန်လှုပ်လေသည်။

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော် မူခိုက်တွင် အရှင်သာရိပုတ္တရာအလောင်း ဥပတိဿပရိဗိုဇ်နှင့် အရှင်မဟာ မောဂ္ဂလာန် အလောင်း ကောလိတပရိဗိုဇ်တို့သည် ပဥ္စဂ္ဂိငါးဦးတို့တွင် တဦး အပါ အဝင် ဖြစ်သော အရှင်အဿဇိ ဟောပြအပ်သော "ယေ

ခမ္မာ ဟောတုပ္ပဘာ၀ါ”စသော တရားဂါထာတော်ကို နာကြား ရ၍ သောတာပန် တည်ကြပြီးလျှင် ဆရာဖြစ်သူ အရှင်-အဿဇိ၏ လမ်းညွှန်ချက်အရ နတ်တော်လကွယ် နေ့တွင် ဘုရားရှင်ထံတော်သို့ရောက်ကာ ရဟန်းပြုကြပြီးလျှင် အရှင် မဟာ မောဂ္ဂလာန်သည် တပို့တွဲလဆန်း ၈-ရက်နေ့တွင်ရှင်း, အရှင်သာရိပုတ္တရာသည် တပို့တွဲလပြည့်နေ့တွင့်ရှင်း, ရဟန္တာ ဖြစ်တော်မူကြလေသည်။

ကပိလ၀တ်ပြည်သို့ ကြွတော်မူခန်း

ဘုရားရှင်သည် တပေါင်းလပြည့် နေ့သို့ ရောက်သော အခါ ဖွားဖက်တော် ကာဠုဒါယီမှတဆင့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ပင့်လျှောက်ချက်အရ ရဟန္တာပေါင်း ၂-သောင်း ခြံရံတော်မူလျက် ရာဇဂြိုဟ်မြို့တော်မှ ယူဇနာ ၆၀- ဝေးသော ဇာတိချက်ကြွေ မွေးရပ်မြေ ကပိလ၀တ် မြို့တော်သို့ တနေ့လျှင် တယူဇနာကျသာ ကြွတော်မူရာ ကဆုန်လပြည့်နေ့တွင် ရောက်တော်မူ၍ ဇာတိမာန် တက်ကြွ ကာ မိမိကို ရှိမခိုးပဲနေကြသော ဆွေတော်မျိုးတော် တို့ကို ယမကပါဋိဟာရိယာ တန်ခိုးတော်ကို ပြတော် မူခြင်းဖြင့် ရှိခိုးစေပြီးနောက် ပေါက္ခရ၀ဿခေါ် ကြာဖက်မိုးရွာသည်ကို အကြောင်းပြုပြီး ဝေဿန္တရာဇာတ်တော်ကို ဟောတော်မူရာ

ဆွေတော် မျိုးတော်များက နိဂြောဓ ဥယျာဉ်တော်ကြီးကို ကျောင်းအဖြစ် လှူဒါန်းကြလေသည်။

ဘုရားရှင်သည် ကပိလဝတ်မြို့တော်သို့ ရောက်ပြီးနောက် ဒုတိယမြောက်နေ့တွင် ဆွမ်းခံဝင်တော်မူရာ ကြင်ဖက်တော် ဟောင်း ယသော်ဓရာက အဆောင်တော်တွင်းမှ နေလျက် နရသီဟ ၁၀-ဂါထာဖြင့် ချီးကျူးပူဇော်နေခိုက် သုဒ္ဓေါဒန မင်းကြီး ဘုရားရှင်ထံ ရောက်သွားသောအခါ ဘုရားရှင်က "ဥတ္တိဋ္ဌေ နပမဇ္ဇေယျ"စသော ဂါထာတော်ဖြင့် ခမည်းတော် ကြီးကို သောတာပန် တည်စေပြီးနောက် နန်းတော်ပေါ်သို့ ရောက်သောအခါ "ဓမ္မံ စရေ သုစရိတံ" စသော ဂါထာဖြင့် ခမည်းတော်ကြီးကို သကဒါဂါမ်, မိထွေးတော် မဟာ-ပဇာပတိ ဂေါတမီကို သောတာပန် တည်စေလေသည်။ ဆွမ်းကိစ္စ ပြီးသောအခါ ယသော်ဓရာ၏ အဆောင်သို့ ကြွကာ ယသော်ဓရာ၏ အဖူးအမြော်ကို ခံတော်မူပြီး ယသော်ဓရာ၏ ဂုဏ်ကျေးဇူးကို အကြောင်းပြု၍ စန္ဒကိန္နရီ ဇာတ်ကို ဟောတော်မူလေသည်။

တတိယမြောက်နေ့တွင် နန်းတော်သို့ ဆွမ်းစားကြွတော်မူ၍ ဆွမ်းကိစ္စပြီးသောအခါ ဇနပဒကလျာဏီနှင့်လက်ထပ်၍ အိမ်ရှေ့မင်း ဘိသိက် ခံအံ့ဆဲဆဲ ဖြစ်သော, မိထွေးတော်

ဂေါတမီမှ မွေးဖွား၍ မိမိအောက် ၇-ရက်သာ ငယ်သော ညီတော်နန္ဒမင်းသား (ညီတော်မင်းနန်) ကို သပိတ်အမွေ ခိုင်းကာ ကျောင်းတော်သို့ ခေါ်သွားပြီး ကျောင်းတော်သို့ ရောက်သောအခါ ရဟန်းပြုပေးတော် မူလိုက်လေသည်။ သတ္တမမြောက် နေ့တွင် စကြာမင်း ပြုရန် လောကီအမွေ ရွှေအိုးကြီး လေးလုံးကို တောင်းခံယင်း ကျောင်းသို့ လိုက်ပါ လာသော သားတော်ကလေး ရာဟုလာကို လောကုတ္တရာ အမွေပေးသည့် အနေဖြင့် ရှင်ပြုပေးတော် မူလိုက်လေသည်။ အဋ္ဌမမြောက် နေ့တွင် မဟာဓမ္မပါလ ဇာတ်တော်ကိုဟော၍ ခမည်းတော်ကြီးကို အနာဂါမ်တည် စေလေသည်။ ဘုရားရှင် ကပိလဝတ်မြို့တွင် သီတင်းသုံးခိုက် သာကီဝင် မင်းသားပေါင်း တထောင်ကျော် ရဟန်းပြုကြ လေသည်။

ဘုရားရှင်သည် ကပိလဝတ်မြို့တော်၌ ကိစ္စအဝကို ပြီးစီး အောင် ဆောင်ရွက်ပြီးသောအခါ ရာဇဂြိုဟ်ပြည်သို့ ပြန် လည် ကြွတော်မူရာ လမ်းခုလပ်ရှိ အနုပိယသရက်ဥယျာဉ်၌ သီတင်းသုံးတော်မူခိုက် အနုရုဒ္ဓါမင်းသား, အာနန္ဒာမင်း သား, ဒေဝဒတ်မင်းသား, ဘဒ္ဒိယမင်းသား, ဥပါလိ- ဆတ္တာသည်- စသူတို့ ဘုရားထံ လိုက်လာပြီး ရဟန်းပြု ပေးရန် တောင်းပန်ကြသဖြင့် ရဟန်းပြုပေးတော်မူပြီး ခရီး

ဆက်လက်ကြွလာကာ ရာဇဂြိုဟ်ပြည်မှာ ဒုတိယဝါကပ်တော်မူလေသည်။

အနာထပိဏ်သဋ္ဌေး ကျောင်းလှူခန်း

ထိုစဉ်အခါ ကောသလတိုင်း၊ သာဝတ္ထိပြည်မှ သုမန-သဋ္ဌေးကြီး၏သား ငယ်မည် သုဒတ္တ-ဟု ခေါ်သော အနာ-ထပိဏ်သဋ္ဌေးသည် မိမိနှင့် မောင်လယ်နှမလယ် တော်စပ်သော ရာဇဂြိုဟ်သဋ္ဌေးထံကုန်ကူးယင်းရောက်လာ၍ ရာဇဂြိုဟ်သဋ္ဌေး ဘုရားအမှူးရှိသော သံဃာတော်များအား ကျွေးမွေးရန် ချက်ပြုတ်နေသော ဆွမ်းဘောဇဉ်များကိုအကြောင်းပြု၍ ဘုရားရှင်ပွင့်တော် မူနေကြောင်းသိရသဖြင့် နံနက်မိုးသောက် အလင်းရောက်သည်နှင့် တပြိုင်နက် ဘုရားထံမှောက်အရောက်သွားကာ တရားနာရသောအခါ သောတာပန်တည်လေသည်။

ရာဇဂြိုဟ်သဋ္ဌေး ဆွမ်းကျွေးပြီး နောက်တနေ့တွင် အနာ-ထပိဏ်သဋ္ဌေးက ဆက်လက်ဆွမ်းကျွေး၍ ဆွမ်းကိစ္စပြီးသောအခါ ဘုရားရှင်ကို သာဝတ္ထိသို့ကြွရန် ပင့်ရာ ဘုရားရှင်ကလက်ခံတော်မူသဖြင့် သာဝတ္ထိသို့အမြန်ပြန်သွား၍ ဇေတမင်းသား၏ ဥယျာဉ်မြေကို ငွေ ၁၈-ကုဋေဖြင့်ဝယ်ယူ၍ ၁၈-ကုဋေ

ပင် အကုန်အကျခံကာ ထိုဥယျာဉ်တော်မှာ ကျောင်းဆောင် များ ဆောက်ထားပြီး သီဘင်းကျွတ်သောအခါ ဘုရားရှင်ကို ပင့်၍ ငွေ ၁၁-ကုဋေပင် အကုန်ခံကာ ကိုးလတိုင်တိုင် ကျောင်းရေစက်ချပွဲကြီး ကျင်းပခဲ့လေသည်။

ဒုတိယဝါ စသည် ကပ်ရာဌာနများ

မြတ်စွာဘုရားသည် အနာထပိဏ်သဌေး၏ ဇေတဝန် ကျောင်းတိုက်ကို အလှူခံတော်မူပြီးသောအခါ ပြန်ကြွလာ၍ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတိုက်မှာပင် ဒုတိယဝါနှင့် စတုတ္ထဝါ ကပ်တော်မူသည်။ ဤအတောအတွင်း ဝေသာလီ ပြည်၌ ဆေဂါဘေး, ဘီလူးဘေး, ဝတ်မွတ်ဘေး-ဟူသော ဘေးကြီးသုံးပါး တပြိုင်နက်ကျရောက်ရာ မြတ်စွာဘုရား ကြွခဲ့ရောက်ကာ ရတနသုတ်တော် ဟောကြား၍ ငြိမ်းအေး ချမ်းသာစေသဖြင့် လိစ္ဆဝီမင်းသားများ ကြည်ညိုကြသော ကြောင့် ကျောင်းဆောက်လှူဒါန်းကြသည့်အတွက် ပဥ္စမဝါ ကို ဝေသာလီပြည်၊ မဟာဝုန်တော၌ ဝါကပ်တော်မူသည်။ ထိုအတောအတွင်း မိထွေးတော်ဂေါတမီ၏ လျှောက်ထား ချက်ကို လက်ခံ၍ ဘိက္ခုနီသာသနာကို ခွင့်ပြုတော်မူသည်။ ဆဋ္ဌမဝါကို မကုဠတောင်၊ ချယားတောကျောင်းတိုက်၌ ဝါကပ်တော်မူလေသည်။

ယမိုက်ပြာဋိဟာ ပြတော်မူခန်း

၁၇။ ခုနစ်ဝါမြောက်၊ ရောက်လတ်သောခါ၊ နှစ်ဖြာမီးရေ၊ စုံထွက်စေသည့်၊ ထူးထွေဆန်းလှ၊ တန်ခိုးပြ၍၊ သက္ကပျော်ရာ၊ ဝတိံသာဠ်၊ လူ့ခါအမိ၊ သန္တုသိအား၊ အဘိဓမ္မာ၊ ဟောမြွက်ပါ၏။

၁၈။ ဝါလလွတ်ကင်း၊ ကျွတ်သီတင်း၌၊ နတ်မင်းပြဟ္မာ၊ ခြံရံကာဖြင့်၊ လူ့ရွာနဂရ၊ သင်္ကဿသို့၊ အားရဘွယ်ရာ၊ ပြန်ကြွလာ၏။

ဘုရားရှင်သည် ဤသို့ သာသနာပြုတော်မူလာရာ သတ္တမဝါကပ်ရတော့မည်ဖြစ်သော ဝါဆိုလပြည့်နေ့၌ ရာဇဂြိုဟ်သဌေး ဂင်္ဂါမြစ်ထဲရေချိုးယင်းရလာ၍ ပွတ်တင်ထွင်းထုထားသော စန္ဒကူးနီသပိတ်တော်ကို အရှင်ပိဏ္ဍောလဘာရဒွါဇ တန်ခိုးဖြင့် ယူတော်မူသည်ကို အကြောင်းပြု၍ ဘုရားရှင်ကိုယ်တော်တိုင် တန်ခိုးပြတော်မူဖို့ ကိစ္စကြုံလာလေသည်။ ထို့ကြောင့် ရာဇဂြိုဟ်မြို့တော်မှ သာဝတ္ထိမြို့တော်သို့ ကြွတော်မူ၍ သာဝတ္ထိမြို့တော် ကဏ္ဍသရက်ဖြူပင်၏အနီး ကောင်းကင်ထက်မှာ ရတနာစင်္ကြံတော်ကို ဖန်ဆင်း၍ ထို စင်္ကြံပေါ်တွင် လမ်းလျှောက်ယင်းတရားလည်းဟော, ယမိုက်ပြာဋိဟာလည်း ပြတော်မူလေသည်။ ယမိုက်ပြာဋိဟာ-ဟူသည် အထက်ပိုင်းကိုယ်တော်မှ မီးထွက်လျှင် အောက်ပိုင်းကိုယ်တော်မှ ရေထွက်

ခြင်း, အထက်ပိုင်းကိုယ်တော်မှ ရေထွက်လျှင် အောက်ပိုင်း ကိုယ်တော်မှ မီးထွက်ခြင်း, လကျာဘက်မျက်လုံးတော်မှမီး ထွက်လျှင် လက်ဝဲဘက်မျက်လုံးတော်မှ ရေထွက်ခြင်း,လကျာ ဘက် မျက်လုံးတော်မှ ရေထွက်လျှင် လက်ဝဲဘက် မျက်လုံး တော်မှ မီးထွက်ခြင်း....သည်ဖြင့် ရေမီး အစုံ အစုံ ထွက်ပေါ် စေသော တန်ခိုးတော်တည်း။ ထိုတန်ခိုး ပြာဋိဟာ ပြပွဲ၌ ကုဋေနှစ်ဆယ်သော လူ နတ် ပြဟ္မာ သတ္တာ ါတို့ ကျွတ်တမ်း ဝင်ကြလေသည်။

တာဝတိံသာနတ်ပြည်သို့ ကြွတော်မူခန်း

မြတ်စွာဘုရားသည် ဤသို့ ယမိုက်ပြာဋိဟာကို ပြလျက် တိတ္ထိတို့ကို နှိမ်နင်းတော်မူပြီးနောက် နှစ်လှမ်း သုံးဖဝါး ကြွသွားခြင်းဖြင့် တာဝတိံသာနတ်ပြည်သို့ ကြွသွားတော်မူ၍ ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ ကျောက်ဖြာနေရာ၌ သတ္တမာဝါ ကပ်တော်မူကာ မယ်တော် မာယာ ဘဝမှ နတ်ပြည်သို့ရောက်လာသော သန္တုသိတနတ် သားကို အမှူးထား၍ တသောင်းသော စကြာဝဠာမှ စုရုံး ရောက်လာကြသော နတ်ပြဟ္မာအပေါင်းတို့အား ဝါတွင်း သုံးလပတ်လုံး အဘိဓမ္မာတရားကို ဟောတော်မူရာ တရားဆုံး သောအခါ မယ်တော်ဖြစ်ဘူးသော သန္တုသိတနတ်သားကို

အမျိုးသား၏ ကုဋေရှစ်ဆောင်းသော နတ်ပြဟ္မာတို့ ကျွတ်တမ်း ဝင်ကြလေသည်။

ဘုရားရှင် ယမိုက်ပြာဋိဟာ ပြတော်မူရာသို့ လာရောက်ဖူးမြော်သည့် ၃၆-ယူဇနာရှိသော ပရိသတ်သည် မြတ်စွာဘုရား ပြန်ကြွအလာကို စောင့်မျှော်ကာ အိမ်သို့ မပြန်ကြတော့ပဲ ထိုနေရာ၌ပင် ဆက်လက်နေထိုင်ကြရာ ၎င်းတို့အား အရှင်မဟာမောဂ္ဂလာန်က တရားဟောတော်မူ၍ စူဠအနာထပိဏ်က ကျွေးမွေးပြုစုထားရလေသည်။ သူတို့သည် သီတင်းကျွတ်လပြည့်နေ့ရောက်မှ မြတ်စွာဘုရား ဆင်းသက်တော်မူမည့် သင်္ကဿမြို့သို့ ပြောင်းရွှေ့သွားကြလေသည်။

တာဝတိံသာနတ်ပြည်မှ ပြန်ဆင်းခန်း

မြတ်စွာဘုရားသည် သီတင်းကျွတ်လပြည့်နေ့၌ တာဝတိံသာနတ်ပြည်မှ သင်္ကဿမြို့သို့ ခမ်းနားစွာ ပြန်ကြွတော်မူလာ၏။ ကြွတော်မူပုံကား— သိကြားမင်း ဖန်ဆင်းထားသော, တာဝတိံသာမှ သင်္ကဿမြို့အထိ တိုက်ရိုက်ဆက်သွယ်ထားသော စောင်းတန်းသုံးသွယ်တွင် လက်ျာဘက် ရွှေစောင်းတန်းဖြင့် နတ်များဆင်းသက်၍ လက်ဝဲဘက် ငွေစောင်းတန်းဖြင့် ပြဟ္မာများ ဆင်းသက်ကြပြီး အလယ် ပတ္တမြားစောင်းတန်းဖြင့် ကိုယ်တော်တိုင် ဆင်းသက်တော်မူ၏။ ဆင်းခါနီးသောအခါ ရောင်ခြည်တော် ခြောက်သွယ်လည်းလွှတ်,

လောကဝိဝရဏာတန်ခိုးကိုလည်း ပြတော်မူရာ လောကင်ဝရဏာ တန်ခိုးတော်၏ အစွမ်းကြောင့် အရှေ့ အနောက် တောင် မြောက် ဝဲ ယာ အထက်အရပ် အောက်အရပ် ဟင်းလင်း ပွင့် သွား၍ သတ္တဝါအားလုံးကို လူတိုင်း လူတိုင်း ဒိုးယိုပေါက် မြင်နေကြရလေသည်။ မြတ်စွာဘုရား ဆင်းသက်တော်မူသောအခါ လက်ျာဘက်မှနေ၍ ပဥ္စသိခနတ်သားက ဗေဠုဝ စောင်းကြီးကို တီးခတ်လျက်ရှင်း, မာတလိနတ်သားက ပန်း မျိုးစုံကို ကြဲလျက်ရှင်း, သုယာမနတ်သားက စမရီသားမြီး ယပ်ကြီးကို ခပ်လျက်ရှင်း, သန္တုသိတနတ်မင်းက ပတ္တမြား ယပ်ကြီးကို ခပ်လျက်ရှင်း, သိကြားမင်းက ဝိဇယုတ္တရခရုသင်း ကြီးကို မှုတ်လျက်ရှင်း လိုက်ပါလာလေသည်။ လက်ဝဲဘက်မှ ဗြဟ္မာကြီးများက ဗြဟ္မာ့ထီးဖြူကြီးများကို ဆောင်းမိုးလျက် လိုက်ပါလာကြလေသည်။ မြတ်စွာဘုရား၏ ဤကျက်သရေ တော်ကို ဖူးမြော်ရသည့် ၃၆-ယူဇနာ ကျယ်ဝန်းသော ပရိသတ်ထဲမှ ဘုရားဆုကို မတောင်းမိသောသူဟူ၍ တစုံ တယောက်မျှ မပါချေ။ လူတိုင်းလူတိုင်း ဘုရားဆုတောင်းမိ ကြလေသည်။

အဋ္ဌမဝါ စသည် ကပ်ရာဌာနများ

မြတ်စွာဘုရားသည် အဋ္ဌမဝါကို ဘဂ္ဂတိုင်း၊ သုသုမာရဂိရ ပြည်၊ ပဲစင်းခုံတော၌ရှင်း, နဝမဝါကို ကောသမ္ဗီပြည်၊

ဃောသိတာရုံကျောင်း၌ရင်း, ဒသမဝါကို ပါလိလေယျက တောအုပ်၌ရင်း,ဧကာဒသမဝါကို နာဠပုဏ္ဏားရွာ၊ နာဠိကာရုံ ကျောင်းတိုက်၌ရင်း, ဒွါဒသမဝါကို ဝေရဉ္ဇာပြည်၊ နဠေရု တမာပင်၌ရင်း, တေရသမဝါကို စာလိယပြည်၊ ဇန္တုရွာ၊ စာလိယကျောင်းတိုက်၌ရင်း, စုဒ္ဒသမဝါကို ကောသလတိုင်း၊ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ရင်း, ပန္နရသမဝါကို သက္ကတိုင်း၊ ကပိလဝတ္ထုပြည်၊ နိဂြောဓာရုံကျောင်းတိုက်၌ ရင်း, သောဠသမဝါကို အာဠဝီပြည်၊ အဂ္ဂါဠဝနတ်ကွန်း ကျောင်း၌ရင်း, သတ္တရသမဝါကို မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတိုက်၌ရင်း, အဋ္ဌာရသမဝါနှင့် ဧကူနဝီ- သတိမဝါတို့ကို စာလိယပြည်၊ ဇန္တုရွာ၊ စာလိယတောင် ကျောင်း၌ရင်း, ဝီသတိမဝါကို မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတိုက်၌ရင်း, ဧကဝီသတိမဝါမှစ၍ စတု- စတ္တာလီသမဝါအထိ ၂၄-ဝါကို ကောသလတိုင်း၊ သာဝတ္ထိ ပြည်၊ အနာထပိဏ်သဌေး၏ ဇေတဝန်ကျောင်းတိုက်နှင့် ဝိသာခါကျောင်းအမကြီး ၉-ကုဋေ အကုန်ခံကာ ကျောင်း ဆောက်လုပ်ပြီး ၉-ကုဋေပင် အကုန်ခံကာ ကျောင်းရေစက် ချပွဲကြီး ဆင်နွှဲ၍ လှူဒါန်းထားအပ်သော ပုဗ္ဗာရုံကျောင်း တိုက်၌ရင်း ဝါကပ်တော်မူလျက် ကျွတ်ထိုက်သမျှ ဝေနေယျ တို့အား ဓမ္မရေအေး အမြိုက်ဆေးကို တိုက်ကျွေးလျက်သာ သီတင်းသုံးတော်မူခဲ့လေသည်။

ဝါဆိုစဉ်လင်္ကာ

တက်သွန်းကျက်သရေ၊ သုံးလူ့ဆွေကား၊ အောင်မြေ သိရိ၊ ဗောဓိသမီပ၊ ရပ်ဌာန်၌၊ နှစ်လမှန်ကယ်၊ ရက်ခြောက်ဆယ်ဖြင့်၊ သပ္ပါယ်မျှတ၊ နေပြီးမှလျှင် (၁) ပထမဝါ၊ ဗာရာဏသီ၊ မြိုင်တောမို၏၊ (၂+၃+၄) နောက်ချိဒုတိယ၊ တတိယနှင့်၊ စတုတ္ထဝါ၊ ပြည်ရာဇဂြိုဟ်၊ ဝါးညိုကျောင်းလှ၊ ဝါကပ်မျှ၏၊ (၅) ပဉ္စမဝါ၊ ပြည်ဝေသာလီ၊ လိစ္ဆဝီမင်းပေါင်း၊ ဆောက်တုံရှောင်းသည့်၊ ကျောင်းမဟာဝန်၊ (၆) တတန်ဆင့်၊ မကုလတောင်မှာ၊ (၇) ခုနစ်ဝါသော်၊ တာဝတိံသာရောက်၊ (၈) ခြောက်တုံရှစ်ဝါ၊ ဘဂ္ဂါယန၊ (၉) ကိုးဝါရခဲသော်၊ ဌာနပုရိ၊ ကောသမ္ဗီ၌၊ ဃောသိတာရုံ၊ ရွှေဘုံမို့ကပ်၊ (၁၀) ဆယ်ဝါရပ်ကား၊ မလျှပ်သိပ်သည်း၊ ပလလည်းသာမော၊ ဆင်မင်းတောဝယ်၊ ရှင်စောမို့ကာ၊ (၁၁) ဆယ့်တဝါကား၊ နာဠာထင်ရှား၊ ပုဏ္ဏားနေထ၊ ရပ်ဂါမတည့်၊ (၁၂) ဒွါဒသယှဉ်၊ ဝေရဉ္ဇာခေါ်၊ (၁၃) ဆယ့်သုံးသော်ကား၊ တောင်ကျော်သာလှ၊ စာလိယ၌၊ ကပ်ဘပြီးကာ၊ (၁၄) ဆယ့်လေးဝါတွင်၊ သာဝတ္ထိတောင်စွန်၊ ဇေတဝန်ထင်ရှား၊ ရှင်ပျော်ပါး၏၊ (၁၅) ဆယ့်ငါးဝါမှ၊ ကပိလတွင်၊ စိမ်းမြရိပ်သာ၊ နိဂြောဓာဟု၊ ကျောင်းသာစံမြောက်၊ (၁၆) ဆယ့်ခြောက်ဝါဆီ၊ အာဠဝီဟု၊ ပုရိဖက်မှဲ့၊ ပျော်စံခဲ့၍၊ (၁၇) ဆယ့်ခုနစ်ဝါ၊ ထိုသော

ခါလျှင်၊ ရာဇဂြိုဟ်ဌာန၊ သာလှဗိမာန်၊ နတ်ဌာန်တူမော၊ ဝါးတောညိုလဲ့၊ အောင်ပွဲဖွဲ့၍၊ (၁၈+၁၉) တဆယ့်ရှစ်ဝါ၊ ဆယ့်ကိုးဝါဌ်၊ စာလိယရောက်၊ ဝါဆိုမြောက်၍။ (၂၀) ပယ် ဖျောက်ရန်ကွာ၊ နှစ်ဆယ်ဝါကား၊ ရာဇဂြိုဟ်ရင်း၊ ရောက်ပြန် ရှောင်း၍....၊ နှစ်ပေါင်းဝိသ၊ ပထမဗောဓိ၊ မုနိမြတ်စွာ၊ ဝါဆိုရာလည်း၊ မြဲစွာမရှိ၊ (၂၁+၄၅) နောက်ဗောဓိကား၊ သာဝတ္ထိမှာ၊ ပုဗ္ဗာရုံမွန်၊ ဇေတဝန်ဟု၊ နှစ်ဘန်ကျောင်းမှာ၊ လူးလာမဝေး၊ နှစ်ဆယ့်လေးဝါ၊ နေပြီးခါမှ၊ (၄၅) နိဗ္ဗာ နသို့၊ ကြွအံ့လုလု၊ ဝါတခုကား၊ ဝေဠုဝရွာ၊ ကပ်မှီလာ၍၊ သချာမှတ်သား၊ ဆယ်ငါးဌာန၊ပဥ္စတ္တာ၊ ဝါလေးဆယ့်ငါး၊ သက်ကား ရှစ်ဆယ်၊ တိုင်ခါဝယ်ဌ်၊ ဘုန်းကြွယ်ထွတ်ခေါင်၊ ခေမာသောင်သို့၊ ရွှေဖောင်ဘော်ယှန်း၊ စံသိမ်းမြန်းသည်၊ သုံးခန်းလူတို့ မှန်ကူတည်း။

မြတ်စွာဘုရား ဝါဆိုရာဌာနများကို သိသားလျှင် ဘုရား ရှင်ကို မှန်းဆကြည်ညိုရာ၌ ပုံတော်ရော့ဂုဏ်တော်ပါ လွယ်ကူ စွာ ပေါ်လာနိုင်သောကြောင့် ဤနေရာ၌ ဝါဆိုစဉ်သင်္ကာကို ထည့်သွင်းလိုက်ပါသည်။ တတ်နိုင်သူတို့ အရကျက်ထားလျှင် အလွန်ပင် ကောင်းပါသည်။

ပရိနိဗ္ဗာန်စံတော်မူခန်း

၁၉။ စာပါလခေါ်၊ စေတီတော်၌၊ ရေသော်ခုမှ၊ နောင်သုံးလသာ၊ ဖလသမာ၊ ဝင်စားမှာဟု၊ ကြံကာသက်ကြွယ်၊ စွန့်လွှတ်ပယ်၏။

၂၀။ လေးဆယ်ငါးဝါ၊ ကာလကြာအောင်၊ ဗြဟ္မာနတ်လူ၊ သုံးဘုံသူ၏၊ နှစ်ဆူစီးပွား၊ ချမ်းသာ များကို၊ ရပ်နားပစ်ပယ်၊ ဟောညွှန်သယ်၍၊ ရှစ်ဆယ်တိုတို၊ သက်ပြည့်စုံသည့်၊ ကဆုန်လပြေ့၊ အင်္ဂါနေ့ဝယ်၊ သိမ်းရုံခန္ဓာ၊ ငြိမ်းချမ်းပါ၏။

ဤဆောင်ပုဒ် ၂-ခု၏ အဓိပ္ပါယ်ကို အပြည့်အစုံနားလည်လိုလျှင် မဟာပရိနိဗ္ဗာနသုတ်တော်ကို သိထားမှသာ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဤနေရာ၌ မဟာပရိနိဗ္ဗာနသုတ်ကို အပြည့်အစုံ ထုတ်ပြပါမည်။ မဟာပရိနိဗ္ဗာန သုတ်တော်ကို သိရှိလျှင် အထက်ပါဆောင်ပုဒ် ၂-ခုအကြောင်း သိပြီးရာ ရောက်ပါတော့သည်။

မဟာပရိနိဗ္ဗာနသုတ်လင်္ကာ

သုံးလူ့ချုပ်ချာ၊ စောဗုဒ္ဓါ၏၊ ဒုက္ခာရစ်လိမ်း၊
ခန္ဓာသိမ်း၍၊ အေးငြိမ်းစံရာ၊ နိဗ္ဗာန်သာသို့၊ ဝင်ခါ

နိုးတွင်၊ ခရီး စဉ်ကို၊ လူရှင် သိရန်၊ ကဗျာ
ဖန်အံ့....၊

၁။ နိဗ္ဗာန်ဝင်ကြွ၊ ချိန်နီးလှသော်၊ သီလ, သမာဓိ၊
ပညာရှိဖို့၊ သတိခါခါ၊ ပေးခဲ့ပါ၏။

၂။ ရာဇဂြိုဟ်တွင်၊နေဆိုင်စဉ်မူ၊ လူရှင်မဟေး၊ ကြီးပွား
ရေးကို၊ နည်းပေးတန်တန်၊ ဟောခဲ့ပြန်၏။

၃။ အမ္ဗလဋ္ဌိကာ၊နာလန္ဒာဌာ၊မှာထေရ်သာရိ၊ ချီးကျူး
ဘိ၏။

၄။ ပါဋ္ဌလိရွာ၊ ရောက်သောခါမူ၊ သီလာရှိကျိုး၊ မရှိ
ကျိုးနှင့်၊ ဘေးဆိုးသုံးတန်၊ ဟောထုတ်ပြန်၏။

၅။ တဖန်ကောဋိ၊ ရွာရောက်ရှိသော်၊ မသိသစ္စာ၊ သံသ
ရာ၌၊ ရှည်ကြာနေရ၊ ဟောမိန့်ပြ၏။

၆။ နာတိကရွာ၊ ရောက်ပြန်ပါသော်၊ ဓမ္မာဒါသ၊
မှတ်ကျောက်ပြ၏။

၇။ မြို့လှဝေသာလီ၊ ရောက်တုံဘိက၊ သတိပဋ္ဌာန်၊ ဟော
ထုတ်ပြန်၍၊ အမ္ဗပါလီ၊ ဆွမ်းစားပြီတည်း။

၈။ တချိုထိုမှ၊ ဝေဠုဝသို့၊ မြန်းကြွနောက်ဝါ၊ကပ်သော
ခါမူ၊ ရောဂါစွဲဝင်၊ ရဟန်းရှင်အား၊ ကိုယ်တွင်
တရား၊မှီအားထားဘို့မှာကြားပြီးကာ၊ သာ,ရာဇာ

နှင့်၊ ဥက္ကာဝေလ၊ ဝေသာလသို့၊ မြန်းကြွထပ်ကာ၊ စာပါလာ၌၊ အားယုသခ်ါရ၊ လွှတ်လိုက်ရ၏။

၉။ မြို့လှဝေသာလီ၊ ပြန်ရောက်ဘိက၊ ဗောဓိပက္ခိယ၊ ဟောညွှန်ပြ၏။

၁၀။ ဘဏ္ဍဂါမ၊ ဟတ္ထိရွာနှင့်၊ အမ္ဗ, ဇမ္ဗူ၊ ဘောဂရှိသော်၊ အစုလေးဖြာ၊ ဟောပဒေသ၊မှတ်ကျောက်ပြ၍၊ မမွေစစ်ရေး၊ နည်းညွှန်ပါ၏။

၁၁။ ပါဝါရောက်မူ၊ စုန္ဒလှူသည့်၊ သူကရမဒ္ဒဝ၊ ဘုဉ်းပေး၍ ဝမ်းမှသွေးသွန်၊ ရောဂါလွှန်လည်း၊ ဉာဏ်ဖြင့်သတိ၊ သည်းခံ၏။

၁၂။ ကုသိနာရာ၊ ပုက္ကုသာက၊ ရွှေဝါသက်နိုး၊ ပေးလှူဒါန်း၏။

၁၃။ ပန်းစုံပွင့်သော၊ အင်ကြင်းတော၌၊ ဟောကြားဘွယ်ရာ၊ မှာဘွယ်ရာကို၊ ဟောမှာပြီးလျှင်၊ နိဗ္ဗာန်ဝင်သည်၊ အို....ဟင်....လူနတ် ဟစ်–လေသတည်း။

အဓိပ္ပါယ်ရှင်းလင်းချက်

ပရိနိဗ္ဗာန်စံခါနီးတွင် ဘုရားရှင် ကြွတော်မူခဲ့သော ခရီးစဉ်မှာ ရာဇဂြိုဟ်မြို့, အမ္ဗလဋ္ဌိကာ သရက်ဥယျာဉ်, နာလန္ဒာမြို့, ပါဋလိပုတ်မြို့, ကောဋိရွာ, နာဋိကရွာ, ဝေသာလီမြို့၊ ဝေဠုဝရွာ၊ သာဝတ္ထိမြို့, ဥက္ကာစေလမြို့,

ဝေသာလီမြို့, စာပါလစေတီ, ဝေသာလီမြို့, ဘဏ္ဍရွာ, ဟတ္ထိရွာ၊ အမ္ဗရွာ၊ ဇမ္ဗုရွာ၊ ဘောဂရွာ၊ ပါဝါမြို့၊ ကုသိနာရုံမြို့၊ အင်ကြင်း ဥယျာဉ်တော်-တို့ ဖြစ်ပါသည်။ ဤခရီးစဉ်ကို ကြိုတင်သိရှိထားလျှင် ပိုမို၍သဘောပေါက် မှတ်မိနိုင်သဖြင့် မှတ်ထားသင့်ပါသည်။

သိက္ခာသုံးပါးတရားတော်

၁။ နိဗ္ဗာန်ဝင်ကြွ၊ ချိန်နီးလှသော်၊ သီလ,
သမာဓိ၊ ပညာရှိတို့၊ သတိခါခါ၊ ပေးခဲ့ပါ၏။

ဘုရားရှင် ပွင့်တော်မူလာခြင်းမှာ ဒိပင်္ကရာ ဘုရားရှင်ထံ နိယတဗျာဒိတ်တော်ခံ၍က ဆင်ခြင် စဉ်းစားခဲ့သည့်အတိုင်း သတ္တဝါများကို သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးကို ဖြည့်ကျင့်စေ၍ မအို, မနာ, မသေရာ, နိဗ္ဗာန်ရောက်အောင် ရွှေဆောင် ညွှန်ပြဘို့ပင် ဖြစ်သောကြောင့် ဘုရားရှင်သည် ပရိနိဗ္ဗာန်စံဖို့ တနှစ်နှင့်သုံးလလောက် အလိုက၍ ရဟန်းတို့အား သီလတရား,သမာဓိတရား, ပညာတရားကို များများကြီး ဟောပြတော်မူ၏။ "ရဟန်းတို့၊ သီလလုံခြုံမှ သမာဓိအားကောင်းသည်။ သမာဓိအားကောင်းမှ ပညာထူးရသည်။ ပညာထူးရမှ စိတ်သည် အာသဝေါလေးဖြာ ကိလေသာမှ လွတ်မြောက်နိုင်သည်"ဟု အခါသင့် အခွင့်သာတိုင်း မိန့်မှာတော်မူလေသည်။

သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးနှင့်စပ်၍ ဘုရားရှင် ဟောကြားချက်များမှာ—

၁။ သိက္ခာသုံးဝ၊ ကိုယ့်ကိစ္စ၊ နေ့ညပြုလုပ်ပါ။
ကာမနှောင်အိမ်၊ စိတ်ကိုစိမ်၊ အချိန်မဖြုန်းရာ။

၂။ သုံးပါးသိက္ခာ၊ဖြည့်ဘို့ရာ၊ ထက်စွာဆန္ဒ-မွေးမြူကြ။

၃။ သီလ, သမာဓိ၊ ပညာ၊ ဂုဏ်မှာ အမြတ်ဆုံး။
ယုံကြည်, ကြိုးစား၊သတိထား၊ပွားများတပြုံးပြုံး။

၄။ သိက္ခာသုံးပါး၊ အကြောင်းကား၊ မှတ်သားခန္တီပေ။
ခန္တီတရား၊ လက်ကိုင်ထား၊ တရားကုသိုလ်ဝေ။
ငါးဝအာရုံ၊ တွေ့ကြုံရာ၊ မငြိစ်က၊ ခေါ်ရခန္တီပေ။
အေး, ပူ, ဆာ, ငတ်၊ ကိုက်လတ် မှက်, ခြင်။
တိုက်ခတ် လေပြင်း၊ နေမင်းပူဝင်။
ဆိုမြည်စကား၊ နာဖျားပါလျှင်။
သည်းခံက၊ ခေါ်ရခန္တီပင်။

၅။ တွင်းပြင်နှစ်ဝ၊ တဏှာက၊ လောက ရှုပ်သတည်း။
ဘယ်လိုလူသာ၊ ထိုတဏှာ၊ ဖြေကာရှင်းသနည်း။
သီလမြေမှာ၊ရပ်တည်ကာဖြင့်၊သမာဓိကျောက်မြတ်၊
တင်သွေးအပ်သား၊ ဝိပဿနာ၊ ဓားထက်စွာကို၊
ဝီရိယာစွမ်းရှိ၊ မြောက်ချီဘိလျက်၊ ပါရိဟာရိယာ၊

မြတ်ပညာဖြင့်၊ ကောင်းစွာကိုင်ခုတ်၊ တဏှာရှုပ်၊
ဖြေဖြုတ် နိုင်သတည်း။

ဤသို့ စသည်ဖြင့် များပြားလှပါသည်။

လူရှင်တို့ ကြီးပွားရေးတရားတော်

၂။ ရာဇဂြိုဟ်တွင်၊ နေထိုင်စဉ်မူ၊ လူရှင်မဟေး၊ ကြီးပွား
ရေးကို၊ နည်းပေးတန်တန်၊ ဟောခဲ့ပြန်၏။

ဘုရားရှင်သည် ရာဇဂြိုဟ်မြို့၊ ဂိဇ္ဈကုဋ် တောင်တော်တွင် သီတင်းသုံးတော်မူခိုက် လူဝတ်ကြောင်များ ကြီးပွားရေး, ရဟန်းတော်များ ကြီးပွားရေးကို ဟောကြားပြသ ဆိုဆုံးမ တော်မူလေသည်။

လူဝတ်ကြောင်များ ကြီးပွားရေးကား-

မကြာ ညီစွာ၊ စည်းဝေး, ထ၍၊ မြို့ရွာဝန်တာ၊ ထမ်းညီ ညာတည်း၊ မြို့ရွာ ဥပဒေ၊ လိုက်နာလေ၍၊ ရိုသေထောင်နား၊ ကြီးသူများတည်း၊ မယား,သမီးပျို၊ မကျူးလိုပဲ၊ ကိုယ် နှင့်ဆိုင်သော်၊ နတ်ပူဇော်၍၊ သံဃာတော်များ၊ ပျော် အောင်ထားက၊ မြို့သားပြည်သူ၊ ကြီးပွားဟူ၏....

ဟူသည်နှင့် အညီ (၁) မကြာမကြာ စုံလင်စွာစည်းဝေး ၍ အစည်းအဝေး ပြီးသောအခါ တညီတညာတည်း အစည်း အဝေးပွဲမှ ထခြင်း၊ (၂) နိုင်ငံတော်၏ တာဝန်ကို တက်ညီ

လက်ညီ ထမ်းဆောင်ခြင်း၊ (၃) နိုင်ငံတော်၏ ဥပဒေကို ရိုသေလေးစား လိုက်နာခြင်း၊ (၄) လူကြီး သူမများကို လေးစား၍ သူတို့ပြောစကားကို လိုက်နာခြင်း၊ (၅) နိုင်ငံသားတို့၏ သား မယားများကို မပြစ်မှား မကျူးလွန်ခြင်း၊ (၆) ရိုးရာ နတ်များကို ပူဇော် ပသခြင်း၊ (၇) ရဟန်းသံဃာတော်များကို ရိုသေ လေးစား၍ ပစ္စည်းလေးပါး ထောက်ပံ့ထားခြင်း-တို့တည်း။

ရဟန်းတော်များ ကြီးပွားရေးကား — "မကြာညီစွ၊ စည်းဝေးထ၍၊ သံဃာ့ဝန်တာ၊ ထမ်းညီညာတည်း၊ သံဃာဥပဒေ၊ လိုက်နာလေ၍၊ ရိုသေ ထောင်နား၊ မထေရ် များတည်း၊ လေးပါးပစ္စယ်၊ တဏှာပယ်၍၊ တောဝယ်နေမှု၊ အလေးပြုလျက်၊ ဖိတ်မှုသံဃာ၊ပြုစုပါက၊ သံဃာတော်များ၊ လွန်ကြီးပွား...." ဟူသည်နှင့်အညီ (၁) မကြာမကြာ စုံလင်စွာ စည်းဝေး၍ အစည်းအဝေးပြီးသောအခါ တညီတညာတည်း အစည်းအဝေးမှ ထခြင်း၊ (၂) သံဃာ့တာဝန်ကို တက်ညီလက်ညီ ထမ်းဆောင်ခြင်း၊ (၃) သံဃာ့ဥပဒေကို ရိုသေလေးစား လိုက်နာခြင်း၊ (၄) မထေရ်ကြီးများကို ရိုသေလေးစား၍ သူတို့ပြောစကားကို လိုက်နာခြင်း၊ (၅) ပစ္စည်းလေးပါးတို့၌ မက်မောတွယ်တာမှု မထားခြင်း၊ (၆) တောထဲမှာ နေရဖို့ကိုသာ အမြဲ စိတ်ဝင်စား ကြိုးစားခြင်း၊

(၇) အခြားသံဃာတော်များ မိမိတို့နေရာသို့ ကြွရောက်ကြရန်ဖိတ်မန်၍ ကြွလာသောအခါ လိုလေသေးမရှိ ပြုစုခြင်းတို့တည်း။

နောက်ဆုံးထား၍ ဟောကြားအပ်သော သံဃာ့ကြီးပွားရေးသည် အထူးပင် မှတ်သားကျင့်ကြံဘွယ် ကောင်းလှသည်။ ၎င်းကား– "ကာယ, ဝစီ၊ မနောချီလျက်၊ သုံးလီမေတ္တာ၊ ထားရှိကာဖြင့်၊ လေးဖြာပစ္စယ၊ ဝေဖန်မျှ၍၊ သီလတူ ာ၊ အယူမျှ၊ သံဃာ့ကြီးပွားကြောင်း...." ဟူသည်နှင့်အညီ သံဃာတော်အချင်းချင်း (၁) ကာယကံမေတ္တာ ထားခြင်း၊ (၂) ဝစီကံမေတ္တာထားခြင်း၊ (၃) မနောကံမေတ္တာထားခြင်း၊ (၄) ရလာသမျှ လာဘ်လာဘကို ခွဲဝေ၍ သုံးဆောင်ခြင်း၊ (၅) သီလလုံခြုံအောင် စောင့်ထိန်းခြင်း၊ (၆) အယူမမှားအောင် ပြုလုပ်ခြင်း–တို့တည်း။

ဘုရားရှင်၏ဂုဏ်တော်

၃။ အမ္ဗလဋ္ဌိကာ၊ နာလန္ဒာဉ်၊ မှာထေရ်သာရိ၊ ချီးကျူးဘိ၏။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့မှ အမ္ဗလဋ္ဌိကာ သရက်ဥယျာဉ်သို့ ကြွတော်မူ၍ မင်းကွန်း၌ သီတင်းသုံးတော်မူကာ ထိုမှတဖန် နာလန္ဒာမြို့သို့ ကြွတော်မူ၍ ပါဝါရိက

သင်္ဘေး၏ သရက်ဥယျာဉ်၌ သီတင်းသုံး၏။ ထိုအခါ ရှင်-သာရိပုတ္တရာက "ရှင်တော်မြတ်ဘုရား၊ သဗ္ဗညုတဉာဏ်တော်အရာ၌ အရှင်ဘုရားထက် သာလွန်သူ ရှေးကလည်းမရှိခဲ့၊ နောင်လည်း ရှိလိမ့်မည်မဟုတ်၊ ယခုလည်း မရှိ-ဟု ယုံကြည်ပါသည်။ ဤကဲ့သို့ ယုံကြည်ရသည်မှာ တပည့်တော်မှာ ဘုရားအားလုံး နီဝရဏတရား ငါးပါးကို ပယ်၍ သတိပဋ္ဌာန်တရား လေးပါး၌ တည်ကာ ဗောဇ္ဈင်ခုနစ်ပါးကို ပွားများလျက်သာ ဘုရားဖြစ်ကြသည်-ဟူသော အနွယမာနဉာဏ် ရှိခြင်းကြောင့် ဖြစ်ပါသည်"ဟု လျှောက်ထား၍ မြတ်စွာဘုရားကို ချီးကျူးတော်မူလေသည်။

ငါးပါးသီလ တရားတော်

၄။ ပါဋလိဂ္ဂါ၊ ရောက်သောခါမူ၊ သီလာရှိကျိုး၊
မရှိကျိုးနှင့်၊ ဘေးဆိုးသုံးတန်၊ ဟောထုတ်ပြန်၏။

မြတ်စွာဘုရားသည် နာလန္ဒာမြို့မှ ပါဋလိဂ္ဂါသို့ ကြွတော်မူ၍ ဆောက်သစ်စဖြစ်သော တည်းခိုရိပ်သာ၌ သီတင်းသုံးတော်မူကာ ငါးပါးသီလ လုံခြုံခြင်း၏ အကျိုးငါးပါး, ငါးပါးသီလပျက်စီးခြင်း၏အပြစ်ငါးပါးတို့ကို ဟောပြတော်မူ၏။ ငါးပါးသီလ လုံခြုံသူ၏ အကျိုးငါးပါးကား—"မကျိုး, မပေါက်၊ မကျား,ပြောက်အောင်၊ စောင့်ရှောက်ရရိုး၊ သီလ

ကျိုးကား၊ ပွားတိုးဥစ္စာ၊ ဆင့်ဆင့်ကာတည်း၊ ကြေညာ ပျံ့သင်း၊ ကောင်းသတင်းနှင့်၊ ရဲတင်းပျော်ရွှင်၊လူထဲဝင်၍၊ သေလျှင်တွေ့ဝေ၊ ငင်းစင်လေ၏၊ သေပြီးနောက်သော်၊ နတ်ပြည်ပျော်၏''ဟူသည်နှင့်အညီ (၁) စီးပွားဥစ္စာ တိုးပွားခြင်း၊ (၂) ကောင်းသတင်း ကျော်စောခြင်း၊ (၃) ပရိသတ်ထဲ ရဲရဲကြီးဝင်နိုင်ခြင်း၊ (၄) မတွေမဝေ သေရခြင်း၊ (၅) သေပြီးနောက် နတ်ပြည်သို့ ရောက်ရခြင်း-တို့တည်း။ (သီလမလုံခြုံသူတို့၏ အပြစ်ငါးပါးကို ပြောင်းပြန် မှတ်ယူရာ၏)။

ပါဋလိရွာသည် ဝေသာလီပြည်နှင့် ရာဇဂြိုဟ်ပြည်တို့၏ နယ်စပ်ရွာကြီးဖြစ်၍ ထိုအချိန်တွင် ရာဇဂြိုဟ်ပြည်က ပိုင်ဆိုင်နေသောကြောင့် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်၏ အမတ်ကြီးများဖြစ်ကြသော သုနီဓပုဏ္ဏားနှင့် ဝဿကာရပုဏ္ဏားတို့သည် ဝေသာလီပြည့်ရှင် လိစ္ဆဝီဘုရင်တို့ကို တားမြစ်ခြင်း အလို့ငှာ ပါဋလိရွာကြီးကို ပါဋလိပုတ်မြို့ကလေး ဖြစ်အောင် စီမံဆောင်ရွက်နေကြ၏။ ထိုအကြောင်းကို သိတော်မူ၍ မြတ်စွာဘုရားက ''ချစ်သားအာနန္ဒာ၊ ပါဋလိပုတ်မြို့သည် မီးလောင်ခြင်း, ရေလွှမ်းခြင်း, အချင်းချင်း စိတ်ငမ်းကွဲပြားခြင်းတို့ကြောင့် ပျက်စီးရလိမ့်မည်''ဟု နိမိတ်ဖတ်တော်မူ၏။

နောက်တနေ့တွင် သုနိမ္မနှင့် ဝဿကာရတို့၏ ပင့်ဖိတ်ချက်အရ သူတို့ ခေတ္တတည်းခိုရာအိမ်သို့ ကြွရောက်၍ ဆွမ်းဘုဉ်းပေးတော်မူရာ ဆွမ်းကိစ္စပြီးသောအခါ....

၁။ သီလရှိကြား၊ သံဃာအား၊ ဆွမ်းစားပင့်ရမည်။

၂။ ဆွမ်းကျွေးပြီးက၊ နတ်ဒေဝ၊ အမျှဝေရမည်။

၃။ အမျှဝေက၊ နတ်ဒေဝ၊ စောင့်ကြချစ်ခင်သည်။

၄။ နတ်တွေစောင့်က၊အကောင်းမျှ၊မြင်ရချမ်းသာသည်။

ဟု ဆွမ်းအနုမောဒနာ ပြုတော်မူလေသည်။

သစ္စာလေးပါး တရားတော်

၅။ တဖန်ကောဋိ၊ ရွာရောက်ရှိသော်၊ မသိသစ္စာ၊ သံသရာ၌၊ ရှည်ကြာနေရ၊ ဟောမိန့်ပြ၏။

မြတ်စွာဘုရားသည် ပါဋလိဂ္ဂါမမှ ကောဋိရွာသို့ ဆက်လက် ကြွတော်မူ၏။ ကောဋိရွာသို့ရောက်သောအခါ....

၁။ သစ္စာမမြင်၊ သံသရာတွင်၊ ကျင်လည်ရသည်သာ။

၂။ သံသရာဘဝ၊ ကျင်လည်က၊ ဒုက္ခတွေ့မည်သာ။

၃။ သစ္စာသိမြင်၊ သံသရာတွင်၊ မကျင်လည်တော့ပါ။

၄။ သံသရာဘဝ၊ မလည်က၊ ဒုက္ခငြိမ်းအေးပါ။

၅။ သစ္စာမြင်ရေး၊ စိတ်မြတ်မွေး၊ချိန်ပေးအားထုတ်ရာ။

ဟူသောသစ္စာလေးပါးတရားတော်ကိုဟောတော်မူလေသည်။

ဓမ္မကြေးမုံ တရားတော်

၆။ နာတိကာရွာ၊ ရောက်ပြန်ပါသော်၊ ဓမ္မာဒါသ၊ မှတ်ကျောက် ပြ၏။

မြတ်စွာဘုရားသည် ကောဋိရွာမှ နာတိကရွာသို့ ဆက်လက် ကြွတော်မူ၍ အုတ်ကျောင်းတော်၌ သီတင်းသုံးတော်မူသောအခါ—

ဘုရား, တရား၊ သံဃာများ၌၊ ယုံမှားကင်းကွာ၊ ယုံကြည်ကာဖြင့်၊ ငါးဖြာသီလ၊ လုံခြုံကာမူ၊ လေးဝအပါယ်၊ လွတ်ပြီကွယ်ဟု၊ ထယ်ထယ်ဝါဝါ၊ ပြောနိုင်ပါသည်၊ ဓမ္မာဒါသ မိန့်ခွန်းတည်း....

ဟူသော တရားမှန်တော်ကြီး (တရားမှတ်ကျောက်ကြီး) ကို ဟောကြားပေးအပ်တော်မူ၏။

သတိပဋ္ဌာန်တရားတော်

၇။ မြို့လှဝေသာလီ၊ ရောက်တုံဘိက၊ သတိပဋ္ဌာန်၊ ဟောတုံပြန်၍၊ အမ္ဗပါလီ၊ ဆွမ်းစားပြီတည်း။

မြတ်စွာဘုရားသည် နာတိကရွာမှ ဝေသာလီမြို့သို့ ဆက်လက် ကြွတော်မူ၍ အမ္ဗပါလီ ပြည့်တန်ဆာမ၏ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူသောအခါ—

၁။ သတိ, ပညာ၊ ရှိကြပါ၊ သို-ငါဆိုးမသည်။
၂။ ကာ, ဝေ, ခမ်, စိ၊ ရှုတုံဘိ၊ သတိရှိသည်မည်။
၃။ သွားရာ, လာရာ၊ မှတ်သောခါ၊ ပညာရှိသည်မည်။

ဟူသော သတိပဋ္ဌာန်တရားတော်ကို ဟောတော်မူ၏။

ထိုအခါ အမှုပါလီသည် မိမိ၏ဥယျာဉ်တော်၌ ဘုရားရှင်ကြွရောက်သီတင်းသုံးနေတော်မူကြောင်း သိရသဖြင့် အမြန်လာရောက်ဖူးမြော်ကာ နောက်တနေ့အတွက် ဆွမ်းစားပင့်ပြီးမှ ပြန်သွား၍ နောက်တနေ့တွင် ဆွမ်းကပ်ခြင်းကိစ္စပြီးသောအခါ မိမိဥယျာဉ်တော်ကို ဘုရားအမှူးရှိသော သံဃာတော်အား ကျောင်းအဖြစ် လှူဒါန်းလိုက်လေသည်။

သတိပဋ္ဌာန်သာ အားကိုးရာ တရားတော်

၈။ တချိုထိုမှ၊ ဝေဠုဝသို၊ မြန်းကြွနောက်ဝါ၊ ကပ်သောခါမူ၊ ရောဂါစွဲဝင်၊ ရဟန်းရှင်အား၊ ကိုယ်တွင်တရား၊ မှီအားထားဘို့၊ မှာကြားပြီးကာ၊သာ,ရာဇာနှင့်၊ ဥက္ကာစေလ၊ ဝေသာလသို့၊ မြန်းကြွဆပ်ခါ၊ စာပါလာ၌၊ .အာယုသင်္ခါရ၊ လွှတ်လိုက်ရ၏။

မြတ်စွာဘုရားသည် ဝေသာလီမြို့မှ ဝေဠုဝမည်သော ရွာငယ်သို့ ဆက်လက် ကြွရောက်တော်မူ၍ ဝါဆိုခါနီးသောအခါ မိမိ၏နောက်က လိုက်ပါလာကြသော ရဟန်းပေါင်း

မြောက်မြားစွာတို့ကို ဝေဠုဝရွာငယ်၌ ဆွမ်း,ကွမ်း, ဘောဇဉ် အတွက်အခက်အခဲရှိသောကြောင့်အနီးအနားရှိမြို့,ရွာများသို့ သွားရောက် ဝါဆိုကြရန်မိန့်တော်မူကာ မိမိမူကား ဝေဠုဝရွာ မှာပင် ၄၅-ခုမြောက်ဝါကို ဝါကပ်တော်မူလေသည်။ ထိုအချိန် ကား မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် ဆယ်လမျှသာလိုတော့ သော အချိန်ဖြစ်လေသည်။

ထိုအချိန်တွင် ဘုရားရှင်မှာ သေနိုင်လောက်အောင် ရောဂါဝေဒနာ စွဲကပ်လာရာ ဘုရားရှင်သည် ထို ရောဂါ ဝေဒနာကို သတိသမ္ပဇဉ် ကိုယ်မှားယွင်းလျက် ပင်ပန်းသည်ဟု သဘောမထားပဲ မညည်းမညူခံစားတော်မူ၏။ ဘုရားရှင်သည် ဒကာ ဒကာမတို့ကို အသိမပေးပဲ,သံဃာတော်များကို မပန် ကြားပဲ ပရိနိဗ္ဗာန် စံတော်မမူလိုသေးသောကြောင့် အာယု ပါလကဖလသမာပတ် ခေါ် သက်စောင့် ဖလသမာပတ် တော်ဖြင့် ထိုရောဂါဝေဒနာကို ပယ်ခွါတွန်းလှန်တော်မူလိုက် သောကြောင့် ရောဂါပျောက်ကင်းကာ ဆက်လက်ကျန်းမာ တော်မူလျက်ပင် ရှိလေသည်။

မြတ်စွာဘုရား၏အခြေအနေကို အမြဲ အကဲခတ်နေသော အရှင်အာနန္ဒာက မြတ်စွာဘုရား ကျန်းမာလာသောအခါ (ဘုရားရှင် မကျန်းမာမှုကြောင့် မိမိမှာ မအီမသာ ဖြစ်နေ ကြောင်း, အရပ်မျက်နှာများ ဇဝေဇဝါ ဖြစ်နေကြောင်း,

တရားစာပေများလည်း စိတ်ထဲမှာမထင်လာကြောင်း,ရဟန်းတော်များနှင့်စပ်၍ တစုံတရာ မမှာ မကြားရသေးသမျှ ပရိနိဗ္ဗာန်စံလိမ့်မည်မဟုတ်သည်ကို,စဉ်းစားမိ၍သာ သက်သာရနေပါကြောင်း) လျှောက်ထားရာ မြတ်စွာဘုရားက (မိမိသည်အာစရိယမုဋ္ဌိမထားပဲတရားမှန်ကိုအကုန်အစင်ထုတ်ဖော်ဟောပြပြီး ဖြစ်သောကြောင့်လည်းကောင်း,ရဟန်းအပေါင်းကို ငါသာလျှင် ဦးဆောင်မည်–ဟူသော စိတ်နေစိတ်ထားလုံးဝ မရှိသောကြောင့်သည်းကောင်း ရဟန်းတော်များနှင့်စပ်၍ ဘာမျှမှာကြားစရာမလိုကြောင်း) မိန့်တော်မူ၍ ဆက်လက် မိန့်တော်မူပြန်သည်ကား....

"အာနန္ဒာ၊ ငါဘုရား၏ ခန္ဓာကိုယ်ကြီးသည် လှည်းအိုကြီးနှင့် တူနေပြီ၊ လှည်းအိုကြီးသည် ကြိုးကြိမ်နှယ်တို့ဖြင့် တုတ်နှောင်နိုင်မှသာ လှုပ်ရှားသွားလာနိုင်သကဲ့သို့ ငါဘုရား၏ ခန္ဓာကိုယ်သည်လည်း အာယုပါလကဖလသမာပတ် တည်းဟူသော ကြိုးကြိမ်နှယ်တို့ဖြင့် တုတ်နှောင်ထားနိုင်လွန်း၍သာ လှုပ်ရှား သွားလာနေနိုင်သည်။ ငါဘုရား၏ ခန္ဓာကိုယ်ကြီးသည် လှည်းအိုကြီးကဲ့သို့ အိုမင်းလှပြီဖြစ်သော်လည်း အာယုဖလကဖလသမာပတ်ဖြင့် ထိန်းထားသောအခါမှာမူ လှည်းကောင်းကဲ့သို့ပင် ပေါ့ပါးလျင်မြန် သန်မာခံ့ကျန်း နေသေးသည်။ ထို့ကြောင့် သင်ချစ်သားတို့သည်သည်း—

၁။ မိမိကိုယ်အား၊ ကိုယ့်တရား၊ အားထားနေရမည်။

၂။ ကာ, ဝေ, စိ, ဓမ်၊ သတိပဋ္ဌာန်၊ ပွားရန် မိန့်လို
သည်"ဟူ၍ ဖြစ်လေသည်။

အဂ္ဂသာဝကနှစ်ပါး ပရိနိဗ္ဗာန်စံခန်း

မြတ်စွာဘုရားသည် ဝါကျွတ်သောအခါ လာလမ်းအတိုင်း နောက်ကြောင်းပြန်၍ကြွတော်မူရာ တန်ဆောင်မုန်းလဆန်း ၈-ရက်နေ့တွင် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်သို့ ရောက်တော်မူ၏။ ထိုအခါ လကျ်ာရံ အဂ္ဂသာဝက ဖြစ်တော်မူသော အရှင်သာရိပုတ္တရာသည် မိမိပရိနိဗ္ဗာန်စံတော့မည့်အကြောင်းကို မြတ်စွာဘုရားအား အကြောင်းကြား၍ ရာဇဂြိုဟ်ပြည်၊ နာလကရွာ၊ မိမိမွေးရာတိုက်ခန်း၌ တန်ဆောင်မုန်း လပြည့်နေ့တွင် ပရိနိဗ္ဗာန် စံတော်မူရာ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ စေတီ တည်စေ၍ အရှင်သာရိပုတ္တရာ၏ညီတော် အရှင်စုန္ဒ ယူဆောင်လာသော ပရိက္ခရာများနှင့် ဓာတ်တော်များကို ဌာပနာစေလေသည်။ ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံလာ၍ အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံသွားကြောင်းသိရ၍ ကိုယ်လက်မအီမသာဖြစ်ကြောင်း စသည်တို့ကို လျှောက်ထားရာ မြတ်စွာဘုရားက—

၁။ ငါ၏တရား၊ ယူမသွား၊ စဉ်းစားမငိုရာ။

၂။ ဖြစ်ပေါ်ပြီးက၊ ပျက်စီးရ၊ တွေးဆမငိုရာ။

၃။ ပူဆွေးငိုလွမ်း၊နိုင်အောင်လွှမ်း၊ကျင့်စမ်းမြတ်ဓမ္မာ-ဟုတရား ပြတော်မူလေသည်။

မြတ်စွာဘုရားသည် သာဝတ္ထိမြို့မှ ရာဇဂြိုဟ်မြို့သို့ ဆက်လက် ကြွတော်မူရာ ရာဇဂြိုဟ်မြို့တွင် သီတင်းသုံးခိုက် တန်ဆောင်မုန်းလကွယ်နေ့၌ လက်ဝဲရံ အဂ္ဂသာဝက အရှင်မဟာမောဂ္ဂလာန် ပရိနိဗ္ဗာန်စံတော်မူသဖြင့် စေတီတည်ကာ ပရိက္ခ-ရာများနှင့် ဓာတ်တော်များကို ဌာပနာ ထားလေသည်။ မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့မှ ဆက်လက် ကြွတော်မူရာ ဥက္ကာစေလမြို့သို့ရောက်၍ ထိုမြို့ ဂင်္ဂါမြစ်ဆိပ်၌ အဂ္ဂသာဝက နှစ်ပါး၏ ဂုဏ်ကျေးဇူးများကို ဟောကြား၍ ဆက်လက်ကြွတော်မူပြန်ရာ ဝေသာလီပြည်သို့ ရောက်ကာ ဝေသာလီမြို့တွင်း၌ ဆွမ်းခံဝင်တော်မူပြီးမှ နေသန့်စင်တော်မူရန် အတွက် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ စာပါလစေတီသို့ကြွရောက်တော်မူလေသည်။

အာယုသင်္ခါရလွှတ်တော်မူခန်း

စာပါလစေတီတွင် နေသန့်စင်တော်မူခိုက် မြတ်စွာဘုရားက အရှင်အာနန္ဒာအား "အာနန္ဒာ၊ မည်သူမဆို ဣဒ္ဓိပါဒ်

လေးပါးကို ပွားများထားလျှင် အသက်တရာအထိ နေနိုင်သည်၊ ငါဘုရားသည်လည်း ဣဒ္ဓိပါဒ်လေးပါးကို ပွားများထားသောကြောင့် အလိုရှိလျှင် အသက်တရာအထိ နေနိုင်သည်''ဟု အရိပ်နိမိတ်ပြုပါသော်လည်း အရှင်အာနန္ဒာသည် မာရ်နတ်၏လှည့်စားမှုကို ခံရသောကြောင့် ''မြတ်စွာဘုရား၊ ယင်းသို့ဖြစ်ပါက သတ္တဝါတို့၏ ကောင်းကျိုးစီးပွားချမ်းသာများခြင်းငှာ သက်တော် တရာအထိ နေတော်မူပါ''ဟု မလျှောက်ထား မတောင်းပန်မိလိုက်ချေ။

ထို့နောက် မြတ်စွာဘုရား၏ အမိန့်အရ အရှင်အာနန္ဒာ မြတ်စွာဘုရားထံမှ ဖယ်ခွါ၍ သစ်ပင်တပင်အောက်၌ သီတင်းသုံးနေခိုက် မြတ်စွာဘုရားထံ မာရ်နတ်သား ရောက်လာ၍ ''အို ရှင်ကြီးဂေါတမ၊ ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာ ယောကျ်ား, ဥပါသိကာမိန်းမတို့ တရားကျင့်ကြံကြ, တရားဟောပြောကြ, အယူမှားများကို နှိမ်နင်းနိုင်ကြပြီ ဖြစ်သောကြောင့် သာသနာဘော်ကြီးလည်း စည်ပင်ပြန့်ပွားထွန်းကားနေပြီ ဖြစ်သောကြောင့် ဘုရား ဖြစ်ခါစတုန်းက ကတိပေးခဲ့သည့်အတိုင်း ပရိနိဗ္ဗာန်ပြုပါတော့''ဟု ရဲတင်းစွာ အဆိုပြုလေသည်။ ထိုအခါ မြတ်စွာဘုရားက ''အို မာရ်နတ်၊ သင် အေးအေးသာနေ၊ နောက်သုံးလက ကျော်လျှင် ငါ ဘုရား ပရိနိဗ္ဗာန်စံမည်''ဟု မိန့်တော်မူ၍ နောက်သုံးလက

ကျော်လျှင် အာယုပါလက ဖလသမာပတ်ကို မဝင်စားတော့ပြီ-ဟု ကြံစည်တော်မူခြင်းဖြင့် အာယုသင်္ခါရကို လွှတ်တော်မူလိုက်လေသည်။ ထိုအခါ အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါအောင် ကမ္ဘာမြေကြီး မြည်ဟီးတုန်လှုပ် လေသည်။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရား ထံတော်မှောက်သို့ အမြန်လာရောက်ကာ မြေငလျင် တုန်လှုပ်ခြင်းအကြောင်းကို မေးရာ မြတ်စွာဘုရားက မာရ်နတ်သား၏တောင်းပန် တောင်းဆိုချက်အရ မိမိအာယုသင်္ခါရလွှတ်လိုက်ခြင်းကြောင့် မြေငလျင် တုန်လှုပ်ခြင်းဖြစ်ကြောင်း မိန့်လိုက်လေသည်။ အရှင်အာနန္ဒာသည် ထိုအခါကျမှ မြတ်စွာဘုရားကို လူသုံးပါးတို့ စီးပွားချမ်းသာ ဖြစ်ပွားရန်အလို့ငှာ ပရိနိဗ္ဗာန်စံတော်မမူသေးပဲ အသက်တရာအထိ ဆက်လက်နေတော်မူပါရန် တောင်းပန်မိလေတော့သည်။ ထိုအခါ မြတ်စွာဘုရားက အရိပ်နိမိတ်ပြစဉ်က မတောင်းပန်ခဲ့ပဲ ယခုမှသာ တောင်းပန်လာသဖြင့် လက်လွန်သွားပြီ ဖြစ်ကြောင်း,ထွေးပြီးတံတွေးကို မမျိုသကဲ့သို့ လွှတ်ပြီးသော အာယုသင်္ခါရကိုလည်းဘယ်နည်းဖြင့်မှ ပြန်ရှယူတော်မူမည် မဟုတ်ကြောင်း မိန့်တော်မူကာ အောက်ပါအတိုင်း တရားဆက်၍ ဟောပြတော်မူလေသည်။

၁။ ဆက်ဆံပေါင်းသင်း၊ ချစ်ခင်ခြင်းကား ကွေကွင်းနောက်ဆုံးရှိချေ၏။

၂။ ဇီဝိန်မကောင်း၊ သက်ရှင်ခြင်းကား၊ သေတွင်းနောက်ဆုံးရှိချေ၏။

၃။ တင့်တယ်ရုပ်ဆင်း၊ လှပခြင်းကား၊ အိုမင်းနောက်ဆုံး ရှိချေ၏။

၄။ စည်းစိမ်သင်းပင်း၊ဖွံ့ဖြိုးခြင်းကား၊ပျက်ယွင်းနောက်ဆုံး ရှိချေ၏။

၅။ မာန်မူတက်ကြွ၊ မောက်လွန်းကလည်း၊ အောက်ကျနောက်ဆုံး ရှိချေ၏။

၆။ ကြည်သာရွှင်ပျ၊ ချမ်းသာကြလည်း၊ ဒုက္ခနောက်ဆုံး ရှိချေ၏။

၇။ ငင့်တင်မြှောက်မ၊ ချီးမွမ်းကလည်း၊ ရှုတ်ချနောက်ဆုံး ရှိချေ၏။

၈။ ပျော်ရွှင်ယုယ၊ ချစ်ခင်ကြလည်း၊ သောကနောက်ဆုံး ရှိချေ၏။

ဤသို့ တရားပြတော်မူပြီး အရှင် အာနန္ဒာနှင့်အတူ ဝေသာလီမြို့တွင်းသို့ဝင်တော်မူ၍ ထိုမှတဆင့် ဝေသာလီမြို့ အနီးရှိ မဟာဝုန်တောသို့ကြွကာ ပြာသာဒ်ကျောင်းကြီး၌ သီတင်းသုံးတော်မူလေသည်။

ဗောဓိပက္ခိယတရားတော်

၉။ မြို့လှဝေသာလီ၊ ပြန်ရောက်ဘိက၊ ဗောဓိပက္ခိယ၊ ဟောညွှန်ပြ၏။

မြတ်စွာဘုရားသည် မိမိပရိနိဗ္ဗာန်စံတော့မည့်အကြောင်းကို နေ့ရက်နှင့်တကွ သတ်မှတ်လိုက်ပြီ ဖြစ်သောကြောင့် သံဃာ့လောကအတွက်ရော, လူ့လောကအတွက်ပါ အရေးကြီးသော စကားများကို ပြောကြားလို၏၊ သာသနာတော်အရှည်ခံ၍ တည်တံ့စေမည့် တရားတော်များကို ဟောကြားတော်မူလို၏။ ထို့ကြောင့် ဝေသာလီပြည်၊ မဟာဝုန်တော၊ ပြာသာဒ်ကျောင်းကြီးသို့ ရောက်သောအခါ အရှင်အာနန္ဒာအား ဝေသာလီတဝိုက်ရှိ သံဃာတော်များကို စုံစုံညီညီ စည်းဝေးစေ၍ သံဃာတော်များ စုံလင်သောအခါ စည်းဝေးရာ ဓမ္မာရုံသို့ ကြွလာတော်မူ၍-

၁။ ဗောဓိပက္ခိယ၊ မြတ်ဓမ္မ၊ သင်ရ,ပွားရမည်။

၂။ သင်,ပွား နေခါ၊ သာသနာ၊ ရှည်ကြာ တည်လိမ့်မည်။

၃။ သာသနာတည်ငြား၊ လူနတ်များ၊ ကြီးပွားချမ်းသာမည်-ဟု ဗောဓိပက္ခိယတရား ၃၇-ပါးကို ဟောကြား ပြသတော်မူ၏။

ထို့နောက် သတိတရားလက်ကိုင်ထား၍ သုံးပါးသိက္ခာ ပြည့်စုံစွာ အားထုတ်ကြစေလိုကြောင်း၊မိမိသည်သုံးလကျော် လျှင် ပရိနိဗ္ဗာန်စံတော့မည် ဖြစ်ကြောင်း၊ သီလ, သတိနှင့် ကောင်းမြတ်သောအကြံရှိ၍ မိမိတို့စိတ်ကို စောင့်ထိန်းကြစေ လိုကြောင်း၊ အပ္ပမာဒတရား လက်ကိုင်ထားက မမှားကေန် နိဗ္ဗာန် ရောက်နိုင်ကြောင်း=စသည်ဖြင့် ဆက်လက်၍ တရား တော်မိုး ရွာသွန်းဖြိုးလျက် ကိုယ်တော်မြတ် ပရိနိဗ္ဗာန် စံဝင် တော့မည့် အကြောင်းကို ရဟန်းအပေါင်းအား ကြေငြာ တော်မူလိုက်လေသည်။

ဘုရားရှင်သည် နောက်တနေ့တွင် ဝေသာလီမြို့အတွင်း ဆွမ်းခံဝင်တော်မူ၍ ဝေသာလီမြို့မှ ထွက်တော်မူခါနီးသော အခါ ဝေသာလီမြို့ကို ဆင်ပြောင်ကြီး၏ ကြည့်ခြင်းကဲ့သို့ ခန္ဓာကိုယ်ကြီးပါ ပြန်လှည့်လျက် ကြည့်ခြင်းဖြင့် ကြည့်တော် မူခဲ့လေသည်။

မဟာပဒေသလေးပါးတရားတော်

၁၀။ ဘဏ္ဍဂါမာ၊ ဟတ္ထိရွာနှင့်၊ အမ္ဗာ,ဇမ္ဗူ, ဘောဂရှု သော်၊ အစုလေးဖြာ၊ မဟာပဒေသာ၊ မှတ်ကျောက် ပြု၍၊ ဓမ္မစစ်ရာ၊ နည်းညွှန်ပါ၏။

မြတ်စွာဘုရားသည် ဝေသာလီမြို့မှ ဆက်လက်ကြွတော်မူရာ ဘဏ္ဍုရွာသို့ ရောက်သောအခါ (အရိယသီလ, အရိယသမာဓိ, အရိယပညာ, အရိယဝိမုတ္တိဟူသော တရားလေးပါးကို မသိမမြင်ခြင်းကြောင့်သတ္တဝါများ သံသရာဝဲခရီးခဲ၌ တဝဲလည်လည် ကျင်လည်နေရခြင်း ဖြစ်ကြောင်း) မိန့်ကြားတော်မူလေသည်။ ထို့နောက် ဘဏ္ဍုရွာမှ ဟတ္ထိရွာသို့လည်းကောင်း, ဟတ္ထိရွာမှ အမ္ဗရွာသို့လည်းကောင်း၊ အမ္ဗရွာမှ ဇမ္ဗုရွာသို့လည်းကောင်း၊ ဇမ္ဗုရွာမှ ဘောဂနဂိုရ်သို့လည်းကောင်း ဆက်လက်ကြွတော်မူ၍ ဘောဂရွာသို့ ရောက်သောအခါ ဗုဒ္ဓါပဒေသ,သံဃာပဒေသ, သမ္ဗဟုလထေရာပဒေသ, ဧကထေရာပဒေသ-ဟူသော မဟာပဒေသလေးပါး၊ ဝါ-မှတ်ကျောက်ကြီး လေးလုံးကို ညွှန်ကြားပေးအပ်တော်မူလေသည်။

သူကရမဒ္ဒဝဘုဉ်းပေးတော်မူပုံ

၁၁။ ပါဝါရောက်မူ၊ စုန္ဒလှူသည့်၊ သူကရမဒ္ဒဝ၊ ဘုဉ်းပေး၍၊ ဝမ်းမှသွေးသွန်၊ ရောဂါလွန်လည်း၊ ဉာဏ်ဖြင့်သတိ၊ သည်းခံဘိ၏။

မြတ်စွာဘုရားသည် ဘောဂရွာမှ ဆက်လက်ကြွတော်မူ၍ ပါဝါမြို့သို့ရောက်သောအခါ စုန္ဒမည်သော ရွှေပန်းထိမ်သည်၏ သရက်ဥယျာဉ် ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူရာ

ဒါယကာစုန္ဒသည် ဘုရားရှင် အထံတော်သို့ လာရောက်ကာ တရားနာပြီးလျှင် နောက်တနေ့အတွက် ဆွမ်းစားပင့်သွားလေသည်။ နံနက်မိုးသောက် အလင်းရောက်၍ ဘုရားအမှူးရှိသော သံဃာတော်များ ဆွမ်းစား ကြွလာကြသောအခါ မြတ်စွာဘုရား၏အမိန့်တော်အရ စုန္ဒဥပါသကာသည် သံဃာတော်များအား အခြားသော ခဲဘွယ်ဘောဇဉ်များကို ဆက်ကပ်၍ မိမိ အထူးတလည် စီမံထားသော သူကရမဒ္ဒဝ အာဟာရကိုကား ဘုရားရှင်အားသာ ဆက်ကပ်လေသည်။ (သူကရမဒ္ဒဝ-ဟူသည် ဝက်ပျိုသား-ဟုလည်းကောင်း၊ ပဉ္စဂေါရသအဆီ-ဟု လည်းကောင်း၊ ရသာယနဆေး-ဟု လည်းကောင်း၊ အာယုဝဍ္ဎနဆေး-ဟု လည်းကောင်း၊ ကန်စွန်းအုဟာလဝါ-ဟု လည်းကောင်း၊ နွားနို့နှင့်ပျစ်အောင်ကျိုထားသော ဝက်မှိုအု-ဟု လည်းကောင်း အမျိုးမျိုးယူဆပြောဆိုကြရာ မိမိစိတ်သန်ရာကို ယူရန်ဖြစ်ပါသည်)။

စုန္ဒလှူသော သူကရမဒ္ဒဝ အာဟာရကို ဘုဉ်းပေးပြီးသော မြတ်စွာဘုရားမှာ ကြမ်းတမ်းနှိပ်စက် အခံရခက်၍ အသက်ပင်သေနိုင်သော ဝမ်းသွေးသွန်ရောဂါ ဖြစ်လာလေသည်။ ထိုရောဂါကို ဘုရားရှင်သည် သတိသမ္ပဇဉ် ကိုယ်မှာယှဉ်လျက် မညည်းမညူ ခံစားတော်မူရှာလေသည်။

ရွှေရောင်သင်္ကန်းအလှူခံတော်မူပုံ

၁၂။ ကုသိနာရုံ၊ ပုက္ကုသာက၊ ရွှေဝါသင်္ကန်း၊ ပေးလှူဒါန်း၏။

မြတ်စွာဘုရားသည် ပါဝါမြို့မှ ကုသိနာရုံမြို့သို့ ခရီး ဆက်၍ကြွတော်မူရာ ကုသိနာရုံသို့ မရောက်မီပင် မောပန်း တော်မူလှသဖြင့် လမ်းခုလပ်ရှိ သစ်ပင်ကြီး တပင်အောက်သို့ ဝင်ရောက်ကာ အရှင်အာနန္ဒာ လေးခေါက်ခေါက်၍ခင်းပေး အပ်သော နှစ်ထပ်သင်္ကန်းကြီးပေါ်၌ ထိုင်လျက် နေတော် မူ၏။ ထိုအခါ ရေဆာတော်မူလှသဖြင့် အရှင်အာနန္ဒာအား ရေအခပ်ခိုင်းရာ အနီးရှိ မြစ်ကလေးမှာ လှည်းငါးရာ ဖြတ် သွားပြီးစဖြစ်သဖြင့် ရေများ နောက်ကျိ နေသောကြောင့် ရေကြည်သော ကကုဓာမြစ်ရောက်မှ ရေခပ် ပေးလိုပါ ကြောင်း လျှောက်ထားရာ မြတ်စွာဘုရားက အဘန်တန် တိုက်တွန်းသဖြင့် သပိတ်ကိုကိုင်ကာ မြစ်ကလေးဆီသို့ ထွက် သွားသောအခါ ပထမက ရေနောက်နေသော မြစ်ကလေး သည် အရှင်အာနန္ဒာအနားသို့ ချဉ်းကပ်မိသောအခါ ဘုရား ရှင်တန်ခိုးတော်ကြောင့် ရေကြည်သွားလေရာ အရှင်အာနန္ဒာ သည် ဘုရားရှင်၏ ဘုန်းကံတော်ကို အံ့သြ ဝမ်းသာစွာဖြင့် ရေကြည်များကိုခပ်ယူလာပြီး ဘုရားရှင်ကို သောက်တော်ရေ ဆက်ကပ် လိုက်လေသည်။

ထိုအချိန်တွင် ကုသိနာရုံမြို့မှ ပါဝါမြို့သို့ ခရီးသွားဆဲ ဖြစ်သော, အာဠာရရသေ့ကြီး၏ ဂိုဏ်းဝင်တပည့် ဖြစ်သော, ပုက္ကုသ မည်သော မလ္လမင်းသားသည် မြတ်စွာဘုရားအနီး အပါးရောက်လာ၍ သူ၏ဆရာ အာဠာရရသေ့သည် မိမိအနီးမှ လှည်းငါးရာ ဖြတ်သန်းသွားသည်ကို မသိနိုင်လောက်အောင် သမာဓိအားကောင်းကြောင်း လျှောက်ထားရာ မြတ်စွာဘုရား က တချိန်တုန်းက လယ်တဲငယ်တခု၌ သီတင်းသုံးခိုက် မိုးကြီး သည်းထန်စွာ ရွာသွန်း၍ လျှပ်စစ်များ ပြက်သန်းကာ မိုးကြိုး ကြီးပစ်သောကြောင့် အနီးရှိ လယ်သမားနှစ်ယောက်နှင့် နွား နှစ်ရှဉ်း သေဆုံးသွားသော်လည်း ထိုအဖြစ်အပျက်အားလုံး ကို မိမိလုံးဝ မသိရလောက်အောင် သမာဓိအား ကောင်း ကြောင်းကို မိန့်တော်မူရာ ပုက္ကုသမလ္လမင်းသားသည် ကြည်ညို လှသဖြင့် သရဏဂုံ ဆောက်တည်ပြီးလျှင် မိမိ၏ ရွှေရောင် တောက်နေသော ပုဆိုးဝတ်စုံကို ဘုရားရှင်အား လှူဒါန်းရာ ဘုရားရှင်၏အမိန့်တော်အရ တထည်ကို ဘုရားရှင်၏ကိုယ်တော် အပေါ်မှာ ခြုံပေး၍ တထည်ကိုမူ အရှင်အာနန္ဒာအား ဆက် ကပ်ကာ ခရီးဆက်သွားလေသည်။

ပုက္ကုသမလ္လမင်းသား ထွက်သွားသော အခါ အရှင် အာနန္ဒာသည် မိမိအတွက်ရသော အဝတ်ကိုလည်း မြတ်စွာ ဘုရားအားပင် ဆက်ကပ်လိုက်သဖြင့် မြတ်စွာဘုရားသည်

တထည်ကိုဝတ်၍ တထည်ကိုခြုံထားသောအခါ ဤမျှဝင်းဝါ တောက်ပသော ဝတ်စုံ၏အရောင်ကို ဘုရားရှင်၏အသားတော် အရောင်က လွှမ်းမိုးထားလေသည်။ ထိုအကြောင်းကို အရှင် အာနန္ဒာက မြတ်စွာဘုရားအား လျှောက်ထားသောအခါ မြတ်စွာဘုရားက "ထိုစကားမှန်ကြောင်း၊ ဘုရားရှင်တို့ မည် သည်မှာ ဘုရားဖြစ်သောနေ့နှင့် ပရိနိဗ္ဗာန်ဝင်စံသောနေ့တို့၌ ကိုယ်ရောင်ကိုယ်ဝါ ထူးခြားစွာတောက်ပကြကြောင်း" မိန့် တော်မူ၍ ကကုဓာမြစ်သို့ ဆက်လက် ကြွတော်မူပြီးလျှင် ကကုဓာမြစ်တွင် ရေသပ္ပါယ်ခြင်း, ရေသောက်ခြင်း အမှုကို ပြုတော်မူ၍ ပြန်တက်လာပြီးလျှင် ကကုဓာမြစ်ကမ်းရှိ သရက် တောသို့ ချဉ်းကပ်၍ သစ်ပင်တပင်အောက်တွင် ခေတ္တခဏ ကျိန်းစက် အပန်းဖြေတော်မူရှာလေသည်။

ကျိန်းစက်ရာမှ နိုးလာသောအခါ "ဘုရားဖြစ်မည့်နေ့နှင့် ပရိနိဗ္ဗာန်စံမည့် နေ့တို့၌ လှူဒါန်းအပ်သော ဆွမ်းအလှူဒါန သည် အခြားသော ဆွမ်းအလှူဒါနထက်အကျိုးကြီးကြောင်း, 'ဆွမ်းကျွေးသမူ၊ ကုသိုလ်ပြုက၊ အာယု,ဝဏ္ဏ၊ သုခ,ယသာ၊ သဂ္ဂါ-ဓိပတိ၊ ပြုသည် မည်ကြောင်း- စုန္ဒဥပါသကာအား ပြောကြားရစ်ပါ"ဟု အရှင်အာနန္ဒာအားမှာကြားတော်မူပြီး နောက် ဟိရညဝတီမြစ်၏ တဘက်ကမ်းတွင် တည်ရှိသော ကုသိနာရုံမြို့၊ မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ကြွတော်

မူလေသည်။ (ပါဝါမြို့နှင့် ကုသိနာရုံမြို့သည် ၃-ဂါဝုတ်မျှသာ ဝေးကွာသော်လည်း မြတ်စွာဘုရားသည် ၂၅-နေရာ နား တော်မူခဲ့ရလေသည်)။

ဓမ္မပဒ တရားတော်

၁၃။ ပန်းစုံပွင့်သော၊ အင်ကြင်းတော၌၊ ဟောကြား
ဘွယ်ရာ၊ မှာဘွယ်ရာကို၊ ဟောမှာပြီးလျှင်၊ နိဗ္ဗာန်
ဝင်သည်၊ အို...ဟင်....လူ နတ်ဟာစ်လေသတည်း။

မြတ်စွာဘုရားသည် မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ရောက်သောအခါ မိမိ၏အမိန့်အရ အင်ကြင်းပင်အစုံတို့၏ အကြား၌ မြောက်အရပ်ကို ဦးခေါင်းပြုကာ အရှင်အာနန္ဒာ ခင်းပေးအပ်သော ညောင်စောင်း ပေါ်၌ မထသော လဲလျောင်းခြင်းဖြင့် လဲလျောင်းတော်မူရာ နောက်ဆုံးပူဇော် သည့်အနေဖြင့် အင်ကြင်းတောထဲမှ အင်ကြင်းပန်းများ, ကောင်းကင်ပေါ်မှ မန္ဒာရဝမည်သော နတ်ပန်းများနှင့် စန္ဒ- ကူးနံ့သာမှုန့်တို့သည် ဘုရားရှင်၏ကိုယ်တော်ပေါ်သို့ ကျလာ ပြန့်ကျဲနေကြကုန်၏။ နတ်တူရိယာနှင့် နတ်သီချင်းတို့သည် ကောင်းကင်ယံ၌ ညိုးညိုးညံညံ မြည်နေကြကုန်၏။ ထိုအခါ မြတ်စွာဘုရားက "အာနန္ဒာ၊ ဤသို့သော အာမိသပူဇာမျှ ဖြင့် ငါဘုရားကို တကယ်ပူဇော်ရာမရောက်သေး၊ ငါဘုရား

ဟောကြားအပ်သော တရားတော်ကို လိုက်နာကျင့်ကြံခြင်း ဟူသော ဓမ္မပူဇာဖြင့် ပူဇော်မှသာ တကယ်ပူဇော်ရာ ရောက်သည်။ ထို့ကြောင့်-ငါဘုရားကို၊ ပူဇော်လိုက၊ မဂ်ဖိုလ်ရရေး၊ ရည်မြော်တွေး၍၊ အလေးအနက်၊ တရားစက်ကို၊ အားတက်ကြည်သာ၊ ကျင့်ရစ်ပါ”ဟု မိန့်မှာတော်မူလေသည်။

အရှင်ဥပဝါဏ နေရာမှ ထသွားရပုံ

မြတ်စွာဘုရား လဲလျောင်းနေသော ခုတင်ငယ်၏ ပတ်လည်၌ သံဃာတော်များဝိုင်းလျက် ထိုင်နေကြ၍ သံဃာတော်များ၏ နောက်ဘက်မှာ ၁၂-ယူဇနာအရပ်တိုင်အောင် နတ်ဗြဟ္မာများ စုရုံး ထိုင်နေကြလေသည်။ ထိုအချိန်တွင် မြတ်စွာဘုရား ဝါတော် ၂၀-အတွင်း အရှင်အာနန္ဒာကို အလုပ်အကျွေးမခန့်အပ်မီက အလုပ်အကျွေးဖြစ်ခဲ့ဘူးသော အရှင်ဥပဝါဏမထေရ်သည် မြတ်စွာဘုရား အနီးအပါးမှာ ယပ်ခတ်ပေးလျက် ထိုင်နေလေသည်။အရှင်ဥပဝါဏသည် ဝဝ တုတ်တုတ်ကြီးဖြစ်သဖြင့် နတ်များက မြတ်စွာဘုရားကို မမြင်ကြသောကြောင့် ရှေ့က ကာဆီးထားရပါမလား-ဟု ကဲ့ရဲ့ သင့်ဂိုဟ်စကားတင်း ဆိုကြရာ မြတ်စွာဘုရားက အရှင်ဥပဝါဏကို နေရာမှ ထ-အသွားခိုင်းရလေသည်။ ထိုအခါ ပုထုဇဉ်, သောတာပန်, သကဒါဂါမ်နတ်များသည် “မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော့ မြန်လှပါတကား၊ လောကမှာ ဉာဏ်မျက်လုံး

တော်ကြီး ကွယ်ပျောက်တာ မြန်လှပါတကား”ဟု ဆို၍ ခြေပြတ်သည့်နဲ့ မတ်တတ်ကလဲလျက် အသဲအက်မျှ ငိုကြွေး ကြကုန်၏။ အနာဂါမ်, ရဟန္တာနတ်များမူကား “ကံ,စိတ်, ဥ,ဟာ၊ ကြောင်းလေးဖြာတို့၊ ပေါင်းကာပြုမှ၊ ဖြစ်ပေါ် ကြသည့်၊ သဘာဝတရား၊ မမြဲငြားတည့်၊ မြဲသွားပါစေ၊ တောင်းဆုချွေလည်း၊ စိတ်လေကိုယ်နွမ်း၊ နေထိပန်းသို့၊ ပင် ပန်းရုံပင်၊ အဖတ်တင်”ဟု ဆင်ခြင်လျက်သာ သံဝေဂ ယူ ကြရှာလေသည်။

သံဝေဇနီယ လေးဌာန

ထို့နောက် အရှင်အာနန္ဒာ၏ လျှောက်ထားချက်အရ မြတ်စွာဘုရားက “သံဝေဇနီယ၊ လေးဌာနကား၊ ဗုဒ္ဓဖွားဆို၊ ပွင့်ထွန်းရာနှင့်၊ ဟောရာစမ္မ၊ နိဗ္ဗာန်ကြွ၊ သွားကြဖူးမြော် ရန်”ဟု သံဝေဂရစေနိုင်သည့် ဌာနလေးပါးကို ဟောကြား တော်မူလေသည်။ အဓိပ္ပါယ်ကား — သဒ္ဓါတရားကောင်း သော အမျိုးသား အမျိုးသမီးတို့ သံဝေဂယူရာဌာနများ သည် ဘုရားရှင် ဖွားတော်မူရာဌာန, ဘုရားရှင် ဘုန်းဖြစ် တော်မူရာဌာန, ဘုရားရှင် ဓမ္မစကြာဟောရာဌာန, ဘုရား ရှင် ပရိနိဗ္ဗာန်စံရာဌာနတို့ ဖြစ်သည်။ ထိုလေးဌာနတို့၌ တည် ထားအပ်သော စေတီတော်ကိုဖြစ်စေ, ဓာတ်တော်ဌာပနာ ၍တည်ထားအပ်သော အခြားစေတီတော်ကိုဖြစ်စေ ဖူးမြော်

ဘို့ရန် လာကြသောသူသို့သည် လမ်းခုလပ်မှာပင် ကြည်ညို သောသဒ္ဓါစိတ်ဖြင့် ကွယ်လွန်သွားကြရပါလျှင် သုဂတိဘဝ နတ်ပြည်လောကသို့ ရောက်နိုင်ပေသည်။ စေတီရှိရာသို့ အရောက်သွား၍ တဘယ်သက်တွေ ဖူးမြော်ရသူတို့အဖို့ကား ဆိုဘွယ်ရာပင် မရှိတော့ပြီ–ဟု ဆိုလိုပါသည်။

မာတုဂါမများနှင့်စပ်၍ကျင့်ဘွယ်

ထို့နောက် မာတုဂါမများနှင့် ပတ်သက်၍ ဘယ်နည်း ဘယ်ပုံပြုမူရပါမည်နည်း–ဟူသော အရှင်အာနန္ဒာ၏ မေး မြန်းလျှောက်ထားချက်ကို မြတ်စွာဘုရားက "မိန်းမဆိုလျှင်၊ မတွေ့ချင်နှင့်၊ တွေ့လျှင်စကား၊ မပြောကြားနှင့်၊ စကား ပြောလျှင်၊ သတိထင်"ဟု ဖြေကြားတော်မူ၏။ အဓိပ္ပါယ် ကား–မာတုဂါမများကို မတွေ့မမြင်ရအောင် နေထိုင်ခြင်း သည် အကောင်းဆုံးဖြစ်၏။ မလွဲသာ၍ မြင်တွေ့ရသော် စကားမပြောပဲ နေရမည်။ မဖြစ်နိုင်၍ စကားပြောရသော် အမိအရွယ် ဖြစ်လျှင် ငြော်–ငါ့အမိပဲ၊ အမအရွယ်ဖြစ် လျှင် ငြော်–ငါ့အမပဲ၊ နှမအရွယ်ဖြစ်လျှင် ငြော်–ငါ့နှမ ပဲ–ဟု သတိပြုရမည်။ တနည်းအားဖြင့် - ဆံပင်စသော ၃၂–ကောဋ္ဌာသ အစုအဝေးမျှသာ ဖြစ်သည်၊ မိန်းမမဟုတ် ဟု ကာယဂတာသတိကို မွေးမြူရမည်–ဟု ဆိုလိုပါသည်။

အလောင်းတော်နှင့်စပ်၍လိုက်နာဘွယ်

ပရိနိဗ္ဗာန်စံပြီးနောက် မြတ်စွာဘုရား၏ အလောင်းတော်ကို အဘယ်သို့ပြုလုပ်ရပါမည်နည်းဟူသော အရှင်အာနန္ဒာ၏ မေးလျှောက်ချက်ကို မြတ်စွာဘုရားဖြေကြားတော်မူသည်မှာ "အလောင်းတော်ကို ပူဇော်ရန်အတွက် သံဃာတော်များက ကြောင့်ကြစိုက်ဘို့မလို၊ သံဃာတော်များက အရဟတ္တဖိုလ်ရရေးကိုသာ ကြိုးစားရစ်ကြရမည်။ ငါဘုရား၏ အလောင်းတော်ကို လူဝတ်ကြောင်များ ပူဇော်ရစ်ကြလိမ့်မည်။ ပူဇော်သောအခါစကြဝတေးမင်း အလောင်းကို ပူဇော်သော နည်းအတိုင်း ငါ၏အလောင်းတော်ကို ဝါချည်အဝတ်သစ်ဖြင့် ရစ်ပတ်၍ ဝါဂွမ်းအသစ်ဖြင့် ရစ်ပတ်ရမည်။ ဤအတိုင်း အဝတ်တထပ် ဝါဂွမ်းတထပ်အားဖြင့် အထပ်ငါးရာတိုင်အောင် ရစ်ပတ်လျက် ဆီထည့်ထားသော ရွှေခေါင်း၌ ထည့်ပြီးလျှင် အခြားရွှေခေါင်းဖြင့်ဖုံး၍ နံ့သာထင်းပုံပေါ်သို့တင်ကာ မီးသင်္ဂြိုဟ်ရမည်။ မီးသင်္ဂြိုဟ်ပြီးသောအခါ အရိုးဓာတ်တော်များကို စေတီပုထိုးတည်၍ ကိုးကွယ်ရစ်ကြရမည်။ ထိုစေတီပုထိုးကိုပန်းနံ့သာစသည် ဆက်ကပ်သူ၊ ရှိခိုးဖူးမြော်သူ၊သဒ္ဓါစိတ်ဖြင့်ကြည်ညိုသူတို့သည် စီးပွားချမ်းသာ တိုးရစ်ကြလိမ့်မည်" ဟူ၍ဖြစ်လေသည်။

ထူပါရဟပုဂ္ဂိုလ်လေးမျိုး

ထို့နောက် ဘုရားရှင်ကဆက်လက်၍ "ထူပါရဟ၊ ပုဂ္ဂလကား၊ ဗုဒ္ဓတဖြာ၊ ပစ္စေကာနှင့်၊ အရိယာတသင်း၊ စကြာမင်း၊ လေးခင်းမှတ်ကြလေ"ဟု သေလွန်သောအခါ စေတီတည်၍ ကိုးကွယ်ထိုက်သော ပုဂ္ဂိုလ်လေးမျိုးကို ထုတ်ပြတော်မူလေသည်။ စေတီတည်ထိုက်သောပုဂ္ဂိုလ်လေးမျိုးကား ၁-သဗ္ဗညုဘုရား၊ ၂-ပစ္စေကဗုဒ္ဓါ၊ ၃-အရိယာသာဝကနှင့် ၄-စကြဝတေးမင်းတို့ဖြစ်သည်။ ထိုပုဂ္ဂိုလ်လေးဦးတို့၏ အရိုးဓာတ်စသည်ကို ဌာပနာ၍ တည်ထားသော စေတီပုထိုးကို ရှိခိုးပူဇော် ဖူးမြော်ကြသောသူတို့ ကောင်းရာ သုဂတိသို့ ရောက်နိုင်ကြသည်ဟု-ညွှန်ကြားတော်မူလေသည်။

သောကပျောက်တရားတော်

အရှင်အာနန္ဒာသည် အင်ကြင်းဥယျာဉ် အတွင်းရှိ ခုတင်ငယ်ပေါ်သို့ ရောက်တော်မူချိန်မှစ၍ မြတ်စွာဘုရား၏ မှာကြားတော်မူချက်များကို တခုချင်း စဉ်းစားပြီး မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော့မည်မှာ သေချာသည်ကို သိရသောအခါ ဘုရားရှင်နှင့် ခွဲခွါရတော့မည့် အရေးကြောင့် လည်းကောင်း, မိမိမှာသောတာပန်မျှသာ ဖြစ်သေး၍ ရဟန္တာဖြစ်အောင် လမ်းညွှန်ပေးမည့်သူ မရှိမှာ စိုးသောကြောင့် လည်း

ကောင်း သောကဖြစ်ကာ ငိုချင်လာ၏။ သို့ရာတွင် ဘုရားရှင် ရှေ့တော်၌ ငိုလျှင် မသင့်တော်သောကြောင့် အနီးရှိ တန်ဆောင်းဝန်းသို့ သွားပြီးလျှင် တံခါးရွက်တိုင်ကို ကိုင်ကာ တရှုပ်ရှုပ် ငိုကြွေးနေရှာလေသည်။

ထိုအကြောင်းကိုသိ၍ မြတ်စွာဘုရား၏ အမိန့်တော်အရ ပြန်ရောက်လာသော အရှင်အာနန္ဒာကို မြတ်စွာဘုရားက အောက်ပါအတိုင်း တရားဟောပြ အားပေးတော် မူရလေသည်။

၁။ ချစ်ခင်သူများ၊ ခွဲခွါသွား၊ ဤကားဓမ္မတာ။

၂။ ဖြစ်လာသမျှ၊ သဘာဝ၊ ပျက်ရနောက်ဆုံးမှာ။

၃။ ဤသို့ဉာဏ်ပေါက်၊ သောကဖျောက်၊ မကြောက်မငိုရ။

၄။ ကုသိုလ်ပြုထား၊ သင်ချစ်သား၊ တရားအားထုတ်ပါ။

၅။ မကြာမတင်၊ ကိလေစင်၊ ဖြစ်ချင်ရဟန္တာ။

ထို့နောက် မြတ်စွာဘုရားက ရဟန်းတော်များအားအရှင် အာနန္ဒာ၏ အံ့ဘွယ်လေးပါးကို ဟောကြားတော် မူပြန်၏။ အရှင်အာနန္ဒာ၏ အံ့ဘွယ်လေးပါး ဟူသည်မှာ ရဟန်း ပရိသတ်, ရဟန်းမပရိသတ်, ဥပါသကာပရိသတ်, ဥပါသိကာမ

ပရိသတ်တို့သည် အရှင်အာနန္ဒာအထံသို့ ရောက်လာသော အခါ အရှင်အာနန္ဒာကို ဖူးမြော်ရရုံဖြင့် ဝမ်းသာကြခြင်း, အရှင်အာနန္ဒာက တရားဟောလျှင် ထိုတရားတော်ကို လေးစားစွာ နာယူခြင်း, အချိန်တန်၍ ပြန်လွှတ်သည့် တိုင်အောင် တရားနာ၍ မရောင့်ရဲနိုင်ခြင်း-တို့ပေတည်း။

မဟာသုဒဿနသုတ်တော်

ထိုနောက် အရှင်အာနန္ဒာက သေးငယ်သော, မညီညွတ်သော, မြို့လက်တက်မျှသာဖြစ်သော ဤကုသိနာရုံမြို့၌ ပရိနိဗ္ဗာန်မစံပဲ စမ္ပာ,ရာဇဂြိုဟ်, သာဝတ္ထိစသော မြို့ကြီးများ၌ ပရိနိဗ္ဗာန် စံသင့်ကြောင်း၊ သို့မှသာ ထိုမြို့များရှိ သဌေးသူကြွယ်များက အလောင်းတော်ကို ပူဇော်ကြလိမ့်မည် ဖြစ်ကြောင်း လျှောက်ထားသောအခါ မြတ်စွာဘုရားက ကုသိနာရုံမြို့ကို မြို့ကလေးဟု နှိမ်ချ မပြောဆိုသင့်ကြောင်း, ကုသိနာရုံမြို့သည် ကိုယ်တော်မြတ် မဟာသုဒဿန-မည်သော စကြဝတေးမင်းဖြစ်စဉ်က ကုသဝတီမည်သော မင်းနေပြည်ကြီး ဖြစ်ခဲ့ကြောင်း, ကုသဝတီ မင်းနေပြည်သည် အရှေ့အနောက်အားဖြင့် အလျား ၁၂-ယူဇနာ၊ တောင်မြောက်အားဖြင့် အနံ ၇-ယူဇနာ ရှိကြောင်း....စသည်ဖြင့် ကုသဝတီမင်းနေပြည်ကြီး ကြီးကျယ်ခမ်းနားပုံ, ကုသဝတီပြည်ကြီး

ပိုင်ရှင် မဟာသုဒဿနစကြာမင်းကြီး ဘုန်းတန်ခိုး ကြီးမားပုံတို့ကို ဖော်ပြလျက် မဟာသုဒဿနသုတ်တော်ကိုတပင်တပန်းဟောပြတော် မူလေသည်။

မဂ္ဂင်ရှစ်ပါးတရားတော်

မဟာသုဒဿန သုတ်တော်ကို ဟောတော်မူပြီးသောအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ အမိန့်တော်အရ ကုသိနာရုံ မြို့တွင်းသို့ဝင်၍ မလ္လမင်းသားတို့အား မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူတော့မည့်အကြောင်း ပြောကြားရာ မြို့လုံးကျွတ်မျှ ငိုကြွေးမည်တမ်းကြ၍ ဘုရားရှင်ရှိရာ အင်ကြင်းဥယျာဉ်သို့ လိုက်လာကြပြီးလျှင် အရှင်အာနန္ဒာ၏ စီစဉ်ပေးချက်အရ အမျိုးအလိုက် ဘုရားရှင်ကို ဦးဘိုက်ကြရာ ညဉ့်ဦးယာမ်အတွင်းမှာ ရှိခိုးခြင်းကိစ္စပြီးသဖြင့် ပြန်သွားကြလေသည်။

ထိုအချိန်တွင် သုဘဒ္ဒပရိဗိုဇ်ရောက်လာ၍ ပြဿနာမေးလျှောက်ရာ မြတ်စွာဘုရားက–

၁။ မဂ္ဂင်ကင်းရာ၊ သာသနာ၊ အရိယာမရှိနိုင်။
၂။ မဂ္ဂင်ရှိရာ၊ သာသနာ၊ အရိယာရရှိနိုင်။
၃။ ဗုဒ္ဓသာသနာ၊ မဂ္ဂင်ဖြာ၊ အရိယာရရှိနိုင်။
၄။ အခြားသာသနာ၊ မဂ္ဂင်ကွာ၊ အရိယာမရှိနိုင်–

ဟု တရားဟောတော်မူရာ သုဘဒ္ဒပရိဗိုဇ် သရဏဂုံတည်၍ ရဟန်းပြုကာ ဘုရားထံမှကမ္မဋ္ဌာန်းယူ၍ တရားအားထုတ်ရာ ချက်ချင်းပင်ပစ္ဆိမသာဝကဒါပတ္တရဟန္တာ ဖြစ်တော်မူလေသည်။

ပိဋကသုံးပုံတရားတော်

ထို့နောက် ဘုရားရှင်က "အာနန္ဒာ၊ ငါဘုရား ပရိနိဗ္ဗာန် စံဝင်ပြီးသောအခါ 'ဒို့သာသနာ ဆရာကင်းပျောက်ပြီ'ဟု မယူဆရစ်ကြနှင့်၊ ၄၅-ဝါ ကာလကြာအောင် ငါဘုရား ဟောကြား ပညတ်ထားသော သုတ်, အဘိဓမ္မာ, ဝိနည်း တရားတော်များသည် ငါဘုရားပရိနိဗ္ဗာန်စံဝင်ပြီးသောအခါ သင်တို့၏ ဆရာအဖြစ် ကျန်ရစ်လိမ့်မည်"ဟု ဆရာတင်ရမည့် အရာကို ညွှန်ပြတော် မူလေသည်။

အချင်းချင်းခေါ်ဝေါ်နည်း

ထို့နောက် ဆက်လက်၍ "ယခုအခါ အချင်းချင်း အာဝုသော-ငါ့ရှင်ဟူ၍ ချည်းသာ ခေါ်ဝေါ် သုံးနှုန်းကြသော်လည်း ငါဘုရားပရိနိဗ္ဗာန်စံဝင်ပြီးသောအခါ ထိုကဲ့သို့ မသုံးနှုန်းရ။ ကြီးသောရဟန်းက ငယ်သောရဟန်းကို နာမည်ရင်း ဖော်၍သော် လည်းကောင်း, အမျိုးအနွယ် ဖော်၍သော် လည်းကောင်း, အာဝုသော-ငါ့ရှင် ဟူ၍သော်လည်းကောင်း သုံးနှုန်းရစ်ကြ။ ငယ်သောရဟန်းက ကြီးသောရဟန်းကို

ဘန္တေ-အရှင်ဘုရား ဟူ၍သော်လည်းကောင်း, အာယသ္မာ-သက်တော်ရှည်အရှင် ဟူ၍ သော်လည်းကောင်း သုံးနှုန်းရစ်ကြ''ဟု ခေါ်ဝေါ်သုံးနှုန်းမှုကို ပြင်ဆင်တော် မူခဲ့လေသည်။

သိက္ခာပုဒ်တရားတော်

ထို့နောက် ဆက်လက်၍''အာနန္ဒာ၊ ငါဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးသောအခါ ငယ်ကုန်,သာ၍ငယ်ကုန်သော သိက္ခာပုဒ်တော်များကို နှုတ်လိုလျှင် နှုတ်ရစ်ကြပါ- မနှုတ်လိုလျှင် မနှုတ်ကြနှင့်။ ဝါ-နှုတ်ကို မနှုတ်ရစ်ကြနှင့်''ဟု သိက္ခာပုဒ်နှင့်စပ်၍ မှာသားဘွယ်ရာကိုလည်း မှာကြားတော်မူလေသည်။

ဗြဟ္မဒဏ်တရားတော်

ထို့နောက်ဆက်လက်၍ မိမိအားကိုးဖြင့် အခြားသံဃာတော်များအပေါ် ရိုသေလေးစားခြင်း မရှိသော အရှင်ဆန္နအား ဗြဟ္မဒဏ်=အကောင်းဆုံးသောဒဏ် ပေးရစ်ရမည် ဖြစ်ကြောင်း, ဗြဟ္မဒဏ်ဟူသည်မှာ ဆန္နရဟန်း ပြောချင်ရာပြော, လုပ်ချင်ရာ လုပ်နေသော်လည်း ရဟန်းတော်များက ဘာမျှမပြောပဲ, မသွန်သင် မဆုံးမပဲ, ဂရုမစိုက် အဖက်မလုပ်ပဲ ဥပေက္ခာ ပြုထားသောဒဏ် ဖြစ်ကြောင်း မိန့်မှာတော်မူလေသည်။

သာသနာရေးတရားတော်

ထို့နောက် မြတ်စွာဘုရားက သံဃာတော်များအား ဘုရား, တရား၊သံဃာများနှင့်၊ မဂ်တရားတဖြာ၊ ပဋိပဒါတို့၌ ယုံမှားသံသယရှိလျှင် မေးမြန်းကြစေလိုကြောင်း ဖိတ်ခေါ်တော်မူရာ ရဟန်းအားလုံး ဆိတ်ဆိတ်နေသောအားဖြင့် ယုံမှားသံသယမရှိကြောင်း ထင်ရှားပြကြလေသည်။

နောက်ဆုံးမှာတမ်းတော်

ဤသို့အားဖြင့် ဗုဒ္ဓကိစ္စအဝဝ ပြီးစီး ပြည့်စုံသောအခါ ဘုရားရှင်သည် ရဟန်းတော်များအား (ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ-ကိုင်း ရဟန်းတို့၊ ယခုအခါ သင်တို့ကို ငါမှာကြားခဲ့မည်၊ ကံ, စိတ်, ဥ, ဟာ၊ ကြောင်းလေးဖြာတို့၊ ပေါင်းကာပြုမှ၊ ဖြစ်ပေါ်ကြသည့်၊ သင်္ခါရတရား၊ အစားစားသည်၊ ပျက်ပြားနောက်ဆုံး ရှိချေသည်။ ဒုစရိုက်ဆယ်ပုံ၊ ကာမဂုဏ်ဖြင့်၊ ခါမလင့်ပဲ၊ အခွင့်လုကာ၊ ကုသလာကို၊ ပြုကာနေငြား၊ အပ္ပမာဒတရားဖြင့်၊ သုံးပါးသိက္ခာ၊ ကိုယ့်ဝန်တာကို၊ကောင်းစွာမသွေ၊ ဖြည့်ရစ်ကြလေ) ဟူသော နောက်ဆုံး မှာတမ်းတော်ကို မှာကြားတော် မူလေသည်။

ပရိနိဗ္ဗာန်စံတော်မူပုံ

မြတ်စွာဘုရားသည် ဤနောက်ဆုံးမှာတမ်းတော်ကို မှာကြားတော်မူပြီးနောက် ကုဋေ နှစ်သန်း လေးသိန်းသော ဈာန် သမာပတ်တို့ကို ဝင်စားတော်မူ၍ နောက်ဆုံး၌ စတုတ္ထဈာန်ကို ဝင်စားပြီးနောက် ဈာန်အင်္ဂါတို့ကို ဆင်ခြင်တော်မူကာ ပဋ္ဌိသန္ဓေနေစဉ်က စိတ်နှင့်တူသောဘဝင်စိတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူလေသည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည်နှင့် တပြိုင်နက် မဟာပထဝီ မြေကြီးသည် ကြောက်မက်ဖွယ်မြည်ဟီး၍ကြက်သီးထဘွယ် အကြီးအကျယ် တုန်လှုပ်လေသည်။ ထိုနေ့ကား – မဟာသက္ကရာဇ် ၁၄၈–ခု၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ ပေတည်း။

သံဝေဂသံပေါက်များ

ဘုရားရှင်ကိုယ်တော်မြတ် ပရိနိဗ္ဗာန် စံတော်မူသည်နှင့် တပြိုင်နက် သဟမ္ပတိဗြဟ္မာမင်းကြီးက–

၁။ ဝဇီရူပမ၊ ခိုင်မာစွာ၊ ကာယပိုင်အရှင်။
၂။ ဘုရားသော်မှ၊ နိဗ္ဗာန်ကြွ၊ သေရပါသေးလျှင်။
၃။ သူ့လိုငါလို၊ လူထိုထို၊ ဆိုဘွယ်မရှိပင်–ဟု ညည်းညူလေသည်။

သိကြားမင်းက—

၁။ သင်္ခါရဟူသမျှ၊ မြဲမတွေ့၊ ဖြစ်၍ပျက်စီးသည်။
၂။ သူတို့ငြိမ်းရာ၊ နိဗ္ဗာန်သာ၊ ချမ်းသာစင်စစ်မည်-ဟု ညည်းညူလေသည်။

အရှင်အနုရုဒ္ဓါမထေရ်က—

၁။ မြတ်ဘုရားသည်၊ နိဗ္ဗာန်ပြည်၊ ကြွပြီအရှင်များ။
၂။ ပြင်းထန်လှစွာ၊ ဝေဒနာ၊ ကြိတ်ကာသည်းခံစား— ဟု ညည်းညူတော်မူလေသည်။

အရှင်အာနန္ဒာက-

၁။ ဘုရားရှင်မြတ်၊ နိဗ္ဗာန်ခေတ်၊ ဝင်လတ်သောအခါ။
၂။ မြေငလျင်ကြီး၊ ပဲ့တင်ဟီး၊ မြည်ဟီးကြောက်ဘွယ်ရာ - ဟု ညည်းညူတော်မူလေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူသောအခါ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်ရဟန်းတော်များ သည်းထန်ပြင်းပြစွာ ငိုကြွေးကြရှာ၏။ အနာဂါမ်၊ ရဟန္တာ ရဟန်းတော်များသည်ကား တရားသဘာဝကို ဆင်ခြင်၍ သည်းခံတော်မူကြ၏။ ငိုကြွေးသောရဟန်းတော်များကို အရှင်အနုရုဒ္ဓါမထေရ်က တရားချ၍ မငိုကြွေးကြရန် မေတ္တာရပ်ခံတောင်းပန်တော်မူရလေသည်။

အလောင်းတော်ကိုပူဇော်ပုံ

အရှင်အာနန္ဒာသည် အရှင်အနုရုဒ္ဓါ၏ စေခိုင်းချက်အရ ကုသိနာရုံမြို့တွင်းသို့ဝင်၍ မလ္လမင်းတို့အား မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသွားပြီးဖြစ်ကြောင်း ပြောပြရာ မြို့သူ မြို့သားအားလုံး မြို့လုံးပျက်မျှ ငိုကြွေးကြလေသည်။

ထိုအခါ ကုသိနာရုံ မြို့သူမြို့သားတို့သည် ပန်းနံ့သာ များ, တူရိယာများကို ယူဆောင်လာကြ၍ မြတ်စွာဘုရား၏ အလောင်းတော်ကို ၇—ရက် တိုင်တိုင်ပန်းနံ့သာတို့ဖြင့်လည်း ကောင်း,အက အဆို အတီး တို့ဖြင့်လည်းကောင်း ပူဇော်ကြ လေသည်၊ ၇-ရက်စေ့သော် နတ်တို့၏အလိုအတိုင်း မြတ်စွာ ဘုရား၏အလောင်းတော်ကို လူရေနတ်ပါ ခမ်းနားစွာပူဇော် ကြလျက် ကုသိနာရုံမြို့၏ မြောက်ဘက်တံခါးမှဝင်၍ မြို့လယ် လမ်းမကြီးအတိုင်း ပင့်ဆောင် အပူဇော်ခံကာ မြို့၏အရှေ့ တံခါးမှထွက်ပြီး မကုဋဗန္ဓနရာမဂ်လာအိမ်တော်မှာ ထားကြလေ သည်။ မြို့လယ်လမ်းမကြီးအတိုင်း ပင့်ဆောင်စဉ် ဗန္ဓုလစစ်သူ ကြီးကတော် မလ္လိကာမိဖုရားက မိမိအမြတ်တနိုး သိမ်းဆည်း ထားသော မဟာလတာတန်းဆာဖြင့် ပူဇော်လိုက်လေသည်။

မကုဋဗန္ဓနရာ မဂ်လာအိမ်၌ ဘုရားရှင်မှာကြားတော်မူသည့် အတိုင်း မလ္လမင်းတို့သည် မြတ်စွာဘုရား၏အလောင်းတော်ကို

အဝတ်တထပ်၊ ဝါဂွမ်းတထပ် အကြိမ် ငါးရာပတ်၍ ဆီသည့် ထားသော ရွှေခေါင်းထဲသို့သွင်းပြီးလျှင် အခြား ရွှေခေါင်း ဖြင့်ဖုံးကာ အတောင် ၁၂၀-မြင့်သော စန္ဒကူးနံ့သာထင်းပုံ ပေါ်သို့တင်၍မီးသင်္ဂြိုဟ်ကြရာ မီးမလောင်ပဲ အဝေးသို့ရောက် နေသောအရှင်မဟာကဿပ ရောက်လာ၍ ဘုရားရှင်ကို ရှိခိုးပူ ဇော်ပြီးသောအခါကျမှ လူတို့ကမရှို့ရပဲ နတ်တို့၏ တန်းခိုး ကြောင့်ထက်ဝန်းကျင်မှ တပြိုင်နက်ဘည်း တေဇောဓာတ် လောင်ကျွမ်းသွားလေသည်။ ထိုနေ့ကား မဟာသက္ကရာဇ် ၁၄၈-ခု၊ ကဆုန်လပြည့်ကျော် ၁၂-ရက်၊ တနင်္ဂနွေနေ့တည်း။

ဓာတ်တော်များကို ပူဇော်ပုံ

တေဇောဓာတ် လောင်ပြီးသောအခါ ဘုရားရှင်၏ ဥတုဇ ရုပ်ကလပ်တော်မှ စွယ်တော် ၄-ဆူ၊ ညှပ်ရိုးတော် ၂-ဆူ၊ နဖူးသင်းကျစ်တော် ၁-ဆူ၊ စုစုပေါင်း ၇-ဆူ တို့သည် သက်တော်ရှိစဉ်ကမူလပုံသွင်အတိုင်း တည်ရှိရစ်၍ ကြွင်းသော ဓာတ်တော်များမှာ အစိတ် အစိတ် ကွဲပြားသွားကြရာပမာဏ အားဖြင့် ၁-ဘင်းသား (တနည်း ၁-စိတ်သား) ရှိလေသည်၊ ၎င်းဓာတ်တော်များတွင် အငယ်ဆုံးမှာ မုံညင်းစေ့ခန့်ရှိ၍ မြတ်လေးပန်းငုံ အဆင်းရှိပြီး ၆- ပြည်သားခန့် ဖြစ်လေ သည်၊ အလတ်စား ဓာတ်တော်များမှာ ဆန်ကျိုးခန့်ရှိ၍

ပုလဲအဆင်းရှိပြီး ၅-ပြည်သားခန့် ဖြစ်လေသည်။ အကြီးစား ဓာတ်တော်များမှာ ပဲနောက်စေ့ခန့်ရှိ၍ ရွှေအဆင်းရှိပြီး ၅-ပြည်သားခန့် ဖြစ်လေသည်။ ၎င်းဓာတ်တော်တို့ကိုမူတွင်း လွှတ်ရုံးတော်သို့ ပြောင်းရွှေ့ကာ ပန်းနံ့သာ အကာ အဆို အတီး တို့ဖြင့် ၇-ရက်တိုင်တိုင် ပူဇော်သောအားဖြင့် သာခုကိဋ္ဌန မမွသဘင် ဆင်ယင်ကျင်းပကြလေသည်။

ဓာတ်တော်ဝေဖန်ပုံ

၇-ရက်စေ့သောအခါ ဓာတ်တော်များကို ဒေါနပုဏ္ဏား ကြီးက ၈-ပြည်ထောင်မင်းတို့အား ၂-ပြည်သားစီ ဝေပေး လိုက်ရာ ထိုမင်းတို့သည် ဓာတ်တော်များကို ဌာပနာ၍ စေတီ တည်ထား ကိုးကွယ်ကြလေသည်။ ၈-ပြည်ထောင်မင်းတို့ဟူ သည်ကား (၁) မဂဓတိုင်းရှင်၊ ဘုရင် အဇာတသတ်မင်း။ (၂) ဝေသာလီပြည်သား၊ လိစ္ဆဝီမင်းများ။ (၃) ကပိလဝတ် ပြည်သား၊ သာကီဝင်မင်းများ။ (၄) အလ္လကပ္ပပြည်သား၊ ဗုလိမင်းများ။ (၅) ရာမရွာသား၊ ကောဠိယမင်းများ။ (၆) ဝေဋ္ဌဒီပတိုင်းသား၊ ပုဏ္ဏားတယောက်။ (၇) ပါဝါ ပြည်သား၊ မလ္လမင်းများ။ (၈) ကုသိနာရုံပြည်သား၊ မလ္လ မင်းများ ဖြစ်လေသည်။ (၉) နောက်မှ ရောက်လာသော ပိပ္ပလိဝနတိုင်းသား၊ မောရိယမင်းများသည်ကား မီးသွေး

များကိုသာ ရယူသွားကြလေသည်။ (၁၀) ဒေါနပုဏ္ဏားကြီး ခမျှာမှာလည်း ဓာတ်တော်ချင့်သော ပြည်တောင်းကိုသာ ကိုးကွယ် ရရှာလေလည်း။ အကြောင်းကား–သူသည် ဓာတ်တော်ဝေရန် အခေါင်းတော်ကိုဖွင့်စဉ် မြတ်စွာဘုရားဖြစ်ပုံကို မြင်ရ၍ ၈–ပြည်ထောင်မင်းတို့ ငိုကြွေးမြည်တမ်း နေကြခိုက်၊ လကျ်ာဘက်စွယ်တော်ကို ခေါင်းပေါင်းထဲမှာ အသာဝှက် ထားလိုက်ပါသော်လည်း 'သူခိုးလက် သူဝှက်လု' ဆိုသကဲ့သို့ သူ၏ ခေါင်းပေါင်းထဲမှ သိကြားမင်းက အသာယူသွား၍ တာဝတိံသာပြည်ရှိ စူဠာမဏိစေတီတွင် ဌာပနာထားလိုက် သောကြောင့် ဖြစ်လေသည်။

ဓာတ်တော်များကိုစုပေါင်းသိမ်းဆည်းပုံ

ၐင်းနောက် အရှင်မဟာကဿပ ကိုယ်တော်ကြီးသည် ဓာတ်တော်များကို မိစ္ဆာဒိဋ္ဌိများ မဖျက်ဆီးနိုင်ရန်နှင့် သိရိဓမ္မာသောကမင်းတရားကြီးလက်ထက်တွင် အဆင်သင့်ဖြစ်ရန် အတွက် ရာမရွာ၊ ကောဠိယမင်းများထံတွင်ရှိသော ဓာတ်တော်များမှတပါး အခြား ၇–ပြည်ထောင်မင်းများ ထံတွင် ရှိသောဓာတ်တော်များကို သူတို့၏နန်းဦး၌ ကိုးကွယ်ထားနိုင် ရုံသာ ချန်ထား၍ အားလုံးအလှူခံတော်မူခဲ့ပြီး အဇာတသတ် မင်းနှင့်တိုင်ပင်ကာ လျှို့ဝှက်သော ဓာတ်တော် ဌာပနာ

တိုက်ကြီးတည်ထား၍ ၎င်းဌာပနာတိုက်ကြီးအတွင်း ထည့်သွင်း သိမ်းဆည်း ထားခဲ့လေသည်။ သာသနာသက္ကရာဇ် ၂၁၈≡ခုနှစ်သို့ ရောက်သောအခါ သီရိဓမ္မာသောကမင်းကြီး တူးဖော်၍ ဇမ္ဗူဒိပ်ကျွန်းအနှံ့ စေတီတည်ကာ ဌာပနာထားလေသည်။ ရာမရွာ၊ ကောဠိယမင်းများထံမှ ဓာတ်တော်များကိုကား နဂါးတို့ယူဆောင် သိမ်းဆည်းထား၍ သီဟိုဠ်ကျွန်း၊ မဟာ ဝိဟာရကျောင်းတိုက်အတွင်း မဟာစေတီတည်သောအခါ ဌာပနာ ကြလိမ့်မည်-ဟု သိတော် မူသောကြောင့် ထိုထိုဓာတ်တော်များကို အရှင်မဟာကဿပ ကိုယ်တော်ကြီး အလှူခံတော်မမူခြင်း ဖြစ်လေသည်။

ဓာတုပရိနိဗ္ဗာန်စံပုံ

သာသနာတော်ကြီး လုံးဝကွယ်ပချိန် ရောက်သောအခါ ထိုဓာတ်တော် အားလုံးသည်ပင် ဗောဓိပင်ရှိရာသို့ အလိုလို ရောက်လာ၍ ဘုရားရှင်၏ရုပ်ပုံတော်အသွင်သို့ ပြောင်းပြီးလျှင် ရောင်ခြည်တော်လွှတ်၍ တန်းခိုးပြပြီးနောက် တေဇောဓာတ် လောင်ကြမည် ဖြစ်လေသည်။ ထိုအခါကျမှ သာသနာတော်ကြီး တကယ်ကွယ်သည် မည်လေသည်။ ထိုဓာတုပရိနိဗ္ဗာန်စံပွဲသို့ လူသားများမတက်ရောက်ကြပဲ နတ်ဗြဟ္မာများသာ တက်ရောက်ကြမည်ဖြစ်ပြီး တက်ရောက်လာသမျှ နတ်ဗြဟ္မာများသည်လည်း "ယခုမှ သာသနာတော်ကြီး တကယ် ကွယ်တာ

ပါတကား”ဟု နှလုံးပြု၍ သည်းအူပြတ်မျှ ငိုပွဲကြီးဆင်ကြ မည် ဖြစ်လေသတည်း။

ဗုဒ္ဓဝင်မှတ်စု

မ=မဟာသက္ကရာဇ် ၆၇-ခု၊ ဝါဆိုလပြည့်၊ ကြာသပတေး နေ့တွင် သန္ဓေယူသည်။

သိ=မဟာသက္ကရာဇ် ၆၈-ခု၊ ကဆုန်လပြည့်၊ သောကြာ နေ့တွင် ဖွားမြင်သည်။

ကြ=မဟာသက္ကရာဇ် ၉၇-ခု၊ ဝါဆိုလပြည့်၊ တနင်းလာ နေ့တွင် တောထွက်သည်။

လျှင်=မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူး နေ့တွင် ဘုရားဖြစ်သည်။

တွေး=မဟာသက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလပြည့်၊ စနေနေ့ တွင်၊ ဓမ္မစကြာဟောသည်။

ဆ=မဟာသက္ကရာဇ် ၁၄၈-ခု၊ ကဆုန်လပြည့်၊ အင်္ဂါ နေ့တွင် ပရိနိဗ္ဗာန်စံသည်။

ဦး=မဟာသက္ကရာဇ် ၁၄၈-ခု၊ ကဆုန်လဆုတ် ၁၂-ရက်၊ တနင်္ဂနွေနေ့တွင် တေဇောဓာတ်လောင်သည်။

၁။ ကြွက်-သန့်,ပူး-ဖွား၊ ကျား-တောသွား၊ ဆင်ကား-ဘုရားဆောင်။

၂။ စက်လှစ်-နဂါ၊နိပ်-သီဟ၊ ဂရုဠ- ခေတ်မီးလောင်။

ကဆုန်လပြည့်။ ။ဗျာဒိတ်, မွေးဖွား၊ ဘုရားဖြစ်တုံ၊ နိဗ္ဗာန်လှုံ၊ ကဆုန်လပြည့်နေ့။

ဝါဆိုလပြည့်။ ။သန္ဓေ,တောထွက်၊ ဓမ္မစက်၊ဟောမြွက် သံချို၊ လဝါဆို။

ဗုဒ္ဓအာဏာစက်တော်များ

ဒုတိယပိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

စိန်ရောင်ခြည်ဘုရားပင့်

အင်္ဂီရသဿ ဥဏ္ဏာယ၊ ဒါဌာဟိ သေတရံသိယော။
ဝဇိရဝ ဝိရောစန္တိ၊ ဇိနော မေ ဌာတု သီသကေ။

အင်္ဂီရသဿ–အယုတ်အလတ်၊ အမြတ်ပိုင်းခြား၊ လွန်ကြိုးစားသည့်၊ သုံးပါးဆယ်လီ၊ ပါရမီတော် အဟုန်တို့ကြောင့်၊ ခြောက်ရောင်စုံ ကွန့်မြူးလျက်၊ အင်္ဂီရသ–ဆိုတဲ့ ဘွဲ့ထူးကို၊ အံ့ကျူးခံ့ခိုင်၊ ဘက်မပြိုင်နိုင်အောင်၊ လက်ကိုင် ရရှိတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ (ဘမုကန္တရေ-မျက်မှောင်တော် နှစ်သွယ်၊ အလယ်တဲ့တဲ့၌။ သဉ္ဇာတာယ–နူဖြူသွားထွား၊ ကောင်းစွာ ပေါက်ပွားရှိနေသော။) ဥဏ္ဏာ–ယ စ– ဆွဲလို့ဆန့်လျှင်၊ နှင်းတောင်ခန့် ရှည်လျားသဖြင့်၊ စိန်သားနှစ်အသွင်၊ ငွေနန်းခြည်အမျှင်ကဲ့သို့၊ ဖြူစင်ဝင်းသစ်၊ လက်ျာရစ်ခွေရုံ၊ စိန်ကြယ်ပွင့် အနေပုံကဲ့သို့၊ ဥဏ္ဏာလုံခေါ်၊

မွေးရှင်တော်ခေတ်၊ လွန်ထူးမြတ်သည့်၊ အရပ်တော်တို့မှ လည်းကောင်း။ ဒါဌာဟိ စ–ပတ္တမြား ခေါင်ရမ်း၊ နှင်းဆီပန်းကဲ့သို့၊ နီမြန်းသော နှုတ်ခမ်းတော်တို့ဖြင့်၊ မပေါ်အောင် ဖုံးပိတ်၍ ထားအပ်သော၊ သွားတော်လေးဆယ်၊ စွယ်တော်လေးဆူ၊ ဖြူရာရာ ခေတ်တော်ထူးတို့မှ လည်းကောင်း။ သေတရံသိယော–ပုလဲအနှစ်၊ စိန်စစ်နမူ၊ ဘော်ဖြူငွေရွက်၊ ဖြန့်ကြက်စီခြယ်၊ ငွေကြယ်ရောင်သန်း၊ ကေလာသ ငွေတောင်ကို၊ နေအရောင်လွှမ်းသကဲ့သို့၊ မြလေးပန်း စပယ်ငုံ၊ ကြာဖြူပွင့် ဝတ်မှုံလို၊ ပုံပမာကပ်၊ တိမ်တောင်မှာ စိန်ရောင်ဟပ်သကဲ့သို့၊ တလျပ်လျပ် တဖိတ်ဖိတ်၊ တရိပ်ရိပ် ထိန်ပြောင်ကြည့်တဲ့၊ စိန်ရောင်ခြည်မြတ်၊ ဖြူဖွေးသော အဆင်းတော်ခေတ်တို့သည်။ ဝဇိရာဝ–စိန်နှစ်စိန်သွေး၊ ဖြူဖွေးတောက်ပြောင်၊ စိန်သားတောင်ကြီးတို့ကဲ့သို့။ ဝိရောစန္တိ–ဖူးမြင်ရသူတို့၊ အထူးဘဝင်ကြည်နူးလောက်အောင်၊ ရှင်မြူးတက်ကြွ၊ ဘက်မမျှသဖြင့်၊ လှပဆန်းကြယ်၊ တင့်တယ်ဘော်မူကြ ပေကုန်၏။

သောဇိနော–ထို ထူးထွေ ဆန်းလည်၊ စိန်ရောင်ခြည်တို့ကြောင့်၊ အဂ္ဂိရသံ၊ ဘွဲ့ထူးခံသည့်၊ ငါးမာရ်အောင်ပြီး၊ ထိုဘုရားရှင် ကိုယ်တော်ကြီးသည်။ မေ-မမ-များလှဖုံဖုံ၊ အရှင့်ဂုဏ်ကို၊ အာရုံရှုမြော်၊ ဘုရားတပည့်တော်၏။ သီသကေ–ဦးခေါင်းရတနာ၊ မြတ်ရာထားတင်၊ ဦးထိပ်ပြင်၌။ ဌာတု-

မယိမ်းမယိုင်၊ ကျောက်စာတိုင်သို့၊ ခိုင်ခိုင်မတ်မတ်၊ တန့်ရပ်တည်နေတော်မူလှည့်ပါ၊ စိန်ရောင်ခြည် နေတန္တန်းကဲ့သို့၊ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

အဓိပ္ပါယ်အကျဉ်း။ ။ မြတ်စွာဘုရား၏ ဥဏ္ဏာလုံ - ခေါ် မွေးရှင်တော်မှ လည်းကောင်း၊ သွားတော်လေးဆယ် စွယ်တော်လေးဆူတို့မှ လည်းကောင်း ဖြူဝင်းသော ရောင်ခြည်တော်များ ထွက်ပေါ်ကွန့်မြူးကြ၏။ ယင်းရောင်ခြည်တော်တို့သည် စိန်ရတနာ၏ အရောင်ကဲ့သို့ တင့်တယ်ကြ၏။ ယင်းရောင်ခြည်တော်များကြောင့် မြတ်စွာဘုရားကို "အင်္ဂီရသ=ခန္ဓာကိုယ်တော်မှ အရောင်ထွက်သော ပုဂ္ဂိုလ်ထူး"ဟု ခေါ်ရ၏။ ဤကဲ့သို့ အင်္ဂီရသ ဘွဲ့ထူးရသည့် ဗုဒ္ဓမြတ်စွာသည် တပည့်တော်၏ ဦးခေါင်းထက်၌ (သို့မဟုတ် တပည့်တော်၏ ဘုရားစင်၌) ကြွလာ တည်စံတော်မူပါစေသတည်း။

မှာထားချက်။ ။ ဤဂါထာကို ရွတ်ဆို ပြီးသည်နှင့် ဟာပြိုင်နက် ဘုရားရှင် ကိုယ်တော်မြတ်သည် သင်၏ ဦးခေါင်းထက်၌ (သို့မဟုတ်-သင်၏ဘုရားစင်၌) ကြွရောက်တော် မူနေပြီ-ဟု သဘောထားပါ။ "သင်၏ဘုရားစင်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသော ဆင်းတု

တော်, သို့မဟုတ် ရုပ်ပုံတော်ကို "သက်တော်ထင်ရှား မြတ်ဘုရားပါ တကား" ဟု သဘောထားလိုက်ပါ။ ဤကဲ့သို့ သဘောထားပြီးမှ အောက်ပါအတိုင်း အနေကဇာတင်ပါ။

အနေကဇာတင် ပါဠိ

၁။ အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

၂။ ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

အဓိပ္ပါယ်အကျဉ်း။ ။ (အနက်အကျယ်ကို အနေကဇာတင် အစီအစဉ်မှာ ကြည့်ပါ။)

၁။ အို နာ သေရေး သောကဘေးတို့နှင့် ရောထွေးနေသောကြောင့် ထပ်ကာထပ်ကာ ပဋိသန္ဓေ တည်နေရခြင်း (ဟူသော ဇာတိ) သည် ဆင်းရဲလှ၏။ ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော သင်တဏှာယောကျ်ား လက်သမားကို ဉာဏ်ဖြင့် ထင်ထင် မမြင်ရသေးသမျှ ကာလပတ်လုံးလည်း ထိုဇာတိသည် နောက်ဆုတ်ရိုး မရှိ။ ထို့ကြောင့် ဇာတိကင်းပြတ်ရန်အတွက် သင်တဏှာယောကျ်ား လက်သမားကို ရှာ

ဖွေလာသော ငါဘုရားသည် သင့်ကိုမြင်ရန် သဗ္ဗညုတဉာဏ်ကို ကောန်ပိုင်ပိုင် မရနိုင်သေးသဖြင့် ဘဝပေါင်းများစွာကျင်လည် ကျက်စား ပြေးလွှားခဲ့ရလေပြီ။

၂။ အို-တဏှာ ယောကျ်ား လက်သမား၊ ယခုကား သဗ္ဗညုတဉာဏ်တော်ကို ရပြီးသော ငါသည် သင့်ကိုတွေ့ပြီ၊ သင်သည် နောက်ထပ် ခန္ဓာအိမ်ကို ဆောက်လုပ်နိုင်တော့မည် မဟုတ်၊ ငါသည် သင်၏ အခြင် ယနယ် ဒိုင်း မြားတို့ကို ချိုးဖွဲ့ ဖျက်ဆီးလိုက်ပြီ၊ အထွတ် ထုပိကာကို ချေမွှင်လိုက်ပြီ၊ ငါ၏စိတ်သည် သခင်္ခါရကင်းမြဲ နိဗ္ဗာန်တုံ့သို့ အာရုံပြုသော အားဖြင့် ရောက်နေပြီ၊ ငါသည် တဏှာကုန်ကြောင်း အရဟတ္တဖိုလ်ဟူသော တရားကောင်းကို လက်ဝယ်မိမိ ရရှိထား ပေပြီ။

မှာထားချက်။ ။အနေကဇာ တင်ခြင်းကို "ဆင်းတုတော်, ရုပ်ပုံတော်အား အသက် သွင်းပေးခြင်း" ဟု ထင်မြင်နေကြပါသည်။ အမှန်မှာ ဆင်းတုတော်, ရုပ်ပုံ တော်များသည် အနေကဇာ တင်သည်ဖြစ်စေ, မတင်သည် ဖြစ်စေ သက်တော်ထင်ရှား မြတ်စွာဘုရား၏ ဂုဏ်တော်များ ကို အာရုံပြု၍၊ သို့မဟုတ် သက်တော်ထင်ရှား မြတ်ဘုရား၏ ရုပ်ပုံတော်ကို စိတ်ထဲမှာထင်လာစေ၍ ရှိခိုးပါလျှင် ကောင်း ကျိုးအဆိုင်ဆိုင်ကို ပေးနိုင်သည်သာ ဖြစ်ပါသည်။

ငါးပါးသီလခံယူပုံ

ကန်တော့ချိုး။ ။ဩကာသ၊ ဩကာသ၊ ဩကာသ၊ ဘဝများစွာ၊ သံသရာမှ၊ အစပြု၍၊ ယခုနေ့အထိ၊ ကျူးလွန်မိသည့်၊ ရှိသမျှမလေ်၊ ကံအပြစ်တို့မှ၊ ပျောက်ပကင်းကွာ၊ နိဗ္ဗုတာသို့၊ လျင်စွာ ထုတ်ချောက်၊ ကွန်းမထောက်ပဲ၊ ဆိုက်ရောက်ပါရခြင်း အကျိုးငှာ၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ဆရာသမား၊ ဘိုးဘွား မိဘ၊ သက်ကြီးသူ ဟူသမျှတို့အား၊ သုံးပါးသော စေတနာ၊ သုံးဖြာဒွါရ၊ ပဏာမဖြင့်၊ တုပ်ကွရှိကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏ အရှင်ဘုရား။

ဆုတောင်း။ ။ဤသို့၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ရသော၊ ပဏာမတွင်မည်၊ ကုသိုလ်ကံ အလီလီတို့ကြောင့်၊ သက်ရှည်,ဆင်းလှ၊ နေချမ်းသာ၊ ပညာ,ခွန်အား၊ လွန်ကြီးမား၍၊ လေးပါးအပါယ်၊ သုံးသွယ်သောကပ်၊ ရပ်ပြစ်ရှစ်တန်၊ ငါးပါးရန်နှင့်၊ လေးတန်ဝိပတ္တိ၊ ငါးရှိဗျသန၊ ကိုးရှစ်ဖြာဘေး၊ ကင်းစင်ဝေး၍၊ မဂ်ရေးပါရမီ၊ ပြည့်စုံညီလျက်၊ လီလီဘုရား၊ သူတော်များတို့၊ ပျော်ပါးရာမှန်၊ မြတ်နိဗ္ဗာန်သို့၊ လျင်မြန်ထုတ်ချောက်၊ ကွန်းမထောက်ပဲ၊ ဆိုက်ရောက်ရပါလို၏ အရှင်ဘုရား။

အဓိပ္ပာယ်အကျဉ်း။ ။ရှိခိုးခြင်း, မြတ်နိုးခြင်း, ပူဇော်ခြင်း, အရိုအသေပြုခြင်းတို့၏ တည်ရာ ဖြစ်တော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် အစမထင်သော သံသရာမှ ယခုနေ့ကျအောင် ဘုရားတရား သံဃာ ဆရာသမား ဘိုး ဘွား မိဘ အသက်ကြီးသူ ဟူသမျှတို့အပေါ်၌ ကျူးလွန်မိသော အပြစ်များရှိခဲ့ပါက ထိုအပြစ်များ ကင်းလွတ်ပြီး မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ခြင်း အကျိုးငှာ အထက်ပါ ပုဂ္ဂိုလ်များအား ရှိခိုးကန်တော့ပါ၏။ ဤသို့ ရှိခိုးကန်တော့ရသော ကောင်းမှုကံကြောင့် ထိုအပြစ်တို့မှ လွတ်မြောက်၍ အသက်ရှည်ခြင်း,အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်း, ဥာဏ်ပညာကြီးခြင်း-ဟူသော ကောင်းကျိုးထူးတရားများနှင့် ပြည့်စုံ၍ အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရား လေးပါး၊ ဗျသနတရား ငါးပါး၊ အနာမျိုးကိုးဆယ်ရှစ်ပါးတို့မှ ကင်းလွတ်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

အပါယ်လေးပါး။ ။ချမ်းသာသုခမှကင်းသော၊ တနည်း-သတ္တဝါတို့၏ ကြီးပွားကြောင်း ကုသိုလ်ကောင်းမှုမှ ကင်းသော ဘုံကို အပါယ်ဘုံ-ဟု ခေါ်၏။ ထိုအပါယ်ဘုံသည် (၁) ငရဲဘုံ၊ (၂)တိရစ္ဆာန်ဘုံ၊ (၃) ပြိတ္တာ

ဘုံ၊ (၄) အသုရကာယ်ဘုံ- ဟု ၄-မျိုးရှိ၏။ ထိုတွင်=ငရဲဘုံ=ဟူသည်ချမ်းသာသုခ လုံးဝမရှိပဲ အမြဲဒုက္ခခံနေရသော, ဤကမ္ဘာမြေကြီး၏အောက် ယူဇနာ တသောင်း ငါးထောင်အကွာမှာရှိသော သီးခြားဘုံတခုတည်း။တိရစ္ဆာန်ဘုံ-ဟူသည် ကောင်းကင်ကို ကျောပေး၍ ဖီလာသွားတတ်သော ခွေး, နွား-စသည်တို့၏ နေရာတည်း။ ဘုံသီးခြားမရှိ။ ပြိတ္တာဘုံ-ဟူသည် တမလွန်ဘဝသို့ ပြောင်းသွား၍ တစ္ဆေ, သူရဲ, မှင်စာ, ဖုတ်ကောင်, ကျတ်ကောင်-စသည် ဖြစ်နေသော သတ္တဝါတို့၏ နေရာတည်း။ ဘုံသီးခြားမရှိ။ သုသာန်, လမ်းကြို လမ်းကြား, အိမ်ကြိုအိမ်ကြား-စသည်တို့မှာ လှည့်လည်သွားလာ၍ လူတွေစွန့်ပစ်ထားသောထမင်းကျန် ဟင်းကျန်, တံတွေးအံဖတ်, အပုပ် အစပ် တွေကို ရှာဖွေ စားသောက်နေကြသည်။ အသုရကာယ်ဘုံ - ဟူသည် ပြိတ္တာအကြီးစားတို့၏ နေရာဘည်း။ဘုံသီးခြားမရှိ။ စိမ့်ကြီးမြိုင်ကြီး, မြစ်ကမ်းအနီးတို့မှာ နေကြသည်။

ကပ်သုံးပါး။ ။ကမ္ဘာကြီး အပြီးတိုင် မပျက်သေးမီကြားကာလ၌ အခိုက်အတန့် ပျက်စီးခြင်းကို "ကပ္ပ=ကပ်"ဟုခေါ်၏။ ကျမ်းဂန်တို့၌ အန္တရကပ်-ဟု သုံးနှုန်း၏။ ယင်းကပ်သည် (၁) သတ္ထန္တရကပ်-လက်နက်ကြောင့် ပျက်ခြင်း၊ (၂) ရောဂန္တရကပ်-ရောဂါကြောင့် ပျက်ခြင်း၊

(၃) ဒုဗ္ဘိက္ခန္တရကပ်- ငတ်မွတ်ခြင်းကြောင့်ပျက်ခြင်း-ဟု သုံးမျိုးရှိ၏။

ရပ်ပြစ်ရှစ်ပါး။ ။မဂ်ဖိုလ်နိဗ္ဗာန် ရောက်အောင် တရားအားထုတ်ခွင့် မရှိသောကြောင့် အပြစ်ရှိသော အရပ်ကို''ရပ်ပြစ်''ဟုခေါ်၏။ ပါဠိတော်၌ အက္ခဏ-ဟုဟောတော်မူ၏။ မဂ်ဖိုလ်နိဗ္ဗာန်ရအောင် တရားအားထုတ်ခွင့် မရှိသော အခိုက်အခါ- ဟု ဆိုလိုသည်။ ရပ်ပြစ်ရှစ်ပါးကား- ဘုရား ပွင့်ထွန်းနေစဉ်(၁) ငရဲဘုံ၊ (၂) တိရစ္ဆာန်ဘုံ၊ (၃) ပြိတ္တာဘုံ၊ (၄) အသညသတ်နှင့် အရူပဗြဟ္မာဘုံ-တို့၌ ဖြစ်ရခြင်း၊ (၅) သာသနာမရောက်နိုင်သော နေရာ၌ ဖြစ်ခြင်း၊ (၆)မိစ္ဆာဒိဋ္ဌိ အယူရှိသူဖြစ်ခြင်း၊(၇)တရားတော်ကိုနားလည်နိုင်သော ဉာဏ်မရှိသူဖြစ်ခြင်း၊ (၈) ဘုရားမပွင့်သောအခါ မဇ္ဈိမဒေသ၌ လူသာဖြစ်ခြင်းတို့တည်း။

ရန်သူမျိုးငါးပါး။ ။လူဝတ်ကြောင်တို့သည် စီးပွားဥစ္စာကို လွန်စွာမက်မောတွယ်တာကြ၏။မိမိတို့ရှာဖွေထားသော စီးပွားဥစ္စာကို ဖျက်စီးမည့်သူ မှန်သမျှကို ရန်သူ-ဟု သတ်မှတ်ထားကြ၏။ ထိုရန်သူသည် ငါးမျိုးရှိ၏၊ ငါးမျိုးကား- (၁) ရေ၊ (၂) မီး၊ (၃) မင်းညစ်မင်းဆိုး၊ (၄) ဒမြ သူခိုး၊ (၅) သားဆိုး သမီးဆိုး-တို့တည်း။

ဝိပတ္တိတရားလေးပါး။ ။ကုသိုလ်ကံ အကျိုးပေးခွင့် မသာအောင်နှင့် အကုသိုလ်ကံအကျိုးပေးခွင့်သာအောင် ချွတ်ယွင်း ပျက်ကွက်မှုကို "ဝိပတ္တိ-ပျက်ကွက်မှု"ဟု ခေါ်၏။ ဝိပတ္တိတရား လေးပါးကား (၁)ကာလဝိပတ္တိ-အချိန်အခါ ချွတ်ယွင်းမှု၊ မင်းဆိုးအုပ်ချုပ်သောအခါဖြစ်ခြင်း၊ (၂) ဂတိဝိပတ္တိ-ဖြစ်ရာဘုံဘဝ၏ ချွတ်ယွင်းမှု၊ အပါယ်ဘုံ၌ ဖြစ်ရခြင်း၊ (၃) ဥပဓိဝိပတ္တိ-ရုပ်ဆင်း အင်္ဂါ၏ ချွတ်ယွင်းမှု၊ အရုပ်ဆိုးခြင်း၊ (၄) ပယောဂဝိပတ္တိ- လုံ့လပယောဂ ဗျာပါရ၏ ချွတ်ယွင်းမှု၊ သတိ ဝီရိယ ဉာဏ်နုံ့ခြင်းတို့တည်း။

ဗျသနတရားငါးပါး။ ။ပျက်စီး ဆုံးပါးခြင်းကို "ဗျသန-ပျက်စီးခြင်း"ဟု ခေါ်၏။ ဗျသနတရားငါးပါးကား (၁) ဉာတိဗျသန-ဆွေးမျိုး ပျက်စီးခြင်း၊ (၂) ဘောဂဗျသန-ဥစ္စာပျက်စီးခြင်း၊ (၃) ရောဂဗျသန-အနာရောဂါဖြစ်ပွားခြင်း၊ (၄) သီလဗျသန-သီလ ပျက်စီးခြင်း၊ (၅) ဒိဋ္ဌိဗျသန-အယူမှန်ပျက်စီးခြင်းတို့တည်း။

အနာမျိုး ကိုးဆယ့်ရှစ်ပါး။ ။အနာမျိုး ၉၆-ပါး၊ ၉၈-ပါးတွက်ပုံကို ကျမ်းဂန်များ၌ ပြထားသော်လည်း ရှုပ်ထွေးသလောက် အကျိုးမသက်ရောက်

သောကြောင့် ဤနေရာ၌ မပြတော့ပြီ။ လိုရင်းကား **အနာ ရောဂါဆိုး** မှန်သမျှမှ ကင်းလွတ်ရပါလို၏-ဟုဆိုလိုသည်။

ငါးပါးသီလခံယူပုံ အဆက်

သီလတောင်း။ ။အဟံ ဘန္တေ၊ တိသရဏေန သဟ၊ ပဉ္စ သီလံ၊ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ၊ သီလံ ဒေထ၊ မေ ဘန္တေ။

ဒုတိယမ္ပိ၊ အဟံ ဘန္တေ........မေ ဘန္တေ။

တတိယမ္ပိ၊ အဟံ ဘန္တေ........မေ ဘန္တေ။

အရှင်ဘုရား၊ တပည့်တော်သည်၊ တကြိမ် နှစ်ကြိမ်၊သုံး ကြိမ်မြောက်အောင်၊ သရဏဂုံသုံးပါးနှင့်တကွ၊ ငါးပါးသီလ တရားကို၊ တောင်းခံပါ၏။ ချီးမြှင့်မြောက်စား၊ သနားသော အားဖြင့်၊ တပည့်တော်အား၊ သီလပေးတော်မူပါ အရှင် ဘုရား။

ဘုရားရှိခိုး။ ။နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (၃-ခေါက်ဆိုပါ။)

အရဟံ– ဂုဏ်တော်, သမ္မာသမ္ဗုဒ္ဓ–ဂုဏ်တော်တို့နှင့် ပြည့် စုံတော်မူသော ဘုန်းတော်သခင် ထိုဘုရားရှင်ကို ရှိခိုးပါ၏။

သရဏဂုံယူ။ ။ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တကြိမ် နှစ်ကြိမ်၊ သုံးကြိမ် မြောက်အောင်၊ ဘုရားရှင်ကို ကိုးကွယ်ပါ၏၊ တရားတော်ကို ကိုးကွယ်ပါ၏၊ သံဃာတော်ကို ကိုးကွယ်ပါ၏။

ငါးပါးသီလယူ။ ။(၁) ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ– သူတပါး အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။ (၂) အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ–သူတပါး ဥစ္စာကို ခိုးဝှက်လုယူခြင်းမှ ရှောင်ကြဉ်ပါ၏။ (၃)ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ–သူတပါး သားမယားကို ပြစ်မှားကျူးလွန်ခြင်းမှ ရှောင်ကြဉ်ပါ၏။ (၄) မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ– လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။ (၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ

သမာဒိယာမိ-သေရည် သေရက် ဘိန်း ဘင်း ကစော် လှော်စာ-တို့ကို သောက်စားခြင်းမှ ရှောင်ကြဉ်ပါ၏။

ဆုတောင်း + အမျှဝေ။ ။(၁) ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု။ (၂) ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။ (၂) ဣမဿ ပုညဿ ဘာဂံ သဗ္ဗသတ္တာနံ သမံ ဘာဇေယျာမိ။ (၄)သဗ္ဗေ သတ္တာ သမံ လဒ္ဓါ သုခိတာ ဟောန္တု။

(၁) တပည့်တော်၏ ဤကောင်းမှုသည် တပည့်တော်ကို အာသဝေါကုန်ရာ အရဟတ္တဖိုလ်သို့ ဆောင်ပို့ပါစေ။ (၂) တပည့်တော်၏ ဤကောင်းမှုသည် နိဗ္ဗာန်၏ အထောက်အပံ့ ဖြစ်ပါစေ။ (၃) ဤကောင်းမှု၏ အဖို့ဘာဂကို အားလုံးသော သတ္တဝါတို့အား အမျှပေးဝေပါ၏။ (၄)အားလုံးသော သတ္တဝါတို့သည် အမျှရ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေသော်။

မှာထားချက်။ ။ငါးပါးသီလကို ပါဠိစာပေ၌ "ဂဟဋ္ဌ-သီလ-လူဝတ်ကြောင်တို့၏သီလ"ဟုလည်း ကောင်း, "နိစ္စသီလ-အမြဲ စောင့်ထိန်းရသော သီလ"ဟု လည်းကောင်း, "ဂရုဓမ္မ-အလေးအမြတ် ပြုအပ်သော ကိုယ်ကျင့်တရား"ဟုလည်းကောင်းခေါ်ဝေါ်ထား၏။ထို့ကြောင့်

လူဝတ်ကြောင်မှန်လျှင် ငါးပါးသီလကို ကေန်လုံခြုံအောင် စောင့်ထိန်းရမည်။ ထို့ကြောင့် နောက်၌ပြမည့် အာဇီဝဋ္ဌ-မကသီလ ဧသော အထက်တန်းသီလများကို မစောင့်ထိန်းနိုင်သည့်တိုင်အောင် ငါးပါးသီလကိုကား မလွဲမသွေ စောင့်ထိန်းကြပါလေ။

အာဇီဝဋ္ဌမကသီလခံယူပုံ

ကန်တော့ချိုး+ဆုတောင်း။ ।ငါးပါးသီလ ခံယူပုံအတိုင်း ဆိုပါ။

သီလတောင်း။ ။အဟံ ဘန္တေ၊ တိသရဏေန သဟ၊ အာဇီဝဋ္ဌမကသီလံ၊ ဓမ္မံ ယာစာမိ၊ အနု-ဂ္ဂဟံ ကတွာ၊ သီလံ ဒေထ၊ မေ ဘန္တေ။

ဒုတိယမ္ပိ၊ အဟံ ဘန္တေ............မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ............မေ ဘန္တေ။

အရှင်ဘုရား၊ တပည့်တော်သည်၊ တကြိမ် နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင်၊ သရဏဂုံသုံးပါးနှင့်တကွ၊အာဇီဝဋ္ဌမကသီလတရားကို၊ တောင်းခံပါ၏။ ချီးမြှင့်ခြောက်စား၊ သနားသောအားဖြင့်၊ တပည့်တော်အား၊သီလပေးတော်မူပါ အရှင်ဘုရား။

ဘုရားရှိခိုး+သရဏဂုံယူ။ ။ငါးပါးသီလ ခံယူပုံအတိုင်း ဆိုပါ။

အာဇီဝဋ္ဌမကသီလယူ။ ။(၁+ ၂ + ၃ + ၄–သီလများကို ငါးပါးသီလယူပုံအတိုင်းဆိုပါ။)

(၅) ပိသုဏာယ ဝါစာယ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ– ဂုံးချောစကား ပြောကြားခြင်းမှ ရှောင်ကြဉ်ပါ၏။ (၆) ဖရုသာယ ဝါစာယ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ– ကြမ်းတမ်းသောစကားကိုပြောကြားခြင်းမှ ရှောင်ကြဉ်ပါ၏။ (၇) သမ္ဖပ္ပလာပါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ–ပိန်ဖျင်းသောစကားကိုပြောကြားခြင်းမှရှောင်ကြဉ်ပါ၏။ (၈) မိစ္ဆာဇီဝါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ – မှားယွင်းစွာအသက်မွေးခြင်းမှ ရှောင်ကြဉ်ပါ၏။

ဆုတောင်း+အမျှဝေ။ ။ငါးပါးသီလခံယူပုံအတိုင်းဆိုပါ။

မှာထားချက်။ ။အာဇီဝဋ္ဌမကသီလ·ဟူသည် အသက်မွေးခြင်းလျှင် ရှစ်ခုမြောက်ရှိသော သီလ·ဟုဆိုလို၏။ ဤသီလဖြင့်ဒုစရိုက် ၁၀–ပါးထည်းမှ ကာယဒုစရိုက် ၃–ပါး, ဝစီဒုစရိုက် ၄–ပါး, နှစ်ရပ်ပေါင်း ၇–ပါးအပြင် မှားယွင်းစွာ အသက်မွေးမှုကို လုံခြုံစေ၏။ ထို့ကြောင့်ပင် အာဇီဝဋ္ဌမကသီလ–ဟု ခေါ်ရ၍လသည်။ ဤအာဇီဝဋ္ဌမက

သီလ၌ မေထုန်မှုကိုလုံးဝမပြုကျင့်ရသော အဗြဟ္မစရိယသိက္ခာပုဒ်,ညစာမစားရသော ဝိကာလဘောဇနသိက္ခာပုဒ်တို့မပါဝင်သောကြောင့် ဤသီလကို မစောင့်ထိန်းနိုင်စရာ မရှိပေ။ ထို့ကြောင့် ဤသီလကိုလည်း ကြိုးစား၍ စောင့်ထိန်းကြရာသည်။

ရှစ်ပါးသီလခံယူပုံ

ကန်တော့ချိုး+ဆုတောင်း॥ ॥ငါးပါးသီလ ခံယူပုံအတိုင်း ဆိုပါ॥

သီလတောင်း॥ ॥အဟံ ဘန္တေ၊တိသရဏေန သဟ၊ အဋ္ဌင်္ဂသမန္နာဂတံ၊ ဥပေါသထသီလံ၊ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ၊ သီလံ ဒေထ၊ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံဘန္တေ............ မေ ဘန္တေ။

တတိယမ္ပိ အဟံဘန္တေ............ မေ ဘန္တေ။

အရှင်ဘုရား၊တပည့်တော်သည်၊တကြိမ် နှစ်ကြိမ်၊သုံးကြိမ် မြောက်အောင်၊ သရဏဂုံသုံးပါးနှင့်ဘက်၊ အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော၊ ဥပုသ်သီလ တရားတော်ကို၊ တောင်းခံပါ၏။ ချီးမြှင့်မြှောက်စား၊သနားသောအားဖြင့်၊ တပည့်တော်အား၊ သီလပေးတော်မူပါ အရှင်ဘုရား။

ဘုရားရှိခိုး+သရဏဂုံယူ။ ။ငါးပါးသီလ ခံယူပုံ အတိုင်း ဆိုပါ။

ရှစ်ပါးသီလယူ။ ။(၁)ပါဏာတိပါတာ ဝေရမဏိသိက္ခာ-ပဒံ သမာဒိယာမိ-သူတပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။ (၂) အဒိန္နာဒါနာ ဝေရမဏိ-သိက္ခာပဒံ သမာဒိယာမိ-သူတပါးဥစ္စာကို ခိုးဝှက်လုယူခြင်းမှ ရှောင်ကြဉ်ပါ၏။ (၃) အဗြဟ္မစရိယာ ဝေရမဏိသိက္ခာ-ပဒံ သမာဒိယာမိ–မေထုန်မှုကို ပြုကျင့်ခြင်းမှ ရှောင်ကြဉ်ပါ၏။ (၄) မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ-လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။ (၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။ သေရည် အရက် ဘိန်း ဘင်း ကဆော် လှော်စာတို့ကို သောက်စားခြင်းမှ ရှောင်ကြဉ်ပါ၏။ (၆) ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ– နေ့လွဲညစာ စားသောက်ခြင်းမှ ရှောင်ကြဉ်ပါ၏။ (၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍနဝိဘူသနဋ္ဌာနာ ဝေရမဏိ–သိက္ခာပဒံ သမာဒိယာမိ– ကပြမှု သီဆိုမှု တီးမှုတ်မှုတို့ကို ကြည့်ရှုနားထောင်ခြင်း, ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း, မိတ်ကပ်လူးခြင်းတို့မှ ရှောင်ကြဉ်ပါ၏။ (၈) ဥစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ– မြင့်လွန်း

သောနေရာ, ခမ်းနားသောနေရာတို့၌ နေထိုင်အိပ်စက်ခြင်းမှ ရှောင်ကြဉ်ပါ၏။

ဆုတောင်း+အမျှဝေ။ ။ငါးပါးသီလခံယူပုံအတိုင်းဆိုပါ။

မှာထားချက်။ ။ဂ-ပါးသီလသည် ဥပုသ်သီလ ဖြစ်၏။ လဆန်း လဆုတ် ဂ-ရက်နေ့များနှင့် လပြည့်လကွယ် နေ့များတွင် စောင့်ထိန်းကြ၏။ ယခုခေတ်နှင့် လျော်အောင် တနင်္ဂနွေနေ့မှာ စောင့်ထိန်းလျှင်လည်း ဖြစ်၏။ တတ်နိုင်လျှင် နေ့စဉ်နေ့တိုင်းလည်း စောင့်ထိန်းကောင်းသည်သာ ဖြစ်ပါသည်။

ကိုးပါးသီလခံယူပုံ

ကန်တော့ချီး+ဆုတောင်း။ ။ငါးပါးသီလခံယူပုံအတိုင်း ဆိုပါ။

သီလတောင်း။ ။အဟံ ဘန္တေ၊ တိသရဏေန သဟ၊ နဝင်္ဂ- သမန္နာဂတံ၊ ဥပေါသထသီလံ၊ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္ွာ၊ သီလံ ဒေထ၊ မေ ဘန္တေ။

ဒုတိယမ္ပိ၊ အဟံ ဘန္တေ............ မေ ဘန္တေ။

တတိယမ္ပိ၊ အဟံ ဘန္တေ............မေ ဘန္တေ။

အရှင်ဘုရား၊ တပည့်တော်သည်၊ တကြိမ်နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင်၊ သရဏဂုံ သုံးပါးနှင့်တကွ၊ အင်္ဂါ ၉-ပါးနှင့် ပြည့်စုံသော၊ ဥပုသ်သီလ တရားတော်ကို၊ တောင်းခံပါ၏။ ချီးမြှင့်မြောက်စား၊ သနားသောအားဖြင့်၊ တပည့်တော်အား သီလပေးတော်မူပါ အရှင်ဘုရား။

ဘုရား ရှိခိုး+သရဏဂုံယူ။ ။ငါးပါးသီလ ခံယူပုံအတိုင်း ဆိုပါ။

ကိုးပါးသီလယူ။ ။(၁-မှ ၈-အထိ သီလများကို ၈-ပါး သီလ ခံယူပုံ အတိုင်း ဆိုပါ)။

(၉) မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ-မေတ္တာစိတ်ဖြင့် သတ္တဝါ အားလုံးတို့အပေါ်၌ ဖြန့်နှံ့၍နေခြင်းကို ဆောက်တည်ပါ၏။

ဆုတောင်း+အမျှဝေ။ ။ငါးပါးသီလခံယူပုံအတိုင်းဆိုပါ။

မှာထားချက်။ ။၉-ပါးသီလ ခံယူထားသူသည် မေတ္တာကို အထူးပွားရမည်၊ သို့မှသာ သဘာဝကျသည်။ ထို့ကြောင့် အောက်ပါ မေတ္တာဘာဝနာကို စိတ်ပါ လက်ပါ ရွတ်ဆိုနေပါ။ သို့မဟုတ် ပုတီးစိပ်နေပါ။ ပုတီးစိပ်လျှင် ဘုဒ်ကို ပုတီးတလုံးချပါ။ ထိုပြင် ၃-နံပါတ် အပိုဒ်၌ ကျေးရွာနေသူဖြစ်က အထက်အပိုဒ်ကိုသာ ဆိုရန်

ဖြစ်၍ မြို့ပြမှာနေသူဖြစ်က အောက်အပိုဒ်ကိုသာ ဆိုရန် ဖြစ်ပါသည်။

မေတ္တာဘာဝနာ

၁။ ငါတို့အိမ်နေ၊ သတ္တဝါတွေ၊ ကျန်းမာ ချမ်းသာ ကြပါစေ။

၂။ ငါတို့ရပ်နေ၊ သတ္တဝါတွေ၊ ကျန်းမာ ချမ်းသာ ကြပါစေ။

၃။ (က)ငါတို့ ရွာနေ၊ သတ္တဝါတွေ၊ ကျန်းမာ ချမ်းသာ ကြပါစေ။

(ခ)ငါတို့မြို့နေ၊ သတ္တဝါတွေ၊ ကျန်းမာ ချမ်းသာ ကြပါစေ။

၄။ ငါတို့နယ်နေ၊ သတ္တဝါတွေ၊ ကျန်းမာ ချမ်းသာ ကြပါစေ။

၅။ ငါတို့တိုင်းနေ၊ သတ္တဝါတွေ၊ ကျန်းမာ ချမ်းသာ ကြပါစေ။

၆။ ငါတို့ပြည်နေ၊ သတ္တဝါတွေ၊ ကျန်းမာ ချမ်းသာ ကြပါစေ။

၇။ ငါ့ဘုံဘိုက်နေ၊ သတ္တဝါတွေ၊ ကျန်းမာ ချမ်းသာ ကြပါစေ။

၈။ ငါတို့ကမ္ဘာနေ၊ သတ္တဝါတွေ၊ ကျန်းမာ ချမ်းသာ ကြပါစေ။

၉။ သုံးဆယ့်တဘုံနေ၊ သတ္တဝါတွေ၊ ကျန်းမာ ချမ်းသာ ကြပါစေ။

ဂုဏ်တော်ပါဠိ

ဘုရားဂုဏ်တော် ၉-ပါး။ ။ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော,လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ သတ္ထာ ဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ။

တရားဂုဏ်တော် ၆-ပါး။ ။သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

သံဃာ့ဂုဏ်တော် ၉-ပါး။ ။သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမီစိပ္ပဋိပန္နော, ဘဂဝတော သာဝကသံဃော၊ (ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ, အဋ္ဌ ပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော)၊

အာဟာရနေယျော, ပါဟုနေယျော၊ ဒက္ခိဏေယျော, အဉ္စလီ—
ကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

အကျိုး

ဝေ ဗုဒ္ဓံ သရဏ္ဍာနံ၊ ဓမ္မံ သံဃံ စ ဘိက္ခဝေါ။
ဘယံဝါ ဆမ္ဘိတတ္တံဝါ၊ လောမဟံသော နဟေဿတိ။

မှတ်သားချက်။ ။ယခုအထိ ရေးသားလာခဲ့သော ဘုရား ပင့်, အနေကဇာတင်, သီလယူ, ဂုဏ်တော်ပါဠိ-တို့ကို လူတိုင်း လူတိုင်း နေ့စဉ် နေ့စဉ် ရွတ်ဆို ပူဇော်ရမည် ဖြစ်ပါသည်။ ဆက်လက် ရေးသားမည့် ဘုရားရှိခိုး, အန္တရာယ်ကင်းဂါထာ, ပုတီးစိပ်-တို့ကိုမူ အားလုံးမဟုတ်ပဲ ၎င်းတို့အထဲမှ မိမိကြိုက်နှစ်သက်ရာကို တတ်နိုင်သလောက် ရွတ်ဆိုပြုလုပ်ကြရန် ဖြစ်ပါသည်။ တတ်နိုင်သလောက် ရွတ်ဆိုပြုလုပ်ပြီးမှ ကိုးပါးသီလ ခံယူပုံမှာ ပြထားခဲ့သည့်အတိုင်း မေတ္တာပို့ပြီး အောက်ပါအတိုင်း ဆုတောင်း, အမျှဝေရန် ဖြစ်ပါသည်။

ဆုတောင်း, အမျှဝေ

ဤသို့ပြုရ၊ ကုသလကြောင့်၊ ဒုက္ခခပ်သိမ်း၊ ပူဇာတ်ငြိမ်း၍၊ ပျော်ကိန်းစံရာ၊ မြိုက်ချမ်းသာသို့၊ လျင်စွာထုတ်ချောက်၊ ကွန်းမထောက်ပဲ၊ ဆိုက်ရောက်ရလို၊ တောင်းဆု

ဆို၏။ ထိုထိုမြင့်ရှည်၊ ဖြစ်လေသည့်ဌ၊ ဇာနည်ဥက္ကဌ်၊ ယောကျ်ားမြတ်တည်း။ အတတ်ပညာ၊ ထတ်ကောင်းရာကို၊ ကြားခါမြင်မျှ၊ တတ်မြောက်ရလို၊ တောင်းဆုဆို၏။ ကုသိုလ်ထုံမှီ၊ ပါရမီလည်း၊ ရှင်ကြည်အေးမြ၊ ဖြည့်ကျင့်ရလို၊ တောင်းဆုဆို၏။

ကုသိုလ်ပုည၊ ဖိုဘာဂကို၊ အနန္တဂိုဏ်းဝင်၊ မွေးမိခင်နှင့်၊ ဘခင်ဆရာ၊ ယမရွာတည်း၊ လူ့ရွာနတ်ရပ်၊ ကြွင်းမလပ်စေ၊ ပေးငှဝေ၏။ အထက်နေဘဝဂ်၊ အောက်ဖက်အဝီစိ၊ ရှိရှိသမျှ၊ သတ္တဝါအပေါင်းတို့၊ အားလုံး ကြားကြားသမျှ၊ အမျှ-အမျှ-အမျှ၊ ယူတော်မူကြပါကုန်လော့။

သာဓု....၊သာဓု... ၊သာဓု....။

ဘုရားဂုဏ်တော် ၉-ပါးအနက်

(၁) ဣတိပိ သော ဘဂဝါ အရဟံ

သော ဘဂဝါ-ထို ရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ-ဣမိနာ စ ကာရဏေန-တထောင့်ငါးရာ၊ ကိလေသာတို့၊ ဝါသနာမလေ့၊ အထုံငွေမျှ၊ မငွေ့မရိပ်၊ ဝင်းဝင်းဖိတ်သို့၊ ရွှေစိတ်ပြန့်သင်း၊ လွန်သန့်ရှင်း၍........။ မင်းမင်းပြည့်သူ၊ ကြည်ဖြူကော်ရော်၊ အလှူတော်မှန်၊ အပူ

ဇော်ကို ခံတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း။ အရဟံ-အရဟံ-ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီးရှိမကုန်၊ ပြဟ္မာ့ဘုံတိုင်အောင်၊ ပြန့်လှိုင်ကျော်ကြား၊ ထင်ရှားတော်မူပါပေသည်တကား။

(၂) ဣတိပိ သော ဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ

သော ဘဂဝါ–ထို ရွှေဘုန်းတော်သခင်၊ ရှင်တော် မြတ်ဘုရားသည်။ ဣတိပိ-ဣမိနာ စ ကာရဏေန-သဗ္ဗညုဉာဏ် အား၊ စွမ်းပကားဖြင့်၊ များသခ်ါရ၊ ဝိကာရနှင့်၊ လက္ခဏာ, ပညတ်၊ နိဗ္ဗာန်ဓာတ်ဟု၊ ငါးရပ်သိရန်၊ ဥဇ ယျခမ်ကို၊ ဖောက်ပြန်မရှိ၊ ကိုယ်တော်တိုင်သိသော ဤအကြောင်း ကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ-သမ္မာသမ္ဗုဒ္ဓ-ဟူသော ဂုဏ် တော်ကြီးဖြင့်၊ အံ့ချီးရှိမကုန်၊ ပြဟ္မာ့ဘုံတိုင်အောင်၊ ပြန့်လှိုင် ကျော်ကြား၊ ထင်ရှားတော်မူပါပေသည်တကား။

(၃) ဣတိပိ သော ဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော

သော ဘဂဝါ–ထိုရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ် ဘုရားသည်။ ဣတိပိ-ဣမိနာ စ ကာရဏေန-သုံးပါး ရှစ် ပါး၊ နှစ်မျိုးအားဖြင့်၊ ဟောထားပညာ၊ဉာဏ်ဝိဇ္ဇာတည်း....။ နိဗ္ဗာနဓာတ်၊ မြိုက်အရပ်သို့၊ ဆိုက်ကပ်ရန်ဖြင့်၊ အမှန်သင့် သည့်၊ အကျင့်စရဏ၊ ဆယ့်ငါးဝနှင့်....။ တကွဥသုံ၊

ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏ-သမ္ပန္နော– ဝိဇ္ဇာစရဏသမ္ပန္န- ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍မကုန်၊ ပြဟ္မာ့ဘုံတိုင်အောင်၊ ပြန့်လှိုင်ကျော်ကြား၊ ထင်ရှားတော် မူပါပေသည်တကား။

(၄) ဣတိပိ သော ဘဂဝါ သုဂတော

သော ဘဂဝါ-ထို ရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ-ဣမိနာ စ ကာရဏေန-ဒီပင်္ကရာ၊ ထုတ်ချာသနင်း၊ ခြေတော်ရင်းမှ၊ မှန်ကင်းသိရိ၊ ဗောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်အောင်၊ ဆယ်ခိုင်ပါရမီ၊ စုံပြည့်ညီလျက်၊ သုံးလီဘဝ၊ များသတ္တ၏၊ သုခစီးပွား၊ကျင့်သောအားဖြင့်၊ မိုက်မှားအယူ၊ မိစ္ဆာဟူက၊ ဆံမြူတစိ၊ မကပ်ငြိပဲ၊ သတိသမ္ပဇဉ်၊ မပြတ် ယှဉ်လျက်၊ သဗ္ဗညုဉာဏ်တော်၊ ရကြောင်းမြော်၍၊ ကြွလာတော်မူခဲ့သော ဤအကြောင်း ကြောင့်လည်း။ သုဂ–တော-သုဂတ-ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍မကုန်၊ ပြဟ္မာ့ဘုံတိုင်အောင်၊ ပြန့်လှိုင်ကျော်ကြား၊ ထင်ရှားတော်မူပါပေသည်တကား။

(၅) ဣတိပိ သော ဘဂဝါ လောကဝိဒူ

သော ဘဂဝါ-ထို ရွှေဘုန်းတော်သခင်၊ ရှင်တော် မြတ်ဘုရားသည်။ ဣတိပိ-ဣမိနာ စ ကာရဏေန-သတ္တောကာသ၊

သခ်ါရဟူ၊ လောကသုံးဘုံ၊ ဇလုံးစုံကို၊ အာရုံထင်စွာ၊ ပိုင်းခြားကာဖြင့်၊ ကောင်းစွာ ကုန်စင်၊ သိမြင်တော်မူသော ဤအကြောင်း ကြောင့်လည်း။ လောကဝိဒူ–လောကဝိဒူ-ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍မကုန်၊ ပြဟွ့ဘုံတိုင်အောင်၊ ပြန့်လှိုင် ကျော်ကြား၊ ထင်ရှားတော် မူပါပေသည်တကား။

(၆) ဣတိပိ သော ဘဂဝါ အနုတ္တရော ပုရိသဒမ္မသာရထိ

သော ဘဂဝါ-ထို ရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ-ဣမိနာ စ ကာရဏေန – ဆုံးမသင့်ရန်၊ သတ္တဝါမှန်သော်၊ ခြောက်တန်လျှင်ခြောက်၊ မြောက်တန်မြောက်၍၊ အောက်အောက် ထက်ဂုဏ်၊ ဆင့်ဆင့် စုံအောင်၊ ဖုံဖုံသင်ပေး၊ အစဉ်ဖေးလျက်၊ ယဉ်ကျေးလေအောင်၊ သွေးဆောင် ဆုံးမတော်မူသော ဤအကြောင်း ကြောင့်လည်း။ အနုတ္တရော ပုရိသ ဒမ္မသာရထိ- အနုတ္တရော ပုရိသ ဒမ္မသာ-ရထိ–ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍မကုန်၊ ပြဟ္မာ့ဘုံတိုင်အောင်၊ ပြန့်လှိုင် ကျော်ကြား၊ ထင်ရှားတော်မူပါပေသည်တကား။

(၇) ဣတိပိ သော ဘဂဝါ သတ္ထာ ဒေဝမနုဿာနံ

သော ဘဂဝါ–ထို ရွှေဘုန်းတော်သခင်၊ ရှင်တော် မြတ်ဘုရားသည်။ ဣတိပိ–ဣမိနာ စ ကာရဏေန– သတ္တဝါဟော်၊

ကုန်သည်ကျော်သည်၊ ဖော်လှော်ငယ်သား၊ နောက်ပါများ ကို၊ရေရှားဘေးခ၊ကန္တာရမှ၊ခေမမြေဝူ၊ ထုတ်ကယ်ယူသို့ ....။ ထို့တူတစ်၊ ခဲယဉ်းဘိသည့်၊ ဇာတိ,ဇရာ၊ မရဏာဟု၊ ကန္တာရ ကြမ်း၊ ခရီးလမ်းမှ၊ ရွှေနန်းမြေဝူ၊ ပြည်နိဗ္ဗူသို့၊ နတ် လူ ပြဟ္မာ၊ သတ္တဝါကို၊ ကောင်းစွာ ဆောင်ယူ၊ ကယ်တင်တော် မူတတ်သော ဤအကြောင်း ကြောင့်လည်း။ သတ္ထာ ဒေဝ မနုဿာနံ–သတ္ထာ ဒေဝမနုဿာနံ–ဟူသော ဂုဏ်တော်ကြီး ဖြင့်၊ အံ့ချီး၍မကုန်၊ ပြဟ္မာ့ဘုံတိုင်အောင်၊ ပြန့်လှိုင် ကျော် ကြား၊ ထင်ရှားတော် မူပါပေသည်တကား။

(၈) ဉာတိ ပိသော ဘဂဝါ ဗုဒ္ဓေါ

သော ဘဂဝါ– ထို ရွှေပုနန်းတော်သခင်၊ ရှင်တော် မြတ် ဘုရားသည်။ဉာတိပိ–ဉာမိနာ စ ကာရဏေန–ဒု က္ခ+သမုဒယ၊ နိရောဓနှင့်၊ မဂ္ဂမည်သာ၊ လေးသစ္စာကို၊ ဦးစွာပိုင်ပိုင်၊ သိမြင် နိုင်၍....။သုံးဆိုင်ဝေနေ၊ မျှားဗိုလ်ခြေကို၊ မသွေအတူ၊ သိစေ တော်မူသော ဤအကြောင်း ကြောင့်လည်း။ ဗုဒ္ဓေါ–ဗုဒ္ဓ– ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍မကုန်၊ ပြဟ္မာ့ဘုံတိုင် အောင်၊ ပြန့်လှိုင်ကျော်ကြား၊ ထင်ရှားတော် မူပါပေသည် တကား။

(၉) ဣတိပိ သော ဘဂဝါ ဘဂဝါ

သောဘဂဝါ- ထိုရွှေဘုန်းတော်သခင်၊ ရှင်ဟော်မြတ်ဘုရားသည်။ ဣတိပိ-ဣမိနာ စ ကာရေန-

(က) အနုမြူသဘွယ်၊ ပျောက်ကွယ်သိမ်မွေ့၊ မမြင်တွေ့အောင်၊ ရုပ်ဆောင်ဖန်ဆင်းနိုင်သော အဏိမာ-ဘုန်းတော်။

(ခ) ကိုယ်တော်သဏ္ဌာန်၊ ပုံဟန်တိုင်းပြွား၊ မနှိုင်းအားဘို့၊ ကြီးမားလေအောင်၊ ရုပ်ဆောင် ဖန်ဆင်းနိုင်သော မဟိမာ-ဘုန်းတော်။

(ဂ) စိတ်၏အလား၊ ကောင်းကင်ဖျား၌၊ ပေါ့ပါးလျင်မြန်၊ စျာန်ပျံကြွသွားနိုင်သော လဃိမာ-ဘုန်းတော်။

(ဃ) ဆီးတားကွယ်ကာ၊ မရှိပါပဲ၊ လိုရာတိုင်းပေါက်၊ တခဏလောက်ဖြင့်၊ ကြွရောက်နိုင်သော ပတ္တိ-ဘုန်းတော်။

(င) အဆင်းအတန်ဘန်၊ ပုံသဏ္ဌာန်ကို၊ စီမံဖန်တီး၊ တခဏဘည်းဖြင့်၊ ပြီးစီးနိုင်သော ပါကမ္မ-ဘုန်းတော်။

(စ) ကိုယ်တော်မြတ်၏၊စိတ်ဓာတ်ဘော်မှ၊ စ၍မကြွင်း-လူနတ်မင်းကို၊ ပိုင်နင်းအုပ်စိုး၊ လွှမ်းမိုးနိုင်သော ဤသိတာ-ဘုန်းတော်။

(ဆ) သမာပတ်စျာန်၊ အဘိညာဏ်ကို၊ ဝင်စံလိုက၊ တခဏချင်းပိုင်၊ ဝင်စားနိုင်သော ဝသိတာ-ဘုန်းတော်။

(၈၂) ကိစ္စတခု၊ ပြုစုတုန်းပင်၊ ပြီးစေချင်သော်၊ ဆော လျင်မသေ့၊ ပြီးဆုံးစေနိုင်သော ယတ္တကာမာ ဝသာယိတာ-ဘုန်းတော်။

(၁) ရှစ်ဖော်အပြား၊ ဤသို့အားဖြင့်၊ ထင်ရှားလောကီ၊ ဣဿရိယ-ဘုန်းတော်။

(၂) ကိလေသာမာရ်၊ ပယ်ဖျက်လှန်ဘို့၊ နိဗ္ဗာန် ဖိုလ်မဂ်၊ ကိုးချက်အပြား၊ လောကုတ္တရာတရား ဟူသော ဓမ္မ-ဘုန်းတော်။

(၃) ဟုတ်တိုင်းမှန်စွာ၊ ဖြစ်ပေါ်လာ၍၊ ကမ္ဘာ တိုက်ပေါင်း၊ သောင်းလောကဓာတ်၊ ပဲ့တင်ထပ်မျှ၊ နှံ့စပ်သဘင်း၊ ကျော်စောခြင်းဟူသော ယသ-ဘုန်းတော်။

(၄) ရွှေမျက်နှာတော်၊ လက်ခြေတော်မှ၊ စ၍မကြွင်း၊ ပင်လုံးဝင်းသည့်၊ ပန်းမင်းအနေ၊ ကျက်သရေ မင်္ဂလာ၊ စုဝေးကာဖြင့်၊ လွန်စွာတင့်တယ်၊ သပ္ပာယ်တော်မူသော သိရီ-ဘုန်းတော်၊

(၅) အလိုတော်အတိုင်း၊ တောင့်တတိုင်းပင်၊ မဆိုင်း မတွ၊ ပြီးစီးရသည့်၊ ကာမ-ဘုန်းတော်၊

(၆) တလောကလုံး၊ ညွတ်ရိုးကိုးစား၊ အားထားဘို့ရာ၊ လွန်စွာကြိုးကုတ်၊ အားထုတ်တော်မူသော ပယတ္တ-ဘုန်းတော်။

ဤခြောက်ဖော်ဂုဏ်၊ ဘုန်းတော်ဟုန်နှင့်၊ ပြည့်စုံတော်မူသော ဤ အကြောင်းကြောင့်လည်း။ ဘဂဝါ-ဘဂဝါ-ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍ မကုန်၊ ဗြဟ္မာ့ဘုံ တိုင်အောင်၊ ပြန့်လှိုင်ကျော်ကြား၊ ထင်ရှားတော်မူပါပေသည် တကား။

ဂုဏ်တော်ကိုးပါး ဘုရား ရှိခိုးဂါထာ

ဧဝံ နဝဟိ ဂုဏေဟိ၊ လောကမှိ ကိတ္တိဗျာပိတံ။
အတုလံ ဓမ္မရာဇာနံ၊ ဝန္ဒာမိ တံ ဟိ သာဒရံ။

ဧဝံ နဝဟိ ဂုဏေဟိ-ဤအရဟာတာ၊ အစလာသည့်၊ ကိုးဖြာသော ဂုဏ်တော်အပေါင်းတို့ဖြင့်။ လောကမှိ- ဘဝဂ်ဆုံးအောင်၊ ဘုံသုံးဆောင်၌။ ကိတ္တိဗျာပိတံ-သိမ့်သိမ့်တုန်ခပ်၊ ပွဲတင်ထပ်မျှ၊ နှံ့စပ်ကျော်စောတော်မူထသော။ အတုလံ-သီလခေါင်ထိ၊ သမာဓိနှင့်၊ ကြီးဘိပညာ၊ လွန်ကဲသာ၍၊ ပြိုင်လာနိုင်သူ၊ အတူလည်း ရှိတော်မမူသသော။ ဓမ္မရာဇာနံ-သုံးဘုံမကိုဋ်၊ သုံးတိုက်သရဖူ၊ သုံးလူသင်းကျစ်၊ ဓမ္မရာဇ် ထွတ်ထား၊ ရှင်တော် မြတ်ဘုရားကို။ တံ ဟိ-သက်အုံအညွှလိ၊ နှုတ်သံချီလျက်၊ ရှင်ကြည်မနော၊ သုံးပါးသောဒွါရတို့ဖြင့်။ သာဒရံ-လေးမြတ်ကြည်ညို၊ ရိုသေခြင်း ရှိသည်ဖြစ်၍။ ဝန္ဒာမိ-

ဂုဏ်တော်ထုံမွှမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာညွတ်ကြိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

(အရှင်ဇနကာဘိဝံသ၏ ရတနာ့ဂုဏ်ရည်ကျမ်းမှ ထုတ်နုတ်ဖော်ပြပါသည်။)

ဘုရားဂုဏ်တော် ၉-ပါးအဓိပ္ပာယ်အကျဉ်း

သင်ပင့်ထားသဖြင့် သင်၏ ဦးထိပ်ထက်၌၊ သို့မဟုတ်-သင်၏ ဘုရားစင်၌ ကြွရောက် သီတင်း သုံးတော်မူနေသော ဘုရားရှင် ကိုယ်တော်မြတ်သည် (၁) အရဟံ-လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိ စသော ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးတော်မူ၏။ တနည်း-သတ္တဝါတို့၏ အပူဇော်ကို ခံယူတော်မူထိုက်၏။ (၂) သမ္မာသမ္ဗုဒ္ဓေါ-သိစရာမှန်သမျှ တစမကျန် ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာသိတော်မူ၏။ (၃) ဝိဇ္ဇာစရဏသမ္ပန္နော—အသိဉာဏ်ဘရား, ကိုယ်ကျင့်တရားတို့နှင့် ပြည့်စုံတော်မူ၏။ (၄) သုဂတော—အလောင်းတော် ဘဝမှ စ၍ သတ္တဝါတို့၏ကောင်းကျိုးကို ဆောင်ရွက်ကာ ကောင်းမွန်စွာ ကြွလာတော်မူ၏။တနည်း-ဟုတ်မှန်ကျိုးရှိ ကောင်းမြတ်သည့် စကားကိုသာ ပြောဆိုတော်မူဘဲ၏။ (၅) လောကဝိဒူ-လော

ကသုံးပါးအကြောင်းကို ကောင်းကောင်းကြီး သိတော်မူ၏။ (၆) အနုတ္တရော ပုရိသဒမ္မသာရထိ–ဆုံးမသင့်သူတို့ကို ပြုပြင်ဘက်ကင်းအောင် ဆုံးမတော်မူတတ်၏။ (၇) သတ္ထာ ဒေဝမနုဿာနံ–သတ္တဝါတို့ကို သံသရာ ခရီးခဲမှနိဗ္ဗာန်သို့ ပို့ဆောင်တော်မူသဖြင့် သတ္တဝါတို့၏ လှည်းကုန်သည်မှူးကြီးသဘွယ်ဖြစ်တော်မူ၏။ တနည်း–သတ္တဝါတို့၏ ဆရာတဆူဖြစ်တော်မူ၏။ (၈) ဗုဒ္ဓေါ-သစ္စာလေးပါးမြတ်တရားကို ကိုယ်တော်တိုင်လည်း သိတော်မူတတ်, သူတပါးတို့ကိုလည်း သိအောင်ဟောပြတော်မူတတ်၏။ (၉) ဘဂဝါ-ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူ၏။ တနည်း–ဘုန်းကံ ကြီးမားတော်မူ၏။

ဂုဏ်တော်ကိုးပါး ပုတီးစိပ်နည်း

၁၀၈-လုံးရှိသော စိပ်ပုတီးဖြင့် ဘုရားဂုဏ်တော်ကိုးပါးကို ပုတီးစိပ်လိုပါလျှင် အခြားဂုဏ်တော် ၇-ပါးကဲ့သို့ ပုတီးစိပ်လို့ လွယ်ကူစေရန်အတွက် အနုတ္တရော ပုရိသဒမ္မသာရထိ-ဂုဏ်တော်မှ သာရထိ-ပုဒ်ကိုသာ ယူ၍ရင်း၊ သတ္ထာဒေဝမနုဿာနံ–ဂုဏ်တော်မှ သတ္ထာ–ပုဒ်ကိုသာယူ၍ရင်း (အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ သာရထိ၊ သတ္ထာ၊ဗုဒ္ဓေါ၊ ဘဂဝါ)ဟု စဉ်ဆားပါ။

ဣတိပိ သော ဘဂဝါ-ဟူသော စကားလုံးကို အစမှာ ခံထား၍ အရဟံ-ဟုဆိုပြီးလျှင် ပုတီးတလုံးချပါ။ ပ။ ဘဂဝါ-ဟုဆိုပြီးလျှင် ပုတီးတလုံးချပါ။ ပုတီးကိုးလုံး ကုန်သွားပါ လိမ့်မည်။ ပြီးလျှင် ဣတိပိ သော ဘဂဝါ-ကို မရွတ်ဆိုတော့ပဲ အရဟံ-ဟုဆိုပြီးလျှင် ပုတီးတလုံးချ- စသည်ဖြင့် ဆက်လက် စိပ်သွားပါ။ ဤနည်းအတိုင်း စိပ်သွားရာ ၁၂-ကြိမ် ပြည့် လျှင် ဂုဏ်တော်လည်းဆုံး ပုတီးလုံးလည်း ကုန်ပါသည်။ ထိုအခါ (ဧတေန သစ္စေန သုဝတ္ထိ ဟောတု) ဟု ဆို၍ ပေါင်းကူး ပုတီးလုံးကြီးကို ချလိုက်ပါ။ ဤနည်း အတိုင်း အနည်းဆုံး ၉-ပတ် နေ့စဉ်စိပ်ပါ။

ရင်းပုတီးစိပ်၏ အဓိပ္ပာယ်မှာ-ဘုရားရှင် ကိုယ်တော်မြတ် သည် အရဟံ-ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူ၏ ။ ပ ။ ဘဂဝါ-ဂုဏ်တော်နှင့်လည်းပြည့်စုံတော်မူ၏။ ဤ သစ္စာစကား ကြောင့် တပည့်တော်အား ကျန်းမာချမ်းသာခြင်း ဖြစ်ပါ စေသတည်း-ဟု ဆိုလိုပါသည်။

ပုတီးစိပ်ပေါ်ပဲ နှုတ်ဝယ်တွတ်တွတ် ရွတ်နေလျှင်လည်း အတူတူပင် ဖြစ်ပါသည်။ အထူးသဖြင့် အိပ်ရာဝင်သောအခါ ဂုဏ်တော်ကို ရွတ်ပဘာ်ဆင်ခြင်ယင်း အိပ်စက်လျှင်ပို၍ကောင်း ပါသည်။ တောင့်တတိုင်းသော ကောင်းကျိုးများ ပြီးစီး အောင်မြင်နိုင်ပါသည်။

ဂုဏ်တော် တပါးတည်း ပုတီးစိပ်နည်း

အကြောင်းအား လျော်စွာ မိမိနှစ်သက်ရာ ဂုဏ်တော် တပါးတည်းကိုသာ ပုတီးစိပ်လိုမူကား ဣတိပိ သော ဘဂဝါ-ကို အစမှာခံထား၍ အရဟံ၊ အရဟံ၊ အရဟံ-စသည်ဖြင့် စိပ်သွား၍ ၁၀၈-လုံးလုံး ကုန်ဆုံးသောအခါကျမှ ပေါင်းကူး ပုတီးလုံးကို ကိုင်၍ (ဧတေန သစ္စေန သုဝတ္ထိ ဟောတု) ဟု ဆို၍လည်း စိပ်နိုင်သည်။ ပုတီးလုံးတိုင်းမှာ အောက်ပါ အတိုင်း (ဣတိပိ သော ဘဂဝါ အရဟံ) စသည်ဖြင့် ဆို၍ လည်း စိပ်နိုင်သည်။ ကောင်းသည်ချည်းသာ ဖြစ်ပါသည်။

(၁) ဣတိပိ သော ဘဂဝါ အရဟံ၊ ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၂) ဣတိပိ သော ဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ၊ ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၃) ဣတိပိ သော ဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၄) ဣတိပိ သော ဘဂဝါ သုဂတော၊ ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၅) ဣတိပိ သော ဘဂဝါ လောကဝိဒူ၊ ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၆) ဣတိပိ သော ဘဂဝါ အနုတ္တရော ပုရိသ ဒမ္မ-
သာရထိ၊ ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၇) ဣတိပိ သော ဘဂဝါ သတ္ထာ ဒေဝမနုဿာနံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၈) ဣတိပိ သော ဘဂဝါ ဗုဒ္ဓေါ၊ ဧတေန သစ္စေန
သုဝတ္ထိ ဟောတု။

(၉) ဣတိပိ သော ဘဂဝါ ဘဂဝါ၊ ဧတေန သစ္စေန
သုဝတ္ထိ ဟောတု။

အဓိပ္ပာယ်အကျဉ်း။ ။ထိုမြတ်စွာဘုရားသည် (ကိလေသာတို့မှ ဝေးတော်မူခြင်း စသော)ဤ အကြောင်းကြောင့် အရဟံ-မည်တော်မူ၏။ ဤသစ္စာစကားကြောင့် တပည့်တော်အား ကျန်းမာခြင်း ချမ်းသာခြင်း ဖြစ်ပါစေသတည်း-စသည်ဖြင့်သိပါ။

ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်း

(၁) အရဟံ

(၁) သော ဘဂဝါ ဣတိပိ အရဟံ။

(၂) အရဟံ ဝတ သော ဘဂဝါ။

(၃) အရဟန္တံ သရဏံ ဂစ္ဆာမိ။

(၄) အရဟန္တံ သိရသာ နမာမိ။
(၅) အရဟံ မေ သီသေ တိဋ္ဌတု။
(၆) အရဟံ မေ သုခံ ဒေတု။
(၇) အယံ ပထမော ဝဇိရပါကာရော။
(၈) သော ဘဂဝါ ဣတိပိ အရဟံ။

အဓိပ္ပာယ်အကျဉ်း

(၁) ထိုမြတ်စွာဘုရားသည် (ကိလေသာတို့မှဝေးတော်မူခြင်း–စသော) ဤအကြောင်းကြောင့် အရဟံ-မည်တော်မူ၏။

(၂) (အစစ်အမှန်) အရဟံ-မည်သော ပုဂ္ဂိုလ်ထူးကား ထိုမြတ်စွာဘုရားသာဖြစ်ပါပေသည် တကား။

(၃) အရဟံ–မည်သော ထိုမြတ်စွာဘုရားကို ကိုးကွယ်ရာဟု အသိအမှတ်ပြုပါ၏။

(၄) အရဟံ-မည်သော ထိုမြတ်စွာဘုရားကို ဦးခေါင်းရတနာဖြင့် ရှိခိုးပါ၏။

(၅) အရဟံ-မည်သော ထိုမြတ်စွာဘုရားသည် တပည့်တော်၏ ဦးခေါင်းထက်၌ တည်စံတော်မူပါစေသတည်း။

(၆) အရဟံ–မည်သော ထိုမြတ်စွာဘုရားသည် တပည့်တော်အား ချမ်းသာသုခအဝဝကို ပေးသနားတော်မူပါစေသတည်း။

(၇+၈) ဤအရဟံ–ဂုဏ်တော်သည် ပထမဦးဆုံးသော စိန်တံတိုင်းကြီးပါပေတည်း။

(နောက်ဂုဏ်တော်များအဓိပ္ပာယ်ကိုနည်းမှီး၍သိပါတော့)။

(၂) သမ္မာသမ္ဗုဒ္ဓေါ

(၁) သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။
(၂) သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ။
(၃) သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၄) သမ္မာသမ္ဗုဒ္ဓံ သိရသာ နမာမိ။
(၅) သမ္မာသမ္ဗုဒ္ဓေါ မေ သိသေ တိဋ္ဌတု။
(၆) သမ္မာသမ္ဗုဒ္ဓေါ မေ သုခံ ဒေတု။
(၇) အယံ ဒုတိယော ဝဇီရပါကာရော။
(၈) သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။

(၃) ဝိဇ္ဇာစရဏသမ္ပန္နော

(၁) သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော။
(၂) ဝိဇ္ဇာစရဏသမ္ပန္နော ဝတ သော ဘဂဝါ။

(၃) ဝိဇ္ဇာစရဏသမ္ပန္နံ သရဏံ ဂစ္ဆာမိ။
(၄) ဝိဇ္ဇာစရဏသမ္ပန္နံ သိရသာ နမာမိ။
(၅) ဝိဇ္ဇာစရဏသမ္ပန္နော မေ သီသေ တိဋ္ဌတု။
(၆) ဝိဇ္ဇာစရဏသမ္ပန္နော မေ သုခံ ဒေတု။
(၇) အယံ တတိယော ဝဇီရပါကာရော။
(၈) သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော။

(၄) သုဂတော

(၁) သော ဘဂဝါ ဣတိပိ သုဂတော။
(၂) သုဂတော ဝတ သော ဘဂဝါ။
(၃) သုဂတံ သရဏံ ဂစ္ဆာမိ။
(၄) သုဂတံ သိရသာ နမာမိ။
(၅) သုဂတော မေ သီသေ တိဋ္ဌတု။
(၆) သုဂတော မေ သုခံ ဒေတု။
(၇) အယံ စတုတ္ထော ဝဇီရပါကာရော။
(၈) သော ဘဂဝါ ဣဘိပိ သုဂတော။

(၅) လောကဝိဒူ

(၁) သော ဘဂဝါ ဣတိပိ လောကဝိဒူ။
(၂) လောကဝိဒူ ဝဘ သော ဘဂဝါ။
(၃) လောကဝိဒုံ သရဏံ ဂစ္ဆာမိ။

(၄) လောကဝိဒုံ သိရသာ နမာမိ။
(၅) လောကဝိဒူ မေ သီသေ တိဋ္ဌတု။
(၆) လောကဝိဒူ မေ သုခံ ဒေတု။
(၇) အယံ ပဉ္စမော ဝဇိရပါကာရော။
(၈) သော ဘဂဝါ ဣတိပိ လောကဝိဒူ။

(၆) အနုတ္တရော ပုရိသ ဒမ္မသာရထိ

(၁) သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိ။
(၂) အနုတ္တရော ပုရိသ ဒမ္မသာရထိ ဝတ သော ဘဂဝါ။
(၃) အနုတ္တရံ ပုရိသ ဒမ္မသာရထိံ သရဏံ ဂစ္ဆာမိ။
(၄) အနုတ္တရံ ပုရိသ ဒမ္မသာရထိံ သိရသာ နမာမိ။
(၅) အနုတ္တရော ပုရိသ ဒမ္မသာရထိ မေ သီသေ တိဋ္ဌတု။
(၆) အနုတ္တရော ပုရိသ ဒမ္မသာရထိ မေ သုခံ ဒေတု။
(၇) အယံ ဆဋ္ဌော ဝဇိရပါကာရော။
(၈) သော ဘဂဝဂါ ဣတိပိ အနုတ္တရော ပုရိသ-ဒမ္မသာရထိ။

(၇) သတ္ထာ ဒေဝ မနုဿာနံ

(၁) သော ဘဂဝါ ဣတိပိ သတ္ထာ ဒေဝမနုဿာနံ၊
(၂) သတ္ထာ ဒေဝမနုဿာနံ ဝတ သော ဘဂဝါ။

(၃) သတ္တာရဲ့ ဒေဝမနုဿာနံ သရဏံ ဂစ္ဆာမိ။
(၄) သတ္တာရဲ့ ဒေဝမနုဿာနံ သိရသာ နမာမိ။
(၅) သတ္တာ ဒေဝမနုဿာနံ မေ သီသေ တိဋ္ဌတု။
(၆) သတ္တာ ဒေဝမနုဿာနံ မေ သုခံ ဒေတု။
(၇) အယံ သတ္တာမော ဝေရိပါကာရော။
(၈) သော ဘဂဝါ ဣတိပိ သတ္တာ ဒေဝ မနုဿာနံ။

(၈) ဗုဒ္ဓေါ

(၁) သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ။
(၂) ဗုဒ္ဓေါ ဝတ သော ဘဂဝါ။
(၃) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၄) ဗုဒ္ဓံ သိရသာ နမာမိ။
(၅) ဗုဒ္ဓေါ မေ သီသေ တိဋ္ဌတု။
(၆) ဗုဒ္ဓေါ မေ သုခံ ဒေတု။
(၇) အယံ အဋ္ဌမော ဝဇိရပါကာရော။
(၈) သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ။

(၉) ဘဂဝါ

(၁) သော ဘဂဝါ ဣတိပိ ဘဂဝါ။
(၂) ဘဂဝါ ဝတ သော ဘဂဝါ။

(၃) ဘဂဝန္တံ သရဏံ ဂစ္ဆာမိ။
(၄) ဘဂဝန္တံ သိရသာ နမာမိ။
(၅) ဘဂဝါ မေ သီခေ တိဋ္ဌတု။
(၆) ဘဂဝါ မေ သုခံ ဒေတု။
(၇) အယံ နဝခမာ ဝဇီရပါကာရော။
(၈) သော ဘဂဝါ ဣတိပိ ဘဂဝါ။

ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်း

ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်းသည် ရှေးရှေး ဆရာတော်ကြီးများ စီစဉ်ထားသော ပုတီးစိပ်နည်းဖြစ်ပြီး သဒ္ဒါနည်းသည်းကျ, အဓိပ္ပာယ်လည်း လှသောကြောင့် နောက်နောက် ဆရာတော် အစဉ်အဆက်တို့လည်း ဆက်လက်အသုံးပြုသော၍ အသုံးပြုသည့် အလျောက်လည်း အကျိုးတရားကြီးမားလှသဖြင့် ပုတီးသမားတိုင်း လက်ကိုင် ပြုကြသည့် ပုတီးစိပ် နည်းကောင်းတခုပင် ဖြစ်ပါသည်။ ယုံယုံ ကြည်ကြည်နှင့် စွဲစွဲမြဲမြဲ စိပ်နေပါလျှင် အန္တရာယ် ကင်းခြင်း, လာဘ်ပေါများခြင်း, လူချစ်လူခင် ပေါများခြင်း, ရိုသေလေးမြတ်သူ ပေါများခြင်း, စီးပွားဥစ္စာ တိုးတက်ခြင်း စသော ကောင်းကျိုးထူး တရားများကို ရရှိနိုင်ပါသည်။ အထူးသဖြင့် ထိရောက်တတ်ပါသည်။

ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်းသည် (၁) ဂ-ပုဒ်လုံး ပေါင်း၍စိပ်နည်း, (၂) တပုဒ်ချင်း စိပ်နည်း-ဟု ၂-မျိုး ရှိပါသည်။

ထိုတွင်-

(၁) ဂ-ပုဒ်လုံး ပေါင်း၍စိပ်လိုလျှင် အရဟံ-ဂုဏ်တော် အတွက် ပြဆိုထားသော ဂ-ပုဒ်လုံးကို ဆိုပြီးမှ ပုတီးတလုံး ချပါ။ ထို့အတူ သမ္မာသမ္ဗုဒ္ဓ-ဂုဏ်တော် စသည်တို့ အတွက် ပြဆိုထားသော ဂ-ပုဒ်စီကို ဆိုပြီးမှ ပုတီးတလုံးစီ ချပါ။ ဤနည်းအတိုင်း စိပ်သွားရာ ဂုဏ်တော် ကိုးပါးလုံး ဆုံးလျှင် ပုတီးကိုးလုံးရပါသည်။ တပတ်ကျော့၍ ဆက်လက်စိပ်သွား ပြန်ရာ ၁၂-ကြိမ်ပြည့်လျှင် ဂုဏ်တော်လည်းဆုံး, ပုတီးလုံး လည်း ကုန်ပါသည်။ ဂုဏ်တော်ကိုးပါးလုံးကို မစိပ်ပဲ နှစ်သက် ရာ ဂုဏ်တော် တပါးပါးကိုသာ စိပ်လိုပါက (ဥပမာ-အရဟံ ဂုဏ်တော်ကိုသာ စိပ်လိုပါက) အရဟံ-ဂုဏ်တော် အတွက် ပြဆိုထားသော ဂ-ပုဒ်လုံးကို ဆိုပြီးမှ ပုတီးတလုံး ချပါ။ ဤနည်းအတိုင်း ၁၀ဂ-လုံး ကုန်သည်အထိ စိပ်ရပါသည်။

(၂) တပုဒ်ချင်း စိပ်လိုလျှင် ဂုဏ်တော် တိုင်းမှာပင် ၇-နံပါတ်နှင့် ဂ-နံပါတ် အပုဒ်တို့ကို အသုံးမပြုတော့ပဲ သော ဘဂဝါ ဣတိပိ အရဟံ-ဟု ဆိုပြီးလျှင် တလုံးချ။ပ။

အရဟံ မေ သုခံ ဒေတု-ဟု ဆိုပြီးလျှင် တလုံးချ။ (အရဟံ ဂုဏ်တော်အတွက် ပုတီး ၆–လုံး ကုန်သွားသည်)။ ထို့နောက် ဆက်လက်၍ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ–ဟု ဆိုပြီးလျှင် တလုံးချ....စသည်ဖြင့် စိပ်သွားပါ။ ဂုဏ်တော် ၉-ပါးလုံး ဆုံးလျှင် ပုတီးလုံးရေ ၅၄-လုံး ရပါလိမ့်မည်။ ပြီးလျှင် တပတ်ကျော့၍ စိပ်သွားပါ။ ဂုဏ်တော် ကိုးပါးလုံး ဆုံးလျှင် ပုတီးလုံးလည်း ကုန်ပါတော့သည်။ ဂုဏ်တော် ကိုးပါးလုံးကို မစိပ်ပဲ မိမိနှစ်သက်ရာ ဂုဏ်တော် တပါးပါး ကိုသာ စိပ်လိုပါက (ဥပမာ=အရဟံ ဂုဏ်တော်ကိုသာ စိပ်လို ပါက)အထက်တွင်ဆိုခဲ့သည့်အတိုင်း နံပါတ် ၇–နှင့် ၈-အပုဒ် တို့ကို အသုံးမပြုတော့ပဲ သော ဘဂဝါ ဣတိပိ အရဟံ-ဟု ဆိုပြီးလျှင် တလုံးချ။ပ။ အရဟံ မေ သုခံ ဒေတု-ဟုဆိုပြီး လျှင် တလုံးချပါ။ ဤနည်းအတိုင်း နောက်ထပ် ပြန်ကျော့၍ စိပ်သွားရာ ၁၈–ကြိမ် ပြည့်လျှင် ပုတီးလုံး ကုန်ပါတော့ သည်။

ပုတီးစိပ်ရန် ဂုဏ်တော် ရွေးချယ်နည်း

ဂုဏ်တော် ကိုးပါးလုံးကို ပုတီးမစိပ်ပဲ အကြောင်းအား လျော်စွာ ဂုဏ်တော် တပါးတည်းကိုသာ ပုတီး စိပ်လိုပါက အောက်ပါ အတိုင်း ဂုဏ်တော်ကို ရွေးချယ်၍ စိပ်ပါ။

(၁) ကိလေသာဘေးမှ ကင်းဝေးလိုသောအခါ, သူတပါး အပူဇော်ကို ခံယူလိုသောအခါ အရဟံ-ဂုဏ်တော်ကို စိပ်ပါ။ (၂) သိစရာများကို မှန်မှန် ကန်ကန် ကိုယ်ပိုင်ဉာဏ်ဖြင့် သိလိုသောအခါ, စာမေးပွဲအောင်မြင်လိုသောအခါ သမ္မာသမ္ဗုဒ္ဓ-ဂုဏ်တော်ကို စိပ်ပါ။ (၃) အသိဉာဏ်တရား, ကိုယ်ကျင့်တရား ၂-ပါးနှင့် ပြည့်စုံလိုသောအခါ ဝိဇ္ဇာစရဏသမ္ပန္န-ဂုဏ်တော်ကိုစိပ်ပါ။ (၄) သူတပါး ကောင်းကျိုးကို ဆောင်လိုသောအခါ, ပရိသတ်ထဲတွင် စကားပြောလို တရားဟောလိုသောအခါ သုဂတ-ဂုဏ်တော်ကို စိပ်ပါ။ (၅) လောက သုံးပါးအကြောင်းကို ကောင်းကောင်းကြီး သိလိုသောအခါ လောကဝိဒူ- ဂုဏ်တော်ကို စိပ်ပါ။ (၆) လူတဖက်သားကို ဆုံးမလိုသောအခါ အနုတ္တရော ပုရိသ ဒမ္မသာရထိ-ဂုဏ်တော်ကို စိပ်ပါ။ (၇) လူတဖက်သား၏ ဆရာသမား ဖြစ်လိုသောအခါ, လူတဖက်သားကို ဒုက္ခမှ ကယ်တင်လိုသောအခါ သတ္ထာ ဒေဝ မနုဿာနံ-ဂုဏ်တော်ကို စိပ်ပါ။ (၈) သစ္စာလေးပါး တရားကို သိလိုသောအခါ, တရားအားထုတ်လိုသောအခါ ဗုဒ္ဓ-ဂုဏ်တော်ကိုစိပ်ပါ။ (၉) ဘုန်း ၆-ပါးနှင့် ပြည့်စုံ လိုသောအခါ, ကံဇာတာ ကောင်းလိုသောအခါ, ထီပေါက်လိုသောအခါ, စီးပွားဥစ္စာ တိုးတက်လိုသောအခါ ဘဂဝါ-ဂုဏ်တော်ကိုစိပ်ပါ။

အရဟံ–ဂုဏ်တော် ၃–မျိုး ပုတီးစိပ်နည်း

အရဟံ–ဟူသောပုဒ်သည် သူ့အတိုင်းထားလျှင် ကိလေသာတို့မှ ဝေးသည်–ဟူသော အနက်,အပူဇော်ခံထိုက်သည်–ဟူသော အနက်တို့ကိုပြ၏။ အရ+ဟံ–ဟု ပုဒ်ခွဲလိုက်လျှင် ကိလေသာရန်သူတို့ကို ပယ်သတ်တတ်သည်–ဟူသော အနက်, သံသရာဘီး၏အကန့် ဒေါက်ဆံတို့ကို ချိုးဖျက်ပစ်တတ်သည်–ဟူသော အနက်တို့ကို ပြ၏။ အ+ရဟံ–ဟု ပုဒ်ခွဲလိုက်လျှင်ကား ဆိတ်ကွယ်ရာ၌သော်ပင် မကောင်းမှုကို ပြုလေ့မရှိ–ဟူသော အနက်ကို ပြ၏။

ထို့ကြောင့် အရဟံ၊ အရ+ဟံ၊ အ+ရဟံ–ဟု စဉ်ထားပါ။ ဣတိပိ သော ဘဂဝါ–ဟူသောစကားကို ရှေ့ဆုံးမှ ခံထားပြီး အရဟံ–မှာ တလုံးချ၊ အရ+ဟံ–မှာ တလုံးချ၊ အ+ရဟံ–မှာ တလုံးချပါ။ နောက်တပတ် ပြန်ကျော့သောအခါ၊ ဣတိပိ သော ဘဂဝါ–ကို မခံတော့ပဲ အရဟံ–မှာ တလုံးချ–စသည်ဖြင့် စိပ်သွားပါ။ ဤနည်း အတိုင်း စိပ်သွားရာ ၃၆–ကြိမ် ပြည့်လျှင် ဂုဏ်တော်လည်းဆုံး၊ ပုတီးလုံးလည်း ကုန်ပါသည်။ ထိုအခါကျမှ ပေါင်းကူး ပုတီးလုံးကြီးကို ကိုင်၍ (တထာ အဟံ ဘဝေယျံ)ဟု ဆိုလိုက်ပါ။ အဓိပ္ပာယ်မှာ–မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် အရဟံ–ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူ၏၊ အရ+ဟံ–ဂုဏ်တော်နှင့်

လည်းပြည့်စုံတော်မူ၏။ အ+ရဟံ-ဂုဏ်တော်နှင့်လည်း ပြည့်စုံ တော်မူ၏။ တပည့်တော်သည်လည်း ထိုအတူ ဖြစ်ရပါလို၏-ဟု ဆိုလိုပါသည်။

မူလလက်ရိုး ဘုရားရှိခိုး

နမော တဿ ဘဂဝတော အရဟတော

သမ္မာ သမ္ဗုဒ္ဓဿ။

အရဟတော-တထောင့်ငါးရာ၊ ကိလေသာတို့မှ၊ ဝါသနာနှင့်တူ၊ ဝေးတော်မူ၍....။ လူမင်း, နတ်မင်း၊ ဗြဟ္မာမင်းတို့၊ ဝပ်စင်းတူပျော်၊ အလှူတော်မှန်၊ အပူဇော်ကို ခံထိုက်သော ကြောင့် အရဟံ-ဆိုတဲ့ဂုဏ်တော်....။ ကိလေသာမာရ်၊ ကိုယ်တွင်းရန်ကို၊ လေးတန်ဉာဏ်မဂ်၊ စိန်သန်လျက်ဖြင့်၊ တွဲလျက်ဝါသနာ၊ သတ်ပစ်ပါ၍...။ သံသရာဘီး၊ အဝိုင်းကြီးကို၊ ဖျက်ဆီးခုတ်ထွင်၊ သုတ်သင်ပြီး ဖြစ်သောကြောင့် အရ+ဟံ-ဆိုတဲ့ဂုဏ်တော်....။ လူသူရှေနား၊ မဆိုထားနှင့်၊ တပါးတည်းသာ၊ဆိတ်ကွယ်ရာ၌ပင်၊ ဘယ်ခါ ဘယ်ကြောင်း၊မင့်စောင်းပဲ၊ မကောင်းအမူ၊ အပေါင်းစုကို၊ မပြုဝေးစေ၊ ရှောင်ကြဉ်၍ နေသောကြောင့် အ+ရဟံ-ဆိုတဲ့ ဂုဏ်တော်....။ ဤသို့ ဖော်ကျူး၊ ဂုဏ်တော်ထူးနှင့်၊ ပကတူး စေ့ကုံ၊ အထူးပြည့်စုံ

တော်မူသော။ သမ္မာ သမ္ဗုဒ္ဓဿ-မဖောက်မပြန်၊ သယမ္ဘူ ဉာဏ်ဖြင့်၊ ငါးတန်ဉေယျ၊ ဓမ္မလုံးစုံ၊ တရားပုံကို၊ အကုန်အစင်၊သိမြင်တော်မူထသော။ တဿ ဘဂဝတော-ဣဿရိယ၊ ဓမ္မ+ယသ၊ သိရီ+ကာမ၊ ပယတ္တဂုဏ်၊ ဘုန်းခြောက်စုံတို့နှင့်၊ ကုံလုံတော်မူသား၊ ထို မြတ်စွာဘုရားအား။ နမော-ရိုသေ မြတ်နိုး၊ မာန်ညွတ်ကျိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ လိုက်ရခြင်းသည်။ (အတ္ထု-ချမ်းသာ အမျိုးမျိုး၊ ကောင်းကျိုး အဖြာဖြာ၊ မင်္ဂလာအခန်းခန်း၊ စန်းလဂ် အသွေသွေ၊ ကျက်သရေ အခင်းခင်း၊ ပြည့်စုံဘင်းတို့၊ မယွင်း မသွေ၊ တကယ်တမ်း ဖြစ်ပါစေသတည်း။)

အဓိပ္ပာယ်အကျဉ်း။ ။အဟံ- ဂုဏ်တော်၊ သမ္မာ-သမ္ဗုဒ္ဓ-ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရား အား ရှိခိုးပါ၏။

မှာထားချက်။ ။ဤ ဘုရားရှိခိုးသည် ပါဠိတော်၌ တိုက်ရိုက်လာသော ဘုရားရှိခိုးဖြစ်၏။ သိကြားမင်း, ကောသလမင်း, ဗြဟ္မာယုပုဏ္ဏား, ဓနဉ္စာနီပုဏ္ဏေးမ- စသူတို့သည် ဤ နမောတဿ-ဖြင့်ပင် သက်တော်ထင်ရှား မြတ်စွာဘုရားကို ရှိခိုးကြ၏။ ဗုဒ္ဓဘာသာဝင်တို့ ကျမ်းစာရေးရာ၌လည်းကောင်း, ဘာသာရေး အခမ်းအနားများ ကျင်းပရာ၌လည်းကောင်း ဤ နမောတဿ-ဖြင့်ပင် စ-၍ဖွင့်ကြရ၏။ ထို့ကြောင့် ဤ

နမောတဿ–ကို မူလလက်ရိုး ဘုရားရှိခိုးဟု ခေါ်ဝေါ်ကြလေသည်။

နမောတဿ–ပုတီးစိပ်နည်း

ဤ မူလလက်ရိုး ဘုရားရှိခိုးကို ပုတီးစိပ်လိုပါလျှင် (၁) နမော တဿ ဘဂဝတော၊ (၂) နမော တဿ အရဟတော၊ (၃) နမော တဿ သမ္မာသမ္ဗုဒ္ဓဿ၊ (၄) နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ-ဟု ၄-စုခွဲထားပါ။ ထိုတွင် အမှတ်(၁)ကို တရက်လျှင် ၉-ပတ်ကျဖြင့် ၃-ရက်ဆက်၍ စိပ်ပါ။ အမှတ်(၂+၃+၄)တို့ကိုလည်း တရက်လျှင် ၉–ပတ်ကျစီဖြင့် ၃-ရက်စီစိပ်ပါ။ စုစုပေါင်း ၁၂-ရက်၊ ၁၀၈-ပတ် ရှိသွားပါပြီ။

၁၂–ရက်ပြည့်ပြီးနောက် ၁၃-ရက်မြောက်မှ စ၍ နေ့စဉ်နေ့တိုင်း စိပ်ရမည်မှာ....နမော တဿ ဘဂဝတော-ဟု ဆို၍ တလုံးချပါ၊ နမော တဿ အရဟတော-ဟု ဆို၍ တလုံးချပါ၊ နမော တဿ သမ္မာသမ္ဗုဒ္ဓဿ-ဟု ဆို၍ တလုံးချပါ၊ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ-ဟု ဆို၍ တလုံးချပါ။ ဤအတိုင်းစိပ်သွားရာ ၂၇-ပတ်ပြည့်သောအခါ ဘုရားရှိခိုးလည်းဆုံး, ပုတီးလည်းကုန်ပါသည်။ ဤနည်းအတိုင်း နေ့စဉ်နေ့တိုင်း ၉-ပတ်စီ အမြဲစိပ်ပါ။

အကျိုးကား—မရသေးသော စီးပွားဥစ္စာ ရတနာများ ဝင်လာတတ်၏၊ ရပြီးသော စီးပွားဥစ္စာရတနာများ မလျော့ မပါး တိုးပွားလာတတ်၏။ ဝင်ငွေများ၍ ထွက်ငွေနည်းပါး သည်ဟု ဆိုလိုပါသည်။ သဒ္ဓေးဖြစ်ကြောင်း ကောင်းလှ သော ပုတီးစိပ်နည်းဖြစ်ပါသည်။

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ ရေကူး၊ ဝိဇ္ဇောတာရုံစာသင်တိုက် ဆရာတော် ဦးဝိဇ္ဇောတ ကား (နမောငါးချက်၊ စီးပွားတက်) ဟုဆိုရိုးပြု၍ နမော တဿ၊ နမော ဘဂဝတော၊ နမော အရ– ဟတော၊ နမော သမ္မာသမ္ဗုဒ္ဓဿ၊ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ–ဟု ငါးမျိုးခွဲ၍ ပုတီးစိပ် စေပါသည်။

သရဏဂုံ ဘုရားရှိခိုး

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

ဗုဒ္ဓံ-အရဟတာ၊ အစလာသည့်၊ များစွာသိန်းသန်း၊ ဂုဏ်တော်ပန်းနှင့်၊ အံ့မခန်းကုံလုံ၊ ပြည့်စုံတော်မူငြား၊ ရှင် တော်မြတ်ဘုရားကို။ သရဏံ–ကိုးကွယ်လည်းလျောင်း၊ ပုန်း အောင်း မှီခိုရာပါတကားဟူ၍။ ဝါ-ဆင်းရဲကိုဖျောက်၊ ချမ်း

သာရောက်အောင်၊ စောင့်ရှောက်ကယ်မ-တတ်ပေ၏-ဟူ၍။ ဂစ္ဆာမိ-မှိဝဲဆည်းကပ်၊ အသိအမှတ်ပြုပါ၏ အရှင်ဘုရား။

ဓမ္မံ-သွာက္ခာတတာ၊ အစလာသည့်၊ များစွာသိန်းသန်း၊ ဂုဏ်တော်ပန်းနှင့်၊ အံ့မခန်းကုံလုံ၊ ပြည့်စုံတော်မူလတ်၊ တရားတော်မြတ်ကို။ သရဏံ-ကိုးကွယ်လည်းလျောင်း၊ ပုန်းအောင်းမှီခိုရာပါတကားဟူ၍။ ဝါ- ဆင်းရဲကိုဖျောက်၊ ချမ်းသာရောက်အောင်၊ စောင့်ရှောက် ကယ်မ-တတ်ပေ၏ ဟူ၍။ ဂစ္ဆာမိ-မှိဝဲဆည်းကပ်၊ အသိအမှတ်ပြုပါ၏အရှင်ဘုရား။

သံဃံ-သုပ္ပဋိပန္နတာ၊ အစလာသည့်၊ များစွာသိန်းသန်း၊ ဂုဏ်တော်ပန်းနှင့်၊ အံ့မခန်းကုံလုံ၊ ပြည့်စုံတော်မူတောင်း၊ သံဃာတော်မြတ်အပေါင်းကို။ သရဏံ- ကိုးကွယ် လည်းလျောင်း၊ ပုန်းအောင်းမှီခိုရာပါတကား ဟူ၍။ ဝါ-ဆင်းရဲကိုဖျောက်၊ ချမ်းသာရောက်အောင်၊ စောင့်ရှောက်ကယ်မ-တတ်ပေ၏ ဟူ၍။ ဂစ္ဆာမိ-မှိဝဲဆည်းကပ်၊ အသိအမှတ်ပြုပါ၏ အရှင်ဘုရား။

အဓိပ္ပာယ်အကျဉ်း။ ။ဘုရားကိုးကွယ်ပါ၏။ တရားကိုးကွယ်ပါ၏။ သံဃာကိုးကွယ်ပါ၏။

မှာထားချက်။ ။ကံ, ကံ၏အကျိုးနှင့်ရတနာသုံးပါး၏ ဂုဏ်ကို ယုံကြည်၍ အထက်ပါသရဏဂုံပါဠိကို နှုတ်ကရွတ်ဆို

ပါမှ ဗုဒ္ဓဘာသာဝင် ဖြစ်ခွင့်ရှိပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့အဖို့ ဤ သရဏဂုံပါဠိအနက်သည် အရေးကြီးလှ၏။ ရှေးဆရာကြီးများက ဤသရဏဂုံပါဠိ ၃-ပုဒ်ကို "သငေမပါ၊ သုံးဂါထာ"ဟု ဆိုရိုးပြုခဲ့ကြပါသည်။ အက္ခရာ ၂၄-လုံးရှိသောကြောင့် ဗုဒ္ဓသာဝိတ္တိဂါထာ ဟုလည်း ခေါ်ဝေါ်ကြပါသည်။ ပါဠိတော်၌ ဗုဒ္ဓဘာသာဝင် မဟုတ်သေးသူများ ဗုဒ္ဓဘာသာသို့ ဝင်လိုသောအခါ ဤပုံစံအတိုင်းငင် ရွတ်ဆို၍ ဗုဒ္ဓဘာသာသို့ ဝင်ခဲ့ကြပါသည်။ ထို့ကြောင့် သရဏဂုံ ပါဠိကိုလည်း အမြဲရွတ်ဖတ်ကြပါလေ။

သရဏဂုံ ပုတီးစိပ်နည်း

သရဏဂုံပါဠိကို ပုတီးစိပ်လိုပါလျှင် (၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ (၂) ဓမ္မံ သရဏံ ဂစ္ဆာမိ။ (၃) သံဃံ သရဏံ ဂစ္ဆာမိ။ (၄) ဗုဒ္ဓံ ဓမ္မံ သံဃံ သရဏံ ဂစ္ဆာမိ-ဟု ၄-စုခွဲထားပါ။ထိုတွင်အမှတ်(၁)ကို တရက်လျှင် ၉-ပတ်ကျဖြင့် ၃-ရက်ဆက်၍စိပ်ပါ။ အမှတ်(၂+၃+၄)တို့ကိုလည်း တရက်လျှင် ၉-ပတ်ကျစီဖြင့်၃-ရက်စီစိပ်ပါ။ စုစုပေါင်း ၁၂-ရက်၊ ၁၀၈-ပတ်ရှိသွားပါပြီ။

၁၂-ရက်ပြည့်ပြီးနောက် ၁၃-ရက်မြောက်နေ့မှစ၍ နေ့စဉ်နေ့တိုင်း စိပ်ရမည်မှာ-ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-မှာ တလုံးချ

ဓမ္မံ သရဏံ ဂစ္ဆာမိ-မှာ တလုံးချ။ သံဃံ သရဏံ ဂစ္ဆာမိ-မှာ တလုံးချ။ ဗုဒ္ဓံ ဓမ္မံ သံဃံ သရဏံ ဂစ္ဆာမိ-မှာ တလုံးချပါ၊ ဤအတိုင်း ဆက်လက်စိပ်သွားရာ ၂၇-ကြိမ်ပြည့်သောအခါ သရဏဂုံလည်း ဆုံး၊ ပုတီးလုံးလည်း ကုန်ပါသည်။ ဤနည်းအတိုင်း နေ့စဉ် ၉-ပတ်စီ အမြဲစိပ်ပါ။

အရှင်အရဟံ ပုတီးစိပ်နည်း

(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

(၂) ဓမ္မံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

(၃) သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

(၄) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

(၅) အနန္တံ ဗလဝံ ဗုဒ္ဓံ၊ အနန္တံ ဂေါစရံ ဓမ္မံ။
အနန္တံ အရိယံ သံဃံ၊ အနန္တံ ဗောဓိမုတ္တမံ။

ငါးပုဒ်လုံးဆုံးမှ ပုတီးတလုံးချ၍ နေ့စဉ် သက်စေ့စိပ်ပါ။ သက်စေ့ ဆိုသည်မှာ ပုတီးပတ်သက်စေ့မဟုတ်၊ ပုတီးလုံး သက်စေ့ဖြစ်ပါသည်။

အဓိပ္ပာယ်အကျဉ်း။ ။(၁) ဘုရား ကိုးကွယ်ပါ၏၊ နာမ်ရုပ်တရား နှစ်ပါးသည် အမြဲမရှိ၊ ဆင်းရဲ၏၊ အစိုးမရ။

(၂) တရားကိုးကွယ်ပါ၏၊ နာမ်ရုပ်တရား နှစ်ပါးသည် အမြဲမရှိ၊ ဆင်းရဲ၏၊ အစိုးမရ။

(၃) သံဃာ ကိုးကွယ်ပါ၏၊ နာမ်ရုပ်တရား နှစ်ပါးသည် အမြဲမရှိ၊ ဆင်းရဲ၏၊ အစိုးမရ။

(၄) ဘုရား ကိုးကွယ်ပါ၏၊ တရား ကိုးကွယ်ပါ၏၊ သံဃာ ကိုးကွယ်ပါ၏၊ နာမ်ရုပ်တရား နှစ်ပါးသည် အမြဲမရှိ၊ ဆင်းရဲ၏၊ အစိုးမရ။

(၅) အားတော်ဆယ်ပါးနှင့် ပြည့်စုံသော ဘုရားရှင်သည် အနန္တတန်ခိုးတော်တည်း။ မဂ် ဖိုလ်၏ အာရုံဖြစ်သော တရားတော်သည် အနန္တတန်ခိုးတော်တည်း။ အရိယာ ဖြစ်ပြီးသော သံဃာတော်သည် အနန္တတန်ခိုးတော်တည်း။ မြတ်သော ဗောဓိပက္ခိယတရားတော်သည် အနန္တတန်ခိုးတော်တည်း။

အကျိုး။ ။သမထ ဝိပဿနာ ဘာဝနာ နှစ်ပါးလုံး ပါသော ပုတီးစိပ်နည်းဖြစ်သည့်ပြင် နည်းပေးသူမှာသာသနာ ဝင်တွင် အစဉ်အလာကြီးသော အရှင်အရဟံထေရ်ကျော် ဖြစ်ပြန်သောကြောင့် နာမည်ကျော်ကြား လူကြိုက်များသော

ပုတီးစိပ်နည်းပင် ဖြစ်၏။ အမြဲအစဲ့စိပ်ပါက အသက်ရှည်ခြင်း, ဘုန်းတန်ခိုးကြီးမားခြင်း, ကျက်သရေတိုးခြင်း, ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်ခြင်း, လူဒါန်းပေးကမ်း၍ မကုန်ခန်းနိုင်ခြင်း–စသော ကောင်းကျိုးထူး တရားများကို မမှားမသွေ ရရှိနိုင်ပေသည်။

အရဟံ ဂုဏ်တော် ဘုရားရှိခိုး

အာရကတ္တာ ဟတတ္တာ စ၊
ကိလေသာရိန သော မုနိ။
ဟတသံသာရစက္ကာရော၊
ပစ္စယာဒီန စာရဟော။
န ရဟော ကရောတိ ပါပါနိ၊
အရဟံ တေန ဝုစ္စတိ။
တေန သစ္စ ဝဇ္ဇေန၊
သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

သော မုနိ– အနာဂါရ၊ အာဂါရနှင့်၊ သေက္ခ, အသေက္ခာ၊ ပစ္စေကာဟု၊ ငါးဖြာမုနိ၊ တုမရှိထွတ်တင်၊ ထို ဘုရားရှင်ကို။ အာရကတ္တာ– တဆောင့်ငါးရာ၊ ကိလေသာတို့၊ ဝါသနာခလေ့၊ အထုံငွေ့မျှ၊ မငွေ့မရိပ်၊ ဝင်းဝင်းဖိတ်သို့၊ ရွှေစိတ်ပုံ့သင်း၊ လွန်သန့်ရှင်း၍၊ ရုပ်ဆင်းတင့်တယ်၊ ရှုစဘွယ်ချင်၊ သပ္ပာယ်တော်မူတောင်း၊ ဤ အကြောင်းကြောင့်လည်း

ကောင်း။ ပစ္စယာဒီနံ စာရဟော၊ တောန- မင်းမင်းပြည်သူ၊ ကြည်ဖြူကော်ရော်၊ အလှူတော်မှန်၊ အပူဇော်ကို ခံတော်မူ ထိုက်သောကြောင့်လည်းကောင်း။ ဝါ-လူရောနတ်ရော၊ ဗြဟ္မာ ရောပင်၊ သောသောအုတ်အာ၊ ကောင်းချီးငြာလျက်၊ ပူဇာ ဝိသေသ၊ သက္ကာရကို၊ လှုလှုသိုက်မြိုက်၊ ခံယူတော်မူထိုက် သောကြောင့်လည်းကောင်း။ အရဟံ-အရဟံ-မည်ခေါ်၊ ဂုဏ် အကျော်နှင့်၊ ပြည့်စုံတော်မူငြား၊ မြတ်ဘုရား ပါတကား- ဟူ၍။ ဝုစ္စတိ-ဂုဏ်းနေဆန်းညီ၊ ဂါထာသီ၍၊ ပီတိလျှမ်းဝေ၊ ချီးမွမ်းတော်မူအပ်ပါပေသတည်း။

•

သော မုနိ-အနာဂါရ၊ အာဂါရနှင့်၊ သေက္ခ, အသေ- က္ခာ၊ ပစ္စေကာဟု၊ ငါးဖြာမုနိ၊ တုမရှိထွတ်တင်၊ ထိုဘုရား ရှင်ကို။ ကိလေသာရီနံ ဟတတ္တာ စ-ပဉ်သတ္တရိ၊ နာမ်+လက် နိ-ကို၊ သန်+ကိ-မြှောက်ပွား၊ ငါးရာတထောင်၊ မြားမြောင် ပြောဟုန်၊ အလုံးစုံမှန်၊ ကိလေရန်ကို၊ လေးတန်ဉာဏ်မဂ်၊ စိန်သန်လျက်ဖြင့်၊ ချိုးဖျက်ခုတ်ထွင်၊ သုတ်သင်တော်မူပြီးဖြစ် သောကြောင့်လည်းကောင်း။ ဟတသံသာရ စက္ကာရော၊ တောန=အဝိဇ္ဇာ, ဇရာ၊ ကြွင်းဆယ်ဖြာဟု၊ သံသရာစက်၊ ကန့် အကွက်ကို၊ ချိုးဖျက်တော်မူပြီး ဖြစ်သောကြောင့်လည်း ကောင်း။ အရ+ဟံ- အရ+ဟံ- မည်ခေါ်၊ ဂုဏ်အကျော်နှင့်၊ ပြည့်စုံတော်မူငြား၊ မြတ်ဘုရားပါတကားဟူ၍။ ဝုစ္စတိ-ဂုဏ်း

နေဆန်းညီ၊ ဂါထာသီ၍၊ ပီတိလျှမ်းဝေ၊ ချီးမွမ်းတော်မူ အပ်ပါပေသတည်း။

သောမုနိ-အနာဂါရ၊ အာဂါရနှင့်၊ သေက္ခ, အသေက္ခာ၊ ပစ္စေကာဟု၊ ငါးဖြာမုနိ၊ တုမရှိထွတ်တင်၊ထိုဘုရားရှင်ကို။ နရဟောဂကရောတိ ပါပါနိ၊ တေန- လူသူရှေ့နား၊ မဆိုထားနှင့်၊ တပါးတည်းသာ၊ ဆိတ်ကွယ်ရာ၌ပင်၊ ဘယ်ခါ ဘယ်ကြောင်း၊ မငဲ့စောင်းပဲ၊ မကောင်းအမှု၊ အပေါင်းစုကို၊ မပြုဝေးစေ၊ ရှောင်ကြဉ်၍နေသောကြောင့်။ အ+ရဟံ-အ+ရဟံ-မည်ခေါ်၊ ဂုဏ်အကျော်နှင့်၊ ပြည့်စုံတော်မူငြား၊ မြတ်စွာဘုရားပါတကား—ဟူ၍။ ဝုစ္စတိ—ဂိုဏ်းနေဆန်းညီ၊ ဂါထာသီ၍၊ ပီတိလျှမ်းဝေ၊ ချီးမွမ်းတော်မူအပ်ပါပေသတည်း။

(တေန သစ္စဝဇ္ဇေန- ဤသို့ နှုတ်သံ၊ ဖော်ထုတ်ပြန်၍၊ ဟုတ်မှန်စွာ ဆိုရသော ဤသစ္စာစကားကြောင့်။ မေ- မယ့်။ အရဟံ- ဂုဏ်၊ မြင့်မြတ်ပုံကို၊ ကြည်ယုံညာဏ်မြော်၊ ဘုရားတပည့်တော်အား။ သဗ္ဗဒါ-နေ့ရောညပါ၊ ဘယ်ခါမယိမ်း၊ အခါခပ်သိမ်း။ သောတ္ထိ-တင့်တယ်ဘို့ရန်၊ အတန်တန်ဖြင့်၊ ဘေးရန်ခပ်သိမ်း၊ အေးငြိမ်းခြင်းသည်။ ဟောတု-စင်စစ်မသွေ၊ ဖြစ်ပါစေသတည်း)။

အဓိပ္ပာယ်အကျဉ်း။ . ။မြတ်စွာဘုရားသည် ကိလေသာတို့မှ ဝေး တော် မူ သော ကြောင့်လည်း

ကောင်း, လူနတ်ပြဟ္မာ သတ္တဝါတို့၏ အပူဇော် အထူးကို ခံယူတော်မူထိုက်သောကြောင့် လည်းကောင်း အရဟံ-မည် တော်မူ၏။ ကိလေသာရန်သူတို့ကို ပယ်သတ်တော်မူပြီး ဖြစ်သောကြောင့်လည်းကောင်း, သံသရာဘီး၏ အကန့် ဒေါက်ဆံတို့ကို ချိုးဖျက်တော် မူပြီး သောကြောင့် လည်းကောင်း အရ+ဟံ-မည်တော်မူ၏။ လူမြင်ကွင်းတွင် မဆိုထားဘိ၊ လူသူဆိတ်ကွယ်ရာ၌သော်ပင် မကောင်းမှုကို ပြုတော်မူလေ့ မရှိသောကြောင့် အ+ရဟံ-မည်တော်မူ၏။ (ဤသစ္စာစကားကြောင့် တပည့်တော်အား အမြဲတမ်း ချမ်းသာခြင်း ဖြစ်ပါစေသတည်း)။

မှာထားချက်။ ။ဤဂါထာသည် အဋ္ဌကထာ ကျမ်းပြုဆရာ အရှင်မဟာဗုဒ္ဓဃောသ ကိုယ်တော်တိုင် ဝိသုဒ္ဓိမဂ်ကျမ်း စသည်မှာ ရေးသားထားသော ဂါထာဖြစ်သည်။ အနက်ကို မကျက်နိုင်သည့်တိုင်အောင် ပါဠိကိုကား ရအောင် ကျက်၍ အမြဲရွတ်ဖတ်ပါ၊ ပုတီးစိပ်ပါ။

ဘဂဝါ ဂုဏ်တော် ဘုရားရှိခိုး

ဘာဂျဝါ ဘဂ္ဂဝါ ယုတ္တော၊ ဘဂေဟိ စ ဝိဘတ္တဝါ။
ဘတ္တဝါ ဝန္တဂမနော၊ ဘဝေသု ဘဂဝါ တတော။
(တေန သစ္စဝဇ္ဇေန၊ ဘောဂါမေ ဟောန္တု သဗ္ဗဒါ။)
(တထာဂတော- ရှေးဘုရားတို့အတူ၊ ကောင်းစွာ လာ

တော်မူတတ်၊ အမြတ်ထွတ်တင်၊ ငါတို့၏ ဘုရားရှင်သည်)။ ဘာဂျဝါ၊တစေတာ-လောကုတ် လောကီ၊ နှစ်လီသုခ၊ ဖြစ်စေကြသည့်၊ ဒါနစသည်၊ ပါရမီဘုန်းကံ၊ အတန်တန်တို့နှင့်၊ ကောန်ကိုလုံ၊ ပြည့်စုံတော်မူတတ်၊ ဤသို့သော ဂုဏ်သကတ်ကြောင့်လည်းကောင်း။ ဘဂ္ဂဝါ တစေတာ–အကုသိုလ်တရားမာရ်ငါးပါးကို၊ ထွားထွားညက်ညက်၊ အစဉ်ပျက်အောင်၊ ချိုးဖျက်တော်မူတတ်၊ ဤသို့သောဂုဏ်သကတ်ကြောင့်လည်းကောင်း။ ဘဂေဟိ ယုတ္တော၊ တစေတာ–ဣဿရိယ၊ မွေ့ယသ၊ သိရီ, ကာမ၊ ငယတ္တဂုဏ်၊ ဘုန်း ခြောက်စုံတို့နှင့်၊ ကိုလုံတော်မူတတ်၊ ဤသို့သော ဂုဏ်သကတ်ကြောင့်လည်းကောင်း။ ဝိဘတ္တဝါ၊ တစေတာ-တရားဥဿုံ၊ အလုံးစုံကို၊ အာရုံထင်စေ၊ ကျင့်ကြံစေဘို့၊ ခွဲဝေဟောတတ်၊ ဤသို့သော ဂုဏ်သကတ်ကြောင့်လည်းကောင်း။ ဘတ္တဝါ၊တစေတာ–အဘိညာဉ်စျာန်၊ မဂ်ဖိုလ်စျာန်နှင့်၊ နိဗ္ဗာန်ဟူသား၊ အထက်တန်းတရားကို၊ ဝင်စားနေတတ်၊ ဤသို့သောဂုဏ်သကတ်ကြောင့်လည်းကောင်း။ ဘဝေသု ဝန္တဂမနော၊ တစေတာ-သုံးဖြာဘဝ၊ ရောက်စေကြသည့်၊ လောဘ တဏှာ၊ အဝိဇ္ဇာကို၊ အမြစ်ပါပယ်လှန်၊ ထွေးအံတော်မူတတ်၊ ဤသို့သော ဂုဏ်သကတ်ကြောင့် လည်းကောင်း။ ဘဂဝါ–ဘဂဝါ–ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီးရှိမကုန်၊ ဖြဟ္မာ့ဘုံ တိုင်အောင်၊ ပြန့်လှိုင်ကျော်ကြား၊ ထင်ရှားတော်မူပါပေသည်တကား။

(ဓေတေနသစ္စဝဇ္ဇေန=ဤသို့နှုတ်သံ၊ ဖော်ထုတ်ပြန်၍၊ ဟုတ်မှန်စွာကိုဆိုရသော ဤသစ္စာစကားကြောင့်။ မေ-မယှံ-ဘဂဝါဂုဏ်၊ မြင့်မြတ်ပုံကို၊ ကြည်ယုံမြင်မြော်၊ ဘုရားတပည့်တော်အား။ သဗ္ဗဒါ-နေ့ရောညပါ၊ ဘယ်ခါမယိမ်း၊ အခါခပ်သိမ်း။ ဘောဂါ-စည်းစိမ်ဥစ္စာ၊ ရတနာရွှေငွေ၊ ဆန်ရေစပါး၊ အသုံးအဆောင်အစားစားတို့သည်။ ဟောန္တု-တိုးစဒီရေ၊ တက်သစ်နေသို့၊ မသွေဆောစွာ၊ ဖြစ်ထွန်း တည်မြဲကြပါစေကုန်သသည်း။)

အဓိပ္ပာယ်အကျဉ်း။ ။မြတ်စွာဘုရားသည် (၁)ပါရမီဘုန်းကံ ကြီးမားတော်မူသောကြောင့်လည်းကောင်း, (၂) အကုသိုလ်တရားနှင့် မာရ်ငါးပါးကို ချိုးဖျက်တော်မူသောကြောင့်လည်းကောင်း, (၃) ဘုန်းခြောက်ပါးနှင့် ပြည့်စုံတော်မူသောကြောင့်လည်းကောင်း, (၄) တရားအမျိုးမျိုးကို ဝေဖန် ဟောကြားတော်မူသောကြောင့်လည်း ကောင်း, (၅) ဈာန်မဂ်ဖိုလ်တရား နိဗ္ဗာန်တရားတို့ကို ဝင်စားမှိဝဲတော်မူသောကြောင့်လည်းကောင်း, (၆) ထိုထိုဘဝသို့ရောက်စေတတ်သော တဏှာကို ထွေးအံ ပယ်ဖျက်တော်မူပြီးသောကြောင့်လည်းကောင်း ဘဂဝါမည်တော်မူ၏။ (ဤ သစ္စာစကားကြောင့် တပည့်တော်အား အမြဲတမ်း စည်းစိမ်ဥစ္စာတိုးတက်ပါစေသတည်း)။

မှာထားချက်။ ။ဤဂါထာလည်း အဋ္ဌကထာကျမ်းပြု အရှင်မဟာဗုဒ္ဓဃောသ ရေးသားထားသော ဂါထာပင် ဖြစ်သည်။ လေ့ခကဒ္ဓ အလေးဂရုပြုထိုက်သူကို ဘဂဝါ=ဟုခေါ် ဝေါ်သုံးစွဲရ၏။ ဟိန္ဒူများသည် မိမိတို့၏ ဘုရားကို ဘဂဝံ– ဟု ခေါ်ကြ၏။ ပါဠိစာပေ၌လည်း ဣတိပိ သော ဘဂဝါ– ယေန ဘဂဝါ–စသည်ဖြင့် ဘုရားရှင်ကို ဘဂဝါဟူသော ပုဒ် ဖြင့်ပင် အများဆုံး သုံးစွဲထား၏။ ထို့ကြောင့် ဘဂဝါ–ဂုဏ် တော်သည်လည်း အရဟံ–ဂုဏ်တော်နည်းတူ အားကိုး ထိုက် သော ဂုဏ်တော်ပင် ဖြစ်သည်။ ထို့ကြောင့် ဤ ဂါထာကို လည်း ရအောင်ကျက်၍ အမြဲရွတ်ဖတ် သင့်လှပါတော့သည်။

သမ္ဗုဒ္ဓမင်္ဂလာ ဘုရားရှိခိုး

ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။
[ဧတေန သစ္စဝဇ္ဇေန၊ အဂ္ဂေါ ဟံ ဟောမိ သဗ္ဗဒါ။]

အာဒိစ္စော–ယူဇနာငါးဆယ်၊ အဝန်းကျယ်၍၊ တင့်တယ်အရောင်၊ ထိန်ထိန်ပြောင်လျက်၊ တောက်လောင်ပဝင်း၊ ရှင်နေမင်းသည်။ ဒိဝါ–ညဥ့်မှ လွတ်ကင်း၊ အရဏ် ကျင်း၍၊ အလင်းရောက်လာ၊ နေ့အခါ၌သာလျှင်။ တပတိ–သတ္တိစွမ်းဟုန်၊ သုံးကျွန်းချုံ၍၊ လောကဓာတ်ဘုံတွင်း၊ ရောင်စုံကျင်းလျက်၊ ထွန်းလင်း တောက်ပနိုင်ပါပေ၏။

စန္ဒိမာ–လေးဆယ့်ကိုးယူဇနာ၊ ကျယ်ဝန်းစွာဖြင့်၊ ဖြာဖြာတင့်ရွှန်း၊ဥဒည်စွန်းဝယ်၊ ထွန်းလင်းတောက်ပ၊ ကြည်လင်လှသည့်၊ အေးမြရောင်ဆင်း၊ ရွှေလမင်းသည်။ စန္ဒိမာ–ရှုမြင်ကြသူ၊ များဗိုလ်လူတို့၊ ကြည်ဖြူအေးမြ၊ နှစ်သက်လှသဖြင့်၊ ကမ္ဘာ့တန်ဆာ၊ ထိန်ထိန်ဖြာသည့်၊ ရောင်ဝါပဝင်း၊ ရွှေလမင်းသည်။ ရတ္တိံ-ဒေါင်းဖလ်ရဝိန်၊ နေသူရိန်သည်၊ ဂေါဝိန်သို့ချဉ်း၊ အရောင် ကင်း၍၊ မလင်း မှောင်မိုက်၊ ညဥ့်အခါ၌သာလျှင်။ အာဘာတိ- ဆီးနှင်း, မြူ, တိမ်၊ သူရိန်, မီးခိုး၊ ညစ်မျိုးငါးဝ၊ ကင်းစင်ပသဖြင့်၊ မနှရှင်အောင်၊ဝင်းပြောင်တင့်ရွှန်း၊ ထွန်းလင်းတောက်ပနိုင်ပါပေ၏။

ခတ္တိယော-ကောင်းကင် ရေနေ၊ မိုးနှင့်မြေပါ၊ အာဏာတန်ခိုး၊ လွှမ်းခြုံမိုး၍၊ အုပ်စိုးပိုင်နင်း၊ ပြည့်ရှင်မင်းသည်။ သန္နဒ္ဓေါ–ခဂ္ဂေါ,ဆတ္တ ဥဏှီ,သန္နင့်၊ဝါဠဗီဇနီ၊တလီနောက်မှ၊ ပါဒုကဟု ငါးဝတန်ဆာ၊ ဆင်ယင်ကာဖြင့်၊ ဗိုလ်ပါစစ်

တပ်၊ ခြံရံ၍ ထားအပ်မှသာလျှင်။ တပတိ-သဒ္ဒေးသူကြွယ်၊ ကုန်သယ် ပုဏ္ဏား၊ ဆင်းရဲသားဟု၊ များပြား ပေါယယ်၊ လူတို့လယ်၌၊ တင့်တယ်ပြောင်ရှန်း၊ ထွန်းလင်းတောက်ပနိုင်ပါပေ၏။

ပြာဟ္မဏော-ကာမရာဂ၊ စသည်များစွာ၊ ကိလေသာကို၊ ပယ်ခွာဆေးကြော၊ အကုန်မျှော၍၊ အာသဝေါကင်းကွာ၊ ရဟန္တာသည်။ ဈာယီ-သမထ ဝိပဿနာ၊ ဘာဝနာကို၊ များစွာထပ်ထပ်၊ လေ့လာအပ်သဖြင့်၊ သမာပတ်ပွား၊ ဈာန်ဝင်စား၍ နေမှသာလျှင်။ တပတိ-ကျက်သရေဆောင်၊ ရဟန်းဘောင်၌၊ ဂုဏ်ရောင်တန်ခိုး၊ မနွမ်းညှိုးပဲ၊ ပွားတိုး ဖြိုင်ဖြိုင်၊ ထွန်းလင်းတောက်ပတော်မူနိုင်ပါပေ၏။

အထ-စင်စစ်ကေန်၊ အမှန်အားဖြင့်သော်ကား။ ဗုဒ္ဓေါ-ဒုက္ခ, သမုဒယ၊ နိရောဓနှင့်၊ မဂ္ဂမည်သာ၊ လေးသစ္စာကို၊ ကောင်းစွာသိပိုင်၊ သိစေနိုင်၍၊ ပြိုင်သူကင်းမြဲ၊ သုံးဘုံမကိုဋ်၊ သုံးတိုက်သရဖူ၊ သုံးလူသင်းကျစ်၊ ဓမ္မရာဇ်မှန်ကူ၊ သယမ္ဘူ ထွတ်ထား၊ ရှင်တော်မြတ်ဘုရားသည်ကား။ သဗ္ဗမဟော-ရတ္တိံ—ဧဝ, လယ၊ မုဟုတ္တဟု၊ ကာလမယွင်း၊ မကျန်ကြွင်းပဲ၊ ခပင်းဥဿုံ၊ အလုံးစုံသော နေ့ညဉ့်ပတ်လုံး။ တေဇသာ-သီလ,ပုည၊ ဂုဏ,ပညာ၊ ဓမ္မာဟူသား၊ တန်ခိုးတော်အားဖြင့်။ တပတိ- တရာ့ရှစ်ကွက်၊ စက်လက္ခဏာ၊ သုံးဆယ့်နှစ်ဖြာသော

လက္ခဏာတော်ကြီး၊ တသီးအံ့ဖွယ်၊ ရှစ်ဆယ်သောလက္ခဏာတော်ငယ်၊ ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့်၊ တင့်တယ်ပြောင်ရှန်း၊ ထွန်းလင်းတောက်ပတော်မူပါပေသတည်း။

(ဧတေန သစ္စဝဇ္ဇေန- ဤသို့နှုတ်သံ၊ ဖော်ထုတ်ပြန်၍၊ ဟုတ်မှန်စွာ ဆိုရသော သစ္စာ စကားကြောင့်။ အဟံ- မြတ်ဘုရားဂုဏ်၊ အဖုံဖုံကို၊ အာရုံရှုမြော်၊ ဘုရားဘပည့်တော်သည်။ သဗ္ဗဒါ-နေ့ရောညဉ့်ပါ၊ ဘယ်ခါမယိမ်း၊ အခါခပ်သိမ်း။ အဂ္ဂေါ-အမြတ်ဆုံး အသာဆုံး၊ အထူးချွန်ဆုံး၊ အထက်တန်းအကျဆုံးသည်။ ဟောမိ-ဘုရားရှင်ဂုဏ်၊ အဖုံဖုံကို၊ အာရုံရှုမြော်၊ ကုသိုလ်တော်ကြောင့်၊ အဟော်အစွာရှိ၊ အံ့ဘွယ်ရှိအောင်၊ မိမိပိုင်ပိုင်၊ ဖြစ်နိုင်ရပါလို၏အရှင်ဘုရား)။

အဓိပ္ပာယ်အကျဉ်း။ ။နေမင်းသည် နေ့အခါ၌သာ ထွန်းလင်းနိုင်၏။ လမင်းသည် ညအခါ၌သာ ထွန်းလင်းနိုင်၏။ ဘုရင်မင်းသည် မင်းမြောက်တန်ဆာ ငါးပါး ဆင်ယင်ထားမှသာ ထူးခြား၍ တင့်တယ်၏။ ရဟန္တာသည် စျာန်ဝင်စားနေမှသာ ထူးခြား၍ သပ္ပာယ်၏။ ဘုရားရှင်သည်ကား တန်ခိုးတော်ဖြင့် နေ့ရောညဉ့်ပါ တင့်တယ်တော်မူ၏။ (ဤသစ္စာစကားကြောင့် တပည့်တော်သည် အခါခပ်သိမ်း သာလွန် ထူးချွန်သူ ဖြစ်ရပါလို၏။)

မှာထားချက်။ ။ဤဂါထာသည် သံယုတ် ပါဠိတော်၊ ဓမ္မပဒပါဠိတော်တို့၌ တိုက်ရိုက်လာသော ဂါထာဖြစ်သည်။ အဋ္ဌကထာဆရာက (သဗ္ဗမင်္ဂလာဂါထာ)ဟု အမည်ပေးထား၏။ မင်္ဂလာအမျိုးမျိုး တိုးတက်စေသောဂါထာ-ဟု ဆိုလို၏။

ပါရမီတော်ဖွင့် ဘုရားရှိခိုး

မဟာကာရုဏိကော နာထော၊
ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတွာ ပါရမီ သဗ္ဗာ၊
ပတ္တော သမ္ဗောဓိ မုတ္တမံ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

မဟာကာရုဏိကော-ကြီးကျယ်မြင့်မြတ်၊ ပူဇော်အပ်၍၊ သတ္တဝါခပင်း၊ ဆင်းရဲခြင်းကို၊ ပယ်ရှင်းဖျောက်ခွာ၊ အ သာ-ခါရုဏာမဟာကရုဏာ ရှိတော် မူပေထသော။ နာထော-ဝေနေယျများ၊ ကျိုးစီးပွားနှင့်၊ နှစ်ပါးချမ်းသာ၊ ဤ နှစ်ဖြာကို၊ မေတ္တာ ရွှေထား၊ လိုလား တောင့်တပေထသော။ (ပုဒ္ဓေါ-ခုခါကျက်သရေ၊ ဘုန်းတော်ဝေ၍၊တက်နေ နေဝန်း၊ ထွန်းသစ်လစန်း၊ ပွင့်သစ်ပန်းသို့၊ လန်းဆန်း တောက်ကြွား၊ ငါတို့သခင် ရှင်တော်မြတ်ဘုရားသည်)။ သဗ္ဗပါဏိနံ-လူနတ်

ပြဟ္မာ၊ငါ့သူတပါး၊ ယောကျ်ားမိန်းမ၊ စသည်ကျုံးခြုံ၊ လုံးစုံများစွာ၊ သတ္တဝါတို့၏။ ဟိတာယ-သံသရာဝဲ၊ ဩဃထဲမှ၊ ထုတ်ဆွဲကယ်မ၊ ကောင်းကျိုးစီးပွားကို ပြုရခြင်းအကျိုးငှာ သာလျှင်။ သဗ္ဗာ ပါရမီ—

ဒါနံ သီလဉ္စ နေက္ခမ္မံ၊ ပညာ ဝီရိယပဉ္စမံ။

ခန္တိ သစ္စံ အဓိဋ္ဌာနံ၊ မေတ္တုပေက္ခာတိမာ ဒသ။

မူလတဆယ်၊ ပြားသုံးဆယ်ဟု၊ များကျယ်အညီ၊ အလုံးစုံသော ပါရမီတော်တို့ကို။ ပူရေတွာ-လေးသင်္ချေကိန်း၊ ကပ်တသိန်းမျှ၊ ထိန်းသိမ်း ဆင့်ဆင့်၊ ဖြည့်ကျင့်တော်မူခဲ့ပြီးမှ၊ ဥတ္တမံ—တဖုံမကြွင်း၊ ဂုဏ်ခပင်းကို၊ စုံနှင်းပေးတတ်၊ အလွန်မြတ်သော။ သမ္မာ သမ္ဗောဓိံ-သိဘွယ်ဟူသမျှ၊ သိကုန်ကြသည့်၊ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတ ဉာဏ်တော်သို့။ ပတ္တော-နူ့ကြမ်းရန်ဆိုး၊ပယ်လှန်ချိုး၍၊ဂုဏ်မျိုးတွေဝေ၊ ဆိုက်ရောက်တော်မူခဲ့ပါလေပြီ။

တေန သစ္စဝဇ္ဇေန—ဤသို့ နှုတ်သံ၊ ဖော်ထုတ်ပြန်၍၊ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့်။ မေ-မယုံ့-မြတ်ဘုရားဂုဏ်၊ မြင့်မြတ်ပုံကို၊ အာရုံမြင်မြော်၊ ဘုရားတပည့်တော်အား။ သဗ္ဗဒါ-နေ့ရောညဉ့်ပါ၊ ဘယ်ခါမယိမ်း၊ အခါခပ်သိမ်း။ သောတ္ထိ-တင့်တယ်ဘို့ရန်၊ အတန်တန်ဖြင့်၊ ဘေး

ရန်ခပ်သိမ်း၊ အေးငြိမ်းခြင်းသည်။ ဟောတု- စင်စစ်မသွေ၊ ဖြစ်ပါစေသတည်း။

အဓိပ္ပာယ်အကျဉ်း။ ။မဟာကရုဏာတော်ရှင် ဘုရားသခင်သည် သတ္တဝါအားလုံးတို့ အကျိုးစီးပွား ဖြစ်ထွန်းရန် အလို့ငှာ ပါရမီအားလုံးတို့ကို ဖြည့်ကျင့်တော်မူပြီးမှ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဤ သစ္စာစကားကြောင့် တပည့်တော်အား ချမ်းသာခြင်း ဖြစ်ပါစေ။

မှာထားချက်။ ။ဤဂါထာသည် ပရိတ်ကြီးပါဠိတော် ပုဗ္ဗဏှသုတ်၌လာသော ဂါထာဖြစ်သည်။ ဗုဒ္ဓမြတ်စွာ၏ ပါရမီဖြည့်လာတော်မူပုံကို ဉာဏ်မီသမျှ စဉ်းစား၍ ရွတ်ဖတ်ရှိခိုးပါလျှင် ကုသိုလ်စေတနာ များစွာ ဖြစ်ပွားနိုင်ပါသည်။ ကုသိုလ်စေတနာဖြစ်လျှင် ကောင်းကျိုး အမျိုးမျိုး ဖြစ်ပွားလေတော့သည်။

ကရုဏာ ပညာ ဘုရားရှိခိုး

ကရုဏာသီတလဟဒယံ၊ ပညာပဇ္ဇောတဝိဟတမောဟတမံ။

သနရာမရလောကဂရုံ၊ ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။

ကရုဏာသီတလဟဒယံ - ကရုဏာ အစဉ်၊ စမ်းရေယဉ်ကြောင့်၊ အစဉ်အေးမြ၊ ဘေးဘယဝေးကွာ၊ သာယာဘွယ်

အတိ၊ စိတ်နှလုံးကောင်းလည်း ရှိတော်မူပေထသော။ ပညာ–ပဇ္ဇောတဝိဟတမောဟတမံ = ပညာရောင်ဖြင့်၊ အဟုတ် လွင့်အောင်၊ မှုတ်လွင့်အပ်ပြီး၊ မောဟတည်းဟူသော အမိုက်မှောင်လည်း ရှိတော်မူပေထသော။ သနရာမရလောကဂရုံ-လူ့,နတ်,ဗြဟ္မာ၊ သတ္တဝါတို့၏၊ ဆရာတဆူ၊ ဖြစ်တော်မူပေထသော။ သုဂတံ-ပါရမီဆယ်ပါး၊ ဖြည့်သောအားဖြင့်၊ ရှေးဘုရားတို့အတူ၊ ကောင်းစွာ ကြွလာတော် မူပေထသော။ ဝါ-သုဂတံ–ဟုတ်မှတ်ကျိုးရ၊ စကားမျှကို၊ ကာလချင့်မြော်၊ ပြောဟောတော်မူလေ့ရှိပေထသော။ ဂတိဝိမုတ္တံ–ငရဲ, ပြိတ္တာ၊ တိရစ္ဆာနှင့်၊ မနုဿာ, ဒေဝ၊ ဘုံငါးဝမှ၊ လုံးဝလွတ်မြောက်၊ နိဗ္ဗာန်သို့ ရောက်တော် မူပြီးထသော။ (ဗုဒ္ဓ - သက်တော်ထင်ရှား၊ မြတ်စွာဘုရားကို။ အဟံ–ကရုဏာ ပညာ၊ စုံလင်စွာဖြင့်၊ သာသနာအကျိုး၊ လောကကျိုးကို၊ သယ်ပိုးလိုသော်၊ ဘုရားတပည့်တော်သည်)။ ဝန္ဒေ-ဝန္ဒာမိ–ဂုဏ်တော်ထုံမွှမ်း၊ ပုံတော် မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာညွတ်ကျိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

အဓိပ္ပာယ်အကျဉ်း။ ။ကရုဏာကြောင့် အေးမြသော စိတ်နှလုံး ရှိတော်မူသော, ပညာရောင်ဖြင့် မောဟမှောင်ကို ဖျက်ဆီးတော် မူပြီးသော, လူ နတ် ဗြဟ္မာ သတ္တဝါတို့က အလေးအမြတ် ပြုအပ်သော, စကားကောင်းကိုသာ ပြောဆို

တော်မူတတ်သော, ဂတိငါးပါးမှ လွတ်မြောက်တော် မူပြီးသော မြတ်စွာဘုရားကို ရှိခိုးပါ၏။

မှာထားချက်။ ။ဤဂါထာသည် အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသ ကိုယ်တော်တိုင် သုတ္တန် အဋ္ဌကထာကြီးများ၏ ကျမ်းဦးအစတွင် လက်စွဲပြု၍ ဘုရားရှိခိုးသောဂါထာဖြစ်သည်။ယခုလောလောဆယ်၌ ဓမ္မကထိကအကျော်ထူးကြီး ဆရာတော် လက်စွဲပြုသော ဂါထာဖြစ်၏။ ကရုဏာ ပညာနှစ်ဖြာလုံးနှင့် ပြည့်စုံရေးကို ရှေးရှုကာ ဤဂါထာဖြင့် ဘုရားကို အာရုံပြုပါလေ။

ကြာပဒုမ္မာ ဘုရားရှိခိုး

ပဒုံ ယထာ ကောကနဒံ သုဂန္ဓံ၊
ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ။
အင်္ဂီရသံ ပဿ ဝိရောစမာနံ၊
တပန္တမာဒိစ္စမဝန္တလိက္ခေ။

သုဂန္ဓံ-ရနံ့သင်းကြိုင်၊ မွှေးပြန့်လှိုင်သော။ ကောကနဒံ-စက္ကဝက်ခေါ်၊ ငှက်များပျော်၍၊ ကြွေးကြော် စေတတ်၊ ကောကနဒ်-ဟု၊ ခေါ်မှတ်စရာ၊အမည်ကလည်း သာထသော။ ပဒုံ-အထပ်တရာ၊ ချပ်လွှာတင့်ဆန်း၊ ပဒုမ္မာကြာနီပန်းသည်။ ပါတော-ဥဒည်းစွန်းမှ နေဝန်းထွက်လာ၊ နံနက်စောစော

အခါ၌။ ဖုလ္လံ–ကားကား စွင့်စွင့်၊ ငွားငွား ပွင့်သည်ဖြစ်၍။ အဝိဘဂန္ဓ-မကင်းရနံ့၊ သင်းပြန့်ကြိုင်ကြိုင်၊ လေစုန်ရာ လှိုင်သည်ဖြစ်၍။ ဝိရောစမာနံ-အဆင်းမပြယ်၊ ရနံ့ကြွယ်လျက်၊ တင့်တယ်လှပ၊ မြင်သူတိုင်းငေးကြည့်ရသည်။ သိယာ ယထာ–မုချမသွေ၊ ဖြစ်ရလေသကဲ့သို့။

တထာ–ပုံစံညီယူ၊ ဤ-အတူသာလျှင်။ သုဂန္ဓံ-ကိုယ်တော်ရနံ့၊ ဂုဏ်ရနံ့တို့ဖြင့်၊ သင်းပျံ့မွှေးထုံ၊ ရနံ့ပေါင်း စုံတော်မူထသော။ အင်္ဂီရသံ–ကိုယ်အင်္ဂါအစိပ်စိပ်မှ၊ တဖိတ်ဖိတ် ထွက်–ပေါ်၊ ရောင်ခြည်တော် ရှိသည်ဖြစ်၍။ အန္တလိက္ခေ-ဆီးတားမထင်၊ ကြားအပြင်ဖြင့်၊ ရှုမြင်အပ်သော်၊ ကောင်းကင်ပေါ်၌။ တပန္တံ–ရောင်ခြည် တထောင်၊ အလင်းဆောင်၍၊ ထွန်းပြောင်ပဝင်း၊ ထိန်ထိန်လင်းသော။ အာဒိစ္စံ္ဃဝ-အဒိတိမည်ဟီး၊ နတ်သမီး၏၊ သားကြီးရတနာ၊ နေမင်းမဟာကဲ့သို့။ (တေခါတုကေ-ကာမရူပ၊ အရူပဟု၊ လောကသုံးဘုံ၊ကုန်လုံးခြုံ၍။) တပန္တံ–ဂုဏ်တော်အရောင်၊ ထွန်းပြောင် ထိန်လင်း၊ တရားမင်း လူ့သခင်၊ ဘုရားရှင်ကို။ ပဿ-ပဿာမိ–သဒ္ဓါလုလု၊ ဉာဏ်စက္ခုဖြင့်၊ စေ့ငုထင်ထင်၊ ဦးတင်ညွတ်ကျိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့လိုက်ပါ၏ အရှင်ဘုရား။

အဓိပ္ပာယ်အကျဉ်း။ ။ နံနက်အခါ ပွင့်ပေါ်လာ၍ အဆင်းလည်းလှပအနံ့လည်းမွှေးကြိုင်လှသောပဒုမ္မာကြာပန်း

ကဲ့သို့ ရုပ်အဆင်းလည်းသပ္ပာယ် ဂုဏ်ရနံ့လည်း ကြွယ်တော်မူသော, ကောင်းကင်၌ ထွန်းတောက် တင့်တယ်သော နေမင်းကြီးကဲ့သို့ ဘုံသုံးပါး၌ ထွန်းတောက် တင့်တယ်တော်မူသော မြတ်စွာဘုရားကို ဖူးမြော်ပါ၏။

မှာထားချက်။ ။ဤဂါထာသည် မဟာပန် မထေရ်က မိမိ၏ညီတော် စူဠပန်မထေရ်အား သင်ပေးသော ဘုရားရှိခိုးဂါထာဖြစ်၏။ ဘုရားရှင်၏ ပုံတော်ကို ဖွဲ့ဆိုထားသည်။ ဤဂါထာကို အမြဲ ရွတ်ဖတ်ပါလျှင် မြတ်စွာဘုရား၏ သိရီဂုဏ်ကို ချီးကျူးရာရောက်၍ မိမိသန္တာန်၌ ကျက်သရေများ တိုးပွားနိုင်ပေသည်။

သမ္ဗုဒ္ဓေ ဘုရားရှိခိုး

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာ မဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာနုဘာဝေန၊ ဟတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကအန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

အဋ္ဌဝီသံ-သုံးပါးဘဝ၊ သုံးလောကတွင်၊ ဉာဏရောင်ဖိတ်၊ အောင်ဘိသိက်နှင့်၊ နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္ဗုဒ္ဓေ စ-

တန်ဆောင်ပမာ၊ ညာဏ်ရောင်ငါဖြင့်၊ သစ္စာလင်းထိန်၊ မြတ်မုနိန်တို့ကို လည်းကောင်း။ ဒွါဒသံ စ သဟဿကေ=နိဗ္ဗာန်ကိန်းအောင်း၊ စက်မွှေလျှောင်းသည့်၊ တသောင်းနှစ်ထောင်ကုန်သော။ သမ္ဗုဒ္ဓေ စ=တန်ဆောင်ပမာ၊ ညာဏ်ရောင်ဝါဖြင့်၊ သစ္စာပွင့်လင်း၊ တရားမင်းတို့ကို လည်းကောင်း။ ပဥ္စသတ= သဟဿာနိ=သောင်းတိုက် စကြဝဠာ၊ ဂုဏ်ရောင်ဖြာသည့်၊ သချာတွက်ကိန်း၊ ငါးသိန်းမျှကုန်သော။ သမ္ဗုဒ္ဓေ စ= တန်ဆောင်ပမာ၊ ညာဏ်ရောင်ဝါဖြင့်၊ သစ္စာထုတ်ချွေ၊ သုံးလူ့ဆွေတို့ကို လည်းကောင်း။ အဟံ–ခန္ဓာငါးခု၊ ရုပ်နာမ်စုကို၊ ငါဟုတွင်ခေါ်၊ဘုရားတပည့်တော်သည်။ သိရသာ–ဦးခေါင်းရတနာ၊ မြတ်အင်္ဂါဖြင့်။ နမာမိ–သားရန်ကင်းပ၊ လိုတိုင်းရအောင်၊ ကြည်ဆွသဒ္ဓါ၊ ရှိခိုးပါ၏ အရှင်ဘုရား။

ဝါဠုကာ ဂင်္ဂါ– ဂင်္ဂါမြစ်ထဲ၊ ကျောက်သလဲတို့သည်။ အပ္ပကာ-ရေတွက်ပိုင်းခြား၊ ဂဏန်းအားဖြင့်၊ နည်းပါးလှပေကုန်၏။နိဗ္ဗုတာ-ပရိနိဗ္ဗာန်၊ဝင်စံတော်မူပြီးကြကုန်သော။ ဇိနာ-ငါးမာရ်အောင်မြင်၊ ဘုရားရှင်တို့သည်ကား။ အနန္တာ သချာသချေ၊ တွက်ရေလုံးလုံး၊ အဆုံးမရ၊ များပြားလှပေကုန်၏။ တေသံ–ဂင်္ဂါသဲမက၊ နိဗ္ဗာန်ကြပြီး၊ ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့နှင့်တကွ၊ ငါးသိန်း တသောင်း နှစ်

ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့၏။ ဓမ္မံ· ဟော ဖော်မိန့်ကြား၊ ဗျာဒိတ်ထားသည့်၊ ဆယ်ပါးသော တရား တော်မြတ်ကိုလည်းကောင်း။ သံဃံ စ-မဂ္ဂဋ္ဌာန်ဖလဋ္ဌာန်၊ရှစ် တန်အရိယာ၊ထေရ်သံဃာတို့နှင့်တကွ၊ ခုခါထင်ပေါ်၊သမ္ဗုတိ သံဃာတော် အပေါင်းကိုလည်းကောင်း။ အဟံ—ရုပ်နာမ် နှစ်ဖြာ၊ ငါးခန္ဓာကို၊ သူငါတွင်ခေါ်၊ ဘုရားတပည့်တော် သည်။အာဒရေန-လေးမြတ်ကြည်သာ၊ ရိုသေစွာ။ နမာမိ— ဘေးရန် ခပ်သိမ်း၊ ရှောင်ခွာတိမ်း၍၊ အေးငြိမ်း ဘို့ရာ၊ ရှိခိုးပါ၏ အရှင်ဘုရား။

နမက္ကာရ နုဘာဝေန—ရှိခိုးပါရ၊ စေတနာ့အကျိုး၊ တန် ခိုးရှိန်စော်၊ အာနုဘော်သည်။ ဟတာ—နှိမ်ချိုးခုတ်ဖြတ်၊ ပယ်သတ်အပ်ကုန်သည်ဖြစ်၍။ ဝါ-နှိမ်ချိုးခုတ်ဖြတ်၊ ပယ် သတ်အပ်ကုန်သောကြောင့်။ ဝါ-နှိမ်ချိုးခုတ်ဖြတ်၊ ပယ်သတ် အပ်ကုန်သော။ သဗ္ဗေ-ကြွင်းမဲ့ဥဿုံ၊ အလုံးစုံကုန်သော။ ဥပဒ္ဒဝါ = တဆယ့်ခြောက်ဝ၊ ဘေးရန် ဟူသမျှတို့သည်လည်း ကောင်း။ အနေကအန္တရာယာပိ-တပါးမက၊များလှသောင်း ပြောင်း၊ အန္တရာယ်အပေါင်းတို့သည်လည်းကောင်း။အသေ- သတော-အကြွင်းအကျန်၊ ကေန်တစိ၊ မရှိသောအားဖြင့်။ ဝိနဿန္တု—ကင်းစင်လွင့်ပျောက်၊ မရောက်သည်သား၊ ဖြစ်ကြ ပါစေကုန်သတည်း။

အဓိပ္ပာယ်အကျဉ်း။ ။ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူပြီးကြသော ဘုရားအဆူဆူတို့နှင့်တကွ ငါးသိန်း တသောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ ကုန်သော ဘုရားရှင်တို့ကိုလည်း ကောင်း, ထိုဘုရားရှင်တို့ ဟောကြားအပ်သော တရားတော်ကိုလည်းကောင်း, ထို ဘုရားရှင်တို့၏ တပည့် သံဃာတော် အပေါင်းကိုလည်းကောင်း ရှိသေစွာရှိခိုးပါ၏။ ရှိခိုးရသော ကုသိုလ်ကံ စေတနာ၏ အာနုဘော်တော်ကြောင့် ဘေးရန် အားလုံး အန္တရာယ်အားလုံး ပျက်သုဉ်း ကင်းပျောက်ကြပါ စေသော်။

မှာထားချက်။ ။ဤဂါထာကား ဗုဒ္ဓဘာသာဝင်တိုင်း ကလေးဘဝမှစ၍ ရလာ ရွတ်လာသော ဂါထာတော် ဖြစ်၍ အထူးမှာကြားနေဖွယ် မလိုတော့ပြီ။ အဓိပ္ပာယ်ကို နှလုံးသွင်း၍ နေ့စဉ်ရွတ်ဖတ်ဖို့နှင့် အရေးကိစ္စ ကြုံလာသောအခါ အထူးရွတ်ဖတ်ဖို့ရန်သာ လိုပါသည်။

နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုး

တံ,မေ,သ,ဒီ,ကော,မံ,သု,ရေ၊
သော,အ,ပ,နာ,ပ,သု,သု,ပိ။
အ,ဓံ,သိ,တိ,ဖု,ဝိ,သိ,ဝေ၊
က,ကော,က,ဂေါ နမာမဟံ။

အဟံ-ဗုဒ္ဓဿသာသနာ၊ တည်ထွန်းရာ၌၊ သဒ္ဓါပသန္န၊ လူဖြစ်ရ၍၊ ဘဝမှန်ပေါ်၊ ဘုရားတပည့်တော်သည်။ တံ-တဏှင်္ကရံ-တဏှင်္ကရာ မည်တွင်၊ ဘုရားရှင်ကိုလည်းကောင်း။ မေ-မေဓင်္ကရံ-မေဓင်္ကရာမည်တွင်၊ ဘုရားရှင်ကိုလည်းကောင်း။ သ-သရဏင်္ကရံ-သရဏင်္ကရာမည်တွင်၊ဘုရားရှင်ကိုလည်းကောင်း။ ဒီ-ဒီပင်္ကရံ- ဒီပင်္ကရာမည်တွင်၊ ဘုရားရှင်ကိုလည်းကောင်း။ ကော-ကောဏ္ဍညံ- ကောဏ္ဍညမည်တွင်၊ ဘုရားရှင်ကိုလည်းကောင်း။ မံ-မင်္ဂလံ- မင်္ဂလမည်တွင်၊ ဘုရားရှင်ကိုလည်းကောင်း။ သု- သုမနံ- သုမနမည်တွင်၊ ဘုရားရှင်ကိုလည်းကောင်း။ ရေ- ရေဝတံ-ရေဝတမည်တွင်၊ ဘုရားရှင်ကိုလည်းကောင်း။

သော-သောဘိတံ-သောဘိတမည်ငြား၊ မြတ်ဘုရားကိုလည်းကောင်း။ အ-အနောမဒဿိံ-အနောမဒဿီမည်ငြား၊ မြတ်ဘုရားကိုလည်းကောင်း။ ပ-ပဒုမံ-ပဒုမမည်ငြား၊ မြတ်ဘုရားကိုလည်းကောင်း။ နာ-နာရဒံ-နာရဒမည်ငြား၊ မြတ်ဘုရားကိုလည်းကောင်း။ပ-ပဒုမုတ္တရံ-ပဒုမုတ္တရမည်ငြား၊မြတ်ဘုရားကိုလည်းကောင်း။ သု-သုမေဓံ-သုမေဓမည်ငြား၊မြတ်ဘုရားကိုလည်းကောင်း။ သု-သုဇာတံ- သုဇာတမည်ငြား၊ မြတ်ဘုရားကိုလည်းကောင်း။ ပိ-ပိယဒဿိံ-ပိယဒဿီ မည်ငြား၊ မြတ်ဘုရားကိုလည်းကောင်း။

အ-အတ္တဒသိံ-အတ္တဒဿီ ခေါ်ကြ၊ မြတ်ဗုဒ္ဓ ကိုလည်း ကောင်း။ ဓံ-ဓမ္မဒသိံ-ဓမ္မဒဿီခေါ်ကြ၊ မြတ်ဗုဒ္ဓကိုလည်း ကောင်း။ သိ-သိဒ္ဓတ္ထံ-သိဒ္ဓတ္ထခေါ်ကြ၊ မြတ်ဗုဒ္ဓကိုလည်း ကောင်း။ တိ-တိဿံ-တိဿခေါ်ကြ၊ မြတ်ဗုဒ္ဓကိုလည်း ကောင်း။ ဖု-ဖုဿံ-ဖုဿခေါ်ကြ၊ မြတ်ဗုဒ္ဓကိုလည်းကောင်း။ ဝိ-ဝိပဿိံ-ဝိပဿီခေါ်ကြ၊ မြတ်ဗုဒ္ဓကိုလည်းကောင်း။ သိ-သိခိံ-သိခီခေါ်ကြ၊ မြတ်ဗုဒ္ဓကိုလည်းကောင်း။ ဝေ-ဝေဿဘုံ-ဝေဿဘူခေါ်ကြ၊ မြတ်ဗုဒ္ဓကိုလည်းကောင်း။

က-ကကုသန္ဓံ-ကကုသန်တွင်ခေါ်၊ မြတ်ဇိနေဝ်ကိုလည်း ကောင်း။ ကော-ကောဏာဂမနံ-ကောဏာဂုံမည်ခေါ်၊ မြတ်ဇိနေဝ်ကိုလည်းကောင်း။ က-ကဿပံ-ကဿပတွင်ခေါ်၊ မြတ်ဇိနေဝ်ကိုလည်းကောင်း။ ဂေါ-ဂေါတမံ-ဂေါတမ မည်ခေါ်၊ မြတ်ဇိနေဝ်ကိုလည်းကောင်း။ နမာမိ = ကျန်းမာချမ်းသာ၊ ဘယာကင်းပ၊ လိုရာရ၍၊ ဗုဒ္ဓမြတ်စွာ၊ သာသနာကို၊ ကျင့်ကာဟောရေး၊ ပတ္ထနာမွေးလျက်၊ လေးလေးပင်ပင်၊ ဦးတင်ဝပ်လျှိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

အဓိပ္ပာယ် အကျဉ်း။ ။ တဏှင်္ကရာ မြတ်စွာဘုရားကို ရှိခိုးပါ၏....ဤသို့စသည်ဖြင့် သိပါ။

မှာထားချက်။ ။ နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့၏ ဘွဲ့တော်များကို မှတ်သားပါ။ ထိုဘုရားရှင်တို့တွင် ဒီပင်္ကရာ

ဘုရားရှင်၏ အထံတော်၌ ကျန်နိပ်တို့ဘုရားအလောင်းတော် ဘုရားဖြစ်ရန် ဆုပန်ခဲ့သည်။ အနောမဒဿီ ဘုရားရှင်အထံတော်၌ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ အဂ္ဂသာဝကဖြစ်ရန် ဆုပန်ခဲ့သည်။ ပဒုမုတ္တရဘုရားရှင်အထံတော်၌ အသီတိသာဝကနှင့် တေဒဂ်ရပုဂ္ဂိုလ်တို့ မဟာသာဝက ဖြစ်ရန် ဆုပန်တော်မူခဲ့ကြသည်။ ဝိပဿီ-စသော ဘုရားခုနစ်ဆူကို ပြဟ္မာကြီးများ နာမည်ဖော်၍ ရှိခိုးလေ့ရှိကြသည်။ ထိုဘုရားခုနစ်ဆူတို့တွင် ကကုသန်-စသော ဘုရားလေးဆူတို့သည် ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူသော ဘုရားရှင်များ ဖြစ်ကြသည်။ ဤဘဒ္ဒကမ္ဘာ၌ပင် အရိမေတ္တေယျဘုရားပွင့်တော်မူလိမ့်ဦးမည်။ ဘုရားငါးဆူကို သံ,ဂုံ,ပ,မ,အ-ဟု အကျဉ်းချုပ် အမှတ်အသား ပြုထားကြလေသည်။

စ-ဓ-ဗ-ဝ- ဘုရားရှိခိုး

စက္ခုမာ စရမာစိဏ္ဏော၊ ဓမ္မညူ ဓမ္မသာမိကော။
ဗလူပေတော ဗလဒဏ္ဍော၊ ဝရဒေါ ဒေတု မေ ဝရံ။

(စ) စက္ခုမာ-လောကသုံးခွင်၊ ဘုံအပြင်ဝယ်၊ ကုန်စင်ခပင်း၊ မကျန်ကြွင်းအောင်၊ အလင်းထင်ပေါ်၊ သိမြင်တော်မူပေထသော။ စရမာစိဏ္ဏော-သီလ, သမာ၊ ဓိပညာဟု၊

သိက္ခာသုံးပါး၊ ကျင့်တရားကို၊ မနားမနေ၊ ပရိယေဖြင့်၊ ဘာဝနေပွား၊ လုံ့လထား၍၊ ကြိုးစားတော်မူထပေသော။

(ခ) ဓမ္မညူ-လောကုတ် လောကီ၊ နှစ်လီနှစ်ဝ၊ မြတ်ဓမ္မကို၊ ကျနကုန်စင် လင်းလင်းထင်အောင်၊ သိမြင်တော်မူပေထသော။ ဓမ္မသာမိကော - သောင်းတိုက် စကြဝဠာ၊ ခေါင်းဆိုက်ရာ အစစ်၊ ဓမ္မရာဇ် တဆူ၊ သယမ္ဘူမှန်ကင်း၊ တရားမင်းကြီးလည်း ဖြစ်တော်မူပေထသော။

(ဗ) ဗလူပေတော-ကာယဉာဏ၊ နှစ်မည်ရလျက်၊ ဗလနှစ်သွယ်၊ အံ့ဩဘွယ်ဟူ၊ ကြီးကျယ်ခမ်းနား၊ စွမ်းပကားနှင့်၊ ဆယ်ပါးသော အားတော်လည်းရှိတော်မူပေထသော။ ဗလဒဠော-မြင်းမိုရ်မေရု၊ နိုင်းတုမမီ၊ ဂုဏ်ရည်ထက်သန်၊ မြဲမြံခိုင်ခံ့၊ တည်တံ့သော သမာဓိအားတော်လည်း ရှိတော်မူပေထသော။

(ဝ) ဝရဒေါ-လတ်တလောလက်ငင်း၊ ချက်ချင်းခဏ၊ ချမ်းသာရအောင်၊ မိုချထင်လင်း၊ ဆင်းရဲကင်း၍၊ လူမင်းနတ်မင်း၊ ပြဟ္မာမင်းတို့ထက်၊ ဆထက်လွန်ကျူး၊ နိဗ္ဗာန်တည်းဟူသော ဆုထူးကိုလည်းပေးသနားတော်မူပေထသော။ (ဗုဒ္ဓေါ-ဒုက္ခ+သမုဒယ၊ နိရောဓနှင့်၊ မဂ္ဂမည်သာ၊ လေးသစ္စာကို၊ ကောင်းစွာသိပိုင်၊ သိစေနိုင်၍၊ ပြိုင်သူကင်းမြဲ၊ သုံးဘုံမကိုဋ်၊ သုံးတိုက်သရဖူ၊ သုံးလူ သင်းကျစ်၊ ဓမ္မရာဇ် ထွတ်ထား၊ ရှင်တော်မြတ်ဘုရားသည်)။ မေး-မယုံ- ဘုရား

အာရုံ၊ စိတ်မှာထုံ၍၊ တလုံလဲလဲ၊ မှိုဝဲကော်ရော်၊ ဘုရားတပည့်တော်အား။ ဝရံ–အောင်မင်္ဂလာ၊ အောင်ရတနာနှင့်၊ အောင်ချမ်းသာဟူသမျှ၊ အောင်သုခကို။ ဒေတု–သားရာဟုလာ၊ ကဲ့ပမာသို့၊ ကရုဏာပွား၊ မေတ္တာထား၍၊ ပေးသနားတော်မူပါ အရှင်သူမြတ်ဘုရား။

အဓိပ္ပာယ်အကျဉ်း။ ။(စ)ပညာမျက်စိရှိ၍ ကျင့်စရာမှန်သမျှကို ကျင့်တော်မူပြီးသော, (ခ) တရားသိ၍ တရားရှင်ဖြစ်တော်မူသော, (ဗ) ကိုယ်အားဉာဏ်အားနှင့် သမာဓိအား ရှိတော်မူသော, (ဝ)ဆုထူးကို ပေးသနားတော်မူတတ်သောဘုရားရှင်သည် တပည့်တော်အား အောင်ဆုကို ပေးဒ တော်မူပါစေသတည်း။

မှာထားချက်။ ။လောကီ စ၊ခ၊ဗ၊ဝ–ကိုလောကုတ္တရာသို့ ပြောင်းထားသော ဘုရားရှိခိုး ဂါထာဖြစ်သည်။ အမြဲရွတ်ဆိုပါက လောကီ စ၊ခ၊ဗ၊ဝ–နှင့်ဆိုင်သော အကျိုးအရပ်ရပ်ကို ပြီးစီးစေနိုင် ရစေနိုင်သည်။

အဋ္ဌဇယ ဂါထာတော်

သော,ဘ,ဇေ,ဗ,ယ,တေ,လာ,အာ၊
ချ,ဂျ,ယျ,လ,သ,ဇော,ဘ,ယု။
အဋ္ဌဝရာနိမာစေဝ၊ ဝဇ္ဇန္တု ဇိန တေဇသာ။

သောချံ-ကိုယ်စိတ်နှစ်ဖြာ၊ချမ်းသာရခြင်းလည်းကောင်း။ တဂုံ—ဇာတာ စန်းလင်္ဂ၊ အမြဲတက်ရခြင်း လည်းကောင်း။ ဇေယျံ-အောင်ဘွယ်မှန်က၊ အောင်မြင်ရခြင်းလည်းကောင်း။ ဗလံ—ကိုယ်အား ဉာဏ်အား၊ တိုးပွား၍ နေရခြင်းလည်း ကောင်း။ ယသော—ခြွေရံ ဂုဏ်သတင်း၊ တိုးပွားပျံ့သင်းရခြင်း လည်းကောင်း။ တေဇော—အာဏာတန်ခိုး၊ ပွားတိုးခိုင်မြဲရ ခြင်းလည်းကောင်း။လာဘော-စည်းစိမ်ဥစ္စာ၊လွန်စွာတိုးတက် ရခြင်းလည်းကောင်း။အာယု—သက်တမ်းရှိသမျှ၊အသက်ရှည်ရ ခြင်း လည်းကောင်း။ (ဣတိ-ဤသို့ ထုတ်ထား၊ သရုပ်အား ဖြင့်)။အဋ္ဌဝရာနိမာစေဝ-သူငါလိုလား၊ဤဆုဂ-ပါးတို့သည်။ ဇိနတေဇသာ၊ အောင်ပန်းပန်ဆင်၊ ဘုရားရှင်၏၊ များဖြင်တိုး ပွား၊တန်ခိုးများကြောင့်။ ဝဍ္ဎန္တု—နေဝန်းတက်သစ်၊ လ-စန်း သစ်နှင့်၊ ပွင့်သစ်ပန်းအနေ၊ တက်ဒီရေသို့၊မသွေမုချ၊ တိုးပွား ကြပါစေ ကုန်သတည်း။

အဓိပ္ပာယ်အကျဉ်း။ ။ချမ်းသာခြင်း,ကံကောင်းခြင်း, အောင်မြင်ခြင်း, အားကောင်းခြင်း, ကျော်စောခြင်း, တန်ခိုး ကြီးခြင်း, လာဘ်ရခြင်း, အသက်ရှည်ခြင်း-ဟူသော ဤဆု ဂ-ပါးတို့သည် ဘုရားတန်ခိုးတော်ကြောင့် တိုးပွားကြပါစေ။

မှာထားချက်။ ။အတုလ ဆရာတော်ဘုရား စီစဉ်၍ အလောင်းဘုရား ဦးအောင်ဇေယျအား ချီးမြှင့်သော ဂါထာ

တော်ဖြစ်သည်။ နေ့တိုင်းရွတ်လျှင် ကြောင့်ကြမဲ့ ချမ်းသာစွာ နေရ၏။

အောင်ခြင်း ၈-ပါး ဘုရားရှိခိုး

မာရံ ယက္ခံ ဂဇံ စောရံ၊ စိဉ္စမာဏဉ္စ သစ္စကံ။
နာဂံ ဗကံ ဇိနော ဇိနိ၊ ဟောတု မေ ဇယမင်္ဂလံ။

ဇိနော-အောင်သူတကာတို့၏ အထွတ်၊ တမွတ်ဥသျှောင်၊ ဘုန်းခေါင် ဘုန်းဖျား၊ ရှင်တော်မြတ်ဘုရားသည်။

(၁) မာရဉ္စ-ဂီရိမေခလာ၊ဆင်မဟာကို၊လျှင်စွာတက်စီး၊ ပလ္လင်နီးဝယ်၊ လေကြီး,မိုးကြီး၊ ပြာပူမီးနှင့်၊ မှောင်ကြီးတတန်၊ ဓား,လှံမကြွင်း၊ ပစ်ခတ်ခွင်းလျက်၊ အချင်းသိဒ္ဓတ်၊ ပလ္လင်မြတ်မှ၊ အမြန်ထလော့၊ စိမ်းမြည်ိုလွှင်၊ ဗောဓိပင်နှင့်၊ ပလ္လင်တော်ကား၊ ထင်အရှားပင်၊ သင်ကားမဆိုင်၊ ငါသာပိုင်ဟု၊ စွဲကိုင်လက်နက်၊ ရဲစစ်မက်ဖြင့်၊ အောက်ထက်ဝန်းရံ၊ သောသော ညံအောင်၊ အသံဟစ်ကြွေး၊ မယဉ်ကျေးတဲ့၊ ရန်ဘေးတသင်း၊ မာရ်နတ်မင်းကိုလည်း။ အဇိနိ-အောင်တော်မူခဲ့လေပြီ။

(၂) ယက္ခံစ—ဓားမိုး, လှံမိုး၊ မီးကျိးမိုးတို့၊ ရွာဖြိုးသွန်ချ၊ယမ်းမီးကျည်ို၊ ဒေါသပြင်းထန်၊ ငါ့ဗိမာန်မှ၊ အမြန်ထွက်သွား၊ နှင်ရက်အားသည့်၊ တရားကင်းကွာ၊ ကြမ်းကြုတ်

စွာသား၊ အာဋ္ဌာဝက၊ တေဇထန်ပြင်း၊ ဘီလူးမင်းကိုလည်း။ အဇိနို-အောင်နိုင်တော်မူခဲ့လေပြီ။

(၃) ဂဇဥ္စ-အစွယ်ထက်ချွန်၊ အရက်မွန်လျက်၊ အလွန်ဆိုးညစ်၊ အမှန်ယစ်၍၊ ရှင်ချစ်သနင်း၊ သုံးလူ့မင်းကို၊အတင်းအကြပ်၊ ဝိညာဉ်ပြတ်အောင်၊ ထိုးသတ်အံ့ငှာ၊ ရှေးရှုလာသည့်၊ နာဠာဂိရိ၊ တောင်ရှိနိုးနိုး၊ ဆင်ပြောင်ကြီးကိုလည်း။ အဇိနို-အောင်တော်မူခဲ့လေပြီ။

(၄) စောရဥ္စ-တဟုန်တည်းဖြင့်၊ ခရီးဝေးကွာ၊ သုံးယူဇနာကို၊ လျင်စွာပြေးစွမ်း၊ တောမြိုင်တန်းက၊ လူဖမ်း လက်ဖြတ်၊ သေအောင်သတ်၍၊ နန်းရပ်ကကျော်၊ မွေးမယ်တော်ကို၊ မြင်သော်စိုက်စိုက်၊ ဓားဖြင့်လိုက်၍၊ မကိုင္စထွတ်တင်၊ ဘုရားရှင်ကို၊ အသင်ရှောင်ဝေး၊ ဘယ်ကြောင့် ပြေးဟု၊ ဓားရေးပြကာ၊ သတ်မည်လာသား၊ လွန်စွာဆိုးဘိ၊ အင်္ဂုလိမာလ်၊ သူခိုးကျော်ကိုလည်း။ အဇိနို-အောင်နိုင်တော် မူခဲ့လေပြီ။

(၅) စိဥ္စမာဏဥ္စ-အလွန် ကောက်ကျစ်၊ တိတ္ထိညစ်တို့၊ အပြစ်ရှာကြံ၊ မကောင်းညဏ်ဖြင့်၊ စိမံဆုံးဖြတ်၊ စေလွှတ်အပ်၍၊ ပရိသတ်ထဲ၊ အရှက်ကွဲအောင်၊ စွပ်စွဲတတ်စွာ၊ စိဥ္စမာဟု၊ သညာဖော်ထုတ်၊ မိန်းမယုတ်ကိုလည်း။ အဇိနို-အောင်နိုင်တော်မူခဲ့လေပြီ။

(၆) သစ္စကဥ္စ-မစင်မဖြူ၊ ဒိဋ္ဌိယူဖြင့်၊ မည်သူကိုမျှ၊ မာန်မချပဲ၊ ဝါဒချင်းပြိုင်၊ သူကပိုင်အောင်၊ အနိုင်လွှမ်းမိုး၊ အယူဆိုးသည့်၊ တိတ္ထိမျိုးမိုက်၊ သစ္စကပရိဗိုဇ်ကိုလည်း။ အဇိနိ-အောင်နိုင်တော်မူခဲ့လေပြီ။

(၇) နာဂဥ္စ-ဒေါသလွှမ်းမိုး၊ မျက်စောင်းထိုးက၊ အရိုးကြေမွ၊ ဖွဲ့ပြာကျအောင်၊ တေဇထန်ပြင်း၊ နန္ဒောပနန္ဒ နဂါးမင်းကိုလည်း။ အဇိနိ-အောင်နိုင်တော် မူခဲ့လေပြီ။

(၈) ဗကဥ္စ-ဉာဏ်မြင် ကင်းကွာ၊ နိစ္စသာဟု၊ မိစ္ဆာလွှမ်းမိုး၊ အယူဆိုးသည့်၊ တန်ခိုးအရောင်၊ ထိန်ပြောင်ညီးညီး၊ ဗကအမည်ရှိသော ဗြဟ္မာကြီးကိုလည်း။ အဇိနိ-အောင်နိုင်တော်မူခဲ့လေပြီ။ အဇိနိ-ဒေါသကိုချ၊ မာနကိုပယ်၊ ရန်စွယ်ကိုချိုး၊ သဒ္ဓါဖြိုးလျက်၊ ရိုကျိုးတုပ်ကွ၊ ပြားပြားကျအောင်၊ ဆုံးမသွန်သင်၊ အောင်ပွဲတော် ယဉ်ခဲ့လေပြီ။

(တေန သစ္စဝဇ္ဇေန-ဘုရားရှင်၏၊ များဖြင်ဘုန်းဟုန်၊ ကျေးဇူးဂုဏ်ကို၊ ကြည်ယုံမယွင်း၊ နှလုံးသွင်းဖြင့်၊ အောင်ခြင်းရှစ်ချက်၊ ဂုဏ်တော်နက်ကို၊ မိန့်မြွက်ဖော်ကြား၊ ဤသစ္စာစကားကြောင့်)။ မေ-မယ့် - ဘုရားအောင်ပုံ၊ အဖုံဖုံကို၊ ကြည်ယုံလေးစား၊ တပည့်တော်များအား။ ဇယမင်္ဂလံ-နှစ်ဖြာတွင်းပြင်၊ ဘေးရန်စင်၍၊ လိုအင်ဆန္ဒ၊ ဟူသမျှလည်း၊ ပြည့်ဝလျှင်စွာ၊ စန်းသော်တာသို့၊ အောင်ရာ အောင်မှု၊

အောင်ကြောင်းပြု၍၊ အောင်ဆုရတနာ၊ အောင်မြင်ခြင်း မင်္ဂလာသည်။ ဟောတု-ရွာသွန်းမိုးရေ၊ တက်သစ်နေသို့၊ မသွေဆောစွာ၊ ဖြစ်ထွန်းတည်တံ့၍ နေပါစေသတည်း။

အဓိပ္ပါယ်အကျဉ်း။ ။မြတ်စွာဘုရားသည် မာရ်နတ်သား, အာဠဝကဘီလူး, နာဠာဂိရိဆင်, အင်္ဂုလိမာလခိုးသူ, စိဉ္စမာဏ မိန်းမယုတ်, သစ္စကပရိဗိုဇ်, နန္ဒောပနန္ဒနဂါးမင်း, ဗကဗြဟ္မာကြီးတို့ကိုအောင်မြင်တော်မူခဲ့သည်။ဤသစ္စာစကားကြောင့် တပည့်တော်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေသတည်း။

မှာထားချက်။ ။ ပါဠိဂါထာကို ဗားမဲ့ ဆရာတော်ရေး၍ အနက်မြန်မာကို စစ်ကိုင်းတောင်ရိုး၊ မဟာဝိဇ္ဇာဒယဆရာတော်ရေးသည်။ သထုံဆရာတော်နှင့် ကြာနီကန်ဆရာတော်တို့၏ ကျေးဇူးကြောင့် လူကြိုက်များ၍ နာမည်ကြီးသော ဂါထာတော်ဖြစ်၏။ နာမည် ကြီးသလောက်လည်း အကျိုးကြီးမား၏။ အောင်မြင်ဘွယ်ရာကို အောင်မြင်လိုသူတိုင်း အမြဲရွတ်ဖတ်ကြသည်။

အောင်ဆုဝေ ဘုရားရှိခိုး

ဇယာစက္ကော ဇယန္တော ယော၊ ဇယိတဗ္ဗေ ဇယာသနေ။ ။
ဇယာပေသိ ဇယောသိနံ၊ ဇယံ ဒေတု ဇယုတ္တမော။

ယော ဗိနော=ငါးရပ် မာန်စွယ်ကို၊ ပယ်လှန်ကာ မြစ်တား၍၊ စစ်သားမကူ၊ တဆူဥက္ကဌ်၊ အကြင်ဘုရားသခင် ကိုယ်တော်မြတ်သည်။ ဇယိတဗ္ဗ-အောင်စည်သံဟိန်းလျက်၊ အောင်ကိန်းကို ဆင်သ၍ ၊ ဘဝင်ဟဒယ ကြည်နူးအောင်၊ အောင်ပန်းခူးဧလည်း ဖြစ်ပေထသော။ ဇယာသနေ-အောင် သိဒ္ဓိဆင်မြန်း၍၊ ပလ္လင်နန်းမှန်ကင်း၊ ဗောဓိပင်ရင်း၌။ ဇယ≡ စက္ကော ≡ ပါရမီဆယ်ချက်၊ အောင်လက်နက် စက်ခရိုင် ကို၊ အချက်ပိုင်အောင် ကိုင်ဆောင်တော် မူရသည်ဖြစ်၍။ ဇယန္တော-မာရ်စစ်သည် ရန်အလုံး၊ ဖျက်မှုန်းကာပယ်ရှင်း၍၊ အောင်ခြင်းကြီး အောင်တော် မူခဲ့လေပြီ။ ဇယေသိနံ- ဘဝပေါင်း အနန္တ၊ ကြံဆ၍မဆုံးဘွယ်၊ မပြုံးရယ်နိုင်ခမန်းမို့၊ အောင်ပန်းကို အာသာကြီး၍၊ ရှာမှီးကာနေကြကုန်သော သူတို့အား။ ဇယာပေသိ-ကိုယ်တော်မြတ်နှင့်အတူ၊ အောင် ပန်းကို ဆွတ်ချူ၍၊ ထွတ်အငူအမြိုက်ဓာတ်သို့၊ ဆိုက်ကပ် စေတော်မူခဲ့လေပြီ။

ဇယုတ္တမော-အောင်သူတကာတို့၏မှန်ကင်း၊ အောင်ခြင်း တကာတို့၏ ဥသျှောင်၊ ထွတ်ခေါင်မှန်ကူ၊ သယမ္ဘူ မကိုဋ် ထီး၊ အောင်ပွဲရပုဂ္ဂိုလ်ကြီး ဖြစ်ပေသော။ သော ဗိနော- အောင်သိဒ္ဓိပလ္လင်နန်း၌၊ ဆင်မြန်းပန်ဆင်၊ မာရ်နှင်ဟန့်တား၊ ထိုရှင်တော် မြတ်ဘုရားသည်။ မေ-မယှံ-ဘဝတိုင်းအရှုံးပေး

၍၊ နှလုံးသွေးမှုလောင်၊ အပူကောင်အပူရုပ်၊အကျွန်ုပ်အား။ ဇယံ-ကြောက်သွေးမတွန့်၊ ရဲဝံ့စေကြောင်း၊ ဆေးကောင်း တရပ်၊ အောင်သိဒ္ဓိ ပန်းခိုင်မြတ်ကို။ ဒေတု- အရှင်ဘုရား၊ တပည့်သားကို၊ သနားသမှု၊ ကိုယ်တိုင်ရှု၍၊ ယခု မကြာ၊ ပေးသနားတော်မူပါ အရှင်ဘုရား။

အဓိပ္ပာယ်အကျဉ်း။ ။မြတ်စွာ ဘုရားသည် မိမိကိုယ် တိုင် အောင်မြင်တော်မူသကဲ့သို့ အောင်မြင်လိုသူများကိုလည်း အောင်မြင်စေတော်မူ၏။ ထိုအောင်တော်မူ မြတ်စွာဘုရား သည် ကျွန်ုပ်အား အောင်မြင်မှုကို ပေးတော် မူပါစေ သတည်း။

မှာထားချက်။ ။အောင်မြင်ဘွယ်ရာမှန်သမျှကိုအောင် မြင်လိုသောအခါတိုင်း ရွတ်ဖတ်ပူဇော်ပါ။ အရာရာအောင် မြင်ပါလိမ့်မည်။

အောင်မင်္ဂလာ ဘုရားရှိခိုး

ဥုံ-နမော တေ ဝိဇေတုံ မေ၊ ဇယတော ဒဒတော ဇယံ။
နဋ္ဌထမ္ဘံ သဗ္ဗသန္တံ၊ ကရ မေ ဇယမင်္ဂလံ။

ဥုံ-အန္တရာယ်ကင်း၊ ရန်စွယ်ရှင်း၍၊ကောင်းခြင်းစဉ်ကာ၊ မယှဉ်သာအောင်၊ မင်္ဂလာကြီး ဖြစ်ပါစေသတည်း။ နဋ္ဌ- ထမ္ဘ-ထောက်ပံ့မည့်လူ၊ ကူညီမည့်နတ်၊ ရံပတ်ဝံယာ၊ ပြဟ္မာ

လည်းမရှိပါပဲ။ သဗ္ဗသတ္တ-ကိုယ်နေရှိန်မပျက်၊ တသိရ်ထွက်ဘို့၊ ငြိမ်သက်ဖွေးဖြူ၊ အေးအေးလူလူသာလျှင်။ ဇယတော-ပါရမီ စက်ဟုန်၊ လက်နက်စုံဖြင့်၊ ချက်ကုန်မလွဲ၊ ပွဲတိုင်း မရှောင်၊ နွံတိုင်းပင် အောင်တော်မူပေထသော။ ဇယံ ဒဒတော-အောင် ရာစည်းကမ်း၊ အောင်နည်းလမ်း၌၊ မှီးငြမ်း မလစ်၊ အသစ် အဆန်း၊ တစ်ဂဏန်းက၊ မှန်းဆ၍မြော်၊ ပန်းရအောင်လည်း ပေးသနားတော် မူပေထသော။ တေ-တဝ-မကိုဋ်ရောင်လျှံ၊ လျှောင်အုပ်ပျံ့မှာ၊ အောင်လံစွင့်စွင့်၊ လွင့်တလူလူ၊ အောင် တော်မူမြတ်ဘုရားအား။ မေ-မမ-မအောင်သေးခင်၊ အောင် ကြွေးတင်၍၊ အောင်မြင်ရန်မြော်၊ ဘုရား တပည့်တော်၏။ ဝိဇေတုံ-မရှောင်ခပင်း၊ အခေါင် နင်း၍၊ အောင်ခြင်းကြီး အောင်ပါရခြင်း အကျိုးငှါ။ နမော-အောင်ခဲ့သည့် တန်ခိုး ဂုဏ်ကို၊ အမျိုးစုံမှန်းဆ၍၊ တမ်းတရှိခိုးခြင်းဖြစ်ပါစေဘုရား။

မေ-မမ-မအောင်သေးခင်၊ အောင်ကြွေးတင်၍၊ အောင် မြင်ရန်မြော်၊ ဘုရားတပည့်တော်အား။ ဇယမင်္ဂလံ-အောင် ရန်အတိတ်၊ အောင်နိမိတ်နှင့်၊ အောင်ဘိသိက်သွင်း၊ အောင် ဟိတ်ကျင်း၍၊ အောင်ခြင်းစဉ်ကာ၊ မင်္ဂလာကို။ ကရ-သပြေ အနု၊ ငွေခရုဖြင့်၊ ဇေယျုတုပုံ၊ မေရုတုန်အောင်၊ အဖုံဖုံအမူ အေးဘို့၊ ပြုပေးတော်မူပါ အောင်တော်မူ အရှင်မြတ်ဘုရား။

အဓိပ္ပာယ်အကျဉ်း။ ။အကူအညီ ကင်းမဲ့သော်လည်း ငြိမ်သက်အေးဆေးစွာ ပွဲတိုင်းမှာ အောင်တော်မူ၍ အောင်မြင်ကြောင်းနည်းကောင်းကို ပေးတော်မူတတ်သော မြတ်စွာဘုရားအား ရှိခိုးပါ၏။ တပည့်တော်၏ အောင်ခြင်းမင်္ဂလာကို ဖန်တီးပေးတော်မူပါ–အရှင်ဘုရား။

မှာထားချက်။ ။ သာသနာတော်တွင် နေလအသွင် ထင်ရှားတော်မူသော အမရပူရမြို့၊ မဟာဂန္ဓာရုံ ဆရာတော်၊ အရှင်ဇနကာဘိဝံသ ကိုယ်တော်တိုင် ရေးစပ်၍ အမြဲတစေ ရွတ်ဖတ်နေသော ဂါထာဖြစ်သည်။ ဂါထာပါဒတို့၏ အစဆုံး အက္ခရာတလုံးစီကို စုပေါင်းကြည့်လျှင် (ဦးဇနက) ဟူသော ဘွဲ့တော် ထွက်ပေါ်လာသည်ကို တွေ့ရလိမ့်မည်။ မြတ်စွာဘုရား၏ မာရ်ငါးပါး အောင်မြင်ပုံ, အာဠဝက ဘီလူးကို ချွေချွတ်ပုံ, နာဠာဂီရိဆင်ကို ဆုံးမပုံ, တိတ္ထိများကို နှိမ်နင်းပုံ....စသည်တို့ကို နှလုံးသွင်းဆင်ခြင်၍ ရွတ်ဖတ်ပါလျှင် အောင်မြင်လိုရာမှန်သမျှ တစ်ဂဏန်းက အောင်မြင်ရသည်ဟု ဆရာတော်ကိုယ်တိုင် ညွှန်ကြားထားခဲ့သည်။

သဗ္ဗညုတဉာဏ်တော်ဖွင့် ဘုရားရှိခိုး

ဇာနိတမ္ပိ ပဇာနာတိ၊
ဒေသေတမ္ပိ အာသယံ။

ဒေသကော ယေန ဉာဏေန၊
ဒေသေတု တဿ တေဇသာ။

ဒေသကော=နည်းမှန် လမ်းကျ၊ ဟောညွှန်ပြသည့်၊ ဒေသကထွတ်တင်၊ဘုရားရှင်သည်။ယေန ဉာဏေန=အပေါင်းဂုဏ်အင်၊ ကြောင်းစုံလင်မှု၊ အကြွင်ဖြစ်ပေ၊ သဗ္ဗညုတဉာဏ်တော်ဖြင့်။ ဇာနိတဗ္ဗံ=သိဘွယ်အများ၊ ငြေ ယျဓမ်တရားကို။ ပဇာနာတိ–သိမ်းကျုံးကုန်စင်၊ သိမြင်တော်မူနိုင်ပါပေ၏။ ဒေသေတဗ္ဗံ ပိ–ဟောပြစဖွယ်၊ သွယ်သွယ်များဖြင့်၊ တရားဆင်နည်းကိုလည်း။ ပဇာနာတိ–ဘုရားတဖုံ၊ နည်းမျိုးစုံအောင်၊ အကုန်ဆင်ပြင်၊ သိမြင်တော် မူနိုင်ပါပေ၏။ အာသယံ–သိန်းသန်းကုဋေ၊ များဝေနေ၏၊ ထွေထွေဆန္ဒ၊ အဇ္ဈာသယကိုလည်း။ ပဇာနာတိ–ဤနွေနှရင့်၊ ခွဲဝေချင့်၍၊ အသင့်ပိုင်ပိုင်၊ သိမြင်တော် မူနိုင်ပါပေ၏။ တဿ ဉာဏဿ=ပါရမီအပေါင်း၊ ဆင့်ဆင့်လောင်းသဖြင့်၊ အကောင်းဆုံးဖြစ်ပေ၊ ထိုသဗ္ဗညုတဉာဏ်တော်၏။ တေဇသာ–အစွမ်းသုံးဖော်၊ တန်ခိုးတော်ဖြင့်။ ဒေသေတု–လောကုတ် လောကီ၊ နှစ်လီ–အတွက်၊ကောင်းကျိုးထွက်အောင်၊အားတက်ဖွယ်ရာ၊ ညွှန်ပြတော်မူပါစေသတည်း။

အဓိပ္ပာယ်အကျဉ်း။ ။ သဗ္ဗညုတ ဉာဏ်တော်သည် သိဘွယ်မှန်သမျှကို သိခြင်း, ဟောပြောသင့်သော အချက်ကို

သိခြင်း, သတ္တဝါတို့၏ အတွင်းစေတ်ခံကို သိခြင်း–ဟူသော အစွမ်းသုံးပါးနှင့် ပြည့်စုံ၏။ ဘုရားရှင်သည် ထိုဉာဏ်တော်၏ အစွမ်းအာနုဘော်ဖြင့် လောကီ လောကုတ္တရာ နှစ်ဖြာသော ကြီးပွားရေးကို ညွှန်ပြတော်မူပါစေသတည်း။

မှာထားချက်။ ။ဗုဒ္ဓမြတ်စွာနှင့် အခြားသော ဘုရားအမည်ခံ ပုဂ္ဂိုလ်တို့၏ ထူးခြားချက်မှာ သဗ္ဗညုတဉာဏ်တော်ရှိ–မရှိ အပေါ်၌တည်၏။ ဗုဒ္ဓမြတ်စွာသည် သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူ၏။ ယင်းဉာဏ်သည်လည်း အစွမ်းသုံးပါးနှင့် ပြည့်စုံ၏။ ထိုအစွမ်းသုံးပါးကို ဉာဏ်ဖြင့်သက်ဝင်၍ ဤဂါထာကိုရွတ်ကာ ဘုရားရှင်ကို အာရုံပြုပါက လောကီ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးအတွက် ဉာဏ်ထူးများ ထွက်ပေါ်နိုင်ပါသည်။

ရောင်ခြည်တော်ဖွင့် ဘုရားရှိခိုး

နီလာယော နီလဋ္ဌာနမှာ၊
ပီတောဒါတာ စ လောဟိတာ။
တမ္ဗာ တမ္ဗာ စ မဉ္ဇိဋ္ဌာ၊
နိက္ခမိံသု ပဘာဿရာ။

(ယဿ ဘဂဝတော– အကြင် ရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရား၏)။ နီလဋ္ဌာနမှာ–ဆံမုတ်ဆိတ်တော်၊ မျက်

နက်တော်မှ၊ စၡထိုထို၊ ညိုရောင်ဖိတ်ဖိတ်၊ ကိုယ်အင်္ဂါတော် အစိတ်အစိတ်မှ။ နီလာယော–နီလာရွှဲညို၊ ဖဲအညိုနှင့်၊ ကြာ ညိုပွင့်ချပ်၊ မြညိုယပ်သို့၊ လျှပ်လျှပ်စိုပြောင်၊ ညိုမှောင်သော ရောင်ခြည်တော်တို့သည်။ နိက္ခမိံသု–ဝန်းကျင်အထက်၊ ဝဲယာ ယှက်၍၊ မြန်းထွက် ကွန့်မြူးတော်မူကြလေကုန်ပြီ။

ပီတဌာနမှာ– ကိုယ်အရေတော်၊ မျက်လုံးတော်မှ၊ စ၍ ထွေထွေ၊ ရွှေရောင်ဖိတ်ဖိတ်၊ ကိုယ်အင်္ဂါတော်အစိတ်အစိတ်မှ။ ပီတာ စ–ရွှေနှစ်သိင်္ဂါ၊ ရွှေ အထည်နှင့်၊ ရွှေရည် ယဉ်သန်း၊ ရွှေစင်ပန်းသို့၊ လျှမ်းလျှမ်းထိန်ဝေ၊ ဝါရွှေသော ရောင်ခြည် တော်တို့သည်။ နိက္ခမိံသု–ဝန်းကျင်အထက်၊ ဝဲယာယှက်၍၊ မြန်းထွက်ရွှန့်မြူးတော်မူကြကုန်လေပြီ။

ဩဒါတဌာနမှာ–အရိုးတော်,သွားတော်၊ မျက်ဖြူတော်မှ၊ စ၍ဖွေးလူ၊ ဖြူရောင်ဖိတ်ဖိတ်၊ ကိုယ်အင်္ဂါတော်အစိတ်အစိတ် မှ။ဩဒါတာ စ–ငွေလရောင်ခြည်၊ ငွေအထည်နှင့်၊ ငွေရည် ယဉ်သန်း၊ ငွေစင်ပန်းသို့၊ လျှမ်းလျှမ်းဖွေးလူ၊ ဖြူဝင်းသော ရောင်ခြည်တော်တို့သည်။ နိက္ခမိံသု – ဝန်းကျင် အထက်၊ ဝဲယာယှက်၍၊ မြန်းထွက်ကွန့်မြူးတော်မူကြလေကုန်ပြီ။

လောဟိတဌာနမှာ–အသားတော် အသွေးတော်၊ နှုတ် ခမ်းတော်မှ၊ စ၍ထိုဉ်၊ နီရောင်ဖိတ်ဖိတ်၊ ကိုယ်အင်္ဂါတော် အစိတ်အစိတ်မှ။လောဟိတာ စ–ကမ္ဗလာနီ၊သန္တာနီနှင့်၊ ကြာ

နီပွင့်ချပ်၊ ပတ္တမြားယပ်သို၊ လျှပ်လျှပ်ထိန်ကြည်၊ နီသော ရောင်ခြည်တော်တို့သည်။ နိက္ခမိသု ≡ ဝန်းကျင် အထက်၊ ဝဲ့ယာယှက်၍၊ မြန်းထွက်ကွန့်မြူးတော်မူကြလေကုန်ပြီ။

တမှာ တမှာ—လက်, ခြေဖဝါးတော်၊ လက်သည်းတော်မှ၊ စ၍ မကြွင်း၊ ခပင်းထိုထို၊ ကိုယ်အင်္ဂါတော် အစိတ်အစိတ်မှ။ မဉ္ဇိဋ္ဌာ စ– ထန်းကျင့်နီပဆေး၊ ပန်းရောင်သွေးသို့၊ နီတွေး လွှင်လွှင်၊ ဝါကြင်ကြင်လောင်း၊ မောင်းသောရောင်ခြည်တို့ သည်လည်းကောင်း။ ပဘဿရ စ–နဘံ အဇဋ္ဌာ၊ ဝသန္တာ ဝယ်၊ သံဝါထစ်ချွန်း၊ မိုးရွာတုန်း၌၊ ရှန်းရင်းပြက်သန်း၊ လျှပ်စစ်ပန်းသို့၊ ပြန်မြန်းပြိုးပြက်၊ တလက်လက် ထွက်သော ရောင်ခြည်တော်တို့သည်လည်းကောင်း။ နိက္ခမိသု–ဝန်းကျင် အထက်၊ ဝဲယာယှက်၍၊ မြန်းထွက် ကွန့်မြူးတော် မူကြလေ ကုန်ပြီ။

(တံ ဘဂဝန္တံ–ဖူးချင့်စဖွယ်၊ ရောင်ခြောက်သွယ်ဖြင့်၊ တင့် တယ်တော်မူငြား၊ ထို ရှင်တော်မြက်ဘုရားကို။ အဟံ-ဂုဏ် တော်အဖုံဖုံ၊ သိရိဂုဏ်ကို၊ အာရုံရှုမျှော်၊ ဘုရားတပည့်တော် သည်။ ဝန္ဒေ ဝန္ဒာမိ—ဂုဏ်တော်ထုံမွမ်း၊ ပုံတော် မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာညွတ်ကျိုး၊ လက်စုံမိုး၍၊ ရှိခိုးကန် တော့ပါ၏ အရှင်ဘုရား)။

အဓိပ္ပာယ်အကျဉ်း။ ။ဘုရားရှင့် ခန္ဓာ ကိုယ်တော်၏ ညိုရာရာအရပ်များမှ ညိုသောရောင်ခြည်တော်များ ထွက်ပေါ်ကွန့်မြူးကြ၏။ ဝါရာရာအရပ်စသည်တို့မှ ဝါသော ရောင်ခြည်တော်များ, ဖြူသောရောင်ခြည်တော်များ, နီသောရောင်ခြည်တော်များ ထွက်ပေါ်ကွန့်မြူးကြ၏။ ထိုထို အရပ်များမှ မောင်းသော ရောင်ခြည်တော်များ, ပြိုးပြိုးပြက်ပြက် ရောင်ခြည်တော်များ ထွက်ပေါ်ကွန့်မြူးကြ၏။ (ဤကဲ့သို့ ရောင်ခြည်တော်ခြောက်သွယ် ထွက်ပေါ်၍ သပ္ပာယ်တော်မူသော ထိုမြတ်စွာဘုရားကို ရှိခိုးပါ၏)။

မှာထားချက်။ ။ဤဂါထာသည် ဘုရားရှင်၏ ရူပနိကာယ် သပ္ပာယ်တော်မူပုံကို ဖွဲ့ဆိုသော ဂါထာ ဖြစ်သည်။ ဖြစ်လေရာဘဝ ရုပ်အဆင်းလှလိုသော ပုဂ္ဂိုလ်များဤဂါထာကို အမြဲရွတ်ဖတ်သင့်သည်။ ရွတ်ဖတ်သောအခါ မြတ်စွာဘုရား ဘုရားဖြစ်ပြီးစ ပဋ္ဌာန်းတရားတော်ကို သုံးသပ်စဉ် ရောင်ခြည်တော်ထွက်ပေါ်ပုံ, တာဝတိံသာသို့ ဝါဆိုရန် ကြွခါနီး တိတ္ထိတို့ကို နှိမ်နင်းစဉ် ရောင်ခြည်တော်ထွက်ပုံ-စသည်ကို ဆင်ခြင်စဉ်းစားပါ။

စေတီတော်ဖွင့် ဘုရားရှိခိုး

စရံ ယော ယဒိ ဝါ တိဋ္ဌံ၊ နိသိန္နော ဥဒဝါ သယံ။
နိဗ္ဗာယံ ဓာတုဘာဝေန၊ ဟိတံ သတ္တာန မာစရေ။

ယော ဘဂဝါ-အကြင်ရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရားသည်။ စရံ- စရန္တော- သံဃာတော်များ၊ ရွှေတော်ဖျားက၊ ကြွသွားထိုဤ၊ စက်တော်ချီလျက်လည်းကောင်း။ ယဒိ ဝါ တိဋ္ဌ-မကြွမသွား၊ ရွှေတောင်လားသို့၊ မားမားမတ်မတ်၊ ရပ်တန့်တော်မူလျက်လည်းကောင်း။ နိသိန္နော ဝါ-ပရိသတ်အလယ် ရောင်ခြေါက်သွယ်ဖြင့်၊ ထက်ဝယ်ဖွဲ့ခွေ၊ ထိုင်နေတော်မူလျက်လည်းကောင်း။ ဥဒ ဝါ သယံ- အမေးပုစ္ဆာ၊ ဖြေရှင်းကာဖြင့်၊ ညဉ့်ခါကျောင်းပေါ်၊ လျောင်းတော်မူလျက်လည်းကောင်း။ နိဗ္ဗာယံ- ဝါလေးဆယ့်ငါး၊ သက်တော်အားဖြင့်၊ ကြီးမားလေဘိ၊ ရှစ်ဆယ်ပြည့်၍၊ ပရိနိဗ္ဗာန်၊ ဝင်စံတော်မူသည်ရှိသော်။ ဓာတုဘာဝေန-နောင်ခါစင်စစ်၊ ကိုးကွယ်ရစ်ဖို့၊ အနှစ်အမွေ၊ ဓာတ်တော်အနေဖြင့်လည်းကောင်း။ သတ္တာနံ-သုံးတိုက်ဝေနေ၊ ဗိုလ်ခြေများစွာ၊ သတ္တဝါတို့၏။ ဟိတံ-လူ့ရွာနတ်ဌာန်၊ နိဗ္ဗာန်အထိ၊ ချမ်းသာရှိကြောင်း၊ ကောင်းသော အစီးအပွားကို။ အာစရေ-ကိုယ်ချမ်းသာမှု၊ လျစ်လျူရှု၍၊ အမှုသင့်စွာ၊ ပြုကျင့်တော်မူခဲ့ပါပေသတည်း။

(တံ ဘဂဝန္တံ-သူတပါးအကျိုး၊ သယ်ဆောင်ပိုးသည့်၊ ကိုးဂုဏ်သခင်၊ ထိုဘုရားရှင်ကို။ အဟံ-ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာကို၊ သူငါဟုခေါ်၊ ဘုရားတပည့်တော်သည်။ ဝန္ဒေ-

ဝန္ဒာမိ-ဂုဏ်တော်ထုံမွှမ်း၊ပုံတော်မှန်းလျက်၊ချီးမွမ်းထောမနာ၊ ပဏာညွှတ်ကျိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား)။

အဓိပ္ပာယ်အကျဉ်း။ ။မြတ်စွာဘုရားသည် သွားနေစဉ်လည်းကောင်း, ရပ်နေစဉ်လည်းကောင်း, ထိုင်နေစဉ်လည်းကောင်း, လျောင်းနေစဉ်လည်းကောင်း, ပရိနိဗ္ဗာန်စံပြီးနောက်လည်းကောင်း သတ္တဝါတို့၏ ကောင်းကျိုးကို ဆောင်ရွက်တော်မူ၏။ (ပရဟိတကို ဆောင်တော်မူသော ထိုမြတ်စွာဘုရားကို ရှိခိုးပါ၏)။

မှာထားချက်။ ။မြတ်စွာဘုရားသည် သက်တော် ထင်ရှား ရှိစဉ်က ၂၄-နာရီ အနက်မှ ၄-နာရီခန့်သာ အနားယူ၍ ကျန်သမျှအချိန်တွင် သတ္တဝါတို့၏ ကောင်းကျိုးကို သယ်ပိုး ရွက်ဆောင်တော်မူ၏။ ဤအချက်ကို အာရုံပြု၍ ရွတ်ဖတ်ပါ။ ဤဂါထာကို နိုင်ငံခေါင်းဆောင်, ဘာသာရေးခေါင်းဆောင် စသော ပရဟိတကို များများကြီး ဆောင်ရွက် လိုကြသော ခေါင်းဆောင်ကောင်းများ နေ့စဉ်ရွတ်ဖတ်သင့်သည်။

အနန္တငါးဖြာ ဘုရားရှိခိုး

အနန္တဂုဏာသမ္ပန္နံ၊ ဗုဒ္ဓံ ဓမ္မံ စ သံဃတံ။
မာတာပိတရော အာစေရံ၊ ဝန္ဒာမိ တံဟိ သာဒရံ။

အဟံ-သာသနာရေး၊ ဘာသာရေးကို၊ လေးစားယုံကြည်၊ ဘုရားတပည့်တော်သည်။ အနန္တဂုဏသမ္ပန္နံ-အရဟတာ၊ အစလာသည့်၊ များစွာသိန်းသန်း၊ ဂုဏ်တော်ပန်းနှင့်၊ အံ့မခန်းကုံလုံ၊ ပြည့်စုံတော်မူသော။ ဗုဒ္ဓံ စ-သုံးဆယ့်နှစ်ဖော်၊ လက္ခဏာပေါ်သည့်၊ သက်တော်ထင်ရှား၊ မြတ်ဘုရားကိုလည်းကောင်း။ အနန္တဂုဏသမ္ပန္နံ-သွာက္ခာတတာ၊ အစလာသည့်၊ များစွာသိန်းသန်း၊ ဂုဏ်တော်ပန်းနှင့်၊ အံ့မခန်းကုံလုံ၊ ပြည့်စုံတော်မူသော။ ဓမ္မံ စ-မဂ်ဖိုလ်နိဗ္ဗာန်၊ ဓမ္မက္ခန်ဟူ၊ ဆယ်တန်အကျော်၊ တရားတော်မြတ်ကိုလည်းကောင်း။ အနန္တဂုဏသမ္ပန္နံ-သုပ္ပဋိပန္နတာ၊ အစလာသည့်၊ များစွာ သိန်းသန်း၊ ဂုဏ်တော်ပန်းနှင့်၊ အံ့မခန်း ကုံလုံ၊ ပြည့်စုံတော်မူသော၊ သံဃံ စ=မဂ္ဂဋ္ဌာန် ဖလဋ္ဌာန်၊ ရှစ်တန်အရိယာ၊ မြတ်သံဃာနှင့်၊ များစွာကျင့်ကောင်း၊သမ္မုတိ သံဃာတော် အပေါင်းကိုလည်းကောင်း။

အနန္တဂုဏသမ္ပန္နေ-မကောင်းမြစ်တား၊ ကောင်းရာ ညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှိုးရင်း၊ ထိမ်းမြားခြင်းမှ၊ စ၍သိန်းသန်း၊ဂုဏ်တော်ပန်းနှင့်၊ အံ့မခန်းကုံလုံ၊ ပြည့်စုံတော်မူကြကုန်သော။ မာတာပိတရော-ကိုးလတိုင်လွယ်၊ ဆယ်လဝယ်မွေး၊ နို့ချိုကျွေးသည့်၊ မွေးသမိခင်၊ ကျေးဇူးရှင်နှင့်၊ ချစ်ကြင်ဇနီး၊ သားသမီးတို့၊ ပွားစီးဖို့ရာ၊ စောင့်ရှောက်

လာသည့်၊ မဟာဂုဏ၊ မွေးသည့် ဖကိုလည်းကောင်း။ အနန္တဂုဏသမ္ဗန္ဓ-အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန် ဆီးကာ၊ သင့်ရာအပ်မှ၊ စ၍ သိန်းသန်း၊ ဂုဏ်တော်ပန်းနှင့်၊ အံ့မခန်းကုံလုံ၊ ပြည့်စုံတော်မူသော။ အာစေရ ံ စ=လူဆရာ ရဟန်းဆရာ၊ ယောကျ်ားဆရာ မိန်းမဆရာ၊ ကြွားဆရာ မြင်ဆရာ၊ လောကီဆရာ လောကုတ္တရာဆရာ၊ နှစ်ဖြာပြားတောင်း၊ ဆရာသမားအပေါင်းကိုလည်းကောင်း။

တိဟိ·လက်အုပ်အဉ္ဇလိ၊ နှုတ်သံချီလျက်၊ ရှင်ကြည်မနော၊ သုံးပါးသောဒွါရတို့ဖြင့်။ သာဒရံ-လေးမြတ်ကြည်ညို၊ ရိုသေခြင်းရှိသည်ဖြစ်၍။ ဝန္ဒာမိ=ဂုဏ်တော်ထုံမွှမ်း၊ ပုံတော် မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာညွတ်ကျိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

အဓိပ္ပာယ် အကျဉ်း။ ။ဂုဏ်တော် အနန္တနှင့် ပြည့်စုံတော်မူကြသော ဘုရား, တရား, သံဃာ, မိဘနှစ်ပါး, ဆရာသမားအပေါင်းတို့ကို ရိုသေစွာ ရှိခိုးပါ၏။

မှာထားချက်။ ။ဗုဒ္ဓဘာသာဝင်တို့သည် အနန္တငါးပါးကို ဦးထိပ်ထား၍ နေထိုင် သွားလာ လုပ်ကိုင်မှ အန္တရာယ်ကင်း၍ လိုရာရောက်သည်, လာဘ်လာဘ တိုးတက်သည်-ဟု ယူဆကြ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်း ဤဂါထာကို

ရွတ်သင့်ပေသည်။ ပါဠိဂါထာကို မရွတ်လိုပါလျှင် အောက်ပါ ရှေးဟောင်း မြန်မာလင်္ကာကို ရွတ်ဆိုပါလေ။

(၁) ဗုဒ္ဓဂုဏော၊ အနန္တောဟု၊ ကျော်စောထင်ရှား၊ သုံးပါးရပ်သူ၊ နတ်လူပြဟ္မာ၊ သတ္တဝါကို၊ ခေမာသာခေါင်၊ နိဗ္ဗာန်ဘောင်သို့၊ ရွှေဖောင်မဂ္ဂင်၊ သဘောသည့်ဖြင့်၊ ကယ်တင်ဆောင်ယူ၊ ပို့တော်မူသည့်၊ နတ်လူတို့ထိပ်ပန်း၊ ရဟန်းတို့ဆရာ၊ အစိန္တေယျာဟု၊ မဟာအမိတ၊ အနန္တဂုဏ်အင်၊ ကျေးဇူးရှင်ကို။ အဟံ- တပည့်တော်သည်။ ဝန္ဒာမိ-သဒ္ဒါညွတ်ကျိုး၊ လွန်မြတ်နိုးလျက်၊ ရှိခိုးပါ၏ အရှင်ဘုရား။

(၂) ဓမ္မဂုဏော၊ အနန္တောဟု၊ တည်သောကမ္ဘာ၊ သတ္တဝါလူနတ်၊ အထပ်ထပ်ကို၊ လေးမြတ်ကြင်နာ၊ အဝိဇ္ဇာနှင့်၊ တဏှာသံယော၊ ကိလေတောမှ၊ ဆေးကြောသုတ်သင်၊ မြူမတင်အောင်၊ ရှောင်ကြဉ်ပေတတ်၊ တရားတော်မြတ်ကို။ အဟံ-တပည့်တော်သည်။ ဝန္ဒာမိ-သဒ္ဒါညွတ်ကျိုး၊ လွန်မြတ်နိုးလျက်၊ ရှိခိုးပါ၏ အရှင်ဘုရား။

(၃) သံဃဂုဏော၊ အနန္တောဟု၊ လောဘ ဒေါသ၊ မောဟကင်းကွာ၊ တဏှာကာမ၊ ကိလေသနှင့်၊ ရာဂအမိုက်၊ နှစ်ခြိုက်မပျော်၊ မမွေ့လျော်ပဲ၊ ရှင်တော်ဟောကြား၊ မြတ်တရားကို၊ မှတ်သားကြည်ညို၊ မဂ်ဖိုလ်နိဗ္ဗာန်၊ ရောက်ကြောင်းမှန်သည့်၊ မြတ်မွန်ထေရ်ကျော်၊ သံဃာတော်တို့၊ ဂုဏ်တော်

ကြီးစွာ၊ အနန္တကို။ အဟံ-တပည့်တော်သည်။ ဝန္ဒာမိ-သဒ္ဒါ ညွတ်ကျိုး၊ လွန်မြတ်နိုးလျက်၊ ရှိခိုးပါ၏ အရှင်ဘုရား။

(၄) **မာတာပိတုဂုဏော၊ အနန္တောဟု၊** အပြောကျယ်စွာ၊ သံသရာဝယ်၊ မာတာပိတာ၊ မိနှင့် ဖတို့၊ ရေကြည်ကလလ၊ တည်ဦးစပင်၊ ချိုချဉ်ပူစပ်၊ ရှင်းရှင်းပြတ်အောင်၊ မပြတ်ယုယ၊ မိဘတို့မှာ၊ စိုးရိမ်စွာနှင့်၊ အစာဆိမ့်အေး၊ နို့ချိုပေး၍၊ ကျွေးသည့်မိခင်၊ မွေးဘရှင်ကို။ အဟံ-တပည့်တော်သည်။ ဝန္ဒာမိ-ဂုဏ်တော်ရည်စူး၊ စိတ်ကြည်နူးလျက်၊ ရှင်မြူးသဒ္ဒါ၊ ရှိခိုးပါ၏ အရှင်ဘုရား။

(၅) **အာစရိယဂုဏော၊ အနန္တောဟု၊** မိန့်ဟောအရ၊ ကောက်ယူပြသော်၊ နယနည်းနာ၊ အဖြာဖြာကို၊ လိမ္မာစေကြောင်း၊ မေတ္တာလောင်း၍၊ မကောင်းကိုကြဉ်၊ ကောင်းရာယှဉ်လျက်၊ နှုတ်မြွက်သံချို၊ ဆုံးမဆိုသား၊ အဟိုများစွာ၊ သံသရာဝယ်၊ သုံးသွယ်သောကပ်၊ လေးရပ်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ဆိုးညစ်ယုတ်မာ၊ ပယ်စွန့်ခွာ၍၊ ခေမာဘူမိ၊ ဘေးမရှိသည့်၊ သန္တိသုခ၊ မုချကေန်၊ နိဗ္ဗာန်အရ၊ ညွှန်ပြသွန်သင်၊ မဲ့ပြင်ပေတတ်၊ ဆရာမြတ်ကို။ အဟံ-တပည့်တော်သည်။ ဝန္ဒာမိ-ဂုဏ်တော်ရည်စူး၊ စိတ်ကြည်နူးလျက်၊ ရှင်မြူးသဒ္ဒါ၊ ရှိခိုးပါ၏ အရှင်ဘုရား။

ဗုဒ္ဓဝင် ဘုရားရှိခိုး

အနန္တဂုဏာသမ္ပန္နော-အရဟံအစ၊ အနန္တသင်္ချေ၊ တွက်ရေမရ၊ များလှသောင်းပြောင်း၊ဂုဏ်တော်အပေါင်းတို့နှင့်ပြည့်စုံတော်မူသော။ ဂေါတမော - ဂေါတမနွယ်ဖွား၊ ငါတို့၏ မြတ်စွာဘုရားသည်....

ဗျာဒိတ်ရ။ ။ဒီပင်္ကရပါဒမူလေ-သာရမဏ္ဍ၊ ကမ္ဘာမ-၌၊ ပွင့်ကြွထင်ရှား၊ (ရာ)လေးပါးတွင်၊ တပါးဝင်သည့်၊ ဒီပင်္ကရာ၊ မြတ်စွာသနင်း၊ ခြေတော်ရင်း၌။ နိယတမာလံ – ရသေ့သုမေဓာ၊ ဖြစ်စဉ်ခါက၊ သဒ္ဓါပိုမို၊ လွန်ကြည်ညို၍၊ ကိုယ်ကို ဝပ်စင်း၊ တံတားခင်း သဖြင့်၊ ရှင်ရင်းမြတ်စွာ၊ ဒီပင်္ကရာက၊ ကမ္ဘာဘဒ္ဒ၊ နောင်ကာလ၌၊ ဗုဒ္ဓတဆူ၊ ဖြစ်လိမ့်ဟူ၍၊ ခွန်းကျူးချီမြှ၊ နှုတ်တော်ဟ-သည့်၊ နိယတခေါ်၊ ဘွဲ့တံဆိပ် အောင်ပန်းတော်ကို။ ပိဋ္ဌိတွာ-ယသော်လောင်းလျာ၊ သုမိတ္တာနှင့်၊ မကွာအတူ၊ ပတ္တနာမူလျက်၊ ကြည်ဖြူနှစ်သက်၊ ဦးထိပ်ရွက် ပန်ဆင်တော်မူပြီး၍....

ပါရမီဖြည့်။ ။ ကပ္ပသတသဟဿာဓိကာနိ – ကမ္ဘာတွက်ကိန်း၊ တသိန်းအလွန်ရှိကုန်သော။ စတ္တာရိ အသင်္ချေယျာနိ - လေးအသင်္ချေတို့ ကာလပတ်လုံး။ သမတိံသပါရမိယော – ဒါနအစ၊ များလှပေါယယ်၊ သုံးဆယ်အညီ၊ ပါရမီတော်တို့ကို။ ပူရေတွာန – အယုတ် အလတ်၊

အမြတ်အားမြင့်၊ ဘုရားဖြစ်ရန်၊ ရည်သန်ကြိုးကုတ်၊ အားထုတ် ဖြည့်ကျင့်တော်မူပြီး၍....

ပဋိသန္ဓေနေ။ ။ပစ္ဆိမဘဝေ = ဒီပင်္ကရာ၊ မြတ်စွာကျူးနိုပ်၊ ဗျာဒိတ်တော်လာ၊ ကမ္ဘာဘဒ္ဒ၊ အဆုံးစွန်

သောဘဝ၌။ ဒေဝိယာ-ကပိလပြည့်ရှင်၊ ဘုရင်သုဒ္ဓေါဒန၊ နန်းမတောင်ညာ- ခြောက်ပစ် ကွာသည့်၊ မာယာဒေဝီ၊ မဟေသီထွတ်ထား၊ သောင်းရွေဖျား၏။ ကုစ္ဆိမှ-သန့်ရှင်းသိုက် မြိုက်၊ ဝမ်းကြာတိုက်၌။ ဝသိတွာန-ဘိုးတော်သကျ၊ အဥ္စနမင်း၊ ဖြိုကြွင်းတွက်စစ်၊ သက္ကရာဇ်လွန်၊ ခြောက်ဆယ့်ခုနစ်၊ တိမ်စွန်ညိုညို၊ မိုးလုံးစိုသည့်၊ ဝါဆိုလပြည့်၊ ကြွက်မင်း နေ့၌၊ ချမ်းမြေ့သန္ဓေ၊ စွဲနေစံပျော်၊ ကိန်းအောင်းတော် မူပြီး၍....

ဖွားမြင်။ ။လုမ္ဗိနိဝနေ- သာကီဝင်တို့၊ ပျော်ရှင်ပျို့သည့်၊ နှစ်မြို့တော်သုံး၊ ပိတုန်းကျေးငှက်၊ ဝဲယာယှက်၍၊ ပျံတက်ရင့်ကျူး၊ လွန်ပျော်မြူးသား၊ မြင့်ထူးညီညီ၊ ပွင့်ဖူးစီသည့်၊ လုမ္ဗိနီ သာမော၊ အင်ကြင်းတော၌။ ဝိဇာယိ-တွာန-ခြောက်ဆယ့်ရှစ်ခု၊ ရတုသာယာ၊ ဝိသာခါနှင့်၊ တံငါ တိမ်ဘို၊ စန်းတွေ့ကြုံသား၊ ကဆုန်လပြည့်၊ သောကြာနေ့၌၊ ချမ်းမြေ့ကြည်သာ၊ နတ်ပြဟ္မာနှင့်၊ ဗိုလ်ပါအပေါင်း၊ ရံခြံ ညောင်း၍၊ တသောင်းလောကဓာတ်၊ ပွဲတင်ထပ်လျက်၊

နှံ့စပ်ကျော်ကျူး၊ သူ့ထက်ထူးအောင်၊ မီးရှူးသန့်စင်၊ ဖွား
မြင်တော်မူပြီး၍....

ထီးနန်းစံ॥ ॥သောဠသဝဿကာလေ–တဆယ့် ခြောက်နှစ်၊ သက္ကရာဇ်သို့၊ တွက်စစ်ပြီးမြောက်၊ ရွယ်တော်
ရောက်သောအခါ၌॥ ရာဇသိရိ– တသိန်း ခြောက်သောင်း၊
ဆွေတော်ပေါင်းနှင့်၊ မောင်းမမိဿံ၊ လေးသောင်းရံလျက်၊
ရမ္မ, သုဘ၊ သုရမ္မဟု၊ ထွန်းပပြိုးပြောင်၊ နန်းသုံးဆောင်ဝယ်၊
ရွှေရောင်နှိုင်းဆ၊ နတ်တမျှသို့၊ ဘဒ္ဒကစ္စာနာ၊ ဗိမ္ဗာရွှေလှော်၊
မယ်ယသော်နှင့်၊ နှစ်ဖော်သက်ဝေ၊ မြန်နှင့်ရွှေသို့၊ ဂဟောတော်
စပ်၊ ရွှေလက်ထပ်၍၊ နန်းရပ်ထီးဖြူ၊ သိကြွားတူလျှင်၊ စိုးယူ
ပိုင်နင်း၊ ပွဲစုံခင်းလျက်၊ မင်းမင်းတို့ထီး၊ ဘုန်း မီး နေ လ၊
မရပြိုင်သော်၊ မင်း၏ အသရေတော်ကို၊ အနုဘဝိတွာနု–ဆယ့်
သုံးနှစ်မျှ၊ အားရရွှင်ပျော်၊ စံစားတော်မူပြီး၍....

ရဟန်းပြု॥ ॥ကောနတိံသဝဿေ=တောထွက်ဘို့ရန်၊ ချိန်တန်
သင့်မြတ်၊ ကရကဋ္ဌရာသီ၊ ပါရမီဆော်နှိုး၊ အရွယ်
တော်နှစ်ဆယ့်ကိုးသို့॥ သမ္ပတ္တော-တရွှေရွှေကြီးမြောက်ရောက်
တော်မူသည်ရှိသော်॥ စတုရော နိမိတ္တေ–သူအိုတဖြာ၊ သူနာ
တထွေ၊ သူသေတခန်း၊ ရဟန်းတခြားလေးပါးသောနိမိတ်ကြီး
တို့ကို॥ ဒိသွာန–ဉယျာဉ်ကစားရန်၊ ထွက်စံတော်မူစဉ်၊ တွေ့
မြင်တော်မူသည်ရှိသော်॥ နိဗ္ဗိန္ဒိတွာန– ထီးတော် နန်းတော်၊

ကြငှန်းတော်၌၊ မပျော်မမွေ့၊ ငြီးငွေ့ တော်မူလှသည်ဖြစ်၍။ နိက္ခမန္တော-ကိုးဆယ့် ခုနစ်ခု၊ ရတုရှန်းစို၊ ဝါဆိုပုဏ္ဏမ၊ ဗျဂ္ဂဒိနာ၊ ဆွေကြင်ယာမှ၊ သည်းချာမျက်ရှူ၊ ရာဟုဘုန်းဟော့၊ ဖွားသည့်နေ့တွင်၊ မမေ့နိုင်အောင်၊ သံဝေဆောင်ရ၍၊ သန်းခေါင်ကာလ၊ တိုးတိုးမျှဖြင့်၊ ဆန္နမတ်ကျော်၊ အာခေါ်၍၊ စီးတော်ယာဉ်လှ၊ကဏ္ဍကနှင့်၊ နန်းမှခွာရှောင်၊နော်မာသောင်သို့၊ ရောက်အောင်မပျက်၊ ထွက်ကြီးထွက်တော်မူလျက်။ ပဗ္ဗဇ်-တွာန-ဘဒ္ဒကဥ္စန၊ အလှမျက်ဖျော်၊ ယသော်ကြင်ဆွေ၊ နန်းလုံးမေသည်၊ ရစ်ခွေသုံးသပ်၊ ဆုံးဖွဲ့အပ်သည့်၊ သျှောင်မြတ်ရတနာ၊ ဆံကေသာကို၊ တွယ်တာမထား၊ ပယ်ကာရှားလျက်၊ ထက်ဖျားပြဟ္မာ၊ လျှာပ်လာသည့်၊ ရောင်ဝါတင့်ဆန်း၊ ကြာသကန်းဖြင့်၊ ထီးနန်းမှုယာ၊ စွန့်ပစ်ကာလျှင်၊ ကြည်သာရှင်လန်း၊တောာမြိုင်တန်း၌၊ရဟန်းပြုတော်မူပြီး၍....

ဒုက္ကရစရိယာကျင့်။ ။ဆဗ္ဗဿာနိ-ဥရုဝေလ၊ နာမတင့်ဆန်း၊ နန်းနှင့်မနီး၊ ထီးနှင့်ဝေးကွာ၊ တောမြိုင်သာဝယ်၊ သင်္ချာတွက်စစ်၊ ခြောက်နှစ်တို့ကာလပတ်လုံး။ ဒုက္ကရစရိယာနိ-ခန္ဓာညှိုးခွေ၊ ကြေလုခမန်း၊ အားကုန်ခန်းအောင်၊ ပင်ပန်းဆင်းရဲ၊ ပြုနိုင်ခဲသည့်၊ လွန်ကဲသော အကျင့်တို့ကို။ စရိတွာန-သွေးသား ခန်းခြောက်၊

အသက်ပင်ပျောက်ပျောက်ဟု၊ မကြောက်မရွံ့၊နောက်မတွန့်ပဲ၊ သက်စွန့်ကြိုးပမ်း၊ ဖြည့်စွမ်းကျင့်ဆောင်တော်မူပြီး၍....

ဘုရားဖြစ်။ ။ဗောဓိမဏ္ဍော – အဝိဇ္ဇဟိတ၊ ဌာနသာစည်း၊ ရွေးတည်နှောင်းပျက်၊ အချက်အချာ၊ မင်္ဂ–လာဘူမိ၊ တုမရှိသည့်၊ ဗောဓိမဏ္ဍိုင်၊ မြေဦးခိုင်၌။ ပဉ္စမာရေ= ဒေဝပုတ္တ၊ စသည့်အပြား၊ မာရ်ငါးပါးတို့ကို။ ဇိတ္တဝန–ပါ ရမီတော်မြတ်၊ အရဟတ္တမဂ်၊ ဓားသန်လျက်ဖြင့်၊ ပယ်ဖျက် ခုတ်ထွင်၊ သုတ်သင်ရှင်းလင်း၊ အောင်ပွဲခင်းလျက်၊ အောင် သတင်းကြူကြူ၊ အောင်လံတော်လွှင့်တော်မူပြီး၍။ ဗုဒ္ဓဘာဝံ–လေးပါးသစ္စာ၊ ပု, ဒိ, အာ–ကို၊ ဆရာမကူ၊ သယမ္ဘူဖြင့်၊ နူမူမကျန်၊ မဖောက်ပြန်ပဲ၊ ဝေဖန်ပိုင်းခြား၊ သိမြင်ငြား သည့်၊ သုံးပါးလောက၊ မကုဋ္ဌထွတ်ဖူး၊ အောင်ပွဲမူး တဆူ၊ နတ်လူတို့မျက်ရစ်၊ ဘုရားရှင်အဖြစ်သို့။ သမ္ပတ္တော– ရာသုံးခု ကြုံ၊ ကဆုန်လပြေ့၊ ဆင်မင်းနေ့ဝယ်၊ ကြွေ့ကြွေ့လိုက်ဆူ၊ ရောက်ကြီးရောက်တော်မူလေပြီ။

တံဗုဒ္ဓံ-ဘုရားအဖြစ်သို့၊ စင်စစ်ပြီးမြောက်၊ ရောက်တော် မူသော ထိုမြတ်စွာဘုရားကို။အဟံ-မြတ်ဘုရားရှင်၊ ဗုဒ္ဓဝင်ကို၊ စိတ်တွင်ရှုမြော်၊ ဘုရား တပည့်တော်သည်။ ဝန္ဒာမိ-ရိုသေ မြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

မှာထားချက်။ ။ဤဘုရားရှိခိုးမှာ စစ်ကိုင်းတောင်ရိုး၊ မဟာဝိဇ္ဇောဒယဆရာတော်ဘုရား၏လက်ရာဖြစ်သည်။ အလွန်ကြည်ညိုဘွယ် ကောင်း၏။ တတ်နိုင်ပါက နေ့စဉ် နေ့တိုင်း ရွတ်ဖတ်သင့်ပေသည်။

ခုနစ်နေ့ ဘုရားရှိခိုး

(၁) သနွေယူ။ ။သုံးလူ့ရှင်ပင်၊ကျွန့်ထိပ်တင်၊ သောင်းခွင်စကြဝဠာ၊ နတ်ပြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည့်၊ ဝါဆိုလပြေ့၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သနွေယူသည်၊ နတ်လူငြိမ်းဘို့–ကိန်းပါကို။

(၂) ဖွားမြင်။ ။သနွေယူကာ၊ ဆယ်လကြာသော်၊မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြို၊ ကဆုန်လပြေ့၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီ၌၊ မဟီလိုက်ဆူ၊ ဖွားတော်မူသည်၊ နတ်လူအောင်မြို – လမ်းပါကို။

(၃) တောတွက်။ ။ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်မျှ၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြေ့၊

ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လုံသည်၊ ပင်စုံ မြိုင်ရိပ်–ခန်းမှာကို။

(၄) ဘုရားဖြစ်။ ။တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော် တဖုံ၊ ပွင့်ချိန် ကြုံက၊ ကဆုန်လပြေ့၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မဥ္ဇူးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက် ဘုန်းမော်၊ သောင်းလုံးကျော်သည်၊ သုံးဖော်လူတို့–ငြိမ်းပါကို။

(၅) ဓမ္မစကြာဟော။ ။ဘုရားဖြစ်ခါ၊ မိဂဒါသို့၊စကြာရွှေဘွား၊ဖြန့်ချီသွား၍၊ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတသောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြေ့၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန်မြွက်ထွေပြား၊ ဟောညွှန်ကြားသည်၊ တရားနတ်စည်–ရွှမ်းတယ်ကို။

(၆) ပရိနိဗ္ဗာန်စံ။ ။တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည် ဘုံသိုက်၊ တသောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊

သက္ကရာဇ်ဝယ်၊ နယ်မလ္လတိုင်း၊ စံနိုင်းမယှတ်၊ ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြေ့၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်၊ ဝှန်းဆူသောင်းလုံး–ကျော်တယ်ကို။

(၇) တေဇောဓာတ်လောင်။ ။နိဗ္ဗူစံပြီ၊ ရှုမအီသား၊ သိင်္ဂီရွှေလှော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ ဓာတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊ မိဋ္ဌာန်ချက်ကြောင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်၊ မွေ့တော်ရှစ်စိတ်–ကြွင်းတယ်ကို။

ဆုတောင်း အမျှဝေ

ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ ကိုယ်တော်ဖျားကို၊ သုံးပါးမှန်စွာ၊ ဝန္ဒနာနှင့်၊ သဒ္ဓါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း–ကြွယ်စေသော်။

အဆုံးဘဝ၊ တိုင်ပြန်ကလည်း၊ ပညာ့အရာ၊ ဘိမ္မာနှင့်၊ ကြေညာကျော်ကြား၊ လူအများကို၊ တရားစည်ကြီး၊ ခြိမ့်ခြိမ့်ဟီး၍၊ မီးဆယ့်တတန်၊ ငြိမ်းရာမှန်သည်၊ နိဗ္ဗာန်အောင်မြို့-ရောက်စေသော်။

သုံးလူ့ထွတ်ထား၊ မြတ်ဘုရားနှင့်၊ ရှစ်ပါးသံဃာ၊ ရတနာကို၊သဒ္ဓါရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပါရ၊ ဤပုညကြောင့်၊ ဒိဋ္ဌမျက်မြင်၊ ဘဝတွင်လည်း၊ ကင်းစင်အန္တရာယ်၊ ကောင်းကျိုးကြွယ်လျက်၊ ဆယ်ဖြာအညီ၊ ပါရမီနှင့်၊ ဆယ်လီပုည၊ မြတ်ဓမ္မလည်း၊ နိစ္စရှင်ဖြိုး၊ နေ့စဉ်တိုးသည်၊ သက်ဇိုင်း ကြာမြင့်—ရှည်စေသော်။

ဘဝတတန်၊ ဖြစ်တုံပြန်လည်း၊ လေးတန်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ကင်းတုံလစ်၍၊ ရှင်ချစ်မြတ်စွာ၊ သာသနာလျှင်၊ ရောင်ဝါထိန်ဝင်း၊ လင်းရာတမူ၊ လူကောင်း နတ်ကောင်း၊ ဘဝကောင်း၌၊ ညွတ်ပြောင်းသန္ဓေ၊ တိဟိတ်နေ၍၊ ဆွေလယ်မျိုးလယ်၊ တန်ခိုးကြွယ်သည်၊ လ,နှယ်ထွန်းတင့်—ပါစေသော်။

အသိအလိမ္မာ၊ဉာဏ်ပညာနှင့်၊ သဒ္ဓါ,သီလ၊ သုတပြည့်ဖြိုး၊ ဂုဏ်တန်ခိုးလည်း၊ အမျိုးလေးဖော်၊ သတင်းကျော်လျက်၊ သူတော်တို့ထုံး၊ ကျင့်သုံးတရား၊ အမှားမလိုက်၊ စရိုက်စင်ဖြူ၊ အလှူရေစက်၊ လက်နှင့်မကွာ၊ ရှစ်ဖြာဥပုသ်၊ မယုတ်ကြိုးစား၊ လေးပါး ဗြဟ္မစိုရ်၊ ရွှန်းရွှန်း စိုသည်၊ ကုသိုလ် ကိုယ်လုံး—ထုံစေသော်။

ပတ္တမြား ပလ္လင်၊ ကုံကော်ပင်ဝယ်၊ ငါးအင် မာရ်စစ်၊ အောင်ပွဲလှစ်၍၊ ခေတ်ဇာတိလုံး၊ သိမ့်သိမ့်ချုန်းလျက်၊ ရွှေဘုန်းစိုက်ထူ၊ ပွင့်တော်မူသား၊ သုံးလူသခင်၊ မိတေးရှင်ကို၊

မျက်မြင်ဖူး၍၊အထူးကြည်ညို၊ ဘုန်းရိပ်ခိုသည်၊မင်္ဂလိနိဗ္ဗာန်ရောက်စေသော်။

သုံးလူ့ထွတ်ထား၊ မြတ်ဘုရားနှင့်၊ ရှစ်ပါးသံဃာ၊ အရိယာအား၊ ရတနာမိုး၊ ရွှသွန်းဖြိုးဘို့၊ ကိုးပါး, ခြောက်စုံ၊ ကိုးရပ်ဂုဏ်ကို၊ အာဂုံချီးကျူး၊ နှုတ်လျှာမြူး၍၊ ကြည်နူးဆွဆွ၊ ရှိခိုးရသည့်၊ ပုညကုသိုလ်၊ အဖို့ကိုလျှင်၊ မွေးမိခင်နှင့်၊ ဖခင်ဆရာ၊ ဉာတကာက၊ သတ္တဝါအများ၊ ရငြား ပါစေ၊ မျှပေးဝေသည်၊ ကောင်းထွေသာဓု ခေါ်စေသော်။

သာဓု....သာဓု....သာဓု....။

မှာထားချက်။ ။လယ်တီဆရာတော်ဘုရားရေးတော်မူသည်။ အဓိပ္ပာယ်ပေါ်လွင်ပြီ။ အကျဉ်းချုပ်မှတ်လိုလျှင်—

၁။ ကြွက်—သန့်,ပူး—ဖွား၊ကျား—တောသွား၊ဆင်ကား—ဘုရားဘောင်။

၂။ စက်လှစ်—နာဂ၊ နိဗ်-သီဟ၊ ဂရုဠ—ခတ်မီးလောင်။

ဟူ မှတ်ပါ။ ကြွက်-ကြာသပတေးနေ့၌၊ သန့်—သန္ဓေယူတော်မူသည်—စသည်ဖြင့် ဆိုလိုပါသည်။

ထို့ထက်အကျဉ်းမှတ်လိုသေးလျှင် (မ,သိ,ကြ,လျှင်,တွေး,ဆ,အုန်း) ဟု မှတ်ပါ။ မ-ကြာသပတေးနေ့တွင် သန္ဓေယူတော်မူသည်—စသည်ဖြင့် ဆိုလိုပါသည်။

ခုနစ်ဌာန ဘုရားရှိခိုး

၁။ ပလ္လင်္ကသတ္တာဟ။ ။ဘုန်းရောင်ထွန်းထိန်၊ စောမုနိန်၊ ပညိန္ဒြေ၊ ချွေရာမှန်ဘိ၊ ဗောဓိကြင့်နှန်း၊ ရွှေညောင်နန်းဝယ်၊ ထူးဆန်းအံ့လောက်၊ မြေမှပေါက်သား၊ ရောင်တောက်မာရ်နှင့်၊ ရွှေပလ္လင်ထက်၊ သဗ္ဗညုတ၊ ဉာဏ်ကိုရပြီး၊ သတ္တာဟရက်၊ ဖွဲ့ခွေလျက်ပင့်၊ ငြိမ်သက်တင့်တယ်၊ သုံးစံပယ်သည့်၊ ဘုန်းကြွယ် လက်ဦး=ပွဲ့ပေကို။

၂။ အနိမိသသတ္တာဟ။ ။နှစ်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ မာရပယ်လှန်၊ ပလ္လင်ပုံ့မှ၊ သေနှိုတူရှု၊ ရပ်တော်မူလျက်၊ ကြည်ဖြူငြိမ်းချမ်း၊ ပလ္လင်နန်းကို၊ ဖြောင့်တန်းစက္ခု၊ စိမ်းစိမ်း ရှုလျက်၊ သုံးလူ့ရှင်ပင်၊ ပျော်စံရှင်သည့်၊ ကြည်လင်ညွှတ်နူး–ဘွယ်ပေကို။

၃။ စင်္ကမသတ္တာဟ။ ။သုံးကြိမ်မြောက်ထ၊သတ္တာဟတွင်၊ ဗောဓိပင်မှ၊ မြောက်ခွင် ဥတ္တရာ၊ စင်္ကြံသာ၌၊ လူးလာတုန့်ခေါက်၊ ကြွချီလျှောက်၍၊ ဘုန်းတောက်ဘုရား၊ ပျော်စံစားသည့်၊ တရားဆင်ခြင်–လျက်ပေကို။

၄။ ရတနဃရသတ္တာဟ။ ။လေးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်နှင့်၊ ပလ္လင်ထွန်းတောက်၊ အနောက်မြောက်ဝယ်၊ အံ့လောက်ဖွယ်ရာ၊ ရတနာရိပ်ငြိမ်၊စံ၍ရွှေအိမ်၌၊ကြိမ်ကြိမ်ဖန်ခါ၊ ဘိဓမ္မာကို၊ မဟာဉာဏ၊ သာဂရဖြင့်၊ ဗုဒ္ဓရှင်ပင်၊ သုံးဆင်ခြင်သည်။ ရောင်ရှင်ခြောက်ဖြာ–ညီးလို့ကို။

၅။ အဇပါလသတ္တာဟ။ ။ငါးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ပလ္လင်ရွှေညောင်၊ အရှေ့တောင်၌၊ မြရောင်လိုလို၊ ရေညိုပြည့်လျှမ်း၊ ကြာပန်းညွတ်ရုံ၊ ပန်းမျိုးစုံသည့်၊ မုစ္ဆလိန္ဒာ၊ အိုင်သာဖြန့်ကျင်း၊ ကျည်းပင်ရင်းဝယ်၊ သနင်းလူ့ဆွေ၊ စံပယ်နေသော်၊ မိုးလေထန်ပြင်း၊ သွန်ချခြင်းကြောင့်၊ မြွေမင်းရန်ဟန့်၊ ပါးပျဉ်းဖြန့်လျက်၊ ခြီးအံ့တန်ခိုး၊ ဆောင်းကာမိုးသည်၊ ရှေးကျိုးသမ္ဘာ–တော်ကြောင့်ကို။

၆။ ရာဇာယတနသတ္တာဟ။ ။ခါသတ္တမ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ တောင်ပြင်လက်ျာ၊ မြေမျက်နှာဝယ်၊ ရာဇာယတန၊ မည်ရခေါ်တွင်၊ လင်းလွန်းပင်၌၊ သဗ္ဗညုဖျား၊ ပျော်စံစားသည်၊ ကြီးမားဉာဏ်တော်ရဖွင့်လို့ကို။

ဆုတောင်း။ ။ထိုခုနစ်ပါး အရပ်များကို၊ ရှေးသွား သဒ္ဓါ၊ ကြည်ညိုစွာလျှင်၊ ဝန္ဒနာမာန၊ ဂါရဝဖြင့်၊ ဦးချညွတ် ကျိုး၊ ကျွန်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း-ပြည့်စေသော်။

မှာထားချက်။ ။လယ်တီဆရာတော် ဘုရားပင် ရေး သားသည်။ သတ္တဋ္ဌာန ဘုရားရှိခိုး-ဟုလည်း ခေါ်ကြသည်။ အမိပွာယ်ပေါ်လွင်ပြီ။ ဘုရားသခင် ဘုရားဖြစ်ပြီးစ အခါ သီတင်းသုံးတော်မူပုံကို အာရုံယူ၍ ရွတ်ဆိုပါလျှင် ကြည်နူး စရာလွမ်းစရာ ကောင်းလှသည်။

လက္ခဏာတော်ကြီး ၃၂-ပါး ဘုရားရှိခိုး

(ဤဘုရားရှိခိုးမှာ ရှည်လျားလှသဖြင့် အကျဉ်း ဆောင် ပုဒ်ကို ပထမကျက်ပြီးမှ ကျက်လျှင် ပို၍ လွယ်ပါသည်။ အကျဉ်းဆောင်ပုဒ်ကား—

သု,စ,အာ,ဒီ,မု,ဇာ,ဥ,ဧ၊
ဌိ,ကော,သု,သု,ဧ,ဥ,ဩ,သ။
သီ,စိ,နိ,သ,ရ,သီ,စ,သ၊
အ,သု,ပ,ဗြ,အ,ဂေါ,ဥ,ဥ,။)

ပစ္စေကဗုဒ္ဓါ၊ မဟာသာဝက၊ သာဝကတို့၊ နှိုင်းမျှမမှီ၊ ထူးလည်းကဲလွန်၊ ယောကျ်ား မာန်ဖြင့်၊ လေးတန်သခ်ျော၊ တသိန်းနေလုံး၊ ဆည်းစုရုံးသည့်၊ ရွှေဘုန်းသမ္ဘာ၊ မင်္ဂလာ

ကြောင့်၊ ကြေငြာသံဟည်း၊ လက်ဖျစ်တီး၍၊ အံ့ချီးမကုန်၊ ဤလူ့ဘုံ၌၊ မကြုံစဖူး၊ ကြုံလာထူးဘိ၊ ပွဲ့ပျူးထိန်တောက်၊ ဖြစ်ပေါ်ပေါက်သည့်....

၁။ (သု)။ ။မမောက်မခွက်၊ မွတ်မွတ်ညက်သား၊ မြေထက်ဖဝါး၊ နင်းချသွားသော်၊ ပိပြားညီထိ၊ သုပ္ပတိဋ္ဌိတပါဒ-လက္ခဏာတော်။

၂။ (စ)။ ။အကန့်တထောင်၊ ရုပ်ယောင်ပီသ၊ တရာ့ရှစ်ကွက်၊ ပြည့်စုံလျက်လျှင်၊ စက်ဝန်းထင်သည့်၊ စက္ကင်္ကိတပါဒ-လက္ခဏာတော်။

၃။ (အာ)။ ။ခြေဖမ်းလေးပုံ၊ တပုံမျှဝယ်၊ ရှည်သွယ်ဖြူးဖြောင့်၊ ဖနောင့်တော်ဟူသော အာယ-တပဏှိ-လက္ခဏာတော်။

၄။ (ဒီ)။ ။ရှုချင့်စဖွယ်၊ ရှည်သွယ်ပျော့ပျောင်း၊လက်ချောင်း ခြေချောင်းတော်-ဟူသော ဒီဃ-င်္ဂုလိလက္ခဏာတော်။

၅။ (မု)။ ။ဝါဂွမ်းဆိုင်အနေ၊ လက်ခြေဖဝါး၊ နှစ်ပါးပြောင်းအိ၊ နူးညံ့ခြင်းရှိသော၊ မုဒုတလုန-ဟတ္ထပါဒ-လက္ခဏာတော်။

၆။ (ဇ)။ ။အဆစ်အဖျား၊ နှစ်ပါးညီလျက်၊ ကွန်ယက်ယှက်သို့၊ နှစ်သက်စကောင်း၊ လက်ချောင်း

ခြေချောင်းတော်- ဟူသော ဇာလင်္ဂုလိ-
လက္ခဏာတော်။

၇။ (ဥ)။ ။တဖက်တချက်၊ ခြေဖျက်၏၊ အထက်မြင့်
ကြွ၊ ပေါ်ပေါက်ရသော၊ ဥဿင်္ခပါဒ-
လက္ခဏာတော်။

၈။ (ဧ)။ ။ဏေီသလုံး၊ စပါးဖုံးသို့၊ ပြောင့်လုံးဆင်း
တက်၊ ချောပြေညက်သည့်၊ နှစ်ဖက်သော
ခြေသလုံးတော်-ဟူသော ဏေီဇင်္ဃ-လက္ခ-
ဏာတော်။

၉။ (ဋ္ဌိ)။ ။ရပ်လျက်မတ်ရပ်၊ မကိုင်းညွတ်ပဲ၊ ဒူး ယာ
ဝဲကို၊ ကိုင်ဆွဲ နိုင်ငြား၊ ရှည်လျားသော
လက်ရုံး လက်မောင်းတော်-ဟူသော ဋ္ဌိတ-
ဇာဏုပရာမသန-လက္ခဏာတော်။

၁၀။ (ကော)။ ။ဆဒ္ဒန်ဆင်တူ၊မထွက်ပြူသည့်၊ ယောကျ်ား
ကိုယ်-ဟူသော ကောသောဟိတ-ဝတ္ထဂုယှ-
လက္ခဏာတော်။

၁၁။ (သု)။ ။ရွှေစင်သင်္ဂီ၊ နာရဏီအနေ၊ ဝါရွှေမှည့်ဝင်း
သောအဆင်းတော်-ဟူသော သုဝဏ္ဏဝဏ္ဏ-
လက္ခဏာတော်။

၁၂။ (သု)။ ။ဝက်ခြံမှဲ့ညှင်း၊ ညစ်ကြေးကင်း၍၊ သန့်ရှင်းချောမွေ့၊အတွေ့ကောင်းပြား၊ အရေအသားတော်-ဟူသော သုခုမစ္ဆဝိ-လက္ခဏာတော်။

၁၃။ (ဧ)။ ။မွေးတွင်းတစ်မှာ၊ စင်ကြင်စွာဖြင့်၊ လကျာရစ်လည်၊ တပင်စီသော ပေါက်သော အမွေးတော်-ဟူသော ဧကေကလောမ-လက္ခဏာတော်။

၁၄။ (ဥ)။ ။အထက် ထောင်လျက်၊ ကော့တက်သော အမွေးတော်-ဟူသော ဥဒ္ဓဂ္ဂလောမ-လက္ခဏာတော်။

၁၅။ (ဗြ)။ ။ရွှေတုရိုင်းတိုင်၊ ရွှေတံခွန် တိုင်ကြီးကဲ့သို့၊ မယိုင်မညွတ်၊ ဖြောင့်မတ်မြင့်မား၊ ဗြဟ္မာလားတူ၊ သပ္ပာယ်တော်မူသော ဗြဟ္မုဇုဂတ္တ-လက္ခဏာတော်။

၁၆။ (သ)။ ။လက်,ခြေ,ပခုံး၊လည်လုံးတော်အား၊ခုနစ်ပါးမှာ၊ ဖွံ့ထွားဆူဖြိုး၊ ဘုန်းတန်ခိုး ဟူသော သတ္တုဿဒ-လက္ခဏာတော်။

၁၇။ (သီ)။ ။ကေသရာဇာ၊ ပုဗ္ဗဒ္ဓါသို့၊ကာယာရှေ့ပိုင်း၊ ခံ့ကြိုင်းကြီးထွား၊ ရေသား ပြည့်ဖြိုးတော်မူသော သီဟပုဗ္ဗဒ္ဓကာယ-လက္ခဏာတော်။

၁၈။ (စိ)။ ။ကျောရိုးလတ်ပြင်၊ မပေါ်ထင်ပဲ၊ တပြင်တသား၊ ဖွံ့ထွားပြည့်ဖြိုးတော်မူသော စိတ- န္တရံသ-လက္ခဏာတော်။

၁၉။ (နို)။ ။ပညောင်တရထည်၊ အလံရှည်သလောက်၊ ထက်အောက်ကိုယ်ရှည်၊ မျှညီဝန်းဝိုင်းသော နိဂြောဓပရိမဏ္ဍလဟ-လက္ခဏာတော်။

၂၀။ (သ)။ ။ရွှေမုရိုးစည်၊ ထောင်ထားသည့်သို၊ ဖြိုးညီရေးတော်၊ သုံးဆင့်ပေါ်သည့်၊ လည်ပင်းတော်-ဟူသော သမဝဋ္ဋက္ခန္ဓ - လက္ခဏာတော်။

၂၁။ (ရ)။ ။လည်မျို စုန္နောင်၊ ရသာ ဆောင်သည့်၊ ခုနစ်ထောင်သော ရသ ဟရဏီ=အကြောတော်-ဟူသောရသဂ္ဂသဂ္ဂီ=လက္ခဏာတော်-

၂၂။ (သိ)။ ။ခြင်္သေ့မေးလား၊ ကြီးမားစွာဘိ၊ တိတိဝန်းဝန်း၊ မေးစွန်းညီညာသော သီဟဟနု= လက္ခဏာတော်။

၂၃။ (စ)။ ။ထက်အောက်မျှညီ၊ နှစ်ဆယ်စီဖြင့်၊ လေးဆယ်သော သွားတော်-ဟူသော စတ္တာလီ- သဒန္တ-လက္ခဏာတော်။

၂၄။ (သ)။ ။စိန်သွားတရထည်၊ စီရရီနှင့်၊ တိညီသေ
သပ်၊ ကောင်းမြတ်သော သွားတော်-ဟူ
သော သမဒန္တ-လက္ခဏာတော်။

၂၅။ (အ)။ ။အကြီးအငယ်၊ ပုလဲသွယ်သို့၊ တင့်တယ်
စေ့စပ်၊ ကြားမလပ်ပဲ၊မကျဲသောသွားတော်
ဟူသော အဝိရဠဒန္တ-လက္ခဏာတော်။

၂၆။ (သု)။ ။သောက်ရှူး ကြယ်တူ ဖွေးဖွေး ဖြူလျက်၊
နှစ်သက်စဖွယ်၊ သွားစွယ်တော်-ဟူသော
သုက္ကဒါဠာ-လက္ခဏာတော်။

၂၇။ (ပ)။ ။နဖူးပြင်လုံး၊ လွှမ်းဖုံးနိုင်ဘွယ်၊ ပြန့်ကျယ်
ရှည်လျား၊ ပါးလှစ်သော လျှာတော်-ဟူ
သော၊ ပဟူတဇိဝှါ-လက္ခဏာတော်။

၂၈။ (ဗြ)။ ။သန့်ရှင်း၊ချိုသာ၊ သိလွယ်စွာနှင့်၊ နားမှာ
နာလွယ်၊ ကြဲဝယ်ထိုယိမ်း၊ မရွှေတိမ်းပဲ၊
စည်ဟိန်းနှဲနက်၊ တခဲနက်ဟု၊ ပျံ့တက် ရှစ်
ဖော်၊ အသံတော်-ဟူသော ဗြဟ္မဿရ-
လက္ခဏာတော်။

၂၉။ (အ)။ ။မင်၊ ပိတုန်းတောင်၊ မျက်စဉ်း ရောင်သို့၊
ထိန်ပြောင်ထွန်းလက်သော မျက်နက်ဝန်း

တော်-ဟူသော အဘိနီလနေတ္တ-လက္ခဏာ
တော်။

၃၀။ (ဂေါ)။ ။ဖွားသစ်စဝယ်၊ နွားသူငယ်၏၊ တင့်တယ်ကြည်ရွှင်၊ မျက်မွေးပင်သို့၊ ရှုချင်စဖွယ်၊ သေးသွယ်ကော့ကွေး၊ မျက်မွေးတော်=ဟူသော ဂေါပခုမ-လက္ခဏာတော်။

၃၁။ (ဥ)။ ။မျက်ခုံးမွေး ကြား၊ မျက်မှောင် ကြား၌၊ ငွေသားနန်းကြိုး၊ ပုလဲကြိုးတူ၊ ဆန့်ယူ ဆွဲဆောင်၊ နှစ်တောင်မျှရှေ၊ ပင်ကိုယ်နေမှာ၊ ငွေကြယ်ပွင့်ဟန်၊ စိန်ရောင်လျှံတောက်သည့်ပုံ၊ ဥဏ္ဏလုံး= မွေးရှင်တော်-ဟူသော ဥဏ္ဏ-လောမ-လက္ခဏာတော်။

၃၂။ (ဥ)။ ။နာရဏီစစ်၊ ရွှေဦးသစ်တူ၊ နဖူးသင်းကျစ်ပြားတော်-ဟူသော ဥဏှီသသီသ-လက္ခဏာတော်။

ဤသို့ပေါင်းရုံး၊ သုံးဆယ့်နှစ်ဖြာ၊ မဟာဘွဲ့တပ်၊ ယော-ကျ်ားမြတ်တို့၊ရအပ်အင်ကြန်၊ လက္ခဏာဖြင့်၊ မှမ်းမံ ခြယ်လှယ်၊ သပ္ပာယ်ရှုမဝ၊ သုံးလောကထွတ်ထား၊ မြတ်ဘုရားကို၊ ညွတ်တွားရှိကျိုး၊ ကျွန်ရှိခိုးသည်၊ ဆိုးကျိုးခပ်သိမ်း - တိမ်းစေသော်၊ ကောင်းကျိုးအလီလီ=တည်စေသော်။

မှာထားချက်။ ။ရွှေကျင်နိကာယ မဟာနာယက၊အဂ္ဂ
မဟာပဏ္ဍိတ၊စည်ရှင်ဆရာတော်ဘုရားရေးသားတော်မူသည်။
အဓိပ္ပာယ်ပေါ်လွင်ပြီ။

လက္ခဏာတော်ငယ် ၈၀–ဘုရားရှိခိုး

ဘုန်းတော်ခြောက်စုံ၊ တန်ခိုးဂုဏ်ဖြင့်၊ လွှမ်းခြုံစုံလင်၊ ဘုရားရှင်၏၊ ကြည်လင်တင့်တယ်၊ ပြည့်စုံကြွယ်သည့်၊ ရှစ်ဆယ် လက္ခဏာ၊ မှတ်စရာကား–

၁။ ခြားကွာမထွက်၊ စေ့စပ်ယှက်သည့်၊ ခြေ, လက် ချောင်းတော်။
၂။ ဖူးမြော်မဝ၊ သွယ်ဖြောင့်လှ၍။
၃။ ပြည့်ဝသိမ်မွေ့၊ ပွတ်တိုင်ရွှေသို၊ ချောမြေ့ လုံး လျောင်း၊ ဆယ်စုံပေါင်း၏။
၄။ ရောင်မောင်းတင့်ရည်း၊ နီလွင်ညီးသည့်၊ ခြေသည်း, လက်ဖျား၊ ပတ္တမြားသွင်။
၅။ ကြွားကြွားနီနီ၊မြင့်ရှည်သွယ်ပြောင်း၊ရှုမညောင်းမျှ။
၆။ နွဲ့နှောင်းပြေလျက်၊ ချောမောဖက်၏။
၇။ ဖမျက်တော်ခေါ်၊ ချောမွတ်ပြေကော။
၈။ ခြေတော်မှာလည်း၊ ညီညာတိခြင်း၊ နိမ့်မြင့်ကင်း၏။
၉။ ဆင်မင်းပမာ၊ လှမ်းကြွရာတွင်၊ မျှားစွာယဉ်ကျေး။

၁၀။ နက်လေးခန့်ညား၊ ခြသေ့်လားသို့၊ ကြွသွားတတ်ခြင်း။

၁၁။ ဟသ်ာမင်းသို့၊ ကြွနင်းစံပယ်၊ လွန်တင့်တယ်၏။

၁၂။ တသွယ်ဥသဘ၊ လှမ်းကြွပမာ၊ တူလျှင်းစွာတည့်။

၁၃။ လကျ်ာခြေချီ၊ လကျ်ာလည်ဖြင့်၊ အညီကြွမှု၊ အမြဲပြု၏။

၁၄။ ဆစ်ဖုမပေါ်၊ ပုဆစ်တော်ဖြင့်။

၁၅။ အဟောင်အစွရိ၊ အံ့ဘွယ်ရှိသည့်၊ ပုရိသမြတ်၊ နိမိတ်ဓာတ်နှင့်။

၁၆။ မပြတ်ရေးကြောင်း။

၁၇။ နက်ညောင်းတင့်စွာ။

၁၈။ လည်လကျ်ာဖြင့်၊ ဖွယ်ရာ ချက်တော်၊ ထင်ရှားပေါ်၏။

၁၉။ ဆင်တော်နှာမောင်း၊ ပုံသွယ်ပျောင်းသည့်၊ နှစ်ချောင်းပေါင်နှင့်၊ ဝင်းပြောင်လက်ရုံး။

၂၀။ ထက်အောက်လုံးလျှင်၊ ပတ်ကုံးညီညာ၊ ကိုယ်ကာယာနှင့်။

၂၁။ သာယာညီညွတ်၊ ချောပြေမတ်သည့်၊ အရပ်တော်လျှင်။

၂၂။ ပတ်ဝန်းကျင်မှ၊ ချောမွေ့လှလျက်၊ ပြည့်ဝကာယာ။

၂၃။ ရှိုင်းသင့်ရာဝယ်၊ ရှိုင်းကာမြင့်သင့်၊ လှဂုဏ်မြင့် သား၊ ဖြိုးတင့်ကျက်သရေ။
၂၄။ သားအရေလည်း၊ ရှုံ့နေမထင်။
၂၅။ မှည့်မည်းစင်၏။
၂၆။ ချစ်ခင်မြတ်နိုး၊ ရိုကျိုးဘွယ်ရာ၊ ကိုယ်တော်မှာ လည်း။
၂၇။ ပမာလှော်သစ်၊ ရွှေဦးစစ်သို့၊ မညစ်စင်ကြယ်။
၂၈။ နူနူနယ်ပျောင်းပျ၊ နူးညံ့လှ၏။
၂၉။ လ႑သော်တာသွင်၊ မြင်သူ့ရင်၌၊ ကြည်လင်အေးမြ။
၃၀။ ရောင်ထွန်းပလျှက်။
၃၁။ လုံးဝဆိချွေး၊ ကင်းစင်ဝေး၏။
၃၂။ နူထွေးဝါးမျှစ်၊ ပေါ်ထွန်းသစ်သို့၊ ပျိုမျစ်ကိုယ်ရေ။
၃၃။ ပြေပြစ်နေလျှက်။
၃၄။ ထွေထွေမွှေးနံ့၊ ကြိုင်လှိုင်ပျံ့၏။
၃၅။ ခိုင်ကြံ့ခွန်အား၊ လွန်ကြီးမား၍၊ ယောကျ်ား ဗိုလ်ခြေ၊ ကုဋေတထောင်၊ အားကိုဆောင်၏။
၃၆။ ထွန်းပြောင်ရွှေချွန်း၊ ပုံစံသွန်းသို့၊ တင့်ထွန်းထင် ပေါ်၊ နှာခေါင်းတော်နှင့်။
၃၇။ စံသော်ဖက်ရှား၊ ပတ္တမြားသို့၊ နီပြာသွားဖုံး။
၃၈။ သောက်ရှူးနှုန်းတူ၊ ဖွေးဖြူတင့်တယ်။

၃၉။ ပုလဲသွယ်ကို၊ စီခြယ်ပမာ၊ လွန်ညီညာသည့်၊ ဒန္တာ
သွားမြတ်။

၄၀။ အဆင်းခေတ်လည်း၊ ရှင်းလတ်စင်ကြယ်၊ ဇလန္ဒြေ
ကြွယ်၏။

၄၁။ မြတ်စွယ်တော်မူ၊ ခေတ်လေးဆူလျှင်၊ စင်ဖြူ လုံး—
ဝန်း၊ ပုလဲသွန်းသို့။

၄၂။ သစ်ထွန်းတင့်လွန်၊ အဖျားချွန်၏။

၄၃။ ပန်းမွန်ခေါင်ရမ်း၊ နှင်းဆီပန်းသို့၊ နှုတ်ခမ်း ညွန့်
နွယ်၊ နီရောင်ခြယ်ခဲ့။

၄၄။ ပြန့်ကျယ်ခန့်ခြင်း၊ မြတ်ခံတွင်းလည်း။

၄၅။ ပျံ့သင်းကြိုင်ကြိုင်၊ မွှေးနံ့လှိုင်၏။

၄၆။ ဘုန်းခိုင်ရှင်တော်၊ လက်ဖဝါးတော်လည်း၊ ထင်
ပေါ်အရေး၊ လွန်နက်လေး၏။

၄၇။ မကွေးမထောင့်၊ အရေးဖြောင့်လျက်။

၄၈။ ပြစ်မှောင့်ပယ်ရှား၊ လွန်ရှည်လျားကာ။

၄၉။ ထင်ရှားတင့်တယ်၊ ရှုချင်ဘွယ်ဖြင့်၊ ရေးခြယ်သည့်
သွင်၊ သဏ္ဍာန်ထင်၏။

၅၀။ ရောင်ရှင်တလံ၊ တံဘိုင်းဟန်သို့၊ ဝန်းရံတင့်စို၊ မြတ်
ရွှေကိုယ်ဝယ်၊ ကြည်ညိုစဖွယ်၊ ရံပတ်ခြယ်၏။

၅၁။ ပြည့်ကြွယ်ပါးတော်။

၅၂။ မျက်လုံးတော်လည်း၊ ရောင်တော်ပြိုးပြက်၊တလက်လက်ဖြင့်၊ ဖြန့်လျက်ကျယ်ခန့်၊ စိန်ရောင်ဖြန့်၍။
၅၃။ ငါးတန့်ဆင်းသွင်၊ လွန်ကြည်လင်၏။
၅၄။ ကောင်းကင်သို့မျှော်၊ မျက်ခုံးတော်နှင့်။
၅၅။ လျှာတော်နီမြန်း၊ နှင်းဆီပန်းသို့၊ လှဆန်းနူးညံ့။
၅၆။ သပ္ပာယ်ခန့်သည့်၊ ရှည်ပြန့်နုထွား၊ရွှေနားတော်ရှိ။
၅၇။ ပကတိစင်၊ ဦးခေါင်းသွင်လည်း၊ မထင်ဖုထစ်၊ ပြေပြစ်ချောညက်။
၅၈။ စောင်းလျက်နိမ့်မြင့်၊ မရှိတင့်၍။
၅၉။ ထီးသွင့်ဝန်းကျင်၊ ရောင်စုံလင်တည်း။
၆၀။ နံ့လျှင်မွှေးကြိုင်၊ ဂန္ဓာမြိုင်သို့၊ ထုံလှိုင်ဦးထိပ်။
၆၁။ ခပ်နှိုပ်ရွှေပြား၊ ကြက်၍ထားသို့၊ နံလျားပြန့်ပြူး၊ ရွှေနဖူးပြင်။
၆၂။ စို့သက်တင်နှင့်၊ ပေါ်လွင်ဆန်းစ၊ သုံးရက်လသို့၊ လှပမျက်ခုံး။
၆၃။ ရှုမဆုံးအောင်၊ ကော့ကုံး တင့်တယ်၊ အဖျား သွယ်၍။
၆၄။ ခန့်ထယ်ရှည်လျား၊ ကျယ်ပြန့်ကားလျက်။
၆၅။ နုထွားစီရရီ၊ မျက်လုံးညီ၍။
၆၆။ စီကာမွှေးတွင်း၊ ပေါက်ရောက်ခြင်းပြင်။

၆၇။ အဆင်းစိမ်းညို၊ ရောင်စိုစိုနှင့်၊ နုပျိုမွေးညှင်း။
၆၈။ ရစ်ခြင်းလကျ်ာ၊ အဖျားညာသို့၊ ယိုင်ကာနေလို။
၆၉။ မျက်စဉ်းညိုနှယ်၊ နုစိုချောမွေ့။
၇၀။ ကောက်ကွေ့လိမ်ကင်း၊ သန့်ရှင်းကြည်လင်၊ မွေးတော်ရှင်တည်း။
၇၁။ ကေမင်ညိုရောင်၊ ပိတုန်းတောင်သို့၊ အရောင်ဖိတ်ဖိတ်။
၇၂။ ဦးထိပ်လည်မွေ၊ လကျ်ာခွေလျက်။
၇၃။ ဆံနေဆံချောင်း၊ လွန်တင့်မောင်း၏။
၇၄။ ပျော့ပျောင်းပြေပြစ်၊ သန့်ရှင်းသစ်၍။
၇၅။ ကျစ်လစ်သိမ်မွေ့၊ နူးညံ့မြွကာ။
၇၆။ ရှုပ်ပွေကင်းဝေး၊ ဆံမထွေးတည့်။
၇၇။ နက်လေးစိုပျို။
၇၈။ မွေးချိုချိုဖြင့်၊ နဂိုညီဘိ၊ ဆံတော်ရှိ၏။
၇၉။ ပကတိလျှင်၊ သိမ်မွေ့လျှင်သည့်၊ ထွက်ဝင်သက်ခတ်။
၈၀။ မပြတ်ပြိုးပြက်၊ ဦးခေါင်းထက်၌၊ ရိုးရက်ကြွမြန်း၊ ရောင်ပြိုးပြွမ်းသည့်၊ အဆန်းတကြွယ်၊ မကိုင်ဋ္ဌနှယ်လျှင်၊ ရှက်သွယ်ပေါင်းစု၊ အထူးပြုသည့်၊ ကေတုမာလာ၊ ရတနာရောင်လျှံ၊ ဝင်းဝင်းပုံ့သည့်–

အရပ်ထွတ်တင်၊ ဘုရားရှင်ကို၊ အစဉ်ရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ အရှင်ဘုရား။

မှာထားချက်။ ။ရဝေထွန်းအမည်ခံ အရှင်တိလောကာသာရ ရေးသားထားသည်။ ဇိနာလင်္ကာရဋီကာကျမ်းတွင် အကျယ်လာရှိသည်။ အဓိပ္ပာယ်ပေါ်လွင်ပြီ လူစိမ်းတယောက်ကို အကဲခတ်ရာ၌ မြတ်စွာဘုရား၏ လက္ခဏာတော်ကြီး၊ လက္ခဏာတော်ငယ်တို့ဖြင့် ယှဉ်ဆိုးအကဲခတ်နိုင်သည်။ ထို့ကြောင့် ဤ ဘုရားရှိခိုး နှစ်ပုဒ်သည် လောကုတ္တရာ အတွက်သာမက လောကီအတွက်လည်းအကျိုးကျေးဇူးများသည်။ အရမကျက်နိုင်သည့်တိုင်အောင် မကြာမကြာ ကြည့်ရှုမှတ်သားသင့်သည်။

၁၀၈–ကွက် စက်လက္ခဏာ ဘုရားရှိခိုး

အတိုင်းမသိ၊ ကျေးဇူးရှိသား၊ မုနိသကျ၊ ဂေါတမ၏၊ ပါဒမြတ်ကျော်၊ ဖဝါးတော်၌၊ ထွန်းပေါ်ကျစ်လစ်၊ တရာ့ရှစ်ကို၊ စိစစ်လျှင်းထွေ၊ လျှင်းလျှင်းရေပိမ့်၊ ချီလေအစ–

၁-၂။ လှံမ,အိမ်မွန်။
၃။ သုံးတန်ပွင့်ချပ်၊ ဇလပ်ပုံမွှေး။
၄။ လည်ရေးသုံးဆင့်။
၅။ လှတင့်ထွန်းတောက်၊ ဦးဆောက်ပန်းက။

၆။ ဖြူဆွရောင်မောင်း၊ဦးဘောင်းမကွဲ၊စားပွဲတည်ခင်း။
၇။ အင်းပျဉ်ဝန်းနှင့်။
၈-၉။ ချွန်းတောင်း,ပြာသာဒ်။
၁၀။ အထွတ်မြင့်ခိုင်၊ တံခါးတိုင်က။
၁၁-၁၂။ ဖြူဆွပြိုးပြက်၊ ထီး, သန်လျက်နှင့်။
၁၃။ ထန်းရွက်ယပ်ဝန်း။
၁၄။ ရွှန်းရွှန်းရောင်မောင်း၊ ဥဒေါင်းမြီးယပ်။
၁၅။ သင်းကျပ်ရွှေပြား။
၁၆။ ပတ္တမြားကျောက်မျက်။
၁၇။ စားခွက်ရောင်ပြေး။
၁၈။ မုလေးပန်းဆိုင်း။
၁၉-၂၃။ တုန်နိုင်းမရ၊ ပွင့်လှအပြား၊ ငါးပါးကြာမျိုး။
၂၄။ ပြည့်သည့်အိုးနှင့်။
၂၅။ ပြည့်ဖြိုးဖလား။
၂၆။ ရေးငြားသမုဒ္ဒရာ။
၂၇။ စကြာဝဠာတောင်မွန်။
၂၈။ ဟိမဝန်တောင်ချောင်။
၂၉။ မြင်းမိုရ်တောင်နှင့်။
၃၀-၃၁။ ထွန်းပြောင်နေ့,လ။
၃၂။ နက္ခတ္တကား။

၃၃=၃၆။ ဒိ. လေးသွယ်၊ ကျွန်းငယ်ရံဆောင်။
၃၇။ ဘုန်းခေါင်စကြာမင်း။
၃၈။ ခရုသင်းဖြူနစ်၊ ဗေ့ရစ်လကျာ။
၃၉။ ရွှေဝါအဆင်း၊ ငါးမင်းစုံလျက်။
၄၀။ လက်နက်စက်က။
၄၁-၄၇။ ရေတွင်းသချာ၊ ဂင်္ဂါခုနစ်တန်။
၄၈-၅၄။ တောင်ရံခုနစ်လုံး။
၅၅-၆၁ ။ အိုင်ထုံးခုနစ်ကွက်။
၆၂။ ငှက်ဂဠုန်မင်း။
၆၃။ မြစ်တွင်းကိန်းအောင်း၊ မိကျောင်းရေသား။
၆၄။ တံခွန်လျားနှင့်။
၆၅။ ကုက္ကားတံခွန်။
၆၆။ မင်းတန်သံလျင်း။
၆၇။ အဆင်းရွှေလား၊ သားမြီးလေဆောင်။
၆၈။ ငွေတောင်ကေလာသ။
၆၉-၇၀။ သီဟ,ဗျဂ္ဃါ။
၇၁။ ဝလာဟမြင်း။
၇၂။ ဆင်မင်းမြတ်စွာ၊ ဥပေါသထားယဉ်မွန်၊ ဆဒ္ဒန်
တူပြီ။
၇၃။ ဗာသုကီနည်ရင်း၊ နဂါးမင်းနှင့်။

၇၄။ ဟင်္သာရွှေလား။

၇၅။ နွား ဥသဘမွန်။

၇၆။ ရောဝဏ်တခန်း။

၇၇။ ရွှေမကရ်းတထွေ။

၇၈။ ရွှေလှေလျှံဝါ။

၇၉။ ပြဟ္မာထွတ်ဖျား။

၈၀။ သားနှင့်တကွ၊ နွားမနို့ညှစ်။

၈၁။ အချစ်မြဲစွာ၊ ကိန္နရာဖိုမ။

၈၂။ သဒ္ဒမဆိတ်၊ ကရဝိက်တွန်ညှောင်း။

၈၃-၈၄။ ဦးဒေါင်း, ကြိုးကြာ။

၈၅။ သံသာ စက္ကဝါက်။

၈၆။ စုံလျက်ဇီဝဇိုး။

၈၇-၉၂။ မိုးဝတုံသာ၊ ဆကာမာနှင့်။

၉၃-၁၀၈။ ပြဟ္မာ့ဘုံရပ်၊ ဆယ့်ခြောက်ထပ်လည်း၊ ယှဉ်စပ်မကင်း။

ခပင်းများစွာ၊ ရံစကာနှင့်၊ စကြာခြေမွန်၊ တင့်တယ်ဟန်ကို၊ မိုးစွန်ဘုံဖျား၊ သိကြား ပြဟ္မာ၊ တူရေးလှာလည်း၊ ဘယ်မှာတမျှ၊ အတူရချိမ့်။ အသမသမာ၊ သုံးလူ့ချာ၏၊ ရတနာလျှံဝင်း၊ နီဆင်းစင်သန့်၊ အကန့်တထောင်၊ ထွန်းပြောင်သိင်္ဂါ၊ သန္တာအကွပ်၊ ထိန်လျှပ်ပုံတောင်း၊ ညိုမောင်း

ကျောက်မျက်၊ ခြေတော်စက်ကို၊စုံမက်မြတ်နိုး၊ရှိလျှင်ခိုးသည်၊ အကျိုးကောင်းမွန်၊ မင်္ဂလာ ဖိုလာ၊ နိဗ္ဗာန်ထုတ်ချောက်-ရောက်စေသော်။

မှာထားချက်။ ။တောင်ခွင် သာသနာပိုင် ဆရာတော်ဘုရား ရေးသားသည်။ အဓိပ္ပာယ်ပေါ်လွင်ပြီ။ မြန်မာလူမျိုးတို့ စက်တော်ရာ-ဟု လည်းကောင်း, ပါဒစေတီတော်-ဟုလည်းကောင်း, ရွှေစက်တော်-ဟု လည်းကောင်း ခေါ်နေကြသော ခြေတော်ရာတွင် ဤ ၁၀၈-ပါးသော လက္ခဏာတော်များပါရှိလေသည်။

အံ့ဖွယ် ၁၈-ပါး ဘုရားရှိခိုး

၁။ တိုရှည်မရှိ၊ နှစ်သစ်တိလတ်၊ ဆံဘော်မြတ်၊ သိမှတ်အံ့ဘွယ်တော်။

၂။ ရွှေကြာသကၤန်း၊ ဝတ်ရုံလွှမ်းလည်း၊ ညစ်နွမ်းမရှိ၊ ပကတိ၊ သိရှိအံ့ဘွယ်တော်။

၃။ မြတ်ဘုရားနှင့်၊ ရှစ်ပါးပရိက္ခရာ၊ကင်းကွာလေးသစ်၊ မထိလစ်၊ စင်စစ်အံ့ဘွယ်တော်။

၄။ အလိုရှိသော်၊ သပိတ်တော်သည်၊ လက်ပေါ်ချက်ချင်း၊၊ ရောက်လေလျှင်း၊ ထင်လင်း အံ့ဘွယ်တော်။

၅။ လက်တော်ဆေးလျှင်၊ သပိတ်စင်နှင့်၊ သပိတ်ဆေး
လျှင်၊ လက်တော်စင်၊ မြတ်ရှင်အံ့ဘွယ်တော်။

၆။ မုံညင်းစေ့တွင်း၊ မြတ်ရှင်ရင်းသည်၊ ကြွခြင်းဖန်ဖန်၊
မြတ်စင်္ကြံ၊ အမှန်အံ့ဘွယ်တော်။

၇။ ဆယ်မျက်နှာဝယ်၊ ရောင်ခြောက်သွယ်တို့၊ ပြန့်ကျယ်
လွှမ်းခြုံ၊ ထွန်းလင်းတုံ၊ ကြည်ယုံအံ့ဘွယ်တော်။

၈။ မြတ်ဘုရားနှင့်၊ အလားနည်းတူ၊ ဆူဆူဘုရား၊ ဖန်
ဆင်းငြား၊ များပြားအံ့ဘွယ်တော်။

၉။ ဇာတိ, အာဏာ၊ ဝိသယာကား၊ ခေတ်သုံးပါးမှာ၊
ရောင်ဝါလင်းမှု၊ မှောင်အောင်ပြု၍၊ မှောင်ထုအစု၊
လင်းအောင်ပြု၊ မှတ်ရှုအံ့ဘွယ်တော်။

၁၀။ တရားဒေသနာ၊ ဟောသောခါဝယ်၊ အင်္ဂါရှစ်ရပ်၊
သံတော်မြတ်ကို၊ထက်ရပ်ဘဝဂ်၊အောက်ဖက်အဝီစိ၊
ကြားစေဘိ၊ မှတ်သိ အံ့ဘွယ်တော်။

၁၁။ ငတိံနန်းမှ၊ မြန်းကြွဆင်းရာ၊ ထိုအခါဝယ်၊ လူမှာ
နတ်မြင်၊ နတ်ပင်လူက၊ ချက်ချင်းပ၊ မြင်ရအံ့ဘွယ်
တော်။

၁၂။ ပဋိသန္ဓေ၊ စံနေသောခါ၊ ဖွားမြင်ခါနှင့်၊ ဖြစ်ခါ
ဘုရား၊ ဟောကြား ဓမ္မစက်၊ လွှတ်ချက်အာယု၊

စံပြုနိဗ္ဗာန်၊ ဤခြောက်တန်ဝယ်၊ အောက်ခံမြေကြီး၊ တုန်လှုပ်ပြီးခါ၊ နိမိတ်ဖြာ၊ ဖြစ်လာအံ့ဘွယ်တော်။

၁၃။ မြင်းမိုရ်ထိပ်ပန်း၊ ဝတိံသန်းဝယ်၊ နှစ်လှမ်းသုံးဖဝါး၊ နင်းကြွသွား၊ ဘုရားအံ့ဘွယ်တော်။

၁၄။ မြေဦးကြွသော်၊ မြတ်ဇိနော်မှ၊ ခြေတော်ရာပင်၊ နင်းမထင်၊ ကြည်လင်အံ့ဘွယ်တော်။

၁၅။ ကျွတ်သင့် မကျွတ်သင့်၊ ပိုင်းဖြတ်လင့်၍၊ နှုရင့်ဝ္လနေ္ဒြ၊ သိမြင်ပေ၊ မှတ်လေအံ့ဘွယ်တော်။

၁၆။ မျက်လုံးနှားတော်၊ စသော်မျှားစွာ၊ ကိုယ်အင်္ဂါမှ၊ ရောင်ဝါထိန်ညီး၊ ရေမီးအစုံ၊ တန်ခိုးဂုဏ်၊ ကြည်ယုံအံ့ဘွယ်တော်။

၁၇။ ပရမတ် ပညတ်၊ မျှားလတ်ဖုံဖုံ၊ တရားစုံကို၊ အကုန်အစင်၊ မသိမြင်အောင်၊ ပိတ်ပင်ဆီးတား၊ မရှိငြား၊ ထင်ရှား အံ့ဘွယ်တော်။

၁၈။ ဥဒ္ဒေယျငါးခု၊ တရားစုကို၊ သဗ္ဗညုတံ၊ မြတ်ရွှေဉာဏ်ဖြင့်၊ ကြွင်းကျန်မရှိ၊ အကုန်သိ၊ မုနိအံ့ဘွယ်သော်။

အံ့ဘွယ်တော်ဖြစ်၊ တဆယ့်ရှစ်နှင့်၊ မျှားလစ် ဂုဏ်တော်၊ တန်ခိုးတော်ဖြင့်၊ ထင်ပေါ်ကျော်ကြား၊ ရှင်တော်ဘုရားကို၊ ဝပ်တွားရှိကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ အရှင်ဘုရား။

မှာထားချက်။ ။အမိပ္ပာယ် ပေါ်လွင်ပြီ။ ဘုရားရှင်သည် အံ့ဘွယ်များနှင့် ပြည့်စုံတော်မူသကဲ့သို့ တပည့်တော်သည်လည်း အံ့ဘွယ်များနှင့် ပြည့်စုံရလိုပါ၏-ဟု ဆုတောင်းပါ။

ဘုရားကိုးဆူ ဘုရားရှိခိုး

ဗုဒ္ဓေါ စ ဓမ္ဘိမေ သေဋ္ဌော၊
သာရိပုတ္တော စ ဒက္ခိဏော။
ပစ္ဆိမေန စ အာနန္ဒော၊
ဥတ္တရေ မောဂ္ဂလာယနော။
ကောဏ္ဍညော ပုဗ္ဗဘာဂသ္မိံ၊
ဗာယဗေ စ ဂဝမ္ပတိ။
ဥပါလိ နေရိတိစေဝ၊
အဂ္ဂိနေယျ ရေဝတော။
ရာဟုလော စေဝ အာသန္နေ၊
တေ မေ ဒဒန္တု မင်္ဂလံ။

(၁) သေဋ္ဌော= သေဋ္ဌဇေဋ္ဌ၊ စ—သည်ကျေးဇူး၊ ဂုဏ်အထူးဖြင့်၊ ချီးကျူးထပ်ထပ်၊ ကြီးမြတ်တော်မူသော။ဗုဒ္ဓေါ—သစ္စာလေးပါး၊ တရားသိမြင်၊ ငါးမာရ်နှင့်သည်။ မဓ္ဘိမေ—ရွှေပလ္လင်ဟူ၊ ဥဏ္ဏာဂူသို့၊ ညီမူစံရာ၊ အလယ်ချာ၌။ တိဋ္ဌတု-

မာရ်စစ်သဖွယ်၊ အန္တရာယ်ကို၊ ဖျောက်ပယ်ဟန့်တား၊ ဘုရားတည်ပါစေသတည်း။

(၂) သာရိပုတ္တာ-သာရိ မယ်တော်၊ ဝမ်းတိုက်ပျော်သော၊ ရှင်ကျော်မဟာ၊ သာရိပုတ္တရ၊ ထေရ်မြတ်စွာသည်။ ဒက္ခိဏာ-ဂြိုဟ်ဘောမနှင့်၊ ယမဒေဝရာဇ်၊ နတ်စစ်ပျော်ရာ၊ တောင်မျက်နှာ၌။ တိဋ္ဌတု-ယမတမန်၊ ကဲ့သို့ရန်ကို၊ ကျောက်ကန်မကြာ၊ ထိုးဝန်းကာသို့၊ ကောင်းစွာ တည်တော်မူပါစေသတည်း။ ဝါ-အသက်ရှည်စွာ၊ အနာမဲ့ကြောင်း၊ မေတ္တာလောင်းလျက်၊ ထေရ်ကောင်းတည်ပါလို။

(၃) အာနန္ဒာ-ငါးဖြာဗေဒင်၊ ရှစ်ချက်ဆုပန်၊ ဖွားဘက်မှန်သေး၊ အာနန်ညီတော်၊ ထေရ်အကျော်သည်။ ပစ္ဆိမေန စ-စနေဂြိုဟ်ပြင်း၊ ရေနတ်မင်းတို့၊ နေခင်းပျော်ရာ၊ နောက်မျက်နှာ၌။ တိဋ္ဌတု-နောက်ကအန္တရာယ်၊ လာတိုင်းပယ်လျက်၊ ဘုန်းကြွယ်တည်တော်မူပါစေသတည်း။ ဝါ-ဗဟုသုတ၊ သိပ္ပပညာ၊ပွားစိမ့်ငှါဖြင့်၊ ကောင်းစွာတည်ပါစေ'လို။

(၄) မောဂ္ဂလာယနော-ပျံတက်မြေလျှိုး၊ ထိန့်ထိန့်ကြိုးလျက်၊ တန်ခိုးပေါ်ထင်၊ ဘက်မမြင်သော၊အရှင်မောဂ္ဂလာန်၊ မထေရ်မွန်သည်။ ဥတ္တရေ-ကုဝေရနတ်၊ ဂြိုဟ်မြတ်ဇီဝ၊ နေထတင့်အပ်၊ မြောက်အရပ်၌။ တိဋ္ဌတု-မြောက်မှလာနိုး၊ ရန်အမျိုးကို၊ တန်ခိုးဘုန်းဝှဲ၊ ရှိတိုင်းလွှဲလျက်၊ အမြဲတည်တော်

မူပါစေသတည်း။ ဝါ–ဘုန်းသစ်နိုး၍၊ တန်ခိုးထင်ပေါ်၊ ပွား ကြောင်းမြော်လျက်၊ ထေရ်ကျော်တည်ပါစေခလို။

(၅) ကောဏ္ဍည–ကိုးကြိမ်ကောက်ဦးစ၊ လှူဘူး ရှေး ဖျား၊ တရားလက်မှန်၊ သိခြင်းလွန်သော၊ အရှင်ကောဏ္ဍည မည်၊ မဟာထေရ်သည်။ ပုဗ္ဗဘာဂသို့–ဝဇီရာဟု၊ ဘဂုဂြိုဟ်မြတ်၊ နေမှတ်ပျော်ရာ၊ အရှေ့မျက်နှာ၌။ တို့ဌတု–ရှေ့ကသိန်းသောင်း၊ ရန်အပေါင်းကို၊ ထောင်းထောင်းခုတ်ဖြတ်၊ မဂ်ဖြင့်သတ်၍၊ ထေရ်မြတ် တည်တော်မူပါစေသတည်း။ ဝါ–လိုရာအမတ၊ ရစေလက်ဦး၊ မေတ္တာစူး၍၊ ထေရ်မူးတည်ပါစေခလို။

(၆) ဂဝမ္ပတိ–ကုဋေပြည့်နှက်၊ စဉ်ဆက်သဌေး၊ သားမြေး မှန်ဘိ၊ တရားရှိသော၊ ဂဝမ္ပတိမည်မှတ်၊ မထေရ်မြတ်သည်။ ဗာယဗေ–ကေတုဂြိုဟ်မြတ်၊ လေနတ်ပြင်းထန်၊ ပျော်ရာ မှန် သော၊ နောက်စွန်မြောက်ယွန်း၊ အထောင့်စွန်း၌။ တို့ဌတု– လေမုန်တိုင်းသို့၊ ခတ်လှိုင်းဘေးရန်၊ အတုန်တန်ကို၊ မှောက်လှန် ပယ်ခွာ၊ ဟန့်ဆီးကာလျက်၊ မြဲစွာတည်တော်မူပါစေသတည်း။ ဝါ–သက်မဲ့သက်ရှိ၊ နက်ဘိဥစ္စာ၊ ပွားကြောင်းရှာလျက်၊ လျှင် စွာ တည်ပါစေခလို။

(၇) ဥပါလိ–ဝိနည်းပိဋကတ်၊ ဆုံးဖြတ်လိမ္မာ၊ သူ့ထက် သာသော၊ မဟာဥပါလိ၊ ထေရ်မုနိသည်။ နေရိတိစေဝ–ရာဟု ဂြိုဟ်နှင့်၊ လူကိုစီးတတ်၊ ရက္ခိုသ်နတ်တို့၊ နေမှတ် မြဲစောင့်၊

နောက်တောင်ထောင့်၌။ တိဌတု–နေရိတိရပ်၊ ဘေးရန်ကပ်လည်း၊ ရှပ်ရှပ်မကြာ၊ဘေးကိုကာ၍၊ ကောင်းစွာ တည်တော်မူပါစေသတည်း။ ဝါ–အဂ္ဂဘိလေးပါး၊မမှားစေရ၊ လမ်းမှန်ပြလျက်၊ စောင့်မတည်ပါစေ ခလို။

(၈) ရေဝတော–လကျာ်နေမှတ်၊ မထေရ်မြတ်၏၊ ညီလတ်ကျွမ်းငင်၊ ဘောရပ်ခင်သော၊ အရှင်ခဒိရ၊ ရေဝတသည်။ အဂ္ဂိနေယဉ္စ–သိဘဂူနှင့်၊ ရှိန်ပူမီးနတ်၊ နေမှတ်ပျော်မွေ၊ ရွှေဘောင်ကွေ့၌။ တိဌတု–မီးသို့ရှိန်ပြင်း၊ ဥပဒ်ချဉ်းလည်း၊ ငုံးမင်းနေရာ၊ တောမီးခွာသို့၊ ကာလျက် တည်တော်မူပါစေသတည်း။ ဝါ–ကမ္ဘာလောင်ကြွေ၊ မီးသို့မွေလည်း၊ ရန်ဝေမထ၊ ရေဝတလျှင်၊ စောင့်ထ တည်ပါစေ ခလို။

(၉) ရာဟုလော–ဘုရားသားတော်၊ ယသော်ရင်သွေး၊ သုဒ္ဓေါ်မြေးဟု၊ နီးဝေးကျော်ထင်၊ အရှင်ရာဟုလာ၊ သိက္ခာကာမ၊ ဓုတင်ရသည်။ သေန္ဒေ–ပရနမေသ္ပရ၊ ဤသာနှင့်၊ ဗုဓဂြိုဟ်မင်း၊ နေခင်းစောင့်ရှောက်၊ အနောက်မြောက်၌။ တိဌတု–ဥပဒ်ဖြင့်မျှ၊ ရှိလှည့်ကြလည်း၊ လ·၏အန္တရာယ်၊ ရှင်းရှင်း ပယ်သို့၊ပျောက်ပြယ်စေငှာ၊ ထေရ်မြတ်လာ၍၊ ကောင်းစွာ တည်တော်မူပါစေသတည်း။ ဝါ–စောင်းမာန်အမျက်၊ သူတို့ထွက်လည်း၊ ငြိမ်သက်လေးမြတ်၊ သားနှယ်မှတ်အောင်၊ မပြတ်တည်ပါစေ ခလို။

တေဗုဒ္ဓါ—ထိုကိုးဆူဘုရား၊ ရှင်တော်များတို့သည်။ မေမယုံ—ရတနာသုံး၊ ပုလဲကုံးသို့၊ စွဲသုံးရှင်ပျော်၊ တပည့်တော်အား။ မင်္ဂလံ—အသက်ရှည်စွာ၊ အနာမဲ့ကြောင်း၊ ကောင်းသောချမ်းသာ၊ မင်္ဂလာကို။ ဒဒန္တု—ကြံတိုင်း တ,တိုင်း၊ ချိန်မဆိုင်းပဲ၊ တူနိုင်းစရာ၊ မရှိကွာအောင်၊ ကောင်းစွာမသွေ၊ ပေးသနားတော်မူကြပါစေကုန်သတည်း။

အဓိပ္ပာယ်အကျဉ်း။ ။အလယ်၌ဘုရား, တောင်အရပ်၌ အရှင်သာရိပုတ္တရာ, အနောက် အရပ်၌ အရှင်အာနန္ဒာ, မြောက်အရပ်၌အရှင်မောဂ္ဂလာန်, အရှေ့အရပ်၌ အရှင်ကောဏ္ဍည, အနောက်မြောက်အရပ်၌ အရှင်ဂဝမ္ပတိ, အနောက်တောင်အရပ်၌ အရှင်ဥပါလိ, အရှေ့တောင်အရပ်၌ အရှင်ရေဝတ, အရှေ့မြောက်အရပ်၌ အရှင်ရာဟုလာ တည်ပါစေ။ ထိုဘုရားကိုးဆူတို့သည် တပည့်တော်အား ကောင်းကျိုး ချမ်းသာ မင်္ဂလာကို ပေးတော်မူပါစေသတည်း။ (အောက်ပါအတိုင်း ဇယားချကြည့်လျှင် ပို၍ အမြင်ရှင်းပါသည်)။

ရာဟုလာ	ကောဏ္ဍည	ရေဝတ
မောဂ္ဂလာန်	ဘုရားရှင်	သာရိပုတ္တရာ
ဂဝမ္ပတိ	အာနန္ဒာ	ဥပါလိ

မှာထားချက်။ ။ ဤဂါထာသည် သဒ္ဒါရေးလည်းကောင်း, အနက်အဓိပ္ပာယ်လည်း ကောင်းလှသည်။ နေ့စဉ်

ရွတ်ဖတ်ပါက နေ့စဉ်ဘုရားကိုးဆူ ကပ်လှူပူဇော်နေရသကဲ့သို့ အကျိုးကြီးမြတ်ပါသည်။ အနက် မကျက်နိုင်သူများပင် ပါဠိကို ရအောင်ကျက်၍ အမြဲရွတ်ဖတ် ပူဇော်သင့်လှပါတော့သည်။ ဥပသေနထေရာပဒါန်တွင် အရှင်ဥပသေန က (မိမိသည် ဘုရား အမှူးထား၍ သံဃာကိုးပါး ဆွမ်းကပ်ခဲ့ဘူးကြောင်း) ပြောပြချက်ပါဝင်သည်။ ဓမ္မပဒတွင် သီရိမာသည် သောတာပန်ဖြစ်ပြီးနောက် နေ့စဉ်နေ့တိုင်း သံဃာ ၈-ပါး ဆွမ်းကပ်ကြောင်းနှင့် အာယုဝဍ္ဎနသတို့သားလေးအတွက် သံ-ဃာတော် ၈-ပါး ပရိတ်တရားရွတ်ဖတ်ရကြောင်း ပါဝင်ပါသည်။ ဤအချက်များကိုထောက်လျှင် ရှေးရှေးက ဘုရားနှင့်တကွ ၉-ပါး၊ ဘုရားမပါလျှင် ၈-ပါးဖြင့် ဆိုင်ရာကိစ္စကို ပြုလုပ်ခြင်း အလေ့ရှိခဲ့ဟန် တူသည်။ ယခုအခါ ယင်းအလေ့ကို ပြန်လည်၍ အသက်သွင်းလိုပါလျှင် ဆွမ်းစား ပင့်သည့်အခါ ဖြစ်စေ, ပရိတ်နာသည့်အခါဖြစ်စေ သံဃာ ၈-ပါး ပင့်သင့်လေသည်။

အောင်သိဒ္ဓိ ဘုရားရှိခိုး

အရဟံ နမော ဗုဒ္ဓါယ၊ သိဒ္ဓိ ဘဂဝါ၊

အရဟံ· အရဟန္တဿ-တထောင့်ငါးရာ၊ ကိလေသာတို့မှ၊ ဝါသနာနှင့်တူ၊ ဝေးတော်မူ၍။ သူမင်းနတ်မင်း၊ ဗြဟ္မာမင်းတို့၊

ဝပ်စင်းတူပျော်၊ အလှူတော်မှန်၊ အပူဇော်ကို ခံထိုက်သောကြောင့် အရဟံ—ဆိုတဲ့ဂုဏ်တော်၊ ကိလေသာမာရ်၊ ကိုယ်တွင်းရန်ကို၊ လေးတန်ဉာဏ်မဂ်၊ စိန်သန်လျက်ဖြင့်၊ တွဲလျက်ဝါသနာ၊ သတ်ပစ်ပါ၍။ သံသရာဘီး၊ အဝိုင်းကြီးကို၊ ဖျက်ဆီးခုတ်ထွင်၊ သုတ်သင်ပြီးဖြစ်သောကြောင့် အရ+ဟံ-ဆိုတဲ့ဂုဏ်တော်၊ လူသူရှေနား၊ မဆိုထားနှင့်၊ တပါးတည်းသာ၊ ဆိတ်ကွယ်ရာ၌ပင်၊ ဘယ်ခါဘယ်ကြောင်း၊ မငွဲစောင်းပဲ၊ မကောင်းအမှု၊ အပေါင်းစုကို၊ မပြုဝေးစေ၊ ရှောင်ကြဉ်၍နေသောကြောင့် အ+ရဟံ—ဆိုတဲ့ဂုဏ်တော်၊ ဤသို့ဖော်ကျူး၊ ဂုဏ်တော်ထူးနှင့်၊ ပကတူးစေ့ကုံ၊ အထူးပြည့်စုံတော်မူသော။ ဗုဒ္ဓါယ-ဗုဒ္ဓသာ— ဒုက္ခ, သမုဒယ၊ နိရောဓနှင့်၊ မဂ္ဂသညာ၊ လေးသစ္စာကို၊ ကောင်းစွာသိပိုင်၊ သိစေနိုင်၍၊ ပြိုင်သူကင်းမြုံ၊ သုံးဘုံမကိုင်၍၊ သုံးတိုက်သရဖူ၊ သုံးလူသင်းကျစ်၊ ဓမ္မရာဇ်မှန်ကူ၊ သယမ္ဘူထွတ်ထား၊ ရှင်တော်မြတ်ဘုရားအား။ နမော-ဂုဏ်တော်ထုံမွှမ်း၊ ပုံတော်မှန်း၍၊ ချီးမွမ်းထောမနာ၊ ပဏာညွှတ်ကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့လိုက်ရခြင်းသည်။ (အတ္တ-သဒ္ဓါ,ပညာ၊ စေတနာတို့၊ ဝေဆာဖြိုးဝေ၊ ဖြစ်ပါစေသတည်း)။

ဘဂဝါ—ဘုန်းတော်ခြောက်စုံ၊ ဘဂဂုဏ်နှင့်၊ ပြည့်စုံတော်မူငြား၊ အို-ရှင်တော်မြတ်ဘုရား။ (ဣမိနာ ပုညကမ္မေန—

ခေတ္တ, အဇ္ဈာသယာ၊ ဤနှစ်ဖြာတို့၊စုံစွာပေါင်းစု၊ ဤပဏာမ ကောင်းမှုကြောင့်။ မမ-အရဟံစကာ၊ ဘဂဝါတွင်ဆုံး၊ ကိုး ဂုဏ်လုံးကို၊ စုရုံးပူဇော်၊ ဘုရားတပည့်တော်၏။) သိဒ္ဓိ-ချမ်း သာအမျိုးမျိုး၊ ကောင်းမျိုးအဖြာဖြာ၊ မင်္ဂလာအခန်းခန်း၊ စန်းလင်္ဂါအထွေထွေ၊ ကျက်သရေအခင်းခင်း၊ ပြည့်စုံအောင်မြင် ခြင်းသည်။ (ဟောတု-ယနေ့စတင်၊ နိဗ္ဗာန်ဝင်အောင်၊ မြဲပင် မသွေ၊ ဖြစ်ထွန်းတည်တံ့၍နေပါစေသတည်း)။

အဓိပ္ပာယ်အကျဉ်း။ ။အရဟံ-ဂုဏ်နှင့် ပြည့်စုံတော်မူ သော မြတ်စွာဘုရားအား ရှိခိုးပါ၏။ (ဤကောင်းမှုကြောင့်) တပည့်တော်အား သိဒ္ဓိအမျိုးမျိုး ဖြစ်ထွန်းပါစေ။

သစ္စာလေးပါး ဘုရားရှိခိုး

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊
ဧဝံ ဝါဒီ မဟာသမဏော။

တထာဂတော-နိဗ္ဗာန်ဝင်သွား၊ ရှေးဘုရားတို့နှင့်၊ မခြား အတူ၊ လာ-ကြွတော်မူပြီး၊ ငါတို့၏အဘ-ဘုရားသည်။ ယေဓမ္မာဟေတုပ္ပဘဝါ၊တေစ-တဏှာရှိက၊ဖြစ်ပေါ်ကြသည့်၊ ဒုက္ခသစ္စာ၊ လောကီယာဟု၊ တဏှာကြွဉ်ထား၊ ခန္ဓာငါးပါး

တရားတို့ကိုလည်း။ အာဟ-သဗ္ဗဉ္ဉာဏ်အား၊ စွမ်းပကား ဖြင့်၊ဟောကြားမြွက်ဖော်၊ထုတ်ပြန်တော်မူခဲ့ပါပေ၏။ တေသံ ဟေတုံ-ဒုက္ခအပေါင်း၊ ဖြစ်ဘို့ကြောင်းတည်း၊ မည်တောင်း သမုဒယာ၊ သစ္စာဟူသား၊ တဏှာတရားကိုလည်း။ အာဟ- သဗ္ဗဉ္ ဉာဏ်အား၊ စွမ်းပကားဖြင့်၊ ဟောကြားမြွက်ဖော်၊ ထုတ်ပြန်တော်မူခဲ့ပါပေ၏။

တေသံ ယော နိရောဓော၊ တစ္ဆ-ဒုက္ခ,သမုဒယ၊ ချုပ် ငြိမ်းကြသည့်၊ ဌာနဟူတိ၊ နိရောဓသစ္စာ၊ ချမ်းသာစံရွား၊ နိဗ္ဗာန်တရားကိုလည်း။ အာဟ-သဗ္ဗဉ္ဉာဏ်အား၊ စွမ်းပကား ဖြင့်၊ ဟောကြားမြွက်ဖော်၊ ထုတ်ပြန်တော်မူခဲ့ပါပေ၏။ (ယော နိရောဓုပါယော၊ တစ္ဆ-နိဗ္ဗာန်နိရောဓ၊ ရောက် ကြောင်းပြသည့်၊ မဂ္ဂသစ္စာ၊ သမ္မာဒိဋ္ဌိ၊ စရှိရှစ်ပါး၊ မဂ္ဂင် တရားကိုလည်း။ အာဟ-သဗ္ဗဉ္ဉာဏ်အား၊ စွမ်းပကားဖြင့်၊ ဟောကြားမြွက်ဖော်၊ ထုတ်ပြန်တော်မူခဲ့ပါပေ၏)။

မဟာသမဏော-လောဘဒေါသ၊မောဟစသွ၊ကိလေသာ ကို၊ ဝါသနာနှင့်တူ၊ ငြိမ်းတော်မူသည့်၊ နတ်လူဗြဟ္မာ၊သတ္တဝါ တို့၏၊ ဆရာတဆူအစစ်၊ ဖြစ်ကြီးဖြစ်သည့်၊ ရှင်ချစ်သနား၊ င တို့၏ အဘ-ဘုရားသည်။ ဝေံဝါဒီ-အကြောင်းရှိက၊ကျိုးဖြစ် ရ၍၊ဒုက္ခမုန်းမှန်၊တဏှာကန်လျက်၊နိဗ္ဗာန်လိုငြား၊မဂ္ဂင်ပွားဟု၊ ဟောကြားထုတ်ဖော်၊ ယူဆတော်မူလေ့ ရှိပါပေသတည်း။

အဓိပ္ပာယ် အကျဉ်း။   ။မြတ်စွာဘုရားသည် ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂ—ဟူသော သစ္စာလေးပါး မြတ်တရားကို ဟောကြားတော်မူ၏။ အကြောင်းရှိက အကျိုးဖြစ်ရသည်-ဟု ယူဆတော်မူ၏။

မှတ်သားချက်။   ။ဤဂါထာသည် ဝိနည်းမဟာဝါပါဠိတော်၌လာ၏။ အရှင်သာရိပုတ္တရာသည် အရှင်အဿဇိထံမှ ဤဂါထာတဝက်ကို ကြားနာရ၍ သောတာပန် ဖြစ်ခဲ့သည်။ အရှင်မဟာမောဂ္ဂလာန်သည် အရှင်သာရိပုတ္တရာထံမှ ဤဂါထာတပုဒ်လုံးကို ကြားနာရ၍ သောတာပန် ဖြစ်ခဲ့သည်။ ဤဂါထာကို အဋ္ဌကထာဆရာက (သစ္စာလေးပါးကိုပြသော ဂါထာ)ဟု မှတ်ချက်ချ၍၊ ဋီကာဆရာကမူ(ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံဟောသော ဂါထာ) ဟု မှတ်ချက်ချလေသည်။

မြောက်ပိုင်း ဗုဒ္ဓဘာသာ မဟာယာနပိဋကတ်၌ကား (ပဋိစ္စသမုပ္ပါဒ်ကို အကျဉ်းချုပ်ပြသော သုတ်ဖြစ်သည်) ဟု ဆို၍ ဤဂါထာကိုရေးကာ စေတီထည်းတွင် ဌာပနာ ထားပါလျှင် အလွန်ပင် အကျိုးကျေးဇူးကြီးသည်-ဟု ညွှန်ကြားထားလေသည်။

အနော်ရထာမင်းစော လက်ထက်၌ကား မင်းနှင့် တကွတိုင်းသူ ပြည်သားအားလုံး ဤဂါထာကို ရွတ်ဖတ်ပူဇော်ကြ၏။ အထူးသဖြင့် မိဖုရားကြီး စောမွန်လှသည် ဤဂါထာကို

မြတ်မြတ်နိုးနိုး ရွတ်ဖတ်လေ့ရှိ၏။ အနော်ရထာမင်းစောကိုယ်တိုင်ပင် အုတ်ခွက်, စဉ့်ခွက် စသည်တို့၌ ဤဂါထာကိုသွင်းထု ထား၏။ ဤဂါထာကို ဟီနယာနခေါ် တောင်ပိုင်း ဗုဒ္ဓဘာသာရော, မဟာယာနခေါ် မြောက်ပိုင်း ဗုဒ္ဓဘာသာပါ လေးမြတ်စွာ လက်ခံ သိမ်းပိုက်ထားကြ၏။ ထို့ကြောင့် ဤဂါထာကို သင်လည်းအမြဲ ရွတ်ဖတ်ပါလေ။ ကောင်းကျိုး အမျိုးမျိုးကို ရနိုင်ပါသည်။

စီးပွားဖြစ် ဂါထာတော်

၁။ ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊
ဟိတာယ သဗ္ဗပါဏိနံ။
ဧတေန သစ္စဝဇ္ဇေန၊
ဟိတံ မေ ဟောတု သဗ္ဗဒါ။

၂။ ဓမ္မော လောကေ သမုပ္ပန္နော၊
ဟိတာယ သဗ္ဗပါဏိနံ။
ဧတေန သစ္စဝဇ္ဇေန၊
ဟိတံ မေ ဟောတု သဗ္ဗဒါ။

၃။ သံဃော လောကေ သမုပ္ပန္နော၊
ဟိတာယ သဗ္ဗပါဏိနံ။
ဧတေန သစ္စဝဇ္ဇေန၊
ဟိတံ မေ ဟောတု သဗ္ဗဒါ။

ဗုဒ္ဓေါ-သစ္စာလေးဆိုင်၊ မြတ်ပန်းခိုင်ကို၊ လှမ်းကိုင်ဆွတ်ခူး၊ အောင်ပွဲမှူးသခင်၊ သဗ္ဗညု ဘုရားရှင်သည်။ (ဓမ္မော-ဗုဒ္ဓဘုရား၊ ထုတ်ပြထားသည့်၊ ကိုးပါးလောကုတ္တရာ၊ ဓမ္မ-က္ခန္ဓာပေါင်း၊ ရှစ်သောင်းလေးထောင်၊ နေလရောင်သည်။ သံဃော-ဘုရား၏အမွေခံ၊ သားစစ်မှန်သည့်၊ မဂ္ဂဋ္ဌာန် လေးယောက်၊ လေးယောက်ဖလဋ္ဌာန်၊ ရှစ်တန်ထင်ပေါ်၊ အရိယာ သံဃာတော်သည်။) သဗ္ဗပါကိုနံ-လူနတ်ဗြဟ္မာ၊ ငါသူ တပါး၊ ယောကျ်ားမိန်းမ၊ စသည်ကျုံးခြုံ၊ လုံးစုံများစွာ၊ သတ္တဝါတို့၏။ ဟိတာဝယ-လောကီ လောကုတ်၊ ဧစုပ်သံသာ၊ နှစ်ဖြာအကျိုး၊ ပွားတိုးရန် အလို့ငှာသာလျှင်။ လောကေ-ကာမရူပ၊ အရူပဟု၊ လောကသုံးခွင်၊ ဘုံအပြင်၌။ သမုပ္ပန္နော-ဥဒည်တောင်စွန်း၊ နေလဝန်းသို့၊ ဖြင်ဝှန်းကျက်သရေ၊ ပွင့်ထွန်းတော်မူခဲ့ပါပေ၏။

ဧတေန သစ္စဝဇ္ဇေန-သဒ္ဓါပိုမို၊ နှုတ်သံချိုဖြင့်၊ ထုတ်ဆိုဖော်ကြား၊ ဤသစ္စာစကားကြောင့်။ သဗ္ဗဒါ-နှစ်လမကွက်၊ နေ့ရက်မခြား၊ နာရီမလစ်၊ မိနစ်မတန့်၊ စက္ကန့်မယိမ်း၊ အခါခပ်သိမ်း။ မေ- မမ-သုံးပါးရတနာ၊ ကိုးကွယ်ရာကို၊ သဒ္ဓါဆပွား၊ တပည့်တော်များ၏။ ဟိတံ-လောကီလောကုတ်။ ပစ္စုပ်သံသာ၊ နှင်ဖြာကောင်းကျိုး၊ အမျိုးမျိုးသည်။ ဟော-

တု–သုံးပါးရတနာ၊ သစ္စာတရား၊ တန်ခိုးအားကြောင့်၊ လျှင်လျှားခိုင်ကြည့်၊ ဖြစ်ခေပါမြဲတည်၍နေပါစေသတည်း။

အဓိပ္ပာယ်အကျဉ်း။ ။ဘုရား တရား သံဃာ(ရတနာသုံးပါး) တို့သည် သတ္တဝါအားလုံးတို့၏ အကျိုးစီးပွားအလို့ငှာ လောက၌ ပွင့်ထွန်း ပေါ်ပေါက်လာကြ၏။ ဤ သစ္စာစကားကြောင့် ကျွန်ုပ်အား အခါခပ်သိမ်း စီးပွားဖြစ်ထွန်းပါစေသတည်း။

မှာထားချက်။ ။ရတနာသုံးပါးနှင့်စပ်၍ ပြုရသောသစ္စာမှန်သမျှ ကောင်းကျိုးပေးသည်ချည်းသာ ဖြစ်၏။ ထို့ကြောင့် ဤသစ္စာစကားသည်လည်း ကောင်းကျိုး ပေးသည်သာတည်း။ ယုံကြည်စွာရွတ်ဖတ်၍ လိုအပ်သောဆုကိုတောင့်တပါလေ။

လိုရာပြီး ဂါထာတော်

ဣစ္ဆန္တော သာသပဂဗ္ဘေ၊
စင်္ကမတိ ဣတော စိတော။
ဣစ္ဆန္တော လောကဓာတုမှိ၊
အတ္တဘာဝေန ဆာဒယိ။
(ဧတေန သစ္စဝဇ္ဇေန၊ ဣစ္ဆိတံ မေ သမိဇ္ဈတု)။

(ဘဂဝါ–ရွှေဘုန်းတော်သခင်၊ ရှင်တော် မြတ်ဘုရားသည်။) ဣစ္ဆန္တော–သေးငယ်လေဟန်၊ ပုံသဏ္ဌာန်သွင်း၊ ဖန်

ဆင်းတော်မူလိုသည်ရှိသော်။ သာသပဂဗ္ဗေ-သေးငယ်သိမ်မွေ့၊ မုံညင်းစေ့အတွင်း၌။ ဣတောစိတော-တုန့်ပြန်ထို၍၊ လှည့်လည်တော်မူလျက်လည်း။ စင်္ကမတိ-ပရိက္ခာရှစ်တန်၊ ကိုယ်လုံးရံ၍၊ စကြံတွားတွား၊ ကြွသွားတော်မူနိုင်၏။ ဣစ္ဆန္တော-ကြီးမားလေဟန်၊ ပုံသဏ္ဌာန်သွင်း၊ ဖန်ဆင်းတော် မူလိုသည်ရှိသော်။ လောကဓာတုမ္ပိ-စကြဝဠာ၊ ကမ္ဘာစဆုံး၊ တခုလုံး၌။ အတ္တဘာဝေန-ကြီးမားမြင့်မော် ရွှေကိုယ်တော်ဖြင့်။ ဆာဒယေ- အကုန်သိမ်းကျုံး၊လွှမ်းဖုံးတော်မူနိုင်၏။

(ဧတေန သစ္စဝဇ္ဇေန-သဒ္ဒါပိုမို၊ နှုတ်သံချိုဖြင့်၊ ထုတ်ဆိုမြွက်ကြား၊ ဤသစ္စာစကားကြောင့်။ မေ-မမ-ဘဂဝါမည်၊ ဂုဏ်တော်အဆီကို၊ ယုံကြည်ကိုးစား၊ တပည့်တော်များ၏။ ဣစ္ဆိတံ- စိတ်မှာကြံလင့်၊ နှုတ်သံဖွင့်၍၊ ကိုယ်ဖြင့်ပြုလတ်၊ တောင့်တအပ်သည့်၊အရပ်ရပ်အဖုံဖုံ၊ဆုမျိုးစုံသည်။ သမိဇ္ဈတု-မှန်းဆရည်မြွှော်၊ အချိန်တော်၌၊ အဟော်အစ္ဆရိ၊ အံ့ဘွယ်ရှိအောင်၊ သိဒ္ဓိဖြိုးဝေ၊ ပြီးစီးပြည့်စုံပါစေသတည်း။

အဓိပ္ပာယ်အကျဉ်း။ ။(ဘုရားရှင်သည်) အလိုရှိလျှင် မုံညင်းစေ့ထဲ၌ ထိုမှဤမှ လမ်းလျှောက်နိုင်၏။ အလိုရှိလျှင် တလောကလုံးကို မိမိ၏ကိုယ်တော်ဖြင့် ဖုံးပစ်နိုင်၏။ (ဤသစ္စာစကားကြောင့် တပည့်တော်၏ တောင့်တတိုင်းသော ဆုများ ပြည့်စုံပါစေသတည်း)။

မှာထားချက်။ ။မြတ်စွာဘုရား၏ ဣဿရိယ ဘုန်းတော်ကို ဖော်ကျူးသော ဂါထာတော်ဖြစ်သည်။ ဒွါရဆရာတော်ကြီးများ အထူးအလေးထား၍ ရွတ်ဆိုတော်မူလေ့ရှိကြ၏။ မြတ်စွာဘုရားမှာ လိုရာပြီးစီးသကဲ့သို့ မိမိမှာလည်းလိုရာပြီးစီးပါစေ–ဟုပတ္ထနာပြု၍ ရွတ်ဆိုပါလေ။

အချုပ်လွတ် ဂါထာတော်

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပ္ပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ။

ဝီရ–ဇွဲနှင့်လုံ့လ၊ ကြီးမားလှသဖြင့်၊ လောကအပေါ်၊ ရဲရင့်တော်မူပေသော။ ဗုဒ္ဓ–တလောကလုံး၊ တအုံးအုံးနှင့်၊ ညွတ်ရုံးကိုးစား၊ ရှင်တော်မြတ်ဘုရား။ တေ-အားကိုးလာသူ၊ များဗိုလ်လူကို၊ ကြည်ဖြူစေတတ်၊ အရှင်မြတ်အား။ နမော–စိတ်စက်နွမ်းလျှ၊ ဂုဏ်မှန်းဆ၍၊ တမ်းတ ရှိခိုးခြင်းသည်။ အတ္ထု–မလွဲမသွေ၊ ဖြစ်ပါစေဘုရား။ (တံ့–အောင်ပွဲရပြီး၊ ဘုန်းတော်ကြီး၍၊ ဝေးနီးကျော်ကြား၊ အရှင်ဘုရားသည်။) သဗ္ဗဓိ–ပုဂ္ဂိုလ်ဌာန၊ ဓမ္မဥဿုံ၊ အလုံးစုံ၌။ ဝိပ္ပမုတ္တော–အတွယ်အတာ၊ ပယ်ကာလွတ်မြောက်၊ အကြောက်ကင်းပ၊ လွတ်လပ်ရေး ရတော်မူသည်။ အသိ–စင်စစ်မသွေ၊ ဖြစ်ပါပေ၏။

(အဟံ–အရှင့်သားမေ၊ တပည့်တော်ကား။) သမ္ဗာဓ-ပ္ပဋိပန္နော–အကြပ်အတဲ၊ ဒုက္ခထဲသို့၊ ရှောင်လွဲမရ၊ ရောက်နေရသည်။ အသ္မိ- စိတ်အားငယ်စရာ၊ ဖြစ်နေပါ၏။ တဿ မေ-အကြပ်အတဲ၊ ဒုက္ခထဲမှ၊ လွတ်လွဲလိုသော်၊ဘုရားတပည့်တော်၏။ သရဏံ–ကိုးကွယ်လည်းလျောင်း၊ ပုန်းအောင်းမှီခို၊ ကြည်ညိုအားထား၊ ကျွန်းကြီးအလားသည်။ ဘဝ-ဘဝါဟိ-ဒုက္ခသယ်အား၊ ကရုဏာထား၍၊လျင်လျားမြန်စွာ၊ ဖြစ်တော်မူပါ အရှင်ဘုရား။

အဓိပ္ပာယ်အကျဉ်း။ ။လုံ့လကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားအား ရှိခိုးပါ၏။ အရှင်ဘုရားသည် အရာအားလုံး၌ လွတ်မြောက်တော်မူပါ၏။ တပည့်တော်မှာကား အကျဉ်းအကြပ်သို့ ရောက်နေပါသည်။ ထိုတပည့်တော်၏ အားကိုးရာ ဖြစ်တော်မူပါ အရှင်ဘုရား။

မှာထားချက်။ ။သဂါထာဝဂ္ဂ၊ သံယုတ် ပါဠိတော် စာမျက်နှာ ၄၇-၌ လာသော ဂါထာဖြစ်သည်။ အကြောင်းမသင့်၍ အချုပ်အနှောင်ခံရသောအခါမျိုး, အကြပ်အတည်းတွေ့ရသော အခါမျိုးတွင် ရွတ်ဖတ်လျှင် ထိုအချုပ်အနှောင် အကြပ်အတည်းတို့မှ လျင်မြန်စွာလွတ်မြောက်ရသည်။အချုပ်အနှောင်မခံရမီ အချုပ်အနှောင်ဘေးမှ လွတ်အောင်ကြိုတင် ရွတ်ဖတ်လိုပါမူကား ပရိတ်ကြီးပါဠိတော်၌ပါသော အောက်

ပါ မောရသုတ်ကိုရွတ်ပါ။ အောက်ပါမောရသုတ်တွင်(က) အမှတ်ပြ ၂-ဂါထာကို နံနက်အိပ်ရာထတွင် ရွတ်ဖတ်၍၊ (ခ) အမှတ်ပြ ၂-ဂါထာကို ညဉ့်အိပ်ရာဝင်တွင် ရွတ်ဖတ်ရန် ဖြစ် ပါသည်။

(က) ၁။ ဥဒေတယံ စက္ခုမ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံတံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ။
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။

၂။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော တေစ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါန နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာန နမော ဝိမုတ္တိယာ။

(ခ) ၁။ အပေတယံ စက္ခုမ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံတံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ။
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ရတ္တိံ။

၂။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါန နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာန နမောဝိမုတ္တိယာ။

အစိပ္ပာယ် အကျဉ်း။　။(က) ၁။ မျက်စိ အမြင်ကို ပေးတတ်သော၊တပါးတည်းသော မင်းဖြစ်သော၊ဝါသွေးသည့် အဆင်းရှိသော၊ မြေအပြင်ကို ထွန်းလင်းစေသော ဤနေမင်း ကြီး ထွက်ပေါ်လာပြီ။ ထိုနေမင်းကို ရှိခိုးပါ၏။ သင်၏ စောင့်ရှောက်မှုကို ခံယူ၍ နေ့အခါ ချမ်းသာစွာ နေရပါလို ကုန်၏။

(က) ၂။ ဘုရားရှင်တို့သည် တရားအားလုံးကို သိတော် မူကြ၏။ ထိုဘုရားရှင်တို့အား တပည့်တော် ရှိခိုးပါ၏။ ထို ဘုရားရှင်တို့သည် တပည့်တော်ကို စောင့်ရှောက်ကြပါစေ။ ဘုရားရှင်တို့အား ရှိခိုးပါ၏။ ဘုရားရှင်တို့၏ မဂ်ဉာဏ် ဖိုလ် ဉာဏ် ဝိမုတ္တိငါးတန်တို့အား ရှိခိုးပါ၏။

(ခ) ၁။ မျက်စိအမြင်ကို ။ပ။ ဤနေမင်းကြီး ကွယ် ပျောက်သွားပြီ။ ထိုနေမင်းကို ။ ပ ။ ခံယူ၍ ည အခါ ချမ်းသာစွာ နေရပါလိုကုန်၏။

(ခ) ၂။ (က) ၂-ဂါထာနှင့် လုံးဝတူပြီ။

မှာထားချက်။　။ဘုရားအလောင်း ဥဒေါင်းမင်းသည် အထက်ပါ ပရိတ်တော်ကို ရွတ်ဖတ်တော်မူသဖြင့် မုဆိုးက မည်မျှ ကြာအောင် ဖမ်းသော်လည်း မမိပဲ လွတ်လပ် ချမ်းသာစွာ နေထိုင်ခဲ့ရလေသည်။ ထို့ကြောင့် မိမိတို့လည်း

မတရားသဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်း စသည်မှ လွတ်မြောက်လိုပါက အထက်ပါ ပရိတ်တော်ကို ယုံယုံကြည်ကြည် မှန်မှန်ကန်ကန် ရွတ်ဖတ်ကြပါလေ။

ကိုယ်ဝန်ဆောင် ဂါထာတော်

ယတောဟံ ဘဂိနိ အရိယာယ
ဇာတိယာ ဇာတော။
နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ
ဇီဝိတာ ဝေါရောပေတာ။
တေန သစ္စေန သောတ္ထိ တေ
ဟောတု သောတ္ထိ ဂဗ္ဘဿ။

အဓိပ္ပာယ်အကျဉ်း။ ။နှမ၊ ငါသည် အရိယာ ဖြစ်ပြီးသော အခါမှစ၍ သေစေလိုသော စေတနာဖြင့် သတ္တဝါကို မသတ်ခဲ့ဘူးပါ။ ဤသစ္စာစကားကြောင့် သင်ရော ကလေးပါ ချမ်းသာပါစေ။

မှာထားချက်။ ။ပရိတ်ကြီးပါဠိ၌ လာသော အင်္ဂုလိမာလသုတ်လာ အရှင်အင်္ဂုလိမာလ၏ သစ္စာပြုချက်ဖြစ်သည်။ ပရိတ်တော်ကို ကိုယ်တိုင် ရွတ်ဖတ်သူကို မဆိုထားနှင့် ဤပရိတ်ကို ရွတ်ဖတ်သူ ထိုင်သွားသော ထိုင်ခုံကို ဆေးကြောသော ရေသည်ပင် ဘေးရန် အားလုံးကို နှိမ်နင်းနိုင်သည်-ဟု

အမှန်းတွင် ဆိုထားသည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်တိုင်းသည် ကိုယ်ဝန် ရင့်မာလာသောအခါမှစ၍ နံနက် အိပ်ယာထတွင် သောက်ရေကို ဤ ပရိတ်တော်ဖြင့် မန်းမှုတ်၍ သောက်သော အလေ့အကျင့်ကို မွေးမြူသင့်လှပါသည်။ ဤကဲ့သို့ ယုံကြည်စွာ လိုက်နာ၍ ခေတ်ပေါ် ဆေးပညာ၏ ကုသမှုကိုလည်း ခံယူပါလျှင် မခွဲမစိတ်ရပဲ အခက်အခဲလည်း မရှိပဲ မွေးဖွားနိုင်မည်မှာ ဧကန်ပင် ဖြစ်ပါသည်။

ဣစ္ဆာသယ ဂါထာတော်

အဂ္ဂေါ ဗုဒ္ဓေါ အဂ္ဂေါ ဓမ္မော၊
အဂ္ဂေါ သံဃော အနုတ္တရော။
အဂ္ဂေါ မေ ဝိပါကော ဟောတု၊
ယံ ယံ ဣစ္ဆံ သမိဇ္ဈတု။

(လောကေ-ကာမရူပ၊ အရူပဟု၊ လောကသုံးခွင်၊ ဘုံအပြင်၌။) ဗုဒ္ဓေါ-လေးပါးသစ္စာ၊ ပဋိဒိဋ္ဌာကို၊ ဆရာမကူ၊ သယမ္ဘူဖြင့်၊ ကိုယ်ထူကိုယ်ထ၊ ကိုယ့်လုံ့လဖြင့်၊ သိရပေကြောင်း၊ မြတ်ဘုရားသည်သာ။ အဂ္ဂေါ-အမြတ်ဆုံး အသာဆုံး၊ လုံးဝစင်စစ်၊ဖြစ်ကြီးဖြစ်ပါပေ၏။ ဓမ္မော—ဗုဒ္ဓရှင်တော်၊ ရွှေနှုတ်တော်ဖြင့်၊ ထုတ်ဖော်မြွက်ကြား၊ မြတ်တရားသည်။ အဂ္ဂေါ=

အမြတ်ဆုံး အသာဆုံး၊ လုံးဝစင်စစ်၊ ဖြစ်ကြီးဖြစ်ပါပေ၏။ သံဃော-ဗုဒ္ဓရှင်ချစ်၊ သားစစ်မှန်စွာ၊ အရိယာခေါ်၊ သံဃာတော်သည်။ အဂ္ဂေါ-အမြတ်ဆုံး အသာဆုံး၊ လုံးဝစင်စစ်၊ ဖြစ်ကြီးဖြစ်ပါပေ၏။ (ဧတေန သစ္စဝဇ္ဇေန-သဒ္ဒါပိုမို နှုတ်သံချိုဖြင့်၊ ထုတ်ဆိုမြွက်ကြား၊ ဤသစ္စာစကားကြောင့်။) မေ-ရတနာသုံး၊ အမြတ်ဆုံးကို၊ လုံးလုံးကြည်ညို၊ မှီခိုကိုးစား၊ တပည့်များ၏။ အဂ္ဂေါ-အမြတ်ဆုံးအသာဆုံး၊ အထူးချွန်ဆုံးဖြစ်သော။ ဝိပါကော-ကောင်းကျိုး အထွေထွေ၊ ကျက်သရေမင်္ဂလာ၊ အဖြာဖြာသည်။ ဟောတု-မုချမသွေ၊ ဖြစ်ပါစေသတည်း။ ယံယံ-အကြင်အကြင်၊ လူတွင် တောင့်တား နေဥစ္စာ၊ ပညာရာထူး၊ အထူးထူးကို။ ဣစ္ဆိ-ဣစ္ဆန္တော-စိတ်ကလိုချင်၊ နှုတ်တွင်တောင့်တ၊ ရရှိလိုကြောင်း၊ ဆုပန်တောင်း၏။ (တံတံ-လိုချင်သမျှ၊ တောင့်တမက်မော၊ ထိုထို သဘောသည်။) သမိဇ္ဈတု-ဘုရားလည်း မ၊ နတ်သည်း မ,၍၊ ခဏမသွေ၊ ပြည့်စုံပြီးစီးပါစေသတည်း။

အဓိပ္ပာယ်အကျဉ်း။ ။(လောကဥ္ဇ) ဘုရား တရား သံဃာ (ရတနာသုံးပါး) သာလျှင် အမြတ်ဆုံး ဖြစ်ပေ၏။ (ဤသစ္စာစကားကြောင့်) တပည့်တော်အား အမြတ်ဆုံးသော ကောင်းကျိုးဖြစ်ပါစေ။ လိုရာမှန်သမျှ ပြည့်ဝ ပြည့်စုံပါစေ။

မှာထားချက်။ ။ကျိုးဖြူမင်းဂါထာ–ဟုခေါ်၏။ ဤဂါထာကို ရွတ်နေလျှင် လက်နက်ကင်းသည်–ဟုအဆိုရှိသည်။ လက်နက်ကင်းရုံသာမက လာဘ်သာဘလည်းရှင်သည်။ ကြံသမျှတိုင်းသော အကြံအစည်များလည်း အောင်မြင်ပြီးစီးပါသည်။ အမြဲရွတ်ဖတ်ပါလေ။

ဘုရားငါးဆူ ဂါထာတော်

၁။ ကကုသန္ဓော ကောဏာဂမနော၊
ကဿပေါ ဂေါတမော မုနိ။
မေတ္တေယျော ပဉ္စ ဗုဒ္ဓါ တေ၊
သီသေ မေ သန္တု သဗ္ဗဒါ
၂။ တေသံ အာနုဘာဝေန၊
ယက္ခာ ဒေဝါ မဟိဒ္ဓိကာ။
သဗ္ဗေပိ သုခိတာ ဟောန္တု၊
မမ မိတ္တာ သဟာယကာ။

၁။ ကကုသန္ဓော – ကကုသန်မည်သော၊ ဘုရားရှင်လည်းကောင်း။ ကောဏာဂမနော–ကောဏာဂုံမည်သော၊ ဘုရားရှင်လည်းကောင်း။ ကဿပေါ–ကဿပမည်သော၊ ဘုရားရှင်လည်းကောင်း။ ဂေါတမော မုနိ–ဂေါတမမည်သော၊ ဘုရားရှင်လည်းကောင်း။ မေတ္တေယျော-မေတ္တေယျမည်သော၊ဘုရားရှင်လည်းကောင်း။ (ဣတိ=သရုပ်အရ၊ ထုတ်ပြထားအပ်ကုန်

သော။) တေ ပဉ္စ-ဗုဒ္ဓါ-သံ,ဂုံ,ပ,မ,အ၊ အကျဉ်းပြ၍၊ ဘဒ္ဒ မည်သာ၊ ဤကမ္ဘာ၌၊ သာသနာစိုက်ထူ၊ ထိုဘုရားငါးဆူတို့ သည်။ မေ-မမ-ဘုရားရတနာ၊ ပန်းမာလာကို၊ ကောင်းစွာ ပန်ပြေား၊ တပည့်တော်များ၏။ သိခေသ-ဦးခေါင်းရတနာ၊ မြတ်အင်္ဂါထက်၌။ သဗ္ဗဒါ-နေ့ရောညဥ့်ပါ၊ ဘယ်ခါခါမြတ်၊ တရစပ်သာလျှင်။ သေန္တု-အကုသိုလ်ရှား၊ ကုသိုလ်ပွားဘို့၊ တရားညွှန်ကာ၊ ကိန်းဝပ်တော်မူကြပါစေကုန်သတည်း။

၂။ တေသံ-ထိုဘုရားငါးဆူ မြင့်မြတ်သူတို့၏။ အာနု- ဘာဝေန-တန်ခိုးရှိန်စော်၊ အာနုဘော်တော်ကြောင့်။ မဟိဒ္ဓိ- ကာ-တန်ခိုးကြီးမြတ်၊ အရပ်ရပ်၌ နေကုန်သော။ ယက္ခာ- ဘီလူးဇာတ်ဝင်၊ များဖြင်လှစွာ၊ သတ္တဝါ တို့သည်လည်း ကောင်း။ ဒေဝါ-အာကာသဠ၊ ဘုမ္မဋ္ဌနှင့်၊ ရုက္ခဒေဝါ၊ နတ် ပြဟ္မာတို့သည်လည်းကောင်း။ သဗ္ဗပိ-လူအစထား၊ များ ပြားဖုံဖုံ၊ သတ္တဝါ အလုံးစုံတို့သည်လည်းကောင်း။ သုခိတာ- ကိုယ်စိတ်နှစ်ဖြာ၊ ကျန်းမာချမ်းသာ၊ ဝမ်းသာရွှင်ပြုံးလန်းဖြာ ကြကုန်သည်။ ဟောန္တု-မုချမသွေ၊ ဖြစ်ကြပါစေ ကုန်သ တည်း။ (တေ သတ္တာ-ဘီလူး နတ်ပြဟ္မာ၊ လူမှာအစ၊ ရှိသမျှ များစွာ၊ ထိုသတ္တဝါတို့သည်။)မမ-ဘုရားဂုဏ်ထူး၊ နှုတ်လျှာ မြူး၍၊ ချီးကျူးဖွင့်ထုတ်၊အကျွန်ုပ်၏။ မိတ္တာ-ပစ္စုပ်သံသရာ၊ ကြီးပွားငှါဟု၊ မေတ္တာပေးဝေ၊ ချစ်မိတ်ဆွေတို့သည်လည်း

ကောင်း။ သဟာယကာ-စီးပွားရှာယူ၊ အေးတူပူမျှ၊ ထားဝရ မငြင်း၊ သူငယ်ချင်းတို့သည်လည်းကောင်း။ ဟောဘွား-မယိုင် မလဲ၊ ခိုင်ခိုင်မြဲအောင်၊ မလွဲမသွေ၊ ဖြစ်လာကြပါစေ ကုန် သတည်း။

အစီပွာယ်အကျဉ်း။ ။သံ့ဂုံ့ပ့မ့အ-ဟူသော ငါးဆူ သောဘုရားရှင်တို့သည် ကျွန်ုပ်၏ ဦးခေါင်းထက်၌ အမြဲကိန်း ဝပ်ကြပါစေ။ ထိုဘုရားရှင်တို့၏ တန်ခိုးတော်ကြောင့် သတ္တဝါ အားလုံး ကျန်းမာချမ်းသာ၍ ကျွန်ုပ်၏ မိတ်ဆွေ့သူငယ် ချင်းများ ဖြစ်လာကြပါစေ။

မှာထားချက်။ ။ စာပေပေါင်းကူး ပုန္နိပ်တိုက် ပိုင်ရှင် စာရေးဆရာ ကရမက်အမည်ခံ ဦးတင်မောင်အမြဲ ရွတ်ဖတ် သော ဂါထာတော်ဖြစ်သည်။ "ထိုဂါထာကို အားလပ်ချိန် ရတိုင်း ရွတ်ပါသည်။ ကားမောင်းသွားစဉ်သည်း တလမ်း လုံးရွတ်ပါသည်။ ထိုဂါထာ၏အစွမ်းကြောင့် ကြံစည်သမျှ အောင်မြင်မှုရပါသည်"ဟု ဦးတင်မောင်က မိမိ၏ကိုယ်တွေ့ ကိုပြောပြသည်။ ထို့ကြောင့် ဤဂါထာသည်လည်း အားကိုး ထိုက်သော ဂါထာပင် ဖြစ်ပါသည်။

စမ္မခဏ် ဂါထာတော်

အနိစ္စံ သခ်တံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ
ဝိရာဂဓမ္မံ နိရောဓဓမ္မံ၊ ခမတိ။

(နာမရူပံ—ခန္ဓာငါးပါး၊ နာမ်ရုပ်တရားသည်။) အနိစ္စံ—တစိုးတစိ၊ အမြဲမရှိချေ။ သင်္ခတံ-ကံ,စိတ်,ဥ,ဟာ၊ကြောင်းလေးဖြာတို့၊ ပေါင်းကာ ပြုမှ၊ ဖြစ်ပေါ်ရ၏။ ပဋိစ္စသမုပ္ပန္နံ-ကံ,စိတ်, ဥ,ဟာ၊ ကြောင်းလေးဖြာကို၊ စွဲကာမှီမှ၊ ဖြစ်ပေါ်ရ၏။ ခယဓမ္မံ-ကုန်ခန်းခြင်းသဘောရှိ၏။ ဝယဓမ္မံ-ပျက်စီ ခြင်း သဘောရှိ၏။ ဝိရာဂဓမ္မံ-ပျက်ပြယ်ခြင်း သဘောရှိ၏။ နိရောဓဓမ္မံ—ချုပ်ငြိမ်းခြင်းသဘောရှိ၏။ (တံ-ဆိုခဲ့သမျှသော ဤသဘောသည်၊ အရိယာနံ-တရားမြင်ပြီး၊ အရိယာ အရှင်မြတ်ကြီးတို့အား။) ခမတိ-ခြွင်းချက်မထား၊ ငြင်းကွက်သွားအောင်၊ ထင်ရှားသိသာ၊ နှစ်သက်ရပါပေသတည်း။

အဓိပ္ပာယ်အကျဉ်း။ ။(နာမ်ရုပ်တရား နှစ်ပါးသည်) အမြဲမရှိ၊ အကြောင်းတရားတို့က ပြုလုပ်အပ်၏။ အကြောင်းတရားကို စွဲ၍ဖြစ်၏။ ကုန်ခန်းတတ်၏။ ပျက်စီးတတ်၏။ ပျက်ပြယ်တတ်၏။ ချုပ်ငြိမ်းတတ်၏။ (ဤအချက်ကို အရိယာအားလုံး) နှစ်သက်လက်ခံ၏။

မှာထားချက်။ ။ဤဂါထာသည် ဇလွန်မြို့ ပြည်တော်ပြန် ဘုရားကြီးတွင် ရေးသားထားသော နာမည်ကျော်ဂါထာတော် ဖြစ်သည်။ တက္ကသိုလ်ဘုန်းနိုင်သည် သူ၏စာပေဆုရဝတ္ထုစာအုပ်တအုပ်တွင် သူ၏ဇာတ်လိုက်မင်းသားအား ဤဂါထာကို အမြဲရွတ်ဆို စေလေသည်။ သူကိုယ်တိုင်အမြဲရွတ်၍

လက်တွေ့ ကောင်းကျိုး ရသောကြောင့်သာ ဤကဲ့သို့ ရွတ်ဆို စေခြင်းဖြစ်ဟန်ရှိပါသည်။ နာမ်ရုပ်တရားတို့၏ အမှန်သဘာဝ များကို ထုတ်ဖော် ဖွင့်ပြသော ဂါထာတော် ဖြစ်၍ တရား တော်၏ ဘုန်းခိုးကြောင့် ကောင်းကျိုးရသည်မှာ ယုံမှား သံသယ လုံးဝမရှိပါ။

ရှင်သီဝလိ ဂါထာတော် ၁၂-ပုဒ်

ရှင်သီဝလိ ဂါထာသည် မူဟောင်း ၁-မျိုး၊ မူသစ် ၂-မျိုး အားဖြင့် သုံးမျိုးရှိပါသည်။ ယင်းသုံးမျိုးတွင် မူဟောင်းမှာ အဓိပ္ပာယ်သာ ရ၍ သဒ္ဒါရေး မကောင်းလှသဖြင့် ပညာရှိများ လက်ခံမသုံးစွဲသောကြောင့် ဤနေရာ၌ မထည့်သွင်းတော့ပါ။ မူသစ် ၂-မျိုးကား ၂-မျိုးလုံးပင်ကောင်းပါသည်။ သို့ရာတွင် ပို၍အကျက်ရလွယ်ကူသော တမျိုးကိုသာပြပါမည်။ ထိုသို့ ပြရာ၌ အကျက်ရ လွယ်ကူအောင် ပါဠိသက်သက် အဓိပ္ပာယ် အကျဉ်းသက်သက်ပြပါမည်။ အဓိပ္ပာယ်ကို သိလျှင် နံပါတ် ချင်း တိုက်ဆိုင်ကြည့်ရန် ဖြစ်ပါသည်။

၁။ သီဝလိ နာမ ယော ထေရော၊
ဣဒ္ဓိမာ ဣဒ္ဓိဒါယကော။
တေန သစ္စဝဇ္ဇေန၊
သဒါ ဣဒ္ဓိံ ဒဒါတု မေ။

၂။ သီဝလိ နာမ ယော ထေရော၊
ခေမင္ဂော ခေမဒါယကော။
ဧတေန သစ္စဝဇ္ဇေန၊
သဒါ ခေမံ ဒဒါတု မေ။

၃။ သီဝလိ နာမ ယော ထေရော၊
ဇယန္တော ဇယဒါယကော။
ဧတေန သစ္စဝဇ္ဇေန၊
သဒါ ဇယံ ဒဒါတု မေ။

၄။ သီဝလိ နာမ ယော ထေရော၊
လာဘဂ္ဂေါ လာဘဒါယကော။
ဧတေန သစ္စဝဇ္ဇေန၊
သဒါ လာဘံ ဒဒါတု မေ။

၅။ သီဝလိ နာမ ယော ထေရော၊
တေဇဿီ တေဇဒါယကော။
ဧတေန သစ္စဝဇ္ဇေန၊
သဒါ တေဇံ ဒဒါတု မေ။

၆။ သီဝလိ နာမ ယော ထေရော၊
ဗလဝါ ဗလဒါယကော။
ဧတေန သစ္စဝဇ္ဇေန၊
သဒါ ဗလံ ဒဒါတု မေ။

၇။ သီဝလိ နာမ ယော ထေရော၊
ယသဿီ ယသဒါယကော။
တေန သစ္စဝဇ္ဇေန၊
သဒါ ယသံ ဒဒါတု မေ။
၈။ သီဝလိ နာမ ယော ထေရော၊
သိရိမန္တော သိရိဒါယကော။
တေန သစ္စဝဇ္ဇေန၊
သဒါ သိရိံ ဒဒါတု မေ။
၉၊ သီဝလိံ နာမ တံ ထေရံ၊
နမာမိ အဂ္ဂဋ္ဌာနိကံ။
ပုညေန တေန စညေန၊
ဣမမှိ စ ဘဝေ ဘဝေ။
၁၀။ ယေ ယေ ပဿန္တိ တံ ထေရံ၊
တေ တေ ပီဏန္တိ သာဒရံ။
ယေ ယေ ပဿန္တိ မံပျေဝံ၊
တေ တေ ပီဏန္တု သဗ္ဗဒါ။
၁၁။ ဒုမင်္ဂလံ နာသေတွာဝ၊
သုမင်္ဂလံ လဘာဝဟံ။
မာရသေနံ မဒ္ဒိတွာဝ၊
တရေယျံ ပါရမုတ္တမံ။

၁၂။ တထာဝ အာနုဘာဝေန၊
သဒဝါ သမနုဿကာ။
အညမညံ ပိယာယန္တု။
သုခါယန္တု စ သေသကာ။

အဓိပ္ပာယ်အကျဉ်းချုပ်

၁။ သီဝလိထေရ်သည် ကိုယ်တိုင် သိဒ္ဓိပေါက်၍ သူတပါးတို့အား သိဒ္ဓိကို ပေးတတ်၏။ ဤသစ္စာ စကားကြောင့် ကျွန်ုပ်အား အမြဲတမ်း သိဒ္ဓိပေးပါစေ။

၂။ သီဝလိထေရ်သည် ကိုယ်တိုင် ဘေးရန်ကင်း၍ သူတပါးတို့အား ဘေးရန်ကင်းမှုကို ပေးတတ်၏။ ဤသစ္စာစကားကြောင့် ကျွန်ုပ်အားအမြဲတမ်း ဘေးရန်ကင်းမှုကို ပေးပါစေ။

၃။ သီဝလိထေရ်သည် ကိုယ်တိုင်အောင်မြင်၍ သူတပါးတို့အား အောင်မြင်မှုကို ပေးတတ်၏။ ဤသစ္စာစကားကြောင့် ကျွန်ုပ်အား အမြဲတမ်း အောင်မြင်မှု ပေးပါစေ။

၄။ သီဝလိထေရ်သည် ကိုယ်တိုင် လာဘ်လာဘ ပေါများ၍ သူတပါးတို့အား လာဘ်လာဘကို ပေးတတ်၏။

ဤသစ္စာစကားကြောင့် ကျွန်ုပ်အား အမြဲတမ်း လာဘ်လာဘ ပေးပါစေ။

၅။ သီဝလိထေရ်သည် ကိုယ်တိုင်တန်ခိုးကြီး၍ သူတပါး တို့အား တန်ခိုးကို ပေးတတ်၏။ ဤသစ္စာ စကားကြောင့် ကျွန်ုပ်အား တန်ခိုးကိုပေးပါစေ။

၆။ သီဝလိထေရ်သည် ကိုယ်တိုင်အင်အားရှိ၍ သူတပါး တို့အား အင်အားကို ပေးတတ်၏။ ဤသစ္စာ စကားကြောင့် ကျွန်ုပ်အား အမြဲတမ်း အင်အားကို ပေးပါစေ။

၇။ သီဝလိထေရ်သည် ကိုယ်တိုင် အခြေအရံ အကျော် အစောရှိ၍ သူတပါးတို့အား အခြေအရံ အကျော်အစောကို ပေးတတ်၏။ ဤသစ္စာစကားကြောင့် ကျွန်ုပ်အား အမြဲတမ်း အခြေအရံ အကျော်အစောကို ပေးပါစေ။

၈။ သီဝလိထေရ်သည် ကိုယ်တိုင် ကျက်သရေရှိ၍ သူတ ပါးတို့အား ကျက်သရေကို ပေးတတ်၏။ ဤသစ္စာစကား ကြောင့် ကျွန်ုပ်အား အမြဲတမ်း ကျက်သရေကို ပေးပါစေ။

၉။ အမြတ်ဆုံး ရာထူးကို ရထားသော ထိုရှင်သီဝလိ မထေရ်ကို ရှိခိုးပါ၏။ ဤကောင်းမှုကြောင့် လည်းကောင်း,

အခြားသော ကောင်းမှုကြောင့် လည်းကောင်း, ဤဘဝ၌ လည်းကောင်း, နောက်နောက်ဘဝ၌ လည်းကောင်း။

၁၀။ ထိုမထေရ်ကို ဖူးမြင်ရသူတိုင်း ထိုမထေရ်ကို ကြည်ညို ကြသကဲ့သို့ ကျွန်ုပ်ကို မြင်သူတိုင်း ကျွန်ုပ်ကို ချစ်ခင်ကြပါစေ။

၁၁။ ကျွန်ုပ်သည် အမင်္ဂလာကို ဖျက်ဆီး၍ မင်္ဂလာကိုသာ ရနိုင်ရပါလို၏။ မာရ်စစ်သည်ကို နှိမ်နင်း၍ နိဗ္ဗာန်အရောက် ကူးမြောက်နိုင်ရပါလို၏။

၁၂။ ထိုမထေရ်၏ အစွမ်းအာနုဘော်ကြောင့်ပင် လူ, နတ်, ပြဟ္မာ သတ္တဝါအားလုံး အချင်းချင်း ချစ်ခင် ကြပါစေ။ အချင်းချင်း ချမ်းသာအောင် ဆောင်ရွက်ကြပါစေ။

မှတ်ချက်။ ။ဤ ရှင်သီဝလိ ၁၂-ဂါထာကို အမြဲ ရွတ်ဖတ်လျှင် အန္တရာယ်ကင်းပါသည်။ မျက်နှာပွင့်ပါသည်။ လာဘ်ရွှင်ပါသည်။ စျေးရောင်းကောင်းပါသည်။ ၁၂-ဂါထာ လုံးကို မကျက်နိုင် မရွတ်နိုင်သည့်တိုင်အောင် လာဘ်လာဘ နှင့် တိုက်ရိုက် သက်ဆိုင်သော ၄-နံပါတ် ဂါထာကိုမူ ကေန် ကျက်မှတ် ရွတ်ဖတ်သင့်ပါသည်။ စီးပွားရှာရတာ အဆင်ပြေ လှပါသည်။ ထို့ကြောင့် ယင်းဂါထာအတွက် အနက်အကျယ် ကို ရေးသားထည့်သွင်း လိုက်ပါသည်။

သီဝလိ နာမ ယော ထေရော၊
လာဘဂ္ဂေါ လာဘဒါယကော။
ဧတေန သစ္စဝဇ္ဇေန၊
သဒါ လာဘံ ဒဒါတု မေ။

သီဝလိ နာမ ယော ထေရော-လာဘ်ပေါများရှာ၊ မယှဉ်သာဟု၊ မြတ်စွာမိန့်ချက်၊ တေဒဂ်ကို၊ မပျက်ဆုံးတိုင်၊ သက်လုံးပိုင်သည့်၊ ဘုန်းလှိုင်ကျော်ဘိ၊ သီဝလိမည်ခေါ်၊ အကြောင်မထေရ်ကျော်သည်။ လာဘဂ္ဂေါ-ကိုယ်တော်တိုင်က၊ လာဘ်လာဘ၌၊ မရပိုင်သူ၊ အမြတ်ဆုံး အသာဆုံး ဖြစ်တော်မူ၍။ လာဘဒါယကော-ကိုးကွယ်ကြသူ၊ များဗိုလ်လူကို၊ ကိုယ်တူလာဘ၊ များများရအောင်၊ စောင်မကြည်ဖြူ၊ ကယ်ယူတော်မူတတ်ပါပေ၏။ ဧတေန သစ္စဝဇ္ဇေန-ဤသို့နှုတ်သံ၊ ဖော်ထုတ်ပြန်၍၊ ဟုတ်မှန်စွာ ဆိုရသော ဤသစ္စာ စကားကြောင့်။ (သောထေရော-သီဝလိမည်ခေါ်၊ ထို မထေရ်ကျော်သည်။) မေ-မယုံ-ယုံကြည်ကိုးကွယ်၊ တကယ်အားထုတ်၊ အကျွန်ုပ်အား။ သဒါ-နေ့ရောညပါ၊ ဘယ်ခါမပြတ်၊ တရစပ်သာလျှင်။ လာဘံ-စီးပွားဥစ္စာ၊ ရတနာရွှေငွေ၊ ဆန်ရေစပါး၊ လာဘ်အများကို။ ဒဒါတု-ကိုယ်နှင့်ထပ်တူ၊ များဗိုလ်လူတို့၊ ကြည်ဖြူလေးစား၊ အရေးထားအောင်၊ ပေးသနားတော်မူပါစေသတည်း။

ရှင်သီဝလိရုပ်တု ကိုးကွယ်နည်း

ရှင်သီဝလိ ရုပ်တုကို ကိုးကွယ်လိုပါလျှင်–

၁။ နေ့သင့် နံသင့် သစ်သား ရှာပါ။

၂။ သစ်သားရလျှင် ပုံတော်ထုပါ။

၃။ ပုံတော်ထုပြီးလျှင် ဂါထာစုတ်ပါ။

၄။ ဂါထာစုတ်ပြီးလျှင် ကိုးကွယ်ပါ။

၁။ သစ်သားရှာရာ၌ ရက်စဉ် နည်းဖြင့်သော် လည်းကောင်း, အင်္ဂဝိဇ္ဇာနည်းဖြင့်သော် လည်းကောင်း ရှာရသည်။ ရက်စဉ်နည်းဖြင့်ရှာသို့သော် ကိုးကွယ်သူ၏ အမြစ်နှင့် အညွန့်နံ သစ်သားကို ရှာရသည်။ အမြစ် အညွန့်နံ-ကို အောက်ပါအတိုင်း ရှာပါ။

တနင်္ဂနွေသား=စနေ+တနင်္လာနံ....ထောက်ကြန့်....စသည်။

တနင်္လာသား=တနင်္ဂနွေ+အင်္ဂါနံ....သြဇာ....စသည်။

အင်္ဂါသား=တနင်္လာ....ဗုဒ္ဓဟူးနံ....ကရဝေး....စသည်။

ဗုဒ္ဓဟူးသား=အင်္ဂါ+ကြာသပတေးနံ....စိန်ပန်း....စသည်။

ကြာသပတေးသား=ဗုဒ္ဓဟူး+သောကြာနံ....ရာသီ-စသည်။

သောကြာသား=ကြာသပတေး+စနေနံ....ပိတောက်- စသည်။

စနေသား=သောကြာ+တနင်္ဂနွေနံ....သစ်အယ်=စသည်။

အင်္ဂဝိဇ္ဇာနည်းဖြင့် ရှာလိုသော် အင်္ဂဝိဇ္ဇာတိုင်တွင် တိုင်ထိပ်မှာ နေသော နံသင့်အသားကို ရှာရသည်။ အင်္ဂဝိဇ္ဇာ ၇-တိုင်ကို အောက်ပါအတိုင်း မှတ်ပါ။

၅	၆	၇	၁	၂	၃	၄
၂	၃	၄	၅	၆	၇	၁
၆	၇	၁	၂	၃	၄	၅
၁	၂	၃	၄	၅	၆	၇
၄	၅	၆	၇	၁	၂	၃
၇	၁	၂	၃	၄	၅	၆
၃	၄	၅	၆	၇	၁	၂

အထက်ပါ အင်္ဂဝိဇ္ဇာတိုင်ကိုကြည့်၍ အောက်ပါအတိုင်း သစ်သားရှာပါ။

တနင်္ဂနွေသား=ကြာသပတေးနံ....ပေါက်-စသည်။
တနင်္လာသား=သောကြာနံ....သီး-စသည်။
အင်္ဂါသား=စနေနံ....ထိန်၊ထန်း၊ဒန်း၊ထနောင်း-စသည်။
ဗုဒ္ဓဟူးသား=တနင်္ဂနွေနံ....အင်၊အုန်း-စသည်။
ကြာသပတေးသား=တနင်္လာနံ....ကျွန်း၊ ကံ့ကော်၊ကုက္ကိုး-စသည်။
သောကြာသား=အင်္ဂါနံ....ညောင်-စသည်။
စနေသား=ဗုဒ္ဓဟူးနံ....လင်းလွန်း၊ရဲယို-စသည်။

၂။ ပုံတော်ထုရာ၌ မြန်မာနည်းအရ မတ်ရပ်ပုံ ဖြစ်စေ၊ သီဟိုဠ်နည်းအရ ထိုင်လျက်ပုံ ဖြစ်စေ ထုလုပ်ပါ။ ထို့ပြင် ရှင်သီဝလိ ပုံတော်ချည်းသက်သက် ဖြစ်စေ၊ တနင်္ဂနွေသား အတွက်ဂဠုန်၏ ဦးကင်းတွင် ရှင်သီဝလိပုံတော်တင်၍-စသည် ဖြင့် ဂြိုဟ်သင့်သတ္တဝါကို အောက်က ခံထား၍ ဖြစ်စေ ထုလုပ်ပါ။

၃။ ဂါထာစုတ်ခါသော အခါန်တွင် ဆွမ်း ရေချမ်း ပန်း ဆီမီး အမွှေးတိုင်(တတ်နိုင်လျှင် ကန်တော့ပွဲ)တို့ကို ပြင်ဆင်၍ ငါးပါးသီလ ခံယူပြီး အထက်ပါ ဂါထာ ၁၂-ပုဒ်ကို ၁၀၈- ခေါက် (မအားတတ်နိုင်လျှင် ၉-ခေါက်)ရွတ်ပါ။ ပြီးလျှင် လိုရာ ဆုတောင်းပါ။ မေတ္တာပို့ အမျှဝေပါ။

၄။ ကိုးကွယ်ရာ၌ နေ့စဉ် ဂါထာ ၁၂-ပုဒ်ကို တခေါက် တခေါက် ရွတ်ပေးပါ။ ဆွမ်း ရေချမ်း-စသည်ကို နေ့စဉ် ဖြစ်စေ၊ တပတ်တခါဖြစ်စေ၊တလတခါဖြစ်စေ ဆက်ကပ်ပါ။ အရောင်းအဝယ်ကိစ္စ-စသည် အရေးတကြီး ကြုံလာသော အခါ ဂါထာရွတ်ကာ ရေ သပ္ပါယ်၍ ရေကို နဖူးမှာ တို့သွားပါ။ သို့မဟုတ် ပန်း-စသည် ဆက်ကပ်၍ ထိုပန်း စသည်ကို သွားရာသို့ ဆောင်ယူသွားပါ။ ကေန်မုချ အောင် မြင်ရမည်။ ရုပ်တုတော်ကို စင်ဖြင့် တင်မထားပဲ သွားလေရာ

ဆောင်သွားလျှင်လည်း ဖြစ်ပါသည်။ သို့သော် ဘုရားစင်မှာ တင်ထားခြင်းလောက် မကောင်းပါ။

အနေကဇာတင် အစီအစဉ်

ဤ အနေကဇာတင် အစီအစဉ်သည် ကောင်းမွန်သည်နှင့် အမျှ အသုံးလည်း များလှသည့်အလျောက် ပြည့်စုံအောင် ရေးသားရသောကြောင့် ရှည်လျားနေပါသည်။ ထို့ကြောင့် ပထမဦးစွာ အစီအစဉ်အကျဉ်းကိုရေးပြီးမှ တခုချင်းအကျယ် ရှင်းလင်းသွားပါမည်။ အစီအစဉ် အကျဉ်းကို အောက်ပါ အတိုင်း မှတ်ပါ။

အစီအစဉ်–၁။ အနေကဇာတင် အမွန်း၊
အစီအစဉ်–၂။ အနေကဇာတိ ၂–ဂါထာ၊
အစီအစဉ်–၃။ ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံ၊
အစီအစဉ်–၄။ ယဒါဟဝေ ၃·ဂါထာ၊
အစီအစဉ်–၅။ ပဋ္ဌာန်း ၂၄–ပစ္စည်းနှင့် ကြွေးကြော်သံ၊
အစီအစဉ်–၆။ အာဝေဏိကဂုဏ်တော် ၁၈·ပါး၊
အစီအစဉ်–၇။ ဂုဏ်တော် ပါဠိ၊
အစီအစဉ်–၈။ ပုဗ္ဗဏှသုတ်။

အစီအစဉ်-၁။ အနေကဇာတင် အမွန်း

သတ္ထာ ဗောဓိရုက္ခမူလေ နိသိန္နော သူရိယေ အနတ္ထင်္ဂတေ ယေဝ မာရဗလံ ဝိဒ္ဓံသေတွာ ပဌမယာမေ ပုဗ္ဗေနိဝါသပဋိစ္ဆာဒကံ တမံ ပဒါလေတွာ မဇ္ဈိမယာမေ ဒိဗ္ဗစက္ခုံ ဝိသောဓေတွာ ပစ္ဆိမယာမေ သတ္တေသု ကာရုညတံ ပဋိစ္စ ပစ္စယာကာရေ ဉာဏံ ဩတာရေတွာ တံ အနုလောမပဋိလောမဝသေန သမ္မသန္တော အရုဏုဂ္ဂမနဝေလာယ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈိတွာ အနေကေဟိ ဗုဒ္ဓသတသဟဿေဟိ အဝိဇဟိတံ ဥဒါနံ ဥဒါနေန္တော ဣမာ ဂါထာ အဘာသိ။ (ဓမ္မပဒ၊ ဒု၊ ၇၀)။

သတ္ထာ=ယောကျ်ားဇာနည်၊ သာကီထွတ်တင်၊ လူတွင်ထွတ်မြတ်၊ ထက်နက်ထွတ်ချာ၊ ဗြဟ္မာဓိပတိ၊ မုနိထွတ်ထား၊ ငါ့တို့သခင်၊ ရှင်တော်မြတ်ဘုရားသည်။ သတ္ထာ—ဇာတိပုည၊ ဂုဏ်မာနဖြင့်၊ သံပဟုန်းစုံး၊ ဘက်မဲ့ကြုံးသား၊ အားသုံးထောင်ထား၊ မျိုးလေးပါး၏၊ တက်ပွားစောင်မာန်၊ လွှားတံခွန်ကို၊ ပြင်းဝှန်မုန်တိုင်း၊ ခတ်ချိုးလှိုင်းသို့၊ ဖြတ်ပိုင်းလှည်းချ၊ တတ်စွမ်းလှသား၊ မိ ဘ နွယ်ပေါင်း၊ သိန်းခြောက်သောင်းလျှင်၊ ငင်းကောင်းစင်ရိုး၊ ကျော်လွှံ့ဟိုးလျက်၊ မြေမိုးရပ်သူ၊ လူခပ်သိမ်းတို့၊ ညွတ်တိမ်းပူဇော်၊ ကျေးဇူးတော်လည်း၊ နှိုင်း

ဖော်တုကျွန်း၊ မြင့်မိုထွန်းသို့၊ ရဟန်းများထွတ်၊ သုံးလူ့နတ်သည်။ ဗောဓိရုက္ခမူလေ=ကမ္ဘာတည်သော်၊ ဦးဆုံးပေါ်၍၊ ပျက်သော်ကားနောက်၊ ဗောဓိပင်အောက်ဌ။ နိုသိန္နော=သွေးသားနှစ်ထွေ၊ ခမ်းခြောက်လေ၍၊ ရိုးရေအကြော၊ ကြွင်းစေသောဟု၊ မနောကြံရွယ်၊ လုံ့လထယ်လျက်၊ ထက်ဝယ်ဖွဲ့ခွေ၊ ထိုင်နေတော်မူလျက်=

သူရိယေ-ကမ္ဘာ့ဘန်ဆာ၊ လ,စန်းသာထက်၊ လျှမ်းဝါထိန်ဝင်း၊ သူရိန်မင်းသည်။ အနတ္ထင်္ဂတေယေဝ-ဂေါယာခေါ်ညွှန်း၊ အခနောက်ကျွန်းသို့၊ မယွန်းသေးမီ၊ နေရီရီအချိန်ကပင်လျှင်။ မာရဗလံ-ဂိရိမေခလာ၊ ဆင်မဟာကို၊လျင်စွာတက်စီး၊ ပလ္လင်နီးဝယ်၊ လေကြီးမိုးကြီး၊ပြာပူမီးနှင့်၊ မှောင်ကြီးတတန်၊ ခေါးလုံ့ခြင်း၊ ပစ်ခတ်ခွင်းလျက်၊ အချင်းသိဒ္ဓတ်၊ ပလ္လင်မြတ်မှု၊ အမြန်ထလော့၊ စိမ်းမြညိုလွင်၊ ဗောဓိပင်နှင့်၊ ပလ္လင်တော်ကား၊ ထင်အရှားပင်၊ သင်ကားမဆိုင်၊ ငါသာပိုင်ဟု၊ စွဲကိုင်လက်နက်၊ ရဲစစ်မက်ဖြင့်၊ အောက်ဃက်ဝန်းရံ၊ သောသောညံအောင်၊ အသံဟစ်ကြွေး၊ မယဉ်ကျေးသည့်၊ရန်ဘေးတသင်း။ မာရ်နတ်မင်းနှင့်၊ ချင်း၏နောက်ပါ၊ စစ်သည်တော်တပ်မဟာကို။ ဝိဒ္ဓံသေတွာ-ပါရမီစက်ဟုန်၊ လက်နက်စုံဖြင့်၊ ချက်ကုန်မယွင်း၊ တက်စုံသွင်းလျက်၊ အပြင်းအထန်၊ မကြွင်းကျန်အောင်၊ နှင်းကန်ဖျက်ဆီး၊ အောင်မြင်တော်မူပြီး၍....

ပထမယာမေ-ခြောက်နာရီက၊ ဆယ်နာရီ ကျအောင်၊ ပထမယာမ်နှိုင်း၊ ညဦးပိုင်း၌။ ပုဗ္ဗေနိဝါသပဋိစ္ဆာဒကံ-ရှေးရှေးဘဝါ၊ ခံစံလာသည့်၊ ခန္ဓာငါးပါး၊ ဖုံးပိတ်၍ထားတတ်သော။ တမံ-လကွယ်, သန်းခေါင်၊ မိုးမှောင်, တောနက်၊ လေးချက်အင်စု၊ အမှောင်ထုထက်၊ ကဲမှုရာထောင်၊ အဝိဇ္ဇာမှောင်ကို။ ပဒါလေတွာ-နေမင်း၏နောင်၊ ဝိဇ္ဇာရောင်ဖြင့်၊ ခေါင်းထောင်မရဲ၊ ဖောက်ခွဲဖျက်ဆီးတော်မူပြီး၍....

မဇ္ဈိမယာမေ-ဆယ်နာရီက၊ နှစ်နာရီကျအောင်၊ မဇ္ဈိမယာမ်နှိုင်း၊ ညလယ်ပိုင်း၌။ ဒိဗ္ဗစက္ခုံ-နတ်တို့မျက်လုံး၊ ပမာထုံးသို့၊ ဝေး,ဖုံး,သေးငယ်၊ ဆင်းနိကာယ်ကို၊ အလွယ်နှင့်မြင်၊ ဒိဗ္ဗစက္ခု အဘိညာဉ်ကို။ ဝိသောဓေတွာ- ညစ်ကြေးမတင်၊ သန့်ရှင်းစင်အောင်၊ သုတ်သင်ရှင်းလင်းတော်မူပြီး၍....

ပစ္ဆိမယာမေ-နှစ်နာရီက၊ ခြောက်နာရီကျအောင်၊ ပစ္ဆိမယာမ်နှိုင်း၊ ညနောက်ပိုင်း၌။ သတ္တေသု-သံသရာ ထောင်တွင်း၊ မှောင်အကျဉ်း၌၊ နှောင်သွင်းခံကာ၊ ဆင်းရဲရှာသဖြင့်၊ တစာစာဟစ်အော်၊ သတ္တဝါတို့အပေါ်၌။ ကာရုညတံ-ကြီးကျယ်မြင့်မြတ်၊ ပူဇော်အပ်၍၊ သတ္တဝါခပင်း၊ ဆင်းရဲခြင်းခြင်းကို၊ ပယ်ရှင်းဖျောက်ခွါ၊ အသာဓာရဏ မဟာကရုဏာတော်ကို။ ပဋိစ္စ-မပြောင်းမနု၊ အကြောင်းပြု၍။ ပစ္စယာ-ကာရေ-ဉာဏ်ကြောင်းရှိက၊ ဉာဏ်ကျိုးရဟု၊ သဘာဝဓာတ်ဖော်၊

ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်၌။ ဉာဏ်-တပါးသူထံ၊ နည်းမခံပဲ၊ ကုသလ်အစုစု၊ ပြုခဲ့မှုကြောင့်၊ ယခုဖြစ်ပေါ်၊ နက်နဲသော ဉာဏ်တော်ကို။ ဩတာရေတွာ-သမာဓိခြံ၊ သတိ ရံလျက်၊ တဆံမယွင်း၊ ချသွင်းတော်မူပြီး၍....

တံ-ဤကြောင်းရှိက၊ ဤကျိုးရဟု၊ သဘာဝခေါ်ဖော်၊ ထိုပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကို၊အနုလောမပဋ္ဌိလောမဝသေန-အနုလုံပဋ္ဌိလုံ၊ အစုံအဆန်၊ သွားပြန်တုန့်လျှောက်၊ အခေါက်ခေါက်။သမ္မသန္တော-သွေးသားနှစ်ထွေ၊ ခမ်းခြောက်လေ၍၊ ရိုးရေအကြော၊ ကြွင်းစေသောဟု၊ မနောကြံရွယ်၊လုံ့လထယ်လျက်၊အသွယ်သွယ်အထပ်ထပ်၊ သုံးသပ်တော်မူရင်းပင်လျှင်။ အရုဏ ဏုဂ္ဂမနဝေလာယ- နေမင်းရွှေပြေး၊ နီတွေးအရောင်၊ အမှောင်ကိုခွင်း၊ အလင်းကိုဆောင်၊ လူ့ဘောင်သိရိန်၊ အရုဏ်တက်အချိန်၌။ သမ္မာသမ္ဗောဓိံ-ပါရမီအပေါင်း၊ ဆင့်ဆင့်လောင်းသဖြင့်၊ အကောင်းဆုံးဖြစ်ပေါ်၊ သဗ္ဗညုတ ရွှေဉာဏ်တော်ကို။ အဘိသမ္ဗုဇ္ဈိတွာ- ဝေနေယျကျိုး၊ အမျိုးမျိုးကို၊ သယ်ပိုးဆောင်သွင်း၊ လမ်းညွှန်ခြင်းငှာ၊ ထိုးထွင်းသိမြင်၊ ဘုရားရှင်အစစ်၊ ဖြစ်ကြီးဖြစ်တော်မူပြီး၍....

အနေကဟိ ဗုဒ္ဓသတသဟဿေဟိ-ဂင်္ဂါဝါဠု၊သဲစုအတူ၊ ပွင့်တော်မူသည့်၊ သုံးလူထွတ်တင်၊ ပလ္လင်ပိုင်သ၊ ပွင့်သစ်စကြည်လင်၊ များဖြင်ထပ်ကိန်း၊ ဘုရားရှင့် အသိန်းတို့သည်။

အဝိဇ္ဇာဟိတ်=ပြုရိုးစဉ်လာ၊ ဓမ္မတာမှို၊ ဘယ်ခါတစ်၊ စွန့်ပယ်ရိုး မရှိသော။ ဥဒါန်း-ပီတိလှိုင်းတွေ၊ လျှမ်းလျှမ်း ဝေသဖြင့်၊ အောင့်လေသော်လဲ၊ မနိုင်ပဲလျှင်၊ စိတ်ထဲမနေ၊ နှုတ်တော်ချွေ၍၊ မိန့်ပေရငြား၊ ဥဒါန်း စကားကို။ ဥဒါနေန္တော=ဝမ်းမြောက်ကြည်အေး၊ ကိုယ်ရည်သွေးလျက်၊ မြည်ကြွေးထူးဖွင့်၊ ကျူးရင့်တော်မူလိုသည်ဖြစ်၍။ ဣမာ ဂါထာ-ဆန်းဂိုဏ်းဂရု၊ လဟုအညီ၊ စီရသံသာ၊ အနေကဇာတိသံသာရံ-စသော ဤ ဂါထာတို့ကို။ အဘာသိ-သန့်ရှင်း,သာယာ၊ တဖြာသိလွယ်၊ တသွယ်နာစရာ၊ ဗလပ္ပာမကျဲ၊ လုံး, နက်နဲ၍၊ တော်လဲပွဲတင်၊ သံရှစ်အင်ဖြင့်၊ လူတွင်နတ်ပေါ်၊ ဗြဟ္မာကျော်အောင်၊ ထုတ်ဖော်သိစေ၊ ရွတ်ဖတ်တော်မူခဲ့ပါပေသတည်း။

မှာထားချက်။ ။အနေကဇာတင်ကိစ္စအတွက်ဖြစ်ပါက ဤအထိရွတ်ဖတ်ပြီးလျှင် အစီအစဉ် ၂-ကိုဆက်၍ရွတ်ဖတ်ပါ။ ဘုရားရှိခိုးခြင်း ကိစ္စအတွက် ဖြစ်ပါက အောက်ပါအတိုင်း ဆက်လက်ရွတ်ဆိုပါ။

(တံ ဘဂဝန္တံ=မာရ် စစ်သည်အား၊ အောင်နိုင် ထား၍' သုံးပါးဝိဇ္ဇာ၊ ပု, ဒိ, အာနှင့်၊ကောင်းစွာကုံလုံ၊ပြီးပြည့်စုံသည့်၊ ကိုးဂုဏ်သခင်၊ ·ထို ဘုရားရှင်ကို။ အဟံ-ဘုရားဖြစ်ပုံ၊ အရှင့်ဂုဏ်ကို၊ အာရုံရှုမျှော်၊ ဘုရားတပည့်တော်သည်။ ဝန္ဒာမိ-ဂုဏ်တော်ထုံမွမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊

ဃဏာညွတ်ကျိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား)။

အဓိပ္ပာယ် အကျဉ်း။ ။မြတ်စွာ ဘုရားသည် (မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ ညနေချမ်းအချိန်ဝယ်) ဗောဓိပင်အောက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူစဉ် နေမဝင်မီ မာရ်စစ်သည်ကို အောင်နိုင်၍ ပဌမ ယာမ်မှာ ပုဗ္ဗေနိဝါသဉာဏ်တော်ကိုရပြီးလျှင်၊ ဒုတိယယာမ်မှာ ဒိဗ္ဗစက္ခုဉာဏ်တော်ကို ရကာ၊ တတိယယာမ်မှာ သတ္တဝါတို့အပေါ် သနားတော်မူခြင်းကို အစွဲပြုပြီး ပဋိစ္စသမုပ္ပါဒ်တရားမြတ်၌ ဉာဏ်ခတ်ကို သွင်းလျက် ထိုတရားမြတ်ကို အနုလုံ ပဋိလုံ သုံးသပ်တော်မူယင်းပင် အရုဏ် တက်ချိန်၌ ဘုရား ဖြစ်တော်မူကာ ဘုရားမှန်သမျှ စွန့်ပယ်ရိုးမရှိသော ဥဒါန်းတော်ကို ကျူးရင့်တော် မူလိုသောကြောင့် အနေကဇာတိ သံသာရံ စသော ၂-ဂါထာကို ရွတ်ဆိုတော်မူခဲ့လေသည်။ (ထိုဘုရားရှင်ကို တပည့်တော် ရှိခိုးပါ၏)။

မှာထားချက်။ ။ဘုရားရှင်သည် လေး အသင်္ချေနှင့် ကမ္ဘာတသိန်းကြာအောင် ဘုရားဖြစ်ဖို့ ပါရမီဖြည့်တော်မူခဲ့ရရာ ဘုရားဖြစ်တော်မူသောအခါ မိမိ၏အလိုတော် ပြည့်ဝတော်မူသဖြင့် လွန်စွာ ဝမ်းမြောက်တော်မူလှသောကြောင့် ဥဒါန်း ကျူးတော်မူလေသည်။ ထိုအချက်ကို နှလုံးသွင်း

စဉ်းစားပြီး ဘုရားရှင်သည် အလိုတော်ပြည့်သကဲ့သို့ တပည့်တော်သည်လည်း ဘုရားရှင်ကဲ့သို့ အလို၌ နွမ်းနှမ်သမျှ ပြည့်ဝရပါလို၏-ဟု ပတ္ထနာပြု၍ ဝမ်းသာကြည်လင်စွာ ဘုရားရှိခိုးပါလျှင် ဘုရား တန်ခိုးတော်နှင့် ကုသိုလ် စေတနာတန်ခိုးတော်ကြောင့် ဆုတောင်းပြည့်ရမည်သာ ဖြစ်ပါတော့သည်။

အဆိပ်နိုင်သော ပု-ဒိ-အာ

(၁) ဥပုံ=ပု + ဒိ + အာ၊ မဟာဗုဒ္ဓေါ၊ ပစ္စေကဗုဒ္ဓေါ၊ ဓမ္မော လောကုတ္တရော၊အသီတိအဂ္ဂသာဝကမဟာသာဝကော၊ မဟိဒ္ဓိကော မဟာနုဘာဝေါ၊ သဗ္ဗဘယာ မုစ္စန္တု၊ သဗ္ဗသိဒ္ဓိကိစ္စံ။

ဥပုံ-အာ + ဒိ + ပု၊ သွာဟာ။

(၂) ပုဗ္ဗေနိဝါသဉာဏံ၊ ဒိဗ္ဗစက္ခုဉာဏံ၊ အာသဝက္ခယဉာဏံ။

ဧတေသံ အာနုဘာဝေန၊ သဗ္ဗေ ဘယဥပဒ္ဒဝါ။
အသေသတော ဝိနဿန္တု၊သောတ္ထိ မေဟောတု သဗ္ဗဒါ။

၁။ အဓိပ္ပာယ်။ ။သဗ္ဗညုဘုရား၊ပစ္စေကဘုရား၊လောကုတ္တရာတရား၊ ရှစ်ကျိပ်သော အဂ္ဂသာဝက မဟာသာဝကတို့သည် တန်ခိုးအာနုဘော်ကြီးမြတ်ကြပေ၏။ (ထို ရတနာသုံးပါး၏ တန်ခိုးအားနှင့် သစ္စာစကားကြောင့်) ဘေးရန်

ဟူသမျှမှ ကင်းလွတ်ကြပါစေ။ ကိစ္စအဝဝ အောင်မြင်ကြပါစေ။

၂။ အဓိပ္ပာယ်။ ။ပုဗ္ဗေနိဝါသ ဉာဏ်တော်၊ ဒိဗ္ဗစက္ခုဉာဏ်တော်၊ အာသဝက္ခယဉာဏ်တော်။ ဤ ဉာဏ်တော်တို့၏ တန်ခိုးရှိန်စော် အာနုဘော်ကြောင့် ဘေး ဥပဒ္ဒဝေါမှန်သမျှ အကြွင်းမရှိ ကင်းပျောက်ကြပါစေ။ ကျွန်ုပ်မှာ အမြဲတမ်း ချမ်းသာခြင်း ဖြစ်ပါစေ။

ညွှန်ကြားချက်။ ။အထက်ပါ ၂–ပုဒ်လုံးကို ဖြစ်စေ၊ ကြိုက်နှစ်သက်ရာ တပုဒ်ပုဒ်ကိုသာ ဖြစ်စေ ရွတ်ဖတ်ပါ။ပုတီးစိပ်လိုပါက အမှတ်(၁)ကို စိပ်သောအခါ တပုဒ်လုံးကုန်မှ ပုတီးတလုံးသာချ၍ သက်စေ့စိပ်ပါ။ အမှတ်(၂)ကိုစိပ်သောအခါ ပုဗ္ဗေနိဝါသဉာဏံ– ဆိုပြီးလျှင် ပုတီးတလုံးချ။ ဒိဗ္ဗ–စက္ခုဉာဏံ-ဟု ဆိုပြီးလျှင် တလုံးချ၊ အာသဝက္ခယဉာဏံ–ဟု ဆိုပြီးလျှင် တလုံးချပါ။ ဤသို့ စိပ်သွားရာ ၃၆-ကြိမ်ပြည့်လျှင် ၁၀၇-လုံးရှိသော ပုတီးကုံး ကုန်သွားပါလိမ့်မည်။ ထိုအခါ ပေါင်းကူးပုတီးလုံးကြီးကို ကိုင်၍ ဧတေသံ အာနုဘာဝေန–စသည်ကို ၃–ကြိမ် ဆိုလိုက်ပါ။

အထက်ပါ ၂=ပုဒ်ကို ရအောင် မကျက်နိုင်ပါက ပု+ဒိ+အာ၊ ပု+ဒိ+အာ–ဟု အကြိမ်များစွာ ရွတ်ဖတ် သရဇ္ဈာယ်နေပါ။

အကျိုးကား။ ။အမြဲ ရွတ်ဖတ် နေလျှင် မြွေ၊ ကင်း စသော အဆိပ်ရှိသည့် သတ္တဝါများ အနားသို့ မလာမရောက်နိုင်။ လာရောက်သည့်တိုင်အောင် မကိုက်နိုင်။ ကိုက်သည့်တိုင်အောင် အဆိပ်မဖြစ်နိုင်။ အခြားသူများ ကင်းစသည် ကိုက်ခံရလျှင်လည်း အထက်ပါ ၂–ပုဒ်မှ တပုဒ်ပုဒ်ကို ရွတ်ဆိုလျက် လက်ဖြင့်သပ်ချပါက အဆိပ်ပြယ်ရ၏။ အထူး သတိပြုရမည်မှာ အပိုဒ် ၂–ကို သူများအတွက် ရွတ်ဆိုပေးရာ၌ သောတ္တိမေ-အစား သောတ္တိ တေ–ဟု ပြင်၍ဆိုပါ။

ဤ ပု+ဒိ+အာ-ကို ရွတ်ဖတ်သူအား မှက်,ခြင်များလည်း မကိုက်ကြပေ။

အစီအစဉ်–၂။ အနေကဇာတင် ၂–ဂါထာ

၁။ အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

၂။ ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

၁။ ဇာတိ-ဘဏှာသခင်၊အရှင်ထင်လင်း၊ကျွန်းရာသွင်း၍၊ စေခြင်းတမန်၊ အဖန်ဖန်လျှင်၊တသန္ဓေမေ၊ တပေလျဉ်းလျဉ်း၊ တညှဉ်းဆိုးဆိုး၊ တညိုးလျလျ၊ တတလွမ်းလွမ်း၊ တသမ်းဟယ်ဟယ်၊ တတွယ်တာတာ၊ တဟာလှိုက်လှိုက်၊ တရှိုက်

ငင်ငင်၊ တပင်ပန်းပန်း၊ တဝန်းလျားလျား၊ ရဟတ်ချားသို့၊ လှည့်များဘဝ၊ သံသာရတွင်၊ ကေ့စတု၊ ငါးခုခန္ဓာ၊ ပြောင်းကာရွေ့လှည့်၊ ပဋိသန္ဓေ၊ တည်နေရခြင်းသည်။ ပုနပ္ပုနံ-အသန်းမက၊ ဂဏန်းချ၍၊မှန်းဆခြင်းငှာ၊ မတတ်သာအောင်၊ ထပ်ကာဆင့်ကဲ၊ အဖန်တလဲလဲ၊ (ဥပဂန္တုံ-အဝိဇ္ဇာရောက်၊ ဝိဇ္ဇာပျောက်၍၊ ရှုံကြောက်ကင်းကွာ ကပ်ရောက်ခြင်းအကျိုးငှာ။) ဒုက္ခာ–ကမ္ဘာ့ရောဂါ၊ မရှောင်သာသည့်၊ အို နာ သေရေး၊ သောကဘေးတို့နှင့်၊ ရောယှေးအစဉ်၊ အမြဲယှဉ်သဖြင့်၊ ဖဲ့ကြဉ်သုခ၊ ဆင်းရဲလှချ၏။

(တသ္မိံ အဒိဋ္ဌေ–တဏှာ ယောကျ်ား၊ လက်သမားကို၊ မျက်ဝါးထင်ထင်၊ ဉာဏ်ဖြင့် မမြင်ရသေးသည်ရှိသော်။ သာဇာတိ–ကမ္ဘာ့ရောဂါ၊ မရှောင်သာသည့်၊ အို့, နာ, သေရေး၊ သောကဘေးတို့နှင့်၊ ရောထွေးအစဉ်၊ အမြဲယှဉ်သဖြင့်၊ ဖဲ့ကြဉ်သုခ၊ ဆင်းရဲလှသည့်၊ ဒုက္ခအမိ၊ ထိုဇာတိသည်၊ န နိဝတ္တတိ–လက်နက်ပြကာ၊ ထားအာဏာဖြင့်၊ တားပါသော်ငြား၊ နောက်ဆုတ်၍ သွားလိမ့်မည်မဟုတ်။ တသ္မာ - ထပ်ပြန်တလဲလဲ၊ သန္ဓေစွဲကာ၊ သေပွဲဝင်ကာ၊ ဆင်းရဲစွာသည့်၊ တဏှာယောကျ်ား၊ လက်သမားကို၊ မျက်ဝါးထင်ထင်၊ မတွေ့မြင်သော်၊ ထိုလျှင် ဇာတိ၊ နောက်ဆုတ်ရိုး မရှိလေသောကြောင့်)။

ဂဟာကာရံ-လူ,နတ်, ဗြဟ္မာ၊ပါယ်လေးဖြာဟု၊ခန္ဓာအိမ်ကို၊
အကြိမ်ကြိမ် အခါခါ၊ တည်ဆောက်လာသည့်၊ တဏှာ
ယောကျ်ား၊ လက်သမားကို။ ဂဝေသန္တော-အရိုးကြေကြေ၊
အရေစုတ်စုတ်၊ နောက်မဆုတ်ပဲ၊ အားထုတ်လုံ့လ၊ ဉာဏ-
ဟုဖြင့်၊မရမနေ၊ ရှာဖွေလာသား၊ ငါဘုရားသည်။ အနိဗ္ဗိသံ-
တဏှာမြင်ရန်၊ သဗ္ဗညုဉာဏ်ကို၊ ကေန်ပိုင်ပိုင်၊ မရနိုင်သေးသည်
ဖြစ်၍။ (တွေ့ကာ ကာလံ-သချေ်လေးဖြာ၊ သိန်းကမ္ဘာဟု၊
ရှည်ကြာသမယ၊ ဤမျှသော ကာလပတ်လုံး။) အနေကာ-
ဇာတိသံသာရံ-အသိန်းမက၊ ဘဝများစွာ၊ သံသရာစက်ဝိုင်း
ကို။ သန္ဓာဝိဿံ-ဆုံဝယ်တပ်နွား၊ ရဟတ်ချားသို့၊ ရပ်နား
မနေ၊ ပြေးသွားကျင်လည်ခဲ့ရလေပြီ။

၂။ ဂဟာကာရက-လူ, နတ်, ဗြဟ္မာ၊ ပါယ်လေးဖြာဟု၊
ခန္ဓာအိမ်ကို၊ အကြိမ်ကြိမ် အခါခါ၊ တည်ဆောက်လာ
သည့်၊ တဏှာယောကျ်ား၊ ဟဲ့-လက်သမား။ ဒိဋ္ဌောသိ-
သဗ္ဗညုဉာဏ်ရ၊ ငါဗုဒ္ဓသည်၊ မုချထင်ထင်၊ ယုတ်စွသင်ကို။
ခုပင်ပီသ၊ တွေ့မြင်ရပေပြီ။ ပုန-အဆောက်မရပ်၊ နောက်ထပ်
တဖန်၊ ပြန်လှန်ကွန့်လျက်၊ လွန့်တက် တော်လှန်ကာ။ ဂေဟံ-
မြေ, ရေ, လေ, မီး,၊ ဘုတ်ကြီးလေးခု၊ တိုင်ခြေပြု၍၊ သွေးစု
သားစု၊ ရိုးစုတပ်ဆင်၊ ဒိုင်းမြှားတင်လျက်၊ကိုယ်တွင်ဖြစ်လာ၊
ဒွတ္တိံသာကို၊ ချည်ကာယှက်လိမ်၊ ခန္ဓာအိမ်ကို။ န ကာဟာသိ-

နည်းစုံစီမံ နည်းစုံကြံလည်း၊ ဉာဏ်နီနက်ထုတ်၊ ဆက်လုပ်နိုင်တော့မည် မဟုတ်ချေ။

တေ-တဝ-ကံအဝိဇ္ဇာ၊ အဇဖော်ပါက၊ ငါးဖြာခန္ဓာ၊ အတ္တဘောကို၊ လတ်တလေတည်လာ၊ သင်တဏှာ၏။ သဗ္ဗာ-တခုမကြွင်း၊ တစုချင်းဖြင့်၊ ခပင်းဥဿုံ၊ အလုံးစုံကုန်သော။ ဖာသုကာ-အိမ်ကြီးဆောက်ရာ၊ သစ်တန်ဆာသို့၊ ခန္ဓာ ဖွဲ့စဉ်၊ အသုံးဝင်သည့်၊ အခြင်ပမာ၊ ကြွင်းကျန်သော ကိလေသာတို့ကို။ ဘဂ္ဂါ-အရဟတ္တမဂ်သည်၊ စီပတ္တမြား၊ လက်သုံးတော်ယိမ်းနှဲ့ပါးဖြင့်၊ စိမ်းကာမငဲ့၊ ဆွဲချမ်းနှဲ့၍၊ခုတ်ဖွဲ့ဖြတ်ချိုးအပ်ကုန်ပြီ။ ဂဟကူဋံ-သင်ဆောက်အပ်သော၊ ခန္ဓာအိမ်အတ္တဘော၏၊မြတ်သောတမွတ်၊ ဘုံအထွတ်နှင့်၊မချွတ်တူစွာ၊ အဝိဇ္ဇာကို။ ဝိသင်္ခတံ-တမုဟုတ်မျှ၊ အလုပ် မရအောင်၊ ဖြုတ်ချဖျက်ဆီး အပ်ပေပြီ။

စိတ္တံ-သစ္စာမြင်ထား၊ ငါဘုရား၏၊ အမှားမယှဉ်၊ စိတ်အစဉ်သည်။ ဝိသင်္ခါရဂတံ-သင်္ခါရကင်းမြဲ၊ နိဗ္ဗာန်ဘုံသို့။ အာရုံပြုထောက်၊ အစဉ်လျှောက်၍၊ ဝင်ရောက်ခဲ့လေပြီ။ တဏှာနံ=စာပေါင်းသိုက်တသွေး၊ ချည်ခင်ထွေးတမူ၊ သပွတ်အူပမာ၊ ရှုပ်ထွေးစွာသော သင်တဏှာတို့၏။ ခယံ-ကုန်ရာကုန်ကြောင်း၊ဂုဏ်ဆင့်လောင်းသည့်၊အကြောင်းဆုံး ဆုခေါ်၊

အရဟတ္တဖိုလ်တရားတော်ကို။ အဇ္ဈဂါ-ပါရမီဆယ်တန်၊ ပို့ဆောင်ဖန်သဖြင့်၊ ငြင်းဆံမနေ၊ စိုးပိုင်ရရှိတော်မူခဲ့လေပြီတကား။

မှာထားချက်။ ။အဝိပ္ပာယ်အကျဉ်းနှင့်မှာထားချက်ကို စာမျက်နှာ ၂-မှာ ပြခဲ့ပြီ။ ဤ ၂-ဂါထာသည် မြတ်စွာဘုရား ဘုရားဖြစ်ပြီးလျှင် ပြီးချင်း ကျူးရင့် မြွက်ဆိုသော စကားတော်များဖြစ်၍"ပထမဗုဒ္ဓဝစန-ပထမဆုံးသော ဘုရားစကားတော်"ဟု ဆိုရသည်။ ဘုရားရှင်ကိုယ်တော်တိုင် ဝမ်းမြောက်ဝမ်းသာရွတ်ဆိုတော်မူသွားသော စကားတော်များကို ကျွန်ုပ်တို့လည်း အမြဲတမ်းရွတ်ဖတ်သင့်လှပါတော့သည်။ ထို့ကြောင့် နေ့စဉ် နေ့စဉ် ရွတ်ဆိုပါလေ။

အစီအစဉ်-၃။ ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံ

အနုလုံ။ ။အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ပဋိလုံ။ ။အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊

ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏံ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

အနုလုံအနက်။ ။အဝိဇ္ဇာပစ္စယာ- သစ္စာ လေးတန်၊ ပုဗ္ဗန္တ,အပရန္တ၊ ထိုနှစ်ဝနှင့်၊ ပဋိစ္စသမုပ္ပါဒ်၊ ဤရှစ်ရပ်ကို၊ မပြတ်ပိတ်ကာ၊အဝိဇ္ဇာဟူသောအကြောင်းကြောင့်။သင်္ခါရာပုညာပုည၊ အာနေဉ္ဇဟု၊ သုံးဝအပြား၊ သင်္ခါရတရားတို့သည်။ သမ္ဘဝန္တိ-ထာဝရ,ခိုဒါ၊ပြဟ္မာတသင်း၊ မဖန်ဆင်းပဲ၊ ထင်လင်းသချာ၊ဖြစ်ပေါ်လာကုန်၏။သင်္ခါရပစ္စယာ-သင်္ခါရဟူသောအကြောင်းကြောင့်။ ဝိညာဏံ-လောကီသက်သက်၊ ဝိပါက်တရား၊ သုံးဆယ့်နှစ်ပါးသော ဝိညာဏ်သည်။ သမ္ဘဝတိ-ထာဝရ,ခိုဒါ၊ ပြဟ္မာတသင်း၊မဖန်ဆင်းပဲ၊ ထင်လင်းသချာ၊ ဖြစ်ပေါ်လာ၏။ ဝိညာဏပစ္စယာ – ရှေးရှေးဘဝ၊ ကမ္မဝိညာဏ်၊ ပစ္စုပ္ပန်တွက်၊ ဝိပါက်ဝိညာဏ်ဟူသော အကြောင်းကြောင့်။ နာမရူပံ-ဝိပါက်ယှဉ်ဘိ၊ စေတသိက၊ ကမ္မဇဟု၊

နာမ်ရုပ်အစုသည်။ သမ္ဘဝတိ–၏။ နာမရူပပစ္စယာ–နာမ် ရုပ် ဟူသော အကြောင်းကြောင့်။ သဠာယတနံ-စက္ခာ့ယတန၊ စသည်အပြား၊ ခြောက်ပါးသော အာယတနတရားသည်။ သမ္ဘဝတိ–၏။ သဠာယတနပစ္စယာ–ခြောက်ပါးသော အာယတန ဟူသော အကြောင်းကြောင့်။ ဖဿော-စက္ခုစသား၊ ခြောက်ပါးသော သမ္ဖဿတရားသည်။ သမ္ဘဝတိ–၏။ ဖဿ ပစ္စယာ–ဖဿ ဟူသော အကြောင်းကြောင့်။ ဝေဒနာ-စက္ခု စသား၊ ခြောက်ပါးသော သမ္ဖဿဇာ ဝေဒနာတရားသည်။ သမ္ဘဝတိ–၏။ ဝေဒနာပစ္စယာ–ဝေဒနာဟူသော အကြောင်းကြောင့်။ တဏှာ-ရူပသဒ္ဒ၊ စသည် ခြောက်သွယ်၊ အကျယ် မြောက်ပွား၊ တရာ့ရှစ်ပါးသော တဏှာတရားသည်။ သမ္ဘဝတိ–၏။ တဏှာပစ္စယာ-တဏှာဟူသောအကြောင်းကြောင့်။ ဥပါဒါနံ-ကာမုပါဒါန၊ စသည်လေးတန်၊ ဥပါဒါန်သည်။ သမ္ဘဝတိ –၏။ ဥပါဒါနပစ္စယာ – ဥပါဒါန် ဟူသော အကြောင်းကြောင့်။ ဘဝေါ-ကမ္မဘဝ၊ ဥပပတ္တိ ဘဝသည်။ သမ္ဘဝတိ-၏။ ဘဝပစ္စယာ–ကမ္မဘဝ ဟူသော အကြောင်း ကြောင့်။ ဇာတိ–ဝိပါက်တရား၊ ရုပ်နာမ် နှစ်ပါးသည်။ သမ္ဘဝတိ-၏။ ဇာတိပစ္စယာ- ဇာတိ ဟူသော အကြောင်း ကြောင့်။ ဇရာမရဏံ-အိုခြင်း သေခြင်းသည်လည်းကောင်း။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ-ငမ်းနည်း

ခြင်း, ငိုကြွေးခြင်း,ကိုယ်ဆင်းရဲခြင်း,စိတ်ဆင်းရဲခြင်း,ပြင်းစွာ ပူပန်ခြင်းတို့သည်လည်းကောင်း။ သမ္ဘဝန္တိ-ကုန်၏။ ဧဝံ-ဤ အဝိဇ္ဇာ အစရှိသောအကြောင်းတို့ကြောင့်သာ။ကေဝလဿ- သုခ မဖက်၊ သက်သက်သော။ ဝါ-ခပ်သိမ်းဥဿုံ၊ အလုံး စုံသော။ ဧတဿ ဒုက္ခက္ခန္ဓဿ-ဤရုပ်နာမ်နှစ်ခု၊ ဒုက္ခအစု၏။ သမုဒယော-အစဉ်အဆက်၊ ဖြစ်ပေါ်ချက်သည်။ ဟောတိ- ငါရောသူပါ၊ မငြင်းသာအောင်၊ ကောင်းစွာမခွဲ၊ ထင်ရှား လေတော့သတည်း။ (မဟာဂန္ဓာရုံ ဆရာတော်)

ဆောင်ပုဒ်။ ။အမှန်မသွား၊ အမှားမြင်ကာ၊ အဝိဇ္ဇာ ကြောင့်၊ ချမ်းသာလိမ့်နိုး၊ ရည်မျှော်ကိုးလျက်၊ သုံးမျိုးမှုကံ၊ ပြုစီမံ၍....၊ ဝိညာဏ်တွယ်စပ်၊ နာမ်ရုပ်ကပ်လျက်၊ ခြောက်ရပ် အာယတန၊ဖဿခြောက်ဖြာ၊ဝေဒနာနှင့်၊တဏှာခြောက်တန်၊ ဥပါဒါန်ကြောင့်၊ ဖြစ်ရန်အကြောင်း၊ ကံဆင့်လောင်း၍၊ ဆိုးကောင်းဘဝ၊ ဖြစ်ရပြန်ရာ၊အိုကာ,သေရေး၊ ပူအဆွေးနှင့်၊ ငိုကြွေး,ကိုယ်နွမ်း၊ စိတ်မချမ်းမျှ၊ ပူပန်ရသည်၊ လုံးဝဆင်းရဲစု သာတည်း။ (မဟာစည်ဆရာတော်)

အဓိပ္ပာယ်အကျဉ်း။ ။(အတိတ်ဘဝတုန်းက) ဘဝ သုံးပါး၏အပြစ်ကို မသိမြင်မှုကြောင့် ဘဝသို့ရောက်ကြောင်း ကောင်းမှု မကောင်းမှုများကို ပြုလုပ်မှုဖြစ်သည်။ ထိုပြုလုပ် မှုကြောင့် (ပစ္စုပ္ပန်ဘဝ၌) ဝိညာဉ်, နာမ်ရုပ်, အာယတန,

ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ ဖြစ်ကြသည်။ ကမ္မဘဝကြောင့်(အနာဂတ်ဘဝ၌) ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ ဖြစ်ကြသည်။

မှတ်ချက်။ ။ ဤငွေစ္စသမုပ္ပါဒ်ပါဠိတော်နှင့် အစီအစဉ်-၃ တွင် ဖော်ပြမည့် ငွေ့ဘာန်း ၂၄-ပစ္စည်းတို့သည် အလွန် တန်ခိုးကြီးသော တရားတော်များ ဖြစ်ကြ၏။ စေတီတည်ပြီးသောအခါ ဌာပနာစရာ ဓာတ်တော်များ မရခဲ့ပါက ဤတရားတော်များကို ဌာပနာထားလျှင် ဓာတ်တော်များ ဌာပနာ ထားသကဲ့သို့ ကိုးကွယ် သူတို့၏ ကောင်းကျိုးကို ပေးစွမ်းနိုင်သည်ဟု အဋ္ဌကထာ, ဋီကာဆရာများဖွင့်ပြတော်မူကြ၏။ ထို့ကြောင့် ဤတရားတော်များကို ရွတ်ဆိုနေသူ၏ ခံတွင်းသည် စေတီနှင့်အလားတူ၏။ စေတီနှင့်တူသည်ဆိုလျှင် မြင့်မြတ်အထက်တန်းကျ၍ လူမြင်တိုင်းက လေးမြတ်ရသည်သာ။ သို့ဆိုလျှင် ဤတရားတော်များကို အထက်တန်းကျလိုသူတိုင်း ရွတ်ဆိုသင့်လှပေသည်။

အစီအစဉ်-၄။ ယဒါဟဝေ ၁-ဂါထာ

၁။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။

အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။

၂။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။

၃။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယမန္တလိက္ခံ။

၁။ ယဒါ-ပါရမီရင့်၊ အခါသင့်၍၊ အခွင့်ရောက်လာ၊ အကြင်အခါ၌။ အာတာပိနော-ကိလေသာရန်၊ ပူအောင်ဖန်သည့်၊ သမ္မပ္ပဓာန်လုံ့လ၊ ပြင်းထန်လှသော။ ဈာယတော-အာရမ္မဏူ၊ လက္ခဏူဟူ၊ နှစ်ဆူဈာန်ဖြင့်၊ ရှုမြင်စွင့်သော။ ဗြာဟ္မဏဿ-အကုသိုလ်မျိုး၊ တရားဆိုးကို၊ ပယ်ချိုးထုတ်ပြီး၊ ရဟန္တာအရှင်မြတ်ကြီးအား။ ဟဝေ-မတိမ်းမလစ်၊ စင်စစ်ဧကန်၊ အမှန်အားဖြင့်။ ဓမ္မာ-သုံးဆယ့်ခုနစ်ပါး၊ ဗောဓိပက္ခိယတရားတို့သည်။ ပါတုဘဝန္တိ – ရောက်လာရသာ၊ ဥပါဒ်လာကြကုန်၏။ ဓမ္မာ-သစ္စာလေးတန်၊ တရားမှန်တို့သည်။

ပါတုဘာဝန္တိ-ရလာသောအား၊ အစဉ်အားဖြင့်၊ ထင်ရှားလာကြကုန်၏။

အသ-အမြတ်တရား၊ မှန်တရားတို့၊ ဖြစ်ပွားထင်ရာ၊ ထိုအခါဌ။ အသာ-အမြတ်တရား၊ မှန်တရားတို့၊ ဖြစ်ပွားထင်ရာ၊ ထိုရဟန္တာပုဂ္ဂိုလ်မှာ။ ယတော-အစဉ် မစောင်း၊ အကြင်အကြောင်းကြောင့်။ သဟေတုခမ္မ-ဤကြောင်းရှိက၊ ဤကျိုးဟု၊ သဘာဝ ခေတ်ဖော်၊ ပဋိစ္စသမုပ္ပါဒ် တရားတော်ကို။ ပဇာနာတိ-မတိုးမယွင်း၊ အမျိုးမျိုးလင်းအောင်၊ ထိုးထွင်းရှေးရှု၊ သိမြင်တော်မူလေ၏။ တတော-အဆိုမစောင်း၊ ထိုအကြောင်းကြောင့်။ ကဒါ-သတ္တ, ဘဝါ၊ ဤနှစ်ဖြာနှင့်၊ စပ်ကာဖြစ်ပွား၊ ယုံမှားခြင်း တရားတို့သည်။ ဝပယန္တိ-ငြိမ်းပျောက်ဆိတ်ခိုး၊ ပမာမိုး၍၊ အပြီးပုံသော၊ ကင်းပျောက်ချုပ်ငြိမ်းကြလေကုန်သတည်း။

၂။ (ရှေ ၂-ပါဒသည် အမှတ်(၁)နှင့် တူပြီ။ နောက် ၂-ပါဒကိုသာ ပေးမည်။) ယတော-အစဉ်မစောင်း၊ အကြင်အကြောင်းကြောင့်။ ပစ္စယာနံ-အဝိဇ္ဇာနှင့်၊ တဏှာအစ၊ ဒုက္ခဖြစ်စေ၊ အထွေထွေ အစားစား၊ အကြောင်းတရားတို့၏။ ခယံ-ကုန်ရာအမှန်၊ မြတ်နိဗ္ဗာန်ကို။ အဝေဒိ-မတိုးမယွင်း၊ အမျိုးမျိုးလင်းအောင်၊ ထိုးထွင်းရှေးရှု၊ သိမြင်တော်မူပြီ။ တတော-အဆိုမစောင်း၊ ထိုအကြောင်းကြောင့်။ ကဒါ-သတ္တ,ဘဝါ၊

ဤနှစ်ဖြာနှင့်၊ စပ်ကာဖြစ်ပွား၊ ယုံမှားခြင်း တရားတို့သည်။ ဝပယန္တိ-ငြိမ်းပျောက်ဆိမ်း၊ ပမာမှိုး၍၊ အပြီးပုံသေ၊ ကင်း ပျောက်ချုပ်ငြိမ်းကြလေကုန်သတည်း။

၃။ (ရှေ့ ၂-ပါဒသည် အမှတ်(၁)နှင့်တူပြီ၊ နောက် ၂-ပါဒကိုသာ ပေးမည်။) အထ-အမြတ်တရား၊မှန်တရားတို့၊ ဖြစ်ပွားထင်ရာ၊ထိုအခါ၌။သော-အမြတ်တရား၊မှန်တရားတို့၊ ဖြစ်ပွားထင်ရာ၊ ထိုရဟန္တာသည်။ သူရိယော-ရောင်ခြည် တထောင်၊ အလင်းဆောင်သည့်၊ထွန်းပြောင်ထိန်လင်း၊ ရှင် နေမင်းသည်။ အန္တလိက္ခံ-ဆီးတားမထင်၊ ကြားအပြင်ဖြင့်၊ ရှုမြင်အပ်ထ၊ ကောင်းကင်ဝကို။ ဩဘာသယံ တိဋ္ဌတိ ဣဝ- မချောင်အတင်း၊ အမှောင်ခွင်း၍၊ ပြောင်ဝင်းကျက်သရေ၊ တည်နေလေသကဲ့သို့။ မာရသေနံ-ကာမဂုဏ်အစ၊ များလှ ထောင်သောင်း၊ မာရ်မင်း၏ စစ်သည်တော် အပေါင်းကို။ ဝိဓူပယံ တိဋ္ဌတိ-နောက်ထပ်တခါ၊ကပ်မလာအောင်၊ဖြတ်ကာ ပြီးပိုင်၊ တည်တံ့တော်မူနိုင်ပါပေတော့သတည်း။

အဓိပ္ပာယ်အကျဉ်း။ ။အကြင်အခါ ရဟန္တာပုဂ္ဂိုလ်မှာ ဗောဓိပက္ခိယတရား ၃၇-ပါးဖြစ်ပေါ်လာ၏။ သစ္စာလေးပါး တရား ထင်ရှားလာ၏။ ထိုအခါ ပဋိစ္စသမုပ္ပါဒ်ကိုသိမှုကြောင့် ထို ရဟန္တာ ပုဂ္ဂိုလ်မှာ ယုံမှားမှုမှန်သမျှ ကင်းပျောက်ကြ လေသည်။

၂။ အကြင်အခါ ရဟန္တာပုဂ္ဂိုလ်မှာ ဗောဓိပက္ခိယတရား ၃၇-ပါး ဖြစ်ပေါ်လာ၏။ သစ္စာလေးပါး တရား ထင်ရှား လာ၏။ ထိုအခါ နိဗ္ဗာန်ကို သိမှုကြောင့် ထိုရဟန္တာပုဂ္ဂိုလ်မှာ ယုံမှားမှုမှန်သမျှ ကင်းပျောက်ကြလေသည်။

၃။ အကြင်အခါ ရဟန္တာပုဂ္ဂိုလ်မှာ ဗောဓိပက္ခိယတရား ၃၇-ပါး ဖြစ်ပေါ်လာ၏။ သစ္စာလေးပါးတရား ထင်ရှား လာ၏။ ထိုအခါ ထိုရဟန္တာသည် နေမင်းသည် အမှောင်ကို ပယ်ဖျောက်ကာ ကောင်းကင်ကိုထွန်းလင်းစေလျက် တည်နေ သကဲ့သို့ မာရ်စစ်သည်ကို ပယ်ဖျောက်ကာ လောကသုံးပါးကို ထွန်းလင်းစေလျက် တည်တော်မူလေ၏။

မှာထားချက်။ ။အစီအစဉ် ၂-တွင် ပါဝင်သော အနေကဇာတိသံသာရံ-စသော ၂-ဂါထာသည် ဘုရားရှင်၏ ပထမစကားတော်ဖြစ်၍ ဤ ၃-ဂါထာသည် ဒုတိယ စကား တော်ဖြစ်သည်။ အမှန်အားဖြင့် အနေကဇာတိသံသာရံ- စသော ၂-ဂါထာသည် စိတ်တော်ဖြင့်သာ ကျူးရင့်သော မနသာဥဒါန်းဖြစ်၍ ဤ ၃-ဂါထာကား နှုတ်တော်ဖြင့် ကျူးရင့်သော ဝစသာဥဒါန်းဖြစ်သည်။ ထို့ကြောင့် ဤ ၃- ဂါထာကိုလည်း ပထမဆုံးသော ဘုရားစကားတော်-ဟု အချို့ ဆရာတို့က ယူဆပြောဆိုကြသည်။ ထိုသို့ဖြစ်သောကြောင့် အနေကဇာတင်ရာတွင် ဤ ၃-ဂါကိုလည်း မုချရွတ်ဖတ်ပူဇော်

နေကြရသည်။ မဟာဝိဇ္ဇောဒယဆရာတော်ကြီးကား အနေကဇာတိသံသာရံ-စသော ဂါထာကို ရွတ်ဖတ်ပူဇော်ရသောကြောင့် အနေကဇာဘင်-ဟု ဆိုရိုးပြုကြသကဲ့သို့ ဤ ယဒါ ဟဝေ-စသော ဂါထာကိုလည်းရွတ်ဖတ်ပူဇော်ရသောကြောင့် ယဒါ ဟဝေ တင်-ဟုလည်း ဆိုရိုးပြုနိုင်ကြောင်း ဟောကြားတော်မူလေသည်။ ဤ မျှလောက် အထက်တန်းကျသော ဘုရားစကားတော်ဖြစ်သောကြောင့် ဤ ဂါထာများကိုလည်း ရွတ်ဖတ်သင့်လှပေတော့သည်။

အစီအစဉ်-၅။ ၂၄-ပစ္စည်းနှင့် ကြေးကြော်သံ

(၁) ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊

(၂) အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊

(၃) အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊

(၄) ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊

(၅) ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊

(၆) ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊

(၇) သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊

(၈) နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယော။

၁။ ဇယော ဟိ ဗုဒ္ဓဿ သိရိမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဂ္ဃေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ ဒေဝဂဏာ မဟေသိနော။

၂။ ဇယော ဟိ ဗုဒ္ဓဿ သိရိမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဂ္ဃေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ နာဂဂဏာ မဟေသိနော။

၃။ ဇယော ဟိ ဗုဒ္ဓဿ သိရိမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဂ္ဃေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
သုပဏ္ဏသံဃာပိ ဇယံ မဟေသိနော။

၄။ ဇယော ဟိ ဗုဒ္ဓဿ သိရိမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဂ္ဃေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ ဗြဟ္မဂဏာ မဟေသိနော။

မှာထားချက်။ ။ဤပဋ္ဌာန်း ၂၄–ပစ္စည်းကို ၄–ပစ္စည်းစီစုပြီး အဲ့ရှေမြောက်(တနင်္ဂနွေ)ဒေါင့်မှစ၍ စည်းချ အိပ်လျှင် ဘေးရန်ကင်းသည်၊ ချမ်းသာစွာ နေရသည်–ဟု အဆိုပြုကြသည်။ ထို့ကြောင့် ညအိပ်ရာဝင်တိုင်း စည်းချ၍ အိပ်ပါ။ မိမိတို့၏ အိမ်ခြံဝင်းမှာလည်း ရွတ်ဆို စည်းချ ထားပါ။ ယခုအခါ ကြေးကြော်သံဂါထာများကို အနက် ပေးပါမည်။ ၎င်းတို့၌ အဓိပ္ပာယ် ထင်ရှားပါ၏။ မှာထား ချက်လည်း အထူး မလိုအပ်တော့ပါ။

အယံ–ငါတို့မျက်မြင်၊ ဤပွဲသဘင်ကြီးသည်ကား။ သိရိ-မဘော–သီရိကျက်သရေ၊ တက်ဖြိုးဝေ၍၊ ကိုယ်ခနှာန်တင့်၊ ဂုဏ်သိရ်မြင့်တော်မူသော။ ဗုဒ္ဓဿ–သုံးလောကတွင်၊ အသွတ်တင်သည့်၊မြတ်ရှင်ဗုဒ္ဓ၊ဂေါတမ၏။ဇယော–လက်ဖျစ်ခတ်တီး၊ မြေတုန်ဟီးအောင်၊ အံ့ချီးထိုက်သော်၊ အောင်ပွဲတော်ကြီးပါ ပေတည်း။ ပါပိမတော–မကောင်းအမှု၊ ကြံခြားပြုသဖြင့်၊ ထို–ဟု ဆိုကာ၊ ရှိစရာကောင်းသော။ မာရဿ စ–သုံးတိုက်ဝေနေ၊ ပျက်စီးစေဘို့၊ ကြံနေအားထုတ်၊ မာရ်နတ်ယုတ်၏ ကား။ ပရာဇယော–ကြံရာမရောက်၊ စိစဉ်ပျောက်၍၊ လက်မြှောက်ငိုညည်း၊ ရှုံးပွဲကြီးပါပေတည်း။ (ဝေ–ဤသို့ ဆိုပြီး၊ ထုံးပုံနည်းဖြင့်)။ တဒါ–ဘုရားရှင်နိုင်၊မာရ်နတ်ငိုင်၍၊လက်မှိုင်ချရာ၊ ထိုအခါ၌။ ဗောဓိမဏ္ဍေ–ဗောဓိမဏ္ဍိုင်၊ မြေဦးခိုင်၌။

ပမောဒိတာ–ဗုဒ္ဓမြတ်စွာ၊ အောင်ပွဲမဟာကြောင့်၊ ဝမ်းသာရွှင်ပျ၊ ပျော်မြူးကြကုန်သည်ဖြစ်၍။ ဒေဝဂဏာ–စတုမဟာ၊ ဝတီံသာမှ၊ စ၍ ထောင်သောင်း၊ နတ်အပေါင်းတို့သည်လည်းကောင်း။ (နာဂဂဏာ–ရေမှာ ခိုအောင်း၊ နဂါးအပေါင်းတို့သည်လည်းကောင်း။ သုပဏ္ဏသံဃာပိ–ကောင်းကင်ခိုအောင်း၊ ဂဠုန်အပေါင်းတို့သည်လည်းကောင်း။ ဗြဟ္မဂဏာ–ရုပ်ဘုံအောင်း၊ ဗြဟ္မာ အပေါင်းတို့သည် လည်းကောင်း)။ မဟေသိနော–သီလက္ခန္ဓ၊ စသည်ကျေးဇူး၊ ဂုဏ်အထူးကို၊ ရွှင်မြူးဝမ်းသာ၊ ရှာတော်မူငြား၊ မြတ်စွာဘုရား၏။ ဇယံ–လက်ဖျစ်ခတ်တီး၊ မြေတုန်ဟီးအောင်၊ အံ့ချီးထိုက်သော်၊ အောင်ပွဲတော်ကို။ ဥဃ္ဃေါသယုံ–ဝမ်းမြောက်နှစ်သက်၊ မြေမှိုးအက်မျ၊ နက်နက်လေးလေး၊ သံပြိုင်ပေး၍၊ ကြွေးကြော်ကြလေကုန်သတည်း။

အစီအစဉ်–၆။ အာဝေဏိကဂုဏ်တော် ၁၈–ပါး

အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊
အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊
ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။
ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော၊

သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊
သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊
သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊
ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော၊

နတ္ထိ ဆန္ဒဿ ဟာနိ၊ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊
နတ္ထိ ဝီရိယဿ ဟာနိ၊
နတ္ထိ သမာဓိဿ ဟာနိ၊ နတ္ထိ ပညာယ ဟာနိ၊
နတ္ထိ ဝိမုတ္တိယာ ဟာနိ၊

ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော၊

နတ္ထိ ဒဝါ၊ နတ္ထိ ရဝါ၊ နတ္ထိ အဖုဋံ၊ နတ္ထိ ဝေဂါယိတတ္တံ၊
နတ္ထိ အဗျာဝဋမနော၊ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။
ဣမေဟိ အာဝေဏိကေဟိ၊ ဂုဏေဟိ သမနာဂတံ။
အတုလံ ဓမ္မရာဇာနံ၊ ဝန္ဒာမိ သိရသာ မဟံ။

၁။ အတီတံသေ—ရှေးရှေးဘဝ၊ အတိတ်ကာလျှင်၊ တွေ့ရ သမျှ တရားအစုဉ်။ ဗုဒ္ဓဿ ဘဂဝတော—ဘုန်းတော်ခြောက်စုံ၊ တန်ခိုးဂုဏ်နှင့်၊ ပြည့်စုံပေငြား၊ မြတ်ဘုရား၏။ ဉာဏံ-သိရန် မှန်က၊ မကျန်ရအောင်၊ လုံးဝစုံလင်၊ အကုန်မြင်သော ဉာဏ်

တော်သည်။ အပ္ပဋိဟတံ–မောဟမှောင်ကြီး၊ ရှောကဆီး၍၊ အပြီးကွယ်ကာ၊ မတားမြစ်နိုင်ပါတကား။

၂။ အနာဂတံသေ–နောက်နောက် လာလတ်၊ အနာဂတ်ဝယ်၊ တွေ့အပ်သမျှ၊တရားအစုဉ်။ ဗုဒ္ဓဿ ဘဂဝတော–၏။ ဉာဏံ–သည်။ အပ္ပဋိဟတံ–တကား။

၃။ ပစ္စုပ္ပန္နံသေ–ပစ္စုပ္ပန်ခဏ၊ ခုဘဝဝယ်၊ တွေ့ရသမျှ၊ တရားအစုဉ်။ ဗုဒ္ဓဿ ဘဂဝတော–၏။ ဉာဏံ–သည်။ အပ္ပဋိဟတံ–တကား။

တိဟိ–အတိတ် အနာဂတ် ပစ္စုပ္ပန်၊ သုံးတန်ကုန်သော။ ဣမေဟိ ဓမ္မေဟိ–ဆီးတားကွယ်ကာ၊ မရှိပါပဲ၊ လိုရာ ပြည့်စုံ၊ ဤဂုဏ်တော်တို့နှင့်။ သမန္နာဂတဿ–ပြည့်စုံလုံသောက်၊ အထမြောက်တော်မူပြီးသော။ ဗုဒ္ဓဿ ဘဂဝတော–၏။

၄။ သဗ္ဗံ ကာယကမ္မံ–ကိုယ်ဖြင့် ပြုရန်၊ အလုံးစုံသော ကာယကံတော်သည်။ ဉာဏပုဗ္ဗင်္ဂမံ–သတိတမန်၊ အမြဲခံလျက်၊ ဉာဏ်တော်တရား၊ ရှေ့သွားရှိသည်ဖြစ်၍။ ဉာဏာနုပရိဝတ္တံ–ဉာဏ်တော်ရှေ့က၊ ဖြစ်ပြီးမှလျှင်၊ နောက်ကစိုက်စိုက်၊ လိုက်ရပေသည်တကား။

၅။ သဗ္ဗံ ဝစီကမ္မံ–နှုတ်ဖြင့်ပြောရန်၊ အလုံးစုံသောဝစီကံတော်သည်။ ဉာဏပုဗ္ဗင်္ဂမံ–ဖြစ်၍။ ဉာဏာနုပရိဝတ္တံ–တကား။

၆။ သဗ္ဗံ မနောကမ္မံ-စိတ်ဖြင့် ကြံရန်၊ အလုံးစုံသော မနောကံတော်သည်။ ဉာဏပုဗ္ဗင်္ဂမံ-ဖြစ်၍။ ဉာဏာနုပရိဝတ္တံ-တကား။

ဆဟိ-ကာလသုံးတန်၊ ကံသည်းသုံးပါး၊ ဤသို့အားဖြင့်၊ ခြောက်ပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ-တို့နှင့်။ သမန္နာဂတဿ-သော။ ဗုဒ္ဓဿ ဘဂဝတော-၏။

၇။ ဆန္ဒဿ-သတ္တဝါထိုထို၊ စီးပွားကိုလျှင်၊ ပြုလိုသောအား၊ ကြီးမားသော ဆန္ဒတော်၏။ ဟာနိ-သတ္တိချို့ယွင်း၊ အားကုန်ခြင်းကြောင့်၊ မတင်းနိုင်တော့၊ ယုတ်လျော့ခြင်းသည်။ နတ္ထိ-ဘယ်ခါကာလ၊ သမယမှ၊ ခဏအနေ၊ မရှိပါချေတကား။

၈။ ဓမ္မဒေသနာယ-တရားဓမ္မ၊ ဩဝါဒကို၊ နေ့ညခပင်း၊ ဟောပြခြင်း၏။ ဟာနိ-သည်။ နတ္ထိ-တကား။

၉။ ဝီရိယဿ-ပရဟိတတ်၊ ပဋိပတ်၌၊ မပြတ် ကြိုးကုတ်၊ အားထုတ်နိုင်သော ဝီရိယတော်၏။ ဟာနိ-သည်။ နတ္ထိ-တကား။

၁၀။ သမာဓိဿ-အာရုံ တခု၊ စူးစိုက် ရှု၍၊ စိတ်စုများမြောင်၊ တည်တံ့အောင်ထားနိုင်သော သမာဓိတော်၏။ ဟာနိ-သည်။ နတ္ထိ-တကား။

၁၁။ ပညာဃ–သိရန်မှန်က၊ မကျန်ရအောင်၊လုံးဝစုံဘိ၊ အကုန်သိသော ပညာတော်၏။ ဟာနိ–သည်။ နတ္ထိ–တကား။

၁၂။ ဝိမုတ္တိယာ–ကိလေသာမာရ်၊ သူပုန်ရန်မှ၊ ကေန်သန့်ရှင်း၊ လွတ်ကင်းသော အရဟတ္တဖိုလ်၏။ ဟာနိ–သည်။ နတ္ထိ–တကား။

ဒွါဒသဟိ–ကာလသုံးတန်၊ ကံလည်းသုံးဝ၊ မေ့ခြောက်ပါး၊ ဤသို့အားဖြင့်၊ တဆယ့်နှစ်ပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ–တို့နှင့်။ သမန္နာဂတဿ–သော။ ဗုဒ္ဓဿ ဘဂဝတော–၏။

၁၃။ ဒဝါ–အကျိုးမဖက်၊ အပျက်အချော်၊အပျော်ပြုမှုသည်။ နတ္ထိ–တကား။

၁၄။ ရဝါ–မဆင်မခြင်၊စိတ်၌ထင်သော်၊အလျင်ပြောမှု၊ ပြုလုပ်မှုသည်။ နတ္ထိ–တကား။

၁၅။ အဖုဋ္ဌံ–ဉာဏ်တော်မပြန့်၊ မန့်စပ်သော ကိစ္စတော်သည်။ နတ္ထိ–တကား။

၁၆။ ဝေဂါယိတတ္တံ–မြင်ရသူများ၊ လန့်၍သွားအောင်၊ ပြေးလွှားသမှု၊ အဟုန်ဖြင့် ပြုရသည်၏ အဖြစ်သည်။ နတ္ထိ–တကား။

၁၇။ အဗျာဝဋမနော–သတ္တဝါ အမျိုးမျိုး၊ စီးပွားတိုးအောင်၊ အကျိုးမငဲ့၊ ကြောင့်ကြမဲ့စိတ်သည်။ နတ္ထိ–တကား။

၁၈။ အပ္ပဋိသန္ဓိ ပေက္ခာ–စဉ်းစားသမှု၊ ဉာဏ်မပြုပဲ၊ လျစ်လျူရှုကာ၊ ဥပေက္ခာသည်။ နတ္ထိ–တကား။

အာဝေဏိကေဟိ–အများမဆန်၊ ဘုရားမှန်မှ ရရန်စင်စစ်၊ သီးခြားဖြစ်ကုန်သော။ ဋ္ဌာရသဟိ ဂုဏေဟိ–ကာလသုံးတန်၊ ကံလည်းသုံးဝ၊ ခမ္မခြောက်သွယ်၊ ပြုဘွယ်ခြောက်ပါး၊ ဤသို့ အားဖြင့်၊ များပြားဘိတုံ၊ တဆယ့်ရှစ်ပါးသော ဂုဏ်တော်တို့ နှင့်။ သမန္နာဂတံ-ပြည့်စုံလုံလောက်၊ အထမြောက်တော်မူ သော။ ဓမ္မရာဇာနံ–သုံးလူသင်းကျစ်၊ ဓမ္မရှင်မှန်ကူ၊သယမ္ဘူ ထွတ်ထား၊ ရှင်တော်မြတ်ဘုရားကို။ အဟံ-ဘုရားအာရုံ၊ စိတ်မှာထုံ၍၊ ကြည်ယုံကော်ရော်၊ ဘုရားတပည့်တော်သည်။ သိရသာ-ဦးခေါင်ရတနာ၊ မြတ်အင်္ဂါဖြင့်။ ဝန္ဒာမိ-ပဏာ ညွှတ်ကျိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

အဓိပ္ပာယ် အကျဉ်း။ ။မြတ်စွာဘုရား၏ ဉာဏ်တော် သည် (၁) အတိတ်၊ (၂) အနာဂတ်၊ (၃) ပစ္စုပ္ပန် ၃-တန် လုံး၌ အဆီး အတား မရှိ သိနိုင်၏။ မြတ်စွာဘုရား၏ (၄) ကာယကံမှု၊ (၅) ဝစီကံမှု၊ (၆) မနောကံမှု မှန်သမျှ ဉာဏ်တော်ရှေ့သွားရှိ၏။ မြတ်စွာဘုရားမှာ (၇) ဆန္ဒတော်၊ (၈) တရားဒေသနာ၊ (၉)ဝီရိယတော်၊ (၁၀)သမာဓိတော်၊ (၁၁) ပညာတော်၊ (၁၂) အရဟတ္တဖိုလ်တရားတော်တို့သည် ဘယ်အခါမျှ မယုတ်လျော့။ မြတ်စွာဘုရားမှာ(၁၃)အပျက်

အချော်ပြုမှု၊ (၁၄) အလျင်စလိုပြုမှု၊ (၁၅) ကိစ္စတို့၌ မနှံ့စပ်မှု၊ (၁၆) အထိတ်တလန့်ပြုမှု၊ (၁၇) ကြောင့်ကြမဲ့ နေမှု၊ (၁၈) လျစ်လျူရှုမှုတို့ ဘယ်အခါမျှ မရှိ။ ဤ အာဝေဏိက ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ရှိခိုးပါ၏။

မှာထားချက်။ ။အာဝေဏိကဂုဏ်တော်ဟူသည် အခြားသော ပုဂ္ဂိုလ်များမှာ မရှိပဲ ဘုရားရှင်များမှာသာ ရှိသော သီးခြားဂုဏ်တော်များတည်း။ ဘုရားရှင်၏ ဉာဏ်တော်သည် အဆီးအတားမရှိ သိနိုင်သကဲ့သို့ တပည့်တော်သည်လည်း တပည့်တော်နှင့် တိုက်တန်သော အရာမှန်သမျှ အဆီးအတား မရှိ သိမြင်နိုင်ရပါလို၏ - စသည်ဖြင့် ဆုတောင်း၍ ရွတ်ဆိုပူဇော်ပါ။

အစီအစဉ်-၇။ ဂုဏ်တော်ပါဠိ

ဣတိပိ သော ဘဂဝါ အရဟံ၊သမ္မာသမ္ဗုဒ္ဓေါ၊ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မ-သာရထိ၊ သတ္ထာ ဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။

သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာ-လိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝက-သံဃော၊ (ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော၊)အာဟုနေယျော၊ ပါဟု-နေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

ဧဝံ ဗုဒ္ဓံ သရန္တာနံ၊
ဓမ္မံ သံဃံ စ ဘိက္ခဝေါ၊
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ၊
လောမဟံသော န ဟေဿတိ။

ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိနာသမေန္တု။

ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဓမ္မာနုဘာဝေန ဝိနာသမေန္တု။

ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယောစာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိနာသမေန္တု။

မှာထားချက်။ ။ယံ ဒုန္နိမိတ္တံ-ဂါထာကို အနက်ပေးပါ။ ယင်းဂါထာအနက်ကို ပရိတ်တော်အနက်များ အခန်းတွင် ကြည့်ပါ။

အစီအစဉ်-ဂ။ ပုဗ္ဗဏှသုတ်

၁။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။
၂။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဓမ္မာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။
၃။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗသံဃာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။
၄။ မဟာကာရုဏိကော နာထော ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတွာ ပါရမီ သဗ္ဗာ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။
၅။ ဇယန္တော ဗောဓိယာ မူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။

၆။ အပရ-ဇိဘပလ္လင်္ကေ၊ သီဒသေ ပုထုဝိပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။
၇။ သုနက္ခတ္တံ သုမင်္ဂလံ၊ သုပဘာတံ သုဝုဋ္ဌိတံ။
သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။
၈။ ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ၊ ပဏိဓိ တေ ပဒက္ခိဏော။
၉။ ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏော။
တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရုဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

အမှတ်(၅)ပြ ဇယန္တော-ဂါထာအနက်

သကျာနံ- မဟာသမ္မတ၊ ခတ္တိယနွယ်မျိုးမှ၊ ပွားတိုးသက်ဆင်း၊ သာကီဝင်မင်းအပေါင်းတို့၏။ နန္ဒိဝဍ္ဎနော-စိတ်အာရုံရွှင်ပြုံး၍၊ ပီတိလုံး ထဖိမ့်ဖိမ့်နှင့်၊ နှစ်သိမ့် ပျော်မွေ့၊ ဘဝင်ခွေ့၍၊ ရွှင်ဌေဝေဝေ၊ နှစ်သက်ခြင်း အသရေကို၊ ဒီဃရအလား၊ တိုးပွားတော်မူစေတတ်သော။ (ဇိနော-လေးသစ္စာပန်းခိုင်ကို၊ လှမ်းကိုင်ကာ တချက်ဟည်းဖြင့်၊ ငါးမာရ်စွယ်ရန်မီးကို၊ ဖျက်ဆီးခုတ်ထွင်၊ အောင်မြင်တော်မူပြီး၊ ငါတို့သခင်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။) ဗောဓိယာ-မဇ္ဈေချက်ချာ၊ မြေမျက်နှာဝယ်၊ ဖြာဖြာညွန့်တွေ၊ ရွှန်းရွှန်းဝေသဖြင့်၊ အသရေတင့်ဆန်း၊ ညောင်ဗုဒ္ဓဟေပလ္လင်နန်း၏။

မူလေ-ပါရမီကုသိုလ်၊ မြတ်ထိုထိုကြောင့်၊ အလိုအလျောက်၊ ပေါ်ပေါက်ထင်လင်း၊ အပရာဇိတပလ္လင်ရင်း၌။ ဇယန္တော ဝေမော-ငါးပါးမာရ်ဟုန်၊ ရန်သူပုန်ကို၊ ခြောက်စုံဘုန်းဆင်၊ အောင်လံဘင်လျက်၊ အောင်မြင်သူတို့၏ပရမ၊ ဝဇိရမှန်ကင်း၊ တရားမင်းတို့၏၊ အောင်မြင်ခြင်းတမူ၊ ဤ့အတူသာလျှင်။

(တုမှာကံ = မအောင်သေးခင်၊ အောင်ကြွေး တင်၍၊ အောင်မြင်လိုကြောင်း၊ သဒ္ဒါဗလဝ ညောင်းကြတဲ့၊ သင် ဒကာ ဒကာမအပေါင်းတို့၏။) ဇယော-အောင်ရန်အတိတ်၊ အောင်နိမိတ်နှင့်၊ အောင်ဘိသိက်သွင်း၊ အောင်ဟိတ်ကျင်း၍၊ အောင်ခြင်းစဉ်ကာ၊မင်္ဂလာသည်။ဟောတု-အခေါင်မင်္ဂလာ၊ နောင်အစဉ်သာတို့၊ အောင်မြင်ပါစေ၊ အောင်ဆုချွေ၍၊ အောင်အသရေမျိုး၊ ဖွံ့ဖွံ့ဖြိုးလျက်၊ တိုးတက် ဖြစ်ပေါ်ပါစေ သတည်း။ ဇယမင်္ဂလေ-အောင်ရာအပေါင်း၊ အောင်ဆု လောင်း၍၊ အောင်ကြောင်းမင်္ဂလာ၊ အဖြာဖြာကြောင့်။ (တုမှေ-ဘုရား တရား၊ သံဃာများကို၊ အားထားဘွယ်ရာ၊ ကိုးကွယ်ရာဟု၊ စိတ်မှာမှတ်ညောင်း၊ သင် သူတော်ကောင်း အပေါင်းတို့သည်။) ဇယသု- အောင်ဆုအမွန်ရောင်မီးကဲ့သို့၊ မြတ်စည်းစိမ် ပြောင်ပြောင်ညီးတဲ့အောင်၊ အောင်ဆုကြီး ဖြစ်၍ အောင်မြင်ကြပါစေကုန်သတည်း။

မှာထားချက်။ ။အခိပ္ပာယ်ပေါ်လွင်ပြီ။ ဘုရားရှင်၏ ဗောဓိပင်အောက်၌ ဘုရားဖြစ်ပြီးစ မာရ်နတ်ရန် အောင်နိုင်ပုံကို စဉ်းစား၍ ဤဂါထာကို ရွတ်ဆို ပူဇော်ပါလျှင် အောင်ပန်းတမွတ်ကို လှမ်းဆွတ်နိုင်သည်မှာ သေချာပေတော့သည်။ အမြဲရွတ်ဆိုပူဇော်ပါလေ။

မြောင်းမြမြို့၊ နေရှင်နယ်ကုန်း

ပဋ္ဌာနတာရှိတိုက်သစ်၊ ဝတ်ရွတ်စဉ်

နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ။

အစီအစဉ်-၁။ အနေကဇာတင်ပါဠိ

အနေကဇာတင် အစီအစဉ်-၂။ အနေကဇာတိသံသာရံ (၂)ဂါထာ၊

အနေကဇာတင် အစီအစဉ်-၃။ ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံ၊

အနေကဇာတင် အစီအစဉ်-၄။ ယဒါဟဝေ(၃)ဂါထာ တို့ကို ရွတ်ဆိုပါ။

အစီအစဉ်-၂။ ဘုရားဂုဏ်တော် ပါဠိ+အနက်

ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော ပုရိသဒမ္မသာရထိ၊ သတ္ထာ ဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ။

ဝေ ံ နဝဟိ ဂုဏေဟိ၊ လောကမှိ ကိတ္တိဗျာပိတံ။
အတုလံ ဓမ္မရာဇာနံ၊ ဝန္ဒာမိ တီဟိ သာဒရံ။

(၁) သော ဘဂဝါ-ထို သုံးလူ့ထွတ်ထား၊ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ-ခပ်သိမ်းများစွာ၊ ကိလေသာတို့မှ၊ ဝေးကွာတော်မူဘတ်၊ဤသို့သော ဂုဏ်သကတ်ကြောင့်လည်း။ အရဟံ-အရဟံမည်တော်မူ၏။

(၂) သော ဘဂဝါ-ထို သုံးလူ့ထွတ်ထား၊ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ-မဖောက်မပြန်၊ သယမ္ဘူဉာဏ်ဖြင့်၊ ငါးတန်ဉေယျ၊ ဓမ္မလုံးစုံ၊ တရားပုံကို၊ အကုန်အစင်၊ သိမြင်တော်မူဘတ်၊ ဤသို့သော ဂုဏ်သကတ်ကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ-သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

(၃) သော ဘဂဝါ-ထို သုံးလူ့ထွတ်ထား၊ ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ-ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏဘာဆယ့်ငါးပါးတို့နှင့်၊ ခါမခြားကုံလုံ၊ ပြည့်စုံတော်မူဘတ်၊ ဤသို့သော ဂုဏ် သကတ်ကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော-ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

(၄) သော ဘဂဝါ-ထို သုံးလူ့ထွတ်ထား၊ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ-ဇာတိ, ဇရာ၊ ဗျာဓိ, မရဏ၊

ဘေးဒုက္ခ မသန်း၊ ခေမာနန်းသို့၊ ကြွမြန်းတော်မူတတ်၊ ဤသို့သော ဂုဏ်သကတ်ကြောင့်လည်း။ သုဂတော–သုဂတ မည်တော်မူ၏။

(၅) သော ဘဂဝါ–ထို သုံးလူ့ထွတ်ထား၊ရှင်တော်မြတ်ဘုရားသည်။ ဧကတိပိ – သတ္တောကာသ၊ သင်္ခါရဟု၊ လောကအားလုံး၊ သိမ်းကျုံးကုန်စင်၊ သိမြင်တော်မူတတ်၊ ဤသို့သော ဂုဏ်သကတ်ကြောင့်လည်း။ လောကဝိဒူ–လောကဝိဒူ မည်တော်မူ၏။

(၆) သော ဘဂဝါ-ထို သုံးလူ့ထွတ်ထား၊ ရှင်တော်မြတ်ဘုရားသည်။ ဧကတိပိ–မိမိထက်ကဲပြူ၊ တူနိုင်သူ မရ၊ လွန်ကဲကြီးမြတ်လှ၍၊ ရိုင်းပြစေ်ကား၊ ဆုံးမသင့်ဆုံးမထိုက်သော၊ လူယောကျ်ား နတ်ယောကျ်ား၊ တိရစ္ဆာန်ယောကျ်ားတို့ကို၊ တုတ်ဓားမပြ၊ တရားချသဖြင့်၊ ဆုံးမပဲ့ပြင်၊ သွန်သင်တော်မူတတ်၊ ဤသို့သော ဂုဏ် သကတ် ကြောင့်လည်း။ အနုတ္တရော ပုရိသဒမ္မသာရထိ – အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏။

(၇) သော ဘဂဝါ–ထို သုံးလူ့ထွတ်ထား၊ ရှင်တော်မြတ်ဘုရားသည်။ဧကတိပိ–ပြဟ္မာနတ်လူ၊ ခပ်သိမ်းသူတို့၏၊

ဆရာတဆူအစစ်၊ ဖြစ်ကြီး ဖြစ်လတ်၊ ဤသို့သော ဂုဏ်သကတ်ကြောင့်လည်း။ သတ္ထာ ဒေဝမနုဿာ နံ– သတ္ထာ ဒေဝမနုဿာနံ မည်တော်မူ၏။

(၈) သော ဘဂဝါ–ထို သုံးလူ့ထွတ်ထား၊ ရှင်တော်မြတ်ဘုရားသည်။ ဉာတိပိ–သစ္စာလေးတန်၊ တရားမှန်ကို၊ ဝေဘန်သိတတ်၊ ဝေနေယျတို့ကိုလည်း သိစေတော်မူတတ်၊ ဤသို့သော ဂုဏ်သကတ်ကြောင့်လည်း။ ဗုဒ္ဓေါ-ဗုဒ္ဓ မည်တော်မူ၏။

(၉) သော ဘဂဝါ–ထို သုံးလူ့ထွတ်ထား၊ ရှင်တော်မြတ်ဘုရားသည်။ ဉာတိပိ–ဉာဿရိယ၊ ဓမ္မ, ယသ၊ သိရိ, ကာမ၊ ပယတ္တဂုဏ်၊ ဘုန်းခြောက်စုံတို့နှင့်၊ကုံလုံတော်မူတတ်၊ ဤသို့သော ဂုဏ်သကတ်ကြောင့်လည်း။ ဘဂဝါ–ဘဂဝါ မည်တော်မူ၏။

ဝေံ နပေဟိ ဂုဏေဟိ–ဤ အရဟတာ၊ အစလာသည့်၊ ကိုးဖြာသော ဂုဏ်တော်အပေါင်းတို့ဖြင့်၊ လောကမို–ဘဝဂ် ဆုံးအောင်၊ ဘုံသုံးဆောင်၌။ ကိတ္တိဗျာပိတံ-သိမ့်သိမ့်တုန်ခပ်၊ ပဲ့တင်ထပ်မျှ၊ နှံ့စပ်ကျော်စောတော်မူထသော။ အတုလံ- သီလခေါင်ထိ၊ သမာဓိနှင့်၊ ကြီးဘိပညာ၊ လွန်ကဲသာ၍။

ပြိုင်လာနိုင်းသူ၊ အတူသည်းရှိတော်မမူထသော။ ဓမ္မရာဇာဒန်၊ သုံးဘုံမကိုဋ်၊ သုံးတိုက်သရဖူ၊ သုံးလူသင်းကျစ်၊ ဓမ္မရာဇ်ထွတ်ထား၊ ရှင်တော်မြတ်ဘုရားကို။ တီဟိ-လက်အုပ်အဉ္စလီ၊ နှုတ်သံချီလျက်၊ ရှင်ကြည်မနော၊ သုံးပါးသော ဒွါရတို့ဖြင့်။ သာဒရံ-လေးမြတ်ကြည်ညို၊ ရိုသေခြင်းရှိသည်ဖြစ်၍။ဝန္ဒာမိ-ဂုဏ်တော်ထုံမွမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ဖောဉ္ဇတ်ကျိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါ၏ အရှင်ဘုရား။

အစီအစဉ်-၃။ ပါတိမောက်နှင့် ပရိတ်ကြီး

တနင်္ဂနွေနေ့။	။ပါတိမောက်-နိဒါန်း၊ ပါရာဇိက။ ပရိတ်ကြီး-သမန္တာမှစ၍ မင်္ဂလသုတ် အကုန်။
တနင်္လာနေ့။	။ပါတိမောက်-သံဃာဒိသေသ်။ ပရိတ်ကြီး-ရတနသုတ်အကုန်။
အင်္ဂါနေ့။	။ပါတိမောက်-အနိယတ၊ နိဿဂ္ဂိယမှ စီဝရဝဂ်၊ ဧဠကလောမဝဂ်။ ပရိတ်ကြီး-မေတ္တသုတ်အကုန်။

ဗုဒ္ဓဟူးနေ့။ ။ပါတိမောက်–ပတ္တဝဂ်၊ သုဒ္ဓပါစိတ်မှ ဘိက္ခုနောဝါဒဝဂ်အကုန်အထိ။
ပရိတ်ကြီး–ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်။

ကြာသပတေးနေ့။ ။ပါတိမောက်–ဘောဇနဝဂ်မှ သပ္ပါဏကဝဂ် အကုန်အထိ။
ပရိတ်ကြီး–ဓဇဂ္ဂသုတ်။

သောကြာနေ့။ ။ပါတိမောက်–သဟဓမ္မိကဝဂ်မှစ၍ ပါဋိဒေသနီအကုန်အထိ။
ပရိတ်ကြီး – အာဋာနာဋိယ သုတ်အကုန်။

စနေနေ့။ ။ပါတိမောက်–သေခိယမှစ၍ အဆုံးအထိ။
ပရိတ်ကြီး–အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်။

မှာထားချက်။ ။ပရိတ်ကြီးကို ရွတ်သောအခါ တနင်္လာနေ့–စသော နောက်နောက်နေ့များမှာလည်း သမန္တာ–မှစ၍ နမော တဿ–တိုင်အောင် ပထမရွတ်ရသေးသည်။ ပြီးမှ အလှည့်ကျသုတ်ကို ဆက်၍ ရွတ်ရသည်။

အစီအစဉ်-၄။ ဂုဏ်တော်ပါဠိ

အနေကဇာတင် အစီအစဉ်(၇)အတိုင်း ရွတ်ဆိုပါ။

အစီအစဉ်-၅။ မေတ္တာပို့

၁။ အဟံ အဝေရော ဟောမိ, အဗျာပဇ္ဇော ဟောမိ၊ အနီဃော ဟောမိ, သုခီ အတ္တာနံ ပရိဟရာမိ။

၂။ သီမဋ္ဌသံဃော အဝေရာ ဟောတု,အဗျာပဇ္ဇော ဟောတု၊ အနီဃော ဟောတု,သုခီ အတ္တာနံ ပရိ-ဟရတု။

၃။ သီမဋ္ဌဒေဝတာ အဝေရာ ဟောန္တု, အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု,သုခိနီ အတ္တာနံ ပရိ-ဟရန္တု။

၄။ အမှာကံ ဝေါစရဂါမေ ဇေဋ္ဌကမနုဿာ၊ အဝေရာ ဟောန္တု,အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု, သုခီ အတ္တာနံ ပရိဟရန္တု။

၅။ အမှာကံ ဝေါစရဂါမေ မနုဿာ၊အဝေရာ ဟောန္တု, အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု, သုခီ အတ္တာနံ ပရိဟရန္တု။

၆။ သဗ္ဗေ သတ္တာ,သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ, သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ၊သဗ္ဗာ ဣတ္ထိ-

ယော,သဗ္ဗေ ပုရိသာ၊ သဗ္ဗေ အရိယာ, သဗ္ဗေ
အနရိယာ၊ သဗ္ဗေ ဒေဝါ,သဗ္ဗေ မနုဿာ၊ သဗ္ဗေ
ဝိနိပါတိကာ။ အာဝေရာ ဟောန္တု, အဗျာပဇ္ဈာ
ဟောန္တု၊ အနီဃာ ဟောန္တု, သုခီ အတ္တာနံ ပရိ-
ဟရန္တု။

၇။ ပုရတ္ထိမာယ ဒိသာယ, ဒက္ခိဏာယ ဒိသာယ၊ပစ္ဆိမာယ
ဒိသာယ,ဥတ္တရာယ ဒိသာယ၊ ပုရတ္ထိမာယ အနု-
ဒိသာယ,ဒက္ခိဏာယ အနုဒိသာယ၊ ပစ္ဆိမာယ အနု-
ဒိသာယ, ဥတ္တရာယ အနုဒိသာယ၊ ဟေဋ္ဌိမာယ
ဒိသာယ,ဥပရိမာယ ဒိသာယ။သဗ္ဗေ သတ္တာ, သဗ္ဗေ
ပါဏာ၊ သဗ္ဗေ ဘူတာ, သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေ
အတ္တဘာဝပရိယာပန္နာ၊ သဗ္ဗာ ဣတ္ထိယော, သဗ္ဗေ
ပုရိသာ၊ သဗ္ဗေ အရိယာ, သဗ္ဗေ အနရိယာ၊ သဗ္ဗေ
ဒေဝါ, သဗ္ဗေ မနုဿာ၊သဗ္ဗေ ဝိနိပါတိကာ၊အာဝေရာ
ဟောန္တု, အဗျာပဇ္ဈာ ဟောန္တု, အနီဃာ ဟောန္တု,
သုခီ အတ္တာနံ ပရိဟရန္တု။

အစီအစဉ်-၆။ ဝိပဿနာပွား

၁။ သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၂။ သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။
၃။ သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၄။ အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊
ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ ။
မနုဿဘာဝေါ ဒုလ္လဘော၊
ဒုလ္လဘာ သမ္ပတ္တိ, ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော။
သဒ္ဓမ္မဿဝနံ ဒုလ္လဘံ၊
ဧဝံ ဒိဝသေ ဒိဝသေ ဩဝဒိ။

၅။ ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။
၆။ ဧတ္တာဝတာ စ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါ နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ။
၇။ ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာ ဂတာ။
၈။ သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
၉။ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။

၁၀။ ဣမာယ ဓမ္မာနုဓမ္မပ္ပဋိပတ္တိယာ သံဃံ ပူဇေမိ။
အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိမုစ္စိဿာမိ။

အစီအစဉ်-၇။ ပစ္စဝေက္ခဏာဆင်ခြင်

ငါသည်၊ ဖိနပ်, ဆိမီးကို အစပြု၍၊ ယခုနေ့ ရှေ့နောက် အရက်နှစ်ခု၏ အကြား၊ သုံးစား မှီဝဲအပ်သမျှ၊သင်္ကန်း,ဆွမ်း, ကျောင်း, ဆေး၊ လေးပါးသော ပစ္စည်းတို့ကို၊ ကစား, စံပယ်၊ မူးရယ်, မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ သုံးဆောင်အပ်သည် မဟုတ်ပါ။ နိဿတ္တ, နိဇ္ဇီဝ, အဗျာ-ကတ၊ သည်းခေတ်ရုပ်အစစ်၊ အနိစ္စ, ဒုက္ခ, အနတ္တ၊ အသုဘ-အရိုးစုဖြစ်သော၊ ဤ ကိုယ်ခန္ဓာ၊ အတွင်းအပြင်၊ ရောဂါ-ဘေးဘယာ ကင်းကွာ၍၊ ကျန်းမာ, ချမ်းသာ၊ အသက်ရှည်ကြာစွာ တည်နေလျက်၊ စာဝေကျမ်းဂန်၊ သင်အံ,လေ့လာ၊ ချုပ်ပို့,ပြေဆို၊ ရေးသားနိုင်ခြင်း၊ သီလ, သမာဓိ, ဝိပဿနာ၊ ရဟန်းတရားတို့ကို၊ ပွားများ, ဟောကြား၊ ရေးသားနိုင်ခြင်း အကျိုးငှာသာ၊ သုံးဆောင်မှီဝဲ ပါသတည်း။

အစီအစဉ်-၈။ ကောဋ္ဌာသကမ္မဋ္ဌာန်းနှင့် ဆုတောင်း+အမျှဝေ

ငါ၏ကိုယ်မှာ၊ နံ့သာမွှေးကြိုင်၊ မြဲခိုင်လှစွာ၊ ကောင်းရာ မမြင်၊ ဆံပင်သာရှိ၊ အမွှေးရှိ၍၊ ရှိသည့်လက်သည်း၊ ခြေ

အသည်း နှင့်၊ သွားလည်းတထွေ၊အရေတမျိုး၊ ညှိနံ့ဆိုးသည်၊ အသိုးအပုပ် ချည်းပါတကား။

ဤသို့ပြုရ၊ ကုသလကြောင့်၊ ဒုက္ခခပ်သိမ်း၊ ပူဇာတ် ငြိမ်း၍၊ ပျော်ကိန်းစံရာ၊ မြိုက်ချမ်းသာသို့၊ လျင်စွာထုတ် ချောက်၊ ကွန်းမထောက်ပဲ၊ ဆိုက်ရောက်ရလို၊ တောင်းဆု ဆို၏...၊ ထိုထိုမြင့်ရှည်၊ ဖြစ်လေသည့်၌၊ ဇာနည်ဥက္ကဋ်၊ ယောကျ်ားမြတ်တည်း....၊ အတတ်ပညာ၊ တတ်ကောင်းရာ ကို၊ ကြားခဲမြင်မျှ၊ တတ်မြောက်ရလို၊ တောင်းဆုဆို၏...၊ ကုသိုလ်ထုံမှို၊ ပါရမီလည်း၊ ရှင်ကြည်အေးမြ၊ ဖြည့်ကျင့် ရလို၊ တောင်းဆုဆို၏။

ကုသိုလ်ပုည၊ ဘို့ဘာဂကို၊ အနန္တဂိုဏ်းဝင်၊ မွေးမိခင်နှင့်၊ ဘခင်ဆရာ၊ ယမရွာတည်း၊ လူ့ရွာ နတ်ရပ်၊ ကြွင်းမလပ်စေ၊ ပေးငှငေ၏....၊ အထက်နေ ဘဝဂ်၊ အောက်ဖက်အဝိစိ၊ ရှိရှိ သမျှ၊ သတ္တဝါအပေါင်းတို့၊ အားလုံး ကြားကြားသမျှ၊ အမျှ-အမျှ-အမျှ-ယူတော်မူကြပါကုန်လော။

သာဓု........၊ သာဓု........၊ သာဓု........၊

ပရိတ်တော် နောက်ဆက်တွဲ

၁။ ချမ်းသာလမ်းညွှန် ဂါထာတော်

နာညတြေ ဗောဇ္ဈာ တပသာ၊ နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။

၂။ ကိုယ်ပျောက် ဂါထာတော်

ဘဝေဝေါဟံ ဘယံ ဒိသွာ၊ ဘဝဥ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိံ ကဥ္စိ၊ နန္ဒိံ စ န ဥပါဒိယိံ။

၃။ သံ ဂ-ချက် ဂါထာတော်

သံသာရစက္ကဝိဒ္ဓံသံ၊ သံသုဒ္ဓမဿ ဩရသံ။
သံဆိန္နကံ ဘဝေ အာသံ၊ သံဃံအပိ သုမာနသံ။

၄။ ဧ ဖြ-ချက် ဂါထာတော်

 က။ ကေစိတ္တံ ဝိစိန္တေတွာ၊
ကေဓမ္မံ သုဏိဿတိ။
သေတော သေမော လောကေ၊
ကေရာဇာတိ ပါကဋော။

ခ။ သေတိ သမ္မာသမ္ဗုဒ္ဓံ၊ သေတိ ဓမ္မမုတ္တမံ။
သေတိ မဂ္ဂမုဂ္ဂယှ၊ သေတိ ပန တေ နမော။

၅။ အရပ် ၈-မျက်နှာ စည်းချဂါထာများ

က။ သဗ္ဗေ ဗုဒ္ဓါ ဣဒ္ဓိပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဣဒ္ဓိံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ခ။ သဗ္ဗေ ဗုဒ္ဓါ ခေမပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ခေမံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ဂ။ သဗ္ဗေ ဗုဒ္ဓါ ဇယပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဇယံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ဃ။ သဗ္ဗေ ဗုဒ္ဓါ လာဘပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ လာဘံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

င။ သဗ္ဗေ ဗုဒ္ဓါ တေဇပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ တေဇံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

စ။ သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ဆ။ သဗ္ဗေ ဗုဒ္ဓါ ယသပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ယသံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ဇ။ သဗ္ဗေ ဗုဒ္ဓါ သိရိပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ သိရိံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
သဗ္ဗေ ဗုဒ္ဓါ ဣဒ္ဓိပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဣဒ္ဓိံ။
အရန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၆။ ရှင်သူငယ်ပရိတ်ခေါ် သိရသ္မိံ-ဂါထာတော်

သိရသ္မိံ တေ ဗုဒ္ဓသေဋ္ဌော၊ သာရိပုတ္တော စ ဒက္ခိဏေ။
ဝါမေအံသေ မောဂ္ဂလာနော၊ ပုရတော ပိဋကတ္တယံ။
ပစ္ဆိမေ ဌဝ အာနန္ဒော၊ တေဒ္ဒိသာ ခိဏာသဝါ။
သမန္တာ လောကပါလာ စ၊ ဣန္ဒာဒေဝါ သပြဟ္မကာ။
ဧတေသံ အာနုဘာဝေန၊ သဗ္ဗေ ဘယဥပဒ္ဒဝါ။
အနေကအန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

မှတ်ထားချက်။ ။ ပဋ္ဌာနတာရုံကျောင်းတိုက်မှ သံဃာတော်များသည် ပရိတ် ရွတ်သောအခါ ဤပရိတ်တော် နောက်ဆက်တွဲကိုပါ ထည့်သွင်း ရွတ်ဖတ်တော် မူကြသည်။ ဤဂါထာများသည်လည်း အလွန်ကောင်းသော အန္တရာယ်ကင်း ဂါထာများ ဖြစ်ပါသည်။ ထို့ကြောင့် လူဝတ်ကြောင်များလည်း ကျက်ထားသင့်ပါသည်။ ပရိတော် အနက်များ အခန်းကျမှ အနက်အဓိပ္ပာယ်တို့ကို ရေးပါမည်။

ပရိတ်တော်အနက်များ
နတ်ပင့်ဂါထာ

သမန္တာ စက္ကဝါဠေသု၊ အတြာဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။
မေ့ဿဝနကာလော အယံ ဘဒ္ဒန္တာ။ (၃-ခေါက်ဆိုပါ)။

သမန္တာ-ငါတို့နေရာ၊ စကြဝဠာ၏၊ ပတ်ချာဝန်းကျင်၊ နယ်ရပ်ခွင်တို့မှ။ စက္ကဝါဠေသု-စကြဝဠာသင်္ချေ၊ ကုဋေ တသိန်း၊ တွက်ကိန်းများစွာ၊ ကမ္ဘာဘာတို့၌။ (ဝသန္တာ-ကျန်းမာချမ်းသာ၊ လန်းဆန်းစွာဖြင့်၊ ဝမ်းသာရွှင်ပျ၊ နေထိုင်ကြကုန်သော။) ဒေဝတာ-လုံးစုံစေ့၊ ရှိကြသောင်းပြောင်း၊ နတ်ပြဟ္မာအပေါင်းတို့သည်။ အတြ-ပရိတ်တရားသဘင်၊ ဆင်ယင်ကျင်းပ၊ ဤဌာနသို့။ အာဂစ္ဆန္တု-နာမည့်တရား၊ စိတ်ဝယ်ထား၍၊ လျင်လျားမြန်စွာ၊ဆိုက်ရောက်လာကြစေကုန်သတည်း။

မုနိရာဇဿ- မုနိသင်းကျစ်၊ ဓမ္မရာဇ်မှန်ကူ၊ သယမ္ဘူ ထွတ်ထား ရှင်တော်မြတ်ဘုရား၏။ သဂ္ဂမောက္ခ-နတ်ရွာ နိဗ္ဗာန်၊ ချမ်းသာမှန်ကို၊ ကေန်ဆတ်ဆတ်၊ ပေးစွမ်းနိုင် ပေတတ်သော။ သဒ္ဓမ္မံ-သူဟော်ကောင်းများ၊ လိုက်စား မွေလျော်၊ ပရိတ်တရားတော်ကို။ သုဏန္တု=သဒ္ဒါရှင်မော၊ ပီတိဇောဖြင့်၊ လျင်ဆောမကြာ၊ နာလှည့်ကြပါစေကုန် သတည်း။

ဘဒ္ဒန္တာ = သာသနာသုံးရပ်၊ ထွတ်အမြတ်ကို၊ မပြတ် ကြည်ညို၊ မှီခိုကြငြား၊ အိုနတ်အများတို့။ အယံ-ပရိသတ် များ၊ ထင်ရှားစုဆုံ၊ ကြိုက်ကြုံရောက်လာ၊ ဤအခါကာလ၊ သမယသည်ကား။ ဓမ္မဿဝနကာလော-ရှင်တော်ဟောမြွက်၊

တရားစက်ကို၊ လေးနက်ပြတ်သား၊ ဖတ်ကြားနာယူရမည့် အခါကောင်းကြီး ဖြစ်ပါပေတော့သတည်း။

အဓိပ္ပာယ်အကျဉ်း။ ။ပတ်ဝန်းကျင် စကြဝဠာတို့၌ နေထိုင်ကြသော နတ်ပြဟ္မာများ ဤနေရာသို့ ကြွလာကြပါကုန်။ မြတ်စွာဘုရား၏ နတ်ရွာနိဗ္ဗာန်ကို ပေးတတ်သောတရားတော်ကို နာလှည့်ကြပါကုန်။ ဤအချိန်သည်ကား တရားနာဖို့အချိန် ဖြစ်ပါသည် အရှင်ကောင်းတို့။

မှာထားချက်။ ။မြတ်စွာဘုရား ဟောကြားအပ်သော ပရိတ်တရားတော်များ၏ အာဏာသည် စကြဝဠာတသောင်းထိအောင် ပျံ့နှံ့၏။ တသောင်းသောစကြဝဠာမှ နတ်ပြဟ္မာများသည် ဤပရိတ်တရားတော်များကို နာယူလိုကြ၏။ ထို့ကြောင့် ပရိတ်ရွတ်ခါနီးအချိန်မှာ နတ်ပြဟ္မာများကို ပင့်ဖိတ်ရခြင်းဖြစ်သည်။

အတုမ့ ရတနာတော်

၁။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၂။ ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၃။ ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဣဓ ဝါ-မျက်မှောက်ခုမြင်၊ များလူရှင်တို့၊ ကြည်လင်ရှင်ပျ၊ ခိုလှုံကြတဲ့၊ ဌာနခန်းဝါ၊ ဤလူ့ရွာ၌သော်လည်းကောင်း။ ဟုရံ ဝါ-ငြုန်နဂါး၊ ကုမ္ဘဏ်များတို့၊ ပျော်ပါးကြတုံ၊ ထိုသည့်ဘုံတို့၌သော်လည်းကောင်း။ သဂ္ဂေသုဝါ= ငါးကာမဂုဏ်၊ များအာရုံတို့၊ ပွားထုံပြွတ်၊ အလွန်မြတ်သည့်၊ နတ်ရွာနတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌သော်လည်းကောင်း။ ဝိတ္တံ-သောမနဿ၊ ဇောကပ်လှသဖြင့်၊ ဟဒယနှလုံး၊ ပိုက်ယူကျုံး၍၊ ရွှင်ပြုံးနှစ်သက်စေနိုင်သော။ ပဏီတံ-ကပ်ကမ္ဘာတသောင်း၊ သတ္တဝါအပေါင်းတို့က၊ အကောင်းအမြတ်ဟူ၍ သမုတ်အပ်ပေထသော။ ယံကိဉ္စိ ရတနံ-ရွှေ ငွေ ပတ္တမြား၊ စသောအားဖြင့်၊ များပြားလှစွာ၊ အကြင်တမျိုးမျိုးသော ရတနာသည်။ အတ္ထိ-လူ့လဲမြင်၊ နတ်ကလဲမြင်၊ အထင်အရှား၊ ဖြစ်ပွားပေါ်ပေါက်၍ နေခဲ့ပါပေ၏။

တထာဂတေန- သယမ္ဘူစောနတ်၊ အမြတ်ထွတ်ချာ၊ ဘုရားတည်းဟူသော ရတနာ, တရားတည်းဟူသော ရတနာ, သံဃာတည်းဟူသော ရတနာနှင့်။ သမံ - အမြတ်မူလ

ထပ်တူကျသော။ တံ ရတန်-ထိုသည့်များစွာ၊ တမျိုးမျိုး
သောရတနာသည်။ နေ၁ အတ္တိ-မရှိရိုးကေန်၊ တကယ်ပင်
မှန်လှပါပေ၏။ ဣဒမ္ပိ-ယခုညွှန်ပြ၊ သကတ္တခြောင့်၊ ရအပ်
ပေတောင်း၊ ဤအကြောင်းသည်လည်း။ ဗုဒ္ဓေ-ဗုဒ္ဓဿ-ဂဂ်ါ
သဲတူ၊ ပွင့်တော်မူသည့်၊ ဆူဆူထွတ်ဆောင်း၊ ရှင်တော်မြတ်
အပေါင်း၏။ ဓမ္မေ-ဓမ္မဿ - မဂ်ဖိုလ်နိဗ္ဗာန်၊ ဓမ္မက္ခန်ဟူ၊
ဆယ်တန်အကျော်၊ တရားတော်မြတ်အပေါင်း၏။ သံဃေ-
သံဃဿ - မဂ္ဂဋ္ဌာန်လေးယောက်၊ လေးယောက်ဖလဋ္ဌာန်၊
ရှစ်တန်ထင်ပေါ်၊ အရိယာသံဃာတော်အပေါင်း၏။ ပဏီတံ
ရတန်-ရဘနာအမြတ်၊ ခေါ်သတ်မှတ်၍၊ ပညတ်ဘင်စဆု၊
အကြောင်းရင်းကြီး ပါပေတည်း။

ဧတေန သစ္စဝဇ္ဇေန-ဤသို့နှုတ်သံ၊ ဖော်ထုတ်ပြန်၍၊
ဟုတ်မှန်စွာဆိုရသော ဤသစ္စာစကားကြောင့်။ (တုမှာကံ=
အိမ်သူအိမ်သား၊ အမှူးထား၍၊ စိတ်အားနက်လေး၊ နီး=
အဝေးမှ၊ စည်းဝေးရောက်လာ၊ ပရိတ်တရားနာအပေါင်း၊
သင်သူတော်ကောင်းတို့အား။) သဗ္ဗဒါ = နေ့ရောညပါ၊
ဘယ်ခါမယိမ်း၊ အခါခပ်သိမ်း။ သုဝတ္ထိ-ကိုယ်စိတ်နှစ်ဖြာ၊
ကြည်လင်သာ၍၊ ဗျာပါလွတ်ကင်း၊ ကျန်းမာခြင်း, ချမ်း
သာခြင်း, ဝမ်းသာခြင်း, လျှမ်းဖြာခြင်းဆိုတဲ့ မင်္ဂလာသည်။
ဟောတု-နေအရဏ်နှင့်၊ အလျဉ်းသင့်သဖြင့်၊ လင်းပွင့်ထို

လျှမ်း၊ ပဒုံပန်းသို့၊ ရှင်လန်းကြည်သာ၊ ဖြစ်ပေါ်တည့်တံ့၍ နေပါစေသတည်း။

အဓိပ္ပာယ်အကျဉ်း။ ။လူ့ပြည်, နဂါးပြည်, ဂဠုန်ပြည်, နတ်ပြဟ္မာပြည်တို့၌ ရှိနေကြသော ရတနာမှန်သမျှ ဘုရား တရား သံဃာ ရတနာနှင့်တူသော ရတနာမျှ ခုမျှမရှိချေ။ ဤသည်ကား ဘုရား တရား သံဃာ ရတနာသုံးပါး၏ အမြတ်ဆုံးသော ရတနာဟုသတ်မှတ်ရန် မှန်ကန်သောအကြောင်းရပ်ပေတည်း။ ဤသစ္စာစကားကြောင့် (သင်တို့အား) ချမ်းသာခြင်းဖြစ်ပါစေ။

မှာထားချက်။ ။မိမိအတွက် ရွတ်ဆိုသောအခါ လက်သည်းကွင်းအတွင်းရှိ တုမှာကံ-ပ-တို့အား—ဟူသောစကားအစား မယှံ-မြတ်ဘုရားနှင့်၊ တရားသံဃာ၊ ရတနာကို၊ သဒ္ဒါကြည်လင်၊ ပန်ဆင်ရှင်ပျော်၊ တပည့်တော်အား-ဟု ဆိုပါ။ ဤ ၄-ဂါထာသည် ရတနသုတ်တော်လာ ဂါထာများဖြစ်ကြ၏။ ရတနသုတ်တော်ကား ရောဂါဘေး, ဘီလူးဘေး,ငတ်မွတ်ဘေးတို့ကို ပယ်ဖျောက်၍ ချမ်းသာခြင်းသို့ရောက်စေနိုင်သော သုတ်တော်ဖြစ်၏။ ရတနသုတ်ကို ရွတ်ဖတ်ပူဇော်သောသူမှာ ရတနာရှိရာ ရတနာစု—ဟု ဆိုရိုးပြုကြသည့်အတိုင်း လောကီရတနာများလည်း တိုးပွားနိုင်ပေသည်။ ထို့ကြောင့် ရတနသုတ်တသုတ်လုံးကို ရအောင်ကျက်၍ ရွတ်ဆိုသင့်သည်။

တသုတ်လုံးမရနိုင်လျှင် ဤ ၃–ဂါထာကိုကား မရ ရအောင်ကျက်၍ အမြဲရွတ်ဆိုကြပါလေ။

တောအုပ်ပမာ ဓမ္မက္ခန္ဓာ

ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပထမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဂိမှာနံ–ဒေါင်းငွေ့စကြာ၊ သူရိယာ၏၊ ရောင်ဝါပြင်းပြုနွေလေးလတို့တွင်။ ပထမသ္မိံ ဂိမှေ–ရှေးဦးအစ၊ နွေကာလဖြစ်သော။ မာသေ–ရန့်သင်းထုံ၊ ရောင်ဆင်းစုံသည့်၊ ဖူးငုံပွင့်ချပ်၊ ပန်းရင်ခတ်တို့၊ ပွင့်လတ်ခါထူး၊ လ–တန်ခူး၌။ ဖုဿိတဂ္ဂေ–စွင့်စွင့်ကားကား၊ ပင်လုံးကျွတ်ပွင့်သော အဖျားရှိသော။ ဝနပ္ပဂုမ္ဗေ – ကြီးကျယ်ခမ်းနား၊ ပင်စုံပွား၍၊ မားမားမို့မို့၊ လေပြေတို့လျှင်၊ ယို့ယို့လှုပ်ယိုင်၊ ရဂုံမြိုင်ထီး၊ တောအုပ်ကြီးသည်။ (သဿိရိကော ယထာ–ရှန်းရှန်းအိအိ၊ တင့်တယ်လှပသော အသရေရှိသကဲ့သို့။)

တထူပမံ – ထိုတောအုပ်ကြီးသဖွယ်၊ ကြီးကျယ်ခမ်းနား၊ ဆန်းပြားနက်နဲလှသည့်၊ ကလျာဏသုံးပုံ၊ သာတ္ထ သဗျဉ္ဇန–စသောပန်းရနံ့တို့ဖြင့်၊ တကြိုင်ကြိုင်သင်းထုံ၍နေပေထသော၊ နိဗ္ဗာနဂါမိ°–ခန္ဓာကိုယ်ကြီး၊ လောင်စာမီးတို့၊ ပျက်စီးကုန်ငြိမ်း၊ ဒုက္ခသိမ်းရာ၊ နိဗ္ဗုတာသို့၊ လျင်စွာဆတ်ဆတ်၊ ရောက်စေတတ်သော။ဓမ္မဝရံ-သုံးပုံပိဋကတ်၊ ငါးရပ်နိကာယ်၊ ကိုးသွယ်အင်္ဂါ၊ ရှစ်သောင်းလေးထောင်၊ အမွန်ဆောင်သည့်၊ များမြောက်လှစွာ၊ ဓမ္မက္ခန္ဓာဟု၊ ဒေသနာအရပ်ရပ်၊ ကျယ်ဝန်းများပြားလှသော ပရိယတ္တိတရားတော်မြတ်ကို။ ပရမံ ဟိတာယ–ဝေနေယျများစွာ၊ သတ္တဝါတို့၊ ချမ်းသာစေဖို့၊ မြတ်သော လောကုတ္တရာအလို့ငှာ။ အဒေသယိ – ကရုဏာလှုံ့ဆော်၊ ရွှေညာဏ်တော်ဖြင့်၊ ထုတ်ဖော်ကျူးသီ၊ ဟောကြားတော်မူခဲ့လေပြီ။

ဗုဒ္ဓ–သုံးလူသင်းကျစ်၊ ဓမ္မရာဇ်မှန်ကူ၊ သယမ္ဘူထွတ်ထား၊ ရှင်တော်မြတ်ဘုရား၌။ ဣဒမ္ပိ ရတနံ – ရတနာဟု၊ သိသာရတုံ၊ ဤဂုဏ်တော်မြတ်သည်လည်း။ ပဏီတံ–ဆတက်ကဲချွန်၊ အလွန်အကြူး၊ ထူးမြတ်လှပါပေ၏။ ဧတေန သစ္စေန-သဒ္ဒါဝင်ပူး၊ နှုတ်လျှာမြူး၍၊ ချီးကျူးဖော်ကြား၊ ဤသစ္စာစကားကြောင့်။ (တုမှာကံ - မြတ်ရှင်ဟောကြား၊ မြတ်တရားကို၊ နာကြားကြည်ယုံ၊ ကျင့်ကြံထုံဖို၊ အာရုံယူကြ၊

သင်ဒကာ ဒကာမတို့အား။ သဗ္ဗဒါ-နှစ်လမကွက်၊ နေ့ရက်မခြား၊ နာရီမလစ်၊ မိနစ်မတန့်၊ စက္ကန့်မယိမ်း၊ အခါခပ်သိမ်း။) သုဝတ္ထိ-ချမ်းသာအမျိုးမျိုး၊ ကောင်းကျိုးအဖြာဖြာ၊ မင်္ဂလာအခန်းခန်း၊ စန်းလင်္ဂအထွေထွေ၊ ကျက်သရေအခင်းခင်း၊ ပြည့်စုံခြင်းသည်။ ဟောတု- မြတ်ဘုရားနှင့်၊ တရားတန်ခိုးတော်၊ လမ်းစဖော်သဖြင့်၊ အဟော်အစ္စရိ၊ အံ့ဘွယ်ရှိအောင်၊ တိတိပုံသေ၊ ဖြစ်ပေါ်တည်တံ့၍ နေပါစေသတည်း။

အဓိပ္ပာယ်အကျဉ်း။ ။နေ့လတို့တွင် ပထမဆုံးဖြစ်သော တန်ခူးလ၌ ပွင့်သော အဖျားရှိသော၊ တောအုပ်ကြီးတင့်တယ်သကဲ့သို့ ထိုတောအုပ်ကြီးနှင့် အလားတူသော ပရိယတ်တရားတော်မြတ်ကို အမြတ်ဆုံးနိဗ္ဗာန်အလို့ငှာ ဘုရားရှင်ဟောကြားတော်မူခဲ့သည်။ မြတ်စွာဘုရား၌ ရတနာဟုသိကြောင်းဖြစ်သော ဤဂုဏ်တော်သည်လည်း ထူးမြတ်လှပါပေ၏။ ဤသစ္စာစကားကြောင့် (သင်တို့) ချမ်းသာကြပါစေ။

မှာထားချက်။ ။မိမိအတွက် ရွတ်ဆိုခြင်းဖြစ်ပါက လက်သည်းကွင်းအတွင်းရှိ တုမှာကံ-ပ-တို့အား-ဟူသော စကားအစား မယုံ-ရှင်တော်ဟောကြား၊ မြတ်တရားကို၊ နာကြားကြည်ယုံ၊ ကျင့်ကြံထုံဖို့၊ အာရုံယူမြော်၊ ဘုရားတပည့်တော်အား

ဟု ရွတ်ဆိုပါ။ ဤဂါထာသည်လည်း ရတနသုတ်တော်လာ ဂါထာပင်ဖြစ်သည်။ ရအောင်ကျက်၍ ရွတ်ဖတ်နေပါက ပရိယတ်တရားတော်များကို သင်အံလေ့ကျက်နိုင်၍ ပရိယတ် အတိုင်း ကျင့်ကြံကာ နိဗ္ဗာန်အရောက် ခရီးပေါက်နိုင်ပေ သည်။

သိကြားပေးသော ဂါထာ

၁။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။
၂။ ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။
၃။ သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

ဣဓ—ပရိတ်တော်မြတ်၊ ရွတ်ဖတ်နေကြ၊ ဤဒေသ၌။ ဘုမ္မာနိ-မြေ၌ဆက်စပ်၊ အရပ်ရပ်၌ဖြစ်ကုန်သော။ ယာနိ ဘူတာနိ ဝါ-စတုမဟာ၊ ဝတ်ိသာနှင့်၊ ဆိုင်ရာပေါင်းစပ်၊ အကြင်နတ်တို့သည်လည်းကောင်း။ အန္တလိက္ခေ-ဟင်းလင်း အပြင်၊ ထက်ကောင်းကင်၌။ (နိဗ္ဗတ္တာနိ-ရှေးကံအဟုန်၊ တန်ခိုးဂုဏ်ကြောင့်၊ ကိုယ်လုံးပြည့်ဝ၊ ဖြစ်နေကြကုန်သော။)

ယာနိ ဘူတာနိ ဝါ- ယာမာစသား၊ အကြင်အထက်နတ်များတို့သည်လည်းကောင်း။ သမာဂတာနိ - ညီညာဖြိုးရောက်လာကြကုန်ပြီ။ (တေ မယံ-ညီညာဖြိုး ရောက်လာကြကုန်၊ ထိုအလုံးစုံသော အကျွန်ုပ်တို့သည်။) တထာဂတံ-ရှေးဘုရားတို့အတူ၊ ကြွလာတော်မူသော။ တထာဂတံ-သမထဝိပဿနာ၊ ဘာဝနာအစုံဖြင့်၊ သွားထိုက်သည်အားလျော်စွာ၊ ကိလေသာအသင်းအပင်းကို၊ ဖြတ်တောက်လျက်သွားရောက်တတ်သော။ တထာဂတံ - အတ္တဟိတ ပဋိပန္နပုဂ္ဂိုလ်တို့၊ သိထိုက်သည်အားလျော်စွာ၊ ထိုထိုမဂ်ဖြင့်သိတော်မူပြီးသော။ ဒေဝမနုဿပူဇိတံ-နတ်လူဗြဟ္မာ၊ သတ္တဝါတို့၊ လွန်စွာလေးမြတ်၊ ပူဇော်အပ်သော။ ဗုဒ္ဓံ = အရဟာတာ၊ အစလာသည့်၊ ကိုးဖြာဂုဏ်သခင်၊ ဘုရားရှင်ကို။ ဓမ္မံ= သွာက္ခာတတာ၊ အစလာသည့်၊ ခြောက်ဖြာဂုဏ်ပေါ်၊ တရားတော်ကို။ သံဃံ-သုပ္ပဋိပန္နတာ၊ အစလာသည့်၊ ကိုးဖြာဂုဏ်အောင်း၊ သံဃာတော်အပေါင်းကို။ နမဿာမ – ကိုင်းညွှတ်ရိုကျိုး၊ ဦးနှိမ်ချိုး၍၊ ရှိခိုးကန်တော့ပါကုန်၏။ (ဣမိနာပုညေန-ရတနတ္တယ၊ ဏာမျိုး၊ တန်ခိုးရှိန်စော်၊ အာနုဘော်ကြောင့်။ တုမှာကံ – ဘုရားတရား၊ သံဃာများကို၊ ကိုးစားကြတောင်း၊ သင်သူတော်ကောင်းတို့အား။) သုဝတ္ထိ-တင့်တယ်ဖို့ရန်၊ အတန်တန်ဖြင့်၊ ဘေးရန်ခပ်သိမ်း၊ အေးငြိမ်း

ခြင်းသည်။ ဟောတု–လိုအပ်သောဆု၊ အစုစုနှင့်၊ တခုမသွေ၊ ယခုကစ၍ ဖြစ်ပါစေသတည်း။

အဓိပ္ပာယ်အကျဉ်း။ ။ဘုမ္မဇိုဝ်း, ရုက္ခဇိုဝ်း, အာကာသဇိုဝ်းဖြစ်သော ငါတို့သည် နတ်လူဘို့ပူဇော်အပ်သော ဘုရား တရား သံဃာ ရတနာသုံးပါးကို ရှိခိုးကြပါကုန်၏။ (ဤကောင်းမှုကြောင့် သင်တို့တတွေ) ချမ်းသာကြပါစေ။

မှာထားချက်။ ။မြတ်စွာဘုရား ရတနသုတ်တော်ကို ဟောကြားရာ၌ သိကြားမင်းလည်း ပရိတ်နာနေ၏။ ခိဏံ ပုရာဏံ–ဂါထာတိုင်အောင် ဘုရားရှင် ဟောကြားပြီးသော အခါ သိကြားမင်းက ဤဂါထာ၃-ပုဒ်ကို ဆက်၍ ရွတ်ဆိုခဲ့၏။ ထို့ကြောင့် သိကြားပေးသော ဂါထာ–ဟု ဆိုလိုက်သည်။

မေတ္တာပို့ဂါထာ

၁။ ယေကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာဝနဝသေသာ။
ဒီဃာ ဝါ ယေဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

၂။ ဒိဋ္ဌာ ဝါ ယေဝ အဒိဋ္ဌာ၊
ယေဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာဝ သမ္ဘဝေသီဝ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၁။ အနုဝသေသာ–ကြွင်းမဲ့ဥဿုံ၊ အလုံးစုံကုန်သော။ ယေ တသာ ဝါ–ထိတ်လန့်တတ်ကြ၊ အကြင် ပုထုဇဉ်သေက္ခတို့သည်လည်းကောင်း။ ယေ ထာဝရာ ဝါ=မထိတ်လန့်ပဲ၊ ခိုင်မြဲတံ့တည်၊ အကြင် ရဟန္တာတို့သည်လည်းကောင်း။ ယေ ဒီဃာ ဝါ=ခန္ဓာကိုယ်ရှည်လျား၊ အကြင် သတ္တဝါများတို့သည်လည်းကောင်း။ ယေ မဟန္တာ ဝါ–ခန္ဓာကိုယ်ကြီးမား၊ အကြင် သတ္တဝါများတို့သည်လည်းကောင်း။ ယေ မဇ္ဈိမာ ဝါ–တိုရှည်မမှီး၊ မကြီးမငယ်၊ အရွယ်အလတ်စား၊ အကြင် သတ္တဝါများတို့သည်လည်းကောင်း။ ယေ ရဿကာ ဝါ-ပုက္ကနိမ့်တို၊ ခန္ဓာကိုယ်ရှိငြား၊ အကြင် သတ္တဝါများတို့သည် လည်းကောင်း။ယေ အဏုကာ ဝါ-သေးငယ်မှုန်မွှား၊ အကြင် သတ္တဝါများတို့သည်လည်းကောင်း။ ယေ ထူလာ ဝါ-ဝိုင်းစက်ဆူဖြိုး၊ အကြင် သတ္တဝါမျိုးတို့သည်လည်းကောင်း။

၂။ ယေ ဒိဋ္ဌာ ဝါ = တွေ့ကြုံဆုံဖူး၊ မြင်ဖူးကြငြား၊ အကြင် သတ္တဝါများတို့သည်လည်းကောင်း။ ယေ အဒိဋ္ဌာ ဝါ–မတွေ့ကြုံဖူး၊ မမြင်ဖူးငြား၊ အကြင် သတ္တဝါများတို့သည် လည်းကောင်း။ ယေ ဒူရေ ဝသန္တိ ဝါ–ရပ်ဝေးဌာန၊ နေကြစပ်ရာ၊ အကြင် သတ္တဝါတို့သည်လည်းကောင်း။ ယေ သန္တိကေ ဝသန္တိ ဝါ–အနီးဌာန၊ နေကြစပ်ရာ၊ အကြင် သတ္တဝါတို့သည် လည်းကောင်း။ ယေ ဘူတာ ဝါ=နောင်

မဖြစ်ရ၊ ဖြစ်ပြီးသာဖြစ်ကြရ၍၊ နောက်ဘဝမလာ၊ အကြင် ရဟန္တာတို့သည်လည်းကောင်း။ ယေ သမ္ဘဝေသိဝါ-နောင် ဖြစ်ရမည့်၊ ဘဝကိုရှာ၊ အကြင် ပုထုဇဉ်သေက္ခသတ္တဝါတို့ သည်လည်းကောင်း။ ယေ ကေစိ-စိုးစဉ်းတစိ၊ အကြွင်း အကျန်မရှိကုန်သော။ ပါဏဘူတာ - ထွက်သက်ဝင်သက်၊ ဤနှစ်ချက်နှင့်၊ စင်လျက်ဖြစ်လာ၊ အမျိုးမျိုးသော သတ္တဝါ တို့သည်။ အတ္ထိ=အမြင်အားဖြင့်၊ ထင်ရှားမသေ၊ ရှင်၍နေ ကုန်၏။ ဣဓမပိ သဗ္ဗသတ္တာ=ဒုကလေးဖြာ၊ တိကသုံးဖြာ ဖြင့်၊ ခုနစ်ဖြာစုံလား၊ ဤသတ္တဝါများတို့သည်လည်း၊ သုခိ တတ္တာ·ကျွန်ုပ်ခမတ္တာ၊ ရေသီတာကြောင့်၊ ချမ်းသာအေးမြ၊ ကိုယ်စိတ်နှစ်ပါး ရှိကြကုန်သည်၊ ငါနှင့်·သူတို့လည်းကောင်း၊ ကိုယ်လည်းကောင်းဟု၊ အကောင်းတွေ့စေ၊ ဖြစ်ကြပါစေ ကုန်သတည်း။

အမိပ္ပာယ်အကျဉ်း။ ။တသနှင့်ထာဝရ၊ ဒိဋ္ဌနှင့်အဒိဋ္ဌ၊ ဒူရနှင့်သန္တိက၊ ဘူတနှင့်သမ္ဘဝေသီ၊ ဒီဃ ရဿတို့နှင့် မဇ္ဈိမ၊ မဟန္တအဏုကတို့နှင့်မဇ္ဈိမ၊ ထူလအဏုကတို့နှင့် မဇ္ဈိမသတ္တဝါ မှန်သမျှ ချမ်းသာကြပါစေ။

မှာထားချက်။ ။မေတ္တာသုတ်တော်လာ မေတ္တာပို့ဂါထာ ဖြစ်၏။ အလွန်စုံလင်သော မေတ္တာပို့ဖြစ်၏။ ထို့ကြောင့် မြန်မာလင်္ကာဖြင့် ထပ်မံရေးသားပါမည်။ မေတ္တာသုတ်တော်

သည် ကျင့်ကြံအားထုတ်လျှင် မဆိုထားဘိ၊ ရွတ်ဖတ်ရုံမျှဖြင့် ပင် အန္တရာယ်ကင်းခြင်း, လူချစ်လူခင်ပေါများခြင်း, နတ်များ စောင့်ရှောက်ခြင်း–စသော ကောင်းကျိုးတရားများကို ရစေ နိုင်၏။ ထို့ကြောင့် မေတ္တာသုတ်ကို တသုတ်လုံးရအောင် ကျက်၍ အမြဲရွတ်ပါ။ တသုတ်လုံးမကျက်နိုင်လျှင် အထက် ပါ ၂–ဂါထာကိုမူ မရ ရအောင်ကျက်၍ ရွတ်ဆိုပါ။ နှုတ်က ရွတ်ဆိုသည့်အတိုင်း စိတ်ကလည်း ဝင်စားပါ။ ပါဠိကိုလုံးဝ မကျက်နိုင်ပါက အောက်ပါ မြန်မာလင်္ကာကို ကျက်မှတ် ရွတ်ဆို ဆုတောင်းပါ။

၁။ တသ, ထာဝရာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၂။ ဒိဋ္ဌ, အဒိဋ္ဌာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၃။ ဒူရ, သန္တိကာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၄။ ဘူတ, သမ္ဘဝါ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၅။ ဒီဃ, ရဿာ၊ မဇ္ဈိမာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၆။ မဟန္တ, အဏာ၊ မဇ္ဈိမာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၇။ ထူလ, အဏုကာ၊ မဇ္ဈိမာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

ရန်နှင် ဂါထာတော်

၁။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယောစာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိနာသမေန္တု။
၂။ ဓမ္မာနုဘာဝေန ဝိနာသမေန္တု။
၃။ သံဃာနုဘာဝေန ဝိနာသမေန္တု။

(သပ္ပုရိသာ-အန္တရာယ်ကင်း၊ ရန်စွယ်ရှင်း၍၊ ကောင်းခြင်းစဉ်ကာ၊ မင်္ဂလာကို၊ လွန်စွာလိုလား၊ အို-သူတော်ကောင်းများတို့။ တုမှာကံ-ပရိတ်တရားကို၊ စိတ်ထား သာရွှင်၊ သဒ္ဓါဝင်၍၊ နာချင်ကြငြား၊ သင်သူတော်ကောင်းများတို့၏။ သန္တာနေ-တွင်းပြင်မလပ်၊ အရပ်ရပ်ဉပစာ၊ အဖြာဖြာသော ကိုယ်တွင်းသန္တာန်တို့၌။) ယံ ဒုန္နိမိတ္တဉ္စ-အကြင်ကြီးမြင့်ပွားတိုး၊ ကောင်းကျိုးရောက်ခွင့်၊ မကြုံလင့်အောင်၊ မသင့်မတော်၊ ဖြစ်ပေါ်စေရေး၊ နိမိတ်ပေးသကဲ့သို့၊ စိတ်လေးစရာ၊ အဖြာဖြာသော အတိတ်ဆိုး နိမိတ်ဆိုးဟူသမျှ သည်လည်းကောင်း။ ယံ အဝမင်္ဂလဉ္စ-အကြင်မျက်စိအမြင်၊ နားတွင်အကြား၊ လွန်ဖောက်ပြားသဖြင့်၊ ချောက်ချား ထိတ်လန့်၊ စိတ်မသန့်စရာ၊ အနိဋ္ဌာအဖုံဖုံ၊ အာရုံဆိုးအဝဝ၊

အမင်္ဂလာဟူသမျှသည်လည်းကောင်း။ အမနာပေါ-လူတိုင်း နားတွင်၊ ကြားချင်အောင်၊ ကျယ်လောင်စူးရှား၊ လွန်ဆိုး ဝါးသဖြင့်၊ အများနှစ်လို၊ နားဝင်ချိစရာလည်း မရှိပေထ သော။ယော သကုဏာသ သဒ္ဒေါ စ-အကြင်ငှက်ဆိုးငှက်သွမ်း၊ ငှက်သရမ်းတို့၏၊ ကြမ်းတမ်းသော အော်မြည်သံဟူသမျှသည် လည်းကောင်း။ ယော ပါပဂ္ဂဟော စ-အကြင်မကောင်းဆိုး ဝါး၊ အကျိုးပွားမည့်၊ ဂြိုဟ်စားဂြိုဟ်အိပ်၊ ဂြိုဟ်ရိပ်ဂြိုဟ်နေ၊ ဂြိုဟ်မွေ့ဂြိုဟ်ဖျင်း၊ အစီးအနင်း ဟူသမျှသည်လည်းကောင်း။ အကန္တံ – ကြောက်စဖွယ် ထိတ်စဖွယ်၊ စိတ်ငယ်နွမ်းလျ၊ မချမ်းမြဖွယ်သော။ ယံ ဒုဿုပိနဉ္စ – အကြင်နတ်တွေ့လှည့် စား၊ ဓာတ်ချောက်ချားနှင့်၊ ရွှေဖျားအတိတ်၊ ကြောင်း နိမိတ်ကြောင့်၊ အိပ်စဉ်ခိုက်ခါ၊ ထင်မြင်လာသည့်၊ ခြင်းရာ အမျိုးမျိုး၊ အာရုံဆိုး အိမ်မက်ဆိုးဟူသမျှသည်လည်းကောင်း။ စေ အတ္ထိ-အကြောင်းအားလျော်စွာ၊ အကယ်၍များ ရှိနေ ခဲ့ကြပါကုန်ငြားအံ့။

တေ ဒုန္နိမိတ္တာဒယော-ဤဒုန္နိမိတ္တ၊ စ-သည်ကျုံးခြုံ၊ အလုံးစုံတို့သည်။ ဗုဒ္ဓါနုဘာဝေန စ-ဂင်္ဂါသဲတူ၊ ပွင့်တော်မူ သည့်၊ သုံးလူမျက်ရှု၊ သဗ္ဗညုတို့၏၊ အာနုဘော်ဟုန်၊ တန်ခိုး ဂုဏ်ကြောင့်လည်းကောင်း။ ဓမ္မာနုဘာဝေန စ-မဂ်ဖိုလ်နိဗ္ဗာန်၊ ဓမ္မက္ခန်ဟု၊ ဆယ်ထန်အကျော်၊ တရားတော်တို့၏၊ အာနု

ဘော်ဟုန်၊ တန်ခိုးတော်ဂုဏ်ကြောင့်လည်းကောင်း။ သံဃာ-နုဘာဝေန စ-မဂ္ဂဋ္ဌာန်လေးယောက်၊ လေးယောက်ဖလဋ္ဌာန်၊ ရှစ်တန်ထင်ပေါ်၊ အရိယာသံဃာတော်တို့၏၊ အာနုဘော်ဟုန်၊ တန်ခိုးတော်ဂုဏ်ကြောင့်လည်းကောင်း။ ဝိနာသမေန္တု-နေခြည်ထိကျောက်၊ နှင်းရေပေါက်သို့၊ သွေ့ခြောက်ပျက်ပြယ်၊ အန္တရာယ်မလား၊ ရောဂါများလည်း၊ ဝေးခြားစင်လွင့် ကြပါစေကုန်သတည်း။ (သုခမင်္ဂလာနိပိ-ကောင်းကျိုးချမ်းသာ၊ မင်္ဂလာကျက်သရေ၊ အစထွေထွေတို့သည်လည်း။) ဝဍ္ဎန္တု-တနေ့တခြား၊ တက်နေလားသို့၊ ပြန့်ပွားစည်ပင်ကြပါစေကုန်သတည်း။

အဓိပ္ပာယ်အကျဉ်း။ ။မကောင်းသော အတိတ်နိမိတ်၊ အမင်္ဂလာ၊ ငှက်ဆိုးထိုးသံ၊ ဂြိုဟ်စီးဂြိုဟ်နင်း၊ အိမ်မက်ဆိုးတို့သည် ဘုရား တရား သံဃာ ရတနာသုံးပါးတို့၏ အာနုဘော်ကြောင့် ကင်းပျောက်ကြပါစေ။

မှာထားချက်။ ။မိမိအတွက်ရွတ်ဆိုလိုပါက လက်သည်းကွင်းအတွင်းရှိ စကားများထဲမှ သပ္ပုရိသာ–ကို အကုန်ဖြုတ်ပစ်၍ တုမှာကံ=အစား မမ–ပရိတ်တရားကို၊ နုတ်ထား သာချို၊ သဒ္ဒါပို၍၊ ရွတ်ဆိုပျော်ပျော်၊ ဘုရားတပည့်တော်၏-ဟုဆိုပါ။ ဤဂါထာကား ပုဗ္ဗဏှသုတ်မှာလာသော ဂါထာဖြစ်

သည်။ ဘုရား တရား သံဃာ ရတနာသုံးပါး၏ အာနုဘော်ဖြင့် အတိတ်ဆိုး နိမိတ်ဆိုး-စသော အန္တရာယ်ရန်စွယ်တို့ကို နှင်ပစ်သောကြောင့် ရန်နှင်ဂါထာ-ဟု အမည်ပေးလိုက်သည်။ သံဃာတော်များ ပရိတ်ရွတ်တိုင်း ဤဂါထာပါမြဲဖြစ်၏။

နတ်မင်းကြီးလေးပါးဂါထာ

၁။ ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။

၂။ စတ္တာရော တေ မဟာရာဇာ၊ လောကပါလာ ယသဿိနော။
တေပိ တုမှေ နုရက္ခန္တု၊ အာရောဂျေန သုခေန စ။

၁။ ပုရတ္ထိမေန—မြင်းမိုရ်ဘောင်မှ၊ ငွေရောင်ထပ်ဟပ်၊ အရှေ့ချက်နှာအရပ်၌။ ဓတရဋ္ဌော-ဂန္ဓဗ္ဗနွယ်ရိုး၊ နတ်အမျိုးတို့ကို၊ အုပ်စိုးပိုင်နင်း၊ ဓတရဋ္ဌနတ်မင်းကြီးသည် လည်းကောင်း။ ဒက္ခိဏေန—မြင်းမိုရ်ဘောင်မှ၊ မြရောင်ထင်ဟပ်၊ တောင်မျက်နှာအရပ်၌။ ဝိရူဠှကော—ကုမ္ဘဏ်နွယ်ရိုး၊ နတ်အမျိုးတို့ကို၊ အုပ်စိုးပိုင်နင်း၊ ဝိရူဠှကနတ်မင်းကြီးသည် လည်းကောင်း။ ပစ္ဆိမေန-မြင်းမိုရ်တောင်မှ၊ ဖလ်ရောင်ထင်ဟပ်၊ မြောက်မျက်နှာအရပ်၌။ ဝိရူပက္ခော-နဂ္ဂါပနန္ဒ၊ စသည်ကျော်ဟိုး၊ နဂါးမျိုးတို့ကို၊ အုပ်စိုးပိုင်နင်း၊ ဝိရူပက္ခနတ်မင်းကြီးသည်လည်းကောင်း။ ဥတ္တရံဒိသံ—မြင့်မိုတောင်မှ၊ ရွှေရောင်ထင်ဟပ်၊ မြောက်မျက်နှာအရပ်၌။ ကုဝေရော-အာဠ

ဝက၊ စသည်ကျော်ဟိုး၊ ဘီလူးမျိုးတို့ကို၊ အုပ်စိုးပိုင်နိုင်း၊ ကုဝေရနတ်မင်းကြီးသည် လည်းကောင်း။ (သဒ္ဒိ-ဒေသနာ အဘန်တန်၊ ဟောခဲ့ဟန်ကြောင့်၊ အမှန်မသွေ၊ ထင်ရှားရှိ၍ နေကြပေကုန်၏။)

၂။ စတ္တာရော·သန့်ဘမှတ်သား၊ ကောန်းအားဖြင့်၊ လေးမျိုးလေးစား၊ လေးပါးသာဖြင့်ကုန်သော။ တေ မဟာရာ-ဇာ–တန်ခိုးတော်ဇာ၊ ဂုဏ်ဝါကျော်ပေါ်၊ ထိုစတုမဟာရာဇ်နတ်မင်းကြီးတို့သည်။ လောကပါလ–လောကစောင့်ကြ၊ သူအများကို၊ ထင်ရှားမသွေ၊ စောင့်ရှောက်တတ်ကြပေကုန်၏။ ယသဿိနော–ခြေရံသင်းပင်း၊ လုံးအရှင်နှင့်၊ လှန်မင်းစွာပြည့်စုံကြပေကုန်၏။ တေပိ မဟာရာဇာနော–တန်ခိုးကြီးမြတ်၊ ဂုဏ်ဒြပ်နှင့်၊ နှစ်ပေါ်ကျော်ကြား၊ ထိုစတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့သည်လည်း။ (တုမေ့·ကျွန်ုပ်တို့အတွင်း၊ ဒိဗ္ဗာဝင်းနေထိုင်၊ သုံးဆိုင်ရတနာ၊ ကိုးကွယ်ရာကို၊ လှန်စွာအားသား၊ သင်ဒကာ ဒကာမများတို့ကို။) အာရောဂေန စ-ကိုးဆယ့်ရှစ်ဖြာ၊ ဘေးရောဂါတို့၊ ဝေးကွာရှောင်ကွင်း၊ ကျန်းမာစေခြင်းဖြင့်လည်းကောင်း။ သုခေန စ – ကိုယ်စိတ်နှစ်ဖြာ၊ ကြည်လင်သာ၍၊ ပျော်ပါလွှတ်ကင်း၊ ချမ်းသာစေခြင်းဖြင့်လည်းကောင်း။ အနုရက္ခန္တု–ကရုဏာအား၊ မေတ္တာမွေးရှိ၊ အရေးယူကာ၊ စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

အစိပ္ပာယ်အကျဉ်း။ ။အရှေ့အရပ်၌ဓတရဋ္ဌနတ်မင်းကြီး, တောင်အရပ်၌ ဝိရူဠှကနတ်မင်းကြီး, အနောက်အရပ်၌ ဝိရူပက္ခနတ်မင်းကြီး, မြောက်အရပ်၌ ကုဝေရခေါ်ဝေဿဝဏ် နတ်မင်းကြီးတို့ နေထိုင်ကြ၏။ ထိုနတ်မင်းကြီးလေးပါးတို့ သည် လောကလူသားအပေါင်းကို စောင့်ရှောက်တတ်ကြ ၏။ အခြွေအရံ အသင်းအပင်း လွန်မင်းစွာပေါများကြ၏။ ထိုနတ်မင်းကြီးလေးပါးတို့သည် (သင်တို့ကို) ကျန်းမာ ချမ်းသာအောင် စောင့်ရှောက်ကြပါစေ။

မှာထားချက်။ ။နံပါတ် (၂) ဂါထာ၊ တတိယအပိုဒ်၌ မိမိတို့အတွက် ရွတ်ဆိုလိုပါက တုမှေ-အစား အမှေ-ဟု ပြင်၍ရွတ်ဆိုပါ။ အနက်ပေးရာ၌လည်း တုမှေ-ပဒ-တို့ကို အစား အမှေ - ဤအိမ်အတွင်း၊ မှီတင်းနေထိုင်၊ သုံးဆိုင် ရတနာ၊ ကိုးကွယ်ရာကို၊ လွန်စွာအားထား၊ တပည့်တော်များ တို့ကို-ဟု ပြင်၍ရွတ်ဆိုပါ။ ဤဂါထာသည် အာဋာနာဋိယ သုတ်၌လာသော ဂါထာဖြစ်သည်။ ဤဂါထာကို အမြဲရွတ် ဖတ်သောသူကို နတ်မင်းကြီးလေးပါး စောင့်ရှောက်၏။ သူတို့၏ စောင့်ရှောက်မှုကြောင့် တစ္ဆေသရဲပူးခြင်း, မြွေကင်း ကိုက်ခြင်း-စသော ဘေးရန်များမှ လွတ်ကင်း၍ ကျန်းမာ ချမ်းသာကြရ၏။ ထို့ကြောင့် ဤဂါထာကိုလည်း ရွတ်ဆိုသင့် လှပေသည်။

ချမ်းသာလမ်းညွှန် ဂါထာတော်

နာညတြ ဗောဇ္ဈာ တပသာ၊ နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။

(ဒေဝပုတ္တ - သောကငြိမ်းရာ၊ ကျင့်·နေရာကို၊ ဖွေရှာလျှောက်ထား၊ အို–နတ်သား။) ဗောဇ္ဈာ–သိသူအကြောင်း၊ သိကြောင်းအင်္ဂါ၊ ခုနစ်ဖြာအပြား၊ ဗောဇ္ဈင်တရားဟူသော။ တပသာ–ဗုဒ္ဓသာသနာ၊ ပေါ်သည့်ခါမှ၊ ပေါ်လာဆင့်ပေါင်း၊ အကျင့်ကောင်းကို။ အညတြ·မကျင့်မပွား၊ ကြဉ်ဖယ်ထား၍။ ပါဏိနံ·လူနတ်ဗြဟ္မာ၊ ငါသူတပါး၊ ယောကျ်ားမိန်းမ၊ စသည်ကြုံးခြုံ၊ လုံးစုံများစွာ၊ သတ္တဝါတို့၏။ သောတ္ထိံ - သောကပျောက်အေး၊ ငြိမ်းချမ်းရေးကို။ နပဿာမိ–သဗ္ဗညုတ၊ ဉာဏကွန်ယက်၊ ဖြန့်ကျက်စေစား၊ ရှာဖွေငြားလည်း၊ ထင်ရှားပိုင်ပိုင်၊ မတွေ့မမြင်နိုင်သည်သာတည်း။ ဣန္ဒြိယသံဝရာ·ဣဋ္ဌာရုံမှာ၊ ရာဂကွာ၍၊ အနိဋ္ဌာရုံကား၊ ဒေါသရှားအောင်၊ ခြောက်ပါးဣန္ဒြေ၊ စောင့်ရှောက်၍နေခြင်းကို။ အညတြ–၍။ ပါဏိနံ–တို့၏။ သောတ္ထိံ·ကို။ နပဿာမိ–တည်း။ သဗ္ဗနိဿဂ္ဂါ–ကိလေသာဟူက၊ မှုမျှအကြွင်း၊ မချန်ခြွင်းပဲ၊ ပယ်ရှင်းရာမှန်၊ အရဟတ္တဖိုလ်နိဗ္ဗာန်ကို။ အညတြ–၍။ ပါဏိနံ–တို့၏။ သောတ္ထိံ–ကို။ နပဿာမိ–တည်း။

အဓိပ္ပာယ်အကျဉ်း။ ။(အဖြောင်ဆိုလိုချက်) ဗုဒ္ဓနန္ဒ ခြောက်ပါးကို စောင့်စည်းလျက် ဗောဇ္ဈင်ခုနစ်ပါးကိုပွား ပြီး အရဟတ္တဖိုလ် နိဗ္ဗာန်ကိုရပြီးမှသာလျှင် သတ္တဝါတွေ တကယ်ချမ်းသာကို ရသည်မည်သည်။

မှာထားချက်။ ။သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ စာ မျက်နှာ ၅၂-၌ လာသည်။ သောကကင်းကြောင်း အကျင့်နှင့် သောကကင်းရာဌာနကို ရှာဖွေမေးမြန်းလာသည့်သုဗြဟ္မာနတ် သားအား ဘုရားရှင်က အဖြေပေးသော ဂါထာဖြစ်သည်။ အလွန်ကောင်းပါသည်။

ကိုယ်ပျောက် ဂါထာတော်

ဘဝေဝါဟံ ဘယံ ဒိသွာ၊ ဘဝဥ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိံ ကဥ္စိ၊ နန္ဒိဥ္စ န ဥပါဒိယိံ။

(အဟံ-သင်လိုထပ်တူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါတို့၏၊ ဆရာစင်စစ်၊ ဖြစ်တော်မူသော ငါဘုရားသည်။) ဘဝေ-ဖြစ်လျှင်ပျက်မြဲ၊ မလွဲတံထွာ၊ သံသရာနှောင်တွင်း၊ ထောင် အကျဉ်း၌။ ဘယံ-အိုနာသေရေး၊ ဒုက္ခဘေးမှ၊ စ၍ရန်စွယ်၊ အန္တရာယ်ဟု၊ ဘေးအစုကို။ ဒိသွာ ဧကောင်းစွာပိုင်နှင်း၊ သိမြင်တော်မူခြင်းကြောင့်သာလျှင်။ ဘဝဥ္စ-ကာမ,ရူပ၊ အရူ ပဟု၊ လောကသုံးဘုံ၊ အလုံးစုံကိုလည်းကောင်း။ ဝိဘဝေ-

သိနံ–ဘဝကင်းရာ၊ ရှာကြံပါလည်း၊ သုံးဖြာဘဝ၊ ကျင်လည်ရသည့်၊ များလှသောင်းသောင်း၊ သတ္တဝါအပေါင်းကိုလည်းကောင်း။ ဒိသွာ–ဆုံးစကုန်စင်၊ သိမြင်တော်မူသည်ဖြစ်၍။ ကဉ္စိ ဘဝံ–လူ့ဘုံနတ်ဘုံ၊ ဗြဟ္မာ့ဘုံဟု၊ သုံးဘုံဌာန၊ တစုံတခုသောဘဝကို။ နာဘိဝဒိံ-စုံစုံမက်မက်၊ နှစ်သက်ခင်မင်၊ လိုချင်တောင့်တတော်မမူ။ နန္ဒိံ စ–လူ့ဘုံ နတ်ဘုံ၊ ဗြဟ္မာ့ဘုံဝယ်၊ စုံစုံမက်မက်၊ နှစ်သက်တွယ်တာ၊ ဘဝတဏှာကိုလည်း။ န ဥပါဒိယိံ–စွဲလမ်းလွတ်ကင်း၊ အမြစ်ရင်းက၊ အလျဉ်းပြတ်စေ၊ ဖြတ်တောက်တော်မူခဲ့ပါပေသတည်း။

အဓိပ္ပာယ်အကျဉ်း။ ။ငါသည် ဘဝသုံးပါး၌ ဘေးရန်ကိုလည်းကောင်း, ဘဝသုံးပါးကိုလည်းကောင်း, ဘဝကင်းရာရှာကြံပါလည်း ဘဝ၌သာ ထပ်ခါထပ်ခါ ဖြစ်နေရသော သတ္တဝါအပေါင်းကို လည်းကောင်း မြင်ရသောကြောင့် မည်သည့်ဘဝကိုမျှ မလိုချင်၊ ဘဝကို တွယ်တာတတ်သော တဏှာကိုလည်း ဖြတ်တောက်ခဲ့ပြီးပေပြီ။

မှာထားချက်။ ။မူလပဏ္ဏာသ၊ ဗြဟ္မနိမန္တနိကသုတ်၌ လာသည်။ ဗကဗြဟ္မာကြီးနှင့် ကိုယ်ရောင်ဖျောက်ပြိုင်ပွဲ၌ ဘုရားရှင်က မိမိအလှည့်ရောက်သောအခါ ဗကဗြဟ္မာကြီး၏ မျက်ခုံးမွေးပေါ်မှာ ကိုယ်ရောင်ဖျောက်လျက် စင်္ကြံလျှောက်ရင်း ရွတ်ဆိုသော ဂါထာဖြစ်သည်။ ထို့ကြောင့် ဤဂါထာ

ကို ရှုတ်ဆိုနေသူကို ကိုယ်ရောင် ပျောက်နေသကဲ့သို့ ဖြစ်၍ ရန်သူများက မမြင်နိုင်=ဟု အယူရှိကြသည်။

စည်းချ ဂါထာတော်

သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ဗလပ္ပတ္တာ–ဘယ်ဘက်ကပြိုင်ပြိုင်၊ အနိုင်ကိုသာလှန်ခွင်း၍၊ မှန်ကင်းဗိုလ်ချုပ် ဥက္ကဋ္ဌပါတကားဟူ၍၊ အများတကာ တင်လောက်အောင်၊ အားတကာဘုရင် ဖြစ်တော်မူကြပေကုန်သော။ သဗ္ဗေ–ပါရမီကြီးရင့်သဖြင့်၊ ထီးအမြင့်စခန်း၊ နိဗ္ဗာန်နန်းသို့၊ ကြွမြန်းကြအဖုံဖုံ၊ ရေတွက်၍မကုန်နိုင်အောင်၊ အလုံးစုံမမှတ်သားနိုင်ဘူး၊များပြားတော်မူကြပေကုန်သော။ ဗုဒ္ဓါ စ–သစ္စာလေးဦး၊ ခိုင်ညွန့်ဖူးကို၊ ဆွတ်ခူးမြိုင်မြိုင်၊ လှမ်းချေကိုင်သည့်၊ ကိုယ်တိုင်သိမြင်၊ ဘုရားရှင်ကိုယ်တော်ကြီးတို့သည် လည်းကောင်း။ ပစ္စေကာနဉ္စ – သာသနာပ၊ ခါကာလ၌၊ ပွင့်ကြသီးခြား၊ ပစ္စေကဗုဒ္ဓါ မြတ်ဘုရားတို့သည် လည်းကောင်း။ အရဟန္တာနဉ္စ=ဆယ်တန်ကိလေ၊ တိချေပယ်ခွာ၊ ရဟန္တာအရှင်ကောင်း အရှင်မြတ်ကြီးတို့သည်လည်းကောင်း။ ယံ ဗလံ – အကြင် ကိုယ်အားတော်ဆယ်တန်၊ ဉာဏ်အားတော်ဆယ်ပါးနှင့်၊ ခါမခြားကုံလုံ၊ ပြည့်စုံတော်

မှုသောအဖြစ်သို့။ ပတ္တာ=အကြောင်းပါရမီ၊ စုံပြည့်ညီသဖြင့်၊ သာကြည်ရှင်ပျ၊ ဆိုက်ရောက်တော်မူကြလေကုန်ပြီ ။

တေသံ ဗလပ္ပတ္တာနံ - ကိုယ်အားတော်ဆယ်တန်၊ ဉာဏ်အားတော်ဆယ်ပါးနှင့်၊ ခါမခြားကုံလုံ၊ ပြည့်စုံတော်မူတောင်း၊ ထိုဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်ကောင်းတို့၏။ တေဇေန-သံတိုင်သံသွား၊ သံတံခါးသို့၊ ရန်များကိုကာ၊ ဘေးပေါင်းခွာသည့်၊ မဟာတေဇော်၊ မေတ္တာတော် အာနုဘော်အားဖြင့်။ ရက္ခံ–ရန်လာလျှင်ဝေး၊ ဘေးလာလျှင်ဖြတ်၊ ဥပဒ်ဆိုလျှင်ကာကွယ်၊ အန္တရာယ်ကိုပယ်ဖျောက်၊ ထူးမြတ်သော အစောင့်အရှောက်ကို။ ဗန္ဓာမိ–စိတ်ဓာတ်ကြည်ယုံ၊ ဘေးရန်လုံဖို့၊ ဝိုင်းအုံပိတ်ကာ၊ ဖွဲ့သားလိုက်ပါပေသတည်း။

အနက်ပေးပုံတနည်း။

သဗ္ဗေ=ခပ်သိမ်းဥဿုံ၊အလုံးစုံကုန်သော၊ဗုဒ္ဓါ·ဂင်္ဂါဝါဠု၊ သဲစုအတူ၊ ပွင့်တော်မူသည့်၊ သုံးလူထွတ်ထား၊ ရှင်တော်မြတ်ဘုရားတို့သည်။ (ယံ) ဗလံ-ကိုယ်အားဉာဏ်အား၊နှစ်မျိုးအားဖြင့်၊ ဟောကြားဖွင့်လတ်၊အကြင်အားတော်မြတ်သို့။ ပတ္တာ-ပါရမီဆယ်ပါး၊ သုံးပါးစရိယာ၊ ငါးဖြာစာဂ၊ ပြည့်စုံကြသဖြင့်၊ မှုချထင်ပေါ်၊ ဆိုက်ရောက်တော်မူကြလေကုန်ပြီ။ ပစ္စေကာနဉ္စ-သာသနာပ၊ ခါကာလ၌၊ပွင့်ကြသီးခြား၊ပစ္စေကဗုဒ္ဓါမြတ်ဘုရားတို့၏လည်းကောင်း။ အရဟန္တာနဉ္စ-ဆယ်တန်

ကိလေ၊ တိဒ္ဓေပယ်ခွာ၊ ရဟန္တာအရှင်ကောင်း အရှင်မြတ်ကြီး တို့၏လည်းကောင်း။ ယံ ဗလံ-ကိုယ်အားဉာဏ်အား၊ နှစ်မျိုး အားဖြင့်၊ဟောကြားဖွင့်လတ်၊ အကြင်အားတော်မြတ်သည်။ (အတ္ထိ-အနုဗုဒ္ဓ၊ ဖြစ်ကုန်သဖြင့်၊ဗုဒ္ဓနည်းတူ၊ ထင်ရှားရှိတော် မူပေ၏။) (တဿ ဗလဿ-ဘုရား,ပစ္စေကာ၊ရဟန္တာတို့၊ကိုယ် မှာစွဲကပ်၊ ထိုနှစ်ပါးသော အားတော်မြတ်၏။) တေဇေန= အားဖြင့်။ ရက္ခံ-ကို။ ဗန္ဓာမိ-သတည်း။

အဓိပ္ပာယ်အကျဉ်း။ ။ဘုရားရှင်တို့သည် အကြင် အား တော်သို့ ရောက်တော်မူကြ၏။ ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာအရှင် မြတ်တို့၏ အကြင်အားတော်ရှိ၏။ (ထိုအားတော်သုံးပါး၏) တန်ခိုးတော်ဖြင့် အလုံးစုံသော အရပ်မျက်နှာများမှ အစောင့်အရှောက်ကို ဖွဲ့ထားလိုက်ပါ၏။

မှာထားချက်။ ။ပထမအနက်ကို သဒ္ဒါနည်းအရ သဘောမကျလှ၍ ဒုတိယတနည်း အနက်ပေးလိုက်သည်။ ဒုတိယနည်း၌ ဗလပ္ပတ္တာ-ကို ဗလံ+ပတ္တာ-ဟု ခွဲလိုက်၍ ဗလံ-တွင် ယံ-ဟူသော အနိယမထည့်သွင်းပေးထားသည်။ အခြားသော စည်းချဂါထာများ၏ အနက်ကိုလည်း နည်းမှီ၍ ပေးနိုင်လောက်ပါပြီ။ ဤဒုတိယအနက်ကို ကြိုက်နှစ်သက် ပါလျှင် ပစ္စေကာနဉ္စ ယံဗုဒ္ဓိံ-စသည်၌ယံဗုဒ္ဓိံ-စသည်အစား (ယာ ဗုဒ္ဓိ၊ ယော တေဇော၊ ယော ဇယော၊ ယော

လာဘော၊ ယော ဘောဇော၊ ယော ယသော၊ ယာ သိရီ)ဟု ပြင်နိုင်ရမည်။ သို့မှသာ ရှေ့နှင့်နောက် အမြီးအမောက်တဲ့မည်။ ပါဠိပညာရှင်များအတွက်သာ ဖြစ်ပါ၏။

ရှင်သူငယ်ပရိတ်ခေါ် သိရသို့ဂါထာတော်

သိရသို့ (ဘေ)ဗုဒ္ဓသေဋ္ဌော၊ သာရိပုတ္တော စ ဒက္ခိဏော။
ဝါမအံသေ မောဂ္ဂလာနော၊ ပုရတော ပိဋ္ဌကတ္တယံ။
ပစ္ဆိမေ (တဝ) အာနန္ဒော၊ စတုဒ္ဒိသာ ခိဏာသဝါ။
သမန္တာ လောကပါလာစ၊ ဋ္ဌန္တာ ဒေဝါ သပြဟ္မကာ။
ဧတေသံ အာနုဘာဝေန၊ သဗ္ဗေ ဘယဉပဒ္ဒဝါ။
အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

(မိမိအတွက် ရွတ်ဆိုရာ၌ ဘေ-အစား မေ-ဟူ၍လည်းကောင်း တဝ-အစား မမ-ဟူ၍လည်းကောင်း ပြင်၍ရွတ်ဆိုပါ။)

ဗုဒ္ဓသေဋ္ဌော = သုံးဘုံလုံးနတ်၊ သုံးရပ်မှန်ကူ၊ သသတ္တူ ထွတ်ထား၊ ရှင်ဘော်မြတ်ဘုရားသည်။ ဘေ–တုမှာကံ-အိမ်သူအိမ်သား၊ အိမ့်ရှင်များနှင့်တကွ၊ စိတ်အားနက်လေး၊ အနီးအဝေးမှ၊ စည်းဝေးရောက်လာ၊ ပရိတ်တရားနာ အပေါင်း၊ သူတော်ကောင်းတို့၏။ (မိမိအတွက်ဖြစ်လျှင် မေ-ရတနာသုံး၊

ပုလဲကုံးကို၊ စွဲသုံးပန်ဆင်၊ အစဥ်လေးစား၊ တပည့်တော်များ ၏-ဟု ဆိုပါ)။ သိရသို-ခက်မငါးဖြာ၊ ကိုယ်အင်္ဂါတွင်၊ မင်္ဂလာထွတ်ဆောင်း၊ မြတ်ဦးခေါင်း၌။ တိဌတု - သနား ကရုဏာ၊ မေတ္တာတော်မိုး၊ ရွာသွန်းဖြိုးလျက်၊ ကိုးကွယ် ချီးပ၊ ပူဇော်ရအောင်၊ ကြွလာတည်စံတော် မူပါစေ သတည်း။

သာရိပုတ္တော စ-လက်ျာတော်ရံ၊ ဉာဏ်ပညာ အရာ၌ ဧတဒဂ်ရ၊ ဓမ္မသေနာပတိ၊ ရာထူးရှိသည့်၊ သာရိပုတ္တရာ၊ မည်သာထင်ပေ၊ မထေရ်ကျော်ကြီးသည်လည်း။ ဒက္ခိဏေ- မြတ်စွာဘုရား၊ ထံတော်ပါး၀ယ်၊ ခစားမြဲထုံး၊ လက်ျာဘက် ပခုံး၌။ တိဌတု-ဘေးဒဏ်ရန်များ၊ ပျောက်ကွယ် သွား အောင်၊ ဟန့်တားသည့် အနေဖြင့်၊ တန့်နားတည်နေ ပါစေ သတည်း။ မောဂ္ဂလာနော စ-ဣဒ္ဓိမန္တ၊ ဒုတိယဧတဒဂ်၊ လွန် ထက်မြက်သည့်၊ လက်ဝဲတော်ရံ၊ အရှင် မဟာမောဂ္ဂလာန် မထေရ် မြတ်ကြီးသည်လည်း။ ဝါမအံသေ-မြတ်စွာဘုရား၊ ထံတော်ပါး၀ယ်၊ ခစားမြဲထုံး၊ လက်ဝဲဘက်ပခုံး၌။ တိဌတု- တည်ပါစေသတည်း။

ပိဋ္ဌကတ္တယံ-အင်္ဂါကိုးသွယ်၊ နိကာယ်ငါးရပ်၊ ပိဋကတ် သုံးပုံ၊ အလုံးစုံသည်။ ပုရတော-လက်အုပ်အဥ္ဇလီ၊ တင်ချီ ခြင်းငှာ၊ သင့်လျော်စွာသည့်၊ မဟာနဖူး၊ ရှေ့စူးစူး၌။

(အာဂန္တွာ ယုဂန်တောင်ထက်၊နေလစုံထွက်သကဲ့သို့၊ ဓမ္မစက် ဒေသနာ၊ ပေါ်ထွန်းလာ၍။) တိ၌တု – ဉာဏ်အလင်းပြ၊ မှောင်ကင်းပအောင်၊ ကြွလာတည်စံတော် မူပါစေသတည်း။ တဝ,တုမှာကံ - ဤအိမ်အတွင်း၊ မှီတင်းနေကြ၊ ဒကာဒကာမ အပေါင်း၊ သင်သူတော်ကောင်းတို့၏။ (မိမိအတွက်ဖြစ်လျှင်- မမ-ရတနာသုံး၊ ပုလဲကုံးကို၊ စွဲသုံးပန်ဆင်၊ အစဉ်လေးစား၊ တပည့်တော်များ၏-ဟု ဆိုပါ)။ ပစ္ဆိမေ-ရှေ့အရပ်နှင့်၊ သမ သတ်ဖီလာ၊ နောက်မျက်နှာ အရပ်၌။ အာနန္ဒော-ဗဟုသုတ၊ စသည်တေဇာ၊ ပွားတက်အစဉ်၊ ငါးချက်တင်သည့်။ အရှင် အာနန္ဒာ ကိုယ်တော်မြတ်ကြီးသည်လည်း။ တိ၌တု-မြတ်စွာ ဘုရား၊ နောက်တော်ပါးက၊ ခစားမြဲအနေ၊ ကြွလာတည်စံ တော် မူပါစေသတည်း။

ဥတ္တရသ္မာ–အရှေ့အနောက်၊ တောင်မြောက် ဝဲယာ၊ အရပ်လေးမျက်နှာမှ။ (အာဂန္တွာ-ငရိတ်တရားနာ အပေါင်း၊ သင် သူတော်ကောင်းတို့အား။ (မိမိအတွက်ဖြစ်လျှင်-အကျွန်ုပ် အား-ဟုဆိုပါ) သနားကရုဏာ၊ မေတ္တာတော်ခြုံ၊ ကြွရောက် တော် မူလာကြကုန်၍။) ခီဏာသဝါ - ကာမာသဝ၊ စသည် ကုန်းခန်း၊ လွန်အေးချမ်းသည့်၊ ရဟန္တာအရှင်ကောင်း အရှင် မြတ်ကြီး တို့သည်လည်း။ တိ၌န္တု-သင့်ရာ သင့်ရာ၊ သံဃာ တော်ချင်း၊ ငပ်လျဉ်းပေါင်းဆုံ။ တည်စံတော် မူကြပါစေ

ကုန်သတည်း။ သမန္တာ-မြေပြင် ရေပြင်၊ ဝေဟင်မကြွင်း၊ ခပင်းပတ်ချာ၊ အရပ်မျက်နှာမှ။ သဗြဟ္မကာ – အရိယာ ပုထုဇဉ်၊ ဈာန်ယာဉ်စက်စီး ဗြဟ္မာကြီးတို့နှင့်တကွ။ ဣန္ဒာ– ဒေဝါဇ-နတ်နှစ်ပြည်စိုး၊ တန်ခိုးကြီးမြတ်၊ သိကြားနတ်တို့ သည်လည်းကောင်း။ လောကပါလာ စ·သာသနာတော်ရေး၊ လောကရေးကို၊ အလေးဂရု၊ ကြံတွေးပြု၍၊ ကြည့်ရှုစောင့် ငြား၊ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့သည် လည်း ကောင်း။ တိဋ္ဌန္တု-ရတနာတော်မြတ်၊ သုံးလူ့နတ်ကို၊ ဆည်း ကပ်ခစား၊ မနောသွားဖြင့်၊ ထင်ရှားစုဆုံ၊ တည်စံတော်မူကြ ပါစေကုန်သတည်း။

ဧတေသံ-ဧဘနာသုံးပါး၊ သိကြားဗြဟ္မာ၊ နတ်များစွာ တို့၏။ အာနုဘာဝေန–တန်ခိုးရှိန်စော်၊ မေတ္တာတော် အာနု ဘော်ကြောင့်။ သဗ္ဗေ–ကြွင်းမဲ့ဥဿုံ၊ အလုံးစုံလည်းဖြစ်ကြပေ ကုန်သော။ ဘယဉပဒ္ဒဝါစ- နှစ်ဆယ့်ငါးပါးသောဘေးဘယ၊ တဆယ့်ခြောက်ဝသော ဥပဒ္ဒဝေါတို့သည် လည်းကောင်း။ အနေကအန္တရာယာပိ - တပါးမက၊ များလှသွယ်သွယ်၊ အန္တရာယ်အပေါင်း၊ မကောင်းသော အနှောင့်အယှက် ဟူသမျှ တို့သည်လည်းကောင်း။ အသေသတော - လက်နက် ဝရဇိန်၊ စက်ပုဆိန်ဖြင့်၊ တရှိန်တည်းချင်း၊ ရန်ပုံခွင်းသကဲ့သို့၊ အကြွင်းအကျန် မရှိသောအားဖြင့်။ ဝိနဿန္တု-သဲင်တို့

သန္တာန် (မိမိအတွက်ဖြစ်လျှင် ကျွန်ုပ်သန္တာန်=ဟု ဆိုပါ။) တဖန်အသစ်၊ တရံခေတ်မျှ၊ မဖြစ်လုံးလုံး၊ ကိစ္စတုံးအောင်၊ ပျက်သုဥ်းကင်းပျောက်ကြပါစေ ကုန်သတည်း။

အဓိပ္ပာယ်အကျဉ်း။ ။သင်တို့၏ (ကျွန်ုပ်၏) ဦးခေါင်းထက်၌ မြတ်စွာဘုရား, လကျ်ာဘက်ပခုံး၌ အရှင်သာရိပုတ္တရာ, လက်ဝဲဘက်ပခုံး၌ အရှင်မောဂ္ဂလာန်, ရှေ့ဘက်၌ ပိဋကတ်သုံးပုံ, နောက်ဘက်၌ အရှင်အာနန္ဒာ, အရပ်လေးမျက်နှာ၌ ရဟန္တာပုဂ္ဂိုလ်များ, ပတ်ပတ်လည်မှာ သိကြားဗြဟ္မာများနှင့် အခြားနတ်များ တည်နေကြပါစေ။ ထိုဘုရား တရား သံဃာ ဗြဟ္မာ သိကြား နတ်အများတို့၏ အရှိန်အဝါကြောင့် အားလုံးသော ဘေးဥပဒ္ဒဝေါများ, များစွာသော အန္တရာယ်များ အကြွင်းအကျန်မရှိ ပျောက်ကင်းကြပါစေသော်ဝ်။

မှာထားချက်။ ။ဤဂါထာတော်ကို ရှင်သူငယ်ပရိတ်-ဟုလည်း ခေါ်ကြသည်။ နာမည်ကျော်ကြား လူသိများသော ဂါထာဖြစ်၏။ တကယ့်သဒ္ဓါစိတ်ဖြင့် ဘုရား-စသည်တို့ကို မိမိ၏ ခန္ဓာကိုယ်နှင့် ပတ်ဝန်းကျင်မှာ ပင့်ဖိတ်ခေါ်ဆောင်ထားသောကြောင့် အန္တရာယ်များကင်းပျောက်၍ ချမ်းသာရောက်ရသည်=ဆိုသည်မှာ သဘာဝကျပါသည်။ ထို့ကြောင့် အမြဲရွတ်ဆိုပါလေ။

မေတ္တာပို့ဂါထာ

၁။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။
၂။ သဗ္ဗဓမ္မာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။
၃။ သဗ္ဗသံဃာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။
(မိမိအတွက်ဖြစ်လျှင် သဒါ သုခီ ဘဝန္တု တေ–ကို သဒါ သုခီ ဘဝါမဟံ-ဟု ပြင်ပါ။)

သဗ္ဗမင်္ဂလံ-သဗ္ဗမင်္ဂလာနိ·စည်းစိမ်ကျက်သရေ၊ စိန်ရွှေငွေနှင့်၊ ခြွေရွှေသင်းပင်း၊ ကျော်စောခြင်းအစ၊ အလုံးစုံသော ကောင်းကျိုးချမ်းသာ၊ မင်္ဂလာဟူသမျှတို့သည်။ ဘဝတု–ဘဝန္တု=နေ့တိုင်း ညတိုင်း၊ ခါမဆိုင်းပဲ၊ မှန်းတိုင်းမသွေ၊ ဖြစ်ထွန်းပေါ်၍ လာကြပါစေကုန်သတည်း။ သဗ္ဗဒေဝတာ–အာကာသဋ္ဌ၊ ဘူမဋ္ဌနှင့်၊ ရုက္ခဒေဝါ၊ သမ္မာဒေဝ၊ နတ်လူနတ်ကောင်း၊ နတ်အပေါင်းတို့သည်။ ရက္ခန္တု–ရင်သွေးပမာ၊ ကရုဏာဖြင့်၊ ရှုကာရွေးကောက်၊ ဘေးမရောက်ရလေအောင်၊ စောင့်ရှောက်ကယ်မ၊ ကူညီကြပါစေကုန်သတည်း။

သဗ္ဗဗုဒ္ဓါနုဘာဝေန စ·ဂင်္ဂါသဲတူ၊ ပွင့်တော်မူသည့်၊ သုံးလူမျက်ရှု၊ အလုံးစုံသောသဗ္ဗညုတို့၏၊ အာနုဘော်ဟုန်၊ တန်ခိုးတော်ဂုဏ်ကြောင့် လည်းကောင်း။ သဗ္ဗဓမ္မာနုဘာဝေန စ=မင်္ဂလေးတန် ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ်၊ မြတ်ထက်

မြတ် ကျော်ထက်ကျော်၊ အလုံးစုံသော တရားတော်တို့၏၊ အာနုဘော်ဟုန်၊ တန်ခိုးတော်ဂုဏ်ကြောင့် လည်းကောင်း။ သဗ္ဗသံဃာနုဘာဝေန စ-မဂ္ဂဋ္ဌာန်လေးယောက်၊ လေးယောက်ဖလဋ္ဌာန်၊ ရှစ်တန်အရိယာ၊ အလုံးစုံသော ထေရ်သံဃာတို့၏၊ အာနုဘော်ဟုန်၊ တန်ခိုးတော်ဂုဏ်ကြောင့် လည်းကောင်း။ တေ-တုမှေ-မြတ်ဓမ္မပရိတ်တော်ကို၊ ရွှင်ပျော်ပျော်စိတ်ထား၊ ထင်ပေါ်ပေါ်သဒ္ဓါတရားဖြင့်၊ နာကြားစုပေါင်း၊ သင်ဒကာဒကာမအပေါင်းတို့သည်။ (မိမိအတွက်ဖြစ်လျှင် အဟံ-ပရိတ်တော်မြတ်၊ အရပ်ရပ်ကို၊ ရွတ်ဖတ်ရွှင်ပျော်၊ ဘုရားတပည့်တော်သည်-ဟု ဆိုပါ။) သဒါ-နှစ်, လမကွက်၊ နေ့ရက်မခြား၊ နာရီမလစ်၊ မိနစ်မတန့်၊ စက္ကန့်မတိမ်း၊ အခါခပ်သိမ်း။ သုခီ-ကိုယ်စိတ်နှစ်ဖြာ၊ ကြည်လင်သာ၍၊ ဗျာပါမငြိ၊ ကျန်းမာခြင်း, ချမ်းသာခြင်း, ဝမ်းသာခြင်း, လျှမ်းဖြာခြင်းရှိကြကုန်သည်။ (မိမိအတွက်ဖြစ်လျှင် သုခီ-ပ-လျှမ်းဖြာခြင်းရှိသည်-ဟု ဆိုပါ။) ဘဝန္တု-ဘဝထ-ဤနေ့ကစ၍၊ နိဗ္ဗာန်ရောက်ရတဲ့ဘဝတိုင်အောင်၊ ပွင့်သစ်စပန်း၊ ဆန်းတက်စ လ-ပမာလို၊ ဘေးဘယာတွေသည်၊ သွေ့ကွာကာ ကွင်းကျွတ်အောင်၊ ကင်းလွတ်ကာ ဖြစ်ကြပါစေကုန်သတည်း။ (မိမိအတွက်ဖြစ်လျှင် ဘဝါမိ-ဤနေ့ကစ၍။ပ။ ကင်းလွတ်ကာ ဖြစ်ရပါလို၏အရှင်ဘုရား-ဟု ဆိုပါ။)

အဓိပ္ပာယ်အကျဉ်း။ ။ဘုရား, တရား, သံဃာ ရတနာသုံးပါး၏ အရှိန်အဝါတော်ကြောင့် မင်္ဂလာဟူသမျှ ဖြစ်ပါစေ။ နတ်အားလုံးက စောင့်ရှောက်ကြပါစေ။ သတ္တဝါအားလုံး ချမ်းသာကြပါစေ။

မှတ်ထားချက်။ ။ပုဗ္ဗဏှသုတ်၌လာသော ဂါထာဖြစ်သည်။ မင်္ဂလာရှိလိုသူဘိုင်း, နတ်တို့၏ အစောင့်အရှောက်ကို ခံယူလိုသူတိုင်း, ချမ်းသာလိုသူတိုင်း ရွတ်ဆိုသင့်သည်။

ကရုဏာပို့ဂါထာ

ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊ ဘယပ္ပတ္တာ စ နိဗ္ဗယာ။
သောကပ္ပတ္တာ စ နိသောကာ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။

ဒုက္ခပ္ပတ္တာ-သည်းအူလိုက်လှဲ၊ မီးပူစွဲမျှ၊ အမြဲလောင်တောက်၊ ဆင်းရဲခြင်းသို့ရောက်နေကြကုန်သော။ သဗ္ဗေပိ-ကောင်းကင်မြေလုံး၊ ရေပြင်ဆုံးအောင်၊ သိမ်းကျုံးဝန်းအုံ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော-သံသရာဝဋ်၊ မကွဲမကျွတ်ရှိ၊ မလွတ်သမျှ၊ ဘုံဘဝ၌၊ ကြုံရများစွာ၊ သတ္တဝါတို့သည်။ နိဒ္ဒုက္ခာ စ-ဝရဇိန်ဖောက်ခွဲ၊ ကျောက်တောင်လဲသကဲ့သို့၊ ပြတ်စဲပျောက်ရှင်း၊ ဆင်းရဲခြင်းကင်းကြကန်သည်။ ဟောန္တု=မုချမသွေ၊ ဖြစ်ကြပါစေကုန်သတည်း။

ဘယပ္ပတ္တာ–ဥပဒ်ရောထွေး၊ ဇောမအေးပဲ၊ ရှောင်ပြေး မပေါက်၊ ဘေးထိခြင်းသို့ရောက်နေကြကုန်သော။ ပါဏိနော- တို့သည်။ နိဗ္ဘယာ စ–နေရှိန်နင်းကျောက်၊ ဆီးနှင်းပေါက် သို့၊ ခန်းခြောက်မကြွင်း၊ ဘေးပျောက်ကင်းကြကုန်သည်။ ဟောန္တု–သတည်း။

သောကပ္ပတ္တာ–ဒေါမနရှိန်၊ သောကနှိမ်၍၊ ညှိုးမှိန်နွမ်း ခြောက်၊ စိုးရိမ်ခြင်းသို့ ရောက်နေကြကုန်သော။ သဗ္ဗေပိ- ကုန်သော။ ပါဏိနော–တို့သည်။ နိသောကာ စ·ဝလာလွှမ်း တိမ်၊ လေကြမ်းနှိမ်သို့၊ နွမ်းမှိန်ရွှေယွင်း၊ စိုးရိမ်ခြင်း ကင်းကြ ကုန်သည်။ ဟောန္တု–သတည်း။ ဟောန္တု–ကရုဏာပို့သ၊ ဤကာလမှ၊ စ၍မသွေ၊ ဖြစ်လာကြပါစေကုန်သတည်း။

အဓိပ္ပာယ်အကျဉ်း။ ။ဒုက္ခရောက်နေသော သတ္တဝါ အားလုံး ဒုက္ခကင်းကြပါစေ။ ဘေးရောက်နေသော သတ္တဝါ အားလုံး ဘေးကင်းကြပါစေ။ သောကရောက်နေသော သတ္တဝါအားလုံး သောကကင်းပျောက်ကြပါစေ။

မှာထားချက်။ ။ပုဗ္ဗဏှသုတ်၌ပင်လာသော ဂါထာဖြစ် သည်။ အကောင်းဆုံးသော ကရုဏာပို့နည်းဖြစ်၏။ ဒုက္ခ, ဘယ,သောကမရောက်လိုသူတိုင်း ရွတ်ဖတ်သင့်ပါသည်။

အမျှဝေဂါထာ

တ္တောဝတာ စ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါနုမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။

တ္တောဝတာ စ-ဤမျှကြိုးကုတ်၊ စွမ်းအားထုတ်၍၊ မယုတ်စေရ၊ ပြုလုပ်ခဲ့သမျှသော အစီအစဉ်ဖြင့်။ အမှေဟိ-ဘာဝင့်ကမ်း၊ လွတ်ကွာသန်းဖို၊ ကျွတ်တန်းပန်ဆု၊ ငါတို့တစုတို့သည်။ သမ္ဘတံ-ယခုအေးမှု၊ နောင်ကြွေးပြု၍၊ တွေးရှုရည်စူး၊ ဖြည့်ဆည်းပူးအပ်သော။ ပုညသမ္ပဒံ-အပေါင်းစုမြုပ်၊ ကောင်းမှုထုပ်၏၊ မယုတ်မယွင်း၊ ပြည့်စုံခြင်းကို။ သဗ္ဗသမ္ပတ္တိ·သိဒ္ဓိယာ-လူနတ်နိဗ္ဗာန်၊ အကျိုးမှန်၏၊ မျိုးခံနိုးရင်း၊ ပြီးစီးခြင်းငှာ။ သဗ္ဗေ-ရှိန်ဝါတောက်လင်း၊ နောက်ပါသင်းနှင့်၊ မကြွင်းဥဿုံ၊ အလုံးစုံကုန်သော။ ဒေဝါ-စကြာဝဠာသောင်းတိုက်၊ ပေါင်းတသိုက်မှ၊ ရောက်ဆိုက်လာငြား၊ နတ်ပြဟ္မာအများတို့သည်။ အနုမောဒန္တု-ကြည်လင်မနော၊ ဘဝင်ဇောဖြင့်၊ ရွှင်မောခါခါ၊ ညီဘညာဖြင့်၊ အနုမောဒနာပြု၊ သာဓု....သာဓု....သာဓု....ခေါ်လိုက်ကြစေကုန်သတည်း။

အဓိပ္ပာယ်အကျဉ်း။ ။ဤမျှသော အစီအစဉ်ဖြင့် ကျွန်ုပ်တို့ ဆည်းပူးအပ်သမျှသော ကောင်းမှု၏ ပြည့်စုံခြင်းကို အလုံးစုံသော သမ္ပတ္တိတို့ ပြည့်စုံဖို့အတွက် နတ်ပြဟ္မာအားလုံး သာဓု....သာဓု....သာဓု....ခေါ်ကြပါစေသောဝ်။

မှာထားချက်။ ။ပုဗ္ဗဏှသုတ်၌ပင်လာသော ဂါထာဖြစ်သည်။ ကျမ်းဂန်နှင့်အညီ အမျဝေလိုသူတို့ မှတ်သားသုံးစွဲသင့်သည်။

နတ်ပို့ ဂါထာ

ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာ ဂတာ။

သဒ္ဓါယ-ကံကြောင်းအကျိုး၊ မဲထောင့်ညှိုးဟု၊ မြောင့်ရိုးစွဲကပ်၊ အမြဲမှတ်သဖြင့်။ ဒါနံ-နည်းသည် များသည်၊ ခြားမရည်ပဲ၊ ရှင်ကြည့်မြတ်နိုး၊ ဒါနမျိုးကို။ ဒဒန္တု-သူတော်ရဟန်း၊ ရည်မျှော်မှန်း၍၊ လှူဒါန်းဆက်ကပ်ကြပါစေကုန်သတည်း။ သီလံ-ပဥ္စ,အဋ္ဌ၊ ဒသင်္ဂဟု၊ ကိုယ်မှုမချွတ်၊ ကျင့်ခါးဝတ်ကို။ သဗ္ဗဒါ-နှစ်လတွက်မှတ်၊ ရက်မပြတ်အောင်။ ရက္ခန္တု-မကျိုး, မပေါက်၊ မကျား, ပြောက်အောင်၊ စောင့်ရှောက်ထိန်းသိမ်းနိုင်ကြပါစေကုန်သတည်း။

ဘာဝနာဘိရတာ-သမထဝိပဿနာ၊ လက်မကွာပဲ၊ ဆက်ခါနှေ့ည၊ မွေ့လျော်ကြကုန်သည်။ ဟောန္တု - မုချမသွေ၊ ဖြစ်ကြပါစေကုန်သတည်း။ အာဂတာ-အများညီညွှာ၊ တရားနာဟု၊ ထားကာစွဲစိတ်၊ ခဲအကျိတ်နှင့်၊ တွဲမိတ်စုဆုံ၊ ရောက်လာကြကုန်သော။ ဒေဝတာ-အကြောင်းဆက်ကာ၊ သောင်း

စကြာ၊ ရောက်လာကြာညောင်း၊ နတ်ပြဟ္မာအပေါင်းတို့သည်။ ဂစ္ဆန္တု- ပရိတ်တရားတော်ပွဲ၊ ပြီးကုန်စဲပြီမို့၊ နေမြဲရပ်ဘုံ၊ ပြန်သွားကြပါစေကုန်သတည်း။

အဓိပ္ပာယ်အကျဉ်း။ ။သဒ္ဓါ တရား လက်ကိုင် ယား၍ အလှူပေးနိုင်ကြပါစေ။ အမြဲမပြတ် သီလစောင့်ထိန်းနိုင်ကြပါစေ။ ဘာဝနာတရား၌ ပျော်ပိုက်ကြပါစေ။ တရားနာကြွရောက်လာသော နတ်ပြဟ္မာများ ပြန်သွားကြပါလေ။

မှာထားချက်။ ။ပုဗ္ဗဏှသုတ်၌ပင်လာသော ဂါထာဖြစ်သည်။ ပရိတ်ရွတ်ခါနီးတုန်းက ဖိတ်မန်ထားသော နတ်ပြဟ္မာများကို ဖြန့်ပို့သောဂါထာဖြစ်သည်။ နေ့စဉ် နေ့တိုင်း ဆုတောင်း ဂါထာအဖြစ် အသုံးပြုဖို့ကောင်းသည်။

ဓာရဏပရိတ်တော်

၁။ ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

၂။ ဗုဒ္ဓါနံ သဗ္ဗညုတညာဏဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

၃။ ဗုဒ္ဓါနံ အသီတိယာ အနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယ ဝါ

နသက္ကာ ကေနစိ အန္တရာယော ကာတုံ။
ဣမေသံ စတုန္နံ န သက္ကာ ကေနစိ အန္တရာယော
ကာတုံ။ တထာ မေ ဟောတု။
၅။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။
၆။ အနာဂတံသေဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။
၇။ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။
ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ
ဘဂဝတော–
၈။ သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
၉။ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
၁၀။ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ
ဘဂဝတော–
၁၁။ နတ္ထိ ဆန္ဒဿ ဟာနိ။
၁၂။ နတ္ထိ ဓမ္မဒေသနာယ ဟာနိ။
၁၃။ နတ္ထိ ဝီရိယဿ ဟာနိ။
၁၄။ နတ္ထိ သမာဓိဿ ဟာနိ။
၁၅။ နတ္ထိ ပညာယ ဟာနိ။
၁၆။ နတ္ထိ ဝိမုတ္တိယာ ဟာနိ။
ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ
ဘဂဝတော–

၁၇။ နတ္ထိ ဒဝါ။
၁၈။ နတ္ထိ ရဝါ။
၁၉။ နတ္ထိ အဖုဋ္ဌ။
၂၀။ နတ္ထိ ဝေဂါယိတတ္တံ။
၂၁။ နတ္ထိ အဗျာဝဋ္ဋမနော။
၂၂။ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။

ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော–

၂၃။ နတ္ထိ ကာယဒုစ္စရိတံ။
၂၄။ နတ္ထိ ဝစီဒုစ္စရိတံ။
၂၅။ နတ္ထိ မနောဒုစ္စရိတံ။
၂၆။ နတ္ထိ အတီတံသေ ပဋိဟတံ ဉာဏံ။
၂၇။ နတ္ထိ အနာဂတံသေ ပဋိဟတံ ဉာဏံ။
၂၈။ နတ္ထိ ပစ္စုပ္ပန္နံသေ ပဋိဟတံ ဉာဏံ။
၂၉။ နတ္ထိ ကာယကမ္မံ ဉာဏာပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ။
၃၀။ နတ္ထိ ဝစီကမ္မံ ဉာဏာပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ။
၃၁။ နတ္ထိ မနောကမ္မံ ဉာဏာပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

(၃-ခေါက်ဆိုပါ။)

အစိပ္ပာယ်အကျဉ်း

၁။ ဘုရားရှင်တို့၏ အသက်ကို မည်သူမျှ အန္တရာယ်မပြုနိုင်။

၂။ ဘုရားရှင်တို့၏သဗ္ဗညုဘညာဏ်ကို မည်သူမျှ အန္တရာယ်မပြုနိုင်။

၃။ ဘုရားရှင်တို့အတွက် ဆောင်ယူလာအပ်သော ပစ္စည်းလေးပါးကို မည်သူမျှ အန္တရာယ်မပြုနိုင်။

၄။ ဘုရားရှင်တို့၏ လက္ခဏာဘော်ငယ် ရှစ်ဆယ်နှင့်တလံမျှသော ရောင်ခြည်တော်ကို မည်သူမျှ အန္တရာယ်မပြုနိုင်။

ဤလေးချက်ကို မည်သူမျှ အန္တရာယ်မပြုနိုင်။ ကျွန်ုပ်မှာလည်း ထိုအတိုင်း ဖြစ်ပါစေသတည်း။

၅။ ဘုရားရှင်၏ ဉာဏ်တော်သည် အတိတ်အဖို့၌ အဆီးအတားမရှိ။

၆။ ဘုရားရှင်၏ ဉာဏ်တော်သည် အနာဂတ်အဖို့၌ အဆီးအတားမရှိ။

၇။ ဘုရားရှင်၏ ဉာဏ်တော်သည် ပစ္စုပ္ပန်အဖို့၌ အဆီးအတားမရှိ။

ဤတရားသုံးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏—

၈။ ကာယကံအားလုံး ဉာဏ်ရှေ့သွားရှိ၏။
၉။ ဝစီကံအားလုံး ဉာဏ်ရှေ့သွားရှိ၏။
၁၀။ မနောကံအားလုံး ဉာဏ်ရှေ့သွားရှိ၏။

ဤတရားခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားမှာ—

၁၁။ ဆန္ဒတော်၏ ယုတ်လျော့ခြင်းမရှိ။
၁၂။ တရားဟောမှု၏ ယုတ်လျော့ခြင်းမရှိ။
၁၃။ ဝီရိယတော်၏ ယုတ်လျော့ခြင်းမရှိ။
၁၄။ သမာဓိတော်၏ ယုတ်လျော့ခြင်းမရှိ။
၁၅။ ပညာတော်၏ ယုတ်လျော့ခြင်းမရှိ။
၁၆။ အရဟတ္တဖိုလ်တရားတော်၏ ယုတ်လျော့ခြင်းမရှိ။

ဤတရား ဆယ့်နှစ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားမှာ—

၁၇။ အပျက်အချော်ပြုမှု မရှိ။
၁၈။ အလျင်စလိုပြုမှု မရှိ။
၁၉။ ကိစ္စတို့၌ မနှံ့စပ်မှု မရှိ။
၂၀။ အထိတ်တလန့်ပြုမှု မရှိ။
၂၁။ ကြောင့်ကြမဲ့နေမှု မရှိ။
၂၂။ လျစ်လျူရှုမှု မရှိ။

ဤတရား ဆယ့်ရှစ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားမှာ—

၂၃။ ကာယဒုစရိုက် မရှိ။
၂၄။ ဝစီဒုစရိုက် မရှိ။
၂၅။ မနောဒုစရိုက် မရှိ။
၂၆။ အတိတ်အဖို့၌အဆီးအတားခံရသောဉာဏ်တော်မရှိ။
၂၇။ အနာဂတ်အဖို့၌ အဆီးအတားခံရသော ဉာဏ်တော် မရှိ။
၂၈။ ပစ္စုပ္ပန်အဖို့၌ အဆီးအတား ခံရသော ဉာဏ်တော် မရှိ။
၂၉။ ဉာဏ်၏နောက်သို့မလိုက်သော ကာယကံမရှိ။
၃၀။ ဉာဏ်၏နောက်သို့မလိုက်သော ဝစီကံမရှိ။
၃၁။ ဉာဏ်နောက်သို့မလိုက်သော မနောကံမရှိ။

ဤမှန်ကန်သော စကားကြောင့် ကျွန်ုပ်အား ချမ်းသာခြင်း ဖြစ်ပါစေသတည်း။

မှာထားချက်။ ။ပါဠိ၏ အဓိပ္ပာယ်ကို သိလိုလျှင် အဓိပ္ပာယ်အကျဉ်းနှင့် နံပါတ်ချင်း တိုက်ဆိုင်ကြည့်ပါ။ ဤဓာရဏပရိတ်ကို ရွတ်ဖတ်ပါလျှင် အဆိပ်အတောက် ကင်းပျောက်ခြင်း,ရေမနစ်ခြင်း,မီးမလောင်ခြင်း,သူခိုးမကောင်းမကြံနိုင်ခြင်း, မရှုံးသွပ်ခြင်း, ဘီလူးမဖမ်းစားခြင်း, အကျိုး

များရ၏။ ရန်သူမျိုးငါးပါးကို ဖယ်ရှားနိုင်၏။ ကပ်သုံးပါးကို ကျော်လွှားနိုင်၏။ အခြင်း၊ ဆွံ့ခြင်း၊ နားပင်းခြင်းစသည်မဖြစ်။ သစ်ပင်စသည်မှ ကျသော်လည်းမသေနိုင်။ မရသေးသောဥစ္စာကိုရနိုင်၏။ ရပြီးသောဥစ္စာများ တိုးပွား၏။ ကောင်းသော အကျိုးကိုသာရ၏။ ကောင်းသော အနံ့ကိုသာရ၏။ စိတ်ကောင်းနှလုံးကောင်း မွေးမြူနိုင်၏။ သူတော်ကောင်းနှင့်သာ ပေါင်းသင်းရ၏။ ကောင်းသောအမှုကိုသာ ပြုရ၏။ ကောင်းသော အိပ်မက်ကိုသာ မြင်မက်၏။ ကောင်းသော အတိတ်နိမိတ်နှင့်သာ တွေ့ကြုံရ၏။ သေပြီးသော သစ်ပင်ကို ရှင်စေနိုင်၏။ ရှင်ပြီးသော သစ်ပင်ကို စည်ပင်စေနိုင်၏။ မကောင်းကြံသူတို့၏ အကြံကိုသိနိုင်၏။ ခါး၊ လုံ၊ သေနတ်-စသည်ပြီး၏။ ဂါထာမန္တရားများကို ထက်မြက်စေနိုင်၏။ ရောဂါအမျိုးမျိုးကို ပယ်ဖျောက်နိုင်၏။ ကြိုး၊ လက်ထိတ်၊ သံခြေချင်း–စသည်တို့မှ လွတ်မြောက်နိုင်၏။ ဤသို့စသည်ဖြင့် မြောက်များစွာသော အကျိုးများ ရရှိနိုင်ပါသည်။

သတိပေးချက်။ ။ဤမှာရဏာပရိတ်တော်သည် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ၌ မလာရှိ၊ မဟာယာနပိဋကတ်၌လာသော ပရိတ်သော်လည်း ဖြစ်မည်။ ရှေးဆရာတော်ကြီးများ စီရင်သွားသော ပရိတ်သော်လည်းဖြစ်မည်။ ဘုရားဟောတိုက်ရိုက်မဟုတ်ပဲ ရှေးဆရာကြီးများ၏ လက်ရာဖြစ်သော

ကြောင့် အစွမ်းမထက်မြက်နိုင်-ဟု အထင်မမှားသင့်။ သမ္ဗုဒ္ဓေဂါထာ၊ သိရသို-ဂါထာတို့သည် ဘုရားဟော မဟုတ်သော်လည်း ကောင်းကျိုးအမျိုးမျိုးကို ပေးနိုင်ကြောင်း လူတိုင်းလက်တွေ့ပင်ဖြစ်၏။ အန္တရာယ်ကင်းဂါထာ၊ လာဘ်ခေါ်ဂါထာစသည်တို့ကို စီရင်ရာ၌ အကြောင်းအရာ မှန်ကန်ဖို့နှင့် သဒ္ဒါအရေးအသားမှန်ကန်ဖို့ အရေးကြီးသည်။ အကြောင်းအရာမှန်ကန်ခြင်း, သဒ္ဒါအရေးအသား မှန်ကန်ခြင်း-ဟူသော အင်္ဂါနှစ်ရပ်နှင့် ပြည့်စုံသော ဂါထာ-စသည်တို့ကို သဒ္ဒါတရားအပြည့်အဝဖြင့် ရွတ်ဆိုသူမှာ ကောင်းကျိုးအမျိုးမျိုးကို ရနိုင်သည်သာဖြစ်၏။

ဤမောရဏပရိတ်တော်၌ မြတ်စွာဘုရားတို့၏ အသက်ကို မည်သူမျှ အန္တရာယ် မပြုနိုင်-အစရှိသော အကြောင်းအရာများသည် မှန်ကန်သော အချက်အလက်များ ဖြစ်ကြ၏။ ယင်းအကြောင်းအရာများကို သဒ္ဒါအရေးအသား မှန်ကန်စွာဖြင့် အဋ္ဌကထာဆရာများ၊ ရှေးပညာရှိကြီးများ ရေးသားဖွဲ့ဆိုသွားတော်မူကြ၏။ ထို့ကြောင့် ဤမောရဏပရိတ်တော်ကို ယုံကြည်စိတ်ချစွာဖြင့် ရွတ်ဆိုသင့်ပေသည်။

နိဂုံးဆုတောင်း

ပထမပိုင်း၌ ပြဆိုထားသော ဗုဒ္ဓဝင်အကျဉ်းချုပ်ကို ထပ်ကာထပ်ကာ ဖတ်ရှုခြင်းဖြင့် ဘုရားရုပ်ပုံတော် စိတ်ထဲမှာ

ပြတ်ပြတ်သားသား ထင်မြင်လာစေ၍ ဒုတိယပိုင်း၌ ပြဆို ထားသော ဂုဏ်တော်ဘွဲ့ ဂါထာများကို ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်လင်လင် စိတ်ပါလက်ပါ ရွတ်ဖတ်က, ဗုဒ္ဓါနုဿတိ ဘာဝနာကို နေ့စဉ်နေ့တိုင်း ပွားများအားထုတ်ခြင်းဖြင့်—

ဘုန်း၊ကြီး,သက်ရှည်၊ စည်းစိမ်တည်၍၊ လောကီ, လောကုတ်၊ ပစ္စုပ်, သံသရာ၊ ကိုယ့်ဘာ, သူ့ကျိုး၊ ပေါင်းနှစ်မျိုးဟု၊ ကောင်းကျိုးအဖြာဖြာ၊ ဆောင် ရွက်ကာဖြင့်၊ ရှစ်ဖြာမဂ္ဂင်၊ ကျင့်လမ်းထွင်လျက်၊ မဂ်ဝင်ဖိုလ်ပေါက်၊ နိဗ္ဗာန်ရောက်ကြပါစေသော်။

ဗုဒ္ဓအာဟာစက်တော်များ
ပြည့်စုံပါပြီ။

အက္ခရာစဉ် ဂါထာအညွှန်း

အင်္ဂီရသဿ ဥဏ္ဏာယ	၁၂၄
အဂ္ဂေါ ဗုဒ္ဓေါ အဂ္ဂေါ ဓမ္မော	၂၇၃
အတီတံသေ ဗုဒ္ဓဿ ဘဂဝတော	၃၁၄
အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ	၂၇၇
အနန္တဂုဏသမ္ပန္နံ	၂၁၇
အနန္တဂုဏသမ္ပန္နော	၂၂၂
အနန္တံ ဗလဝံ ဗုဒ္ဓံ	၁၇၅
အနေကဇာတိသံသာရံ	၂၉၈
အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ	၃၃၃
အပ္ပရာဇိတပလ္လင်္ကေ	၃၂၃
အပေတယံ စက္ခုမ ကေရဇာ	၂၇၀
အမှာကံ ဂေါစရဂါမေ	၃၃၁
အရဟံ နမော ဗုဒ္ဓါယ၊ သိဒ္ဓိ ဘဂဝါ	၂၅၉
အဝိဇ္ဇာပစ္စယာ သင်္ခါရာ	၃၀၂
အဟံ အဝေရော ဟောမိ	၃၃၁
အာရက္ခာ ဟတတ္တာ စ	၁၇၇
ဣစ္ဆန္တော သာသပဂ္ဂော	၂၆၆
ဣတိပိ သော ဘဂဝါ	၁၄၆
॥	၃၂၅
ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ	၃၃၃
ဣမေဟိ အာဝေဏိကေဟိ	၃၁၅
ဥဒေတယံ စက္ခုမ ကေရဇာ	၂၇၀
ဥုံ-နမော တေ ဝိဇေတုံ မေ	၂၀၈
ဥုံ-ပု+ဒိ+အာ	၂၃၆
ဧကစိတ္တံ ဝိစိန္တေတွာ	၃၃၆

ဧတ္တာဝတာစ အမှေဟိ ၃၄၄
ဧဝံ ဗုဒ္ဓံ သရန္တာနံ ၃၂၁
ဩေတိ သမ္မာသမ္ဗုဒ္ဓံ ၃၃၆
ကကုသန္ဓော ကောဏာဂမနော ၂၄၅
ကရုဏာသီတလဟဒယံ ၁၀၉
ကိံ မေ ဧကေန တိဏ္ဏေန ၁၃
ဂဟကာရက ဒိဋ္ဌောသိ ၂၉၀
စက္ခုမာ စရမာစိဏ္ဏော ၁၉၉
စရံ ယော ယဒိဝါ တိဋ္ဌံ ၂၁၅
ဇယစက္ကော ဇယန္တော ယော ၂၀၆
ဇယန္တော ဗောဓိယာ မူလေ ၃၂၂
ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ ၃၁၂
ဇာနိတဗ္ဗံ ပဇာနာတိ ၂၁၀
တဿေဝ အာနုဘာဝေန ၂၀၂
တိဋ္ဌန္တေ နိဗ္ဗုတေစာပိ ၈
တေ အတ္တလဒ္ဓါ သုခိတာ ၃၂၃
တံ မေ သ ဒ္ဓိ ကော မံ သု ရေ ၁၉၆
ဒါနံ ဒဒန္တု သဒ္ဓါယ ၃၄၅
ဒိဝါ တပတိ အာဒိစ္စော ၁၀၃
ဒုက္ခပ္ပတ္တာစ နိဒ္ဒုက္ခာ ၃၄၂
ဒုမင်္ဂလံ နာသေတွာဝ ၂၀၁
ဓမ္မော လောကေ သမုပ္ပန္နော ၂၆၄
နမော တဿ ဘဂဝတော ၁၆၉
နမော တေ ဗုဒ္ဓ ဝီရတ္ထု ၂၆၀
နာညတြ ဗောဇ္ဈာ တပသာ ၃၅၉

နီလာယော နီလဋ္ဌာနမှာ	၂၁၂
ပဒက္ခိဏံ ကာယကမ္မံ	၃၂၃
ပဒ္မံ ယထာ ကောကနဒံ သုဂန္ဓံ	၁၉၁
ပုဗ္ဗေနိဝါသညာဏံ	၂၉၆
ပုရတ္ထိမာယ ဒိသာယ	[illegible]
ပုရတ္ထိမေန ဓတရဋ္ဌော	၃၅၆
ဗုဒ္ဓဂုဏော အနန္တော-ဟု	၂၂၀
ဗုဒ္ဓါနံ ဇီဝိတဿ	၃၇၆
ဗုဒ္ဓေါစ မဇ္ဈိမေ သေဋ္ဌော	၂၅၄
ဗုဒ္ဓေါ လောကေ သမုပ္ပန္နော	၂၆၄
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ	၁၇၂
ဘဝတု သဗ္ဗမင်္ဂလံ	၃၇၀
ဘဝေဝါဟံ ဘယံ ဒိသွာ	၃၆၀
ဘာဂျဝါ ဘဂ္ဂဝါ ယုတ္တော	၁၈၀
မဟာကာရုဏိကော နာထော	၁၈၇
မာရံ ယက္ခံ ဂဇံ စောရံ	၂၀၃
မာရာရိဗလဝိဿဋ္ဌာ	၄၃
ယတောဟံ ဘဂိနိ	၂၇၂
ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ	၃၀၆
ယာနီဓ ဘူတာနိ သမာဂတာနိ	၃၄၇
ယေကေစိ ပါဏဘူတတ္ထိ	၃၄၉
ယေ ဓမ္မာ ဟေတုပ္ပဘဝါ	၂၆၁
ယေ ယေ ပဿန္တိ တံ ထေရံ	၂၈၁
ယော မာရသေနမာသန္န	၄၆

ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ	၃၄၀
ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ	၃၅၃
ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ	၃၄၄
သတ္တာ ဗောဓိရုက္ခမူလေ	၂၉၀
သဒ္ဓါ သီလေန စာဂေန	၃၃၁
သဗ္ဗေ ဗုဒ္ဓါ ဣဒ္ဓိပ္ပတ္တာ-စသည်	၃၃၇
သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ	၃၆၂
သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ	၃၃၁
သဗ္ဗေ သင်္ခါရာ အနိစ္စာတိ	၃၃၂
သမ္ဗုဒ္ဓေ အဋ္ဌဝီသံစ	၁၉၃
သမန္တာ စက္ကဝါဠေသု	၃၃၈
သိရသ္မိံ မေ ဗုဒ္ဓသေဋ္ဌော	၃၆၅
သီဝလလိ နာမ ယော ထေရော	၂၇၉
သီဝလိံ နာမ တံ ထေရံ	၂၈၁
သီမဋ္ဌဒေဝတာ	၃၃၁
သီမဋ္ဌသံဃော	၃၃၁
သု စ အာ ဒီ မု ဇာ ဥ ဧ	၂၃၄
သုနက္ခတ္တံ သုမင်္ဂလံ	၃၂၃
သော ဘဂဝါ ဣတိပိ အရဟံ·စသည်	၁၅၈
သော ဘ ဇေ ဗ ယ တေ လာ အာ	၂၀၁
သံဃော လောကေ သမုပ္ပန္နော	၂၆၄
သံသာရစက္ကဝိဒ္ဓံသံ	၃၃၆
ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ	၁၁၄
ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော.	၃၁၁

အမှားပြင်ဆင်ချက်

စာမျက်နှာ	စာကြောင်း	အမှား	အမှန်
၈	၉	မိမိလို့	မိမိဘို့
၉	၇	သံသရာမှ၊	သံသရာမှ၊ ထွက်ရာ လမ်းမ၊
၉	၁၆	တကျော့စွန်မှ	တကျော့စွန့်မှ
၁၉	၂၀	သူတော်မြတ်များ	သူတော်မြတ်ဖျား
၂၀	၁၆	ထိုဆန္ဒအမတ်၏	ဆန္ဒအမတ်၏
၇၉	၉	ပညာရှိတို့	ပညာရှိဘို့
၈၀	၇	သီလ,သမာဓိ၊ပညာ	သီလ,သမာ၊ ဓိ,ပညာ
၉၀	၄	သက်သာ	သက်သာရာ
၁၁၃	၉	နှုတ်ရစ်ကြပါ–	နှုတ်ချစ်ကြ၊ ဝါ–
၁၁၇	၉	အတီး	အတီးအမှုတ်
၁၂၃	၃	ဘုရားဆောင်	ဘုရားဘောင်
၁၂၅	၁၀	အဂ္ဂိရသံ	အဂိရသံ
၁၄၀	၁၅	နေ့လွဲညစာ	နေလွဲညစာ
၁၄၉	၂၁	သတ္တဝါဟော်	သတ္ထဝါဟော်
၁၅၁	၄	ကာရေန	ကာရဏေန
၁၀၄	၂၀	ဥက္ကို,သနှင့်	ဥက္ကိုသနှင့်

မျက်နှာ	စာကြောင်း	အမှား	အမှန်
၁၉၀	၉	ဟုတ်မှတ်ကျိုးရ	ဟုတ်မှန်, ကျိုးရ
၁၉၃	၁၄	ပဥ္စသဘ သဟဿာနိ	ပဥ္စသတသဟဿာနိ
၁၉၄	၂	ဉာဏ်ချောင်ငါဖြင့်	ဉာဏ်ချောင်ဝါဖြင့်
၁၉၅	၂	ခမ္မံ	ခမ္မံ စ
၁၉၉	၂၁	မိပညာဟု	မိ, ပညာဟု
၂၁၁	၉	သွယ်သွယ်များဖြင့်	သွယ်သွယ်များဖြင်
၂၁၈	၁၆	မကောင်းမြစ်တား	မကောင်းမြစ်ထာ
၂၂၀	၆	နိဗ္ဗာန်ဘောင်သို့	နိဗ္ဗာန်သောင်သို့
၂၂၅	၅	မမေ့နိုင်အောင်	မမွေ့နိုင်အောင်
၂၂၈	၁၀	ငြိမ်းပါကို	ငြမ်းပါကို
၂၃၃	၂၀	ဉာဏ်တော်ရဖွင့်လိုကို	ဉာဏ်တော်–ဖွင့်လိုကို
၂၃၄	၁၅	ဧ,ဥ,ညြ,သ	ဧ,ဥ,ပြ,သ
၃၃၅	၂၀	(၈)	(၈၁)
၂၃၈	၂	ကျောရိုးလတ်ပြင်	ကျောရိုး လက်ပြင်
၂၃၈	၇	ပရိခဏ္ဍလဟာ	ပရိမဏ္ဍလ
၂၄၂	၈	ပုဆစ်တော်ဖြင့်	ပုဆစ်တော်ပြင်
၂၄၅	၃	စိန်ရောင်ဖြန့်ရှ	စိန်ရောင်ပြန့်ရှ
၂၇၅	၇	ရှည်ပြန့်နုထွား	ရှည်ပြန့်နုထွား၊ ပဒမြားသွင်

မျက်နှာ	စာကြောင်း	အမှား	အမှန်
၂၅၅	၁၀	တည်ပါခလို	တည်ပါစေခလို
၂၅၆	၄	ကိုးကြိမ်ကောက်ဦးစ	ကိုးကြိမ်ကောက်ဦး
၂၆၆	၁၈	ဆာဒယိ	ဆာဒယေ
၂၇၀	၁၀	ဗြဟ္မာဏာ	ဗြဟ္မဏာ
၂၇၅	၂	ဟုခေါ်၏	ဟုလည်းခေါ်၏
၂၇၅	၂၀	မေတ္တေယျမည်တွင်	အရိမေတ္တေယျမည်တွင်
၂၇၉	၁၅	သိလျှင်	သိလိုလျှင်
၂၉၀	၁၃	ထက်နက်ထွတ်ချာ	ထက်နတ်ထွတ်ချာ
၂၉၁	၈	ကမ္ဘာ့တန်ဆာ	ကမ္ဘာ့တန်းဆာ
၂၉၈	၁၇	ဝိသင်္ခါဂတံ	ဝိသင်္ခါရဂတံ
၃၀၁	၁၀	ယိမ်းနွဲ့ပါးဖြင့်	ယိမ်နွဲ့ပါးဖြင့်
၃၀၂	၅	စာမျက်နှာ ၂-မှာ	စာမျက်နှာ ၁၂၇-မှာ
၃၀၂	၁၈	သမ္ဘိန္တိ	သမ္ဘဝန္တိ
၃၀၉	၁၇	။ အကြင်အခါ	၁။ အကြင်အခါ
၃၁၂	၅	သိရိမတော	သိရီမတော
၃၂၃	၄	သုပဘာဘံ	သုပဘာတံ
၃၃၀	၉	မှုစဤ	မှုစ၍
၃၃၂	၁၇	သုခီ	သုခီ

မျက်နှာ	စာကြောင်း	အမှား	အမှန်
၃၃၇	၁၅	သမဗ္ဗ	သဗ္ဗေ
၃၅၀	၆	ဒိဃာဝါ	ဒီဃာဝါ
၃၅၂	၁၃	သန္တိကာ	သန္တိကာ
၃၅၂	၁၆	အကာ	အကုကာ
၃၅၇	၂၀	မေတ္တာမွေး၍	မေတ္တာမွေး၍
၃၇၀	၁၃	ဖြစ်ထွန်းပေါ်၍	ဖြစ်ထွန်းပေါ်ပေါက်၍
၃၇၇	၈	ဗုဒ္ဓသုံ	ဗုဒ္ဓသာ
၃၈၄	၄	ရွတ်ဖတ်က	ရွတ်ဖတ်ကာ

ဤစာအုပ်၌

— သုမေဓာ သင်္ချေးကလေး ဘဝမှ စ၍ ဓာတုပရိ နိဗ္ဗာန် စံသည်အထိ ပါဝင်သဖြင့် ကျဉ်းသော် လည်း စုံလင်ပြည့်ဝ အမြင်ရှင်းလှသော ဗုဒ္ဓဝင် အကျဉ်းချုပ်၊

— ဂုဏ်တော်ကိုးပါးဘုရားရှိခိုး, ဗုဒ္ဓဝင်ဘုရားရှိခိုး, ခုနစ်နေ့ဘုရားရှိခိုး, လက္ခဏာတော်ကြီး ၃၂- ပါး ဘုရားရှိခိုး-စသော ဘုရားရှိခိုးများ၊

— ဂုဏ်တော်ကိုးပါး ပုတီးစိပ်နည်း, ဂုဏ်တော် ကွန်ချာ ပုတီးစိပ်နည်း-စသော ပုတီးစိပ်နည်း များ၊

— သမ္ဗုဒ္ဓေ ဂါထာတော်, သီရသ္မိံ ဂါထာတော်, မာရဏပရိတ်တော် - စသော အန္တရာယ်ကင်း ဂါထာများ၊

— ရှင်သီဝလိ ဂါထာ, သူရဿတီ ဂါထာ-စသော လာဘ်ခေါ် ဂါထာများ၊

— သမန္တာ၊ ယံကိဉ္စိ၊ ယံဒုန္နိ-စသော ပရိတ်တော် အနက်များ၊

— မြောင်းမြမှို၊ ပစ္ဆောတာရုံ ဝတ်ရွတ်စဉ်-စသည် တို့ ပါဝင်သည်။